
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


တမူခွင့်ပြုချက် - ၅၀၁၇၂၃၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၆၄၂၀၀၀၈

အကြိမ် - ပထမအကြိမ်

- ၂၀၁၀ ခုနှစ်၊ မတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀၀/-

ထုတ်ဝေသူ - ဦးသစ်လွင် (ဂန္ဓဝင်မြိုင်စာပေ)

- ၁၀၃/ရွှေပြည်သာလမ်း၊ သာကေတ

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဒေါ်တင်တင်ဌေး (၀၄၆၈၀)

ပန်းကြာဖိုင်ပုံနှိပ်တိုက်

အမှတ် - ၁၅၈/က၊ ၃၇ လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး - ကျော်ဇွာစာပေ၊ အမှတ် (၂၀၈)

(၃၀ လမ်းအထက်) ၃ လွှာ (ခအ)

ဖုန်း - ၃၈၉၆၈၃၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

၈၉၅.၈၃

ဂျာဝယ်

ဝိညာဉ်မျှော်ဘုရင်မ / ဂျာဝယ်။ - ရန်ကုန်၊

ဂန္ဓဝင်မြိုင်စာပေ ၊ ၂၀၁၀

၄၄၁ - စာ ၊ ၁၅ စင်တီ။

(၁) ဓမ္မရိုယနိဝုံး


## အခန်းစဉ်ဖွဲ့စည်းမှု


(၁) ဗိုလ်ချုပ်ဈေးက တစ္ဆေမလေး

(၂) ဝိညာဉ် နတ်မလိုလား

(၃) နေခွင်းကြောင်တောင် ခြောက်ပြတဲ့ တစ္ဆေ

(၄) အိမ်ပြောင်နဲ့ စကားပြောသူ

(၅) ဖဲမွှေရာထက် အိပ်စက်တူယှဉ် ပုံပြင်လေးကတော့

(၆) ပန်တွာဘုရင်မနဲ့ သွေးသားတော်ဘုရင်မလေး

(၇) ရန်သူ လှူစွမ်း

(၈) ဘုရင်မလည်း မိန်းမပါပဲ

(၉) ဘုရင်မက ကောက်စိုက်မဖြစ်ချင်

(၁၀) ဧရုပ်က ရွှေနန်းတော်ထက် နှစ်လိုဖွယ်

(၁၁) အသက် နှစ်နှစ်ထောင့်ခုနစ်ဆယ် ဝိဇ္ဇာမိုရ်

(၁၂) နဂါးဘုရင်မလေးကို တော်လှန်သူ မီးလောင်ပြာကျရ

(၁၃) ခေါင်းတလားလှည်းဆွဲပြီး တောထဲလှည့်လည်နေတဲ့ မိန်းမလှ

(၁၄) သူတစ်ပါးမယား ချစ်မှားမိရင်

(၁၅) ဝိညာဉ်မျှော်ဘုရင်မရဲ့ နောက်ဆက်တွဲကိစ္စ


www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်ဈေးက တစ္ဆေမလေး

(၁)

အဲဒီကာလလေးအကြောင်းပြန်တွေးကြည့်ရင် ရင်ထိတ်သွမ်းမောစရာလေး။

ညဘက် မဟာရန်ကုန် ဧရိယာအတွင်းက လမ်းတွေကို လျှောက်ကြည့်မယ်ဆိုရင် မှောင်ရိပ်စပ်စပ်လေးတွေထဲက ထွက်ပေါ်ပျံ့လွင့်နေတဲ့ ဂစ်တာသံလေးတွေကို ကြားရလိမ့်မယ်။ တစ်သတ်တည်းသံ၊ နှစ်လက်တွဲသံ၊ သုံးလက်မြိုင်မြိုင်ဆိုင်ဆိုင်သံ အစရှိ…

သီချင်းတွေကတော့ အဲဒီအချိန်ကာလမှာ ခေတ်စားသီချင်းတွေဖြစ်တဲ့ အကာယ်ဒီယံအုန်းကျော်၊ တက္ကသိုလ်ထွန်းနောင်၊ ခင်နိုင်(ခ) မောင်ငြိမ်းချမ်း၊ ဇော်မင်းလေး၊ အောင်ကိုလတ်၊ ဘိုဘိုဆန်း မင်းမင်းလတ်၊ တက္ကသိုလ်အေးမောင်၊ စိန်လွင်၊ ပဒေးဘွိုင်း ဆန်းနိုင်၊ မဂျစ်၊ စိန်ဝင်းထွန်း အစရှိသူတို့ရဲ့ သီချင်းတွေ…

www.burmeseclassic.com

www.burmeseclassic.com



စတူဒီယိုသီချင်းတွေလို့ ပြောစမှတ်ရှိခဲ့တဲ့ သီချင်းတွေ။ လမ်းဘေးဂစ်တာသမားလေးတွေ အကြိုက်တီးခတ်ကြတဲ့ သီချင်းတွေမို့ လမ်းဘေးသီချင်းလို့လည်း ပြောစမှတ်ရှိခဲ့တယ်။

တစ်ခါတလေ မှောင်ရိပ်စပ်ထဲက ထွက်ပေါ်လာတဲ့ ဂစ်တာသံတေးသံလေးတွေ ဆိတ်ငြိမ်တဲ့ညထဲမှာ ငြိမ်ငြိမ်းထွက်ပေါ်လာတာမို့ လွမ်းစရာကောင်းလှတယ်။

တစ်ခါတလေကျတော့လည်း မြိုင်မြိုင်ဆိုင်ဆိုင်လေး။

တစ်ခါတလေကျတော့လည်း ဆူညံလွန်းလှတယ်။ နားမချမ်းသာစရာ။ ဝိုင်းအုံအော်ဟစ်ကြတယ်။ မဆိုတတ်ဆိုတတ် အသံသေးအသံကြောင်တွေပါ ပါတယ်။ အဲဒီအခါမျိုး အတော့်ကို စိတ်ပျက်စရာ ကောင်းပါတယ်။

အဲ ဂစ်တာသံတွေနဲ့အတူ ညထဲမျောပါနေတဲ့ အရာတစ်ခုရှိသေးတယ်။ အနံ့တစ်မျိုးပါ။ စိမ်းရွှေရွှေအနံ့တစ်မျိုး။

အဲဒီအနံ့၊ နှာခေါင်းရှိင်းတဲ့လူတွေအတွက် သိသာပါတယ်။

အဲဒီအနံ့ကလည်း အဲဒီမှောင်ရိပ်စပ်စပ်လေးတွေဆီကနေ ထွက်ပေါ်လွင့်မျောနေတတ်လေ့ရှိပါတယ်။

ဆေးခြောက်နံ့။

မှောင်ရိပ်စပ်စပ်လေးတွေဆီ အသေအချာကြည့်လိုက်ရင် နှစ်ယောက်တစ်တွဲဖြစ်ဖြစ်၊ သုံးယောက်တစ်တွဲဖြစ်ဖြစ်၊ လေးငါးခြောက်ယောက်တစ်တွဲဖြစ်ဖြစ်၊ ဆယ်ယောက်အထက် အတွဲဖြစ်



ဖြစ်၊ တစ်ခါတစ်ရံ အဖွဲ့တွေဆုံပြီး လေး၊ ငါးဆယ်လောက်အထိ လူငယ်အုပ်စုလေးတွေကို တွေ့နိုင်ပါတယ်။

အဲဒီလူငယ်တွေ ဆံပင်ရှည်နဲ့များပါတယ်။

ဆံပင်ကုတ်ထောက်ကနေ၊ ဆံပင်ကျောလယ်ရောက်၊ ခါးနားထိရောက်တွေတောင်ပါတတ်ပါတယ်။

အဲဒီအချိန်ကာလက အဲဒီလူငယ်တွေကို လမ်းသရဲတွေလို့ ခေါ်ဝေါ်သတ်မှတ်ကြပါတယ်။ ဆိုးသွမ်းလူငယ်တွေလို့လည်း ဆိုကြတယ်။

မြန်မာပြည်မှာ ယောကျ်ားလေးတွေ ဆံပင်ရှည်(Hair style) ထားတာ အဲဒီအချိန်ကစတယ်လို့ ပြောနိုင်ပါတယ်။ သျှောင်ထားခြင်းကို မဆိုလိုပါ။ နောက်ပိုင်းအဲဒီဆံပင်ရှည်(Hair style)ပျောက်သွားပါသေးတယ်။ နောင်နှစ်အစိတ်ကျော်သုံးဆယ်လောက်ပန်ဝန်းကျင်မှာ တစ်ကျော့ အဲဒီ(Hair style)လူငယ်တွေ ကြားပြန်ပေါ်လာသေးတယ်။

အဲဒီတုန်းအချိန်ကာလက ဆံပင်ရှည်ထားတဲ့ လူငယ်တွေ အတော့်ကို လူတွေရဲ့အပြောအဆို အတိုက်အခိုက်ခံရပါတယ်။ လူတွေက နှာခေါင်းရှုံ့ကြပါတယ်။ လမ်းသရဲလို့ပဲ သမုတ်ကြပါတယ်။ ဆိုးသွမ်းလူငယ်လို့ပဲ သတ်မှတ်ကြပါတယ်။

ဆိုခဲ့ပြီးတဲ့အတိုင်း လမ်းသရဲ ဆိုးသွမ်းလူငယ်တွေကလည်း ဆံပင်ရှည်ထားတတ်ကြတာကိုး။

တကယ်လေ့လာကြည့်ရင် ဥပဒေအပြင်ဘက်ရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ ဒုစရိုက်လုပ်ငန်းထဲ သက်ရောက်ပါဝင်တဲ့ လူငယ်တွေ ဆံပင်ရှည်(Hair style)မျိုး သိပ်မထားတတ်ကြပါဘူး။ လူတွေ ကြား ကိုယ်ယောင်ဖျောက်နေတတ်ကြပါတယ်။ ဥပဒေဘက်တော် သားတွေ သူတို့ကို မျက်စိမကျအောင်၊ မျက်စိမနောက်အောင်၊ ချောင်ပိုလျှမ်းနေအောင် နေတတ်ကြပါတယ်။ ဒါကြောင့် လူတွေ သတိမှတ်ကြတဲ့ လမ်းသရဲဆိုးသွမ်းလူငယ်ပုံစံမျိုး မထွက်အောင် သူတို့ နေလေ့ရှိပါတယ်။

လူတွေဘာပြောပြော ကိုယ်ကြိုက်တာကိုယ်လုပ်မယ်ဆို တဲ့ လူငယ်မျိုး၊ လူတွေကဲ့ရဲ့ရှုတ်ချမှုနဲ့ အမှန်တရားနဲ့ဘာမှမဆိုင်လို့ ခံယူချက်ရှိတဲ့ လူငယ်မျိုး၊ လူရှေ့မှုန်းပါစေ၊ ကိုယ်တိုင်ကလည်း လူတွေနဲ့ ကင်းကင်းလေးသာနေချင်တဲ့လူငယ်မျိုး၊ အဲဒီလိုလူငယ် မျိုးတွေ ဆံပင်ရှည်ထားတတ်လေ့ရှိပါတယ်။ ဆံပင်ရှည်ထားတိုင်း လမ်းသရဲမဟုတ်ကြပါဘူး။

အဲဒီလူငယ်တွေထဲမှာ အနုပညာလူငယ်တွေပါ ပါနေကြ တယ်။ တေးဂီတနဲ့ပတ်သက်တဲ့ လူငယ်တချို့။

ပန်းချီဆရာ လူငယ်တချို့။

ကဗျာဆရာ လူငယ်တချို့။

လမ်းသရဲတွေမှမဟုတ် အနုပညာလူငယ်အချို့ပါ အဲဒီ ကာလက ဆံပင်ရှည်တွေ ထားတတ်ကြပါတယ်။

သူတို့ကိုလည်း လူတွေက၊ အဲဒီကာလရဲ့ ခေတ်အရ လမ်းသရဲတွေလို့ပဲ ထင်ကြပါတယ်။



'ဆံပင်ရှည်ထားတိုင်း လမ်းသရဲ မဟုတ်ပါဘူး××× တို့ခေတ်မှာ ရှိုးထုတ်တာပါ'

အဲဒီခေတ်ရဲ့ ခေတ်စားအဆိုတော် ဘိုဘိုဟန် သူရဲ့ 'ဘိုင် စကုန့်ထဲကလိုချစ်မယ်' သီချင်းထဲမှာ အဲဒီအစိပ္ပါယ်လေးပါအောင် ထည့်ဟစ်သွားသေးရဲ့။

မဟာရန်ကုန်လမ်းတွေရဲ့ လမ်းသရဲညတွေ ဂစ်တာတီး သီချင်းဆိုတာလောက်က အပြစ်ပြောစရာသိပ်မရှိပါ။ တစ်ခါတရံ သူတို့သီချင်းသံလေးတွေ နားထောင်ရ အရသာရှိပါတယ်။

ဆိုးတာက ဆေးခြောက်၊ အရက်နဲ့ နောက်ပိုင်းမူးယစ် ဆေးတွေ၊ ဘိန်းဖြူကိစ္စတွေပါပဲ။

မူးယစ်ဆေး၊ ဘိန်းဖြူကိစ္စတွေ မတိုင်ခင်ကတည်းက သူတို့အခြေအနေဆိုးခဲ့ကြတယ်။ လမ်းသရဲဆိုတဲ့ အမည်နာမနဲ့ ဆိုက်ဖက်ညီအောင်ကို ဆိုးခဲ့ကြတာပါ။

ဆေးကြောင်၊ အရက်မူးပြီး သူတို့တစ်တွေ ပေါက်တတ်ရာ ရ လုပ်တတ်ကြတယ်။ အများပြည်သူတွေကို အနှောင့်အယှက် ဖြစ်စေတယ်။

ရိုက်လုမှုတွေ ကျူးလွန်တယ်။

အချင်းချင်းလည်း အုပ်စုအလိုက် မကြာခဏခိုက်ရန်တွေ ဖြစ်ကြတယ်။

သူတို့ရဲ့ကာလ သက်တမ်း ဆယ်စုနှစ်နီးနီးလောက်ကြာ ခဲ့တယ်။ နောက်ပိုင်း အစိုးရက ကျားသစ်စစ်ဆင်ရေးတို့၊ ဂဠုန်

www.burmeseclassic.com



စစ်ဆင်ရေးတို့ လုပ်ပါတယ်။ အဲဒီနောက် သူတို့ပျက်ပြယ်သွားကြပါတယ်။

ခုခေတ်လမ်း၊ အဲဒီကာလအတွင်းက ခေတ်လမ်းမို့ အဲဒီကာလရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လမ်းသရဲကိစ္စကို အကျဉ်းအကြမ်းရေးပြလိုက်တာပါ။

* * *

(၂)

*မညာမတာ သူသွားရက်တယ်×××*

*အချစ်ဆုံးနဲ့ ဝေးပေါ့ကွယ်×××*

*ငါ့စိတ်မှာ ထင်တရေးရေးရယ်×××အတိတ်အကြောင်းလေးမြင်သေးတယ်×××*

*နင်တမင် မာနတတ်တယ်×××ထင်ရာလေးလုပ်တတ်တယ်×××*

*လောကအလယ်×××တစ်ယောက်တည်းအားငယ်×××*

*ငါ့အမှားလည်း ရှိမပေါ့ကွယ်×××*

သီချင်းလေး ညလေပြေထဲမှာ ငြိမ့်ငြိမ့်လေးလွင့်မျောနေတယ်။ သီဆိုနေသူက ရဲရင့်အခေါင်။ ကျောပြင်ပေါ်ကျော်ကျနေတဲ့ ဆံပင်ရှည်(Hair style)အပြည့်။

သီချင်းရဲ့ စာသားတွေအတိုင်းပေမယ့် နာမ်စားနေရာတွေမှာ 'ငါ'တို့ 'နင်'တို့နဲ့ ပြောင်းလဲသီဆိုတယ်။





*'မွေကန္တာရ ခရီးကြမ်းကို လှမ်းရသည့်နှယ်×××*

*အပူအပင်ဆိုတာ ငါ့အတွက်သက်သက် ညွှန်းရောသလားကွယ်×××*

*မပြန်နိုင်ခရီးတစ်ခုကို သွားတဲ့အချစ်ရယ်×××*

*ပစ်သွားရက်တယ်×××မဆိုချင်ဘူးကွယ်×××'*

ဘေးနားမှ ငြိမ်သက်နားထောင်နေသူက ဆက်ပိုင်စိုး။

ဒီသီချင်းကို သူ့အတွက် ရဲရင့်အခေါင် ဆိုပေးနေတယ်ဆိုတာကို သူသိတယ်။

သီချင်းနားထောင်နေရင်းက သူ့ရင်မှာ မြရည်လင်းရဲ့ပုံရိပ်တွေက ထင်ဟပ်လှုပ်ရှားနေတယ်။ တစ်ချိန်က မြရည်လင်းပေါ့။ အချစ်ဆုံး အချစ်ဟောင်း မြရည်လင်းပေါ့။

ဆက်ပိုင်စိုးနဲ့မြရည်လင်း ချစ်သူတွေပေမယ့် တစ်ယောက်နဲ့တစ်ယောက် 'နင်'တို့ 'ငါ'တို့ဆိုတဲ့ အသုံးအနှုန်းနဲ့ပဲ သုံးနှုန်းခဲ့ကြတယ်။ အပေါင်းအသင်းတွေက ချစ်သူတွေဖြစ်ပြီး ဒီလိုသုံးနှုန်းတာမျိုး 'အောက်'တယ်ပြောကြပေမယ့် သူတို့နှစ်ယောက် ငယ်သူငယ်ချင်းတွေလည်း ဖြစ်ခဲ့ကြတာမို့ ဒီလိုပဲ အားရပါးရ သုံးနှုန်းရင်း အားရပါးရ ချစ်ခဲ့ကြတယ်။ ဒါပေမဲ့…

ခု… ရဲရင့်အခေါင်က စာသားမှာ နင်ငါအသုံးအနှုန်းသည့်ဆိုပေးနေတော့ ဆက်ပိုင်စိုးအတိတ်ကို အရမ်းပြန်သတိရပြီး အရမ်းခံစားနေရတော့တယ်။

'ရဲရင့် တစ်ခေါက်ပြန်ဆိုပေးဦးကွာ'

www.burmeseclassic.com



သီချင်းအပြီးမှာ အတန်ကြာငြိမ်ကျနေပြီး ဆက်ပိုင်စိုးက ရဲရင့်အခေါင် ထပ်ဆိုပေးဖို့ တောင်းဆိုတယ်။

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို စိတ်မကောင်းစွာကြည့်ပြီး ခေါင်းညိတ်ပြတယ်။ ကုတ်ပေါ်ကျနေတဲ့ ဆံပင်ရှည်ကြီးကို နောက်ပြင်ဘက်ဆီ သပ်ဖယ်လိုက်တယ်။

ဆက်ပိုင်စိုးက ဂစ်တာတီးတတ်သူ၊ သီချင်းဆိုတတ်သူ မဟုတ်။ ဒါကြောင့် ရဲရင့်အခေါင်ကိုပဲ ဆိုတီးခိုင်းရတာ။ ရဲရင့်အခေါင်က ဂစ်တာအတီးကောင်း၊ အဆိုကောင်း။ အသံကလည်း ဝေ့ဝေ့ လှိုက်လှိုက်နဲ့ ရှိုင်နေတဲ့ ပင်ကိုရှိတော့ အလွမ်းသီချင်းတွေနဲ့ ပိုလိုက်ဖက်ညီတယ်။

*'အညာမတော သူသွားရက်တယ်×××'*

ရဲရင့်အခေါင် ဒုတိယအကြိမ် သီချင်းကိုစတင်ဆိုတယ်။

ဆက်ပိုင်စိုး ငြိမ်ခံစားနေလိုက်တယ်။

သီချင်းဆိုတီးနေတဲ့ ရဲရင့်အခေါင်ရော ငြိမ်ခံစားနေတဲ့ ဆက်ပိုင်စိုးရော၊ မျက်စိအကြည့်ကို အဝေးဆီကြည့်ပြီး ဆိုတီးနေတာမို့ မျက်စိအကြည့်ကို အဝေးဆီငေးပြီး ခံစားနေတာမို့ သူတို့နှစ်ယောက် အဝေးဓာတ်တိုင်မီးရောင်အောက်က မိန်းကလေးတစ်ယောက် လျှောက်လာတာကို တွေ့မြင်နေကြရတယ်။

တွေ့မြင်နေကြပေမယ့် သူတို့အာရုံက အဲဒီမိန်းကလေးမှာ မကျ။ သီချင်းမှာပဲ ကျနေကြတယ်။

မိန်းကလေးကတော့ ညယံထဲမှာ လွင်နေလွင့်မျောနေတဲ့ ရဲရင့်အခေါင်ရဲ့ဆိုတီးသံကို အဝေးကတည်းက ကြားနေရပုံပဲ။ သီချင်းသံ၊ ဂစ်တာသံထွက်ပေါ်လာရာ အမှောင်စပ်ကို အာရုံကျ လျှောက်လာသလိုပဲ။ ခပ်လှမ်းလှမ်းဆီကတည်းက အမှောင်စပ်ကို မျှော်စိုက်ကြည့်ပြီး လျှောက်လာနေတယ်။

*'အပူအပင်ဆိုတာ ငါ့အတွက်သက်သက် ညှန်းရော့ သလားကွယ်×××မပြန်နိုင်ခရီးတစ်ခုကိုသွားတဲ့ 'မြ'ရယ်××× စော်သွားရက်တယ်××မဆိုချင်ဘူးကွယ်×××'*

သီချင်းအပြီးမှာ မိန်းကလေးကလည်း သူတို့ရှိရာ အမှောင်ရဲ့အပြင် လမ်းပေါ်အရောက်၊ သူတို့ရှိရာ အမှောင်စပ်ထဲဆီ စေ့စေ့လေးကြည့်သွားတယ်။

မိန်းကလေး၊ မိန်းမလှလေးဆိုတာကိုတော့ နှစ်ယောက်လုံးသတိထားလိုက်မိကြတယ်။

'တို့လမ်းထဲမှာ မမြင်ဖူးဘူးကွ'

ဆက်လျှောက်သွားတဲ့ မိန်းကလေးကိုကြည့်ပြီး ဆက်ပိုင်စိုးက ပြောတယ်။

ရဲရင့်အခေါင်ငြိမ်နေတယ်။ သူဒီမိန်းကလေးကို မြင်ဖူးတယ်။ ဗိုလ်ချုပ်ဈေးမှာ သုံးခါလောက်မြင်ဖူးတယ်။ မှတ်မှတ်ရရပဲ ဒီမိန်းကလေး သူနဲ့ဆုံတိုင်း သူ့ကို လိုက်ပြီး စေ့စေ့ကြည့်လေ့ရှိတယ်။ ဒါကြောင့် သူမှတ်မိနေတယ်။

နောက်ပြီး ဒီမိန်းကလေး အတော့်ကိုလှတယ်။ အဝါရောင် ရည်နည်းသွေးပြီး ဖြူနုမွတ်ညက်နေတဲ့ အသားအရည်က ကြည့်

www.burmeseclassic.com



ရသူမျက်စိထဲ ထင်းထင်းထင်ထင်ပေါ်လွင်နေစေတယ်။ နောက်ပြီး ထင်းထင်းထင်ထင်ပေါ်လွင်နေမှုတစ်မျိုးက ကိုယ်လုံးကိုယ်ပေါက်ပဲ။ ခြေတံ လက်တံ ခါးတံရှည်ရှည်လေးတွေမို့ အရပ်အမောင်းက မြင့်မြင့်ကြွားကြွား။ အဲဒီအရပ်အမောင်း မြင့်မြင့်ကြွားကြွားနဲ့လိုက်ဖက်ညီတဲ့ အသားစိုင်တွေက သူ့နေရာနဲ့သူ အပိုအလိုမရှိ ပြည့်ပြည့်တင်းတင်း။

မျက်နှာပြင်ရဲ့ ထူးခြားမှုကတော့ ဘာမိတ်ကပ်မှ ခြယ်သထားပုံမရ။ ကိုယ်ပိုင်အသားအရေရဲ့အလှကို အရမ်းဂုဏ်ယူနေသလိုပဲ။ နဖူး၊ မျက်ခုံး၊ နှာတံ၊ ပါးပြင်၊ မေးရိုးနဲ့ လည်တိုင်တို့ရဲ့ စနစ်တကျ သဘာဝလှပနေမှုတွေကို ပြတ်သားသွားစေလိုတဲ့ သဘောလားမသိ။ ဆံပင်ရှည်ရှည် နက်နက် သန့်သန့်ကြီးကို နောက်လှန်သိမ်းဖြီးပြီး နောက်မှာရိုးရိုးပဲ စည်းထားတယ်။ နားနှစ်ဖက်မှာ ဘာနားကပ်နားဆွဲမှမရှိ။

ကြည့်လိုက်ရင်တော့ ဘာပြင်ဆင်မွမ်းမံမှုမရှိ အရိုးခံအတိုင်းလိုလိုပဲ။ ဒါပေမဲ့ အဲဒီအရိုးခံအတိုင်းက သဘာဝအတိုင်းကိုက ပင်ကိုယ်ကိုက ပြည့်လျှံနေတဲ့ သူ့အလှကို လူတွေရှေ့မှာ (style)တစ်မျိုးနဲ့ ထုတ်ပြနေသလိုပဲ။ သူနဲ့ယှဉ်လိုက်ရင် အပြင်အဆင်မွမ်းအမံအလှတွေ ငုပ်သွားသလိုပဲ။

နောက်ပြီး မျက်လုံးအစုံ။

စနစ်တကျ ထူသိပ်ပြီးတန်းတော့မလို၊ ကွေးရုံပေါက်နေတဲ့ မျက်ခုံးမွေးအစုံအောက်က မျက်လုံးအစုံ။





မျက်တောင်မွေး စိပ်စိပ်ရှည်ရှည်ကော့ကော့လေးတွေအလယ်က မျက်လုံးအစုံ။ မဟူရာအရောင်အပြည့်နဲ့ မျက်လုံးအစုံ။

အဲဒီမျက်လုံးမျိုး တခြားမိန်းကလေးတွေမှာ မတော်တဆရှိရင်တောင် အဲဒီအကြည့်မျိုးနဲ့ တွဲဖက်ရှိနိုင်တဲ့မျက်လုံးမျိုးတော့ မဖြစ်နိုင်။ သူ့အကြည့်တွေ သိပ်တည်ငြိမ်ရူးရဲလွန်းတယ်။

ဒါကြောင့် ဒီမိန်းကလေးကို သုံးခါလောက်မြင်ဖူးရုံနဲ့ ရဲရင့်အခေါ်င်မှတ်မိနေတယ်။ ဒီမိန်းကလေး ဒီလမ်းထဲကမဟုတ်။ အချိန်မတော် ဒီလမ်းထဲ ဘာလာလုပ်ပါလိမ့်။

'ဟာ...'

ရဲရင့်အခေါ်င် ဖြုန်းကနဲမတ်တတ်ထရပ်လိုက်တယ်။

'ဘာဖြစ်လို့လဲ ရဲရင့်'

ဆက်ပိုင်စိုးကမေးတယ်။

'လမ်းချိုးကွေ့ ပိတောက်ပင်ကြီးအောက်မှာ ချိုကြီးတို့ရှိတယ်'

ချိုကြီးတို့ဆိုတာက ဒီလမ်းရဲ့ နာမည်ကြီးလမ်းသရဲအုပ်စု။ လူရှင်းလူပြတ်တဲ့ လမ်းချိုးကွေ့ပိတောက်ပင်ကြီးအောက်မှာ အထိုင်ချလေ့ရှိတယ်။

'ဒီကောင်တွေ အခုချိန်ဆို မူးရူးနေကြပြီ။ ကောင်မလေး အဲဒီနေရာရောက်သွားရင် ပြဿနာပဲ'

ချိုကြီးတို့က တခြားနယ်ကကျော်လာတဲ့ ယောကျ်ားတွေ ထိုတောင် ရန်စရိုက်လုတတ်တဲ့ကောင်တွေ။ နေခင်းဘက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြတာမဟုတ်။ ညဘက်လည်းဖြစ်၊ မိန်းကလေးလည်းဖြစ်၊ တခြားတ နယ်ကျော်လာသူလည်းဖြစ်တဲ့ မိန်းကလေးကို…

'ဆက်ကြီး လာ၊ တို့ ကောင်မလေးနောက်က လိုက်သွားရအောင်'

ရဲရင့်အခေါင်က ဂစ်တာကို ဆက်ပိုင်စိုးဆီလှမ်းပေးပြီး ပြောတယ်။

'လိုက်သွားပြီး…'

ဂစ်တာလှမ်းယူရင်း ဆက်ပိုင်စိုးက ပြန်မေးတယ်။

'ကောင်မလေးနဲ့ ချိုကြီးတို့ ပြဿနာဖြစ်ရင် တို့ဝင်ပေးရမှာပေါ့'

'ဒီကောင်မလေးက အချိန်မတော်ကြီး လမ်းပေါ်လျှောက်နေတဲ့ကောင်မလေး၊ ဘာကြောင့် တို့က ချိုကြီးတို့နဲ့…'

ရဲရင့်အခေါင် ဆက်ပိုင်စိုးလက်ကို ဆွဲလိုက်တယ်။

'ဒီကောင်မလေး မိန်းမကောင်းလေးပါကွာ'

'မင်းဘယ်လိုလုပ်သိလဲ'

ဆက်ပိုင်စိုး ရဲရင့်အခေါင် လာရာနောက်တော့ ပါလာတယ်။

'ငါ့ရင်ထဲက အလိုလိုသိနေတယ်ကွာ'

'ချိုကြီးတို့နဲ့ တို့နဲ့ငြိရင်တော့…'

ဆက်ပိုင်စိုး ချိုကြီးတို့အုပ်စုကိုတော့ နည်းနည်းလန့်နေပုံ။

ဆက်ပိုင်စိုး သတ္တိတော့ရှိပါတယ်။ ဒါပေမဲ့ ချိုကြီးတို့က လမ်းသရဲအုပ်စုဖြစ်နေတော့…





'ငြိငြိကွာ'

'မင်းက ရန်ပွဲအတွေ့အကြုံတွေရှိတယ်ကွ၊ ငါက တစ်ခါမှ ရန်မဖြစ်ဖူးဘူး'

'မင်းကြောက်ရင်လည်း နေခဲ့တော့ကွာ'

ရဲရင့်အခေါင် စိတ်မရှည်စွာ ဆက်ပိုင်စိုးလက်ကို လွှတ်လိုက်တယ်။ ဆက်လျှောက်တယ်။ လျှောက်ရင်း ဆံပင်ရှည်ကြီးတွေကို နောက်သပ်လှန်တယ်။

'နေဦး… နေဦး…'

နောက်က လှမ်းခေါ်ပြန်တဲ့ ဆက်ပိုင်စိုးကို ရဲရင့်အခေါင် ပြန်လှည့်ကြည့်တယ်။

ဆက်ပိုင်စိုး အိမ်ဝင်းခြံတစ်ခုရဲ့ ထောင့်အကွယ်မှာ ဂစ်တာကို သွားကပ်ထောင်ဝှက်ထားလိုက်တယ်။ ဟိုနားဒီနားဝေ့ကြည့်တယ်။ တုတ်တစ်ချောင်းကိုတွေ့တော့ ဆက်ပိုင်စိုးကောက်ယူလိုက်ပြီး ရဲရင့်အခေါင်ဆီပြေးလာတယ်။

'ချမယ်ကွာ'

တုံးတိတိကြီးပြောလိုက်ပြီး ရဲရင့်အခေါင်လျှောက်ရာနောက်က ဆက်ပိုင်စိုးပါလာတော့တယ်။

ဝိတောက်ပင်ကြီးနဲ့ မလှမ်းမကမ်းရောက်လာတော့ ရဲရင့်အခေါင်ထင်ထားတဲ့အတိုင်းပါပဲ။ ချိုကြီးတို့အုပ်စု မိန်းကလေးကို ဝိုင်းထားကြပြီ။

အံ့သြစရာပါပဲ။ မိန်းကလေးကလည်း အော်ဟစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးခြင်းမရှိပြန်။ ရင်ဆိုင်နေတယ်။

'ဝင်ဆွဲကွာ'

မိန်းကလေးကို လေးယောက် ဝင်ဆွဲတယ်။

'ဖျောင်း'

'အဖို့'

'ဖျောင်း'

'အ'

'ဖျောင်း'

'အွန့်'

'ဖျောင်း'

'အီး'

အသံတွေ ဆက်တိုက်ထွက်မှု မြန်ဆန်လွန်းသလို လူလေးယောက်မြေပြင်မှာ ငြိမ်ငြိမ်သက်သက်လေး။

'ဟာ'

ကျန်အုပ်စုဆီက ထွက်ပေါ်လာတဲ့အသံ။

ရဲရင့်အခေါင်ရင်ထဲကလည်း 'ဟာ'ခနဲပါပဲ။ ဒီလောက်မြန်ဆန်တဲ့ တိုက်ခိုက်မှုမျိုး ရဲရင့်အခေါင် မမြင်ဖူးဘူး။ အံ့သြမှုကြောင့် ခြေလှမ်းတွေတောင် တုံ့ခနဲရပ်တန့်သွားတယ်။

စင်စစ် ရဲရင့်အခေါင် တိုက်ခိုက်မှုတွေနဲ့ မစိမ်းပါ။ သိုင်း၊ လက်ဝှေ့၊ နပမ်း၊ ဘောက်ဆင်၊ ဂျူဒို၊ ကွန်ဖူး တိုက်ခိုက်မှုတွေကို လေ့လာဖူး၊မြင်ဖူးတယ်။ ကိုယ်တိုင်လည်း တက္ကသိုလ်



မှာ ဂျူဒိုမတောက်တခေါက် ကစားဖူးတယ်။ စိတ်ရဲလက်ရဲတတ်သူမို့ ရန်လည်းမကြာခဏဖြစ်ဖူးတယ်။ ရန်ဖြစ်တဲ့အခါမှာတော့ သင်ထားတဲ့ ဂျူဒိုရယ် ဘာရယ်မဟုတ်ပါဘူး။ လေ့လာဖူးမြင်ဖူးတဲ့ ပညာတွေလည်း ရောသောပါသွားလိုပါသွား။ ဘာပညာမှ မဟုတ်ဘဲ အသားလွတ်ချချင်လည်းချ။

အတိုက်အခိုက်ပညာ အတော်များများကို လေ့လာဖူးမြင်းတာတို့ကလည်း ရန်ဖြစ်ရာမှာ အသုံးချချင်တဲ့ ရည်ရွယ်ချက်နဲ့သာဖြစ်တယ်။ တတ်ကျွမ်းခြင်းမဟုတ်၊ မြင်ဖူးလေ့လာဖူးခြင်းသာ။

ဒီနေ့အထိ မြင်ဖူးသမျှတိုက်ခိုက်မှုပညာတွေထဲမှာတော့ ဒီမိန်းကလေးရဲ့ တိုက်ခိုက်မှုပညာကို မီတဲ့တိုက်ခိုက်မှုပညာမျိုးမရှိ။

ဆက်ပိုင်စိုးကို ပြန်ကြည့်မိတယ်။ ဆက်ပိုင်စိုးလည်း တုတ်ကြီးကိုင်ပြီး ပါးစပ်အဟောင်းသားနဲ့ တွေတန့်နေတယ်။

'ဝင်ချကြကွာ'

အသံနဲ့အတူ လူအုပ်စု မိန်းကလေးဆီ ပြေးဝင်သွားကြတယ်။ ရဲရင့်အခေါင်နဲ့ဆက်ပိုင်စိုးလည်း အဲဒီနေရာဆီ ပြေးသွားကြတယ်။ အဲဒီနေရာဆီက ထိခိုက်သံ၊ နာကျင်သံတွေ ညယ်ထဲလျှံထွက်သွားတယ်။

ရဲရင့်အခေါင်နဲ့ ဆက်ပိုင်စိုးတို့ အဲဒီနေရာအရောက်မှာတော့ မလှုပ်မယှက်ငြိမ်သက်လဲလျောင်းနေတဲ့ လူအယောက်နှစ်ဆယ်လောက်ကြားထဲမှာ မားမားလေးရပ်နေတဲ့ မိန်းကလေးကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို သူတို့လုံးဝ အကူအညီမပေးလိုက်ရပါ။

လူအယောက်နှစ်ဆယ်လောက်ကို မိန်းကလေးခဏအတွင်းမှာ နိုင်နိုင်နင်းနင်းပါပဲ။ အားလုံးမေ့မြောသွားတဲ့အထိပါပဲ။

တကယ်မြန်ဆန်သေသပ် ထိရောက်တဲ့တိုက်ခိုက်မှုပညာပါပဲ။

'ဩော်'

သူတို့နှစ်ယောက်ကိုမြင်လိုက်တော့…

မိန်းကလေး ရဲရင့်အခေါင်ကိုကြည့်ပြီး မှတ်မိသလိုမျိုးနဲ့။

'တို့ မင်းကို ကူညီဖို့ လာတာပါ'

တုတ်ကြီးကိုင်ထားတဲ့ ဆက်ပိုင်စိုးက ပြောတယ်။

မိန်းကလေး ဆက်ပိုင်စိုးကိုမကြည့်။ ရဲရင့်အခေါင်ကိုပဲကြည့်နေတယ်။

'ကျေးဇူးတင်ပါတယ်'

ရဲရင့်အခေါင်ကို ကြည့်ရင်းကပဲ ပြောတယ်။

'အင်း… အဲ… တင်မနေပါနဲ့။ ဘာမှလည်း မလုပ်လိုက်ရပါဘူး'

ရဲရင့်အခေါင် ပြန်ပြောလိုက်မိတယ်။ ဆံပင်ရှည်ကြီးကို လက်နှစ်ဖက်နဲ့သိမ်း သပ်လှန်လိုက်တယ်။

'စေတနာကိုပေါ့၊ ကူညီချင်တဲ့ စေတနာကိုပါ၊ ကျေးဇူးတင်ရမှာပေါ့'

မိန်းကလေးပြုံးပြီး ပြောတယ်။





မိန်းကလေးအသံက နည်းနည်းဝဲသလို။ ဇွဲဇွဲလေးနဲ့ ချိုတယ်။

'အချိန်မတော်ကြီး ဘယ်သွားမလို့လဲ'

ဆက်ပိုင်စိုးက မေးတယ်။

'အိမ်ပြန်မလို့ပါ၊ အိမ်ကိုလေ ပြန်မလို့ပါ'

'အိမ်က ဘယ်မှာမို့လဲ'

ဆက်ပိုင်စိုး ဆက်မေးတယ်။

'ဟိုဘက်လမ်းထိပ်မှာလေ၊ ဟိုဘက်လမ်းထိပ်အစွန်က တိုက်အိမ်ကြီးလေ၊ အဲဒီမှာ ငှားနေတာ၊ မနေ့ကမှ ပြောင်းလာတာလေ'

'ဩော်… ဩော်… ဒါကြောင့် ဒီလမ်းထဲမှာ မတွေ့ဖူးတာကိုး'

ဆက်ပိုင်စိုးက ဆိုတယ်။

'တို့နဲ့တော့ ဗိုလ်ချုပ်ဈေးမှာ တွေ့ဖူးတယ်နော်'

ရဲရင့်အခေါင် စကားကြောင့် မိန်းကလေး ရဲရင့်အခေါင်ကို စေ့စေ့ကြည့်ရင်း ခေါင်းညိတ်တယ်။

'မှတ်မိတယ်နော်'

ရဲရင့်အခေါင်ကို မေးတယ်။

'မှတ်မိတာပေါ့၊ အင်း မှတ်မိပါတယ်'

ရဲရင့်အခေါင် ဒီလောက်ပဲ ဖြေလိုက်ပါတယ်။ ရင်ထဲမှာတော့ ဒီလောက်လှတဲ့မိန်းကလေး မမှတ်မိရင် ဦးနှောက်ရိုက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဖို့ပဲ ကောင်းမယ်လို့ ကြိတ်ပြောလိုက်မိရဲ့။

'တို့ကိုလည်း မှတ်မိတယ်ပေါ့'

ရဲရင့်အခေါင်အမေးကို မိန်းကလေးက ခေါင်းညိတ်ပြီး…

'မှတ်မိပါတယ်'

'ဦးနှောက်ကောင်းတယ်'

မိန်းကလေးက ပြုံးပြီး…

'ကောင်းမှ ဖြစ်မှာပေါ့နော်'

'နေဦး… နေဦး… မင်း… မင်း…'

ဆက်ပိုင်စိုး ပြုံးပြုံးပျာပျာနဲ့…

'မင်းပြောတဲ့ ဟိုဘက်လမ်းထိပ်အစွန်က တိုက်အိမ်ကြီးဆိုတာ ဟိုခြံကြီးထဲက အစွန်ဆုံးက တိုက်အိမ်ကြီးကို ပြောတာလား၊ အိမ်ဟောင်းကြီးလေ၊ အညိုရောင်တိုက်အိမ်ကြီးလေ'

မိန်းကလေးကို မေးလိုက်တဲ့ ဆက်ပိုင်စိုးရဲ့အသံ တုန်တုန်ခါခါ။

'ဟုတ်တယ်လေ'

မိန်းကလေးကတော့ အေးအေးဆေးဆေးပဲ။

'ဟို တစ္ဆေခြောက်တယ်ဆိုတဲ့ တိုက်အိမ်ကြီးလား၊ အဲဒီအိမ်ကြီးမှာနေတာလား'

ဆက်ပိုင်စိုးပြောလိုက်မှ ရဲရင့်အခေါင်လည်း သတိထားလိုက်မိတယ်။ ဟုတ်တယ်။ အဲဒီခြံကြီးထဲက တိုက်အိမ်အိုအညို



ကြီး။ ဒီလမ်းထဲမှာ သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ တိုက်အိမ်ကြီး။ အမွေဆက်ခံသူတွေတောင် မနေရဲလို့ တခြားမှာပဲ သွားနေရတဲ့ တိုက်အိမ်ကြီး။

'ဟုတ်ပါတယ်၊ အဲဒီတိုက်အိမ်ကြီးမှာ နေတာပါ'

မိန်းကလေးက တည်တည်ငြိမ်ငြိမ်ပဲ ဖြေတယ်။

'ဒါဆို အဲဒီအိမ်ကြီးထဲက တစ်ခါတလေ ညဘက်တွေ အပြင်ထွက်ထွက်လာတတ်တာကို လူတွေတွေ့ရတယ်ဆိုတဲ့ တစ္ဆေမဟာ မင်းလား'

ဆက်ပိုင်စိုးအသံ အတော့်ကို တုန်တုန်ခါခါဖြစ်နေတော့တယ်။

မိန်းကလေးက ပြုံးလိုက်တယ်။

ဆက်ပိုင်စိုး ရဲရင့်အခေါင်လက်ကို လှမ်းဆွဲလိုက်တယ်။ ဆက်ပိုင်စိုးလက်တွေ အေးအေးစက်စက်။

'ကျွန်မက မနေ့ကမှ အဲဒီအိမ်ကို ရောက်လာတာပါ'

မိန်းကလေး အပြုံးနဲ့ပြောတယ်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒါဆိုမနေ့ညက မင်းကို အဲဒီအိမ်က တစ္ဆေမခြောက်ဘူးလား'

မိန်းကလေး အပြုံးနဲ့ ခေါင်းခါတယ်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကဲ… ကဲ… မင်းလမ်းခင်းသွား၊ တို့လည်း တို့လမ်း တို့သွားတော့မယ်'

ဆက်ပိုင်စိုး ရဲရင့်အခေါင့်လက်ကို အတင်းကို တင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်တည်း၊ နောက်ဘက်ဆီ အတင်းဆွဲခေါ်တာယ်။

ပေါချင်သလိုလို ပါချင်သလိုလိုဖြစ်နေတဲ့ ရဲရင့်အခေါင်ထို့ အားခလိုအားမရ လက်နှစ်ဖက်နဲ့ တင်းတင်းဆုပ်ပြီး ဆွဲခေါ်နေကြန့်တယ်။

ဆက်ပိုင်စိုးကို ရဲရင့်အခေါင်ပြန်ကြည့်လိုက်တော့ ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ပြုံးတူးပြုံတဲ့နဲ့ကြည့်ကြည့်ပြီး ဆွဲခေါ်နေတာ။

'မင်းလမ်းမင်းသွားတော့၊ တို့လည်း တို့လမ်း တို့သွားမယ်၊ သွားတော့… သွားတော့၊ လာ… သူငယ်ချင်း၊ သွားမယ်၊ သွားကြမယ်'

မပါချင် ပါချင်နဲ့ ဆက်ပိုင်စိုးဆွဲခေါ်ရာ ရဲရင့်အခေါင် ပါလာတော့တယ်။

'ကိုရဲရင့်အခေါင် ထပ်တွေ့ကြဦးမယ်နော်'

နောက်ဆီမှ မိန်းကလေးက လှမ်းပြောတယ်။

ရဲရင့်အခေါင် ပြန်လှည့်ကြည့်လိုက်တော့ သူ့ကိုပြုံးကြည့်နေတဲ့ မိန်းကလေးကို တွေ့ရတယ်။

'ဟော့ကောင် ရဲရင့်၊ လာစမ်းပါကွာ၊ မြန်မြန်လျှောက်စမ်းပါ၊ ကြည့်စမ်း… ကြည့်စမ်း… ဒီတစ္ဆေမ မင်းနာမည်တောင် သိနေပါလား၊ လာ… လာ… သူငယ်ချင်း၊ မြန်မြန်လာ သူငယ်ချင်း၊ တို့ဘက်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဆီ သွားကြမယ်'





ကြောက်လန့်တကြားမို့ ဆက်ပိုင်စိုး ဆွဲခေါ်မှုအရှမ်းအားပါနေတယ်။ ရဲရင့်အခေါင် သူဆွဲခေါ်ရာဆီ ပါနေရတော့တယ်။

* * *

(၃)

လက်ဖက်ရည်ဆိုင်ရောက်တော့ ဆက်ပိုင်စိုးအတော်ကိုမောနေပြီ။ မျက်နှာမှာ ချွေးစေးတွေလည်း ပျံ့နေတယ်။ အသံတုန်ခါမှုလည်း မပြေသေး။

'မင်းက တစ်မျိုးကွာ၊ ဆုတ်ကန်ဆုတ်ကန် လုပ်နေသေးတယ်၊ မင်းကို ဆွဲရတာနဲ့ ပိုမောတယ်'

ရဲရင့်အခေါင်ကို အပြစ်တင်တယ်။

'မင်းကလည်း အတော့်ကို ကြောက်ချေးပန်းတာပဲ။ ဒီသောက်လှတဲ့ မိန်းကလေးတစ္ဆေဖြစ်မလားကွ'

'ဘာ… တစ္ဆေကိုတောင် တစ္ဆေမထင်နိုင်တော့ဘူးလား၊ မင်းအညှို့ခံနေရပြီ။ တစ္ဆေမရဲ့ အညှို့အဖမ်းစားကို မင်းခံနေရပြီ'

'မဖြစ်နိုင်ပါဘူးကွာ၊ ဘယ်လိုမှ တစ္ဆေမဖြစ်နိုင်ပါဘူး၊ ချောပါ၊ လူစစ်စစ်ပါ'

'မင်း ဘယ်လိုသိလဲ'

'ငါ့ရင်ထဲက သိတယ်ကွာ'

'တော်… တော်ပါတော့ ရဲရင့်ရာ၊ အဲဒီရင်ထဲကသိတယ်ဆိုတဲ့စကားနဲ့ မင်းတစ္ဆေမနောက် လိုက်သွားတယ်၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါသွားရတယ်။ အခုတော့ တစ္ဆေမ တို့ရှေ့က ဖြတ်လျှောက်သွားရင်း ခင်းကို ညှို့ဖမ်းစားသွားတာ၊ မင်းမလိုက်ဘဲ မနေနိုင်ဘူး၊ ဟိုမှာ ဟိုကောင်ချိုကြီးတို့အုပ်စုနဲ့ တိုက်ခိုက်ရာမှာလည်း သိသာပါတယ်ကွာ၊ လူမိန်းကလေးစစ်စစ်ဆို ဒီလိုလုပ်နိုင်ပါ့မလား၊ နေရာပြောတော့ ဓာတ္ထေအိမ်ကြီး၊ မြွန်းခနဲ ငါသတိမထားမိဘူး၊ နောက်မှ သတိရပြီး သေသေချာချာ မေးမိတာ'

'မနေ့ကမှ ပြောင်းလာတာလို့ သူပြောသားပဲကွ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ကြည့်ပြီး စိတ်ပျက်စွာ ခေါင်းခါရမ်းလိုက်တယ်။

'မင်းသာ တစ္ဆေမစိတ်ညှို့ခံထားရလို့ ယုံနေ၊ မနေ့က ပြောင်းလာတာထား၊ မနေ့ညက အဲဒီအိမ်ကတစ္ဆေ သူ့ကိုမခြောက်ပဲနေမလား၊ ဒီနေ့ သူဆက်နေရဲတော့မလား၊ အိမ်ပိုင်ရှင်တွေတောင် မနေရဲလို့ တခြားသွားနေရတဲ့အိမ်၊ သူ့ကျမှ တစ္ဆေက သဘောကောင်းနေမလား၊ မင်းဟိုတုန်းက အဲဒီအိမ်ကြီးအနီးအနားက လူတွေပြောတာ မမှတ်မိဘူးလား၊ အဲဒီအိမ်ကြီးထဲက တစ္ဆေမ တစ်ခါတစ်ရံညတွေမှာ အိမ်ပြင်ထွက်နေတာ တွေ့တယ်ဆိုတာလေ၊ အဲဒါ သူပေါ့၊ ဟင်း… ပြောရင်း ကြက်သီးတွေတောင် ဖြန်းခနဲပဲကွာ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို တွေတွေကြည့်နေတယ်။

'ရဲရင့် မင်းသတိထား၊ ဒီတစ္ဆေမရဲ့ စိတ်ညှို့ဖမ်းစားထားတာ, မင်း ခံနေရပြီ။ မင်းတစ္ဆေမကို လူထင်နေတယ်၊ ပြီး





တစ္ဆေမကလည်း မင်းကိုဦးတည်နေတယ်၊ မင်းနဲ့ငါနှစ်ယောက်မှာ မင်းကိုပဲ ကြည့်ကြည့်နေတယ်၊ မင်းနာမည်ကို သိနေတယ်၊ စဉ်းစားကြည့်၊ ဟိုဘက်လမ်းထိပ် မနေ့ကမှ ပြောင်းလာတဲ့ မိန်းကလေး ဒီဘက်လမ်း ထိပ်နားနီးနီးမှာ ရှိနေတဲ့ မင်းနာမည်ကို သိစရာအကြောင်းရှိလား၊ နောက်ပြီး မင်းကို ထပ်တွေ့ဖို့ မြူဆွယ်နေသေးတယ်၊ တစ္ဆေမ ဦးတည်ခံရတယ်ဆိုကတည်းက ကောင်းသောဦးတည်မှု ဖြစ်လာမလား၊ မင်းပဲစဉ်းစားကြည့်၊ အမှန်တော့ မင်းဒီည ငါ့ကို သိပ်ကျေးဇူးတင်သင့်တယ်၊ ငါသာအတင်းဆွဲခေါ်မလာရင် တစ္ဆေမနောက် မင်း ဟိုအိမ်ညိုကြီးဆီ ပါသွားပြီ၊ မင်းဝိညာဉ်နုတ်ခံနေရလောက်ပြီ'

'မင်းကလည်းကွာ'

'ဘာ မင်းကလည်းကွာလဲ'

ဆက်ပိုင်စိုး ဝေါင်တောင်တောင်ဖြစ်နေတဲ့ ရဲရင့်အခေါင်ဘို ဟောက်တယ်။ ရဲရင့်အခေါင် ဆက်ပိုင်စိုးကို မျက်စိလှန်ကြည့်တယ်။

ဆက်ပိုင်စိုး ဆက်ခနဲတုန်သွားပြီး…

'ရဲရင့်ရော် မင်းကို တစ္ဆေမစိတ်ညှို့ထားတယ်၊ မင်းသတိထား၊ ကိုယ့်စိတ်ကိုယ်ထိန်းထား၊ မင်းလည်းယောကျ်ားတစ်ယောက်ပဲကွာ'

'စိတ်ငြိမ်ငြိမ်ထားပါ၊ မင်းကြည့်ပုံ ရှုပုံတွေ တစ်မျိုးကြီးပဲ၊ မှုမမှန်ဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်အခေါင် ပိုစိတ်ညစ်လာတယ်။

'ဟော့ကောင် ဆက်ကြီး'

ဆက်ပိုင်စိုး တုန့်ခနဲဖြစ်သွားပြန်တယ်။

'မင်း ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို တစ္ဆေမ… တစ္ဆေမလို့ ပြောပြောနေတာ၊ ငါသိပ်မကြိုက်ဘူးကွာ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို နှစ်သိမ့်တဲ့အကြည့်နဲ့ ကြည့်တယ်။

'သူငယ်ချင်း သတိထားကွာ၊ မင်းအညှို့ခံ၊ အဖမ်းစားခံထားရတယ်၊ သတိထားကွာ။ သူ တစ္ဆေမပါကွာ၊ သူငယ်ချင်းရယ်… အဲဒါလေး သတိနဲ့ယှဉ်ပြီး သိထားပါကွာ'

'လာပြန်ပြီ တစ္ဆေမ၊ ဘာမှတစ္ဆေမ မဟုတ်ဘူး'

ရဲရင့်အခေါင် ထအော်ပစ်လိုက်တယ်၊ ဆံပင်ရှည်ကြီးကို နောက်သိမ်းသပ်လိုက်တယ်။

ဆက်ပိုင်စိုး လူရောထိုင်ခုံပါ နောက်ဆုတ်သွားတယ်။

'သူငယ်ချင်း သတိထားကွာ၊ ရဲရင့်သတိထားကွာ'

လက်တကားကားနဲ့ ပြောတယ်။

'တစ္ဆေမဆို ဗိုလ်ချုပ်ဈေးထဲမှာ ငါနဲ့ဘာလို့ ခဏခဏဆုံလဲ'

'ဒါကတော့ သူငယ်ချင်းရယ်၊ သူလည်းဈေးဝယ်ချင်ဝယ်၊ မဝယ်ချင်လည်း သက်သက်လျှောက်နေတာနေမှာပေါ့၊





ဗိုလ်ချုပ်ဈေးဆိုတာ မင်းအသိပဲလေ၊ မိန်းကလေးတွေ ကျက်စားရာအရပ်ပဲ၊ မိန်းမလှကျွန်းလို့တောင် တင်စားခံရတဲ့ အရပ်ပဲ၊ မိန်းကလေးတွေ အဲဒီမှာ ဈေးဝယ်ချင်ဝယ်၊ မဝယ်လည်း အလှပြ၊ အလှပြိုင်လျှောက်နေတတ်ကြတာ၊ စနေနေ့တွေဆို ပိုစည်းကားပါ၊ ဗိုလ်ချုပ်ဈေးရဲ့စနေနေ့တွေ နာမည်တယ်ကြီးပဲ၊ ငါတောင် မရောက်တာကြာပြီ၊ အလုပ်တွေရှုပ်နေတာနဲ့'

'တော်… လျှောက်ပြောမနေစမ်းပါနဲ့ကွာ'

ရဲရင့်အခေါင် စားပွဲကို လက်ဝါးနဲ့ပုတ်ပြီး အော်လိုက်ပြန်တယ်။ ဆက်ပိုင်စိုး လူရောထိုင်ခုံပါ 'ကျွီ'ခနဲ နောက်ဆုတ်သွားပြန်တယ်၊

'တစ္ဆေက ဗိုလ်ချုပ်ဈေးထဲ ဘာလို့လမ်းလျှောက်နေရမှာလဲ၊ ပြော…'

ဆက်ပိုင်စိုး ထစ်ထစ်အအနဲ့ ပြောတယ်။

'မင်း ခေါင်းအေးအေးနဲ့ ရိုးရိုးလေးစဉ်းစားကြည့်ပါ သူငယ်ချင်းရာ၊ ဟိုလေ… တစ္ဆေဆိုတာ အမျိုးမျိုးရှိတာပဲ၊ နေ့ခင်းကြောင်တောင်ချောက်နိုင်တဲ့ တစ္ဆေမျိုးလည်း ရှိတာပဲ၊ လူကြားသူကြားမှာ သာမန်လူတွေနဲ့မခြား အယောင်ဆောင်နေထိုင်နိုင်တဲ့ တစ္ဆေမျိုးလည်း ရှိတာပဲ၊ ကိုယ့်ကိုယ်ကို အမျိုးမျိုးဖန်ဆင်းပြနိုင်တာမျိုးလည်း ရှိရဲ့၊ နောက်ပြီး အစွဲရှိရာနေရာတွေကို သွားနိုင်၊ လာနိုင်၊ နေထိုင်နိုင်၊ ကျက်စားနိုင်တာမျိုးတွေလည်းရှိရဲ့၊ တစ္ဆေအကြောင်းမျိုးစုံကို လုံးစေ့ပတ်စေ့တော့ ငါ မသိပါဘူးကွာ၊



www.burmeseclassic.com

ငါလည်း ကြားဖူးနားဝတွေပဲ ရှိတာ၊ တစ်ခါမှ တစ္ဆေအခြောက် တောင်မခံဖူးဘူး၊ ဒီညမှ…'

ရဲရင့်အခေါင် မျက်လုံးလှန်ကြည့်တော့ ဆက်ပိုင်စိုး စကားပြော ထိန်းလိုက်တယ်။

'သူ ဗိုလ်ချုပ်ဈေးကို အစွဲရှိပုံရရဲ့၊ ဒါကြောင့် မင်းနဲ့ ဗိုလ်ချုပ်ဈေးမှာ တွေ့တာဖြစ်မှာပေါ့၊ အဲဒီမှာ မင်းနဲ့တွေ့တော့ သူမင်းကိုအာရုံကျသွားမယ်၊ မင်းကို ဒီလမ်းထဲနေတာတွေ၊ မင်း နာမည်တွေ သူသိနေမယ်၊ သူကိုယ်တိုင်လည်း ဟိုဘက်လမ်းထိပ် မှာနေတာကိုး၊ သူဘာအကြံရှိလို့လဲမသိ၊ ဒီညမင်းကို သူညို့ယူ ဖမ်းစားသွားခဲ့တယ်၊ ဒီကြား သူ့ကို မိန်းကလေးလို့ထင်တဲ့ ချိုကြီးတို့အုပ်စုနဲ့ ပြဿနာဖြစ်တယ်၊ ရှင်းတယ် တွေ့လား၊ သူချိုကြီးတို့ကို လုပ်လိုက်ပုံ ဘယ်သာမန်မိန်းကလေးမှ မလုပ်နိုင် ဘူး၊ မင်းကိုသူ အိမ်ညိုကြီးဆီ ဆက်ခေါ်သွားချင်ပုံရတယ်၊ ငါပါနေလို့၊ ငါကလည်း မင်းကို အတင်းပြန်ဆွဲခေါ်နိုင်လို့ မင်း သီသီလေးနော်၊ သူငယ်ချင်း ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားကြည့်'

ရဲရင့်အခေါင် ဘာမှမပြောတော့၊ ငြိမ်စဉ်းစားနေတော့ တယ်။

* * *



## ဝိညာဉ်နှတ်မလို့လား

ရဲရင့်အခေါင် မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်။

ညက ဆက်ပိုင်စိုးက ရဲရင့်အခေါင်ကို အိမ်အထိလိုက်ပို့ ပေးတယ်။

ဆက်ပိုင်စိုးပြန်သွားပြီးနောက်ကစ ရဲရင့်အခေါင် အိပ်ရာ ထဲဝင်ပြီး အတွေးတွေနဲ့ ချာချာလည်နေရတော့တယ်။

ဆက်ပိုင်စိုး ပြောသလိုတွေ ဖြစ်နိုင်သလား။

ဒါဆို ဒီကောင်မလေး တစ္ဆေမလေးပေါ့။

တစ္ဆေမလေးဆို အတော့်ကိုချောချောတစ္ဆေမလေးပါလား။

ဆက်ပိုင်စိုးအပြောအရတော့ တစ္ဆေတွေ သူတို့ကိုယ် သူတို့ သဏ္ဌာန်အမျိုးမျိုးဖန်ဆင်းနိုင်တယ်ဆိုပဲ။ ဒါဆို ဒီတစ္ဆေမလေး အတော့်ကိုဖန်ဆင်းနိုင်တာပဲ။ ဗိုလ်ချုပ်ဈေးက မိန်းမလှလေးတွေ မှင်သွားအောင်လှတဲ့ အလှမျိုးဖန်ဆင်းနိုင်တဲ့ တစ္ဆေမလေးပဲ။

အဲဒီကာလ ရန်ကုန်မြို့ရဲ့ မိန်းမချောမိန်းမလှလေးတွေနဲ့

www.burmeseclassic.com



ဝယ်သတ်ရင် ဗိုလ်ချုပ်ဈေးမှာ မိန်းမချောမိန်းမလှလေးတွေ ဈေးဝယ်ကြ၊ ဈေးမဝယ်ပဲလည်း ဈေးဆိုင်တွေကြည့်ကြ၊ ဘေးကြရင်းလျှောက်ကြ၊ အလှပြလျှောက်ကြ၊ အလှပြိုင်လျှောက်ကြနဲ့ပါပဲ။ အဲ… စနေနေ့မှာတော့ မိန်းမချောမိန်းမလှတွေ ပိုများပိုစုံကြတော့တယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်ကိုး။

ယခုကာလမှာလို ရန်ကုန်မြို့တွင်းမြို့ပြင်အနှံ့ ဈေးအမျိုးအစားစုံ ဘုံးပေါလအောပြန့်ကျဲမနေ။ ရပ်ကွက်ဒေသအလိုက်ဈေးတွေတော့ရှိကြရဲ့။ ဒါပေမဲ့ မိန်းမချော မိန်းမလှတွေရဲ့စီးကြောင်းဖြစ်နေတဲ့ ဗိုလ်ချုပ်ဈေးမှာတော့ မိန်းမချောမိန်းမလှလေးတွေလာပြီး စုလှေ့ရှိတယ်။ အလှချင်းယှဉ်ကြတယ်။ အဲဒီကာလ ဗိုလ်ချုပ်ဈေးကို မိန်းမလှကျွန်းလို့တောင် ခေါ်တွင်ကြတယ်။

ဆက်ပိုင်စိုးကတော့ ဒီတန္တေမလေး ဗိုလ်ချုပ်ဈေးကို အစွဲရှိတဲ့တန္တေမလေးလို့ပြောတာပဲ။ အလှအပကိုလည်း အစွဲရှိသူမို့ သူ့ကိုယ်သူလှအောင်ပအောင် ဖန်ဆင်းနိုင်တာမျိုးလို့လည်း ပြောသေးတယ်။ တကယ့်တန္တေရုပ်အဝီကတော့ ဘယ်လိုမှ လှမှာပမှာမဟုတ်။ ကြောက်စရာကောင်းမှာသာတဲ့။

ဗိုလ်ချုပ်ဈေးမိန်းမလှတွေထဲမှာ လှလှလေးထင်နေတဲ့အသွင်ကိုချွန်လုပ်ပြီး တွေးကြည့်မယ်ဆိုရင်တော့ ဒီကောင်မလေးဆက်ပိုင်စိုးပြောသလို တန္တေမလေးဖြစ်နိုင်သလိုပဲ။

တန္တေခြောက်တဲ့အိမ်ကြီးထဲမှာနေတဲ့ အချက်ရယ်။



တော်တော်ကြီးကျွမ်းကျင်တဲ့ အတိုက်အခိုက်သမားတွေတောင် လုပ်နိုင်မှာမဟုတ်။ လူအယောက်နှစ်ဆယ်လောက်ကိုတစ်ခဏအချိန်ပိုင်းအတွင်း မှေမြောသွားအောင် တိုက်ခိုက်နိုင်တဲ့အချက်ရယ်။

ရဲရင့်အခေါင်ရဲ့ နာမည်ကိုသိနေတာရယ်။

နောက်ပြီး တည်ငြိမ်စူးရဲလွန်းတဲ့ မျက်လုံးအကြည့်တွေရယ်။

လျှောက်ဆက်စပ်တွေးကြည့်တော့ သာမန်လူသားမိန်းကလေးတစ်ယောက်နဲ့ လုံးဝမတူတော့သလိုပဲ။

ဒီတန္တေမလေး ငါ့ကိုဘာလို့ ဦးတည်နေတာလဲ။

ဗိုလ်ချုပ်ဈေးမှာ တွေ့ကတည်းက သူ့အလှအပကိုရဲရင့်အခေါင် သဘောကျသွားမိတာ အမှန်ပဲ။ နောက်ပြီး သူ့မျက်လုံးနဲ့ သူ့အကြည့်တွေ ရဲရင့်အခေါင် ရင်ထဲ စူးစူးဝင်သွားသလိုပဲ။ စွဲစွဲနစ်သွားသလိုပဲ။

ဒီလိုဖြစ်အောင်ပဲ သူလိုက်လုပ်ပုံရရဲ့။

သူ ရဲရင့်အခေါင်နဲ့တွေ့တိုင်း လိုက်လိုက်ပြီး စေ့စေ့ကြည့်နေတတ်ရဲ့။ ဒါတန္တေမလေးရဲ့ ညှို့ယူဖမ်းစားခြင်းလား။

သူ့ညှို့ယူဖမ်းစားမှု စွမ်းအားကြီးတယ်။အမှန် ရဲရင့်အခေါင်သူ့ကို ချစ်ချင်သလိုလိုဖြစ်နေပြီ။

ညကလည်း ရဲရင့်အခေါင်ရင်ထဲ စူးစွဲနေတဲ့အကြည့်နဲ့သူလမ်းပေါ်ကကြည့်ပြီး ဖြတ်အလျှောက်မှာ ရဲရင့်အခေါင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



သူနောက်ပါသွားသလိုပဲ။ ဝိတောက်ပင်ကြီးအောက်မှာ ချိုကြီးတို့ ရှိနေမယ်မှန်းသိနေတော့ သူ့ကို စိုးရိမ်သွားပြီး သူ့နောက်မလိုက် မနေနိုင်ဖြစ်သွားတယ်။

ဆက်ပိုင်စိုးအပြောအရတော့ ဒါလည်း သူ့ရဲ့ရဲရင့်အခေါင် ကို ညှို့ယူဖမ်းစားမှုပဲဖြစ်တယ်တဲ့။

တကယ်ဖြစ်နိုင်ချေပါပဲ။ သူ ရဲရင့်အခေါင်ကိုပဲ တကြည့် ကြည့်နဲ့။ သူ့ရဲ့တည်ငြိမ်စူးရဲတဲ့အကြည့်နဲ့ ရဲရင့်အခေါင်ကို တကြည့်ကြည့်။

ဆက်ပိုင်စိုး ပြောတာဟုတ်တယ်။ အတင်းဆက်ပိုင်စိုး ဆွဲခေါ်လာလို့ပါ။ မဟုတ်ရင် ရဲရင့်အခေါင် သူ့ကို အိမ်ညို့ကြီး ဆီလိုက်ပို့မိမှာ။

'ကိုရဲရင့်အခေါင် ထပ်တွေ့ကြဦးမယ်နော်'

သူ့အပြောမှာ ရဲရင့်အခေါင်ရဲ့စိတ်ထဲရင်ထဲလည်း သူ့ကို ထပ်ကိုတွေ့ချင်နေမိရဲ့။

ရဲရင့်အခေါင်သက်ပြင်းရှည် ချလိုက်မိရဲ့။

'ငါနှယ် ကိုယ်လမ်းထဲက တစ္ဆေမလေးနဲ့ ဗိုလ်ချုပ်ဈေး မှာ သွားဆုံပြီး ချစ်ချင်သလိုလို ဘာလိုလိုတွေ ဖြစ်လိုက်မိလို့'

ရဲရင့်အခေါင် စိတ်မသက်မသာ ညည်းညူလိုက်မိတော့ တယ်။

* * *



(၂)

လေပြင်းတော့မဟုတ်၊ လေပြေသာသာလေး။

တိုက်ခိုက်မှုကတော့ အဆက်မပြတ် ဒလစပ်။

ရဲရင့်အခေါင် လေကိုဆန်ပြီး လျှောက်နေတယ်။

သူ့ဆံပင်ရှည်ကြီးက လေတိုက်ခိုက်မှုမှာ လွင့်မျောနေ တယ်။

ရဲရင့်အခေါင် လေကို ဆန်ပြီးလျှောက်နေပေမယ့် သူ လမ်းလျှောက်မှုရှေ့ဆီ မတိုးတက်နိုင်။ တစ်နေရာတည်းမှာပဲ ရှိနေ တယ်။ တစ်နေရာတည်းမှာပဲ လျှောက်နေရတယ်။

လေကလည်း ဒီလောက်ပြင်းပြင်းတိုက်တာမဟုတ်ဘဲ သူလေကိုဆန်ပြီး မလျှောက်နိုင်တာကို ရဲရင့်အခေါင်အားမလို အားမရဖြစ်နေတယ်။

ခြေလှမ်းကိုတော့ အားယူပြီး ရှေ့ကိုလှမ်းနေတယ်။ ဒါပေမဲ့ သူ့လှမ်းနေ လျှောက်နေမှုက တစ်နေရာတည်းမှာပဲ။ ဘယ်လိုမှ ရှေ့ကိုတိုးတက်မှုမရှိ။

သူ့လရောင်ရေးရေးအောက်မှာ အထီးကျန်လမ်းလျှောက် နေရတယ်ဆိုတာကို ရဲရင့်အခေါင် သတိထားမိတယ်။ ဘယ်လို ကြောင့် သူဒီနေရာကိုရောက်လာပါလိမ့်။ ရဲရင့်အခေါင်တွေးမရ။

သူတစ်ခုခုတော့ ဖြစ်နေရတယ်လို့ ရဲရင့်အခေါင်သနားမိ တယ်။ ဘယ်လိုတစ်ခုခုလဲ မသိ။ ဒါပေမဲ့ ကောင်းတာတစ်ခုခု မဖြစ်နိုင်။ ဘာလို့လဲဆို သူ့ကိုယ်ကို တစ်စုံတစ်ရာက ထိန်းချုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ။ တစ်စုံတစ်ရာရဲ့ အထိန်းအချုပ်ကို ခံနေရသလိုပဲ။ ကိုယ့်ကိုယ်ကို ကိုယ်ပိုင်ထိန်းချုပ်နိုင်မှုမရှိဖြစ်နေရတဲ့ အခြေအနေကို ဘယ်လိုကောင်းတဲ့အခြေအနေလို့ ယူဆလို့ရပါ့မလဲ။

'ငါနောက်ပြန်လှည့်လျှောက်ရင် ဘယ်လိုနေမလဲ'

ရဲရင့်အခေါင် လေစုန်အတိုင်း နောက်ဘက်ပြန်လှည့်ဖို့ စဉ်းစားတယ်။ နောက်ဘက်ပြန်လှည့်လိုက်တယ်။

လှည့်လို့မရ။

ရဲရင့်အခေါင်စိတ်ထဲ အရမ်းနောက်ကျိသွားပြီ။

ရှေ့ဆက်လျှောက်နေရင်လည်း ရွေ့လျားမှုမရှိ။ နောက်ပြန်လှည့်လို့လည်းမရ။ ဒီလိုအခြေအနေမှာအကြာကြီး ရဲရင့်အခေါင်ဖြစ်နေတယ်။ နောက် လေတိုက်ခိုက်မှု ရပ်သွားတယ်။

ရဲရင့်အခေါင် ဝမ်းသာသွားတယ်။

ပိုဝမ်းသာသွားရတာက သူ့လမ်းထဲသူပြန်ရောက်နေတယ်။ လရောင်ရေးရေးမှာ သူ့လမ်းထဲသူပြန်ရောက်နေတာကို ရဲရင့်အခေါင်သိလိုက်ရတယ်။

'ထော်သေးတယ်၊ ငါ ခုနက ဘယ်လိုဖြစ်သွားတာလဲ မသိဘူး၊ ဘယ်လိုနေရာရောက်သွားတာလဲ မသိဘူး၊ အိပ်မက်လည်း မဟုတ်နိုင်ပါဘူး၊ ငါ ခုကိုယ့်လမ်းထဲ ကိုယ်ပြန်ရောက်နေပြီပဲ'

ဘာပဲဖြစ်ဖြစ် အဲဒီလိုဖြစ်သွားရတာမျိုးကိုတော့ ရဲရင့်အခေါင် မကျေနပ်နိုင်။





'ငါ ဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး၊ ငါ့စိတ်တွေကို တစ်စုံတစ်ယောက်က ညှို့ယူဖမ်းစားနေတာကတော့ အမှန်ပဲ။ ငါ တစ်စုံတစ်ယောက်ရဲ့ ညှို့ယူဖမ်းစားထားမှုကို ခံနေရပြီပဲ'

ချောက်ချားစွာအတွေးနဲ့ ရဲရင့်အခေါင် အိမ်ဘက်ဆီ လျှောက်နေမိတယ်။ အရုလုလျှောက်နေမိတယ်။ သုတ်သုတ်လျှောက်နေမိတယ်။

သူလျှောက်နေမှ ပေါ့ပါးသွတ်လက်နေသလိုပဲ။

'သူ'

'သူပဲဖြစ်မှာပါ'

'သူ··· ငါ့ကို ညှို့ယူဖမ်းစားနေတာပဲဖြစ်မှာပါ'

'ဒါဆို ဟုတ်ပါပြီ၊ သူတစ္ဆေမလေးပဲ ဖြစ်မှာပါ။ ဘယ်လိုမှ လူမဖြစ်နိုင်'

အိမ်ရှေ့ရောက်တော့ ရဲရင့်အခေါင် စိတ်နည်းနည်းပေါ့ပါးသွားသလိုပဲ။

အပြင်မှာနေရတာ မလုံခြုံသလို ခံစားနေရတာမို့ ရဲရင့်အခေါင်အိမ်ထဲဆီ အတင်းပြေးဝင်လိုက်တော့တယ်။

'ဟာ'

'မှားပြီ'

'သွားပြီ'

သူ့အိမ်ထင်ပြီး သူ့အိမ်အမှတ်နဲ့ သူဝင်လာတဲ့အိမ်ကြီး။ သူ့အိမ်မဟုတ်။ အိမ်အိုကြီး။



www.burmeseclassic.com

www.burmeseclassic.com



အိုဟောင်းနေတဲ့ ညှို့ခန်းဆောင်ကြီး။

ညှို့ခန်းဆောင် မျက်နှာကျက်မှာ ပင့်ကူအိမ်တွေပြည့်လို့။

ခြစားပိုးထိုး နံရံတွေရဲ့အလယ်မှာ စားပွဲဟောင်းကြီးတစ်လုံး၊ စားပွဲတစ်ဘက်မှာ ကုလားထိုင်ဟောင်းတစ်ခု။ ဒီဘက်မှာလည်း ကုလားထိုင်ဟောင်းတစ်ခု။

'ကိုရဲရင့်အခေါင် ထပ်တွေ့ကြရပြီနော်'

အခန်းထဲ ဟိန်းထွက်သွားတဲ့အသံ။

အသံ ဘယ်ကထွက်ပေါ်လာတာလဲ။

ရဲရင့်အခေါင် တုန်လှုပ်သွားတယ်။ အပေါ်မျက်နှာကျက်ဆီနဲ့ နဘေးပတ်လည်နံရံတွေဆီကို လိုက်ကြည့်မိတယ်။

နောက် စားပွဲဆီပြန်အကြည့်မှာ…

စားပွဲတစ်ဖက် ကုလားထိုင်မှာ တစ္ဆေမလေး ထိုင်နေတယ်။ ရဲရင့်အခေါင်ကို ပြုံးကြည့်နေတယ်။

'ဟာ… လှလိုက်တာ'

တစ္ဆေမလေးလို့ သိထားပေမယ့် အဲဒီတစ္ဆေမလေးရဲ့အလှ ရဲရင့်အခေါင်ရင်ထဲ ပြေးဆောင့်ဝင်တယ်။

ရဲရင့်အခေါင် တွေပြီးသာ ကြည့်နေမိတော့တယ်။

'ထိုင်ပါ… ထိုင်ပါကိုရဲရင့်အခေါင်ရယ်'

ဆွဲအားတစ်ခုက ဆွဲယူလိုက်သလိုပါပဲ။

ရဲရင့်အခေါင် စားပွဲတစ်ဖက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်မိတော့တယ်။





တစ္ဆေမလေးရဲ့ အလှကို ကြည့်နေရင်းက ဒါကတော့ ဖန်ဆင်းမှုပဲ။ ပင်ကိုယ်ကတော့ အတော့်ကိုရုပ်ဆိုးမှာလို့ ရဲရင့်အခေါင် တွေးလိုက်တယ်။ ဒီအတွေးက ရဲရင့်အခေါင်ကို တုန်လှုပ်သွားစေတယ်။

'ကိုရဲရင့်အခေါင်ကို ကျွန်မခေါ်ယူလိုက်တာပဲ'

တစ္ဆေမလေးရဲ့အသံက ပိုင်စိုးပိုင်နင်း။

'ဘာဖြစ်လို့ ခေါ်ယူလိုက်ရသလဲ သိလား'

ရဲရင့်အခေါင် အားစေးထည့်ထားသလို ဘာမှမပြောမိ။

'ဒီည ကိုရဲရင့်အခေါင်ရဲ့ဝိညာဉ်ကို ကျွန်မနှုတ်ယူရမယ်'

'ဘာ… ဘာ… ဘာလို့ မင်းငါ့ဝိညာဉ်ကို နှုတ်ယူရမှာလဲ။ မရဘူး… မရဘူး'

ရဲရင့်အခေါင် အော်ပြောလိုက်မိတယ်။

ဒါပေမဲ့ အသံ အပြင်ထွက်မလာ။ လည်ချောင်းထဲမှာပဲ တစ်ဆို့ပျောက်ဆုံးသွားကြတယ်။

'မင်း ငါ့ဝိညာဉ်ကို နှုတ်မယူရဘူး'

ဘေးအိမ်တွေကပါ ကြားရအောင် ရဲရင့်အခေါင်အော်ပြောတယ်။

အသံကတော့ လုံးဝထွက်မလာ။ လည်ချောင်းထဲမှာတင် ပျောက်ဆုံးသွားကြတယ်။

'ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမလေး အားပါးတရ အော်ဟစ်ရယ်မောနေတယ်။

ရယ်သံ အခန်းထဲမှာ ပဲ့တင်နေတော့တယ်။

ရဲရင့်အခေါင် ကုလားထိုင်ကနေ အတင်းရုန်းထတယ်။

ရုန်းမရ။ ထမရ။

အားကုန်ရုန်းထနေပြန်တယ်။ သူအတင်းရုန်းထလို့ ရသလို ဖြစ်သွားပေမယ့် ပြန်ကြည့်။ ကုလားထိုင်ပေါ်မှာပဲ ထိုင်လျက်သား။

'ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

တစ္ဆေမလေးကတော့ အားပါးတရကို ရယ်နေတော့ တယ်။

'သွားပြီ… ငါတော့သွားပြီ'

ရဲရင့်အခေါင် အားကုန်သလိုဖြစ်သွားတယ်။

အားလျှော့စိတ်တွေ ဝင်လာတယ်။

'ငါ့ဝိညာဉ်ကို မနှုတ်ပါနဲ့၊ ငါတောင်းပန်ပါတယ်၊ မင်းနဲ့ ငါဘာရန်ငြိုးရန်စမှလည်း မရှိပါဘူး၊ ငါ့ကိုလွှတ်ပေးပါ'

ရဲရင့်အခေါင် အော်ကြည့်ပြန်ပေမယ့် ထူးမခြား။ အသံ မထွက်။ အခန်းထဲမှာ တစ္ဆေမလေးရဲ့ တဟားဟားရယ်သံသာ ပဲ့တင်နေတယ်။ ဘယ်ဆီက ဘယ်လိုထွက်ပေါ်လာသလဲမသိ။ အရိုးစုကြီးတွေ… အရိုးစုကြီးတွေ တဖြည်းဖြည်းခန်းလုံးပြည့်လာ တယ်။





ရဲရင့်အခေါင်ကိုလည်း ဝိုင်းချုပ်ကိုင်ထားကြတယ်။

တစ္ဆေမလေးကို ရဲရင့်အခေါင် တောင်းပန်တိုးလျှိုးတဲ့ အကြည့်နဲ့ ကြည့်မိတယ်။

တစ္ဆေမလေးကတော့ တဟားဟား ရယ်နေမြဲ။

ရယ်နေရင်း သူ့လက်အစုံက ရဲရင့်အခေါင်ရင်ဘတ်ထဲ က တစ်စုံတစ်ရာဆွဲနှုတ်ယူသလို လေထဲမှာ လှုပ်ရှားနေတယ်။

ရုန်းမရ၊ ကန်မရ၊ ထမရ၊ ပြေးမရဖြစ်နေတဲ့ ရဲရင့် အခေါင် တစ္ဆေမလေးကိုကြည့်ပြီး ငြိမ်ခံနေရတော့တယ်။

တစ္ဆေမလေး…

ရဲရင့်အခေါင်ကြည့်နေဆဲမှာပဲ တဖြည်းဖြည်းရုပ်ပြောင်း လာတယ်။

အကျည်းတန်ရုပ်ဆိုးလာတယ်။

တစ္ဆေသရဲပုံ အပီအပြင်ဖြစ်လာတယ်။

ဆံပင်စုတ်ဖွား၊ အသားအရေပွယောင်းယောင်း၊ မျက်လုံး ကြီးတွေ ပြူးပြဲ၊ လျှာကြီးတန်းလန်းထွက်ကျလာပြီး အရိုးပြိုင်း လက်သည်းရှည်ရှည် လက်ကြီးတွေက လေထဲမှာ တလှုပ်လှုပ်၊ ရဲရင့်အခေါင် ရင်ဘတ်ထဲက တစ်ခုခုကိုဆွဲနှုတ်ယူနေသလို။

'ဟေ့ တစ္ဆေမ၊ ငါ့ဝိညာဉ်ကို မနှုတ်ပါနဲ့။ ငါ့ဝိညာဉ်ကို မနှုတ်ပါနဲ့'

ဒီတစ်ခါတော့ ရဲရင့်အခေါင် အသံပွင့်ထွက်သွားတယ်။

ရဲရင့်အခေါင် လှုပ်ရှားလို့လည်း ရသွားတယ်။

www.burmeseclassic.com



'ငါ့ဝိညာဉ်ကို မနှုတ်နဲ့၊ မရဘူး··· မရဘူး'

ရဲရင့်အခေါင် ထပြေးမယ်လုပ်တယ်။

ရဲရင့်အခေါင် အိပ်ရာက နိုးသွားတယ်။

ကုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက်သား။

ငူတူတူနဲ့ နဘေးဝန်းကျင်ကိုကြည့်လိုက်တော့ သူ့အိပ်ခန်း ထဲမှာ။

ဖွင့်လျက်သား ပြတင်းပေါက်ကနေ အပြင်လှမ်းကြည့် လိုက်တော့ နေအတော်မြင့်နေပြီ။

'ငါ အိပ်မက် မက်တာပဲ'

ရဲရင့်အခေါင် ရေရွတ်လိုက်မိတယ်။ သူ့ရင်အခုန်ကတော့ ခုထိ မပြေသေး။

'အိပ်မက်ကလည်း တကယ်ဖြစ်နေသလိုပဲ'

ရင်လှိုင်းခတ်လျက်၊ မောပန်းလျက်ရှိသေးတယ်။

'ညက ဆက်ပိုင်စိုး ပြောတဲ့စကားတွေ ငါ့စိတ်ထဲစွဲသွား ပြီး အိပ်မက်မက်တာပဲ'

ဒါပေမဲ့ အဲဒီအိပ်မက် ရဲရင့်အခေါင်ကို နိုးလာတဲ့အထိ တုန်လှုပ်နေစေသလိုပါပဲ။

'ဒီတစ္ဆေမလေး ငါ့ဝိညာဉ်ကို တကယ်နှုတ်မယ့် တစ္ဆေမ လေးများလား'

တစ္ဆေမလေးရဲ့ အိပ်မက်ထဲမှာ တဖြည်းဖြည်းပြောင်းလဲ သွားတဲ့ရုပ်သွင်ကို ရဲရင့်အခေါင် ပြန်မြင်ယောင်နေမိတယ်။





'ဘာပဲဖြစ်ဖြစ် ဒီတစ္ဆေမလေးကို ငါသတိထားရတော့ မယ်'

မိုးလင်းကာနီးမှ အိပ်ပျော်သွားတဲ့ ရဲရင့်အခေါင် အိပ်ရေး ဝချင်သေး။ ဒါပေမဲ့ ပြန်အိပ်ရမှာကို ရင်လေးပြီး ခုတင်က ထခဲ့တယ်။ အိပ်ခန်းထဲက ထွက်ခဲ့တယ်။

သွားတိုက်မျက်နှာသစ်ပြီး စိတ်လက်မအီမသာဖြစ်နေတဲ့ ရဲရင့်အခေါင် ဧည့်ခန်းဆိုဖာမှာ ခြေပစ်လက်ပစ်ထိုင်နေမိတယ်။ အိပ်မက်အကြောင်း ပြန်တွေးနေမိတယ်။

အဲဒီကနေ ဗိုလ်ချုပ်ဈေးထဲမှာ တစ္ဆေမလေးနဲ့တွေ့ဆုံမိကြ ပုံတွေဆီ အတွေးတွေ ပြန်ရောက်တယ်။

ဒီအိမ်မှာက ရဲရင့်အခေါင်တစ်ယောက်တည်းနေတာ။ ရဲရင့်အခေါင် အမေမရှိ။ ညီအစ်ကိုမောင်နှမ မရှိ။ ဖအေတစ်ခု သားတစ်ခုဘဝနဲ့ပဲ နှစ်အတော်ကြာနေခဲ့ပြီး လွန်ခဲ့တဲ့နှစ်နှစ်ကျော် လောက်က သူ့ဖခင်ဖြစ်သူ အိမ်ထောင်သစ်ထူထောင်သွားတယ်။ အိမ်ထောင်သစ်ထူထောင်သွားတဲ့ သူ့ဖခင်၊ သူ့အိမ်ထောင်သစ်နဲ့ အတူ တခြားအိမ်မှာပဲ နေတယ်။ ဒီအိမ်ကို ရဲရင့်အခေါင်ကိုပေး ခဲ့တယ်။ တစ်လစာ တစ်လစာ လိုအပ်ငွေကြေးကိုလည်း သူ့ဖခင် က ထောက်ပံ့နေမြဲပါ။ ရဲရင့်အခေါင်က အေးအေးဆေးဆေး သား။ အဖြုန်းအတီးမရှိသူဆိုတော့ သူ့ဖခင်ထောက်ပံ့ငွေကြေးက သူ့အတွက် အလုံအအလောက်ပါပဲ။

ဆိုဖာပေါ်ထိုင်နေရတာ ညောင်းလာတဲ့ ရဲရင့်အခေါင်



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေချင်တာမို့ လမ်းဘက်က ပြတင်းတံခါးပေါက်နား လာရပ်တယ်။

လမ်းမပေါ်က ဟိုဒီမြင်ကွင်းကို အကြောင်းမဲ့ လျှောက်ကြည့်နေတယ်။

ခဏအကြာမှာတော့ ရဲရင့်အခေါင်ရဲ့ မျက်စိအစုံ ပြူးဝိုင်းသွားတယ်။

လမ်းမပေါ်မှာ လျှောက်နေတဲ့ တစ္ဆေမလေးကို မြင်လိုက်ရလို့ဖြစ်တယ်။

တစ္ဆေမလေး…

ရိုးရိုးလျှောက်လာခြင်းမဟုတ်။

ဟိုး ခပ်ဝေးဝေးကတည်းက ရဲရင့်အခေါင်တို့အိမ်ဆီကို ငေးကြည့်ငေးကြည့်နဲ့ လျှောက်လာခြင်းဖြစ်တယ်။

တစ္ဆေမလေး အိမ်ရှေ့တည့်တည့်ရောက်ကာနီးကျ ရဲရင့်အခေါင် ပြတင်းပေါက်ဘောင်အကွယ်မှာ ကပ်နေလိုက်တယ်။ တစ္ဆေမလေး သူ့ကို မမြင်အောင်။ ဒါပေမဲ့ ရဲရင့်အခေါင် ပြတင်းဘောင်အကွယ်ကနေ တစ္ဆေမလေးကို ဆက်ချောင်းကြည့်နေတယ်။

ခပ်ဝေးဝေးကတည်းက ရဲရင့်အခေါင်တို့အိမ်ဆီအကြည့် ငေးကြည့်လာတဲ့ တစ္ဆေမလေး။ ရဲရင့်အခေါင်တို့အိမ်နားနီးတော့ ရဲရင့်အခေါင်တို့အိမ်ကို ပိုပြီးသိသိသာသာ ငေးကြည့်ငေးကြည့်လုပ်တယ်။



အိမ်ရှေ့ဖြတ်အသွားမှာတော့ အိမ်ကို စေ့စေ့စပ်စပ်လေးကို ကြည့်သွားတယ်။

အိမ်ကိုဖြတ်ကျော်သွားတဲ့အထိ အိမ်ကိုပြန်ပြီး လှည့်ကြည့် လှည့်ကြည့်။

အဝေးရောက်သွားတဲ့အထိလည်း တစ်ခါတစ်ရံ ပြန်ပြန်ပြီး လှည့်ကြည့်တယ်။

'တောက်'

ရဲရင့်အခေါင် မကျေမနပ် တောက်ခေါက်လိုက်မိတယ်။

'ခင်း ငါ့နာမည်ကို သိနေသလို ငါ့အိမ်ကိုပါ သိနေပုံရတယ်'

'ခင်းပုံစံကြည့်ရတာ ငါ့အပေါ် အကြံအစည်ကို ရှိနေပုံရတယ်၊ ဘယ်လိုမျိုး အကြံအစည်ဖြစ်နိုင်မလဲ'

'တကယ်ပဲ ငါ့ဝိညာဉ်ကို နှုတ်မလို့လား'

* * *

www.burmeseclassic.com

www.burmeseclassic.com

## နေခွင်းကြောင်တောင် ခြောက်ပြတဲ့ တစ္ဆေ

မိုးချုပ်စမှာ…

ရဲရင့်အခေါင် အိမ်ကို ဆက်ပိုင်စိုး ရောက်လာတယ်။

'နေကောင်းလား'

ရဲရင့်အခေါင်ကို ဆက်ပိုင်စိုးက ရယ်ကျဲကျဲနဲ့မေးတယ်။

'တော်စမ်းကွာ ဆက်ကြီးရာ၊ မင်းက တောပြော တောင်ပြောတွေပြော၊ ငါက တောတွေးတောင်တွေးတွေ တွေးမိပြီး မိုးလင်းကာနီးမှ အိပ်ပျော်သွားတဲ့ငါ၊ အိပ်မက်ဆိုးတွေမက်လို့'

'ဘာတွေ အိပ်မက်လို့လဲ'

ဆက်ပိုင်စိုးက မေးတာမို့ ရဲရင့်အခေါင် သူ့အိပ်မက်အကြောင်း သူပြန်ပြောပြတယ်။

'ဘာပဲဖြစ်ဖြစ် မင်းသတိတော့ ထားရမှာပဲ'လို့ ဆက်ပိုင်စိုးက ဆိုသည်။

နောက်ပြီး ဒီနေ့ သူကြားခဲ့တဲ့သတင်းကို ပြန်ပြောပြတယ်။

'အဲဒီကောင်မလေးနာမည်က မာလာ။





သူ့ယောကျ်ားက မန္တလေးမှာ။

သူတို့ရန်ကုန်ကို ပြောင်းလာကြတော့မှာမို့ သူက အရင်ပြောင်းလာတာ။ နောက်သူ့ယောကျ်ားလည်း လိုက်လာမှာ။ သူ့ယောကျ်ားလိုက်လာရင်တော့ သူတို့တစ်နေရာရာမှာ အိမ်ဝယ်ပြီး နေဖြစ်လိမ့်မယ်။ ခု သူ ကြိုတင်ရောက်လာတဲ့ကိစ္စထဲမှာ သူ့ယောကျ်ားလိုက်လာရင် အိမ်အဆင့်သင့်ဝယ်ရအောင် စိတ်ကြိုက်အိမ်ရှာဖို့ကိစ္စ ပါတယ်။

ခုက အိမ်မဝယ်ဖြစ်သေးခင် နေရအောင် ဟိုဘက်လမ်းထိပ်က အိမ်ကြီးကို ခဏငှားနေတာ။

အဲဒီအိမ်ကြီးမှာ တစ္ဆေရှိတယ်လို့ အဲဒီအိမ်ကြီးပတ်ဝန်းကျင်က လူတွေ သူ့ကိုသတိပေးသားတဲ့။ ဒါပေမယ့် သူက သူတစ္ဆေသူ့ရဲ မကြောက်ဘူးဆိုတယ်တဲ့'

'သူက ထက်ထက်စွာစွာနဲ့ ပိုက်ဆံရှိပုံ အတော်ရတယ်။ ခင်းသိသားပဲ၊ တို့လမ်းမှူးရဲ့အကြော၊ အကြောကြီး အပြောကြီးသလောက်ငွေကျတော့ မက်မှမက်၊ အိမ်ငှားရာကစ ရက်ပိုင်းအတွင်း သူလမ်းမှူးကို ဘယ်လောက်ရက်ရက်ရောရော ငွေကျထားသလဲမသိဘူး၊ သူ့ကိုလမ်းမှူးအတော်ဦးစားပေးပေးဆက်ဆံသတဲ့၊ ညက ချိုကြီးတို့နဲ့ဖြစ်တဲ့ကိစ္စမှာ သူက လမ်းမှူးကတစ်ဆင့် ရပ်ကွက်ပြည်သူ့ကောင်စီကိုရော အပိုင်ရဲစခန်းကိုရော ဒီပေါက် ချက်ချင်းတိုင်ထားသတဲ့၊ ချိုကြီးတို့သူ့ကို ငွေလည်းလု လူကိုလည်း အတင်းကြံဖို့ ကြိုးစားတယ်ဆိုပြီး တိုင်ထားသတဲ့။ ချိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့အုပ်စု ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပြီ'

ဆက်ပိုင်စိုးရပ်ကွက်ထဲက သူကြားခဲ့တဲ့သတင်းကို ပြန်ပြောပြတယ်။

'ဟုတ်လည်း ဟုတ်မှာပါ၊ ချိုကြီးတို့ကလည်း အဲဒီလို လုပ်မယ့်ကောင်တွေပါ'

ရဲရင့်အခေါင်က ပြောတယ်။ ပြီး ရဲရင့်အခေါင်က…

'သူက ယောက်ျားနဲ့တဲ့လား၊ ဟုတ်မှဟုတ်ရဲ့ကွာဗျာ'

ရဲရင့်အခေါင်အပြောကြောင့် ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ပြုံးပြုံးပျာပျာကြည့်တယ်။

'သူ့ကိုယ်သူ ယောက်ျားနဲ့ပါလို့ ဆိုနေပါလျက်နဲ့ မင်းက အပျိုလို့ ထင်ချင်နေလို့လား၊ ဘာလဲ မင်းရင်ထဲက သိတယ်လို့ ပြောဦးမလို့လား'

ရဲရင့်အခေါင် ခေါင်းကို ခါရမ်းပစ်လိုက်တယ်။

ပြီး ပွသွားတဲ့ သူ့ဆံပင်တွေကို သူလက်နှစ်ဖက်နဲ့ ပြန်သပ်သိမ်းလိုက်တယ်။

'သူ့ကြည့်ပုံ ရုပ်ပုံတွေကလည်း သိသာတယ်ရဲရင့်ရာ၊ အပျိုမလေးတွေလို ရှိုးတိုးရှန်းတန်း မလုံမလဲ ရက်ရက်ကြောက်ကြောက် အရိပ်အယောင်ရယ်လို့ လုံးဝကို မရှိပါဘူး၊ အအိုမို့လို့သာ ဒီလောက်ငြိမ်၊ ဒီလောက်ရဲတာပေါ့'

ရဲရင့်အခေါင် သူ့ဆံပင်သူ ပြန်သပ်သိမ်းထားတဲ့ လက်နှစ်ဖက်ကို ခေါင်းကမခွာသေးဘဲ ခေါင်းခါယမ်းနေပြန်တယ်။





'ဘာလဲ ဒီလောက်လှတဲ့ မိန်းကလေးကို အအိုလို့ မပြောရဘူးလို့ မင်းငါ့ကို ပြောချင်သေးလို့လား'

ရဲရင့်အခေါင် ခေါင်းခါပြ။

'ငါ့စိတ်ထင် မင်းပြောတဲ့ အဲဒီကောင်မလေးအကြောင်းတွေဟာ အမှားအယွင်းတွေလိုပဲကွာ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ပခုံးနှစ်ဖက်သာတွန့်ပြလိုက်တော့တယ်။

'ဒါဆို…'

စကားဆက်မပြောဘဲ ရဲရင့်အခေါင် စဉ်းစားနေတယ်၊ အတန်ကြာမှ…

'ဒါဆို… အဲဒီကောင်မလေး တစ္ဆေတော့မဟုတ်ဘူးပေါ့'

ဒီတစ်ခါ ခေါင်းခါယမ်းနေသူက ဆက်ပိုင်စိုး။

'ငါအသေအချာပြောလို့ ရမယ်ထင်တာကတော့ သူအဲဒီအိမ်ကြီးက တစ္ဆေတော့ မဖြစ်လောက်ဘူး၊ အဲဒီတိုက်အိမ်ညိုကြီးက တစ္ဆေဆိုရင် အလုပ်ရှုပ်ခံပြီး ဟိုပြောဒီပြောတွေနဲ့ ပိုက်ဆံအကုန်ခံပြီး ဒီအိမ်ကြီးကို ပြန်ငှားနေထိုင်မှာ မဟုတ်ဘူး၊ ဒီတတည်းက သူနေထိုင်လို့ရနေတဲ့ဟာပဲ'

'ဒါဆို ဒီကောင်မလေး တစ္ဆေမဟုတ်ဘူးပေါ့'

ရဲရင့်အခေါင် ထပ်မေးမိပြန်တယ်။

ဆက်ပိုင်စိုး ခေါင်းခါနေပြန်တယ်။

'ငါပြောတာ အဲဒီအိမ်ကြီးမှာ နဂိုကရှိနေတဲ့ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လောက်တာကိုလောက်ပဲ ပြောတာ၊ သူတစ္ဆေမဟုတ်ဘူးလို့ ငါမပြောဘူး'

'ဒါဆို သူတစ္ဆေပေါ့၊ တခြားက ပြောင်းလာတဲ့တစ္ဆေ၊ ဒီလိုလား'

ရဲရင့်အခေါင် ဆန္ဒစောစွာ မေးမိပြန်တယ်။

'တို့စဉ်းစားရမှာက သူတစ္ဆေအိမ်ကြီးမှာ ဘာလို့နေနိုင်တာလဲ၊ အခံတစ္ဆေတွေနဲ့ ဘဝတူမို့ နေနိုင်တာပေါ့၊ အခံတစ္ဆေတွေကို နိုင်နင်းတဲ့တစ္ဆေ အမျိုးအစားမို့ နေနိုင်တာပေါ့၊ သူရောက်လာလို့ အခံတစ္ဆေတွေ ပြောင်းရွှေ့သွားရပြီလား၊ အခံတစ္ဆေတွေ ပြောင်းရွှေ့သွားတာ သိလို့ ရောက်လာတဲ့ နယ်ပြောင်းတစ္ဆေလား'

'နေပါဦးဆက်ကြီးရာ၊ မင်းကလည်း တစ္ဆေမှာပဲ အခြေခံပြီး ဇဝိုက်တွေးနေတာကိုး၊ ရပ်ကွက်က သိထားသလို သူပြောသလိုမျိုး အမှန်ကော မဖြစ်နိုင်ဘူးလား'

'မင်းပဲ ပြောတယ်လေ၊ ရပ်ကွက်ထဲက ငါကြားလို့ မင်းကိုပြန်ပြောပြတဲ့ ဒီကောင်မလေးအကြောင်းတွေဟာ အမှား အယွင်းတွေလိုပဲဆို'

'အေး… သူငယ်ချင်းရာ၊ ငါ့စိတ်ထဲ ငါ့ရင်ထဲမှာတော့ အဲဒီလိုထင်မိတာ အမှန်ပဲ'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို လေသံပျော့လေးနဲ့ ပြောတယ်။

'မဟုတ်ဘူး သူငယ်ချင်းရဲ့၊ ငါလည်းကြားတဲ့သတင်း





တွေဟာ အတွင်းကျကျကိစ္စတွေ မဟုတ်ဘူးလို့ ငါထင်တယ်၊ ဘာဖြစ်လို့လဲဆို ဒီမိန်းကလေးဟာ ဒီလောက်ရိုးစင်းမှုမှာ အခြေမခံဘူးလို့ ငါထင်တယ်၊ သာမန်မိန်းကလေး မဟုတ်တာ သေချာတယ်၊ ဒီမိန်းကလေးမှာ ထူးခြားမှုကိုရှိတယ်'

ဆက်ပိုင်စိုး ဆက်ပြောတယ်။

'သာမန်မိန်းကလေးဆိုကွာ၊ အရပ်က တစ္ဆေအိမ်ကြီးလို့ ပြောနေကြတဲ့ ဒီတိုက်အိမ်ညိုကြီးထဲမှာ တစ်ယောက်တည်း လာနေဖို့ စိတ်တောင်ကူးရဲပါ့မလား၊ ထား… တစ္ဆေသရဲမကြောက်တတ်တဲ့မိန်းကလေးထားဦး၊ သူ့ကိုအဲဒီအိမ်ထဲက တစ္ဆေတွေက မခြောက်ဘူးလား၊ သူတစ္ဆေတွေကို နိုင်ရတဲ့ ဘာအကြောင်းရှိလဲ၊ ဒီထဲကကို သူဟာ သာမန်မိန်းကလေးမဟုတ်တာ ပေါ်လွင်နေပြီ၊ နောက်ပြီး မင်းနဲ့ငါ အမြင်ပဲ၊ ချိုကြီးတို့တစ်တွေကို သူလုပ်လိုက်တာ၊ ခဏချင်းမှာ ဘယ်လောက်အံ့သြစရာကောင်းလဲ၊ နောက်ပြီး ငါစိုးရိမ်တာက မင်းကိုပဲ၊ မင်းနာမည်ကို သူသိနေတယ်၊ မင်းကို အရမ်းအာရုံကျနေတယ်'

ဆက်ပိုင်စိုးစကားနဲ့ဆက်ပြီး ရဲရင့်အခေါင် တွေးမိတာက နက်[illegible]ကိုဇွေကြည့်၊ စွေစွေကြည့်လုပ်သွားတဲ့ တစ္ဆေမလေးဘိုပဲ။

'သူတစ္ဆေ မဟုတ်တန်ရာပါဘူးကွာ'

ရဲရင့်အခေါင် တွေးတွေးဆဆပြောတယ်။

'အေး… အဲဒါလည်း ငါစဉ်းစားမိတယ်ကွ၊ သူပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာပုံက တစ္ဆေသရဲတွေ နယ်ပြောင်းပုံမျိုး မဟုတ်ဘူး၊ လူလိုသူလို ရပ်ကွက်ထဲမှာ လူကြားသူကြားနေနိုင်အောင် ပြောင်းလာမှုမျိုး၊ အဲဒီအပေါ်မူတည်ပြီးလည်း ငါမင်းအတွက် စိုးရိမ်နေမိသေးတယ်ကွ၊ သူမင်းကို ချဉ်းကပ်နိုင်ဖို့အတွက် အကွက်ဆင်ခြင်းတစ်မျိုးလားလို့၊ မင်းသူ့ကို သာမန်လူထင်ပြီး စိတ်ချလက်ချဖြစ်အောင် ဆင်ထားတာလားလို့၊ ဝိနာဘာဝ နာနာဘာဝတွေမှာလည်း မာယာအတတ်တွေ ရှိတယ်ကွ၊ မင်းသိထားရမှာက မင်းကို ဦးတည်နေတယ်ဆိုတာရယ်၊ တစ္ဆေမဟုတ်ရင်တောင် တစ္ဆေထက်မြင့်တဲ့ တစ်ခုခုပဲဆိုတာကိုပဲ၊ သာမန်မိန်းကလေးမဟုတ်ဘူး၊ သာမန်အကြံအစည်မဟုတ်ဘူး၊ သာမန်ကိစ္စမဟုတ်ဘူး၊ အဲဒီငါ့စကားကိုတော့ မင်းလက်ခံကွာ'

ဆက်ပိုင်စိုးစကား ဟုတ်သလိုလိုလား၊ ရဲရင့်အခေါင် စဉ်းစားရပြန်တယ်။

'သူက ငါ့ကိုဘယ်လို အကြံအစည်နဲ့ဦးတည်နေတာလဲကွာ'

'ကာယကံရှင် မင်းတောင်မသိတဲ့ဟာ၊ ငါဘယ်လိုသိနိုင်မလဲရဲရင့်ရာ၊ အဲ… ဒီတစ္ဆေ အဲ… အဲဒီကောင်မလေးသာ သိမှာပေါ့'

'တောက်… ငါ သူ့ကို မကျေနပ်ဘူးကွာ'

'ခေါင်းအေးအေးထား ရဲရင့်ရာ'

* * *





(၂)

ဗိုလ်ချုပ်ဈေး အလယ်အုပေါက်လမ်းမှာ…

ရောင်စုံပန်းလှလှလေးတွေ လှုပ်ခတ်နေကြသလိုပဲ။

စနေနေ့ဆိုတော့ သိတဲ့အတိုင်းပဲလေ။ ဗိုလ်ချုပ်ဈေးမှာ မိန်းမလှလေးတွေ လာစုနေကြတော့တယ်။

မိန်းမလှလေးတွေစုတဲ့အရပ် ယောက်ျားလေးတွေစုတာက ဘာဆန်းမှာလဲ။

လှုပ်ခတ်နေကြတဲ့ မိန်းမလှလေးတွေကြား ယောက်ျားလေးတွေလည်း လမ်းသလားလို့။

ဒီနေ့ ပျင်းပျင်းရှိတာနဲ့ ရဲရင့်အခေါင် ဗိုလ်ချုပ်ဈေးဘက်ရောက်တယ်။

လူများနေတာနဲ့ အလယ်အုပေါက်လမ်းတစ်လျှောက်မှာတော့ လမ်းသလားလို့မနေတော့။ အလယ်အုပေါက်လမ်းထိပ်အစအငှားကားဂိတ်နားမှာ ရပ်နေတယ်။

သူ့ဖခင်ဆီသွားလည်ရ ကောင်းမလားစဉ်းစားတယ်။

စဉ်းစားရင်း ရောင်စုံပန်းလှလှလေးတွေကို ငေးတယ်။ ဘာရယ်မဟုတ် ယောက်ျားလေးဆိုတော့လည်း မိန်းကလေးတွေအလှက စိတ်ပြေလက်ပျောက် ရှိတာပေါ့။

ဖခင်ဆီသွားရေး မသွားရေး ဆုံးဖြတ်မရသေးတာနဲ့ ရဲရင့်အခေါင် အဲဒီနေရာမှာ ကြာနေတယ်။

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



ချောင်စုံပန်းလှလှတွေကြားထဲက ဘွားခနဲပေါ်လာတဲ့ အလှနတ်သမီးလေး။

'အဲ... ကောင်မလေး၊ မာလာဆိုတဲ့ ကောင်မလေး'

ရဲရင့်အခေါင်ကို တွေ့လိုက်တော့ အဲဒီမာလာဆိုတဲ့ ကောင်မလေး 'သြော်'လို့ အသံပြုတယ်။ ပြုံးပြတယ်။

ရဲရင့်အခေါင် ပြန်မပြုံးပြမိ။

ကြောင်ငေးနေမိတယ်။

ဒါပေမဲ့ ကောင်မလေးက လျှင်လျှင်ပါးပါး။ လူကြားထဲမှာ သိပ်အကြောင်မခံ။

'ကိုရဲရင့်အခေါင် တစ်ယောက်တည်းလား'

ခပ်တည်တည်ပဲ ရဲရင့်အခေါင်နဲ့ ရင်ဆိုင်တယ်။

'ဟို လူတစ်ယောက်မပါဘူးလား'

ဆက်ပြောတယ်။

'အဲဒီလူနော် နည်းနည်းကြောင်တယ်နော်၊ ဟိုညက သူဖြစ်သွားပုံ ရယ်စရာကြီးနော်'

ဆက်တိုက်ဆက်ပြောတယ်။

'တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတဲ့အိမ်မှာ ငှားနေတယ်လို့ ပြောမိတာနဲ့ သူက မာလာကိုပါ တစ္ဆေထင်သလို ဘာလိုလိုနဲ့ ရှပ်ပျက်ဆင်းပျက်'

'ဟင်း... ဟင်း... ဟင်း... ဟင်း...'

ရဲရင့်အခေါင် အသက်ရှူသွင်းလိုက်တယ်။





သူ တစ်စုံတစ်ရာနဲ့ ရင်မဆိုင်လို့မရတော့ဘူးဆိုတာ သူသိတယ်။

မာလာကို သေသေချာချာ ကြည့်လိုက်တယ်။

'မာလာဆီက သိချင်စရာတွေ အများကြီးရှိတယ်'

ရဲရင့်အခေါင် စကားကြောင့် မာလာမျက်လုံးအစုံ ဝိုင်းတောက်သွားတယ်။

'သြော်... ဟုတ်လား၊ ကောင်းတာပေါ့နော်၊ မာလာတို့ စကားပြောကြတာပေါ့နော်'

ကောင်မလေးအမူအယာမပျက်။ ခပ်တည်တည်ပဲ။

'လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို သွားကြမယ်'

သူကတောင် ဦးဆောင်ခေါ်လိုက်သေးတယ်။

သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးရှေ့က ကားလမ်းကို ဖြတ်ကူးကြတယ်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ကြတယ်။

လက်ဖက်ရည်မှာပြီး လက်ဖက်ရည်ခွက်လာချတဲ့ထိ တစ်ယောက်နဲ့တစ်ယောက် မသိမသာ အကဲခတ်နေကြတယ်။

'ကဲ... မေးလေ ကိုရဲရင့်အခေါင်'

မာလာက စတင်တယ်။

'မာလာ အဲဒီအိမ်ညိုကြီးမှာ ငှားနေတာ တစ္ဆေအခြောက်ခံရဘူးလား'

'ဟင်း... ဟင်း... ဟင်း... ဟင်း...'



www.burmeseclassic.com

www.burmeseclassic.com



မာလာက ရယ်နေတယ်။

'တော်သေးတာပေါ့၊ မာလာကို လူလား၊တစ္ဆေလားလို့ မေးတာ'

မာလာက ဆက်ပြောတယ်။

'ဟိုညက ဟိုလူ မာလာ့ကိုတစ္ဆေလို့ထင်ပြီး ကိုရဲရင့်အခေါင်ကို လက်ဆွဲခေါ်လစ်သွားတယ်ဆိုတာ မာလာသိတယ်။ တော်သေးတာပေါ့ ကိုရဲရင့်အခေါင်ကတော့ မာလာကိုတစ္ဆေလို့ မထင်လို့။ တစ္ဆေလား၊လူလား မမေးလို့'

'ဟင်း… ဟင်း… ဟင်း… ဟင်း…'

မာလာပြောရင်း ရယ်တယ်။

'ပြောပါဦး၊ အဲဒီအိမ်မှာ တစ္ဆေမခြောက်ဘူးလား'

'မခြောက်ပါဘူး၊ ဘာတစ္ဆေမှ မခြောက်ပါဘူး'

မာလာက လွတ်လွတ်ကျွတ်ကျွတ်ကို ပြောတယ်။

'နဂိုက အဲဒီအိမ်ကြီးမှာ တစ္ဆေခြောက်တယ်လို့ နာမည်ကြီးခဲ့တယ်။ တစ်ယောက်တလေ အပြောမဟုတ်ဘူး၊ အတော်များများပြောကြတာ အစဉ်အဆက်ဆိုသလို ပြောကြတာ'

ရဲရင့်အခေါင် မာလာကို အကဲခတ်ရင်း ပြောတယ်။

'ဟိုတုန်းကတော့ မသိဘူး၊ ခုတော့ ဘာတစ္ဆေမှ မခြောက်ပါဘူး'

သူပြောပုံက ရှင်းရှင်းလင်းလင်းကြီးပဲ။

ရဲရင့်အခေါင် ဆက်မေးတယ်။





'မာလာက မိန်းကလေးဖြစ်လျက်နဲ့ ဘာလို့တစ္ဆေ မကြောက်တာလဲ'

'မာလာက တစ္ဆေတွေရဲ့မိတ်ဆွေလေ၊ အဟင်း… ဟင်း… ဟင်း… ဟင်း…'

ရဲရင့်အခေါင်အမေးကို မာလာပြောင်သလိုပျက်သလို ပြောတယ်။

ရဲရင့်အခေါင် အလေးအနက် အကဲခတ်နေမှန်းသိတော့မှ မာလာမျက်နှာထားလေးကိုငြိမ်လိုက်ပြီး…

'မိန်းကလေးဖြစ်တာနဲ့ ဘာလို့တစ္ဆေကြောက်ရမှာလဲ'

ရဲရင့်အခေါင်ကိုလည်း မာလာ ပြန်လှန်အကဲခတ်ပုံရတယ်။

'မာလာ တစ္ဆေတင်မဟုတ်ဘူး၊ ဘာကိုမှ မကြောက်ဘူး'

ခပ်တည်တည်ပဲ ပြောတယ်။

အင်းလေ… တစ္ဆေသဲရဲ အယုံအကြည်မရှိသူတွေ၊ အကြောက်အလန့်မရှိသူတွေ ရှိတတ်ပါတယ်လို့ ရဲရင့်အခေါင် စိတ်ထဲမှာ တွေးလိုက်တယ်။ နည်းနည်းတော့ ဖြေတွေးတွေးတာပါ။

'ဟိုညက ချိုကြီးတို့ကို ဘယ်လိုလုပ်လိုက်တာလဲ၊ မြန်ဆိုတ်တာ၊ အားလုံး ခဏချင်းမှာ အတုံးအရုန်းပဲ'

'ဪ အဲဒါလား၊ သိုင်းပညာတစ်မျိုးပါ၊ မာလာ့မမ



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးထားတဲ့ သိုင်းပညာပါ။ မာလာ့မမက ရှေးဟောင်းသိုင်းပညာတစ်မျိုးကို တတ်ထားခဲ့တယ်၊ အဲဒီသိုင်း သိပ်အစွမ်းထက်တယ်၊ လျှင်မြန်မှုနဲ့ လိုအပ်တဲ့တိုက်ကွက်တွေကို အလွဲအချော်မရှိ အတိအကျထိရောက်နိုင်အောင်တော့ သိပ်တပင်တပန်း လေ့ကျင့်ရတယ်'

မာလာ့လေသံက အတိအကျပါပဲ။ အမှန်တကယ် ကိစ္စတစ်ခုကို ပြောနေသလိုပဲ။

အဲဒီသိုင်းမျိုးရှိလား။ ရဲရင့်အခေါင် တွေးရတော့တယ်။ သိုင်းပညာတွေကတော့ အမျိုးမျိုးပါပဲ။ တွေ့ဖူးတဲ့သိုင်းပညာမျိုးတော့ မဟုတ်။ ကြားဖူးတဲ့သိုင်းပညာမျိုးထဲမှာတော့ အဲဒီလိုသိုင်းပညာမျိုးတွေ ကြားဖူးတယ်။ ရဲရင့်အခေါင် ဆက်မေးတယ်။

'မင်း ငါတို့လမ်းထဲရောက်တာ တစ်ရက်ကျော်ကျော်နှစ်ရက်အပြည့်အဝတောင်မရှိသေးဘူး၊ ငါ့နာမည်တွေ၊ ငါ့အိမ်တွေ ဘယ်လိုလုပ်သိနေရတာလဲ'

ဒီမေးခွန်းမှာတော့ နှုတ်သွက်လျှာသွက်မာလာ နည်းနည်းဆွံ့အတယ်။ ရဲရင့်အခေါင်ကို မျက်စိကလယ်ကလယ်နဲ့ ကြည့်နေရင်း…

'အဲဒါ… အဲဒါကတော့ မာလာလေ့လာရတာပေါ့'

'မင်းက ငါ့ကိုလေ့လာတယ်၊ အဲဒါ ဘယ်လိုသဘောလဲ'

မာလာမျက်လုံးတွေက မာလာ အကြံထုတ်နေပြီဆိုတာကို မဖုံးကွယ်နိုင်။





'အဲဒါကတော့လေ… မာလာလေ… ဗိုလ်ချုပ်ဈေးမှာ ကိုရဲရင့်အခေါင်နဲ့တွေ့တော့ မှတ်မိနေတယ်လေ၊ ကိုရဲရင့်အခေါင်ကို မှတ်မိနေတော့ အဲဒီလမ်းထဲပြောင်းတဲ့နေ့က ကိုရဲရင့်အခေါင်တို့အိမ်မှာ ကိုရဲရင့်အခေါင်ရပ်နေတာကို ကားပေါ်ကနေလှမ်းတွေ့လိုက်ရတော့… အဲဒါ မနေနိုင်၊ မထိုင်နိုင် အဲဒီအနီးအနားမှာ စပ်စုလိုက်မိတာ၊ အဲ… ကိုရဲရင့်အခေါင်နာမည်ကို သိရတော့တာပေါ့'

ပြောပုံကတော့ ထော့ကျိုးထော့ကျိုးပါ၊ ဒါပေမယ့် မာလာပြေပြစ်အောင် ပြောပြသွားနိုင်တယ်။

ရဲရင့်အခေါင် မသိမသာပြုံးပြီး မသိမသာခေါင်းခါလိုက်တယ်။

သူ့ဆံပင်ရှည်ကြီးကို လက်နဲ့သပ်သိမ်းလိုက်တယ်။

လက်ဖက်ရည်မှာ အာရုံကျသောက်နေကြသလိုလိုနဲ့ တစ်ယောက်နဲ့တစ်ယောက် တိတ်တခိုးအကဲခတ်နေကြတယ်။

'အဟင်း… ဟင်း… ဟင်း… ဟွင်း… ကိုရဲရင့်အခေါင် မေးခွန်းတွေ ကုန်သွားပါပြီနော်'

မာလာက ဟန်မပျက်ပြောတယ်။

'ဟင်း… ဟင်း… နည်းနည်းပဲ ကျန်ပါတော့တယ်'

ရဲရင့်အခေါင်ကလည်း ဟန်မပျက်။

'ဒါဆို မေးလေ'

မာလာ ရဲရင့်အခေါင်ကို မေးလေးဆတ်ပြီးပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မာလာ မင်းဘာလို့ ဒီလောက်လှနေရတာလဲ'

'ရှင်'

အင်မတန်တည်ငြိမ်တဲ့ မာလာဆိုတဲ့ မိန်းကလေးမျက်ဝန်း အစုံ လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတယ်။

'မင်း ငါနဲ့တွေ့တိုင်း ဘာလို့ငါရင်ထဲရူးသွားစွဲသွားအောင် လိုက်လိုက်ကြည့်နေရတာလဲ'

'အို'

ငြိမ်ထိုင်နေတဲ့ မာလာရဲ့ခန္ဓာကိုယ်ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

'မင်းအလှနဲ့မင်းအကြည့်တွေမှာ ငါရစ်မူးနေပြီဆိုရင် မင်းငါ့ကို အပြစ်တင်မလား'

'အို'

'ငါ မင်းကို သိပ်ချစ်တယ်လို့ ပြောရင်ကော မင်းအပြစ် တင်မလား'

'ရှင်'

ရဲရင့်အခေါင် ပြုံးတယ်။ ဆံပင်ကိုလက်နဲ့ ပြန်သပ်တယ်။

'ကိုရဲရင့်အခေါင် ပြန်ကြစို့နော်'

မာလာကို ရဲရင့်အခေါင် ဘာမှပြန်မပြော။

အပြုံးနဲ့စိုက်ကြည့်နေတယ်။

'ကျွန်မမှာ ယောကျ်ားကြီးနဲ့'လို့ မာလာဘာလို့ ပြန်မပြော တာလဲ။



ဒီအတွက် ရဲရင့်အခေါင် စဉ်းစားစရာတွေဖြစ်လာပြီ။

'ကိုရဲရင့်အခေါင် ပြန်ကြစို့နော်'

ရဲရင့်အခေါင်ရဲ့အကြည့်ရှေ့မှာ ဆက်မနေနိုင်တော့သလို နဲ့ မာလာက ဆိုတယ်။

ရဲရင့်အခေါင် မာလာကို အပြုံးနဲ့ပဲ စိုက်ကြည့်နေတယ်။

မာလာ ရုတ်ကနဲ ထရပ်လိုက်တယ်။

ရဲရင့်အခေါင် မာလာလက်ကို လှမ်းဆွဲလိုက်တယ်။

'နေပါဦး မာလာရယ်၊ မေးစရာလေးတစ်ခုကျန်နေသေး လို့ပါ'

မာလာ ရဲရင့်အခေါင်ကို ပြန်ကြည့်တယ်။

'ဒီမေးခွန်းကိုတော့ မာလာမှန်မှန်ကန်ကန်လေး ဖြေပေး ပါနော်'

'မေး'

မာလာ ခပ်တိုတိုပဲ ဆိုတယ်။

'မာလာမှာ ယောကျ်ားမရှိပါဘူးနော်၊ မာလာအအိုမဟုတ် ပါဘူးနော်'

မာလာ ရဲရင့်အခေါင် လက်ထဲကနေ သူ့လက်ကို အတင်းခနဲ ဆွဲရုန်းပြီး လက်ဖက်ရည်ဆိုင်ထဲက ထွက်သွားတယ်။

ရဲရင့်အခေါင် ပြုံးပြီး ကျန်ခဲ့တယ်။

ဆံပင်ရှည်ကို လက်နဲ့ပြန်သိမ်းတယ်။

ဆံပင်ရှည်ကို လက်နဲ့ပြန်သိမ်းလေ့ရှိတဲ့ အကြောင်းက ရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



အခေါင်ဆံပင်ရှည်ထားပြီးနောက် အလိုလိုပါနေတဲ့ အကျင့်လေ။

ဒီလို ဆံပင်ရှည်ကို ပြန်သပ်သိမ်းလိုက်တယ်ဆို ရဲရင့်အခေါင်ရဲ့ ညာနားရွက်ဖျားအောက် မေးရိုးအရင်းနောက် လည်တိုင်ဆီက မဲမဲအမှတ်တစ်ခုက ပေါ်စမြဲ။ စာမဲအမှတ်ဆိုပါတော့။ လူတွေမှာ စာမဲအမှတ်ရှိတာ ဘာမှမဆန်းလှပါဘူး။ ဒီလိုပဲ မွေးရာပါ စာမဲအမှတ်လေးတွေ အမျိုးမျိုးပါတတ်လေ့ရှိစမြဲ။

ရဲရင့်အခေါင်ရဲ့ စာမဲအမှတ်ကလည်း မွေးရာပါ။

ဆိုခဲ့ပြီးတဲ့အတိုင်း ဘာမှတော့ မထူးဆန်းလှပါ။ ဒါပေမဲ့ စာမဲအမှတ်က 'စ'လုံးအက္ခရာကို ညီညီညာညာရေးထားသလို။

ရဲရင့်အခေါင်နောက်နားရောက်နေတဲ့ စားပွဲထိုးလေးက ရှာရှာဖွေဖွေ အဲဒီအမဲအမှတ်လေးကို မြင်သွားတယ်။

'အစ်ကိုကြီးက ဘာလို့နားရွက်အောက်နားမှာ 'စ'လုံးအက္ခရာဆေးထိုးထားတာလဲဟင်'

မနေနိုင် မထိုင်နိုင် မေးတယ်။

ရဲရင့်အခေါင် စားပွဲထိုးလေးကို ပြန်လှည့်ကြည့်ပြီး…

'ဘယ်ကလာ ဆေးထိုးထားရမှာလဲကွာ၊ မွေးရာပါအမှတ်ပါ'

ရဲရင့်အခေါင် စားပွဲထိုးလေးကို ပိုက်ဆံရှင်းပေးလိုက်တယ်။

ဆိုင်ထဲက ထွက်ခဲ့တယ်။

'ဘာ မင်းတစ္ဆေမနဲ့ ဗိုလ်ချုပ်ဈေးမှာ တွေ့ကြပြန်တယ်'





ရဲရင့်အခေါင် စကားစရုံရှိသေး၊ ဆက်ပိုင်စိုးက မြူးတူးဖြဲတဲနဲ့။

'ဆက်ကြီး'

'ဘာလဲကွ'

'မင်းတစ္ဆေမဆိုတဲ့ အသုံးအနှုန်းကို အရမ်းမသုံးပါနဲ့ကွာ'

'ဘာဖြစ်လို့လဲ'

'သူတစ္ဆေမတော့ မဖြစ်နိုင်ဘူးကွာ၊ နေဦးကွာ၊ ငါပြောတဲ့စကား မင်းပြီးအောင် နားထောင်ပါဦး'

ရဲရင့်အခေါင် မာလာနဲ့ဗိုလ်ချုပ်ဈေးမှာ တွေ့ကြပုံ၊ လက်ဖက်ရည်ဆိုင်မှာ စကားပြောကြပုံတွေကို ပြန်ပြောတယ်။

'မင်း… မင်း… အဲဒီတစ္ဆေမကို ရည်းစားစကားပြောခဲ့တယ်'

'လာပြန်ပြီကွာ၊ မင်းကလည်း တစ္ဆေမ… တစ္ဆေမနဲ့မင်းကြောင့်ခက်တယ်။ မင်းက ငါ့ကိုတမင်လိုက်ခြောက်လှန့်နေသလိုပဲ။ မင်းအဲဒီအချိုးတွေကြောင့် ငါ့မှာ အိပ်မက်ဆိုးတွေ ဘာတွေမက်လို့။ အဲဒီကောင်မလေးကိုလည်း ကြောက်ရတော့မလိုလို၊ ရွံ့ရတော့မလိုလိုတွေဖြစ်လို့'

'ရဲရင့် ငါက မင်းအပေါ် စေတနာထားတာပါ၊ မင်းသာအဲဒီတစ္ဆေမရဲ့ အညှို့အဖမ်းစားကို ခံနေရပြီ…'

'တော်ပါတော့ ဆက်ကြီးရာ၊ တော်ပါတော့၊ တော်ရုံအန်ရုံသွေးပျက်တတ်တဲ့လူမျိုးသာဆို မင်းစကားတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှုံးသွပ်သွားချင်သွား၊ နှလုံးသွေးကြောရပ်ပြီး သေသွားချင်သွား ဖြစ်သွားနိုင်တယ်'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို မကျေနပ်ချင်။ တစ်ဖက် လှည့်နေလိုက်တယ်။ ရဲရင့်အခေါင် သူငယ်ချင်းကို ပြုံးကြည့် လိုက်ပြီး...

'မင်းတစ်ခုတော့မှန်တယ် ဆက်ကြီးရ'

ဆက်ပိုင်စိုးက ရဲရင့်အခေါင်ကို မကြည့်ချင်သလိုကြည့် ချင်သလို လှည့်ကြည့်တယ်။

'ဒီကောင်မလေး ငါ့ကိုဦးတည်နေတာ၊ ငါ့အပေါ်အကြံ ရှိနေတာ အမှန်ပဲ။ ငါ့နာမည်တွေ ငါ့အိမ်တွေ ဘယ်လိုလုပ် သိနေရတာလဲ ငါမေးတော့ သူ့အဖြေတွေ ကဘောက်ကချာနဲ့ကွ၊ ဒါပေမဲ့ ဝိရိတော့ဝိရိတယ်။ ယုတ္တိတန်အောင် သူ ဖြေသွားတယ်၊ ငါကတော့ ယုံရှို့မရဘူး'

ဆက်ပိုင်စိုး ဘာမှမပြော။ နားထောင်နေတယ်။

'နောက်ပြီး သူ့မှာယောက်ျားရှိတယ်လို့ ငါ့ကိုမပြောတာ က မှန်လား၊ သူ့မှာ ယောက်ျားနဲ့ပါလို့ ရပ်ကွက်ထဲကို ပြောထား တာက အမှန်လား၊ ဘယ်ဟာအမှန်ဖြစ်ဖြစ် သူမရိုးစင်းဘူးဆိုတာ တော့ သိသာနေတယ်'

ရဲရင့်အခေါင် ဆက်ပြောတယ်။

'နောက်ပြီး ငါသူ့ကိုချစ်ရေးဆိုသလို စကားပြောလိုက် တာ တံခါးဖွင့်ပေးလိုက်ခြင်း ဒါမှမဟုတ် တံခါးပိတ်ပစ်လိုက်



ခြင်းပဲ။ ဒီအပေါ်မူတည်ပြီး သူဆက်လုပ်ချင်လည်း ရဲရဲဆက် လုပ်သာအောင်၊ စိတ်ပျက်သွားပြီး မလုပ်ချင်ရင်လည်း နောက် ဆုတ်သွားအောင်'

'သူက မင်းကိုချစ်ပါတယ်ဆိုရင်ကော'

ဆက်ပိုင်စိုးက မေးတယ်။

'ကောင်းတာပေါ့'

ရဲရင့်အခေါင်စကားကြောင့် ဆက်ပိုင်စိုး မျက်စိပြူးကျယ် သွားတယ်။

'မဟုတ်ဘူးလေ၊ မင်းကို တစ်ခုခုလုပ်ဖို့အတွက် သူဟန် ဆောင်ပြီးချစ်တယ်ဆိုရင်လေ'

'ဒါကတော့ သတိထားရမှာပေါ့ကွာ'

'ငါ မင်းကို တစ်ခုတော့ ပြောထားမယ်၊ သူမင်းကိုချစ် တယ်လို့ ပြောရင်လည်း' အဲဒါအမှန်မဟုတ်နိုင်ဘူး၊ သူ့အကြံ အစည်အတွက် မင်းကို ဖြားယောင်းခြင်းဆိုတာပဲ'

ဆက်ပိုင်စိုးရဲ့စေတနာစကားကို ရဲရင့်အခေါင်ခေါင်းညိတ် လိုက်ပါတယ်။

'နောက်ပြီး သူ့မှာယောက်ျားရှိတယ်ဆိုတာ မင်းမယုံ ကြည်နိုင်သေးဘူးဆိုတာတောင် သူ့မှာယောက်ျားရှိနိုင်ကောင်း တယ်ဆိုတဲ့အတွေး မင်းမှာထားပြီး သူ့ကို လွန်လွန်ကျူးကျူးမဖြစ် စေနဲ့ဘူး'

'ငါဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်ပါကွာ'

www.burmeseclassic.com



'နောက်ပြီး မင်းအရမ်းကို သတိရှိရမှာ၊ သူဟာ သာမန် မိန်းကလေးတစ်ယောက်တော့ လုံးဝမဖြစ်နိုင်ဘူး၊ သူ့မျက်လုံးတွေ အကြည့်တွေမှာ ထင်နေတယ်'

'ငါလက်ခံတယ် သူငယ်ချင်း၊ ငါလည်းသတိထားမိ တယ်'

'နောက်ပြီး…'

'မင်းဟာ မပြီးသေးဘူးလား'

'ဒီတစ်ခု မင်းနားထောင်ပါဦး၊ မင်းဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုတကယ်မချစ်မိအောင် မင်းစိတ်ကိုမင်း အမြဲထိန်းချုပ်ထား နိုင်ရမယ်'

ရဲရင့်အခေါင် ငြိမ်တွေးနေတယ်။ ဆံပင်ကိုလက်နှစ်ဖက်နဲ့ ပြန်သပ်တင်သိမ်းတယ်။

* * *

'ခဲရေး… ခင်းမေး… ခေါ်ဆေး…'

လမ်းတစ်ဘက်ဆီကို ငေးကြည့်နေတဲ့ ဆက်ပိုင်စိုး ရဲရင့် အခေါင်ပခုံးကို လှမ်းပုတ်၊ လမ်းတစ်ဖက်ဆီ မေးငေါ့ပြရင်း ပြောတယ်။

သူပြောလိုက်တဲ့စကားက အဲဒီကာလ လူငယ်တွေပြော တဲ့ အထာစကားတစ်မျိုးဖြစ်တယ်။ 'ခေး' အထာစကားနဲ့ ပြော လိုက်တာ။





အဲဒီကာလက လူငယ်တွေ အဲဒီလိုအထာစကားလေးတွေ နဲ့ အချင်းချင်းပြောလေ့ရှိတယ်။ စကားလိန်၊ စကားဝှက်ဆိုပါ တော့။ အဲဒီလို အထာစကားလေးတွေထဲမှာ အဲဒီ'ခေး'အထာ စကားဆိုတာလည်း ပါတယ်။

ကိုယ်ပြောချင်တဲ့ စကားရှေ့မှာ 'ခေး'ဆိုတာထည့်၊ ပြောင်းပြန် ပြန်ပြောခြင်းဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် ခုဆက်ပိုင်စိုး ပြောလိုက်တာက 'ရဲမင်းဆော်'လို့ ပြောလိုက်တာပဲ။

ရဲရှေ့မှာ ခေးထည့်တော့ ခေးရဲ။ ပြောင်းပြန်ပြောလိုက် တော့ ခဲရေး။

မင်းရဲ့ရှေ့မှာ ခေးထည့်တော့ ခေးမင်း။ ပြောင်းပြန် ပြန်ပြောလိုက်တော့ ခင်းမေး။

ဆော်ရဲ့ရှေ့မှာ ခေးထည့်တော့ ခေးဆော်။ ပြောင်းပြန် ပြန်ပြောလိုက်တော့ ခေါ်ဆေး။

'ရဲမင်းဆော်ဆိုတာကို လူများမသိအောင် ခေးအထာ စကားနဲ့ပြောလိုက်တော့ 'ခဲရေးခင်းမေးခေါ်ဆေး'။

ဆော်ဆိုတာက မိန်းကလေးကောင်မလေးတွေကို အဲဒီ ကာလဘန်းစကားနဲ့ခေါ်တာ။

မိန်းကလေးကိုဆော်။ ယောကျ်ားလေးကိုဘဲ။ ဆေးလိပ် ကို မလေး။ အရက်ကိုရှပ်၊ ထမင်းကို ပုန်း။ အဲဒီလိုဘန်းစကား တွေ အများကြီးရှိခဲ့တယ်။

အဲဒီကာလက အဆိုတော်တစ်ယောက်ဖြစ်တဲ့ မင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



လတ်။ အဲဒီဘန်းစကားတွေနဲ့ အထာစကားတွေကို တခြားလူတွေ အထာပေါက်နားလည်နိုင်အောင် လမ်းပေါ်က ဝေါဟာရများဆိုပြီး စာအုပ်လေးတစ်အုပ် ထုတ်ခဲ့ဖူးတယ်။

ဆက်ပိုင်စိုးအပြောကြောင့် ရဲရင့်အခေါင် လမ်းတစ်ဖက် ဆီလှည့်ကြည့်လိုက်တယ်။ မာလာကိုတွေ့လိုက်ရတယ်။

မာလာကလည်း သူတို့ထိုင်နေရာ လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်နေတာမို့ လက်ဖက်ရည်ဆိုင်ရဲ့ အပြင်ကျကျစားပွဲမှာ ထိုင်နေတဲ့ သူတို့နှစ်ယောက်ကို လှမ်းတွေ့သွားတယ်။

မာလာ ကားလမ်းဒီဘက်အခြမ်းကို ကူးလာတယ်။

လက်ဖက်ရည်ဆိုင်ဆီ လျှောက်လာတယ်။

ရဲရင့်အခေါင်တို့ စားပွဲဝိုင်းမှာ ခပ်တည်တည်ဝင်ထိုင် တယ်။

'ဟိုနေ့က လက်ဖက်ရည်ဖိုး ရှင်းလိုက်ရတဲ့အတွက် အလျော်လာပေးတာပါ။ ဒီနေ့ လက်ဖက်ရည်ဖိုး မာလာပေးပါ မယ်'

မှင်သေသေပဲ။ ဘာမှမဖြစ်သလိုပဲ။ ရဲရင့်အခေါင်ကို အပြုံးကြည်ကြည်လေးတွေနဲ့ ပြောတယ်။

'လက်ဖက်ရည်မှာပေးနော်၊ ပေါ့ဆိမ့်ပေါ့နော်'

ရဲရင့်အခေါင် လက်ဖက်ရည် မှာပေးလိုက်ပါတယ်။

'မာလာက ရန်ကုန်မှာ အသိအကျွမ်းမရှိဘူး၊ တစ်ယောက် တည်း သွားရဲလာရဲတော့ ရှိပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့





ကြောင်တာပေါ့နော်၊ ကိုရဲရင့်အခေါင်ကို ဟိုးဗိုလ်ချုပ်ဈေးမှာ တွေ့တွေ့နေကတည်းက ခင်မင်လိုက်မိတယ်၊ လူကောင်း၊ သူ ကောင်းဖြစ်လိမ့်မယ်လို့လည်း ခန့်မှန်းမိတယ်၊ လမ်းထဲပြောင်းလာ တော့ ကိုယ်နဲ့တစ်လမ်းထဲနေဖြစ်နေတော့ ဝမ်းသာမိတယ်၊ ကိုရဲရင့် အခေါင်နဲ့ ခင်မင်ရင်းနှီးချင်တယ်'

မာလာ လက်ဖက်ရည်သောက်ရင်း ပြောတယ်။

ဣန္ဒြေရရပါပဲ။

ဣန္ဒြေမရသလိုဖြစ်နေသူက ဆက်ပိုင်စိုး၊ မာလာ့ကို ကြည့်လိုက်။ ရဲရင့်အခေါင်ကိုကြည့်လိုက်။

ဒါကို မာလာသိပုံရတယ်။ မသိသလိုလုပ်နေတယ်။

'တို့ကလည်း မာလာ့ကို…'

ရဲရင့်အခေါင်စကားကြောင့် မာလာ ရဲရင့်အခေါင်ကို ပြုံးပြုံးပျာပျာကြည့်တယ်။ ပြီး… ဆက်ပိုင်စိုးကို လှမ်းကြည့် တယ်။

အမူအယာနဲ့ ဆက်ပိုင်စိုးရှေ့ မပြောစေချင်တဲ့သဘော။

'ဟိုနေ့က လက်ဖက်ရည်ဆိုင်မှာ ပြောထားပြီးသားလေ၊ သိပါတယ်နော်'

ရဲရင့်အခေါင် မာလာကို အဓိပ္ပာယ်ပါပါ ကြည့်ပြီး ဒီလောက်ပဲ ပြောလိုက်ပါတယ်။

'သိပါတယ်… သိပါတယ်'

မာလာ ကမန်းကတန်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလေ ကိုရဲရင့်အခေါင် မာလာ့ကိုခင်တယ်ဆိုရင်လေ ကိုရဲရင့်အခေါင်အားချိန်တွေ မာလာသွားရာလာရာနောက် အဆော်လိုက်ပေးပါနော်၊ စောင့်ရှောက်ကူညီတဲ့သဘောပေါ့နော်'

ရဲရင့်အခေါင် ဆက်ပိုင်စိုးဘက် ဝေ့ကြည့်မိတယ်၊ ဆက်ပိုင်စိုးကလည်း ရဲရင့်အခေါင်ကို ပြုံးတူးတူးနဲ့ကြည့်တယ်။

'မာလာ့နောက်ကို လိုက်ရုံမဟုတ်ဘူး၊ မာလာနဲ့မခွဲဘဲ တစ်တွဲတွဲတောင်နေချင်ပါတယ်၊ ဒါပေမဲ့...'

စကားရပ်ထားတဲ့ ရဲရင့်အခေါင်ကို မာလာ တိုးလျှိုးသလို ကြည့်နေတယ်။

'အချိန်အားက သိပ်ရှိလှတယ်မဟုတ်ဘူး၊ အချိန်အားတွေရှိတာက ဒီကောင်ကြီး'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို မေးငေါ့ပြတယ်။

'ဒီကောင်ကြီးကိုလည်း ခင်လို့ရပါတယ်၊ သူ့နာမည်က ဆက်ပိုင်စိုးတဲ့၊ သူလူရိုးလူကောင်းတစ်ယောက်ပါ၊ ခင်တတ်ကူညီတတ်ပါတယ်၊ စိတ်ကောင်းစေတနာလည်း အရမ်းကြီးမားတယ်'

ရဲရင့်အခေါင်ကို ဆက်ပိုင်စိုးပါးစပ်အဟောင်းသားနဲ့ ကြည့်နေရာက မာလာ့ကိုလှည့်ကြည့်လိုက်တယ်။

မာလာလည်း ရဲရင့်အခေါင်ကို ကြည့်နေရာက ဆက်ပိုင်စိုးကို လှည့်ကြည့်တယ်။

'ဟင်... မဖြစ်ပါဘူး၊ သူနဲ့မဖြစ်ပါဘူး'

မာလာ ပြုံးပြုံးပျာပျာဆိုတယ်။





'သူက တစ္ဆေကြောက်တတ်တယ်၊ ဟုတ်တယ်နော်'

မာလာ ဆက်ပိုင်စိုးမျက်နှာနဲ့ မနီးမဝေး သူ့မျက်နှာကို တိုးကပ်သွားလိုက်ပြီး...

'မာလာက တစ္ဆေ'

ဆက်ပိုင်စိုးကို မျက်လုံးအစုံ ပြူးပြဲပြလိုက်တယ်။

'ဂွီ'

ဆက်ပိုင်စိုး ခုံရောလူပါ နောက်ရွေ့သွားတယ်။

ကြောင်တောင်တောင်လည်း ဖြစ်သွားတယ်။

ရဲရင့်အခေါင်နဲ့ မာလာတစ်ယောက်နဲ့တစ်ယောက် ပြုံးကြည့်ကြပါတယ်။

စားပွဲခုံအောက်ကနေ မာလာလက်ကလေးက စားပွဲခုံအောက်ရောက်နေတဲ့ ရဲရင့်အခေါင် လက်တစ်ဖက်ကို လာရောက်ဆွဲကိုင်တယ်။

သာသာလေးဆုပ်ညှစ်လိုက်တယ်။

'နော်'

အပြုံးကြည်ကြည်လေးနဲ့ သာသာလေးပြုံးပြီး...။

ရဲရင့်အခေါင် ခေါင်းညိတ်ပြလိုက်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အိမ်မြှောင်နဲ့စကားပြောသူ

ရင်ဆိုင်လိုက်မယ်။

ရဲရင့်အခေါင် ဒီလိုပဲ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် မာလာ ခေါ်ရာလိုက်တယ်၊ မာလာနဲ့တွဲနေလိုက်တယ်။

ဒါပေမဲ့ ရဲရင့်အခေါင် အရမ်းသတိထားတယ်။

မာလာ… ဘာမှန်းမသိ။

သူ့ကို ဘာလုပ်ချင်မှန်းမသိ။

အတင်းဝင်ရောနေတယ်ဆိုတာတော့ သေချာတယ်။

အချစ်ကြောင့်ကတော့ မဟုတ်နိုင်။ အချစ်အကြောင်းပြောရင် မာလာဝေ့လည်ကြောင်ပတ်တွေ ပြောစမြဲ။ ရဲရင့်အခေါင်ကို သူဟန်ဆောင်ပြီးချစ်မယ့်ပုံတောင်မပေါ်။

မာလာကို သတိကြီးကြီးနဲ့ ဆက်ဆံနေတဲ့ ရဲရင့်အခေါင် တစ်ခုသတိထားမိတာက ရဲရင့်အခေါင်ဆံပင်ကို နောက်ဆီသိမ်းသပ်ပြီး တင်လိုက်တိုင်း ပေါ်ပေါ်သွားတတ်တဲ့ ရဲရင့်အခေါင်ရဲ့





ညာနားရွက်အောက်မေးရိုးရင်း နောက်လည်တိုင်ဆီက 'စ'လုံးသဏ္ဍာန်စာမဲအမှတ်ကို မာလာဂရုတစိုက်လိုက်လိုက်ကြည့်နေတတ်ခြင်းပဲ။ ဒါပေမဲ့ အဲဒီလိုကြည့်ခြင်းကို ရဲရင့်အခေါင်မမြင်အောင် ခိုးပြီး ကြည့်လေ့ရှိတာ။

ဒီနေ့တော့ ရဲရင့်အခေါင်က သူခိုးကြည့်နေတုန်း ဖျပ်ကနဲပြန်လှည့်ကြည့်ပြီး သူ့အကြည့်ကိုဖမ်းတယ်။

သူကလည်း မြန်တယ်။ ဖျပ်ခနဲအကြည့်လွှဲလိုက်တယ်။

ရဲရင့်အခေါင် သူ့ကို သွေးတိုးစမ်းလိုက်တယ်။

'ဒီအမှတ်ကို ခုမှမြင်တာလား'

မာလာက စိတ်မဝင်စားသလို…

'ဟိုး နဂိုဗိုလ်ချုပ်ဈေးမှာ တွေ့နေကတည်းက မြင်မိသတိထားမိပါတယ်၊ ကိုရဲက ဆံပင်ကို အဲဒီလိုသပ်သပ်သိမ်းတင်လေ့ရှိတာကိုး'

မာလာ ခု ရဲရင့်အခေါင်ကို ကိုရဲလို့ခေါ်တယ်။

'မွေးရာပါအမှတ်လေးပါ၊ မထူးဆန်းပါဘူး'

'ဟင်း… မြန်မာအက္ခရာမှာဆို စလုံးလေးလို ဖြစ်နေသယ်နော်၊ ကြဲကြဲဖန်ဖန်နော်'

ဒီလောက်ပဲ မာလာ့ဆီက တုန့်ပြန်မှုရတယ်။ ဒီအမှတ်ကို ဂရုတစိုက်လိုက်ခိုးကြည့်လေ့ရှိပေမယ့် စကားနိုက်ကြည့်တော့ ဘာမှမထူးခြားသလို အမှတ်တမဲ့လိုလို စိတ်မပါသလိုလိုပဲ ပြောသယ်။



www.burmeseclassic.com

www.burmeseclassic.com



မာလာ့ကို အချစ်စကားလိုက်လိုက်ပြောကြည့်ရာမှာ မာလာ့ငွေလည်ကြောင်ပတ်ပြောမြဲလုပ်မြဲပေမယ့် သူ့မှာယောက်ျား ရှိတယ်ဆိုတဲ့ စကားနဲ့ဆိုဟန့်မှုမရှိတော့ ရဲရင့်အခေါင် အဲဒီကိစ္စ မာလာ့ကို သွေးတိုးစမ်းကြည့်ရပြန်တယ်။

'တို့နှစ်ယောက် ဆက်မတွဲသင့်တော့ဘူးထင်တယ်၊ ချစ်သူမဟုတ် ဘာမဟုတ်ပေမယ့် မာလာ့ယောက်ျားပြန်သိရင် မကောင်းဘူး၊ နောက်ပြီး တို့ကမာလာ့အပေါ် ရိုးသားတာမဟုတ် ဘူး၊ အခွင့်အရေးရတိုင်း ချစ်စကားကြိုက်စကားပြောနေမှာ၊ ဒီလို လူမျိုးကို ကိုယ့်ယောက်ျားရဲ့ကွယ်ရာမှာ မာလာမဆက်ဆံသင့်ဘူး၊ တို့နှစ်ယောက်လမ်းခွဲကြမှဖြစ်တော့မယ်'

'အိုး… အဲဒီလို မလုပ်ပါနဲ့'

မာလာ အတော့်ကို ပြိုးပြိုးပျာပျာပဲ။

'မကောင်းဘူးလေ၊ တို့အတော့်ကို မကောင်းဘူးလေ၊ လင်ရှိမိန်းမတစ်ယောက်ကို လိုက်ပြီး ချစ်ကြိုက်နေမိတယ်ဆိုတာ လူကောင်းမှုမဟုတ်ဘဲ၊ နောက်ပြီး အဲဒီမိန်းမကလည်း ကိုယ့်ကို တုန့်ပြန်ချစ်ကြိုက်သူမဟုတ်၊ ဘယ်လောက်ရှက်စရာကောင်းလဲ၊ လူပျိုအပျိုဆိုရင် တို့ကို မတုံ့ပြန်နိုင်သေးဘူးထား၊ တို့သေတဲ့အထိ တုန့်ပြန်မှုကို လိုက်တောင်းခံနေဖို့ ဝန်မလေးဘူး၊ ကြိုက်မရှက်ဘဲ မရှက်နိုင်ပါဘူး၊ ခုတော့ ကိုယ့်ကိုလုံးဝမတုံ့ပြန်နိုင်တဲ့ လင်ရှိ မိန်းမတစ်ယောက်ကို တကောက်ကောက်လိုက်ပြီး အချစ်တောင်း ခံနေတဲ့ တို့လောက်ရှက်စရာကောင်းတဲ့ယောက်ျားမရှိဘူး၊ ကြောင်





စရာလည်းကောင်းတယ်၊ သဲသရာမှာ ကြောက်စရာလည်းကောင်း တယ်၊ သိပ်လည်း ယုတ်မာရာကျတာပဲ၊ တို့နဲ့မင်းနဲ့လမ်းခွဲကြတာ အကောင်းဆုံးကွာ၊ နက်ဖြန်ကစပြီး…'

မာလာ ရဲရင့်အခေါင်လက်ကို သူ့လက်နှစ်ဖက်နဲ့ဆွဲယူ ဆုပ်ကိုင်ထားလိုက်တယ်။

ရဲရင့်အခေါင်ကို တွေတွေလေးကြည့်ပြီး စဉ်းစားနေသလို၊ အတော်လေးကို ခက်ခက်ခဲခဲစဉ်းစားနေရသလို…

'ကိုရဲ'

ရဲရင့်အခေါင်ကို ငြိမ်ငြိမ်စူးစူးလေးကြည့်တယ်။

ရဲရင့်အခေါင် မေးဆက်ထူးတယ်။

'ကိုရဲ ဒီလောက်တောင် ညံ့တာပဲလား'

'ဘာကိုလဲ'

'မိန်းမတစ်ယောက်ကို အပျိုအအို ခွဲခြားမသိနိုင်ဘူးလား'

ရဲရင့်အခေါင်ရင်ထဲ လင်းကနဲဖြစ်သွားသလိုပဲ။

မာလာ ရဲရင့်အခေါင်ကို ထိမတင်မျက်စောင်းလေးခဲပြီး ပြော်နှာလွှဲလိုက်တယ်။

'ကိုရဲ ဒီလောက်တောင် ယုတ်မာတာပဲလား'

'ဘာကိုလဲ'

'သူတစ်ပါးသားမယားလို့ တကယ်ယုံကြည်သတ်မှတ် ထားပါလျက်နဲ့ လိုက်ချစ်ရဲ ကြိုက်ရဲလား'

ရဲရင့်အခေါင် ခါးခါးသီးသီး ခေါင်းခါရမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး… သူ့ဆံပင်တွေကို သူပြန်သိမ်းသပ်လိုက်တယ်။

'ကိုရဲ မာလာကို ဘယ်လိုမိန်းမစားထင်နေလဲ'

'ဘာကိုလဲ မာလာ'

'မာလာသာ တကယ်အိမ်ထောင်ရှိသူဆိုရင် အဲဒီလိုလိုက်ပြောတဲ့လူမျိုးကို စကားတောင်ပြန်ပြောလိမ့်မယ်ထင်သလား'

ရဲရင့်အခေါင်ရင်ထဲ မြူးထူးမှုတွေ ဖြစ်သွားသလိုပဲ။

'ဒါဖြင့်… ဒါဖြင့်…'

'ဘာ ဒါဖြင့်လဲ'

'ရပ်ကွက်ထဲမှာ မာလာပြောထားတာကလေ…'

'အဲဒါ ဘာဖြစ်လဲ၊ ကိုရဲယုံလို့လား'

'မယုံလို့ပေါ့၊ မယုံလို့ကို အဲဒီလိုတမင်လိုက်ကပ်ရပ်ပြီး…'

'သိသားပဲ၊ ကိုရဲလုံးဝမယုံနိုင်လို့ အတင်းလိုက်ကပ်နေတာကို'

'မာလာရယ် မင်းသိက္ခာမကျဘူးလား'

'မတတ်နိုင်ဘူးလေ၊ ဒီရပ်ကွက်ထဲမှာက ခဏတဖြုတ်သာနေမှာလေ၊ အပျိုလေးတစ်ယောက်အနေနဲ့ဆို ဘယ်လောက်အန္တရာယ်ကြီးမယ်ဆိုတာ ကိုရဲတွက်ကြည့်ပေါ့၊ အအိုဆိုတော့နည်းနည်းထိန်းတာပေါ့'

'မာလာရယ် မင်းတကယ့်ကို လည်လည်လေးပဲ'

ရဲရင့်အခေါင် ဘယ်လိုစိတ်လွတ်သွားလဲ မသိ။





မာလာကို ဆွဲယူဖက်ထားလိုက်မိတယ်။

မာလာအတင်းရုန်းထွက်တယ်။

'အို… ကိုရဲ ဒီလိုမလုပ်နဲ့လေ၊ ဒီလိုမလုပ်နဲ့လေ၊ မာလာမကြိုက်ဘူး၊ ဒီလိုမလုပ်သင့်ဘူး၊ မာလာ ကိုရဲကို ချစ်တယ်လို့မပြောသေးဘူးလေ'

ရဲရင့်အခေါင် သတိပြန်ဝင်တယ်။

မာလာကို လွှတ်ပေးလိုက်တယ်။

'ကြည့်လေ၊ ခု အပျိုဆိုတာနဲ့ ကိုရဲကအစ၊ ဟင်း… မကောင်းဘူးနော်'

ရဲရင့်အခေါင် သူသတိလွတ်မှုကို သူရှက်ရှက်နဲ့ တိတ်တိတ်ပဲနေလိုက်တယ်။ သူ့ခေါင်းထဲအတွေးတစ်ခု ဝင်လာတယ်။

'ခုန တို့ဖက်လိုက်မိတာ တကယ်မကြိုက်ရင် ချိုကြီးတို့ကိုလုပ်သလို မင်းသိုင်းနဲ့လုပ်လိုက်ဖို့ ကောင်းတယ်'

မာလာ ရဲရင့်အခေါင်နဲ့ လူချင်းကွာအောင် လျှောက်ထွက်သွားတယ်။

'ကိုရဲနော်၊ ဟင်း… မာလာက သနားလို့နော်၊ သိလား'

* * *

(၂)

မာလာက ပိပိရိရိရှိတော့ ရဲရင့်အခေါင် မာလာဆီက အခွဲထုတ်လို့ မရနိုင်ဘူး။ အကဲခတ်မိသလောက်က မာလာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သူမဟုတ်တာတော့ သေချာတယ်။ သူကိုယ်တိုင်ကလည်း မန္တလေးက ရန်ကုန်ကို ရောက်လာတာလို့ဆိုတယ်။ မိသားစုကိစ္စကြောင့်လို့ပဲ ပြောတယ်။ ကိစ္စကိုတော့ ဖုံးတယ်။ သူတို့မိသားစု ကိစ္စဆိုတော့ ရဲရင့်အခေါင်အနေနဲ့လည်း အတင်းမမေးသာ။

သူတို့မိသားစုကိစ္စဆိုတာနဲ့ ဘယ်လိုပတ်သက်မှုရှိနိုင်လဲ။ ရဲရင့်အခေါင်ကို မာလာအတင်းတိုးဝင်မှုက အဲဒီကိစ္စနဲ့ဆက်နွှယ်နေလား။ မာလာ အပြောအရတော့ မြင်မြင်ချင်း 'ခင်မင်သွားလို့ပါ'တဲ့။ ဒီအဖြေဟာ လုံလောက်တဲ့အကြောင်းရယ်လို့တော့ ရဲရင့်အခေါင် မထင်။

နောက်ပြီး မာလာက ပါးပါးလှပ်လှပ်လေး။

ရဲရင့်အခေါင် တစ်ခါ ချစ်စကားအပြောမှာ…

'ကိုရဲက ဟန်ဆောင်ကောင်းလွန်းတော့ တစ်ခါတစ်ခါ မာလာတောင် မျက်စိလည်သွားချင်တယ်၊ အမှန် ကိုရဲမာလာ့ကို ချစ်တာဟုတ်လို့လား၊ ကိုရဲရင်ထဲမှာ မာလာကိုတစ်စုံတစ်ရာမကျေနပ်မှုကြောင့် အဲဒီမကျေနပ်မှုကို အကြောင်းပြုပြီးမာလာ့ကို ချစ်ဟန်ဆောင်နေတာ မဟုတ်လား'

တည့်တိုးကြီးပဲ။

ရဲရင့်အခေါင် ပြန်အဖြေရတောင် ကြပ်သွားတယ်။

တကယ်က မာလာပြောတာ ဟုတ်တော့ဟုတ်တယ်။ ရဲရင့်အခေါင် မာလာ့ဆီ တန်ပြန်တိုးဝင်မှုမှာ အဲဒီလိုသဘော အမှန်ပဲ။ ဒါပေမဲ့ မာလာပြောသလို မဟုတ်တာကတော့ ရဲရင့်



အခေါင် ဟန်ဆောင်ကောင်းတယ်ဆိုတာပဲ။ အထူးသဖြင့် မာလာ အပျိုဆိုတာသိရပြီးတဲ့နောက်ပိုင်းမှာ ရဲရင့်အခေါင် မာလာ့ကို ချစ်တယ်ဆိုတဲ့ စကားပြောရာတွေမှာ ဟန်ဆောင်ကောင်းကောင်းနဲ့ ပြောခြင်းမျိုးမဟုတ်။ ရင်ထဲက အရှိတွေ လွတ်လွတ်ထွက်သွားနေတာကို ရဲရင့်အခေါင် အသိ။

'မင်း… ဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုတကယ်မချစ်မိအောင် မင်းစိတ်ကိုမင်းအမြဲထိန်းချုပ်ထားနိုင်ရမယ်'

ဆိုတဲ့ ဆက်ပိုင်စိုးရဲ့သတိပေးစကားက ရဲရင့်အခေါင်ကို တုံ့တုံ့ဆွဲထားလို့။ မဟုတ်ရင် ရဲရင့်အခေါင် မာလာ့ကို လည်စင်းပေးပြီးသားဖြစ်နေပြီ။

'တို့ တကယ် ဟန်ဆောင်ကောင်းတယ်လို့ မာလာ တကယ်ပဲ သတ်မှတ်နိုင်လား'

ဒီတစ်ခါတော့ မာလာတွေသွားတယ်။

ရဲရင့်အခေါင်ကို တွေကြည့်နေတဲ့ မာလာ့မျက်လုံးတွေမှာ ကြင်နာမှုအရောင်တွေကို မြင်လိုက်ရတယ်။

'ကိုရဲထင်တာကတော့ မာလာကို ကိုရဲထက်ပိုပြီး ဟန်ဆောင်ကောင်းနေသလားလို့'

အဲဒီစကားမှားသွားတယ်။

မာလာ့မျက်လုံးလေးတွေ အရောင်ပြောင်းသွားတယ်။

'အဲဒါကြောင့် မာလာပြောတာပေါ့၊ ကိုရဲမှာ မာလာ့အပေါ် တစ်စုံတစ်ရာ သံသယရှိနေပြီး၊ အဲဒီသံသယကြောင့် မာလာ



www.burmeseclassic.com

www.burmeseclassic.com



ဆီက တစ်ခုခု အတွင်းကျကျ သိချင်နေပြီး…'

မာလာ့စကား ရပ်မစ်လိုက်တယ်။ စိတ်မကောင်းစွာ မျက်လုံးနဲ့ အဝေးဆီငေးကြည့်နေတယ်။

ရဲရင့်အခေါင်လည်း စိတ်မကောင်းစွာ ငြိမ်တွေနေမိတယ်။

'မာလာ့ကို ကိုရဲ တစ်ခုပြောမယ်'

အကြည့်ချင်း ပြန်ဆုံကြတယ်။

'အဲဒီစကားဟာ အတည်ပဲ၊ အတိအကျပဲ၊ တကယ်ရင်ထဲမှာ ကမ္ပည်းဖြစ်နေတဲ့စကားပဲ၊ ဒါကို ဟန်ဆောင်စကားလို့ မာလာဆက်ယူနေဦးမယ်ဆိုရင်တော့ ကိုရဲရင်ထဲ အရမ်းထိခိုက်ရမှာပဲ'

ရဲရင့်အခေါင် မာလာကို တိတိကျကျကြည့်ပြီး တိတိကျကျပဲ ပြောလိုက်တယ်။

'မာလာ… ကိုရဲ မာလာ့ကို တကယ်ချစ်နေမိတာပါ မာလာရယ်'

မာလာ့မျက်လုံးလေးတွေ လက်ကနဲအရောင်တောက်သွားတယ်။

ပြီးမှ ထိန်းသိမ်းလိုက်သလို တဖြည်းဖြည်းတည်လာတယ်။

ပြီး… ညှိုးရော်ရော်ဖြစ်လာတယ်။

ပြီး… မျက်ရည်ကြည်တွေ ဖြိုတက်လာတယ်။





ပြီး… မျက်ရည်ဥလေးတွေ ပါးပြင်ပေါ်လိမ့်ဆင်းလာတယ်။

'မာလာ… ဘာဖြစ်လို့လဲ မာလာ'

ရဲရင့်အခေါင်ရင်ထဲ ပျာယာခတ်သွားတယ်။

မာလာ့မျက်ရည်တွေ သုတ်ပေးဖို့ပြင်တယ်။

ရဲရင့်အခေါင်လက်နှစ်ဖက်ကို မာလာ့လက်နှစ်ဖက်က အမ်းဆုပ်ကိုင်တယ်။

'ကိုရဲ မာလာ့ကို မချစ်ရဘူး မချစ်ပါနဲ့'

မာလာဆက်ပြောတယ်။

'ချစ်တာမျိုးမဟုတ်ဘဲနဲ့ မာလာ့ကို ခင်ခင်မင်မင်ပေါင်းသင်းလို့မရဘူးလား ကိုရဲရယ်'

ရဲရင့်အခေါင် ဘာပြောရမှန်းမသိ။

ခေါင်းကိုတော့ ယောင်ရမ်းခါရမ်းမိတယ်။

'အဲဒီလို မလုပ်ပါနဲ့ ကိုရဲရယ်၊ မာလာတို့ သာမန်ပဲ ခင်မင်ပေါင်းသင်းကြရအောင်နော်'

တိုးလျှိုးသလိုပြောတယ်။

ရဲရင့်အခေါင် ဘယ်လိုရယ် နားလည်ရခက်ခက်နဲ့ ငြိမ်နေမိတော့တယ်။

မာလာလည်း ရဲရင့်အခေါင်ကို ငြိမ်ကြည့်နေတယ်။

သူတစ်ဝကြီး ငြိမ်ကြည့်နေသလိုပဲ။

အတန်ကြာတော့ အားယူသလိုအပြုံးမျိုးပြုံးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်မကြာခင်မှာပဲ ကိုရဲမာလာ့ကို ချစ်တော့မှာ မဟုတ်ပါဘူး'

'ဘာဖြစ်လို့…'

ရဲရင့်အခေါင် နားမလည်စွာ…

'ကိုရဲ မာလာ့ကိုချစ်တဲ့စိတ်တွေ ပျက်ပြယ်သွားတော့မှာပါ'

'ဘာဖြစ်လို့…'

မာလာပြုံးလိုက်ပြန်ပြီး…

'ကိုရဲ တခြားတစ်ယောက်ကို ချစ်သွားမှာပါ'

'ဟာ'

ဒီကောင်မလေး ဘယ်လိုဟာလဲ။

ဘာစကားလဲ။

ဘယ်လိုအဓိပ္ပါယ်လဲ။

'မဖြစ်နိုင်ဘူး… မဖြစ်နိုင်ဘူး၊ ကိုရဲတစ်ခြားတစ်ယောက်ကို ချစ်မိမှာ မဟုတ်ဘူး၊ ကိုရဲ မာလာ့ကို အရမ်းချစ်နေမိတာ'

မာလာခေါင်းခါတယ်။ အပြုံးလည်းရပ်သွားတယ်။

'ကိုရဲရယ်… ကိုရဲချစ်သူတစ်ယောက်ရှိခဲ့ဖူးပါတယ်၊ အဲဒီချစ်သူကို အရမ်းချစ်ခဲ့တာပါ၊ အသက်ရင်းရဲတဲ့အထိ ချစ်ခဲ့တာပါ'

'ဘာ… မာလာ၊ ဘာလဲ မာလာရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုရဲမှာ ဘာချစ်သူမှမရှိခဲ့ဖူးဘူး၊ တက္ကသိုလ်မှာတုန်းကလည်း ဘယ်မိန်းမကိုမှ စိတ်ကူးထဲတောင် မဝင်စားခဲ့ဖူးဘူး၊ ကျောင်းပြီးအလုပ်မရှိသေး၊ အဖေကလည်း နောက်အိမ်ထောင်ပြုသွားတာနဲ့၊ စိတ်လေလေနဲ့နေတုန်း ဗိုလ်ချုပ်ဈေးထဲသွားရင်းက မာလာ့ကိုတွေ့မိပြီး… အင်းလေ အဲဒီကမှ အချစ်ဆိုတာ ရင်ထဲစဖြစ်သလိုလို ဖြစ်သွားရတယ်လို့ မာလာ့ကို တို့ပြောခဲ့ဖူးပြီပဲ၊ မာလာနဲ့လည်း တရင်းတနှီးနေရရော တို့မာလာကို မချစ်ဘဲ မနေနိုင်တော့ဘူး၊ အရမ်းချစ်မိသွားတယ်၊ မာလာ့ကိုပဲ တို့ချစ်ဖူးတယ်၊ တို့မှာ ဘာချစ်သူမှ မချစ်ခဲ့ဖူးတာ အမှန်ပါ'



ရဲရင့်အခေါင် ပျာပျာသလဲ တောက်လျှောက်ကြီး ပြောချလိုက်တာကို မာလာခေါင်းခါနေတယ်။

'ကိုရဲ မေ့နေလို့ပါလေ'

အေးစက်စက်ပြောတယ်။

'မေ့နေလို့မဖြစ်ဘူးကိုရဲ၊ အဲဒီကိစ္စသိပ်အရေးကြီးတယ်၊ ကိုရဲမေ့ချင်တိုင်း မေ့နေလို့မရဘူးနော်'

ရဲရင့်အခေါင် စိတ်တိုချင်လာတယ်။

'မာလာ မင်းငါ့ကို ဘာတွေလာပြောနေတာလဲကွာ'

'စိတ်မတိုချင်ပါနဲ့ ကိုရဲရယ်နော်၊ လောလောဆယ် ကိုရဲမေ့နေတယ်ဆိုရင်လည်း သဘာဝကျပါတယ်၊ မေ့သင့်လောက်နေတဲ့ အခြေအနေအရကိုး၊ မာလာတို့က စိတ်ရှည်ပေးရမှာပေါ့၊ ဒါပေမဲ့ သိပ်မကြာခင်ရက်တွေမှာ ကိုရဲ သတိပြန်ရလာနိုင်မှာပါလေ၊ ကိုရဲချစ်သူကို ကိုရဲ ပြန်သတိရလာမှာပါလေ'

ဒီစကားမှာ မာလာ့မျက်နှာလေး ညှိုးသွားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အို… မာလာ… မဟုတ်ဘူး… မဟုတ်ဘူး၊ မင်းပြောတာတွေမဟုတ်ဘူး၊ ငါ့မှာ ဘာချစ်သူမှမရှိဘူး၊ ပြန်သတိရစရာ အကြောင်းလည်း မရှိဘူး၊ ငါချစ်သူက မင်းပဲ၊ မင်းကိုပဲ ငါချစ်တာ'

'တို့တွေ ခေါင်းအေးအေးထားကြရအောင် ကိုရဲရယ်နော်'

မာလာက ဆရာမကြီးလေသံမျိုးနဲ့။

ရဲရင့်အခေါင်ကတော့ စိတ်တိုနေပြီ။

ရဲရင့်အခေါင် မာလာ့ပခုံးနှစ်ဖက်ကို ကိုင်လိုက်တယ်။

'မာလာ မင်းငါ့ကို ဘာလို့ အရူးဖြစ်အောင် လုပ်နေရတာလဲ'

'ကိုရဲ တို့တစ်တွေ ခေါင်းအေးအေးထားပြီး စကားပြောကြရအောင်လေ'

'လုပ်မနေနဲ့၊ ငါ့မှာပြောစရာစကားတစ်ခုပဲ ရှိတယ်၊ မင်းကို ငါအရမ်းချစ်တယ်၊ ဒါပဲ'

ရဲရင့်အခေါင် မာလာ့ပခုံးနှစ်ဖက်ကို ညှစ်ပြီး ပြောလိုက်တယ်။ အတော်လေး ကြမ်းကြမ်းညှစ်လိုက်မိတာမို့ မာလာ့မျက်နှာလေးမဲ့သွားတယ်။

'ကိုရဲရယ်… ကိုရဲမှာ ချစ်သူကြီးနဲ့ကွာ'

'လာပြန်ပြီ၊ မင်း အဲဒီစကား မပြောနဲ့ကွာ'

ရဲရင့်အခေါင် မာလာ့ကို ရင်ခွင့်ထဲဆွဲသွင်းပြီး ဖက်ထားလိုက်တယ်။ မာလာအတင်းရုန်းထွက်တယ်။ ရဲရင့်အခေါင်ကလည်း အတင်းဖက်ထားတယ်။



'မာလာ မင်းကိုငါသိပ်ချစ်တယ်ကွာ၊ ငါ့ကို အရူးမလုပ်နဲ့ကွာ'

'ကိုရဲ လွှတ်နော်၊ ရှင့်ကို ကျွန်မ မချစ်ဘူး၊ ရှင့်မှာ ချစ်သူရှိတယ်'

'လာပြန်ပြီ ဒီစကား၊ မင်းပါးစပ်က ဒီစကားပြောတုန်းပဲလား'

ရဲရင့်အခေါင် မာလာ့ကို လွှတ်မပေး။ အတင်းဖက်ထားတယ်။

'ဟုတ်တယ်၊ ရှင့်မှာ ချစ်သူရှိတယ်၊ ရှင့်ချစ်သူကို ရှင်ပြန်သတိရသင့်တယ်'

'ဒီပါးစပ်လေး…'

ရဲရင့်အခေါင် ရူးမိုက်စွာ မာလာ့နှုတ်ခမ်းအစုံကို နမ်းဖို့ကြိုးစားလိုက်တယ်။

ရဲရင့်အခေါင် ဘာမှသတိမရတော့။

* * *

(၃)

ရဲရင့်အခေါင် ဘယ်ရောက်နေတာလဲ။

နံဘေးဝန်းကျင်ဝေ့ကြည့်မိတယ်။

သူ ကုခင်တစ်ခုပေါ်မှာပါလား။ ပက်လက်အနေအထားရှိပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှတ်ခနဲ ထထိုင်လိုက်တယ်။

ဒီအခန်း။ ခမ်းခမ်းနားနားပါလား။ ခမ်းနားသန့်ရှင်း သပ်ရပ်ရုံမက သင်းပျံ့ပျံ့ရနံ့မွှေးမွှေး။

သူ လဲလျောင်းနေတဲ့ ခုတင်ကလည်း သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်၊ လှလှပပ၊ မွေ့ရာမှာလည်း ရနံ့မွှေးမွှေး၊ သင်း သင်းပျံ့ပျံ့။

ရဲရင့်အခေါင် ကုတင်ပေါ်ကဆင်းပြီး အခန်းကို လှည့် ပတ်ကြည့်နေမိတယ်။ ဘယ်သူ့အခန်းပါလိမ့်။

ဒီအခန်းရှင် သန့်ရှင်းသပ်ရပ်သူဆိုတာတော့ ခန့်မှန်းလို့ ရရဲ့၊ အခန်းတံခါးဝဘေးနံရံမှာ မြေဖြူနဲ့စာတန်းလေးတစ်ခု။

'ကိုရဲ မာလာညှော်ခန်းမှာ စောင့်နေပါတယ်'

ရဲရင့်အခေါင် ပြန်သတိရလိုက်မိတယ်။

သူမာလာကို နမ်းဖို့ကြိုးစားလိုက်စဉ်မှာ သတိလစ်သွားခဲ့ ရပုံကို။ မာလာသူ့ကို လုပ်လိုက်တာဖြစ်မယ်။

ဒါပေမဲ့ အဲဒီတုန်းက အင်းယားကန်နံဘေးမှာ။

ခု... အခန်းတစ်ခုထဲရောက်နေတယ်။

ရဲရင့်အခေါင် အခန်းထဲက ထွက်လိုက်တယ်။

ကျယ်ပြန့်သပ်ရပ်တဲ့ ညှော်ခန်းတစ်ခုထဲ ရောက်တယ်။

စားပွဲဝိုင်းနဘေးက ဆိုဖာတစ်ခုမှာ မာလာထိုင်နေတာကို တွေ့ရတယ်။ အခန်းထဲက ရဲရင့်အခေါင်ထွက်လာတာကို မာလာ ကလည်း လှမ်းကြည့်တယ်။



'ကိုရဲ... လာ'

မာလာလှမ်းခေါ်တယ်။

စားပွဲဝိုင်းပေါ်မှာ လိမ္မော်ရည်နဲ့ကိတ်မုန့်တွေကို တွေ့ရ တယ်။

'ကိုရဲ ဆာနေရော့မယ်၊ လာ... မာလာအသင့်ပြင်ပြီး စောင့်နေတာ'

အမှန်ပဲ ရဲရင့်အခေါင် ဝမ်းဗိုက်မှာလည်း ဆာလောင်မှု ဖြစ်နေတယ်။

'လာပါ ကိုရဲရဲ့'

တုန့်ဆိုင်းဆိုင်းလုပ်နေတဲ့ ရဲရင့်အခေါင်ကို မာလာခေါ် နေတယ်။ အပြုံးနဲ့ ဘာမှအမှတ်မထားသလိုမျက်နှာနဲ့။

ရဲရင့်အခေါင် သူနဲ့မျက်နှာချင်းဆိုင် ဆိုဖာမှာဝင်ထိုင်လိုက် တော့တယ်။

မာလာ ရဲရင့်အခေါင်ကို လိမ္မော်ရည်ဖန်ခွက်လှမ်းကမ်း ပေးတယ်။

ရဲရင့်အခေါင်လှမ်းယူပြီး လိမ္မော်ရည်တစ်ငုံသောက်။ ဖန်ခွက်ကိုစားပွဲမှာ ပြန်ချလိုက်တယ်။

မာလာကိတ်မုန့်ပန်းကန်ကို လှမ်းပေးပြန်တယ်။

ရဲရင့်အခေါင် ကိတ်မုန့်တစ်ခုကိုယူပြီး စားနေလိုက် တယ်။

'ကိုရဲ သတိလစ်သွားတော့ အငှားကားတစ်စီးခေါ်

www.burmeseclassic.com



ငှားရမ်းပြီး ကိုရဲကို အိမ်ပြန်ခေါ်ခဲ့တာ၊ ကိုရဲကိုလုပ်လိုက်မိတာ မာလာ့ကို စိတ်မဆိုးပါနဲ့နော်၊ ကိုရဲ မာလာအပေါ် ဆိုးဖို့ကြံတာကိုး နော်'

'ဒါ… မာလာအိမ်'

ရဲရင့်အခေါင် အံ့ဩစွာ မေးမိတယ်။

'ဟုတ်တယ်လေ၊ ကိုရဲတို့လမ်းက မာလာငှားနေတဲ့ အိမ်လေ'

ရဲရင့်အခေါင် ညှော်ခန်းသို့ ငေးကြည့်လိုက်မိတယ်။ သပ်ရပ်လှပနေတဲ့ညှော်ခန်း။

'ဟိုတစ်ခါ ရောက်တုန်းက ဒီလိုညှော်ခန်းမျိုး မဟုတ်ပါဘူး'

ရဲရင့်အခေါင် ကြောင်စီစီနဲ့ ရေရွတ်လိုက်တယ်။

'ဟင်… ကိုရဲရောက်ဖူးသေးတယ်လား၊ ဘယ်တုန်းက ရောက်ဖူးတာလဲ'

ဒီတော့မှ ရဲရင့်အခေါင် ပြန်သတိရလိုက်တယ်။ သူ ရောက်ဖူးတာ အိပ်မက်ထဲမှာပဲ။

အဲဒီတုန်းကတာ ရွှေရုပ်အသွင်းပြောင်းလဲသွားတဲ့ မာလာ။ ခုမာလာကို ကြည့်ရင်းနဲ့ ရဲရင့်အခေါင် ပြန်မြင်ယောင်မိရဲ့။

သူ့ကိုငေးကြောင်ကြည့်နေတဲ့ ရဲရင့်အခေါင်ကို မာလာ က…

'ကိုရဲ မာလာ့ကို စိတ်တိုနေသေးတယ်နော်'



ရဲရင့်အခေါင် ဘာမှမပြောဘဲ နေလိုက်တယ်။

စိတ်တိုတာတို့၊ စိတ်ရှုပ်တာတို့၊ စိတ်မောတာတို့၊ စိတ် ညန်းတာတို့၊ စိတ်ညစ်တာတို့၊ စိတ်ပျော်တာတို့ဆိုတဲ့ ခံစားမှု မျိုးတွေ တစ်ခုမှမဟုတ်ဘဲ ခံစားနေရတဲ့ စိတ်ခံစားမှုတစ်မျိုးကို ခံစားနေရတာအမှန်ပဲ၊ ဘယ်လိုလဲဆိုတာတောင် ပြောမပြ တတ်တော့တဲ့ ခံစားမှုတစ်မျိုးပဲ။

မာလာ ရဲရင့်အခေါင်ကို စိတ်မကောင်းသလိုကြည့်နေ တယ်။

နှစ်ယောက်သားတိတ်ဆိတ်နေမိကြချိန်မှာ အပေါ်မျက်နှာ ကျက်ဆီက အိမ်မြှောင်စုတ်ထိုးသံကို ကြားလိုက်ရတယ်။ တိတ်ဆိတ် နေချိန်မို့ အိမ်မြှောင်စုတ်ထိုးသံက ကျယ်လောင်သလို…

မာလာ မျက်နှာကြက်ဆီကို မော့ကြည့်လိုက်ပြီး အိမ်မြှောင် စုတ်ထိုးသလို အသံမျိုးပြန်ပြုလိုက်တယ်။ တကယ့် အိမ်မြှောင် တစ်ကောင်ရဲ့ အသံအတိုင်းပဲ။ ရဲရင့်အခေါင် အံ့ဩသွားတယ်။

မာလာကို အံ့ဩစွာကြည့်နေလိုက်မိတယ်။

မာလာကတော့ ဘာမှမဖြစ်သလိုမျက်နှာမျိုးနဲ့။

ရဲရင့်အခေါင်ရင်ထဲက တစ်စုံတစ်ခုကို ဆွဲနုတ်နေတော့ တယ်။

အတင်းကို ဆွဲနုတ်နေတယ်။

ရဲရင့်အခေါင် မာလာ့ကိုခွာမှ ဖြစ်တော့မယ်လို့ အတွေး တွေ ဝင်တယ်။ မာလာ သာမန်မိန်းကလေးတစ်ယောက်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ အမှန်ပဲ။ ဘယ်လိုမိန်းကလေးမျိုးလဲ။ ရဲရင့်အခေါင် မသိတော့။ ဘာပဲဖြစ်ဖြစ် မာလာသူ့ကို ဒုက္ခတစ်စုံတစ်ရာပေးမယ်ဆိုရင် ရဲရင့်အခေါင် မာလာ့ကိုတုန့်ပြန်အနိုင်ယူနိုင်လောက်အောင် အရည်အချင်းမျိုး၊ မာလာကိုသာတဲ့ အရည်အချင်းမျိုး မိမိမှာ မရှိလို့ ရဲရင့်အခေါင် တွေးမိတယ်။

ဒါကြောင့် မာလာကို ချွတာအကောင်းဆုံးဖြစ်တယ်လို့ တွေးတယ်။

ရင်ထဲမှာ စွဲနေတဲ့ မာလာ့ကို ခွဲခွာနေတော့တယ်။

ခွဲခွာလို့မရချင်၊ မာလာ့ကိုချစ်တဲ့အချစ်စိတ်က မြမြလွန်းလှတယ်။

'မာလာ တို့ကို ချစ်လို့မရတဲ့စိတ်က မြဲပါတယ်နော်'

မာလာ ရဲရင့်အခေါင်ကို တွေကြည့်နေတယ်။

'တို့တွေ တစ်ယောက်နဲ့တစ်ယောက် လိုက်လိန်ရှုပ်နေကြဖို့ မကောင်းတော့ဘူး မာလာ'

မာလာတွေကြည့်နေမြဲ။

'တို့ကိုလုံးဝမချစ်နိုင်တဲ့မာလာနဲ့ မာလာ့ကိုအရမ်းချစ်တဲ့ တို့ အခြေခံချင်းမတူဘဲ တစ်ယောက်နဲ့တစ်ယောက် သက်သက်လိန်ယှက်ရှုပ်နေသလို ဖြစ်နေတယ်'

မာလာတွေကြည့်နေမြဲ။

'လိန်ယှက်နေရင်း တို့က မာလာ့အပေါ် ပိုပိုတွယ်တာနေမိတော့ ကြာရင် တို့အဖို့ အရမ်းခက်သွားမယ်'





စကားရပ်ပြီး ရဲရင့်အခေါင်လည်း မာလာ့မျက်နှာလေးကို နှမြောတသစွာ တွေငေးကြည့်နေလိုက်မိတယ်။

အတန်ကြာတော့ ရဲရင့်အခေါင် ထိုင်ရာမှ ထလိုက်တယ်။

မာလာ ပြိုးပြိုးပျာပျာဖြစ်သွားတယ်။

'တို့ပြန်မယ် မာလာ၊ အခုပြန်သွားခြင်းဟာ တို့ရဲ့အပြီးအပိုင်ပြန်သွားခြင်းလို့သာ မာလာသတ်မှတ်လိုက်ပါ။ တို့လည်း မာလာကိုရှောင်တော့မယ်၊ မာလာလည်း တို့ကိုရှောင်ပါတော့'

မာလာလည်း ထိုင်ရာမှ ထလိုက်တယ်။

'အို··· ကိုရဲ၊ ကိုရဲက ဘယ်လိုဖြစ်တာလဲ'

ပြိုးပြိုးပျာပျာမေးတယ်။

'မာလာပဲ မေးတတ်တယ်၊ တို့ရင်ထဲ ဘယ်လိုဖြစ်နေမလဲဆိုတာ မာလာသိဖို့ ကောင်းပါတယ်၊ တို့သွားမယ်'

ရဲရင့်အခေါင် မာလာ့ကို ကျောခိုင်းခဲ့တော့တယ်။

'ကိုရဲ'

တံခါးဝနားအရောက်မှာ နောက်ဆီက ကစ်ခေါ်လိုက်တဲ့ မာလာ့အသံ။ မာလာ ရဲရင့်အခေါင်နောက်က ထက်ကြပ်လိုက်ပါလာပုံရတယ်။

ရဲရင့်အခေါင်ရဲ့ လက်တစ်ဖက် အဆွဲခံလိုက်ရတယ်။

မာလာ ရဲရင့်အခေါင်ရှေ့က ဖြတ်ပိတ်ရပ်တယ်။

ရဲရင့်အခေါင် ဆံပင်ရှည်ကို သိမ်းသပ်တင်လိုက်ပြီး မာလာ့ကိုကြည့်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မာလာ ရဲရင့်အခေါင်ရဲ့ 'စ' လုံးအမှတ်လေးကို ငေးခဲ့ကြည့်တယ်။

မသိမသာ သက်ပြင်းချတယ်။

'ကိုရဲရယ်'

အသံတိုးတိုးလေး...

လေထဲမျှောထွက်သွားတယ်။

အတန်ကြာငြိမ်နေပြီးမှ ပြောတယ်။

'ဒီလို ကိုရဲ့သဘောနဲ့ ကိုရဲ ထွက်သွားလို့ ဘယ်ရပါ့မလဲ'

ရဲရင့်အခေါင် စိတ်တိုလာပြန်တယ်။

'မာလာ မင်းက ငါ့ကိုခြိမ်းခြောက်တဲ့ သဘောလား'

မာလာ ယဲ့ယဲ့လေး ပြုံးတယ်။

'ကိုရဲ စိတ်တိုပုံကြီးက ရယ်စရာကြီး၊ ချစ်စိတ်တိုကြီး ဆိုတော့ ကြောက်ဖို့မကောင်းပါဘူး၊ ရယ်စရာကြီးနော်'

ရဲရင့်အခေါင် ခေါင်းခါရမ်းပစ်လိုက်တယ်။

'မာလာရယ် မင်းငါ့ကို ဖြားယောင်းမနေပါနဲ့တော့'

မာလာလည်း ခေါင်းခါယမ်းလိုက်တယ်။

'ကိုရဲနော် မာလာ ကိုရဲကို ခြိမ်းခြောက်တာလည်း မဟုတ်ဘူး၊ ဖြားယောင်းတာလည်း မဟုတ်ဘူး၊ ကိုရဲစကားကြီးက မာလာ မကောင်းလိုက်တာ'

မာလာ ဆက်ပြောတယ်။

'ကိုရဲရယ် မာလာ့ကို မကောင်းမထင်ပါနဲ့၊ နောက်ကျ





တော့လည်း မာလာရဲ့တာဝန်ကျေမှု၊ သစ္စာကြီးမှုကို ကိုရဲ အသိအမှတ်ပြုသွားရမှာပါ'

'ဘာတွေလဲ မာလာ၊ ငါ့ကို ပဟေဠိတွေ ဖွက်မနေပါနဲ့တော့၊ မင်း ငါ့ကို ဘာလုပ်ချင်လဲ၊ ဘာတွေဖြစ်စေချင်လို့လဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါတော့'

'မပြောမရှိပါဘူး ကိုရဲရယ်၊ ပြောမှာပါ၊ မာလာပြောမှာပါ၊ အချိန်အခါကိုလည်း ဆွဲမနေချင်တော့ပါဘူး၊ မာလာ သက်သက်အချိန်ဆွဲသလိုတောင်ဖြစ်နေပြီ၊ နက်ဖန်လပြည့်ည။ ကိုရဲကို မာလာပြောစရာရှိတဲ့စကား ပြောတော့မယ်လို့ ဆုံးဖြတ်တယ်'

ရဲရင့်အခေါင် စိတ်ရှုပ်စွာ ဆိုမိတယ်။

'မင်းပြောမယ့်စကားက လပြည့်နေ့ညမှ ပြောလို့ရတဲ့စကားလား'

မာလာ ခေါင်းခါတယ်။

'အဲဒီလို မဟုတ်ပါဘူး၊ မာလာ ကိုရဲကို ပြောမထွက်သလိုဖြစ်နေသေးလို့ နေသေးတာပါ၊ နက်ဖြန်လပြည့်ညနဲ့ ဆိုင်မှုတစ်ခုကတော့ ရှိတယ်၊ ဘာပဲဖြစ်ဖြစ်လေ။ နက်ဖြန်ညကျတော့ ကိုရဲကို မာလာ ပြောစရာရှိတာ ပြောတော့မယ်၊ မာလာအိပ်ခန်းထဲမှာ ကိုရဲနဲ့ မာလာစကားပြောကြမယ်'

မာလာဆက်ပြောတယ်။

'မာလာ့ခုတင်မှာ ကိုရဲ ထိုင်လိုက်၊ အိပ်လိုက်၊

www.burmeseclassic.com



သက်တောင့်သက်သာနားနေရင်း မာလာ ပြောတဲ့စကားတွေကို နားထောင်ပေါ့၊ အိပ်ခန်းပြတင်းတံခါးကို ဖွင့်ထားရင် ထွက်စ လမင်းရဲ့အလင်းရောင် မာလာ့ခုတင်ပေါ် တိုက်ရိုက်ကျတယ်၊ အဲဒီလမင်းကို ကြည့်ရင်း မာလာ့စကားတွေ ကိုရဲ နားထောင်ပေါ့'

မာလာ့စကားတွေ နားထောင်ရတာ တကယ့်ကို စိတ်ရှုပ်စရာပဲ။

'မိုးလင်းကျတော့ ကိုရဲပြန်ပေါ့'

'မင်းက ငါ့ကို စကားတွေ မိုးလင်းအထိ ပြောမှာလား'

မာလာခေါင်းညိတ်တယ်။

'စကားတွေက အများကြီးလား'

'များလည်းများ၊ ရှည်လည်းရှည် ပြောရမှာ ကိုရဲရယ်'

'ခုတောင် ငါ့စိတ်တွေ အတော်ရှုပ်နေပြီ မာလာရယ်၊ ငါ့ကို စိတ်ထပ်ရှုပ်အောင် လုပ်ဦးမလို့လား'

မာလာ ခေါင်းခါယမ်းတယ်။

'မာလာ့စကားတွေ နားထောင်ပြီးရင် ကိုရဲစိတ်တွေ ရှင်းသွားမယ်၊ လင်းသွားမယ်၊ ကိုရဲ ပျော်ရွှင်သွားမှာပါ'

နားမလည်စွာ ကြည့်နေတဲ့ ရဲရင့်အခေါင်လက်ကို ဆုပ်ကိုင်ထားတဲ့ မာလာလက် တင်းတင်းလေး ဖျစ်ညှစ်လိုက်ပြီး…

'နော်'

'မင်းက ငါ့ကို ဘာတွေပြောမှာမို့လဲကွာ'

'ပုံပြင်'





'ဟင်… မင်း ငါ့ကို ပုံပြင်ပြောမှာ'

မာလာခေါင်းညိတ်တယ်။

'နက်ဖြန်ည လာပြီး နားထောင်ကြည့်ပါလေ၊ အဲဒီပုံပြင် ကိုရဲအတွက် သိပ်အရေးကြီးပါတယ်'

'ငါမထင်ပါဘူး၊ ဘယ်ပုံပြင်မျိုးမှ ငါ့အတွက် အရေးကြီးနိုင်ပါဘူး၊ တကယ် ငါ့အတွက် အရေးအကြီးဆုံးက…'

ရဲရင့်အခေါင် စကားရပ်ပစ်လိုက်ပါတယ်။

မာလာ့ကို ရှောင်ပြီး အိမ်ပြင်ထွက်မယ်လုပ်တယ်။

'ကိုရဲ'

မာလာက ပိတ်ရပ်လိုက်ပြန်တယ်။

'နက်ဖန်ည လာမယ်လေ'

ရဲရင့်အခေါင် မာလာ့ကို ထပ်ရှောင်ထွက်မယ်ပြင်တယ်။

'ကိုရဲ'

မာလာပိတ်ရပ်လိုက်ပြန်တော့ လူချင်းပူးကပ်နေပြီ။

တစ်ယောက်နဲ့တစ်ယောက် အကြာကြီးကြည့်နေမိတယ်။ မာလာမျက်လုံးတွေ ရဲရင့်အခေါင်ကို အငမ်းမရကြည့်နေသလိုပဲ။ [illegible]ာက်မျက်လုံးအစုံမှာ မျက်ရည်ကြည်လေးတွေ ဝေ့လှုံလာတယ်။

'မာလာရယ်'

ရဲရင့်အခေါင် မာလာ့ပခုံးနှစ်ဖက်ကို ဆွဲသိမ်းဖက်မိတော့ ယ်အလုပ်မှာတော့…

'အို… ကိုရဲ ဒီလိုမလုပ်ရဘူး ကိုရဲရယ်'



www.burmeseclassic.com

www.burmeseclassic.com



မာလာ ရဲရင့်အခေါင်ရှေ့က ဖယ်ပေးလိုက်တယ်။

ရဲရင့်အခေါင် တံခါးဆွဲဖွင့်ပြီး ထွက်ခဲ့လိုက်တယ်။

နောက်က မာလာတံခါးပိတ်လိုက်သံကို ကြားလိုက်ရတယ်။

ရဲရင့်အခေါင် ခြေလှမ်းမလှမ်းသေးဘဲ စုံရပ်နေလိုက်မိတယ်။ ဒီမှာတင် အိမ်အတွင်း မျက်နှာကျက်ဆီက အိမ်မြှောင်စုတ်ထိုးသံကို ကြားလိုက်ရတယ်။ အောက်ဧည့်ခန်းထဲကလည်း အိမ်မြှောင်စုတ်ထိုးသံ ပေါ်လာတယ်။ မာလာပဲဖြစ်ရမယ်လို့ ရဲရင့်အခေါင်တွက်ပြီး အိမ်ထဲဆီပြန်ကြည့်လိုက်တော့ ဟုတ်တယ်။ မာလာအိမ်မြှောင်အသံလိုစုတ်ထိုးသံပြုနေတာကို သံတိုင်ကြားအပေါက်ကနေ လှမ်းတွေ့လိုက်ရတယ်။

မျက်နှာကျက်ဆီက အိမ်မြှောင်စုတ်ထိုးသံထွက်ပေါ်လာပြန်တယ်။ ဧည့်ခန်းထဲက မာလာကလည်း အိမ်မြှောင်စုတ်ထိုးသံပြန်ပြုတယ်။ နောက် မျက်နှာကြက်ဆီက အိမ်မြှောင်စုတ်ထိုးသံပြန်ပြုပြန်တယ်။ မာလာနဲ့အိမ်မြှောင် စကားပြောနေကြသလိုပဲ။ ရဲရင့်အခေါင် စိတ်ရှုပ်ထွေးစွာ အိမ်ညှိကြီးဆီက ထွက်ခဲ့တော့တယ်။

* * *



## ဖဲမွှေရာထက် အိပ်မောကျသူ့ဥ ပုံပြင်လေးကတော့

အတွင်းကျကျ တိုင်ပင်စရာဆိုလို့ ဆက်ပိုင်စိုးပဲရှိတယ်လေ။ လက်ဖက်ရည်ဆိုင်မှာ ရဲရင့်အခေါင် ဆက်ပိုင်စိုးကို သူနဲ့မာလာတို့ရဲ့ အခြေအနေတွေ ပြန်ပြောပြပြီး အကြံဉာဏ်တောင်းတယ်။ ဒီကိစ္စဆက်ပိုင်စိုးကလည်း အတော်စိတ်ဝင်တစားရှိပါတယ်။

'ဟာ… အဲဒီအိမ်မြှောင်… အဲဒီအိမ်မြှောင်ဟာ အဲဒီအိမ်ကြီးမှာ နဂိုကရှိနေတဲ့ တစ္ဆေဖြစ်နိုင်တယ်ကွ၊ တစ္ဆေကိုသူကသူ့အတတ်နဲ့ အိမ်မြှောင်အသွင်ဖန်တီးထားတာ ဖြစ်ရမယ်၊ ဒီကောင်မလေး အောက်လမ်းလား၊ မှော်လားပဲ'

ဆက်ပိုင်စိုး အထိတ်တလန့်အသံနဲ့ပြောတယ်။

'မင်းကလည်းကွာ၊ နည်းနည်းထိန်းထိန်းသိမ်းသိမ်းလေးများပြောပေးပါဦး'

'ဘာလဲကွ မင်းက၊ ငါက ငါ့ခေါင်းထဲတွေးမိတာကိုပြောတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ငါ့ကို လိုက်လိုက်ခြောက်နေသလိုပဲကွာ'

ဆက်ပိုင်စိုး သူငယ်ချင်း ရဲရင့်အခေါင်ကို ကြင်နာစွာ ကြည့်တယ်။

'ငါတမင်ခြောက်တာတော့ မဟုတ်ဘူးကွာ၊ မင်းအခြေမနေကိုက ချောက်ချားစရာဖြစ်နေတာကွ ရဲရင့်ရ'

အခြေအနေကတော့ သာမန်အခြေအနေမဟုတ်ဘူး ဆိုတာ ရဲရင့်အခေါင်လည်း သဘောပေါက်ပါတယ်။

'အောက်လမ်းတို့ မှော်တို့တော့ မဟုတ်ပါဘူးကွာ၊ သူနေတာ၊ ထိုင်တာ အတော့်ကို သပ်သပ်ရပ်ရပ်ကွ၊ အိမ်ညိုကြီးကို သူ့အပြင်ကသာ ပြင်ဆင်မထားတာ၊ အိမ်အတွင်းပိုင်းမှာတော့ အတော့်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ထားတာကွ'\

'ဒါကတော့ ဘယ်လိုပြောရမလဲကွာ၊ မင်းပြောသလို သိပ်သပ်သပ်ရပ်ရပ်နေထိုင်တာဆိုတော့ အောက်လမ်းသက်သက် ဖြစ်ချင်မှဖြစ်မှာပေါ့၊ မှော်တစ်မျိုးမျိုးဖြစ်ဖို့များတယ်'

ရဲရင့်အခေါင် သက်ပြင်းရှည်ချတယ်။

'မှော်လား မမှော်လားတော့ မသိဘူး၊ သာမန်မိန်းကလေး မဟုတ်တာတော့ သေချာတယ်၊ သူဘာလဲ၊ ငါ့ကို ဘာလုပ်ချင်လဲ၊ ဘာတွေဖြစ်ချင်လို့လဲ၊ နက်ဖန်ကျတော့ သိရတော့မှာပေါ့ကွာ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ပြုံးပြုံးပျာပျာကြည့်တယ်။

'မင်း မနက်ဖြန်ည သူ့ဆီသွားမလို့လား၊ အဲဒီလိုဆုံးဖြတ်တယ်လား'





ရဲရင့်အခေါင်ကိုမေးတယ်။

ရဲရင့်အခေါင် ခေါင်းညိတ်ပြလိုက်တယ်။

ဆက်ပိုင်စိုးကတော့ ခေါင်းခါယမ်းနေတယ်။

'ငါကတော့ မင်းကို သူ့ဆီမသွားသင့်ဘူးလို့ထင်တယ် ရဲရင့်ရာ၊ နက်ဖန်ညတင် မဟုတ်ဘူး၊ ဘယ်တော့မှ မင်းသူ့ဆီ မသွားသင့်ဘူးလို့ ထင်တာပဲ၊ သူမင်းကို တစ်ခုခုလုပ်မယ်ဆိုတာ သိသားနဲ့၊ မင်းလိုက်လည်စင်းပေးသလိုဖြစ်မနေဘူးလား'

ဆက်ပိုင်စိုး သူငယ်ချင်းအတွက် လေးလေးနက်နက်ပြောတာပါ။

'ငါကိုယ်တိုင် သူ့ကိုငါ့ရင်ထဲက အပြီးအပိုင်ဆွဲခွာပစ်လိုက်ဖို့ စဉ်းစားပြီးသားပါ၊ ဒါပေမဲ့ ငါ သူ့ကို သိပ်ချစ်တာပဲ သူငယ်ချင်းရယ်၊ သူ့ရဲ့လုံးဝအပြုအပြင်မပါဘဲ ပင်ကိုယ်အရှိအလှအားကိုးနဲ့ မိန်းမတကာတွေရဲ့ အလှတကာတွေထဲမှာ ထင်ပေါ်နေတဲ့ အလှကို ငါအရမ်းတပ်မက်တာပဲ၊ အဲဒီကိစ္စကလည်း ငါသူ့ကို ဆုံးရှုံးရမှာ ဝန်လေးစေတယ်။ နောက်ပြီး သူငါ့ကိုဆက်ဆံမှုမှာ ငါလိုချင်တဲ့ကိစ္စလေးတွေ ငါရနေသလိုပဲ၊ အဲဒီအခြေအနေဆုံးရှုံးရမှာကိုလည်း ငါဝန်လေးနေတယ်၊ နောက်ပြီး သူငါ့ကိုချစ်တယ်လို့ ငါထင်တယ်၊ ငါ့ကိုချစ်လျက်နဲ့ သူဘာလို့ ခေါင်းမာနေရတာလဲ ငါမသိနိုင်တော့ဘူး၊ အဲဒီ သူငါ့ကိုချစ်တဲ့ အချစ်လေးဆုံးရှုံးသွားမှာကိုလည်း ငါဝန်လေးနေမိတယ် သူငယ်ချင်းရယ်၊ သူ့ကို ငါ့ရင်ထဲက ဆွဲခွာပစ်ဖို့ကိစ္စဟာ ငါ့ရင်ကို အတော့်ကိုနာကျင်စေ

www.burmeseclassic.com



တာ အမှန်ပဲ၊ ဒါပေမဲ့…'

ရဲရင့်အခေါင် စကားပြောရပ်လိုက်တယ်။

ဆက်ပိုင်စိုး သူ့သူငယ်ချင်းအတွက် အတော့်ကို စိတ်မကောင်း။

'တစ်စုံတစ်ရာ အကြောင်းအရာလေးများ သိရလို့သိရငြား နက်ဖန်ည သူ့ဆီသွားကြည့်ပြီးရင်တော့ သူ့ကိုငါ့ဖွတ်ဖြတ်ရတော့မှာပဲ'

'နက်ဖြန်ညလည်း သွားမနေပါနဲ့ သူငယ်ချင်းရာ'

ဆက်ပိုင်စိုးက စိုးရိမ်စွာ…

'မစိုးရိမ်ပါနဲ့ ဆက်ကြီးရာ၊ သူ့အကြံအစည်မှာ သူငါ့ကို သတ်မယ်၊ဖြတ်မယ်၊သေစေမယ့် ကိစ္စမျိုးတော့ ပါမှာမဟုတ်ပါဘူး'

'မင်းသိနိုင်မလားကွာ'

'ငါ့ရင်က အလိုလိုသိနေပါတယ် ဆက်ကြီးရာ'

သူငယ်ချင်းနှစ်ယောက် အတွေးကိုယ်စီနဲ့ လက်ဖက်ရည်သောက်နေမိကြတယ်။

'ယုတ္တိမရှိလိုက်တာကွာ၊ အတော့်ကို ယုတ္တိမရှိလိုက်တာ၊ ယောကျ်ားတစ်ယောက်ကို တစ်ညလုံးပုံပြောဖို့ အိပ်ခန်းထဲခေါ်တဲ့ကိစ္စ၊ မင်းဘယ်သူ့ကိုပြောပြော ဘယ်သူမှ ယုံနိုင်မှာမဟုတ်ဘူးနော်၊ မင်းကိုထောင်ဖမ်းမယ့် အကြံအစည်လား'

'ထောင်ဖမ်းချင်ရင် သူငါ့ကို ဘာလို့ပြန်လွှတ်နေမှာလဲ



ဆက်ကြီးရာ၊ အဲဒီကတည်းက သူလုပ်လို့ရတာပဲဟာ'

'ဒါဆို သူမင်းကို ဘာလုပ်ချင်လို့လဲ၊ မင်းမတွေးနိုင်ဘူးလား'

'သူပြောသားပဲလေ၊ ပုံပြောမလို့ဆိုတာ'

ဆက်ပိုင်စိုး ပါးစပ်ပွင့်ဟပြီး ရဲရင့်အခေါင်ကို အကဲခတ်ငေးကြည့်နေတော့တယ်။

'ယုံကြည်စရာမရှိတာကို မင်းယုံကြည်တယ်ဆိုရင် ငါ့အတော့်ကို အံ့သြရမှာပဲ၊ မင်းဒီလောက်မညံ့ပါဘူးရဲရင့်'

ဖြည်းဖြည်းအေးအေးပြောတယ်။

ရဲရင့်အခေါင် ဘာမှပြန်ပြောစရာမရှိသလို…

* * *

(၂)

ရဲရင့်အခေါင် အိမ်ညီကြီးရဲ့ တံခါးပေါက်ဝမှာ ရပ်လိုက်တယ်။

တံခါးမခေါက်သေး။

ဆံပင်ရှည်ကြီးကို လက်နက်ဖက်နဲ့ သိမ်းသပ်တင်လိုက်တယ်။ သံတိုင်ကြားကနေ ဧည့်ခန်းထဲဆီ လှမ်းကြည့်လိုက်တယ်။

အပြင်မှာ မမှောင်သေးပေမယ့် ဧည့်ခန်းထဲမှာ မီးလင်းနေပြီ။ ပြတင်းတစ်ခုမှာ မာလာရပ်နေတာကို တွေ့တယ်၊ ပြတင်းပေါက်အပြင်ဘက်ကို ကြည့်နေရင်း စကားလေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



အော်သလို အသံပြုနေတာကို တွေ့ရတယ်။ အပြင်ဘက်ကလည်း စာကလေးတွေရဲ့ အိပ်တန်းတက်အော်မြည်သံတွေကို ကြားနေရတယ်။ စာကလေးသုံးကောင် ပြတင်းဘောင်ပေါ်လာနားတယ်။

အဲဒီစာကလေးသုံးကောင်နဲ့ မာလာနဲ့ စာကလေးအသံချွေ အပြန်အလှန်ပြုနေကြတယ်။ စကားအပြန်အလှန်ပြောနေကြသလိုပဲ။

မာလာစိတ်ဝင်တစားကို စာကလေးတွေကို အသံပြုနေတာ၊ ပြုံးပြုံးရွှင်ရွှင်နဲ့။ စာကလေးတွေကလည်း ခေါင်းတညိတ်ညိတ် အမြီးလေးတွေ တခါခါနဲ့ မာလာကို စာကလေးအသံပြန်ပြုနေကြတယ်။ ရဲရင့်အခေါင် မအံ့သြဘဲ ရှိနိုင်ပါ့မလား။

အတန်ကြာတော့ စာကလေးတွေ ပြတင်းပေါက်ဘောင်ကနေ အပြင်ပျံသွားကြတယ်။ မာလာလည်း ပြတင်းပေါက်အနီးကခွာတယ်။

ရဲရင့်အခေါင်ရပ်နေတဲ့ တံခါးမကြီးရဲ့အတွင်းဘောင်ဆီက အိမ်မြှောင်တစ်ကောင်ရဲ့ စုတ်ထိုးသံကို ကြားရတယ်။

မာလာတံခါးမကြီးဘက်ဆီ လှည့်ကြည့်တယ်။

သံတိုင်ကြားကနေ အပြင်မှာရပ်နေတဲ့ ရဲရင့်အခေါင်ကို မြင်နိုင်လား မမြင်နိုင်လားတော့မသိ။

ရဲရင့်အခေါင် ခုမှတံခါးခေါက်လိုက်တယ်။ မာလာတံခါးမကြီးဆီ လျှောက်လာတယ်။ အတွင်းကနေ ဖွင့်ပေးတယ်။

'လာ… ကိုရဲ'





ရဲရင့်အခေါင်ကို ဧည့်ခန်းထဲက ဖြတ်ကျော်ခေါ်လာတယ်။ သူ့အိပ်ခန်းထဲဆီကို တိုက်ရိုက်ခေါ်လာတယ်။

အိပ်ခန်းထဲရှိ မီးရောင်အလင်းမှာ ရဲရင့်အခေါင်အိပ်ခန်းအတွင်း မြင်ကွင်းကို ဝေ့ကြည့်လိုက်တော့ ခုတင်ရှိမွေ့ရာပေါ်မှာ ခဲသားအိပ်ရာခင်းခရမ်းဖျော့ရောင်ကို ခင်းထားတာ တွေ့ရတယ်။ မနေ့က ဒီအရောင် မဟုတ်။

ခုတင်နဲ့မနီးမဝေးမှာ စားပွဲဝိုင်းတစ်ခု။ တစ်ဖက်တစ်ချက်ထုလားထိုင်တစ်လုံးစီနဲ့။ စားပွဲဝိုင်းပေါ်မှာက စာအုပ်ဆောင်းနဲ့အုပ်ထားတဲ့ စားဖွယ်သောက်ဖွယ်များ။

'ညကျ အိပ်ချင်ရင်ဖြစ်ဖြစ်၊ ဆာရင်ဖြစ်ဖြစ်၊ ပုံပြင်ခဏစားပြီးစားလို့သောက်လို့ရအောင် မာလာပြင်ထားတာပါ၊ အိပ်ချင်ပြေစေဖို့ ဖျော်ရည်တွေ အစားအစာတွေလေ'

မာလာက ပြောတယ်။

'လောလောဆယ်ကော ကိုရဲ ညစာစားပြီးလာပြီလား'

'ပြီးပြီ မာလာ၊ ပြီးမှထွက်ခဲ့တာ'

'လောလောဆယ် ညစာစားမယ်ဆိုရင်လည်း အဆင်သင့်ရှိတယ်နော်၊ တကယ်စားပြီးလာတာ ဟုတ်ရဲ့လား၊ မစားရသေးရင်ပြော'

'တကယ်စားပြီးလာတာပါ မာလာ'

'ဒါဆို ခဏထိုင်ဦးကိုရဲ'

မာလာအိပ်ခန်းပြတင်းကနေ အရှေ့ဘက်ဆီ လှမ်းမျှော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်တယ်။ ရဲရင့်အခေါင် စားပွဲဝိုင်းနံဘေးကုလားထိုင်မှာ ဝင်ထိုင်နေလိုက်တယ်။

အတန်လေးကြာတော့…

'ကိုရဲ လထွက်လာပြီ၊ အိပ်ရာပေါ် သွားအိပ်ချေတော့၊ တော်ကြာ လရောင် အိပ်ရာပေါ်ကျလာတော့မယ်'

စက်ရုပ်တစ်ရုပ်လို ဘာညာစိတ်မပါဘဲ ရဲရင့်အခေါင်ကုတင်ဆီလျှောက်သွားလိုက်တယ်။ အိပ်ရာပေါ်တက်အိပ်နေလိုက်တယ်။ မာလာပြောသလို လထွက်ရာဆီမြင်ရအောင် ပြတင်းပေါက်ဘက် အရှေ့ဘက်စောင်းလှည့်အိပ်နေလိုက်တယ်။

ခဏမှာ အိပ်ခန်းတစ်ခန်းလုံး မှောင်ကျသွားတယ်။

'လရောင်သက်သက်နဲ့ပဲ နေကြတာပေါ့နော် ကိုရဲ'

မှောင်ထဲမှာထွက်ပေါ်လာတဲ့ မာလာရဲ့အသံ။

ခဏချင်းမှာပဲ အရှေ့ဘက်ဆီက မြင့်တက်လာတဲ့ လမင်းကို ပြတင်းပေါက်ဆီကနေ မြင်လိုက်ရတယ်။ ဒီည လပြည့်ညပဲ။

လရောင် ပြတင်းပေါက်ကိုဖြတ်ကျော်ပြီး အိပ်ယာထက်ကိုရောက်တယ်။ အိပ်ယာထက်ဆီက ရဲရင့်အခေါင်ကိုယ်ပေါ်ကိုလွှမ်းတယ်။ ရဲရင့်အခေါင်နောက်ကျောက မာလာရဲ့ရနံ့မွှေးမွှေးလေးကို ရဲရင့်အခေါင် ရှိုက်ရှူနေရတယ်။

နောက်ပြီး…

မာလာ ရဲရင့်အခေါင်နောက်နားမှာ ကပ်အိပ်လိုက်တာကို ရဲရင့်အခေါင် သိလိုက်ရတယ်။ မာလာကိုယ်နဲ့ ရဲရင့်အခေါင်



ကျောပြင်ထိသွားတာကိုး။ ရဲရင့်အခေါင် ရင်ခုန်မှုကို အနိုင်နိုင်ထိန်းသိမ်းရင်း လမင်းကို အာရုံကျကြည့်ရှုနေတယ်။

မာလာရဲ့ လက်ဖဝါးတစ်ဖက် ရဲရင့်အခေါင်ပခုံးကိုအုပ်ကိုင်လိုက်တယ်။

'ကိုရဲ လမင်းကိုကြည့်နေနော်၊ မာလာ ပုံစပြောတော့မယ်'

ရဲရင့်အခေါင်ကတော့ တုံ့ဏှိဘာဝေ။

'ကိုရဲ စိတ်တိုမနေနဲ့နော်၊ စိတ်ကိုလျှော့ထားနော်'

ရဲရင့်အခေါင် ဘာမှမပြော။

'နောက်ပြီး…'

မာလာအသံတိတ်သွားတယ်။

ဆက်မပြောဘဲရပ်နေတယ်။

မာလာရဲ့အသက်ရှူသံပြင်းပြင်းကို ရဲရင့်အခေါင်ကြားနေရတယ်။ အဲဒီအသက်ရှူသံစည်းချက်မမှန်ချင်။

အတော်လေးကြာမှ မာလာ အသက်ရှူသံပြန်မှန်သွားတယ်။

'နောက်ပြီး ရင်တွေဘာတွေ ခုန်မနေနဲ့ ကိုရဲရယ်နော်၊ ငြိမ်ငြိမ်နဲ့ ပုံပြင်ကို နားထောင်ပေးပါနော်'

ရဲရင့်အခေါင်ကတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ပန်ထွာဘုရင်မနဲ့ သွေးသားတော် ဘုရင်မလေး

မြန်မာနိုင်ငံကြီး ဖြစ်ပေါ်ထွန်းမှုမရှိသေးတဲ့ ပဝေသဏီ ရှေးကျကာလ။

ယခုမြန်မာနိုင်ငံရှိရာ နေရာတစ်နေရာမှာတော့ ဗိဿနိုးပြည်ကြီးရယ်လို့ ရှိနေပြီး အဲဒီပြည်ကြီးမှာ ပန်ထွာဘုရင်မအုပ်စိုးနေစဉ်ကာလနဲ့ ခေတ်ပြိုင်ကာလ။

ဟိမဝန္တာတောင်တန်းကြီးရဲ့ အတော်ဝေးဝေး အပြင်လို့ သတ်မှတ်ရမယ့်နေရာတစ်နေရာမှာ တောင်ကလပ်ကြီးတစ်ခုရှိတယ်။ အဲဒီခေတ်က ပညာရှင်ရသေ့ကြီးတွေရဲ့ အဆိုအမိန့်အရတော့ အဲဒီတောင်ကလပ်ကြီးဟာ မြေကြီးထဲက အလိုအလျောက် ထွက်ပေါ်လာတဲ့ တောင်ကလပ်ကြီးတဲ့၊ ထွက်ပေါ်လာစဉ်ကာလက တောင်ထိပ်ကနေ အလျှံငြီးငြီးမီးတောက်မီးလျှံတွေ လွှတ်နေတယ်တဲ့။ အဲဒီတောင်ကလပ်ကြီး နဂါးတိုင်းပြည်ကနေ ထွက်ပေါ်လာတာတဲ့၊ နဂါးမင်းကြီးက သူတို့နဂါးတိုင်းပြည်ဆိုတာ ရှိနေကြောင်း လူသားတွေ မမေ့မလျော့အောင် သတိပေးတဲ့ အမှတ်အသားတစ်ခုပဲ။



နဂါးတိုင်းပြည်က ထွက်ပေါ်လာတဲ့ တောင်ကလပ်ကြီး နှစ်တွေကြာတော့ မီးတွေငြိမ်းအေးသွားတယ်။ ပတ်ဝန်းကျင်ဆွင်ပြင်ကျယ်ကလည်း အတော့်ကိုကျယ်ကျယ်။ ဟိမဝန္တာတောင်တန်းအစပ်ကနေ တိဗက်ကုန်းမြင့်ကြီးအစပ်အထိပဲ။ ပေါက်လာတဲ့သစ်ပင်တွေဟာ ဆေးစွမ်းထက်သစ်ပင်တွေချည်းပဲ။ အဲဒီနေရာဟာ ကမ္ဘာတစ်ကမ္ဘာတိုင်းမှာ ခမ်းနားကြီးကျယ်တဲ့တိုင်းပြည်ကြီးတစ်ခု အမြဲဖြစ်ပေါ်လေ့ရှိတဲ့နေရာလို့ ရသေ့ကြီးတွေ ဆိုတယ်။

ယခုလည်း အဲဒီနေရာမှာ ခမ်းနားကြီးကျယ်တဲ့ တိုင်းပြည်ကြီးတစ်ခု ဖြစ်နေပြီ။ ဖော်ပြခဲ့တဲ့အတိုင်း ပန်ထွာဘုရင်မနဲ့ ခေတ်ပြိုင်ကာလမှာတော့ အဲဒီတိုင်းပြည်ကြီးရဲ့ စည်ပင်ဝပြောမှုဟာ အထွဋ်အထိပ်ပဲ။ အဲဒီကာလမှာ အဲဒီတိုင်းပြည်ကြီးကို အုပ်စိုးနေသူဟာလည်း ဘုရင်မလေးတစ်ပါးပဲ။

နာဂဂီရိနေပြည်တော်ကြီးနဲ့ နာဂမာလာဘုရင်မလေး။

နာဂဂီရိနေပြည်တော်ကြီးဆိုတာ နဂါးတိုင်းပြည်ကနေ ထွက်ပေါ်လာတဲ့ တောင်ကလပ်ကြီးရဲ့နံဘေးပတ်လည်မှာ တည်ဆောက်ထားတဲ့ တိုင်းပြည်မို့ အဲဒီတောင်ကြီးကို အစွဲပြုပြီး ခေါ်တွင်နေတာ။ အဲဒီတောင်ကြီးအမည်က နာဂဂီရိတောင်။

နာဂမာလာဘုရင်မလေးဆိုတာက…

အဲဒီမင်းသမီးလေး မွေးကာစ သလွန်ထက်မှာထိုင်ထားဧည့် သလွန်ခေါင်းရင်းမှာ ဘယ်ကဘယ်လိုရောက်လာမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ကယ်လိုအမျိုးအစားမှန်းမသိတဲ့ အင်မတန်ကြီးမားတဲ့ အမောက်နဲ့ မြွေကြီးတစ်ကောင် ခွေခွေကြီးရောက်နေတာကို တွေ့ရတယ်။ ခွေခွေကြီးပေါ်မှာ နှင်းဆီပန်းနီနီတစ်ပွင့်။

မိဖုရားကြီးရဲ့ ခန်းဆောင်အတွင်း အခြွေအရံတွေ၊ ပြေးလွှားယောက်ယက်ခတ်သွားတယ်။ ခန်းဆောင်ပြင်က ရဲမက်တွေကို သွားခေါ်ပြီး ခန်းဆောင်အတွင်း ပြန်အဝင်လာမှာတော့ မြွေကြီးမရှိတော့။ နှင်းဆီပန်းနီနီလေးကတော့ ကျန်ခဲ့တယ်။

အဲဒီမြွေကြီးကို နဂါးလို့သူတို့ယူဆကြတယ်။ ဒီလောက်အကောင်ကြီးကြီး ပျောက်ချင်းမလှပျောက်သွားကြတာကိုး။ မင်းသမီးလေးကို နဂါးက ပန်းလာဆက်တယ်လို့ သူတို့ယူဆကြတယ်။ အဲဒီကာစ မင်းသမီးလေးရဲ့ အမည်သညာ နာဂမာလလို့ တွင်တယ်။

စင်စစ် ပန်ထွာဘုရင်မနဲ့ နာဂမာလဘုရင်မလေးတို့ဟာ အဆက်အစပ်ရှိတယ်။ လူချင်းဆက်စပ်မှုတော့ မဟုတ်။ သွေးသားချင်းဆက်စပ်မှု။

ရှေ့ဦးလူမျိုးတို့ အုပ်စုအလိုက် မြန်မာပြည်တွင်းဝင်ရောက်လာမှုကိစ္စမှာ ဗိဿနိုးပြည်ကြီးတူထောင်မယ့်အုပ်စုနဲ့ နာဂကိရိပြည်ကြီးတူထောင်မယ့်အုပ်စု။ မူလတစ်အုပ်စုတည်းဖြစ်တယ်။

ယခုမြန်မာနိုင်ငံကြီးဖြစ်နေတဲ့ နေရာရဲ့တစ်နေရာမှာ အဲဒီအုပ်စုသဘောထားကွဲလွဲကြတယ်။ အချို့က ဟိမဝန္တာဘက်ဆန်





ဘက်ချင်ကြပြန်တယ်။ တချို့က ရောက်နေတဲ့ ပင်လယ်နားနီးနီး နေရာတွေဆီမှာပဲ နေရာကောင်းရွေးချယ်ပြီး အထိုင်ချနေချင်ကြတယ်။

ဟိမဝန္တာဘက်ဆန်တက်ရင် ကောင်းခြင်းတွေရှိသလို၊ ဆိုးခြင်းတွေကလည်း ရှိတယ်။ ဒီနည်းတူ ပင်လယ်နားနီးနီး ဝန်းကျင်မှာ နေကြမယ်ဆိုရင်လည်း ကောင်းခြင်းတွေရှိသလို ဆိုးခြင်းတွေရှိတယ်။

လူချင်းစိတ်တွေ၊ စရိုက်တွေ သန်ရာသန်ရာတွေ မတူကြတော့ ဘယ်လိုမှညှိနှိုင်းယူလို့မရကြဘူး။ နောက်ဆုံးတော့ အုပ်စုနှစ်အုပ်စုဖြစ်သွားတယ်။ တစ်အုပ်စုက မြောက်ဘက်ဆန်တက်သွားတယ်။ တစ်အုပ်စုက အဲဒီဝန်းကျင်မှာပဲ သင့်တော်ရာနေရာရွေးချယ်ဖို့ ကျန်ခဲ့ကြတယ်။

နောင်အခါ ကျန်ခဲ့တဲ့အုပ်စုက ဗိဿနိုးပြည်ကြီးကို တူထောင်နိုင်တဲ့အုပ်စုဖြစ်သွားပြီး ထွက်ခွာသွားတဲ့အုပ်စုက နာဂကိရိပြည်ကြီးကို တူထောင်နိုင်တဲ့အုပ်စုဖြစ်သွားတယ်။

ထွက်ခွာသွားတဲ့အုပ်စုမှာ ကျန်ခဲ့တဲ့အုပ်စုထက် အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ပိုပါသွားတယ်။ အဲဒီအခါက အသိပညာရှင်၊ အတတ်ပညာရှင်တွေဆိုတာ နောင်အခါ ဗေဒင်ပညာအမျိုးမျိုးထဲ ပါဝင်တဲ့ဗေဒင်ပညာ အမျိုးမျိုးတတ်ကျွမ်းသူတွေ။ နောင်အခါ ပန်းဆယ်မျိုးအတတ်ပညာထဲ ပါဝင်တဲ့ ပန်းပညာအမျိုးမျိုးတတ်ကျွမ်းသူတွေ။ လေရေမြေမိုးကောင်းကင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘာဝနဲ့ဓာတ်တွေကို တတ်သိပြီး ခွဲခြမ်းစိတ်ဖြာလိုရာ အသုံးပြုနိုင်ကြသူတွေ၊ လက်နက်၊ အတိုက်အခိုက်၊ အတတ်ပညာကျွမ်းကျင်သူတွေ။ ဝိဇ္ဇာဥ်အတက်ပညာအမျိုးမျိုးနဲ့ အစီအမံကိစ္စအမျိုးမျိုး ပြုလုပ်နိုင်သူတွေ ဖြစ်တယ်။

အဲဒါကြောင့်လည်း နာဂဂီရိပြည်ကြီးရဲ့ ခမ်းနားစည်ပင်ဝပြောတိုးတက်မှုဟာ ဗိဿနိုးပြည်ကြီးထက် အစစအရာရာသာတယ်။ နောက်ပြီး နာဂမာလဘုရင်မလေးမတိုင်မီ့ ခမည်းတော်မင်းတရားကြီးတိုင်ပြည်အုပ်ချုပ်စဉ်က ကိုးကွယ်ခဲ့တဲ့ ရသေ့ကြီးတစ်ပါး။

ဟိမဝန္တာကနေ မကြာခဏ ကြွလာတတ်တဲ့ သက်တော်ရှည်ရသေ့ကြီး။ နာဂဂီရိပြည်ကြီးရဲ့ နန်းတွင်းရေးရာမှာ တိုင်းပြည်ကို နိုင်နင်းစွာအုပ်ချုပ်နိုင်မှုအတွက် အသိပညာ၊ အတတ်ပညာတွေအများကြီးပေးခဲ့တယ်။ အဲဒီရသေ့အရှင်ပေးခဲ့တဲ့ပညာတွေက တိုင်းပြည်အဝှမ်းက လူတွေကိုမပြောနဲ့တော့ တိရစ္ဆာန်တွေကိုပါ အုပ်ချုပ်နိုင်မှုဖြစ်စေခဲ့တယ်။ နန်းတွင်းသူနန်းတွင်းသားတွေ မာဂဓဘာသာစကားပြောတတ်ကြတယ်။ တောတွင်းတိရစ္ဆာန်တွေ ရံဖန်ရံခါ နန်းတော်ဆီအရောက် ရောက်လာတတ်ကြပြီး အကူအညီတောင်းသင့်တာတောင်း၊ တိုင်ပင်သင့်တာ တိုင်ပင်လုပ်တတ်ကြတယ်။ ဘုရင်မင်းမြတ်ရဲ့ အမိန့်အရ နန်းမြို့ထဲဝင်ရောက်လာကြတာကို ဘယ်သူကမှ အန္တရာယ်မပြုကြရဘူး။ လူတွေမသိနိုင်မလုပ်နိုင်တဲ့ကိစ္စတချို့ကို အဲဒီတောတွင်းတိရစ္ဆာန်တွေကို ခေါ်မေး၊





ခေါ်ခိုင်းလည်းရတယ်။ နန်းမြို့တွင်း ပွဲလန်းသဘင်တွေထိ သူတို့လာခွင့်တောင်းရင်လည်း ပေးတန်ပေးရတယ်။

ရသေ့ကြီးရဲ့အဆိုအမိန့်အရတော့ သူက ဒီဘုရင်ကြီးကို ပေးဆပ်စရာရှိလို့ စောင့်နေတာဖြစ်တယ်တဲ့။ ပေးဆပ်စရာတွေ ပေးဆပ်ပြီးသွားတော့ သူလူ့ပြည်မှာ အလုပ်ဆက်လုပ်စရာ မရှိတော့ပြီလို့ မိန့်ဆိုပြီး သက်တော်ရှည်ရသေ့ကြီး ဟိမဝန္တာပြန်ကြွသွားတယ်။ အဲဒီအခေါက်က ရသေ့ကြီးကို ဖူးမြင်ကြရခြင်း နောက်ဆုံးအကြိမ်ပဲ။ ရသေ့ကြီး နာဂဂီရိကို လုံးဝကြွမလာတော့။

စင်စစ် မာလဘုရင်မလေးလက်ထက် နာဂဂီရိတိုင်းပြည်ကြီးရဲ့ စည်ပင်မှုအထွတ်အထိပ်ဖြစ်ရတာက ခမည်းတော်မင်းတရားကြီးလက်ထက်တစ်လျှောက်လုံး ကြိုးပမ်းဆောက်တည်ခဲ့မှုရဲ့ အသီးအပွင့်တွေပဲဖြစ်တယ်။ ခမည်းတော်မင်းတရားကြီး နှစ်ငါးဆယ်တိုင်တိုင် တိုင်းပြည်ကို တည်ဆောက်အုပ်ချုပ်ခဲ့တယ်။ သက်တော် နှစ်ဆယ့်သုံးနှစ်မှာ နန်းတက်ခဲ့ပြီး သက်တော်ခုနှစ်ဆယ့်သုံးနှစ်မှာ နတ်ရွာစံကံတော်ကုန်ခဲ့တယ်။

မင်းတရားကြီးဟာ နန်းသက်နှစ်ဆယ်ကြာမှ မိဖုရားခေါင်ကြီးကိုရွေးချယ်ကြင်ရာမြှောက်တော်မူခြင်းဖြစ်တယ်။ မိဖုရားခေါင်ကြီးက သူ့ထက်သက်တော်နှစ်ဆယ်ကျော်ငယ်တော်မူတယ်။ မင်းတရားကြီး သူ့မိဖုရားကို အရမ်းမြတ်နိုးတော်မူရှာတယ်။ မိဖုရားခေါင်ကြီး မင်းတရားကြီးနဲ့ ပေါင်းသင်းမှုဆယ်နှစ်ကြာကြာမှ ဝမ်းကြာင့်ခြင်းအဖြစ် ဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားသန့်စင်လာတော်မူတဲ့ ရတနာလေးက သမီးရတနာလေး။ဖော်ပြခဲ့တဲ့ နာဂဓာလဘုရင်မအကြောင်းအကျဉ်းလေး။

မင်းတရားကြီး သမီးတော်လေးကို အရမ်းချစ်မြတ်နိုးတော်မူတယ်။ တိုင်းရေးပြည်ရေးမှာ တစ်လျှောက်လုံး တာဝန်ကျေခဲ့တဲ့မင်းတရားကြီး သမီးတော်လေးအရေးမှာလည်း တာဝန်ကျေရပြန်တယ်။ သမီးတော်လေး တတ်သိတတ်အပ်ရာ၊ သိသင့်သိအပ်ရာတွေ တတ်သိအောင် ကိုယ်တော်တိုင်လည်း သင်ကြားပေး၊ အတတ်ပညာရှင်တွေ၊ အသိပညာရှင်တွေဆီမှာလည်း သင်ကြားနိုင်း။

ဒါကြောင့်လည်း မင်းသမီးလေးဟာ ငယ်ရွယ်စဉ်ကာလကတည်းက အတတ်ပညာ၊အသိပညာ အတော်စုံခဲ့တယ်။ တစ်ဆယ့်နှစ်နှစ်သမီးကတည်းက အတတ်ပညာ၊အသိပညာတွေနဲ့ ပတ်သက်ပြီး ကျော်ဇောမှုဖြစ်ခဲ့တယ်။

မင်းသမီးလေး သက်တော်တစ်ဆယ့်ငါးနှစ်မှာ မယ်တော်မိဖုရားခေါင်ကြီးနတ်ပြည်စံကာလမှာပဲ ကံတော်ကုန်သွားရှာတယ်။ မရှေးမနှောင်းဆိုသလိုပဲ မင်းသမီးလေးသက်တော်တစ်ဆယ့်ကိုးနှစ်အရွယ်မှာ ဖခမည်းတော်မင်းတရားကြီး နတ်ရွာစံကံတော်ကုန်သွားပြန်တယ်။

မင်းတရားကြီးရဲ့ မိန့်မှာထားချက်အရ တစ်ပါးတည်းသော မင်းမျိုးမင်းနွယ် အထွတ်အထိပ်ဖြစ်တဲ့အတွက်ရော၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့အတွက်ရော၊ မင်း





တရားကြီး နတ်ရွာစံပြီးတယ်ဆိုရင်ပဲ နန်းတွင်းအမတ်တွေက တစ်ဆယ့်ကိုးနှစ်အရွယ် မင်းသမီးလေးကို ဘုရင်မလေးအဖြစ် ဘင်မြှောက်ခဲ့ကြတယ်။

တကယ်မှာလည်း ဘုရင်မလေးတိုင်းပြည်ကို အရည်အချင်းအပြည့်နဲ့ အုပ်ချုပ်နိုင်ခဲ့ပါတယ်။ ခမည်းတော်ရဲ့ သွန်သင်မှုတွေနဲ့ ခမည်းတော်နဲ့စိတ်ဓာတ်မျိုးအပြည့်ဖြစ်နေတဲ့ ဘုရင်မလေးတိုင်းပြည်ကို နိုင်နင်းသေသပ်စွာ အုပ်ချုပ်နိုင်ခဲ့သလို တိုင်းပြည်ရဲ့ တိုးတက်မှုထူထောင်ရာမှာလည်း ခမည်းတော်လိုပဲ စိတ်အားထက်သန်လှပါတယ်။

ခမည်းတော်လက်ထက်ကတည်းက အရှိန်အဟုန်ဖြစ်နေတဲ့ ပြည်တွင်းရိက္ခာ ပြည်တွင်းမှာပဲ လုံလောက်စွာရရှိရေး အစီအစဉ်၊ စိုက်ပျိုးရေးအစီအစဉ်တွေကို တိုးချဲ့နိုင်ခဲ့တယ်။ ရေရှိရာရေသွယ်နိုင်တဲ့နေရာ၊ ရေတင်နိုင်တဲ့နေရာတိုင်း စိုက်ပျိုးသီးနှံတွေဝေတဲ့နေရာတွေ ဖြစ်နေတော့တယ်။ ရေသွယ်မှုနဲ့ရေတင်နိုင်မှုထိစွာတွေကိုလည်း တိုးချဲ့နိုင်ခဲ့တယ်။ တောင်စောင်းမြေလွတ်မြေရိုင်းတွေဆီ ရေတင်နိုင်မှုကိစ္စ တိုးချဲ့နိုင်တဲ့အတွက် စိုက်ပျိုးနိုင်မြေဧကတိုးတက်များပြားလာခဲ့တယ်။

တိုင်းပြည်ရဲ့ အဓိကစီးပွားရေးဖြစ်တဲ့ ကျောက်မျက်ရတနာထူးဖော်ရေးကိစ္စတွေကိုလည်း ပိုစနစ်ကျအောင် ပိုတွင်ကျယ်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။

သူတို့တိုင်းပြည်မှာက ရွှေငွေနဲ့ကျောက်မျက်ရတနာ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်တိုင်းရတယ်လို့ ပြောလို့တောင်ရတဲ့အနေအထား၊ တောင်တိုင်း တောင်တိုင်းမှာ ကျောက်မျက်ရတနာတွေနဲ့ချည်း ကျောက်မျက် ရတနာ မထွက်တဲ့တောင်လုံးဝမရှိ။ ငွေနဲ့ အညံ့စားကျောက်မျက် ရတနာမျိုးတွေ သူတို့ပစ္စလခတ်ပဲ။ ရွှေနဲ့အကောင်းစား ကျောက် မျက်ရတနာတွေကိုပဲ သူတို့ အသုံးပြုတယ်။

နာဂမာလာဘုရင်မလေးရဲ့ စံနန်းတော်ကြီးဆို ရွှေအတိပဲ လို့ ပြောရလောက်တယ်။ ပန်းကန်ခွက်ယောက် ပရိဘောဂကအစ ရွှေနဲ့ လုပ်ထားတယ်။

အကောင်းစား ကျောက်မျက်ရတနာတွေက သူတို့ တိုင်းပြည်ရဲ့ စီးပွားရေးထွက်ကုန်ပဲ။ ဖိုင်းပြည်ရဲ့မြောက်ဘက် အစွန်ဆုံးမှာ ရတနာတံခါးလို့အမည်တွင်နေတဲ့ မြို့ကြီးတစ်မြို့ရှိ တယ်။ အဲဒီမြို့ကြီးရဲ့နာမည်အမှန်က ဥတ္တရဂိရိမြို့တော်ကြီးဖြစ် တယ်။ မြောက်ဘက်စွန်းတောင်ပေါ်မှာ မြို့တည်ထားတာမို့ ဥတ္တရဂိရိမြို့လို့ အမည် သတ်မှတ်ခဲ့တယ်။ တိုင်းပြည်တွင်းက အကောင်းစားကျောက်မျက်ရတနာတွေ အဲဒီမြို့မှာ အရောင်းအဝယ် ဖြစ်လေ့ရှိတယ်။ တချို့ကျတော့လည်း အဲဒီမြို့ဈေးကွက်ကကျော် ပြီး တခြားတိုင်းပြည်ထိ ကိုယ်တိုင်သွားရောက်ရောင်းချတတ်ကြ တယ်။ ဒါပေမဲ့ အဲဒီလို လူမျိုးက ရှားတယ်။ ကရိကထများလွန်း တာမို့ရယ်၊ လမ်းခရီး အန္တရာယ်များလွန်းတာမို့ရယ်။ နောက်ပြီး တခြားတိုင်းပြည်တွေက ဈေးကွက်တွေမှာ ဥတ္တရဂိရိရတနာ ကုန် သည်ကြီးတွေလောက် အရောင်းအချ မကျွမ်းကျင်လို့ရယ်၊





ခက်ခက်ခဲခဲ ပွန်းပွန်းစားစား သွားလာရပြီး တစ်ခါတလေဥတ္တရဂိရိ ဈေးကွက်မှာ ရောင်းချရသလောက် တန်ဖိုးငွေကြေးလောက်သာ ရတတ်ကြတယ်။

ဥတ္တရဂိရိက ရတနာကုန်သည်ကြီးတွေကတော့ လမ်း ခရီးလည်းကျွမ်းကျင်တယ်။ တခြားတိုင်းပြည်က ဈေးကွက်ကို လည်း ကျွမ်းကျင်တယ်။ ဒါကြောင့်လည်း တိုင်းပြည်အနှံ့က ရတနာတွေ သူတို့မြို့မှာပဲ ရောင်းချမှုကိစ္စ ပြတ်တာချည်းလိုလို ပါပဲ။ သူတို့ကမှ တခြားတိုင်းပြည်တွေဆီ အပ်စုလိုက်သွားရောက် ရောင်းချတတ်ကြတယ်။ သူတို့တစ်တွေ အရမ်းကြီးပွားချမ်းသာ ကြတယ်။ ကြီးပွားချမ်းသာမှုတွေများတဲ့ အဲဒီဥတ္တရဂိရိမြို့ကြီး လည်း အရမ်းစည်ပင်ဝပြောတယ်။ နာဂဂိရိတိုင်းပြည်ကြီးအတွင်း မှာတော့ အဲဒီဥတ္တရဂိရိမြို့သားတွေ လူမော်တွေချည်းပဲ။

ဥတ္တရဂိရိက ရတနာကုန်သည်တွေ ကြီးပွားချမ်းသာ မယ်ဆိုလည်း ကြီးပွားချမ်းသာထိုက်ပါတယ်။ သူတို့အလုပ်က လည်း သိပ်တော့မလွယ်။ ဥတ္တရဂိရိတောင်ကနေ အရှေ့ဘက် တိုင်းပြည်နဲ့၊ အနောက်ဘက်တိုင်းပြည်တွေဆီသွားလို့ရနိုင်တဲ့ ကုန်သည် လမ်းပေါ်ရောက်အောင် ဆယ်ရက်လောက်ခရီးသွားရ တယ်။ လမ်းက ကြမ်းတမ်းတယ်။ သားရဲတိရစ္ဆာန်တွေအန္တရာယ် နဲ့လူရိုင်းတွေအန္တရာယ်ကလည်း ကြီးမားလွန်းလှတယ်။ ကုန်သည် လမ်းပေါ်ရောက်တော့လည်း အဲဒီလမ်းကို ကုန်သည်လမ်းလို့ အလွယ်တကူခေါ်ရပေမယ့် အဲဒီလမ်း လမ်းကောင်းလမ်းမ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်းပြည်က ကုန်သည်ကြီးတွေ အနောက်တိုင်းပြည်တွေဆီ ရံဖန်ရံခါ သွားလာတတ်တဲ့လမ်းမို့သာ ကုန်သည်လမ်းလို့ အလွယ် တကူခေါ်တာ။ လမ်းက တကယ့်လမ်းဆိုးလမ်းကြမ်း။ အရှေ့တိုင်းပြည်က ကုန်သည်တွေသွားလာရမှုမှာလည်း အုပ်စုအင်အား ကြီးကြီးမားမားဖွဲ့ပြီးမှ သွားလာရတာ။ ခြေလျင်ကုန်သည်မျိုး မသွားလာရဲ။ လှည်းကုန်သည်ကြီးတွေလောက်သွားလာကြတာ။ အင်အားကြီးမားတဲ့ လှည်းကုန်သည်တွေတောင် ဓားပြတွေရဲ့ အတိုက်ခဏခဏခံကြရတယ်။ ဓားပြအဖွဲ့တွေကလည်း သိပ်ရက်စက်တယ်။ ပစ္စည်းယူရုံမက လူတွေလည်း အကုန်သတ်ပဲ။ နောက်ပြီး လမ်းပန်းအခြေအနေတို့ ရာသီဥတုတို့ကလည်း ဆိုးဆိုးဝါးဝါး။ သားရဲတိရစ္ဆာန်တွေ အန္တရာယ်ကလည်း ကြီးမားပါ့။ အရမ်းကို စွန့်စားရဲမှ သွားလာရဲကြတာ။

ဥတ္တရဂီရိမြို့ကလူတွေ ကြီးပွားချမ်းသာမှုက အဲဒီလိုစွန့်စားသွားလာပြီး ရတနာရောင်းချမှုကြောင့်။ သူတို့အဆို တစ်ခေါက်သွားရင် တစ်သက်စာဖူလုံဆိုပဲ။ အခေါက်ခေါက်သွားသူတွေရဲ့ ကြီးပွားချမ်းသာမှုကို တွေးသာကြည့်တော့။ လူတွေချမ်းသာတော့ မြို့ပါချမ်းသာပြီး နာဂဂီရိနေပြည်တော်ကြီးနဲ့တောင် အပြိုင်အဆိုင် လိုဖြစ်နေတယ်။

နာဂဂီရိတိုင်းပြည်ကြီးမှာ ထင်ရှားတဲ့မြို့တစ်မြို့ရှိသေးတယ်။ အဲဒီမြို့ကိုတော့ နာဂဂီရိတိုင်းပြည်ကြီးရဲ့ တောင်ဘက် အစွန်ဆုံးတောင်ကြီးပေါ်မှာရှိတာမို့ ဒက္ခိဏဂီရိမြို့ကြီးလို့ ခေါ်တွင်



ကြတယ်။ အဲဒီမြို့က မင်းမှုထမ်းကောင်းတွေအများကြီး ထွက်တယ်။ အဲဒီမြို့ကလူတွေ ဉာဏ်ပညာအမြော်အမြင်ကြီးသူတွေ ဖြစ်တယ်။ လက်မှုလုပ်ငန်းအတတ်ပညာရှင်တွေလည်း များတယ်။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုမှာ အဲဒီမြို့သားတွေရဲ့ ထုတ်လုပ်မှုချည်းပဲ။ သူတို့က တောင်အောက်ကရေတွေ တောင်ပေါ်ဆန့်တက်နိုင်အောင် သူတို့လက်မှုအတတ်စွမ်းအားနဲ့ ဖန်တီးနိုင်သူတွေဖြစ်တယ်။ တောင်ခြေမှာ ချောင်းကြီးတွေနဲ့ မြေပြန့်များလည်း ရှိတာမို့ အဲဒီမြို့ဝန်းကျင်မှာ တောင်ပေါ်တွေအထိ စိုက်ခင်းတွေ တစ်ဆယ့်နှစ်ရာသီလုံးလုံးပဲ။ အဲဒီမြို့ဟာ တစ်တိုင်းပြည်လုံးရဲ့ အသုံးအဆောင်သိုလှောင်ရုံကြီးလိုပဲ။ သစ္စာရှိမင်းမှုထမ်းတွေရဲ့ ဇာတိမြေလည်းဖြစ်တာမို့ တိုင်းပြည်ရဲ့အင်အားမြို့ပဲ။ ဒါကြောင့် နာဂဂီရိပြည်ကြီးမှာ ထင်ရှားနိုင်တဲ့မြို့ကြီးတစ်မြို့ ဖြစ်နေတော့တယ်။

နာဂဂီရိတိုင်းပြည်ကြီးမှာ တခြားမြို့ကြီးနှစ်မြို့ရှိသေးတယ်။ ပုရတ္ထိမဂီရိနဲ့ ပစ္ဆိမဂီရိဆိုတဲ့ တောင်ပေါ်မြို့ကြီးနှစ်မြို့ပဲ။

ပုရတ္ထိမဂီရိမြို့က နာဂဂီရိတိုင်းပြည်ကြီးရဲ့ အရှေ့ဘက် အစွန်ဆုံးတောင်ကြီးပေါ်မှာ တည်ရှိပြီး ပစ္ဆိမဂီရိမြို့က နာဂဂီရိတိုင်းပြည်ကြီးရဲ့ အနောက်ဘက်အစွန်ဆုံးတောင်ကြီးပေါ်မှာ တည်ရှိတယ်။ အဲဒီမြို့တွေလည်း သူတို့အထိုက်အလျောက် စည်ကားကြပါတယ်။ ဥတ္တရဂီရိမြို့နဲ့ ဒက္ခိဏဂီရိမြို့တွေကိုတော့ မမီ။ နောက်ပြီး သူတို့ အထိုက်အလျောက်စည်ကားကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမြေပြန့် မြို့ကလေးတွေလည်း ရှိသေးတယ်။

နာဂကီရိတိုင်းပြည်ကြီးမှာ တစ်နှစ်တစ်ခါ အရမ်းစည်ကား သိုက်မြိုက်တဲ့ ပွဲကြီးတစ်ခုရှိတယ်။ တခြားပွဲတွေထက် ပိုစည်ကားတယ်။ နာဂမာလာဘုရင်မလေးရဲ့ ဖခမည်းတော်လက်ထက်ကတည်းက အထူးဦးစားပေးကျင်းပတဲ့ပွဲမို့ ဖြစ်တယ်။ အနယ်နယ်အရပ်ရပ်က လူတွေစုလှတဲ့ပွဲဖြစ်တယ်။ နန်းမြို့တွင်းစစ်သည်တော်တွေက အနယ်နယ်အရပ်ရပ်ကမို့ ဒီပွဲကို အနယ်နယ် အရပ်ရပ်က လာကြခြင်းဖြစ်သလို အနယ်နယ်အရပ်ရပ်က စစ်သည်တွေ စစ်ရေးပြကြရအောင် လာကြရတဲ့အတွက် အနယ်နယ် အရပ်ရပ်က ပရိသတ်တွေပါ ပါလာကြတယ်။ လူသိပ်စုံတဲ့ပွဲဖြစ်တယ်။ ဒီကြားထဲ တောတွင်းတိရစ္ဆာန်အချို့ပါ ရောက်လာတတ်ကြသေးတယ်။

အဲဒီပွဲကို ဆယ်ရက်တိတိ ကျင်းပလေ့ရှိတယ်။

ပထမရက်တွေ၊ ကိုးရက်က လူစစ်သည်များ၊ မြင်းစစ်သည်များ၊ ဆင်စစ်သည်များရဲ့ ပြပွဲပြိုင်ပွဲတွေဖြစ်ပြီး နောက်ဆုံးရက်က ဆုပေးပွဲနဲ့ ပျော်ပွဲကပွဲ။

ဆုကို ဘုရင်ကိုယ်တိုင်က ပေးရတယ်။

ဆုရတဲ့လူ လူသူ့ရဲကောင်းစာရင်းဝင်တယ်။

ဆုရတဲ့မြင်း မြင်းသူ့ရဲကောင်းစာရင်းဝင်တယ်။

ဆုရတဲ့ဆင် ဆင်သူ့ရဲကောင်းစာရင်းဝင်တယ်။

သူ့ရဲကောင်းပွဲတော်လို့ နာဂကီရိတိုင်းပြည်ကြီးမှာ ထင်ရှားတဲ့ ပွဲတော်ကြီးဖြစ်တယ်။





အမှန်က နာဂကီရိတိုင်းပြည်ကြီးမှာ ကြီးမားတဲ့စစ်ပွဲတွေ မရှိခဲ့ပါဘူး။ တောင်ကြိုတောင်ကြား ချောင်ကျကျတိုင်းပြည် သူသိသူသိမရှိ။ သဘာဝအခြေအနေအထားကိုက ကွယ်ထားဖုက်ထားပေးသလို ဖြစ်နေတဲ့တိုင်းပြည်ကြီးကို တခြားတိုင်းပြည်တွေက မသိကြဘူး။

သူတို့ကလည်း တခြားတိုင်းပြည်ကြီးတွေကို စိတ်မဝင်စားကြဘူး။ သူတို့တိုင်းပြည်နဲ့သူတို့အေးချမ်းစည်ပင်စွာ နေထိုင်နိုင်ဖို့ပဲ စိတ်ဝင်စားတယ်။ ဒါကြောင့်လည်း တခြားတိုင်းပြည်ကြီးတွေကို သွားရောက်ဆက်စပ်မှု၊ ကူးလူးဆက်ဆံမှုမရှိဘူး။

လူတွေနဲ့ ဆက်ဆံမှုမရှိတော့ ပြဿနာမရှိဘူး။

ပြဿနာမရှိတော့ စစ်မရှိဘူး။

ဒါပေမဲ့ ခမည်းတော် ဘုရင်ကြီးရဲ့ လက်ထက်တော် တစ်လျှောက်လုံးမှာတော့ စစ်ရေးကို မလျှော့မပေါ့ အထူးဂရုစိုက်တော်မူခဲ့တယ်။

'ခမည်းတော်ဘုရား နာဂကီရိအတွက် စစ်ရေးပြင်ဆင်မှုတွေဟာ အပိုတွေဖြစ်မနေဘူးလား'

နာဂကီရိမင်းသမီးလေးဘဝက ခမည်းတော်ကို လျှောက်တင်ဖူးတယ်။

မင်းတရားကြီးပြုံးတော်မူတယ်။

'သမီးတော်ရဲ့ အမေးတော်က ဘယ်လိုသဘောမှာ အခြေခံပြီး မေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခမည်းတော်ကလည်း သမီးတော်တို့တိုင်းပြည်ကို လာတိုက်မယ့်ပြည်မှ မရှိဘဲ။ ခမည်းတော်ကလည်း ဘယ်တိုင်းပြည်ကိုမှ သွားတိုက်ခိုက်မှာမှ မဟုတ်ဘဲ'

'ဖခမည်းတော်ရဲ့ သက်တော်တစ်လျှောက်လုံးမှာ ဘယ်တိုင်းပြည်ကမှလည်း လာမတိုက်ခိုက်ဘူး၊ ခမည်းတော်ကိုယ်တိုင်ကလည်း ဘယ်တိုင်းပြည်ကိုမှ သွားတိုက်ခိုက်ဖို့ မရည်ရွယ်ဘူး၊ ဒါပေမဲ့ သမီးတော်မှတ်ထားပါ၊ ကိုယ့်ဘဝတစ်လျှောက်လုံးရဲ့ အမြင်အသိလောက်သာ အမှန်တရားမဟုတ်ဘူး၊ အမှန်တရား အစစ်အမှန်က လူသားမျိုးနွယ် အစဉ်အဆက်အမြင်အသိစုစည်းမှုပါ။ အမြင်အသိမှန်ကန်မှု အစစ်အမှန်ကို လိုချင်ရင် ကိုယ့်အမြင်အသိလောက်မှာသာ အခြေမခံပါနဲ့။ ဒါကြောင့်လည်း ရှေးလူတွေရဲ့ ပညာအစဉ်အဆက်ကို နောက်လူတွေ သင်ယူကြရတာပေါ့။ နောက်လူတွေ ကိုယ့်ဘဝအမြင်အသိပေါ်မှာတင် ပညာရှာဖို့ဆိုတာ ဘယ်လိုမှ ခိုင်မာမှုမရှိတဲ့ စိတ်ကူးယဉ်ခြင်းတစ်ရပ်ပဲ'

မင်းတရားကြီး ဆက်မိန့်တယ်။

'တခြားကိစ္စတွေထား၊ စစ်ရေးကိစ္စကိုပဲ ခမည်းတော်ဆက်ပြောမယ်၊ ရှေးလူတွေစကားအစဉ်အလာရှိခဲ့တယ်၊ တိုင်းပြည်မှန်ရင် စစ်ဖြစ်ရတတ်စမြဲတဲ့၊ ဖခမည်းတော်လက်ထက်မှာ စစ်မက်ငြိမ်းချမ်းတာနဲ့ ဒီရှေးလူတွေ စကားမှားတယ်လို့ ပြောလို့မရဘူး၊ နာဂကီရိတိုင်းပြည်ကြီးဟာ ခမည်းတော်ရဲ့ နန်းသက်ထဲမှာပဲ ရှိနေမှာမဟုတ်ဘူးလေ၊ ခုက်ရှိနေဦးမှာ၊ ဘယ်လက်ထက်



ကျ စစ်ဖြစ်မှာလဲ၊ ဖြစ်တော့ဖြစ်မှာပဲ၊ ရှေးလူတွေစကား ဘယ်တော့မှ မမှားနိုင်ဘူး၊ အဲဒီလိုဖြစ်လာရင် နာဂကီရိရဲ့ စစ်ရေးအင်အားတောင့်တောင့်တင်းတင်းဖြစ်နေနိုင်အောင် နာဂကီရိရဲ့ ဘုရင်ဖြစ်တဲ့ ခမည်းတော်က အစဉ်အလာလုပ်ပေးနေရတာပဲ၊ အဲဒါဘုရင်တစ်ပါးရဲ့ တာဝန်ပဲ၊ ပေါ့လို့မရဘူး၊ စစ်ရေးပေါ့တဲ့ ဘုရင်ဟာ တိုင်းပြည်ကို ဖျက်နေတာနဲ့ အတူတူပဲ'

မင်းတရားကြီး ဆက်မိန့်ပြန်တယ်။

'သမီးတော်လေး မှတ်ထား၊ တစ်ယောက်ချင်းဘဝအတွက်ဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ဖြစ်ဖြစ် ရှေးလူတွေရဲ့ စကားဟာ အင်မတန်အရေးကြီးတယ်၊ ရှေးလူတွေရဲ့ စကားကို အရေးမထားတဲ့လူ ဘဝပျက်နိုင်တယ်၊ အဲ… တိုင်းပြည်ဆိုရင်လည်း အဲဒီတိုင်းပြည် ပျက်တတ်တယ်'

နောက် မင်းတရားကြီး သမီးတော်ကို ဆက်မိန့်ပြန်တယ်။

'လူတစ်ဦးချင်းဆီမှာ တိုက်ခိုက်မှုပညာ အရေးကြီးကြောင်း။ တောတွင်းနေ သားရဲတွေနဲ့ သားကောင်တွေကို နှိုင်းယှဉ်ပြပြီးမိန့်တယ်။ အတိုက်အခိုက်ကျွမ်းကျင်တဲ့သားရဲတွေဆီ အတိုက်အခိုက်မကျွမ်းကျင်တဲ့ သားကောင်တွေကြောက်နေရ၊ အန်နေရ၊ ရှောင်နေရ၊ တောတွင်းမှာ သားကောင်လေးတွေ ဘဝသနားစရာ။ လူတစ်ယောက် လူ့လောကမှာ လူ့စဉ်မှီမီနေထိုင်နိုင်ဖို့ အတိုက်အခိုက်ပညာတတ်ထားသင့်ကြောင်း မင်းတရားကြီး

www.burmeseclassic.com



မိန့်ဆိုတယ်။ တိုင်းပြည်တစ်ပြည်လည်း တည်တန့်ခိုင်မြဲစွာ ရပ်တည်နိုင်ဖို့ စစ်ရေးစစ်အင်အားအရေးကြီးကြောင်းတွေ သမီးတော်နားစွဲ ရင်ထဲစွဲသွားအောင် မင်းတရားကြီးဆက်မိန့်တယ်။

နာဂမာလမင်းသမီးလေး သိုင်းပညာတွေ သင်ကြားမှုမှာ ပိုလေးနက်သွားသလို ခမည်းတော်ဆီက စစ်ရေးစစ်ရာပညာတွေ ဗျူဟာတွေကို စိတ်ဝင်တစားသင်ယူတော့တယ်။

နာဂမာလဘုရင်မလေးဖြစ်တော့လည်း ဖခမည်းတော် လက်ထက်ကအတိုင်း စစ်ရေးစစ်ရာစစ်ပညာကို အရေးပေးချီးမြှင့်မြှောက်စားခဲ့တယ်။ နန်းတွင်းသူတွေကစပြီး အမျိုးသမီးတွေ သိုင်းပညာသင်ကြားမှုကို စတင်စေခဲ့တယ်။

ခမည်းတော်လက်ထက်က အရှိန်အဟုန်ဖြစ်နေတဲ့ လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မပျက်အောင် ထိန်းသိမ်းလုပ်ကိုင်နေနိုင်တဲ့ ဘုရင်မငယ်ငယ်လှလှလေးကို တိုင်းပြည်က ချစ်ကြ လေးစားကြတယ်။

နောက်ပြီး နန်းမြို့တွင်းဟာ လျှံကျလာတဲ့ သတင်းစကားတွေအရ ဘုရင်မငယ်ငယ်လှလှလေးကို တိုင်းသူပြည်သားတွေက ကြောက်ရွံ့ထိတ်လန့်ကြတယ်။

ဘုရင်မရဲ့အမိန့်အရဆို ဘယ်သူမှ ပြန်ဝေဖန်ပြောဆိုမှု မပြုရဲ။

နန်းမြို့တွင်းက လျှံကျလာတဲ့ သတင်းစကားတွေက ဘုရင်မလေးက လှရုံတင်မက သိုင်းအတတ်ပညာမှာလည်း အရမ်း





ထူးချွန်သတဲ့။ ထူးဆန်းတဲ့ပညာတွေ အတော်များများကိုလည်း အတတ်မြောက်ထားသတဲ့။

* * *

(၂)

ဒီနှစ်ရဲ့ သူရဲကောင်းပွဲတော်။

သူရဲကောင်းပွဲတော်ရဲ့ ဒသမနေ့။

ဆယ်ရက်မြောက်နေ့။

ဆုပေး ဆုယူမယ့်နေ့။

လက်ဝဲစင်မြင့်မှာ ကချေသည်တွေ ကနေကြတယ်။

လက်ယာစင်မြင့်၊ လက်ဝဲစင်မြင့်ထက်ပိုမြင့်တဲ့စင်မြင့်မှာတော့ မှူးမတ်နယ်စားမြို့စားတွေ ရာထူးအလိုက်နေရာအသီးသီးမှာ ထိုင်နေကြတယ်။ မှူးမတ်နယ်စားမြို့စားတွေရဲ့ အလယ်မှူးဘာယီရွှေသလွန်ထက်မှာတော့ ဘယ်သူမှမရှိ။

စင်နှစ်စင်ရှေ့ လွင်ပြင်ကျယ်ကြီးထဲမှာတော့ လူတွေ အပြည့်အလျှံ။ လူတွေကြားမှာ ခြသေ့ကြီးသုံးကောင်နဲ့ ကျားကြီးသုံးကောင်။ သူတို့လည်း လူတွေလိုပဲ သဘင်စင်မြင့်က ကချေသည်တွေရဲ့အကကို ကြည့်နေကြတယ်။ အဲဒီသားရဲကြီးရှစ်ကောင်သူတို့ဖာသာသူတို့ အိမ်မွေ့ရရ ပွဲကြည့်နေပေမယ့် လူတွေသူတို့ဆီကိုတော့ သိပ်မကပ်ကြ။

လူတွေပွဲကြည့်နေကြပေမယ့် လူတွေရဲ့မျက်လုံးအကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေတစ်ခါတစ်ခါ သူတို့ရဲ့လက်ဝဲဘက်ဆီရောက်ရောက်သွားကြတယ်။ ညာဘက်စင်မြင့်ကြီးရဲ့ ညာဘက်ဆီကို…

အဲဒီဘက်ဆီမှာ ရွှေနန်းတော်ကြီးရှိတယ်လေ။

ရွှေနန်းတော်ကြီးဆီက ဘုရင်မလေး ခုထိ သူ့ရဲကောင်းပွဲတော်စင်မြင့်ဆီကို ကြွလာတော်မူခြင်းမရှိသေး။

အစဉ်အလာအတိုင်း ခုနှစ်ဆင်သူရဲကောင်းဆုရမယ့်ဆင်ကြီးက ဘုရင်မလေးကို ပင့်ဆောင်ဖို့ ရွှေနန်းတော်ဆီထွက်သွားတာ အတော်လေးကြာပြီ။ စင့်မြင့်ဆီကို ဘုရင်မလေးကို ပင့်ခေါ်ဆောင်ပြီး ဆင်ကြီးပြန်လာတာ မမြင်ကြရသေး။

ဒါကြောင့် ပရိသတ်တွေ ဘုရင်မလေး ကြွချီမယ့်လမ်းဘက်ဆီ တမျှော်မျှော်။ ကပွဲကြည့်လိုက်၊ ဘုရင်မလေးကိုမျှော်ကြည့်လိုက်။

များပြားလှတဲ့ ပရိသတ်တွေကို ကြည့်လိုက်မယ်ဆိုရင် လေးမြားလွယ်ထားသူတွေ၊ ကိုင်ထားသူတွေချည်းလိုလို တွေ့ရလိမ့်မယ်။ လက်ယာစင်မြင့်ကြီးမှာ လွှင့်ထူထားတဲ့အလံတွေကို ကြည့်လိုက်မယ်ဆိုရင်လည်း လေအသင့်တဖျပ်ဖျပ်လွှင့်နေတဲ့ အလံရွက်တွေပေါ်မှာ လေးမြားအမှတ်အသားပုံကို တွေ့ရမယ်။ နာဂကီရိဟာ လေးမြားတိုင်းပြည်ပဲ။ နာဂကီရိပြည်သူပြည်သားတွေရဲ့ မိရိုးဖလာစစ်ပညာမှာ တခြားအတိုက်အခိုက်ပညာချင်းလက်ရည်တူဖြစ်နေရင် လေးမြားပညာပိုထူးချွန်မှုကိုကြည့်ပြီး ဆုံးဖြတ်ရတယ်။





ခမည်းတော်မင်းတရားကြီးလက်ထက်တော်ကတည်းက ခုနှစ်ထိ၊ လူသူ့ရဲကောင်းသုံးနှစ်ဆက်တိုက်ရရှိသူ နှစ်ဦးရှိတယ်။

ကုလ္လိနဲ့ ဝိရ။

သူတို့နှစ်ဦး အခြားအတိုက်အခိုက်ပညာတွေမှာ လက်ရည်တူတွေဖြစ်နေသလို လေးမြားအတတ်ပညာမှာလည်း လက်ရည်တူတွေဖြစ်နေကြတယ်။ ဒီနှစ် သူတို့ပြတဲ့ လေးမြား အတတ်စွမ်းရည်ကို ပရိသတ်တွေ အရမ်းသဘောကျတယ်။

ပစ်မှတ်တစ်ခုကို ချိန်ရွယ်ပြီး ပထမမြားကိုပစ်တယ်။

ဆက်တိုက် ဒုတိယမြား။ ဆက်တိုက် တတိယမြား။ ဆက်တိုက် စတုတ္ထမြား။ ပထမမြားက စက်ဝိုင်းခြမ်းသွားလမ်းပေါ်ကနေ ဝိုက်သွားတယ်။ ဒုတိယမြားက စက်ဝိုင်းခြမ်းသွားလမ်းလက်ယာဘက်ကနေ ဝိုက်သွားတယ်။ တတိယမြားက စက်ဝိုင်းခြမ်းသွားလမ်း လက်ဝဲဘက်ကနေ ဝိုက်သွားတယ်။

စတုတ္ထမြားက တူရူတည့်တည့်မျဉ်းဖြောင့်အတိုင်းသွားတယ်။ အဲဒီမြားလေးစင်းလုံး ပစ်မှတ်ကိုတစ်ပြိုင်နက်ထိတယ်။

နှစ်ဦးစလုံး အဲဒီလိုလေးမြားစွမ်းရည်ကို လက်ရည်တူပြသနိုင်ခဲ့တယ်။

အဲဒီလေးမြားစွမ်းရည်ကို ပရိသတ်တွေကလည်း သိပ်အကြိုက်တွေ့သွားကြတယ်။

ပရိသတ်တွေ ဘုရင်မလေးကို ကြည့်ချင်စောင့်မျှော်နေကြသလို သူတို့အကြိုက်တွေ့တဲ့ လူသူ့ရဲကောင်းနှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မလေးက လက်ဝဲလက်ယာကိုယ်ရံတော်တပ်မှူးရာထူးပေးအမိန့်လွှာချီးမြှင့်မှုမှာ သူတို့ နှစ်ထောင်းအားရ အားပေးချင်နေကြတယ်။ နာဂါးဂီရိရဲ့ အစဉ်အလာအရ သုံးနှစ်ဆက်တိုက် လူသူ့ရဲကောင်းဆုရသူကို ရာသက်ပန်လူသူ့ရဲကောင်းအဖြစ် အသိအမှတ်ပြုခြင်းနဲ့အတူ လက်ဝဲကိုယ်ရံတော်တပ်မှူးဖြစ်ဖြစ်၊ လက်ယာကိုယ်ရံတော်တပ်မှူးဖြစ်ဖြစ် ခန့်အပ်ချီးမြှင့်ရတာကိုး။ ကာယကံရှင်က ရာထူးမလိုချင်ရင်တော့ ငြင်းပယ်ခွင့်ရှိပါတယ်။ တခြားထိုက်တန်တဲ့ ဆုကြေးမျိုး တောင်းဆိုခွင့်ရှိတယ်။

ဒီနှစ်တော့ လက်ဝဲ၊ လက်ယာကိုယ်ရံတော်တပ်မှူးရာထူး နှစ်နေရာအတွက် တစ်ပြိုင်နက်ပဲ။

တကယ့်ကို ထိုက်ထိုက်တန်တန် နှစ်ယောက်ပဲလို့ ပရိသတ်တွေကလည်း အထင်ရှိထားကြပါတယ်။ သူတို့အကြိုက်တွေ့ရတဲ့ လူသူ့ရဲကောင်းနှစ်ယောက် ထိုက်ထိုက်တန်တန်ရာထူးရတဲ့မြင်ကွင်းကိုလည်း ကြည့်ရှုအားပေးချင်နေကြရဲ့။

'ရာဇ ကြွချီလာပြီ'

ပရိသတ်အားလုံးရဲ့ မျက်လုံးတွေ၊ အာရုံတွေ တစ်နေရာဆီကို တပြိုင်နက်ကျရောက်သွားကြတယ်။ ရွှေနန်းတော်ရှိရာဘက်ဆီကို…

ပြပွဲပြိုင်ပွဲတွေ ခဏတဖြုတ်ထွက်ကြည့်တတ်တဲ့ ဘုရင်မလေးကို မြင်ထားဖူးသူတွေကလည်း ထပ်မြင်ချင်စောနဲ့၊ လုံးဝမမြင်ဖူးကြသေးသူတွေကလည်း လူပြောသူပြောတွေကြောင့် မြင်





ချင်စောနဲ့ လှုပ်လှုပ်ရှားရှားတွေ ဖြစ်သွားကြတယ်။ စစ်သည်ရဲမက်တွေ ထိန်းပေးထားရတယ်။

'ရာဇက လှလိုက်တာ၊ ကြားဖူးထားတာတွေ ဘယ်မှာပြည့်စုံနိုင်ပါ့မလဲ၊ မြင်ဖူးမှ မယုံနိုင်စရာကောင်းအောင်ကိုလှတယ်ဆိုတာ လက်ခံရတော့တာပဲ။ ဟို… ဝဲဘက်က၊ ဝဲဘက်ကလည်း အတော့်ကိုလှတာပဲ၊ လှတာပဲ၊ ဘယ်သူလဲ၊ သူ ဘယ်သူလဲ၊ ငယ်ငယ်လေး၊ ရာဇထက် ငယ်မယ်'

ခုမှမြင်ဖူးသူတွေရဲ့ စကား။

'ဝဲဘက်က ရာဇရဲ့ညီမတော် ရှုဋ္ဌမာလဆိုတာလေးလေး၊ ညီမတစ်ဝမ်းကွဲတော်ပါ၊ ရာဇထက် နှစ်နှစ်ကျော်ငယ်တယ်၊ ရာဇမြှောက်စားထားတာ၊ သူ့ညီမတော်ကို သူသိပ်ချစ်တာ၊ ထွက်တော်မူတိုင်း ပါလေ့ရှိတယ်'

မြင်ဖူးထားသူတွေက မမြင်ဖူးသူတွေကို သတင်းဖြန့်တယ်။ ဆင်တော်ကြီးက စစ်သည်ရဲမက်တွေ ရှင်းထားပေးတဲ့လမ်းအတိုင်း ပရိသတ်အလယ်က လျှောက်တယ်။ ဆင်တော်ပေါ်က ဘုရင်မလေးကို လက်ယာစင်မြင့်က မှူးမတ်နယ်စားမြို့စားတွေ လက်အုပ်ချီဖူးမျှော်လိုက်ကြတော့ လက်ဝဲစင်က ကချေသည်တွေက ပုဆစ်ဒူးတုပ်ထိုင်ကန်တော့ဖူးမြော်လိုက်ကြတယ်။ ပရိသတ်ကြီးလည်း မြေပြင်မှာ ပုဆစ်ဒူးတုပ်ထိုင်ကန်တော့ ဖူးမြော်ကြတော့တယ်။

'ရာဇ ဘုန်းတော်ကြီးပါစေ၊ သက်တော်ရှည်ပါစေ'



www.burmeseclassic.com

www.burmeseclassic.com



ဝေဟင်ဆီထိ လျှံတက်သွားတဲ့ ပရိသတ်ကြီးရဲ့အသံ။

'တိုင်းသူပြည်သားတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ'

ဆင်တော်လျှောက်သွားရာ လမ်းတစ်လျှောက်မှာ လွှင့်ပျံ့ကျန်ခဲ့တဲ့ ဘုရင်မလေးရဲ့ အသံတည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးလေး။ တည်ငြိမ်အေးဆေးမှုထဲမှာ ဩဇာတာက်ကတော့ ပါနေလေရဲ့။

လေးလေးမှန်မှန်လျှောက်သွားတဲ့ဆင်တော်ကြီး လက်ယာစင်မြင့်နားမှာ ကပ်ရပ်လိုက်တယ်။ စင်မြင့်နဲ့ကျောပြင်နဲ့ ညီသွားအောင် ခြေအစုံကို ညွှတ်ပေးလိုက်တယ်။ ဆင်တော်ပေါ်က ဘုရင်မလေးမတ်တတ်ရပ်လိုက်တယ်။ မရှေးမနှောင်းနဲ့ဘေးက ညီမတော်ကပါ မတ်တတ်ရပ်လိုက်တယ်။ ဘုရင်မလေးနဲ့ ညီမတော် ဆင်တော်ပေါ်ကနေ စင်မြင့်ပေါ်ဆင်းတယ်။ သလွန်ဆီကို ဖြည်းဖြည်းမှန်မှန်လျှောက်သွားတယ်။ သလွန်ထက်မှာ တူယှဉ် အသာအယာထိုင်လိုက်ကြတယ်။ သူတို့နှစ်ပါးသလွန်ထက်မှာ နေသားတကျထိုင်ပြီးနေတာတောင် ဆင်တော်ထက်ကနေ သလွန်ဆီထိ သူတို့လျှောက်သွားခဲ့တဲ့ လေထုနယ်ထဲမှာ သူတို့ရဲ့ အလှရိပ်၊ အလှယောင်၊ အလှမှုံ၊ အလှမွှားတွေ ထင်ကျန်ခဲ့သလိုပါပဲလေ။

ပရိသတ်ကြီးငြိမ်သက်စွာ ခံစားကြည့်ရှုနေကြလေရဲ့။

'ဒါကြောင့် နန်းတွင်းသူတွေထဲက သတင်းစကားဖြစ်တာ။ နန်းမဆောင်တစ်ခုကနေ တစ်ခုဆီရာဇကူးလျှောက်သွားရင်





ရာဇတခြားနန်းဆောင်ဆီရောက်သွားနေတာတောင် ဖြတ်လျှောက်ခဲ့တဲ့ နန်းဆောင်မှာ ရာဇရဲ့အလှရိပ်၊ အလှယောင်၊ အလှမှုံ၊ အလှမွှားတွေ ထင်ကျန်ခဲ့သလိုပဲတဲ့။ ပရိသတ်ထဲက ပြောသံသဲ့သဲ့။

'ဟူး'

သက်ပြင်းချသံသဲ့သဲ့။

ဒီပွဲကတော့ ဘုရင်မလေးနဲ့ တိုင်းသူပြည်သား အတော်များများ အတော်ကြာကြာလေးတွေ့လိုက်ရတဲ့ ပထမဦးဆုံးပွဲပါပဲ။ ဘုရင်မလေး နန်းသက်ကလည်း တစ်နှစ်ပင်မပြည့်တတ်သေး။

ဒီပွဲကစပြီး ဘုရင်မလေးရဲ့ အလှသတင်း တိုင်းပြည်အတွင်းအနှံ့ ပျံ့လွှင့်ထွက်သွားပါတယ်။ ဒီပွဲကစပြီး တိုင်းသူပြည်သားတွေရဲ့ ဘုရင်မလေးပေါ် အချစ်ကလည်း တိုင်းရေးပြည်ရေး စီမံလုပ်ကိုင်ရာမှာ အထောက်အကူဖြစ်စေပါတော့တယ်။

ဒီပွဲကို ဟိုးခပ်လှမ်းလှမ်းအဝေး၊ တောင်ကမူမြင့်မြင့်လေးပေါ်ကနေ လှမ်းကြည့်နေသူတစ်ဦး ရှိနေတယ်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထူလပျစ်နဲ့ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်။ သူ့ကိုကြည့်ပြီး သူ့အသက်အရွယ်ကို မှန်းလို့မရနိုင်။ မျက်လုံးအစုံကတော့ ရူးရူးရဲရဲ။

အဲဒီမျက်လုံးအစုံ။ ဘာမဆိုလုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်တွေနဲ့ ကျစ်လစ်ထားသလိုပဲ။ သူဒီပွဲကိုကြည့်နေတဲ့အကြည့်က [illegible]မခန့်နိုင်လွန်းလှတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ရန်သူလူစွမ်း

လက်ယာကိုယ်ရံတော်တပ်ရဲ့တပ်မှူးလေး ဣလ္လိ။

လက်ဝဲကိုယ်ရံတော်တပ်ရဲ့ တပ်မှူးလေး ဝိရ။

သူတို့နှစ်ယောက် ငယ်သူငယ်ချင်းတွေတော့ မဟုတ်။ ဇာတိမြေကလည်း တောင်နဲ့ မြောက်လေ။ တစ်ယောက်က ဒက္ခိဏာဂီရိမြို့သား။ တစ်ယောက်က ဥတ္တရဂီရိမြို့သား။

ဣလ္လိက ဒက္ခိဏာဂီရိမြို့က သူကြွယ်တစ်ဦးရဲ့သား။

ဝိရက ဥတ္တရဂီရိက မြို့စားရဲ့သား။

နာဂဂီရိရဲ့ လူသူရဲကောင်းရွေးပွဲတွေမှာ သူတို့နှစ်ယောက် နောက်ဆုံးအဆင့်ပြိုင်ပွဲတိုင်း ယှဉ်ပြိုင်ဘက်အဖြစ် ဆုံဆည်းရတာ သုံးနှစ်လုံးလုံးပဲ။

သုံးနှစ်တာလုံးလုံး တစ်ယောက်နဲ့တစ်ယောက် အနိုင်ရရှိအောင် ကြိုးစားကြရင်း လက်ရည်တူအဖြစ်နဲ့ပဲ ကျေနပ်ကြရတော့တယ်။ ယှဉ်ပြိုင်ရင်း ယှဉ်ပြိုင်ရင်း တစ်ယောက်နဲ့ တစ်ယောက်လည်း ခင်မင်သွားကြတယ်။

ဆန်းသစ်ဦးတာပေ



ဒါကတော့ အတွင်းစိတ်တွေနဲ့ ဆိုင်တယ်။

ယှဉ်ပြိုင်မှု ယှဉ်ပြိုင်မှုတိုင်းဟာ အတွင်းစိတ်ကို ပေါ်လွင်စေတယ်။ တစ်ယောက်နဲ့တစ်ယောက် အနိုင်ရဖို့ အားခဲကြရတာတိုး။ ကိုယ်နိုင်ဖို့ကိစ္စ အစွမ်းကုန်အားခဲကြရာမှာ အတွင်းစိတ်ရင်းတွေ ပေါ်ထင်လာစမြဲပဲ။ အနိုင်ရရှိချင်တဲ့စိတ်နဲ့ ခက်ထန်ရုန့်ရင်းကောက်ကျစ်စဉ်းလဲချင်တဲ့ စိတ်ဟာ အမှန်တော့ တခြားစီပဲ။ ဒါပေမဲ့ အတွင်းစိတ်ခက်ထန်ရုန့်ရင်းသူ ဒါမှမဟုတ် ကောက်ကျစ်စဉ်းလဲသူဟာ အနိုင်ရရှိချင်စိတ်မှာ အဲဒါတွေရောထွေးပါသွားတော့တယ်။

အဲဒီလိုလူမျိုးတွေ တစ်ပွဲတစ်လမ်းဆိုသလို နိုင်ပွဲတွေရှိတတ်ကြပါတယ်။ ဒါပေမဲ့ ရေရှည် အနိုင်ကိုထိန်းထားဖို့ကတော့ စိတ်ကူးမယဉ်ပါလေနဲ့။ အထိနာတဲ့ ရှုံးပွဲတွေနဲ့ ပြန်ဆုံရတတ်စမြဲ။

အနိုင်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်အနှစ်သာရက ရိုးသားစွာကြိုးစားခြင်းကြောင့် ထိုက်ထိုက်တန်တန်ရရှိတဲ့ အခွင့်အရေးပဲဖြစ်တယ်။ မရိုးသားတဲ့ကြိုးစားမှုကြောင့် ရရှိတဲ့ အနိုင်ဟာ ဂုဏ်သိက္ခာမဲ့စေပါတယ်။ ဒီကြားထဲ ရှုံးသွားရင်တော့ အလွန်ထိခိုက်စရာကောင်းအောင်ကို ဂုဏ်သိက္ခာမဲ့စေတော့တယ်။

ဣလ္လိနဲ့ ဝိရနှစ်ယောက်ကတော့ စိတ်သန့်သူတွေပဲ။ တစ်ယောက်နဲ့တစ်ယောက် အားကြိုးမာန်တက်ယှဉ်ပြိုင်ကြပေမယ့် အနိုင်ရရှိဖို့အရေးမှာ တစ်ယောက်မှမသန့်တဲ့ စိတ်မထွေးကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်ပေါ် လေးစားတဲ့စိတ်ထားမှုကြောင့် ပြိုင်ဘက်ရဲ့လေးစားတဲ့စိတ်ကို ပြန်ခံစားကြရတယ်။ အဲဒီအရသာကို နှစ်ဦးနှစ်ဖက်လုံးက နှစ်နှစ်ခြိုက်ခြိုက်ခံစားကြရင်း အားကြိုးမာန်တက်ယှဉ်ပြိုင်ကြရင်း ကျေကျေနပ်နပ်ပဲ တစ်ယောက်နဲ့တစ်ယောက် ခင်မင်သွားကြတယ်။

'အခွေတော် ဣလ္လိ၊ မင်းမှုထမ်းရာမှာ အခွေတော်ကျုပ်ကို ကူညီရိုင်းပင်းစရာတွေ အများကြီးရှိနေမှာနော်။ အဲဒါကိုနားလည်ပေးပြီး အခွေတော်ဘက်က အဆင့်သင့်ရှိပါစေ'

ဝိရက ဆိုတယ်။

'အခွေတော် ဘာကိုညွှန်းတာပါလိမ့်'

ဣလ္လိက ပြန်မေးတယ်။

'နန်းတွင်း အရေးပါအရာရောက်တဲ့ မင်းမှုထမ်းတွေထဲမှာ အခွေတော်တို့မြို့သားတွေ များတယ်လေ၊ မင်းမှုထမ်းရေးရာကိစ္စ အခွေတော်ကို သူတို့သင်ကြားပေးမှာ၊ နန်းတွင်းအရေးပါအောင်လည်း အကူအညီပေးမှာ၊ အခွေတော်က ကျုပ်ကိုတဆင့်ပြန်သင်ကြားပေးပေါ့၊ အခွေတော်နဲ့အမြဲလက်တွဲနေနိုင်အောင်လည်း အကူအညီပေးပေါ့'

ဣလ္လိ ဝိရကို နှစ်လိုဖွယ်ပြုံးပြတယ်။

'မပူပါနဲ့ အခွေတော်၊ လောကဝတ်စကားက ပိုသွားသလားအခွေတော်ရယ်'

'ဘာပိုရမလဲ အခွေတော်ရယ်၊ မပိုရပါဘူး၊ ကျုပ်စကား





အတိအကျပါ။ ရာဇတစ်ပါးဂုဏ်အောက်မှာ တူတူအမှုထမ်းနေရသူတွေပဲ။ တစ်သားတည်းကို ဖြစ်နေရမှာပေါ့၊ ဟုတ်ဘူးလား'

ဒီတစ်ခါမှာတော့ ဣလ္လိ အပြုံးပိုပွင့်သွားတယ်။

'အခွေတော် စိတ်ဓာတ်ကို လေးစားလိုက်တာ'

ဣလ္လိ ဝိရ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အားပါးတရပြောတယ်။

'အမှန်တော့ ကျုပ်က နန်းတွင်းမှာ အမှုထမ်းချင်တာမဟုတ်ဘူး အခွေတော်ရ။ ခမည်းတော်မြို့စားကြီးရဲ့ ဆန္ဒကြောင့်သာ နန်းတွင်းအမှုထမ်းဖြစ်ဖို့ ကြိုးစားခဲ့ရတာ၊ ခမည်းတော်မြို့စားကြီးက ကျုပ်တို့မြို့အနေနဲ့ရော ကျုပ်တို့မျိုးနွယ်အနေနဲ့ရော နန်းတွင်းအမှုထမ်းနည်းပါးလွန်းတာမို့ ကျုပ်ကို နန်းတွင်းအမှုထမ်းဖြစ်စေချင်တယ်၊ ခမည်းတော်ဆန္ဒအရ ကျုပ်လည်း ကြိုးစားမှုပြုခဲ့ရတယ်၊ နန်းတွင်းအရေးတွေ ရှုပ်ထွေးမှုရှိတယ်ဆိုတဲ့ စကားတွေ ကြားဖူးထားတဲ့အရရော၊ ကျုပ်ကိုယ်တိုင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေချင်တဲ့ စိတ်ဓာတ်အရရောဆိုရင် ကျုပ်နန်းတွင်းအမှုထမ်း မဖြစ်ချင်ဘူး၊ မဖြစ်ချင်ဘဲဖြစ်ရ၊ မလုပ်ချင်ဘဲလုပ်ရတော့မယ့် ကျုပ်ရဲ့နန်းတွင်းအမှုထမ်းဘဝကို အမှားအယွင်းကင်းအောင် အခွေတော် လက်တွဲခေါ်ပါနော်'

'စိတ်ချပါ အခွေတော်ဝိရ၊ ဣလ္လိနဲ့ဝိရ ခွဲမဖြစ်ခဲ့တာ သုံးနှစ်လုံးလုံးပဲ မဟုတ်လား၊ ရှေ့ဆက်လည်း ခွဲမဖြစ်ကြသေးတာပေါ့ အခွေတော်ရယ်၊ အဲ... တစ်ခုရှိတာက အခွေတော်ဝိရ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ဆက်လက်ယှဉ်ပြိုင်နေရမှာကိုနော်'

'အဆွေတော်နဲ့ ကျုပ် ယှဉ်ပြိုင်ခဲ့ရတာ သုံးနှစ်လုံးလုံးရှိခဲ့ပါပြီ၊ ကျုပ်ကတော့ ငြီးငွေ့သွားပြီ၊ ခုဆို မိတ်ဆွေရင်းချာတွေလည်း ဖြစ်နေပြီ၊ အဆွေတော် ကျုပ်အပေါ်ကို ဘာအနိုင်ယူချင်လဲ၊ ယူတော့၊ ကျုပ် အဆွေတော်နဲ့ ပြိုင်ဘက်မလုပ်ချင်တော့ဘူး'

ဝိရရဲ့ ရိုးသားတဲ့ သဘောထားကို ဣလ္လိလေးစားသွားရတယ်။ ဒါပေမဲ့ ဣလ္လိ ခေါင်းခါယမ်းလိုက်တယ်။

'ဝိရရဲ့ ကျုပ်ပြောတဲ့သဘောက တစ်မျိုးပါ၊ ကျုပ်တို့ ဆက်လက်ယှဉ်ပြိုင်နေရမယ်ဆိုတဲ့ကိစ္စက မင်းမှုထမ်းရေးရာမှာပါ၊ ကျုပ်တို့နှစ်ယောက် ကျုပ်တို့ရဲ့သခင်ရာဇရဲ့အမှုတော်ကို အပြိုင်အဆိုင်ထမ်းရွက်ကြစို့လေ'

ဝိရ ဣလ္လိကို စိတ်အားထက်သန်စွာ ကြည့်လိုက်တယ်။

'သိပ်အားရစရာပဲ၊ တကယ့်ကိုလေးစားအားရစရာပဲ၊ အဆွေတော့်မှာ မင်းမှုထမ်းစိတ် အပြည့်ပဲ၊ အဆွေတော်လို စိတ်ဓာတ်ရှိတဲ့ သူမျိုး မင်းမှုထမ်းဖြစ်တာ ရာဇအားရစရာပဲ၊ ကျုပ်အဆွေတော်စိတ်ကို ကူးယူရမယ်၊ ကျုပ်လည်း မင်းမှုထမ်းကောင်းတစ်ယောက်ဖြစ်စေရမယ်၊ ကျုပ် အဆွေတော်နဲ့အပြိုင်အဆိုင် မင်းမှုထမ်းကောင်းတစ်ယောက်ဖြစ်နေစေရမယ်'

'ကျုပ်က နာဂဂီရိရဲ့ အားအထားရဆုံး စစ်သူရဲကောင်းကြီးဖြစ်အောင် ကြိုးစားမှာဗျ'

ဣလ္လိရဲ့အပြောကြောင့်…





'ကျုပ်လည်း နာဂဂီရိရဲ့ အားအထားရဆုံး စစ်သူရဲကောင်းကြီးဖြစ်အောင် ကြိုးစားမှာပဲဗျ'

'ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

နှစ်ယောက်သား ဖက်ပြီး ရယ်မောလိုက်ကြတယ်။

* * *

(၂)

ရှုမ္မာလက ရေချိုးဝတ်အောက်ပိုင်း ခါးစည်းဝတ်ကို ခါးတောင်းကျိုက်လိုက်တယ်။ ပြီး ရေကန်ထဲ ရှေ့ကျွမ်းပစ်ချလိုက်တယ်။ ရေကြည်ကြည်လေးထဲမှာ ဖားကူး ကူးနေလိုက်သေးတယ်။ ပြီးမှ ရေမျက်နှာပြင်ပေါ် ခေါင်းဖော်လိုက်ပြီး အမတော်ဘုရင်မလေးကို ပြုံးပြီးကြည့်တယ်။ ခေါင်းညိတ်ခေါ်တယ်။

ညီမတော်ရဲ့ လွတ်လပ်ပေါ့ပါးတဲ့ လှုပ်ရှားမှုလေးကို ကြည်ကြည်နူးနူးကြည့်နေတဲ့ ဘုရင်မလေး တွေဝေနေတယ်။

စောစောက ညီမတော်နဲ့ သိုင်းလေ့ကျင့်ကစားခဲ့တဲ့ ဘုရင်မလေး သူလည်း ရေချိုးချင်နေတယ်။ သူလည်း သိုင်းဝတ်စုံ ဆိုချွတ်ပြီး ရေချိုးဝတ်ကို ဝတ်ဆင်ထားပြီးသား ဖြစ်တယ်။ ဒါပေမဲ့ သူ ရေကန်ထဲ မဆင်းဖြစ်သေး။ သူ့အရင် မြန်မြန်ဆင်းဆင်း အဝတ်စားလဲပြီး ရေကန်ထဲ ကျွမ်းပစ်ဆင်းရေကူးနေတဲ့ ညီမတော်ကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီမတော်လေးက ရေကန်ထဲကနေ အပြုံးနဲ့ ခေါင်းတညိတ်ညိတ်ခေါ်နေတယ်။ ဘုရင်မလေး ရေကန်ထဲဆင်းဖို့ ရေကန်စပ်ဆီ ဖြည်းဖြည်း သာသာ လျှောက်လှမ်းတယ်။

'ရာဇ ကျွမ်းပစ်ချလိုက်စမ်းပါ၊ ညီမတော်လို ကျွမ်းပစ်ဆင်းပါ၊ ရာဇ နောက်ကျွမ်းပစ် လှတယ်၊ နောက်ကျွမ်းပစ်ချလိုက်စမ်းပါ'

ကန်ထဲက ညီမတော်က အော်ပြောတယ်။

ဘုရင်မလေး ညီမတော်ကို အပြုံးနဲ့ ခေါင်းခါပြတယ်။

ရေကန်ထဲ တဖြည်းဖြည်းလှမ်းဆင်းတယ်။

ညီမတော်ရေထဲဆီကနေ အတင်းပြေးတက်လာတယ်။

ရေထဲဆင်းနေတဲ့ ဘုရင်မလေးကို ဆီးတွန်းထားတယ်။

'မရဘူး… မရဘူး၊ အစ်မတော် ဒီအတိုင်း မဆင်းရဘူး။ နောက်ကျွမ်းပစ်ဆင်းရမယ်၊ အစ်မတော်ဘုရား နောက်ကျွမ်းပစ်တာ မမြင်ရတာကြာပြီ၊ ညီမတော် ကြည့်ချင်တယ်၊ ရာဇရေယ် နောက်ကျွမ်းပစ်ပြနော်'

ညီမတော် ဘုရင်မလေးကို ကန်စပ်အပေါ်ရောက်အောင် ပြန်တွန်းပို့တယ်။

'ကြည့်မယ် ရာဇ၊ နောက်ကျွမ်း'

ငယ်ငယ်ကတည်းက ကျွမ်းပစ်ဖော်ရေချိုးဖော်၊ ရေကူးဖော် ညီမတော်လေးက အတင်းပူဆာနေတယ်။

ဘုရင်မလေး ပြုံးပြီး ခေါင်းခါယမ်းပြတော့…





'ရာဇ မရဘူးနော်၊ အစ်မတော် မရဘူးနော်၊ ဟင်း… ညီမတော် မကြည့်ရတာ ကြာပြီ၊ ညီမတော် စိတ်ဆိုးလိုက်မယ်'

နှုတ်ခမ်းလေးတစူစူနဲ့ ညီမတော်ဖြစ်နေတယ်။

ဘုရင်မလေး အပြုံးလေးနဲ့ ညီမတော်ကို လက်ညှိုးတစ်ချောင်းထောင်ပြလိုက်တယ်။ ခါးစည်းတော်ကို ခါးတောင်းကျိုက်လိုက်တယ်။ ဒူးကိုညွတ်ဆ အရှိန်ယူလိုက်တယ်။

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…'

ရှုဋ္ဌမာလက လက်ခုပ်သြဘာပေးနေတယ်။

ဘုရင်မလေးရဲ့ ခန္ဓာကိုယ်လေထဲ ထိုးတက်သွားတယ်။ လေထဲမှာ လေးကိုင်းသဏ္ဍာန် ကျောကော့ကွေးညွတ်သွားတယ်။

'ဝ'လုံးလေးလို ဝိုင်းသွားပြီး ရေကန်ထဲဆီကို ကော့ညွတ်ထိုးကျသွားတယ်။

တကယ့်လှလှပပ နောက်ကျွမ်းလေးပါပဲ။ ရေပေါ်ဆီ ဘုရင်မလေးခေါင်း ပြန်အပေါ်မှာတော့ ပြုံးပြီး လက်ညှိုးနဲ့ သက်ခလယ်နှစ်ချောင်းထောင်ပြနေတဲ့ ညီမတော်ကို တွေ့လိုက်ရတယ်။ ရှုဋ္ဌမာလ နောက်တစ်ကြိမ်ထပ် တောင်းဆိုနေပြန်ပြီ။

'ဒီတစ်ခါ ကြောင်လိန်ကျွမ်း၊ ကြောင်လိန်ကျွမ်း၊ ကြောင်လိန်ကျွမ်း မမြင်ရတာကြာပြီ'

ဘုရင်မလေး ခေါင်းခါယမ်းပြတော့ ညီမတော် အတင်းသွားဆွဲခေါ်ပြန်တယ်။

'ညီမတော်လည်း ထိုးတတ်တာပဲကွာ၊ ညီမတော်ဘာသာ

www.burmeseclassic.com



ထိုးကွာ၊ မာလလေး ရာဇကို သိပ်အနိုင်ကျင့်တယ်နော်'

'တို့ညီအစ်မ အတူတူထိုးကြမယ် ရာဇရယ်၊ ဒီညနေ ကျွမ်းတဝထိုးကြရအောင်နော်၊ အညောင်းပြေတယ်၊ ပေါ့ပါးတယ် ရာဇရဲ့၊ လာ… လာ… တစ်ယောက်တစ်လှည့်'

ဘုရင်မလေး မငြင်းတော့။

ဒီရေကန်က နာဂဂီရိတောင်ကလပ်ပေါ်မှာရှိတဲ့ ရေကန်။

တောင်ကလပ်မပေါ်မှာ စမ်းတစ်ခုဖြစ်နေတယ်။ အဲဒီစမ်းကနေထွက်တဲ့ ရေတွေ အဲဒီရေကန်ထဲဝင်တယ်။ အဲဒီရေကန်က လျှံတဲ့ရေတွေ စီးကြောင်းတစ်ခုဖြစ်ပြီး တောင်ကလပ်အောက်ဆီ ရေတံခွန်အသေးစားလေးအဖြစ်နဲ့ စီးကျသွားတယ်။

နာဂဂီရိတောင်ကလပ်ကတော့ မင်းတောင်သက်သက်ပဲ။

မင်းမိသားစု အပိုင်စားတောင်သက်သက်ပဲ။

တောင်ကလပ်ပေါ်တက်တဲ့ ကျောက်လှေကားအစက နန်းတော်နောက်ကနေ ဖြစ်တယ်။ တခြားဘယ်သူမှတက်ခွင့်မရှိ။ ကျောက်လှေခါးအစမှာ အစောင့်စစ်သည်ရဲမက်တွေရှိတယ်။

တစ်ပတ်တစ်ကြိမ် တောင်ကလပ်ပေါ်က ပန်းဥယျာဉ်နဲ့ တောင်ကလပ်တစ်ပြင် အလှဆင်ဖို့ ဥယျာဉ်မှူးနဲ့အဖွဲ့တော့ တက်ခွင့်ရှိတယ်။ ဒါလည်း အစောင့်အရှောက်တွေနဲ့အတူ တက်ရတာ။

ဘုရင်မလေးနဲ့ညီမတော် ကျွမ်းထိုးဝ၊ ရေကူးဝ၊ ရေချိုးဝကြတော့ တောင်ကလပ်ပန်းဥယျာဉ်မှာ ထိုင်အပန်းဖြေကြတယ်။ အဲဒီမှာ တောင်ပေါ်တူတူပါလာတဲ့ အခြွေအရံတွေက သစ်သီး



ဖျော်ရည်နဲ့ စားစရာတချို့ ပြင်ဆင်ထားပေးတယ်။ ညီအစ်မနှစ်ယောက် အပန်းဖြေရင်း လေကောင်းလေသန့် ရှိုက်ရှူရင်း တောင်ကလပ်ရှုခင်းကို ကြည့်ကြတယ်။ နန်းမြို့တွင်းတစ်ခုလုံးရဲ့ရှုခင်း။ တောင်ကလပ်ပေါ်ကနေ ရှင်းရှင်းလင်းလင်းမြင်နေရရဲ့။

'မာလလေး ပျော်လား'

ဘုရင်မလေးက သူ့နဲ့နှစ်နှစ်ကျော်ငယ်တဲ့ တစ်ဝမ်းကွဲညီမတော်ကို ငယ်ငယ်လေးကတည်းက သူ့နဲ့နာမည်ဆင်တူဖြစ်အောင် စုဠမာလလို့ ခေါ်တွင်စေ မြှောက်စားခဲ့တယ်။ သူ့နဲ့နာမည်ဆင်တူညီမတော်လေးကို ငယ်ငယ်လေးကတည်းက မာလလေး… မာလလေးနဲ့လည်း ချစ်စနိုးခေါ်ဝေါ်မြှောက်စားခဲ့တယ်။

'ပျော်သား၊ ဒါပေမဲ့ ငယ်ငယ်တုန်းကလောက် မပျော်တော့သလိုပဲ။ အစ်မတော်ဘုရားက ရာဇဖြစ်မှ ညီမတော်နဲ့သက်တွဲပျော်ချင်စိတ် သိပ်မရှိတော့သလိုပဲ'

'ညီမတော်ရယ်… အစ်မတော်က ရာဇဖြစ်နေရတော့ တစ်တိုင်းပြည်လုံးကို ခေါင်းပေါ်တင်ထားရတယ်ကွယ့်၊ အစ်မတော် သိပ်မပေါ့ပါးနိုင်တော့ဘူး၊ လေးလေးပင်ပင်ကြီးဖြစ်နေတော့ ဘယ်မှလွတ်လပ်ပျော်ရွှင်နိုင်ပါ့မလဲ၊ ဒါတောင် ကိုယ်ပိုင်အချိန်လေးအရယူပြီး ညီမတော်နဲ့ စိတ်လက်ဖြေ ပျော်ရွှင်မှု လုယူရတယ်'

'အစ်မတော်ဘုရားကို သနားပါတယ်'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငယ်ငယ်လေးနဲ့ ရာဇဖြစ်နေရလို့'

'ကျေးဇူးတင်ပါတယ် ညီမတော်ရယ်၊ ညီမတော်လေး တွေးတတ်သားပဲ'

'ဒီလောက်တော့ တွေးတတ်တာပေါ့၊ ရာဇရဲ့ညီမတော်ပဲ ဟာ'

ဘုရင်မလေး ပြုံးပြီး ညီမတော်ပခုံးကို ဖက်ထားလိုက် တယ်။

'အစ်မတော် ညီမတော်ကို အရမ်းကျေးဇူးတင်ရတာ တစ်မျိုးရှိသေးတယ် ညီမတော်ရဲ့၊ ညီမတော်နဲ့ ပျော်မြူးနေရချိန် နည်းပါးသွားပေမယ့် တစ်ခါတစ်ရံ ညီမတော်နဲ့ စိတ်လွတ် ကိုယ်လွတ် ပျော်မြူးရတာ အရသာသိပ်ရှိတာပဲ၊ အဲဒါ အစ်မတော် ဘဝမှာ ညီမတော်လေးရှိနေလို့သာ၊ ဒီအရသာမျိုး အစ်မတော် ခံစားခွင့်ရတာ၊ ဒါကြောင့် ညီမတော်ကို သိပ်ကျေးဇူးတင်မိရဲ့'

ပြောပြောဆိုဆို စူဠာမာလပါးပြင်နှစ်ဖက်ကို ဘုရင်မလေး နမ်းရှုပ်လိုက်တယ်။

'အစ်မတော်ဘုရား ခုလိုပဲ ညီမတော်ကို အမြဲချစ်နေ ရမယ်နော်'

'ချစ်မှာပေါ့'

'နောင်ကျ အချစ်ပေါ့မသွားရဘူးနော်'

'အို… မာလလေးကလဲ'

'အိုမာလလေးကလည်းတွေ ဘာတွေလုပ်မနေနဲ့၊ တော်





ကြာ ကြင်ရာတော်တွေ ဘာတွေတွေ့ပြီး မာလလေးကို အချစ်ပေါ့ သွားရင်တော့ ဟင်း… သိမယ်'

ဘုရင်မလေး အပြုံးနဲ့ ခေါင်းခါယမ်းတယ်။

'ကြင်ရာတော်တွေ ဘာတွေရှာဖို့ စိတ်တောင်မကူးအား ဘူး'

'ဒါမျိုးက ကိုယ်မရှာလည်း သူကရှာပြီး ရောက်လာ တတ်ရဲ့ သိလား'

'အောင်မယ်၊ မာလလေးအရွယ်ငယ်ငယ်နဲ့ ဒါမျိုးသိစရာ လိုလား'

ဘုရင်မလေး စူဠာမာလနဖူးပြင်ကို လက်သီးဆုပ်ဖွဖွလေးနဲ့ ဆုလိုက်တယ်။

'ရာဇကို သတိပေးထားမယ်နော်၊ ဟိုကိုယ်ရံတော်တပ်မှူး နှစ်ယောက် ရာဇကိုကြည့်တာ သိပ်မရိုးသားဘူး'

'ညီမတော်ရယ် ကြံကြံဖန်ဖန်၊ သူတို့ အစ်မတော်ကို ရိုကျိုးကြပါတယ်'

'အစ်မတော်က ရာဇပဲဟာ၊ သူတို့မရိုကျိုးလို့ရမလား၊ ဒါပေမဲ့ အစ်မတော်ရဲ့ အကြည့်တော်လွဲသွားရင် သူတို့အကြည့် ဟာ ရာဇကိုကြည့်တာမျိုးမဟုတ်ဘဲ မိန်းမတစ်ယောက်ကို ကြည့် တာဖြစ်ဖြစ်သွားသလို အရိပ်အယောင်မျိုးကို ညီမတော်တွေ့လိုက် သလိုပဲ အစ်မတော် သိလား၊ ညီမတော် သူတို့ကို အကဲခတ်နေတာ'

ညီမတော်ပြောတာ ဟိုလက်ဝဲတပ်မှူး ဝီရသေတော့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလိုပဲ၊ အဲ… လက်ယာတပ်မှူးကျလို့ကတော့ မဖြစ်နိုင်ဘူး ထင်တယ်၊ သူ့မျက်နှာက မှုန်ကုပ်ကုပ် ရှုသိုးသိုးနဲ့'

'အစ်မတော်ပြောတာ ဟုတ်ပါတယ်၊ လက်ဝဲတပ်မှူးက ပိုသိသာတယ်၊ လက်ယာတပ်မှူးမျက်နှာမျိုးကတော့ အကဲခတ်ရခက်တယ်'

'ဒါပေမဲ့ သူလည်း ယောကျ်ားတစ်ယောက်ပဲလေ'

'ဟူး'

ဘုရင်မလေး လေပူမှုတ်ထုတ်လိုက်တယ်။

'ခမည်းတော်ဘုရား အမိန့်တော်ရှိဖူးတယ်၊ ကိုယ့်ကိုယ်ကို မိန်းမဖြစ်နေတယ်ဆိုတဲ့ သတိတရားအမြဲကပ်ထားရမယ်တဲ့၊ မိန်းမဖြစ်နေတယ်ဆိုတဲ့ သတိတရား အမြဲကပ်ထားရမယ်တဲ့၊ မိန်းမတစ်ယောက်ရဲ့ဘဝဟာ ကောရာဇ်ဘုရင်မကြီး ဖြစ်တာတောင်မှ အခွင့်အရေးရရင် သူတောင်းစားက စော်ကားဖို့ ဝန်မလေးဘူးတဲ့၊ သတိတရားကြီးကြီးနဲ့ စော်ကားနိုင်သူမှန်သမျှရဲ့ စော်ကားနိုင်မယ့် အခွင့်အလမ်းတွေကို တားဆီးပိတ်ပင်ဖြတ်တောက်ထားနိုင်ရမယ်တဲ့၊ အခွင့်အလမ်း…'

ဘုရင်မလေး တွေးတွေးဆဆလုပ်နေတယ်။

'ဒီကနေ့ကစပြီး ညီမတော် အစ်မတော်အတွက် အမှုတော်ထမ်းရမယ်၊ တပ်မှူးကနေအောက်ခြေအထိ မင်းမှုထမ်းတွေ နန်းရေးနန်းရာကိစ္စတွေမှာ ညီမတော်နဲ့သာ စကားပြောရမယ်၊ အစ်မတော်နဲ့ စကားပြောခွင့် မရှိ၊ သိပ်အရေးကြီးတဲ့ကိစ္စမျိုး





လျှောက်တင်ချင်ရင်တော့ ညီမတော်ကနေတစ်ဆင့် ခွင့်တောင်းပြီး လျှောက်တင်ခွင့်ရှိတယ်၊ အဲဒီအမှုတော်ကို ညီမတော်ထမ်းဆောင်နိုင်မလား'

'အစ်မတော်ရဲ့ အမိန့်တော်မြတ်ပဲလေ'

စူဠမာလက ဘုရင်မလေးကို တည်တည်ငြိမ်ငြိမ် ရိုရို ကျိုးကျိုးလက်အုပ်လေးချီပြီး ပြောတယ်။

'ဒါဆို ကောင်းပြီ၊ ဒီကနေ ပြန်ရင် အဲဒီအမိန့်တော်ကို ထုတ်ပြန်လိုက်မယ်၊ ငယ်ရွယ်တဲ့မင်းမှုထမ်းတွေ ဘုရင်မနဲ့ တိုက်ရိုက်ဆက်ဆံဖို့ အခွင့်အလမ်း နည်းပါးသွားတာပေါ့'

'အစ်မတော်က ဉာဏ်တော်သိပ်ပြေးတာပဲ'

ဘုရင်မလေး ငြိမ်နေပြန်တယ်။ တစ်စုံတစ်ရာကို တွေးတောနေသလားပဲ။ စူဠမာလကတော့ ဟိုတွေး ဒီတွေး။

'အဲဒီကိုယ်ရံတော်တပ်မှူးနှစ်ယောက် ဒီနှစ်လေးမြားစွမ်းရှည်ပြတာ အံ့မခန်းပဲနော် အစ်မတော်'

စူဠမာလ တွေးမိတွေးရာ စကားစတယ်။

'ရိုးရိုးလေးပါ ညီမတော်ရယ်'

ဘုရင်မလေးက စိတ်မပါသံနဲ့။

'အစ်မတော် သူတို့လိုမျိုး လေးမြားအတတ် တတ်နိုင်လား'

ဘုရင်မလေး လျှော့လျှော့ရဲရဲ ပြုံးတယ်။ ခေါင်းညိတ်တယ်။ စူဠမာလ အားမလို အားမရ။ တစ်ခါမှလည်း သူ့အစ်မတော်ဘုရင်မလေး အဲဒီလိုမျိုး လေးမြားအတတ် ပြခြင်းမျိုး မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လား။

'ညီမတော် မယုံကြည်နိုင်ဘူးလား၊ သွား··· ရံရွေတော် တွေဆီပါလာတဲ့ လေးနဲ့မြားသွားယူခဲ့'

ဘုရင်မလေး အသံမြှင့်ပြောတဲ့အတွက် ကြားသွားတဲ့ ရံရွေတော်တစ်ယောက်က လေးနဲ့မြားယူလာပေးဆက်တယ်။

'တို့တိုင်းပြည်ရဲ့ အမှတ်အသားက လေးနဲ့ မြားလေ၊ အလံတောင်မှ လေးနဲ့မြားသင်္ကေတ အမှတ်အသား သရုပ်ဖော် ထားတာကို ညီမတော် တွေ့ဖူးနေတယ်နော်'

ဘုရင်မလေး စကားပြောရင်း ခါးကြားက ဓားပါးလေး တစ်ချောင်းကိုထုတ်ယူပြီး မြားတံကို ဂရုတစိုက် ပါးပါးလေးလှီး သပ်နေတယ်။

'အဲဒါ တို့တိုင်းပြည်က လူတွေ လေးနဲ့မြားကိုင်ကြတာ ကို အစွဲပြုပြီး သက်သက်မဟုတ်ဘူး၊ အတိုက်အခိုက်ပညာရဲ့ အခြေခံအမှတ်အသားသင်္ကေတတစ်ခုကို ညွှန်းဆိုထားခြင်းဖြစ် တယ်'

ဘုရင်မလေး ပြောနေရင်းကပဲ မြားတံကိုဂရုတစိုက် ပါးပါးလေးလှီးသပ်နေတယ်။

'အတိုက်အခိုက်ပညာတိုင်းမှာ လက်ရေးမှာဖြစ်ဖြစ်၊ တုတ်ရေးဓားရေးလှံရေးမှာဖြစ်ဖြစ် အခြေခံသွားလမ်းနှစ်မျိုးကို အပိုင်အနိုင်ကျွမ်းကျင်ထားရမယ်၊ အဖြောင့်သွားလမ်းနဲ့ စက်ဝိုင်းခြမ်း သွားလမ်း၊ အဝိုက်သွားလမ်းဆိုပါတော့၊ အဲဒီနှစ်ခုကို ကိုယ်စား





ပြုတဲ့သင်္ကေတကတော့ အဖြောင့်ရဲ့သင်္ကေတမြား၊ စက်ဝိုင်းခြမ်းရဲ့ သင်္ကေတလေးပေါ့'

ဘုရင်မလေး မြားတံရဲ့အပြေးအဖြောင့်ကို အသေအချာ စစ်ဆေးနေတယ်။

'လက်ရေးတုတ်ရေးဓားရေးလှံရေး ဘာရေးမှာဖြစ်ဖြစ် အဖြောင့်တိုက်ချက်တွေနဲ့ အဝိုက်တိုက်ချက်တွေကို ပိုင်နိုင်အောင် လေ့ကျင့်ထားဖို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရာမှာလည်း အဖြောင့်တိုက် ချက်ကိုရော အဝိုက်တိုက်ချက်ကိုရော မမေ့ဖို့နဲ့ ယှဉ်တွဲတိုက်ခိုက် ဖို့ သတိပေးသင်္ကေတ အမှတ်အသား'

စကားပြောရင်း ဘုရင်မလေး မြားတံကိုမသိမသာ ကွေး ညွှတ်နေတယ်။ မြားတံရဲ့အပြေးကို အသေအချာကြည့်နေပြန်တယ်။

'မြားအဖြောင့်နဲ့ပစ်တော့ အဖြောင့်သွားတာပေါ့၊ အဖြောင့် မသွားချင်ရင် မြားကို အဖြောင့်မလုပ်ဘဲ ကိုယ်သွားချင်တဲ့ပုံစံ သွားနိုင်အောင် လုပ်ပေးရတာပေါ့၊ လွယ်လွယ်လေးပါ'

ဘုရင်မလေး လေးကြိုးမှာ မြားကိုထည့်လိုက်တယ်။

'လေးကြိုးမှာ မြားကိုတပ်ထည့်ရာမှာလည်း ဂရုစိုက်ရ တယ်၊ ကိုယ်သွားချင်သလို မြားတံသွားနိုင်မှုမှာ မြားတံသက်သက် ပေါ်ချည်းမှုမတည်ဘူး၊ လေးကြိုးရဲ့ပစ်လွှတ်လိုက်မှုမှာလည်း မူတည်တယ်'

ဘုရင်မလေး လေးနဲ့မြားကို တောင်အောက်မြင်ကွင်း ဘက်နေရာဆီအကျအန ချိန်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ မြင်းစီးလာတဲ့ စစ်သည်တော်တစ်ယောက်၊ အဲဒီဆီကို ချိန်ထားတာတွေ့လား၊ အသေအချာကြည့်နေ'

ဘုရင်မလေး ချိန်တွယ်ရင်း လေးကြိုးကို ဆွဲတင်းလိုက်တယ်။

'ဝိုး'

'အို… ဟာ…'

စူဠမာလ အထိတ်တလန့်ဖြစ်သွားတယ်။

ဘုရင်မလေး ပစ်လွှတ်လိုက်တဲ့မြားတံက တောင်အောက်မြင်းစစ်သည်တော်ဆီကို အဖြောင့်လည်းမသွား၊ ကွေ့ဝိုက်ပြီးလည်းမသွား၊ ပစ်လွှတ်လိုက်တဲ့ ဘုရင်မလေးခေါင်းပေါ်ကကျော်ပြီး စက်ဝိုင်းခြမ်းသဏ္ဌာန်ပုံထွက်ပြေးသွားတယ်။

စူဠမာလ မြားတံသွားရာဆီ လှမ်းကြည့်လိုက်တော့…

မြားတံ… နောက်ကျောဘက်ဆီက ကျောက်ဆောင်တစ်ခုရဲ့ အကွယ်ဆီထဲထိုးဆင်းစိုက်ကျသွားတယ်။

တစ်ပြိုင်နက် လူတစ်ယောက် အဲဒီကျောက်ဆောင်အကွယ်ထဲက ခုန်ထွက်တာကို တွေ့လိုက်ရတယ်။ ဘုရင်မလေး အဲဒီလူဆီ အပြေးသွားတယ်။ အဲဒီလူကလည်း မြန်လွန်းလှတယ်။ ချက်ချင်းဆိုသလို တောင်ကလပ်အစွန်း အစပ်ပေါ် အပြေးရောက်သွားနိုင်တယ်။ ပြီး… တောင်ကလပ်အစွန်းအစပ်ကနေ အောက်ဆီကို ရဲရဲဝံ့ဝံ့ခုန်ချလိုက်တော့တယ်။

ဘုရင်မလေး တောင်ကလပ်အစွန်းအစပ်ဆီရောက်သွား





ပြီး အောက်ကိုငုံ့ကြည့်နေတယ်။ ရန်သူ ဖက်ရွက်လေးတစ်ရွက်လို အောက်ကိုကျသွားတာကို တွေ့လိုက်ရတယ်။ အောက်ရောက်တယ်ဆို လျှပ်ပြက်သလို အခေါက်အဦးတွေကြား ဝင်ရောက်ပျောက်ကွယ်သွားတယ်။ စူဠမာလလည်း အဲဒီနေရာဆီ အပြေးရောက်သွားတော့တယ်။ ဘုရင်မလေးငုံ့ကြည့်ရာ တောင်ကလပ်အောက်ဆီငုံ့ကြည့်လိုက်မိတယ်။ ဘာမှ မမြင်ရတော့။

'တောက်… ရဲလိုက်တဲ့လူ၊ စွမ်းလိုက်တဲ့လူ၊ မြန်လိုက်တဲ့လူ'

ဘုရင်မလေးရဲ့ မကျေမနပ်သံ။

'ရာဇ သူရှိနေတာကို သိလို့ မြားကို သက်သက်လှပ်ပစ်လိုက်တာလား'

စူဠမာလအမေးကို ဘုရင်မလေးက ခေါင်းညိတ်ပြတယ်။

'သူဘယ်သူလဲ'

'ရန်သူ'

'ဟင်… ရန်သူ'

'မင်းတားမြစ်ထားတဲ့နေရာကို တားမြစ်ချက်ချိုးဖောက်ပြီးရောက်လာသူဟာ မင်းကိုဖီဆန်သူ မင်းရဲ့ရန်သူပဲပေါ့၊ တွေးစရာလိုလား'

'သူ့ကို ရာဇသိနိုင်လား'

'ဘယ်လိုသိနိုင်မှာလဲ၊ ခုမှတွေ့ဖူးလိုက်တာပဲ'

'နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးထူလပျစ်နဲ့ တောင်ထောင်မောင်းမောင်းလူကြီးတစ်ယောက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မလေးက ခေါင်းညိတ်ပြတယ်။

'ဒီလောက်မြင့်တဲ့ တောင်ကလပ်ပေါ်က သာသာလေး ခုန်ချလွတ်မြောက်သွားတယ်၊ တကယ့်လူထူးဆန်းပဲ ရာဇရယ်'

ဘုရင်မလေး ခေါင်းတဆတ်ဆတ်ညိတ်နေတယ်။

'သူအောက်ကျသွားတာကို ရာဇတွေ့လိုက်ရသေးလား'

'တွေ့လိုက်တယ်၊ သာသာလေးပဲ၊ ကွင်းပြင်ကိုဖြတ်ပြေးပြီး နန်းမြို့တွင်း အဆောက်အဦးတွေကြား ဝင်ပျောက်သွားတာ မြန်လိုက်တာ'

ဘုရင်မလေး မျက်မှောင်လေး ကြုံ့ပြီး စဉ်းစားနေတယ်။ စူဠမာလလည်း ဉာဏ်မီသလောက် လျှောက်တွေးတယ်။

'ကျောက်လှေခါးအစက အစောင့်တွေကို အပြစ်ဒဏ် ပေးမှ ထင်တယ်'

စူဠမာလက ပြောတယ်။ ဘုရင်မလေး ခေါင်းခါတယ်။

'ရှိပါစေ ညီမတော်ရယ်၊ ဒီလူက လူစွမ်း၊ အဲဒီအစောင့် တွေ ဒီလူ့အစွမ်းကို မီနိုင်မှုမရှိလို့ ဒီလိုဖြစ်ရတာ၊ အဲ… ကျောက် လှေခါးအစမှာ အစောင့်အကြပ်တွေတော့ ပိုချထားရလိမ့်မယ်၊ အစ်မတော်တွေးနေတာက ဒီရန်သူဘယ်လိုရန်သူ အမျိုးအစားလဲ၊ လောလောဆယ် အစ်မတော်ရဲ့ အသက်ကိုရန်ရှာမှုတော့ မရှိသေး၊ ဒါဆိုဘယ်လို ရန်ပြုခြင်းမျိုး ပြုချင်တာလဲ၊ သူဘယ်သူလဲဆိုတာ သိရအောင် အစ်မတော်ဘာလုပ်ရမလဲဆိုတာကိုပဲ'

* * *



## ဘုရင်မလည်း မိန်းမပါပဲ

တပ်မှူးကနေစ အောက်ခြေမင်းမှုထမ်းတွေ ရာဇနဲ့ တိုက်ရိုက်စကားပြောခွင့်မရှိ။ ညီမတော်မှတဆင့်သာ လျှောက် တင်ခွင့်ရှိတယ်။ သိပ်အရေးတကြီးကိစ္စမျိုး တိုက်ရိုက်လျှောက် တင်ချင်ရင် ညီမတော်ဆီကျိုးကြောင်းပြခွင့်တောင်းပြီး ခွင့်ရမှ ရာဇနဲ့ တိုက်ရိုက်စကားပြောလျှောက်တင်ခွင့်ရှိတယ်။ အမိန့်တော် ကြောင့် မျက်နှာငယ်သွားသူက လက်ဝဲတပ်မှူးလေး ဝိရ။ လက်ယာတပ်မှူး ဣလ္လိကတော့…

'ကောင်းပါတယ်၊ ညီမတော်လေးနဲ့ဆိုတော့ ငါတို့ပြောရ ဆိုရတာ လွတ်လပ်ပေါ့ပါးတာပေါ့၊ ရာဇနဲ့ပြောဆိုလျှောက်တင်ရ သလိုမျိုး မကျဉ်းကြပ်ပေဘူးပေါ့၊ အဲ… ဒါပေမဲ့ ညီမတော် လေးက ငယ်လွန်းတော့ မင်းနဲ့မင်းမှုထမ်းတွေကြား အရေးကြီးမှု ကိစ္စတွေကို ခံယူတတ်ဆုံးဖြတ်တတ်မှုမျိုး ရှိပါ့မလား၊ လေးနက် ရမယ့်ကိစ္စမျိုး၊ မြန်ဆန်ရမယ့်ကိစ္စမျိုး သူမခံယူတတ် မဆုံးဖြတ် တတ်ရင် ကြန့်ကြာနှောင့်နှေးနေမယ်၊ တချို့ကိစ္စတွေ အချိန်အတိ အကျဖြစ်ဖို့ သိပ်အရေးကြီးတယ်'

www.burmeseclassic.com



အဲဒီလိုပြောတယ်။ ဝိရကိုလည်း ဣလ္လိက ဆိုတယ်။

'အဆွေတော်ဝိရ နှုတ်နဲ့စကားပြောဆိုနေရတာထက် အလုပ်နဲ့စကားပြောဆိုနေရတာက ပိုလေးနက်ထိရောက်ပါတယ်၊ ဝိရဘယ်လိုကောင်လဲဆိုတာ ရာဇသိအောင် အဆွေတော်က အလုပ်နဲ့ စကားပြောနေပေါ့'

ဝိရ ဣလ္လိကို ခေါင်းညိတ်ပြလိုက်ပါတယ်။

ဝိရရင်ထဲမှာတော့…

'အချစ်နဲ့ပတ်သက်ပြီး ရာဇသိအောင် ဘာတွေလုပ်ပြရမလဲ အဆွေတော် ဣလ္လိရယ်'

အမှန်ပဲ။ ဝိရ ဘုရင်မလေးကို ကြိတ်ချစ်နေမိပြီ။ ဘုရင်မလေးကို ဝိရချစ်နေမိတဲ့စိတ်က ဝိရရင်ထဲ အကြိတ်အခဲဖြစ်နေပြီ။ အဲဒီအကြိတ်အခဲ ဝိရရင်ထဲက ဝေဒနာပဲ။

'နန်းတော်တွင်း မင်းမှုထမ်းမဖြစ်ခဲ့ရင် အကောင်းသား၊ ဒါပေမဲ့ ခုအခြေအနေက နောက်ပြန်မဆုတ်ပါရစေနဲ့တော့ ရာဇရယ်'

ဝိရ ရင်ထဲက စကားသာ။

ဘာပဲဖြစ်ဖြစ် နန်းတော်တွင်း သွားရင်းလာရင်းနေရင်းထိုင်ရင်း ဘုရင်မလေးကို အနီးကပ်မြင်တွေ့နေရတဲ့ မြင်တွေ့နေရမှုလေးနဲ့ပဲ ဝိရ သူ့ရဲ့အချစ်ကို နှစ်သိမ့်နေရတော့တယ်။

'ကြာလေ ချစ်လေ ခံစားရလေပဲ ရာဇရယ်'

* * *





(၂)

ညီမတော် စုဋ္ဌမာလရဲ့ စကားအရှိကြောင့် ဘုရင်မလေး လက်ယာကိုယ်ရံတော်တပ်မှူးလေးရဲ့ လက်ဝဲကိုယ်ရံတော်တပ်မှူးလေးကို အကဲခတ်မိတယ်။ ညီမတော်စကားမလွှန်။

သိပ်သိသာတာက လက်ဝဲကိုယ်ရံတော်တပ်မှူးလေးရဲ့ မျက်လုံးတွေ အကြည့်တွေပဲ။ ဒီတပ်မှူးလေး သူ့ကိုစွဲမက်နေတဲ့ အတွင်းစိတ်ဖြစ်နေတယ်ဆိုတာ ဘုရင်မလေး သိနေတယ်။

မိန်းမသားတို့ရဲ့ စိတ်ဓာတ်အရ ထုံးစံအတိုင်း သူကလုံးဝ မချစ်ဘဲ သူ့ကိုချစ်နေတဲ့ တပ်မှူးလေးအပေါ် ဘုရင်မလေးရဲ့ သဘောထားက…

'ဟွန်း… ဘာမဟုတ်တဲ့ တပ်မှူးလေးကများ ငါ့လိုရာဇကို…'

လက်ယာကိုယ်ရံတော်တပ်မှူးလေး ဣလ္လိ။

'ဒီတပ်မှူးလေးကတော့ ဘယ်လိုကြီးလဲ မသိဘူး'

'ညီမတော် အကဲခတ်မှားပုံရပါတယ်'

'သင်းမျက်နှာကိုက အကဲခတ်ရခပ်ခက်ခက်'

'မှုန်ကုပ်ကုပ် ရှုသိုးသိုးနဲ့'

'ငါ့ကိုချစ်ဖို့ စိတ်ဝင်စားပုံ မရပါဘူး'

'အမှုတော်ကိုတော့ အတော့်ကို ကြိုးကြိုးစားစား စေ့စေ့စပ်စပ် ထမ်းရွက်ရှာသား'

'ငါ့ကိုချစ်ဖို့ထက် အမှုတော်ကို ထမ်းရွက်ရေးမှာသူ့စိတ်အားထက်သန်ပုံရရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အဲ… ဒါပေမဲ့ သူလည်း ယောကျ်ားတစ်ယောက်ပဲ'

'အဲဒီမှုန်ကုပ်ကုပ်ရှုသိုးသိုး၊ ငါ့ကို ချစ်စိတ်ဝင်သွားရင်…'

ဘုရင်မလေး ဘယ်လိုဖြစ်သွားလဲမသိ။

ရင်ထဲ တဆတ်ဆတ်ခုန်သွားတယ်။

'ဟွန်း… အလကား မှုန်ကုပ်ကုပ် ရှုသိုးသိုး၊ ယောကျ်ား မဟုတ်တဲ့အတိုင်းပဲ၊ မိန်းမလှတစ်ယောက်ကို မခံစားတတ်တဲ့ အတိုင်းပဲ။ ရာဇအမှုတော်ကျေပွန်ဖို့ပဲ သူ့အာရုံကျနေရဲ့'

* * *

(၃)

'အခွေတော်ဝိရ တစ်ယောက်တော့ ဒုက္ခပဲ၊ မမီဟဲ့ပန်း တုံးခုပြီး လှမ်းချင်နေတယ်၊ တုံးလိုမ့်ထွက်သွားရင်တော့ ချောက် ကျပြီး အကျနာတော့မှာပဲ'

ဣလ္လိ ဝိရရင်ထဲက ဝေဒနာကို ခန့်မှန်းမိတယ်။ ယောကျ်ား ချင်းဆိုတော့ သဘောပေါက်တယ်။ ဝိရကလည်း ဟန်ဆောင် ထိန်းသိမ်းမှုတွေကြားကတောင် အစွန်းအစတွေ ထွက်နေတယ်။

ဝိရကိုအားနာပြီး ဣလ္လိ ဝိရကို ပွင့်ပွင့်လင်းလင်းတော့ မဝေဖန်ပါ၊ ဝိရကလည်း ဣလ္လိကိုပွင့်ပွင့်လင်းလင်း မပြောရဲရှာ ဘုရင်မလေးနဲ့ ပတ်သက်မှုဆိုတော့လည်း ဘယ်မှာ ဝိရ ပွင့်လင်းရဲ ပါ့မလဲ။

ဣလ္လိကတော့ ဝိရအတွက် ရတက်မအေးဖြစ်နေရတယ်။



အမှန်ဝိရဟာ မိတ်ဆွေကောင်းတစ်ယောက်ပါ။ တိုက် ရေးခိုက်ရေး စွမ်းစွမ်းတမံရှိပေမယ့် သူ့စိတ်ဓာတ်က ခပ်နူးညံ့ညံ့။

ပေါင်းလို့သင်းလို့ အင်မတန်ကောင်းပါတယ်။

ခုထိ ပေါင်းသင်းဆက်ဆံမှုမှာတော့ ဝိရအပေါ် မကောင်း ကွက်တစ်ကွက်တလေတောင် ရှာလို့မရ။ ဝိရမြို့စားသား သူဌေး ဖြစ်ပေမယ့် ဣလ္လိကို တလေးတစားနဲ့ အောက်ကျခံပြီး ဆက်ဆံ ပေါင်းသင်းတယ်။ စင်စစ် ဝိရဖခင်မြို့စားရဲ့ ချမ်းသာမှုက တိုင်းပြည်မှာ ဟိတ်ကြီးလွန်းတယ်။ သူ့ချမ်းသာမှု ဘုရင်ထက် အောက်မကျလို့ ပြောစမှတ်ရှိတယ်။ ချမ်းသာလွန်းတော့ ဩဇာ သက်ရောက်မှုကလည်း ကြီးတယ်။

ဝိရဟာ တကယ့်ရိုးသားပြီး ချစ်ခင်နှစ်လိုဖွယ် ကောင်းတဲ့ မြို့စားသူဌေးသားတစ်ယောက်ပါ။ ဣလ္လိ သူ့မိတ်ဆွေ ဝိရ ဒုက္ခ ရောက်မှာသိပ်စိုးတယ်။ လောလောဆယ်တောင် သူ့မိတ်ဆွေဝိရ အချစ်စိတ်နဲ့ စိတ်ဒုက္ခကြိတ်မှိတ် ခံစားနေရပြီ။ ရာဇနွယ်သာ အဆီ အငေါ်မတည့် တစ်ခုခုဖြစ်ရင်…

ဣလ္လိကြားကနေ ရင်လေးနေမိတယ်။

ဝိရစွဲမက်လည်း စွဲမက်စရာ။ ရာဇအလှကလည်း၊ ဒီလို အတွေးတွေးမိလိုက်တော့ ဣလ္လိရင်ထဲဆီတစ်လျှောက်လုံး မြင်ဖူး ခဲ့တဲ့ ဘုရင်မလေးရဲ့ အလှတွေ အတင်းတိုးဝင်လာကြသလိုပဲ။ ဣလ္လိရဲ့ အသက်ရှူမှုတောင် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သွားသလိုပဲ။

'ငါဘာလုပ်စရာ ရှိနေလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဣလ္လိ တွေးတယ်။ လောလောဆယ်တော့ လုပ်စရာမရှိ။

'ဒါပေမဲ့ တစ်ခုခုသွားလုပ်ဦးမှ'

ဣလ္လိအတွေးတွေ ရပ်ပစ်လိုက်ပြီး အလုပ်တစ်ခုခုရှာလုပ်ဖို့ ထွက်သွားတော့တယ်။

* * *

(၄)

နန်းဆောင်တစ်ခုဆီ ဖြတ်လျှောက်သွားတဲ့ ရှုဋ္ဌမာလကိုယ်ရံတပ်မှူးလေးနှစ်ယောက်ကို တွေ့လိုက်ရတော့ ဦးတည်မှုကိုပြောင်းပြီး တပ်မှူးလေးနှစ်ယောက်ရှိရာဆီကို လျှောက်လာတယ်။ တပ်မှူးလေးနှစ်ယောက်ရှေ့မှာ ရပ်တန့်လိုက်တယ်။လက်ယာတပ်မှူး ဣလ္လိကိုစေ့စေ့ကြည့်ပြီး မျက်နှာပြုံး ဖြီးဖြီးဖြစ်လာတယ်။

'လက်ယာတပ်မှူးလေးကို အကြံတစ်ခုပေးချင်တယ်'

'နာခံနေပါတယ် ညီမတော်'

'တပ်မှူးလေး အမှုတော်ကို ရှပ်ရှပ်ချွန်ချွန် ထမ်းဆောင်ပါတယ်။ ဒါထက် ရာဇပိုမိုသဘောတော်ကျဖို့ လိုပါတယ်'

'ရာဇက ဘာကိုများသဘောတော်မကျရှိလို့လဲ ညီမတော်'

ရှုဋ္ဌမာလ မျက်နှာပိုပြီး ပြုံးဖြီးဖြီး ဖြစ်သွားတယ်။

'ရာဇက တပ်မှူးလေး ဣလ္လိကို မှုန်ကုပ်ကုပ်ရှုသိုးသိုးလို့ ခေါ်တော်မူတယ်'

'ဟာ'





ဣလ္လိ နှုတ်ပွင့်ဟသွားတယ်။

နံဘေးက ဝိရ ပြုံးစိစိဖြစ်သွားတယ်။

'မာလအကြံပေးချင်တာက အမှုတော်ကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်သလို အသွင်သဏ္ဌာန်ကိုလည်း ကြည်ကြည်လင်လင်ဖြစ်စေချင်တယ်၊ ဒါမှ ရာဇ ပိုသဘောကျမှာပေါ့'

'တပ်မှူးလေးက ဆံပင်မဖြီးမသင်၊ နှုတ်ခမ်းမွေးကျိုးတိုးကျဲတဲကို မရိတ်မပြုနဲ့၊ ရာဇ အမြင်မှာ မတော်ဘူးထင်တယ်'

ဣလ္လိ သူ့ခေါင်းနှင့်သူ့နှုတ်ခမ်း ပြန်ယောင်ရမ်းစမ်းမိပြီး…

'ညီမတော် အကြံပေးတာကို ကျေးဇူးတင်လက်ခံပါတယ်'

ရှုဋ္ဌမာလ တပ်မှူးလေးဝိရကို စောင်းငဲ့ကြည့်တယ်။

ဘာမှမပြော ထွက်ခွာသွားတော့တယ်။

'ဟုတ်တော့ ဟုတ်ရဲ့ အဒွေတော်၊ အဒွေတော်ကလည်း သပ်သပ်ရပ်ရပ်လေးများနေစမ်းပါဦး၊ ကျုပ်လိုခေါင်းဆီမွှေးထည့်ဖီးသင်၊ နှုတ်ခမ်းမွေးသပ်သပ်ချေချေရိတ်၊ မျက်နှာနံ့သာလေးဘာလေးဖို့ လုပ်ပါလား'

ဝိရ အပြောမှာ ဣလ္လိ ခေါင်းညိတ်တယ်။ ဣလ္လိ ခေါင်းညိတ်ပုံက ယောင်ယောင်ရမ်းရမ်း။ နောက်နေ့တွေမှာတော့ တပ်မှူးလေးဣလ္လိကို သပ်သပ် ရပ်ရပ်ပုံစံနဲ့ တွေ့မြင်ကြရတော့တယ်။

ခေါင်းမှာ ဆီမွှေးရွှဲအောင်လိမ်း၊ နှုတ်ခမ်းမွေးလုံးဝရှင်း။ မျက်နှာ နံ့သာလေးမသိမသာဖို့လို့။ မျက်နှာအသွင်ကိုလည်း ကြည်ကြည်လင်လင်လုပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မလေး နှန်းဆောင်အတွင်းဖြတ်လျှောက်သွားရင်း တပ်မျှုးလေးဣလ္လိကိုမြင်လိုက်ရတော့ တအံ့တသြမျက်လုံးအစုံဝိုင်းသွားတယ်။ နောက်တစ်ဖက်လှည့်ပြီး ပြုံးတော်မူတယ်။ ခပ်သုတ်သုတ်လျှောက်လှမ်းထွက်ခွာတယ်။

ဝေးဝေးရောက်တော့ အသံထွက်တဲ့ထိ ရယ်မောမိရဲ့။

* * *

(၅)

'မာလလေးရယ်၊ အတော်ရှုပ်တာပဲ၊ သူ့ခမျာ ဘယ်လိုပြောင်ချော်ချော် ထောင့်မကျိုးရုပ်ကြီးဖြစ်သွားလဲမသိ၊ ကြည့်လို့မကောင်းလိုက်တာ၊ နဂိုမူန်ကုပ်ကုပ်ရှုသိုးသိုးကမှ ကြည့်ကောင်းသေးတယ်'

'သိဘူးလေ၊ ရာဇက သူ့ကိုမှုန်ကုပ်ကုပ်ရှုသိုးသိုးလို့ ခေါ်တော့ ညီမတော်က ရာဇ မနှစ်မြို့ဘူးထင်ပြီး အမူတော်ထမ်းကောင်းတစ်ယောက်ကို ရာဇ ပိုနှစ်သက်မှုရှိအောင် သနားပြီးအကြံပေးမိတာ'

'မာလလေး အရွယ်ငယ်ငယ်နဲ့ ယောက်ျားတွေကို သနားတယ်လေးဘာလေးနဲ့နော်'

ဘုရင်မလေး ညီမတော်ကို မာန်လိုက်တယ်။ ဒါပေမဲ့ ခဏချင်းမှာပဲ ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ရယ်မောလိုက်ကြတယ်။





'မာလလေးရယ်… သူ့ရုပ်ကြီး မြင်ယောင်နေတယ်၊ ဘယ်လိုရုပ်ကြီးဖြစ်သွားမှန်း မသိဘူး၊ ရယ်စရာကောင်းလိုက်တာ'

'ညီမတော်လည်း နောက်နေ့ သူ့ရုပ်ကြီးမြင်လိုက်ရတော့ ရယ်ချင်လိုက်တာ အရမ်းပဲ၊ ဝေးရာအကွယ်ခပ်သုတ်သုတ်လျှောက်ပြီးတစ်ယောက်တည်း အားပါးတရ ထိုင်ရယ်နေမိတော့တယ်'

ခုလည်း အားပါးတရကို ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင် ရယ်မောနေမိကြတယ်။

'ခေါင်းဆီလိမ်းထားတာရွဲလို့'

'ဟား… ဟား… ဟား… ဟား…'

'နှုတ်ခမ်းမွေးကိုလည်း ဘယ်လောက်ဂရုတစိုက်ရိတ်ထားလည်းမသိ၊ ပြောင်နေပုံက လူများထက်ပိုပြောင်နေသလိုပဲ'

'ဟား… ဟား… ဟား… ဟား…'

'မျက်နှာ နံ့သာဖို့ထားပုံကလည်း အသားနဲ့နံ့သာမတည့်ဘဲဖြစ်နေသလိုပဲ'

ဟား… ဟား… ဟား… ဟား…'

'ဒီကြား မျက်နှာကိုလုပ်ပြီး ကြည်လင်ထားပုံကလည်း ပြောင်ချော်ချော်ကြီးလို'

'ဟား… ဟား… ဟား… ဟား…'

ညီအစ်မနှစ်ယောက် လွှတ်လွှတ်လပ်လပ်ကို ရယ်မောနေမိကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ မာလလေး၊ ရာဇ အူတွေနာလာပြီ'

'နေဦး… နေဦး… အရှိန်သပ်လို့ မရသေးလို့'

တကယ်ပဲ အတော်ကြီးကြာမှ သူတို့ရယ်ရှိန်သပ်လို့ရကြတယ်။

'မာလလေး အမြန်ဆုံးသာပြန်ပြောလိုက်၊ ဒီလိုပုံကြီးရာဇနှစ်သက်တော်မမူဘူးလို့၊ နဂိုမူန်ကုပ်ကုပ်ရှုသိုးသိုးကိုမှ နှစ်သက်တော်မူသေးတယ်လို့'

'ရာဇနော် ရာဇဖြစ်ပြီး ယောကျ်ားတစ်ယောက်ကို နှစ်သက်တော်မူတယ်ဆိုတဲ့စကား အရမ်းမပြောနဲ့၊ အဓိပ္ပာယ်တစ်မျိုးဆောင်လို့ရတယ်' ရှုဋ္ဌမာလက ခပ်တည်တည်နဲ့ ပြောတယ်။

'မဟုတ်ပါဘူး ညီမတော်ရယ်၊ အစ်မတော်က ကိုယ့်အမှုထမ်းတစ်ယောက်ကို နှစ်သက်မှုဆိုတဲ့ သဘောရိုးနဲ့ပြောတာပါ၊ အမြန်သာ နဂိုပုံစံဖြစ်အောင် ပြန်ပြင်ဖို့ပြောပေးပါ၊ မဟုတ်ရင် သူ့ကိုမြင်ရတိုင်း အစ်မတော် ရာဇ ကူနြွေမဆယ်နိုင် ဖြစ်ရချေရော့မယ်'

ညီအစ်မနှစ်ယောက် ရယ်နေကြပြန်သေးတယ်။

'ဟိုတစ်ယောက်ကတော့ သနားစရာလိုလို၊ ဘာလိုလို'

'ဘယ်တစ်ယောက်လဲ'

ညီမတော်ရဲ့အပြောကို ဘုရင်မလေးက ပြန်မေးတယ်။

'ဝိရဆိုတဲ့ တစ်ယောက်လေ'

'တော်စမ်းပါ ညီမတော်ရယ်၊ အလကားကောင်'

'အစ်မတော်ကလည်း တပ်မှူးလေးချင်းတူတူ ဝိရကိုမှ





ဘာလို့အလကားကောင်လို့ မိန့်ရတာလဲ'

'သူ အစ်မတော်ရာဇကို မတူမတန်ကြံချင်နေတယ်လေ၊ သူ့ကိုတွေ့တိုင်း အစ်မတော်စိတ်တိုချင်နေတယ်၊ ရာဇဣန္ဒြေမပျက်အောင် ထိန်းထားရလို့ပါ၊ အပြစ်တစ်ခုခုကိုတွေ့လို့ကတော့တင်း… ဗိုပြီးလေးနက်သွားစေရမယ်'

'အစ်မတော်ရယ်၊ ဒီအထိတော့ သဘောတော်မထားပါနဲ့၊ သူက အစ်မတော်ကို ချစ်တာပဲဟာ'

'အိုး… အစ်မတော်လို ရာဇကို သူချစ်စရာလား'

'သူလည်း သာမညမျိုးနွယ်တော့ မဟုတ်ပါဘူး'

'သာမညည မညည၊ သူအစ်မတော်ကို ချစ်စရာမလိုဘူး'

ပြောရင်းနဲ့ ဘုရင်မလေးဒေါသကြီးသလို အသံဖြစ်လာတာမို့ ရှုဋ္ဌမာလငြိမ်နေပေးလိုက်တယ်။

အစ်မတော်ဘုရင်မလေး စိတ်ငြိမ်သွားသလောက်ရှိမှ…

'ရာဇကို တပ်မှူးလေး ဣလ္လိက ချစ်နှစ်သက်မယ်ဆိုရင်တော့ ရာဇသဘော'

'ဟာ… မာလလေးနယ်၊ ဣလ္လိကလည်း ငါ့ကိုချစ်နှစ်သက်မှာ မဟုတ်ပါဘူး၊ ငါကလည်း သူလိုမူန်ကုပ်ကုပ်ရှုသိုးသိုးကို ဟား… ဟား… ဟား… ဟား…'

ဘုရင်မလေး ရယ်နေပြန်တယ်။

ရှုဋ္ဌမာလရင်ထဲ အတွေးဖြစ်သွားတာက မိန်းမတွေများသူတို့မချစ်မနှစ်သက်သူက သူတို့ကို ချစ်နှစ်သက်ရင် နာကျင်မှု

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလိုဖြစ်တတ်ကြရဲ့။ ဘာရယ်ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ ချစ်နှစ်သက်မှုရှိသူအကြောင်းပြောနေရရင်…

အစ်မတော်ရာဇ ဘုရင်မဖြစ်ပေမယ့် မိန်းမတစ်ယောက် ဖြစ်နေလေတော့ တခြားမိန်းမတွေလိုပဲ သူလည်း၊ ဒီလိုဆို အစ်မတော်ရာဇ တပ်မှူးလေးဣလ္လိအပေါ်မှာ စိတ်တိမ်းညွတ်နေပြီလား။

ဒီအတွေးက ရှုဋ္ဌမာလရင်ထဲ ထိတ်ကနဲ ဖြစ်သွားသလို။ တကယ်တော့ အစ်မတော်ရာဇ ရှုဋ္ဌမာလကို အဲဒီလိုမျိုး တာဝန် ထမ်းဆောင်စေရာမှာ ရှုဋ္ဌမာလနဲ့ ငယ်ရွယ်သူမင်းမှုထမ်းတွေ ပြောရေးဆိုမှုပိုဖြစ်ခဲ့တယ်။ အဲဒီထဲမှာမှ တပ်မှူးလေးဣလ္လိကို ရှုဋ္ဌမာလ စကားပိုပြောဖြစ်မိတယ်ဆိုတာ ရှုဋ္ဌမာလအသိ။ တစ်ခါ တလေ မင်းမှုကိစ္စနဲ့မဆိုင်တဲ့ စကားတွေတောင် အကြောင်းရှာ ပြောမိတတ်ရဲ့။ သူ့အသွင်သဏ္ဌာန်ကတော့ အစ်မတော်ပြောသလို မှန်ကုပ်ကုပ်ရှုသိုးသိုး။ ဒါပေမဲ့ အဲဒီမှန်ကုပ်ကုပ်ရှုသိုးသိုးကိုပဲ ရှုဋ္ဌမာလက ရင်းနှီးချင်သလိုလို၊ ခု အစ်မတော်နဲ့ စကားပြောရာမှာ အစ်မတော်ရင်ကို ရှုဋ္ဌမာလ ရိပ်စားမိသလိုပဲ။ အစ်မတော်ရင် ကလည်း မှန်ကုပ်ကုပ် ရှုသိုးသိုးကို ရင်းနှီးချင်နေပုံရရဲ့။

မိန်းမချင်းဆိုတော့ သဘောပေါက်မိရဲ့။ တပ်မှူးလေး ဣလ္လိအကြောင်းပြောရာမှာ အစ်မတော်ရဲ့ မျက်လုံးလေးတွေ ကြည်လင်တောက်ပပြီး မြူးမြူးကြွကြွလေး ဖြစ်နေလေတတ်ရဲ့။

ရှုဋ္ဌမာလ သက်ပြင်းညှင်းညှင်းချလိုက်မိရဲ့။

* * *

## ဘုရင်မက ကောက်စိုက်မ ဖြစ်ချင်

ဘာပဲဖြစ်ဖြစ် ဘုရင်မလေးရဲ့ အုပ်ချုပ်မှုကာလ လေးနှစ် ဟာမှာတော့ နာဂဂီရိတိုင်းပြည်ကြီး တိုးတက်မှုအထွဋ်အထိပ်လို့ ပြောလို့ရတယ်။ ခမည်းတော်လက်ထက်ကတည်းက ဖြစ်နေတဲ့ တိုးတက်မှုအရှိန်အဟုန်ကို ဘုရင်မလေးက မွမ်းမံထပ်ဆင့်နိုင်ခဲ့ တယ်။ ဘုရင်မလေးဟာ မြေအပြင်ကို ကျုံ့နိုင်စေတယ်၊ ချဲ့နိုင် စေတယ်လို့ သတင်းကြီးတယ်။ တကယ်လည်း အမှန်ပဲ။ ဘုရင်မ လေးရဲ့အကြံပေးမှုတွေကြောင့် မြေရိုင်းတွေ ကျုံ့သွားခဲ့တယ်။ စိုက်နိုင်ပျိုးနိုင် မြေအပြင်ကို ချဲ့ထွင်နိုင်ခဲ့တယ်။

ဘုရင်မလေးဟာ ရေကိုလိုရာစေနိုင်တယ်လို့ သတင်းကြီး တယ်။ တကယ်ပါပဲ။ တောင်အောက်ကရေတွေ တောင်ပေါ် ရောက်အောင် ဘုရင်မလေး အကြံဉာဏ်ပြုနိုင်ခဲ့တယ်။ ဘုရင်မ လေးရဲ့ အကြံဉာဏ်ပေးမှုတွေကြောင့် မီးအသုံးချတဲ့လုပ်ငန်းရှင် တွေ၊ မြေထည်ကြွေထည် လုပ်ငန်းရှင်တွေကအစ လက်မှုကိန်း အသုံးအဆောင်မျိုးစုံအောင် လုပ်ကိုင်ကြတဲ့ သံထည်ကြေးထည် လုပ်ငန်းရှင်တွေအလယ်၊ အကောင်းစားအသုံးအဆောင်တွေနဲ့ အဆင်

www.burmeseclassic.com



တန်ဆာလုပ်ကိုင်နေကြတဲ့ ရွှေထည်လုပ်ငန်းရှင်တွေအဆုံး ပိုမို ကောင်းမွန်သေသပ်တဲ့ပစ္စည်းတွေ လုပ်ကိုင်ထုတ်လုပ်နိုင်ကြတယ်။

ဘုရင်မလေးဟာ လေ၊မိုးတို့ကိုလည်း ကျွမ်းဝင်နိုင်နင်းတယ်လို့ သတင်းကြီးတယ်။ မိုးတွင်းကာလဖြစ်မယ့် မိုးလေဝသ အခြေအနေကို မိုးစ၊ မိုးလယ်၊ မိုးနှောင်း ခွဲခြားပြီး နွေကာလ နောက်ပိုင်းကာလကတည်းက ဘုရင်မလေးဟာ တိုင်းပြည်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့တယ်။ မှန်တာချည်းပဲ။ လေမုန်တိုင်း တိုက်ခိုက်မယ့် ရက်ပိုင်းမျိုးကို ကြိုတင်သိနိုင်တဲ့အတွက် ဘုရင်မလေး အကြံဉာဏ်ပေးချက်တွေကို လိုက်နာလုပ်ကိုင်ပြီး လေမုန်တိုင်း ဒဏ်မခံရအောင် တိုင်းသူပြည်သားတွေ နေနိုင်ရှောင်ရှားသင့် ရှောင်ရှားနိုင်ခဲ့ကြတယ်။

ဘုရင်မလေးဟာ နဂါးမင်းကြီးရဲ့ အနွယ်အဆက်ဆိုပြီးလည်း တိုင်းပြည်မှာ နာမည်ကြီးတယ်။ ဘုရင်မလေး ဖွားမြင်တော်မူတဲ့ မူလကိစ္စအရရော၊ ဘုရင်မလေးလက်ထက်တော်မှာ ဘုရင်မလေး အကြံဉာဏ်ပေးမှုတွေကြောင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်တွေ မြေအောက်က အဖိုးတန်ကျောက်မျက်ရတနာ တွေကို ပိုမိုရရှိတဲ့အတွက်ကြောင့်ရော။

လူတွေရဲ့ စရိုက်မလေ့အရ လိုရင်လိုသလို၊ မလိုရင်မလို သလို အရှိထက်ပိုမိုပြီး ပုံကြီးချဲ့ကားပြောလေ့ရှိတယ်။ ဒီအကျိုး ဆက်ကြောင့်ပဲလား၊ တကယ်အရှိတရားတစ်ခုပဲလား၊ ဘုရင်မလေး ဟာ ဗေဒင်အတတ်ပညာမျိုးစုံ၊ လေ၊ရေ၊မြေ၊မီး၊ ကောင်းကင်



တို့ရဲ့ သဘာဝနဲ့ ဓာတ်တွေကို တတ်သိခွဲခြမ်းစိတ်ဖြာနိုင်တဲ့ ပညာနဲ့ သူတို့လူမျိုးတွေရဲ့ အမြင့်ဆုံးပညာလို့ ယူဆထားကြတဲ့ ဝိဇ္ဇာဥ်အတတ်ပညာအစီအမံတွေကို ပိုင်ကျွမ်းတယ်လို့ တိုင်းပြည် ထဲမှာသတင်းကြီးတယ်။ အဲဒါ နောင်ခါ ပုံပြင်လိုအဖြစ်မှာ ချဲ့ထွင် ပြောဆိုစရာတွေဖြစ်ခဲ့တယ်။ အဲဒီကာလရဲ့ အတတ်ပညာရှင်ကြီး တွေ ကိုယ်တိုင်က ဘုရင်မလေးရဲ့ လုပ်ဆောင်မှုအကြံဉာဏ်တွေ ကို မဆန့်ကျင်ကြဘူး။ စောဒကမရှိကြဘူး။ မဝေဖန်ကြဘူး။ လက်ခံသဘောကျ နှစ်မြို့က်စွာနေကြတယ်။ ဆိုရရင် တိုင်းပြည် က အထင်ကြီးလေးစားချစ်ခင်မှုကို ခံရတဲ့ဘုရင်မလေးပဲ။ ဒါပေမဲ့…

ဘုရင်မလေးရင်ထဲ ဆူးတစ်ခုကရှိနေတယ်။

တောင်ကလပ်ပေါ်ကနေ သာသာလေးခုန်ဆင်းသွားတဲ့ နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးထူလပျစ်နဲ့ ရန်သူလူစွမ်း၊ သူဘယ်သူ လဲဆိုတာကို ခုထိ ဘုရင်မလေးမသိနိုင်သေး။ အဲဒီလူကလည်း စုန်းစမြုပ်စပျောက်နေပြန်တယ်။ အဲဒီလိုကိုယ်ပျောက်ထားတော့ ပိုအသိရခက်နေတော့တာပေါ့။

အဲဒီကိစ္စက ဘုရင်မလေးရင်ကို နှိပ်စက်နေတယ်။

အဲဒီကိစ္စကို သိထားတာကလည်း ဘုရင်မလေးရယ်၊ ညီမတော်ရယ်၊ တပ်မှူးလေးဏ္ဍလ္လိရယ် ယုံးယောက်တည်း။ တပ်မှူးလေးကိုတော့ သူတို့ညီအစ်မတိုင်ပင်ပြီး အသိပေးထားတာ။ လျှို့ဝှက်စုံစမ်းဖို့လည်း တာဝန်ပေးထားတယ်။

ဒီကိစ္စကို ဘုရင်မလေးတို့ဘက်ကလည်း တမင်ဝှက်ထား

www.burmeseclassic.com

www.burmeseclassic.com



တာ။ ရန်သူအရဲကိုးအောင် ထောင်ချောက်ဆင်ထားတာ။ ငြိမ်လှန့်မထားဘူး။ ရေကြီးခွင်ကျယ်မဟုတ်သလို။ အမှတ်တမဲ့ထားသလိုနေပေးနေတာ။ ဒါပေမဲ့ ရန်သူက သူတို့ထက်ပိုလျှင်နေလားမသိ။ ရန်သူကလည်း ကိုယ်ဖျောက်ထားပြန်တယ်။ လေးနှစ်တာလုံးလုံးငြိမ်နေတာပဲ။ စိတ်မရှည်ချင်စရာကောင်းလောက်အောင်ကို ငြိမ်သက်နေတယ်။ ဒီနေ့ စစ်သူကြီးအမတ်က ဣလ္လိကိုခေါ်ယူစကားပြောတယ်။ စစ်သူကြီးအမတ်က ဣလ္လိတို့မြို့သား ဖြစ်တယ်။ မြို့သားချင်းဆိုတော့ သံယောဇဉ်ရှိတယ်။

'ဣလ္လိ မောင်မင်းနေပုံထိုင်ပုံ ဆင်ခြင်သင့်တယ်'

ဣလ္လိအမတ်ကြီးရဲ့ အမိန့်စကားကို နာခံနေတယ်။

'မောင်မင်း တာဝန်ဝတ္တရားထမ်းဆောင်မှုအရာ ပေါ့ပျက်တယ်လို့ သတင်းစကားဖြစ်နေတယ်'

ဣလ္လိသိလိုက်ပြီ။ သူနန်းတွင်း ကိုယ်ရံတော်တပ်မှာ သိပ်မမြဲဘဲ နန်းမြို့တွင်းရဲ့ အပြင်ဘက်တွေဆီ ခရီးသွားလာနေတာကို အမတ်ကြီး ရည်ညွှန်းပြောနေတယ်ဆိုတာကို။ အဲဒီလိုခရီးသွားလာနေတာက ဘုရင်မလေးရဲ့လျှို့ဝှက် 'တာဝန်ပေးချက်အရ'။ ဒါပေမဲ့ စစ်သူကြီးအမတ်ကို ဘယ်မှာဖွင့်ပြောသင့်ပါ့မလဲ။

'မောင်မင်း ငါတို့မြို့ရဲ့နာမည်ကို ဖျက်နေရှာသလား။ တို့မြို့မင်းမှုထမ်းရေးရာမှာ မင်းမှုထမ်းကောင်းတွေ ထွက်တယ်လို့ နာမည်ကြီးနေတဲ့မြို့။ မောင်မင်းက အဲဒီနာမည်အစဉ်အလာပျက်အောင် လုပ်ချင်နေရှာလား'



စစ်သူကြီးအမတ် ကိုယ်တိုင် မင်းမှုထမ်းကောင်းပီသသူဖြစ်မှုကြောင့် မင်းမှုထမ်းရေးရာမှာ ပေါ့ပျက်နေသူလို့ ထင်ရတဲ့ ဣလ္လိကို ဒေါသဖြစ်နေလေရဲ့။

ဣလ္လိ ဘာမှ ပြန်မပြောသာအောင် ဖြစ်နေတယ်။

'မောင်မင်း နန်းတွင်းကိုယ်ရံတော်တပ်မှာ မပျော်ပိုက်လို့လား'

'ဒီလိုလည်း မဟုတ်ပါ အမတ်မင်းဘုရား'

'မောင်မင်းသုံးနှစ်ဆက်တိုက် လူသူရဲကောင်းဆုရလို့ တိုက်ရိုက်ကိုယ်ရံတော်တပ်မှူးဖြစ်ရတဲ့ အခွင့်အရေးဟာနည်းလား။ နောက်လူတွေ ဒီလိုသုံးနှစ်ဆက်တိုက်ဆုမမြဲလို့ သာမန်စစ်သည်ရဲမက်အဖြစ်နဲ့ပဲ မင်းမှုထမ်းခွင့်ရရှာကြတာ၊ မောင်မင်းအရည်အချင်းရှိသားနဲ့ အကျင့်ပျက်ချင်တယ်နော်'

စစ်သူကြီးအမတ်ရဲ့ အကြည့်ကတော့ ဂရုဏာဒေါသအတော်ဖြစ်နေပုံရတယ်။

'အစက ကျုပ်ရည်ရွယ်ထားတာက မောင်မင်းကို ကျုပ်တို့အပြင် တပ်ဆီခွဲခေါ်မလို့၊ နန်းတွင်းကိုယ်ရံတော်တပ်မှာ အဆင့်တက်ခွင့်နေးတာမို့ ကိုယ့်မြို့သားလူသူရဲကောင်းကို အပြင်တပ်ခွဲခေါ်ဖို့ စေတနာထားခဲ့တယ်၊ ခု အဲဒီစေတနာက ကျုပ်ကို ဒေါသဖြစ်စေနေလေရဲ့နော်၊ မောင်မင်းဒက္ခိဏာဂီရိမြို့သားဖြစ်ပြီး မင်းမှုထမ်း ပေါ့လျော့ရဲလား၊ ဟင်း... ကျုပ်နဲ့အရင်တွေ့သွားမယ်'

ဣလ္လိ စစ်သူကြီးအမတ်ရဲ့ စေတနာကို သဘောပေါက်မိရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်မျိုး အမတ်မင်းရဲ့ စေတနာတော်ကို ဦးထိပ်ထားပြီး အမှုထမ်းလုံးဝမပေါ့ရဲတော့ပါဘူးဘုရား'

စစ်သူကြီးအမတ် ဣလ္လိကို စေ့စေ့စပ်စပ်ကြည့်နေလေရဲ့။

'အမှုထမ်းပေါ့တဲ့ မင်းမှုထမ်းဟာ ကျုပ်ရန်သူပဲ၊ အထူးသဖြင့် ဒက္ခိဏာဂီရိမြို့သားတော့ အမှုထမ်းပေါ့ဖို့ စိတ်မကူးနဲ့ ကျုပ်လုံးဝခွင့်မလွှတ်ဘူး'

တကယ့်စစ်သူကြီးအမတ်ပေပဲ။ ဒါကြောင့်လည်း မင်းမှုထမ်းရေးရာမှာ နာမည်ကြီးပြီး တိုင်းပြည်က လေးစားရတာ။ ဣလ္လိအမတ်ကြီးကို အရမ်းလေးစားသွားမိတယ်။ အမတ်ကြီးရဲ့ စိတ်ဓာတ်အရာ ဣလ္လိရင်ထဲ စူးဝင်လာပြီး ဣလ္လိရဲ့ အမှုထမ်းကောင်းဖြစ်ချင်တဲ့စိတ် ပိုမိုထက်သန်လာတော့တယ်။

'ဣလ္လိ'

'ဘုရား'

'ရာဇဟာ မင်းကို ဥပေက္ခာပြုထားလား'

'အမိန့်တော်ကို ကျွန်တော်မျိုး သိပ်သဘောမပေါက်ပါဘုရား'

'သင်တပ်တွင်းမှာ ရှိရှိ မရှိရှိ၊ ရာဇသိပ်အရေးမထားတဲ့ သဘောများရှိနေလား'

'အဲဒါ ကျွန်တော်မျိုး မလျှောက်တင်တတ်ပါဘုရား'

'ရာဇက ရှိရှိ မရှိရှိ သိပ်အရေးမထားတဲ့ မင်းမှုထမ်းဟာ သေနေတာနဲ့ အတူတူပဲ၊ မောင်မင်းမှတ်ထား'





'နာခံမှတ်သားထားပါ့မယ် ဘုရား'

'ဣလ္လိ'

'ဘုရား'

'ငါတို့ရဲ့ရာဇဟာ မိန်းမလား ယောကျ်ားလား'

'မိန်းမပါဘုရား'

'ဣလ္လိ… မောင်မင်း မှတ်ထားဖို့က မိန်းမနဲ့ယောကျ်ား အန္တရာယ်အရာမှာ မိန်းမက ယောကျ်ားထက်ပိုတယ်၊ သူတောင်းစားကနေ ဘုရင်အထိပဲ၊ အဲဒါ သဘာဝကိုက ချမှတ်ထားတဲ့မှု တစ်ခုဆိုတော့ ငါတို့ဘယ်လိုမှ ငြင်းပယ်ခွင့်မရှိဘူး၊ သဘာဝကို ငြင်းပယ်တဲ့သူဟာ သူရူးပဲ၊ မိန်းမကို မိန်းမချင်းကနေ ယောကျ်ားသားတွေကပါ အထင်မကြီးတတ်ကြတဲ့ သဘာဝက ရှိနေတာကိုး၊ ဒါတောင် ငါတို့ရာဇက အင်မတန်ဘုန်းကံကြီးတဲ့ မိန်းမ၊ ဒါပေမဲ့ မိန်းမငယ်ငယ်ချောချောလေးရဲ့ အန္တရာယ်က ယောကျ်ားသားတွေရဲ့ အန္တရာယ်ထက် များစွာသာတဲ့သဘာဝရှိတယ်၊ အဲဒီလိုသဘောပေါက်ရင် ငါတို့ရာဇကို ငါတို့ကာကွယ် စောင့်ရှောက်ဖို့တာဝန်က ယောကျ်ား မင်းယောကျ်ားတစ်ပါးထက် အများကြီးပိုတဲ့ တာဝန်တွေရှိတယ်ဆိုတာ သင်သိထားသင့်တယ်၊ ဣလ္လိ သင်ပေါ့ရင် ရာဇ ဒုက္ခရောက်သွားမယ်၊ ရာဇ ဒုက္ခရောက်ရင် တိုင်းပြည် အမောက်ကမ ဖြစ်သွားမယ်၊ အဲဒါ သဘောပေါက်'

'နာခံမှတ်သားထားပါ့မယ် ဘုရား'

'ဣလ္လိ'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား'

'သင့်ရာဇဟာ မိန်းမငယ်ငယ်ချောချောလေးဆိုတာ သင်သိတယ်နော်'

'မှန်လှပါ'

'သင်ကလည်း လူငယ်ဆိုတော့ ရာဇကိုချစ်စိတ်တွေ ဘာတွေများဝင်မိလား'

ဣလ္လိ အမတ်ကြီးမျက်နှာကို ဖျက်ခနဲ မော့ကြည့်လိုက်တယ်။ ရင်ထဲလည်း တုန်တုန်လှုပ်လှုပ်ဖြစ်သွားတယ်

'ကျွန်တော်မျိုး… ကျွန်တော်မျိုး… မကြံစည်ဝံ့ပါဘုရား'

'အေး… ကောင်းတာပေါ့၊ ဒါပေမဲ့ အဲဒီလိုစိတ်တွေ ဘာတွေများရှိရင် မောင်မင်းကို ကျုပ်ပြောချင်တာက ရာဇထက်ပိုပြီး ဘုန်းကံကြီးမားတဲ့ မင်းယောက်ျားဖြစ်အောင် ကြိုးစားပြီးမှ ဖြစ်သင့်တယ်၊ အဲဒီလိုအဖြစ်မျိုး မကြိုးစားနိုင်ဘဲ အကြံရှိရင် ရာဇကိုဖျက်ဆီးတာပဲ၊ ရာဇကိုဖျက်ဆီးတဲ့အကြံပဲ၊ ကျုပ်ရာဇရဲ့ အမှုထမ်းကောင်းတစ်ယောက်က လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး'

အမတ်ကြီး ဒေါနဲ့မောနဲ့ ပြောနေတာမို့ ဣလ္လိ ငြိမ်ပဲခံနေလိုက်တော့တယ်။

'ဣလ္လိ'

'ဘုရား'

'ဒါဆို ကျုပ်ဟာ ဘယ်လိုမင်းမှုထမ်းလဲ၊ ခန့်မှန်းမိလား'

'မှန်လှပါ၊ ခန့်မှန်းမိကြောင်းပါ'

'ကျုပ် ဘယ်မြို့သားလဲ'





'ဒက္ခိဏာဂီရိမြို့သားပါ ဘုရား'

'အဲဒါကျုပ်မြို့ကမှည်းကို ကျုပ်တတ်စွမ်းသလောက် ရေးထိုးနေခြင်းပဲ၊ ကျုပ်မှာမိဘရှိတယ်၊ ဆရာသမားတွေရှိတယ်၊ ဇာတိမြေရှိတယ်၊ ကျုပ်လုပ်တဲ့လုပ်ရပ်မှန်သမျှဟာ ကျုပ်ရဲ့အခြေခံတွေကို ဂုဏ်မမဲ့စေရဘူး၊ နောက်ဆုံးအခေါင် ဇာတိမြေအခေါင်ဆိုပါတော့'

'ဣလ္လိ'

'ဘုရား'

'သင်ဘာမြို့သားလဲ'

'ဒက္ခိဏာဂီရိမြို့သားပါဘုရား'

'အဲဒါကို သင်အမြဲတမ်း သိနေပါ၊ လူတွေလည်း သိနေကြမှာပဲ၊ ကျုပ်လည်း သိနေတယ်နော်၊ ကဲ… သွားနိုင်ပြီ'

* * *

(၂)

ဣလ္လိကတော့ သစ္စာရှိမင်းမှုထမ်းပီသစွာ စစ်သူကြီးအမတ်ရဲ့စကားများကို တစ်ခွန်းမကျန် ဘုရင်မလေးကို ပြန်လည်အင်လျှောက်ပါတယ်၊ နံဘေးနားမှာ ညီမတော်လည်း ရှိနေတယ်'

'ရာဇကို ချစ်စိတ်တွေများ ဝင်မိလား'ဆိုတဲ့ နေရာမှာတော့ ဘုရင်မလေးမျက်နှာ ပန်းနုရောင်သန်းသွားတယ်၊ ညီမတော်ကိုလှည့်ကြည့်တယ်၊ ညီမတော်ကလည်း ဘုရင်မလေးကို မျက်လုံးဝိုင်းဝိုင်းလေးအစုံနဲ့ ပြန်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'စစ်သူကြီးအမတ်က ခမည်းတော်ရှိစဉ်ကတည်းက အင်မတန်သစ္စာစောင့်သိတဲ့ အမတ်ကြီးပေပဲ၊ သူ့ကိုယ်သူလည်း အင်မတန် တန်ဖိုးထားတယ်၊ ကိုယ်ကိုယ်ကို တန်ဖိုးထားသူမှန် သမျှဟာလည်း သစ္စာတရားကို တန်ဖိုးထားသူတွေပါလေ'

ခပ်တည်တည်လေး မိန့်နေပေမယ့် သူ့မျက်နှာမှာ ပန်းနုရောင်လေးကတော့ မပြယ်ချင်သေး။ ဘုရင်မလေးစကားလမ်း ကြောင်းပြောင်းတယ်။

'ခက်တာက ရန်သူ့ခြေရာကို မကောက်နိုင်ခြင်းပေပဲ၊ ရန်သူကလည်း ပါးနပ်လွန်းတယ်၊ ခြေရာဖျောက်ထားလိုက်တယ်'

'ကျွန်တော်မျိုး ညံ့ဖျင်းလွန်းပါတယ် ရာဇ'

ဣလ္လိ စိတ်မကောင်းစွာ ဆိုတယ်။

'ဣလ္လိ ညံ့တယ်လို့မဆိုပါဘူးလေ၊ ရန်သူကို တွေ့လိုက်ရစဉ် အကဲခတ်မိပါတယ်၊ အတော့်ကိုစွမ်းတဲ့လူတစ်ယောက်ဆိုတာ၊ သူနဲ့ ပြန်တွေ့ရရင် ရင်ဆိုင်နိုင်အောင် ရာဇဘက်ကလည်း အစွမ်းကုန် လေ့ကျင့်ကြိုးစားနေတာပဲ၊ ညီမတော်နဲ့ပါတွဲဖက်ပြီးပေါ့၊ လောလော ဆယ် လူတွေအထင်လွဲမှားခံရတာကိုတော့ ဣလ္လိ သည်းခံပါနော်'

'ကျွန်တော်မျိုးလည်း သွားရင်းလာရင်း၊ နေရင်းထိုင်ရင်း ရန်သူနဲ့ရင်ဆိုင်နိုင်တဲ့ အရည်အချင်းမျိုး မီနိုင်အောင် ကြိုးစား လျက်ပါ ရာဇ၊ အမှန်ကိုရာဇသိထားမှတော့ အထင်လွဲမှုကို ဣလ္လိ ဂရုမစိုက်ပါဘူး'

'ရာဇ အားကိုးပါတယ် ဣလ္လိရယ်'

'ရာဇတို့ တစ်ယောက်ချင်း သူ့ကို မယှဉ်နိုင်ဘူးထား၊



သုံးယောက်ပေါင်းလိုက်ရင်တော့ အဲဒီရန်သူကို ယှဉ်နိုင်မယ်လို့ ထင်တာပဲလေ၊ နောက်ပြီး နန်းမြို့တွင်းမှာဆို တပ်တွေကလည်းရှိနေ ချေရဲ့၊ သူနန်းမြို့တွင်းထဲ အရဲကိုးပြီး ပြန်ဝင်လာရင် ကောင်းမယ်'

ရန်သူနဲ့ ပတ်သက်ပြီး တအုံ့နွေးနွေးခံစားနေရတာကို သူတို့သုံးယောက် မချင့်မရဲ။ ဒီကိစ္စကို ကျယ်ပြန့်မှုမဖြစ်ချင် ကြသေးတာမို့ ကြိတ်ပြီးပဲ ကြံဆတိုင်ပင်နေကြတယ်။ ခုအချိန် အခါမှာတော့ ဘုရင်မလေး ဣလ္လိကို လူရှေ့ သူရှေ့ ဆက်ဆံမှုမပြု ပေမယ့် ညီမတော်နဲ့ခေါ်နိုင်းပြီး အတွင်းဆောင်မှာ လွတ်လွတ်လပ် လပ်ဆက်ဆံပြောဆိုသမှု ပြုပါတယ်။ ရန်သူကို လျှို့ဝှက်စွာ ရှာစေမှုကစပြီး အဲဒီအခြေအနေဖြစ်သွားတာပဲ။

'ဣလ္လိရယ်'

'မိန့်တော်မူပါ ရာဇ'

'အဲဒီရန်သူ ရာဇ အသက်ကို သတ်ဖို့မကြိုးစားဘဲ နန်းတွင်းမှာ ဘယ်လိုရန်ပြုမှုမျိုး ပြုချင်သလဲဆိုတာကိုတောင် ခန့်မှန်းနိုင်လောက်အောင်ပဲနော်'

'ကျွန်တော်မျိုး တစ်ခုတွေးမိတာက သူပြုချင်တာပြုပြီး သွားလို့ နန်းတွင်းပြန်မဝင်တော့တာများလား'

'ဒါဆို သူဘယ်လိုအမှုမျိုးပြုသွားတာလဲ'

'မခန့်မှန်းတတ်လောက်အောင်ပါ ရာဇ'

ရှင်မှာလက အောက်နှုတ်ခမ်းလေးဖိကိုက်ပြီး…

'အကောင်းဆုံးကတော့ ထပ်ရင်ဆိုင်ခွင့်ရဖို့ပဲ'

'ရန်သူရှိနေတာ ကောင်းတယ်နော် မာလလေး' –

www.burmeseclassic.com



ဘုရင်မလေးက ညီမတော်ကို အပြုံးနဲ့ကြည့် မိန့်တယ်။

'ရန်သူရှိနေတော့ သတိရှိနေရတာပေါ့၊ သတိရှိနေတာဟာ လူတစ်ယောက်အတွက် အရည်အချင်းရှိနေတာပဲပေါ့နော် မာလလေး'

'ဒါပေမဲ့ ဘုရင်ဖြစ်နေတာတော့ မကောင်းဘူး ဣလ္လိရဲ့'

ဣလ္လိတက်ကိုအကြည့်တော်ငြိမ်ငြိမ်လေးနဲ့ ကြည့်ဆိုတယ်။

'ဘုရင်ဖြစ်နေရတော့လေ သတိတွေအများကြီးထားနေရတယ်၊ အရာရာမှာ သတိတွေက လိုက်ဖိစီးနေတော့ လေးပင်နေရတယ်၊ ပေါ့ပါးလွတ်လပ်မှုမရှိတော့ဘူး ဣလ္လိရယ်'

ဘုရင်မလေး မျက်နှာတော်ကို ညီမတော်နဲ့ ဣလ္လိတို့ စိတ်မကောင်းစွာ ကြည့်နေမိတယ်။

'ကိုယ့်ဘဝကိုယ် ပြင်းဆန်ခွင့်မရှိတော့ ဘယ်လောက် ပန်းပင်ကျဉ်းကျပ်နေပေမယ့် ကိုယ့်ဘဝဝန်ကို ကိုယ်ထမ်းပြီး ကိုယ်ကျရာနေရာမှာ နေရတော့မှာပေါ့လေ၊ ကောက်စိုက်မတွေကတော့ ဘုရင်ဖြစ်ဖို့ စိတ်ကူးရှိကြလားမသိဘူး၊ ရာဇကတော့လေ တစ်ရက်တလေလောက် သီချင်းလေးတကြော်ကြော်အော်ဆိုပြီး ကောက်စိုက်နေတဲ့ ကောက်စိုက်သမလေးဖြစ်လိုက်ချင်ရဲ့၊ နဘေးမှာ မာလလေးကလည်း တူတူကောက်စိုက်လိုက် စကားတွေပြောလိုက်နဲ့ပေါ့၊ ဣလ္လိကလည်း ပျိုးတွေနုတ်ပေးပေါ့'

ဘုရင်မလေး ပြောရင်း ပြုံးတယ်။ ဒါပေမဲ့ သူ့အပြုံးက နုံးနုံးချိချိ။ ရူဠမာလနဲ့ဣလ္လိ ဘုရင်မလေးကိုကြည့်နေရာက စိတ်မကောင်းစွာတစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်မိတယ်။

* * *



## ရေပ်က မြေနန်းတော်ထက်နှစ်လိုဖွယ်

နန်းမြို့နဲ့ အတော်ဝေးဝေးအရပ်။

ဇနပုဒ်များ ကျိုးတိုးကျဲတဲ၊ ခပ်ခေါင်ခေါင်အရပ်။

မြင်းစီးခရီးသွားသုံးဦး။ တစ်ဦးက ယောကျ်ားပျိုလေး။ နှစ်ဦးက မိန်းမပျိုလေးများ။ ကျေးတောသားတွေရဲ့ ဝတ်စားပုံ၊ ခေါင်းပေါင်းပုံတွေနဲ့၊ ယောကျ်ားပျိုလေးရဲ့မြင်းက နောက်ဆီက လေးလေးမှန်မှန်။ မိန်းမပျိုနှစ်ဦးရဲ့ မြင်းတွေကတော့ ရှေ့က မြူးမြူးကြွကြွ။

မြင်းပေါ်က မိန်းကလေးတွေရဲ့ ဟန်ပန်ကလည်း မြူးမြူးကြွကြွ။

'ရှင်မာသင် သိပ်ဉာဏ်ပြေးတာပဲ၊ ဒီအစီအစဉ်လုပ်ဖို့ စိတ်ကူးရတာ ငါသဘောတော်ကျသွားတယ်၊ ငါ့စိတ်ထဲ လွတ်လပ်ပေါ့ပါးနေတော့တာပဲ'

'ရှင်ရာရယ်၊ သင့်စိတ်တွေ သိပ်လေးပင်ကျဉ်းကြပ်နေတာကို ငါစိတ်မကောင်းဖြစ်မိပြီး ဒီအတွေးတွေးမိတာ၊ အေးမိန်နဲ့

www.burmeseclassic.com



အရင်တိုင်ပင်လိုက်သေးတယ်၊ သူကလည်း သင်လေးပင်ကျဉ်းကြပ်နေတဲ့စိတ်ကို ဒီလိုလုပ်ပေးလိုက်ရရင် မဆိုးဘူးလို့ထင်တယ်၊ သင့်ကိုပြောကြည့်လို့ပြောတယ်၊ သင်သဘောတူတော့ ဒီအစီအစဉ် ဖြစ်သွားတာပေါ့'

ရှင်ရာဆိုတဲ့ မိန်းကလေးနောက်ဆီက ယောကျ်ားပျိုကို စောင်းငဲ့ကြည့်ပြီး ပြုံးတယ်။

'ငါတို့ညီအစ်မကတော့ စကားတွေ တွတ်ထိုးလာတယ်၊ ငအိမ် ငြိမ်လှချည်လား'

ရှင်ရာက ပြောတယ်။ ရှင်မာ ငအိမ်ကိုလှည့်ကြည့်ပြီး…

'ငအိမ် အမီလာလေ'

ငအိမ်ရဲ့မြင်း မိန်းမပျိုနှစ်ယောက်မြင်းနဲ့ ယှဉ်တယ်။

'ငအိမ် စကားလေး ဘာလေးပြောဟယ်'

ရှင်မာကဆိုတယ်။

'ဟုတ်သားပဲ ငအိမ်ရယ်၊ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး စကားတွေပြောပါလား'

ရှင်ရာကလည်း ပြောတယ်။

ငအိမ်ပြုံးတယ်။

'တစ်မျိုးပဲ၊ စကားတွေပြောရမှာ မဝံ့သလို ဖြစ်နေတာမို့ပါ၊ ဟို… အဲ… ရှင်ရာတို့ရှင်မာတို့က ညီအစ်မတွေဆိုတော့ သိပ်အကြောင်းမဟုတ်ဘူး၊ ကျွန်… အဲ… ကျုပ်က ရှင်ရာတို့ ရှင်မာတို့ကို အဲ… အဲဒီလိုမျိုးတွေ ပြောရမှာ နှုတ်မရဲသလိုပဲ'





'ငအိမ်ရော်၊ ထွက်လာကတည်းက ပြောထားတယ်ရော်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့ငအိမ်၊ ငါတို့သုံးယောက် ကျေးတောသားတွေ၊ ဖနပ်ဒွေဆီ ဖြတ်သန်းခရီးစဉ်ထွက်လာကြတာ၊ လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းကြမယ်ကွယ်၊ ငအိမ် စကားပြောပါဟာ၊ သုံးယောက်လာတာ သင်တစ်ယောက်က အီလည်လည်ကြီးလုပ်နေတော့ ငါတို့ညီအစ်မ ဘယ်သိပ်ပျော်မလဲ'

ရှင်ရာက ပြောတယ်။

'ဟုတ်တယ် ငအိမ်၊ စကားပြောဟာ'

ရှင်မာကလည်း ဆိုတယ်။

ငအိမ် အားယူသလို လုပ်လိုက်တယ်။

ဒါကို ညီအစ်မနှစ်ယောက်တွေ့ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ပြုံးကြည့်လိုက်ကြတယ်။

'သင်တို့လောက်တော့ ငါ စကားမပြောနိုင်ဘူးဟာ၊ သင်တို့က စကားပြောနိုင်လွန်းတယ်၊ ငါပြောနိုင်သလောက်တော့ ပြောပေးပါ့မယ်၊ သင်တို့မပျော်မှာကိုတော့ ငါစိုးတယ်'

ညီအစ်မနှစ်ယောက် အသံထွက်ရယ်လိုက်ကြတယ်။

'ဒီတောသား ငအိမ် စကားပြောရိုင်းတယ်ဟ'

ရှင်ရာကပြောလိုက်တော့ ငအိမ်လန့်ဖြန့်သွားသလို ရှင်ရာ ကိုကြည့်တယ်။ ရှင်ရာက ပြုံးပြီးဆက်ပြောတယ်။

'အဲဒီလိုပဲ ပြောရော် ငါကြိုက်တယ်ဟ'

ရှင်ရာကို ရှင်မာ မျက်စောင်းလေးချိတ်ကြည့်ပြီး မြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခြေဖမျက်နဲ့ ဆတ်။ ကျွန်မြင်းနှစ်ကောင်ထက် ရှေ့ကိုရောက်အောင် နှင်လိုက်တယ်။

ရှင်ရာမြင်းကလည်း ရှင်မာမြင်းကိုအမီလိုက်တယ်။

'ရှင်မာ သင်ကလည်း'

ရှင်ရာ ရှင်မာကို ပြောတယ်။

'ရှင်ရာ သင်စကားပြောတာနော် ယောကျ်ားလေးတစ်ယောက်ကိုနော်'

ရှင်မာက ခပ်တည်တည်ပြောတယ်။

'ငါလွတ်လွတ်လပ်လပ် နေပါရစေ ညီမလေးရယ်'

ရှင်ရာလေသံက တိုးလျှိုးသံ။

ရှင်မာ ရှင်ရာကို လှည့်ကြည့်တယ်။

ရှင်ရာမျက်လုံးတွေကလည်း ရှင်မာကို တိုးလျှိုးနေကြတယ်။

ရှင်မာ သက်ပြင်းလေးကို မသိမသာ ချလိုက်တယ်။

'နေနေ… သင်နေချင်သလိုနေ ကောင်မ'

တောပြောလေး ပြောပြီး ရှင်မာရယ်လိုက်တယ်။ ရှင်ရာလည်း ရယ်တယ်။ ရှင်ရာ ရယ်မောမှုက ပိုပြီးလွတ်လပ်ပေါ့ပါးလွန်းတယ်။

ငအိမ် မြင်းအမီလိုက်လာတယ်။

'သင်တို့က စကားပြောလွန်းသလောက် ရယ်လည်းရယ်လွန်းပါ့'





ငအိမ်ကဆိုတယ်။

'လာပြန်ပြီတစ်ယောက်'

ရှင်ရာ ငအိမ်ကို မျက်စောင်းခဲကြည့်တယ်။

'ရယ်တယ်ဟာ ရယ်တယ်၊ ဘာဖြစ်လဲ၊ ငါ့ဖာသာငါရယ်တာ သင်နဲ့ဘာဆိုင်လဲ၊ ဟား… ဟား… ဟား… ဟား…'

ရှင်ရာ တမင်တောင် လုပ်ရယ်ပြလိုက်သေးတယ်။

နောက် သုံးယောက်လုံးပဲ အသံထွက် လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်မိကြတော့တယ်။

အဲဒီကျေးတောသား ခရီးသွားသုံးယောက်က…

ရှင်ရာဆိုတာက ရာဇ နာဂဂီရိတိုင်းပြည်ကြီးရဲ့ ရွှေနန်းရှင်ဘုရင်မလေး။

ရှင်မာဆိုတာက စူဠမာလ။ ညီမတော်။

ငအိမ်ကတော့ လက်ယာကိုယ်ရံတော်တပ်က တပ်မှူးလေးဣလ္လိ။

ဒီအစီအစဉ် အကြံဖြစ်သူက ညီမတော်။ နောက်သုံးဦးသုံးရဲ့ သဘောတူညီချက်နဲ့ အစီအစဉ်အထမြောက်ခဲ့တာ။ တစ်ချက်ခုတ်၊ သုံးချက်ပြတ်အစီအစဉ်။ ဘုရင်မလေးရဲ့ စိတ်လက်လွတ်လပ်ပေါ့ပါးမှုအတွက်ရော၊ ဇနပုဒ်တွေရဲ့ အနေအထားအနေလေ့လာမှုအတွက်ရော၊ ရန်သူလူစွမ်းနဲ့လည်း တွေ့လိုတွေ့ငြား။

သူတို့ထွက်လာမှုကို အမိကကျွတဲ့ နန်းတွင်းသူလေး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ သိတယ်။ အဲဒီလေးယောက်ကိုလည်း တစ်ခြားတစ်စုံ တစ်ယောက်ဆီ ပေါက်ကြားမှုရှိပါက ရာဇဒဏ်လို့ အပြတ်မိန့် ပြီးထွက်လာခဲ့တာ။

ထွက်လာတဲ့သုံးယောက်။ ထွက်လာစဉ်ကတည်းက စည်းကမ်းလုပ်လာကြတယ်။ ရွှေနန်းတော်အကြောင်း မပြောရ။ နန်းရေးနန်းရာစကားအသုံးအနှုန်းမျိုး မသုံးရ။

လွတ်လပ်ပေါ့ပါးစွာ ကျေးတောသားစိတ်စွဲ၊ ကျေးတောသားလေသံမျိုးသာ သုံးနှုန်းပြောဆိုရန်။

'ဒေါ်အိမ် သင်ရည်းစားလေးဘာလေး မထားဖူးဘူးလား'

'မထားဖူးပါဘူးဟာ'

ရှင်ရာရဲ့အမေးကို ဒေါ်အိမ်က ခပ်တည်တည်ဖြေတယ်။

'အေးလေ… သင့်လိုမှန်ကုပ်ကုပ်ရှုသိုးသိုးကြီးကို ကြိုက်တဲ့ မိန်းမလည်း ရှိပုံမရပါဘူး'

ရှင်ရာအပြောကြောင့် ရှင်မာ ရှင်ရာကို မျက်စောင်းခဲ့ ကြည့်ပြီး ပြောတယ်။

'မှုန်ကုပ်ကုပ်ရှုသိုးသိုးကြီးကိုမှ ကြိုက်တယ်ဆိုတဲ့ မိန်းမ မျိုးရှိချင်ရှိမှာပေါ့'

ရှင်ရာ မျက်နှာမလုံမလဲဖြစ်သွားတယ်။

'သင်လား'

ရှက်ရမ်းရမ်းသလို ပြောတယ်။

ရှင်မာ ရှင်ရာကို မျက်လုံးပြူးကြည့်တယ်။





'ဟင်းနော် ရှင်ရာ'

ရှင်မာ စိတ်လျှော့သလို လုပ်လိုက်ပြီး…

'ထားပါ… ထားပါ… ဒေါ်ပဲထားလိုက်ပါ'

ရှင်မာ မြင်းကို ရှေ့နှင်လိုက်ပြန်တယ်။

ရှေ့ရောက်သွားတဲ့ ရှင်မာမြင်းကို ရှင်ရာမြင်းက အမီ လိုက်ပြန်တယ်။

'ညီမလေး မမကို စိတ်ဆိုးသွားလား'

'ဆိုးတာပေါ့၊ ကိုယ့်ကိစ္စကို လူများကိစ္စလိုက်လုပ်တယ်'

'အဟက်… ဟက်…'

ရှင်ရာ ရယ်နေပြန်တယ်။

'မမကိစ္စလို့ ညီမလေးက သတ်မှတ်ပေးတယ်ပေါ့'

'လာပြန်ပြီ၊ ဒါက ဘာစကားလဲ'

'ဟိုလေ…'

ရှင်ရာ နောက်ကို ပြန်လှည့်ကြည့်တယ်။

ဒေါ်အိမ်မြင်း ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့တာကိုတွေ့ရမှ…

'ဟိုလေ ညီမလေး၊ မမနဲ့သဘောတူနိုင်လား'

ရှင်ရာအသံက ချိုနေတာပဲ။ ရှင်မာ့အားကို ယူချင်နေ သလိုပဲ။

'ဘာလို့ သဘောတူရမလဲ'

ရှင်မာ တိုတိုပြတ်ပြတ်ပြောတယ်။

'ဘာဖြစ်လို့လည်း ညီမလေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှင်မာကို ချော့သံလေးနဲ့ ပြောတယ်။

'ဘာဖြစ်လို့လဲ မေးစရာလိုလား၊ ရှင်ရာ သင်က…'

ရှင်မာစကား တိကနဲဖြတ်လိုက်တယ်။

အမှန် ရှင်မာပြောမယ့်စကားက 'သင်က ဘုရင်၊ ဟိုက တပ်မှူးလေ'။ ဒါပေမဲ့ ပြောလို့မဖြစ်။ ထွက်လာကတည်းက သူတို့စည်းကမ်းရှိခဲ့တယ်။ ရွှေနန်းတော်အကြောင်း မပြောရ။

နောက်ပြီး ရှင်ရာရဲ့ပျော်နေတဲ့စိတ်ကလေးကို အနှောင့်အယှက်မဖြစ်စေချင်။

'အစ်မရယ်၊ သင်ကချောချောလှလှလေး၊ ဟိုက လူပုံကိုကြည့်ပါဦး၊ မှုန်ကုပ်ကုပ်ရှုသိုးသိုးကြီး၊ သင်နဲ့မတန်ပါဘူးဟယ်၊ ငါတော့ သဘောမတူနိုင်ပါဘူး'

ရှင်ရာ နောက်ခပ်လှမ်းလှမ်းဆီက ငအိမ်ကို ဖျပ်ကနဲ လှည့်လှမ်းကြည့်လိုက်ပြီး တဟက်ဟက်ရယ်လိုက်တယ်။

'သင်သဘောတူတူ မတူတူ ငါချစ်တယ်ဟ'

ရှင်ရာဒီအထိလည်း ပွင့်လင်းလိုက်ရော၊ ရှင်မာနှုတ်ခမ်းပွင့်ဟသွားတယ်။

ယောင်ရမ်းပြီး မြင်းပါးချပ်ကြိုးကို ထိန်းလိုက်မိတော့ မြင်းတော်င ရပ်တန့်သွားတယ်။

ရှင်ရာကလည်း မြင်းကိုလိုက်ရပ်တယ်။

'ဒီအချိန်မှာမှ ငါဒီလိုမပွင့်လင်းရရင် ငါတစ်သက်ဘယ်မှာ ပွင့်လင်းခွင့်ရပါတော့မလဲ ညီမလေးရယ်'





ရှင်မာကို တောင်းတောင်းပန်ပန်ဆိုတယ်။

ရှင်မာ ရှင်ရာကို ကြင်နာစွာ ဆိုတယ်။

'ရှင်ရာရယ်၊ သင့်သဘောပဲ၊ ငါ့ရင်ထဲမှာတော့…'

'တစ်စုံ တစ်ခုဆုံးရှုံးသွားသလိုပဲဟာ'လို့ ပြောမိတော့မလို့။

'နမြောသလိုပဲဟာ'

ရှင်မာ အဲဒီလိုပဲ ပြောလိုက်မိတော့တယ်။

'ညီမလေးရယ်၊ ငါ့ကိုတန်ဖိုးထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အချစ်ဆိုတာကို ဈေးတွက်နဲ့ တွက်ယူလို့မရဘူးဟ'

'ဒါဆို ဘာတွက်နဲ့တွက်ရမလဲ၊ ငါ့ကိုသင်ပေးပါဦးရှင်ရာ'

'အဟင်း….ဟင်း… ဟင်း… ငါလည်းမတွက်တတ်ပါဘူး ရှင်မာရယ်၊ သင့်ကိုဘယ်လိုသင်ပေးတတ်ပါ့မလဲ၊ သင်နောက်တော့ သင်ဟာသင် တတ်သွားမှာပါ'

ကြည်လင်နေတဲ့ ရှင်ရာမျက်နှာလေးကို မြို့ချလိုက်သလို ရှင်မာကြည့်လိုက်တယ်။ ငအိမ်မြင်း သူတို့နားမီခါနီးမှာ…

'ရှင်ရာ ငါရှေ့ကနေ နှင်နှင့်မယ်၊ သင် သင့်မှုန်ကုပ်ကုပ်ကြီးနဲ့ စကားတစ်ဝကြီးပြောပြီး နောက်ကလိုက်လာ'

ရှင်မာ ရှင်ရာနဲ့မြင်းချင်းတိုးကပ်လိုက်ပြီး…

'သူ့အထင်သေးသွားလောက်အောင်တော့ သိပ်မပေါ့ပါးလိုက်ပါနဲ့ မမရယ်'



www.burmeseclassic.com

www.burmeseclassic.com



တည်တည်လေး ရှေ့ကနေမြင်းကို နှင်သွားတယ်။

ရှင်ရာမြင်းနဲ့ အေဒီမ်မြင်းပူးယှဉ်နောက်ကလိုက်တယ်။

* * *

(၃)

ခရီးစဉ်ရဲ့ တတိယနေ့။

ညနေစောင်းနေပြီမို့ ရှေ့ကတွေ့ရတဲ့ဇရပ်မှာ တစ်ညတာ တည်းခိုကြမယ်လို့ ကြံကာမှ ဇရပ်မှာ ချည်ထားတဲ့မြင်းခြောက်ကောင်ကို တွေ့လိုက်ရတယ်။

'အေဒီမ်ရေ ဇရပ်မှာ တို့အရင်လူတွေ ရောက်နေပါလား၊ တို့အဲဒီဇရပ်မှာ ဒီည တည်းခိုလို့ဖြစ်ပါ့မလား'

ရှင်မာက အေဒီမ်ကို လှမ်းမေးတယ်။

'အချိန်မရှိတော့ဘူးလေ၊ ဘယ်လိုတတ်နိုင်ပါ့မလဲ၊ ခရီးသွားချင်းပဲ၊ သူ့ဘာသာသူနေ ကိုယ့်ဖာသာကိုယ်နေ ဒီလိုပဲ တည်းခိုကြရမှာပေါ့'

ဇရပ်နား သူတို့မြင်းတွေရောက်သွားတော့ ဇရပ်ပေါ်က လူတွေက လှမ်းကြည့်ကြတယ်။ လူခြောက်ယောက်။

ခေါင်ရည်ဝိုင်းဖွဲ့နေကြတယ်။ ထိုင်စသောက်စထင်ရဲ့။ မသောက်ရသေးတဲ့ ခေါင်ရည်အိုးတွေမှာ ခေါင်ရည်တွေ အပြည့်ရှိနေကြသေးတယ်။

ထိုင်စသောက်စလို့ ခေါင်ရည်အိုးလက်ကျန်တွေ အမြင်





အရ ပြောရပေမယ့် သူတို့ပုံကြည့်ရတာ အတော်လေးတော့ မူးနေကြပုံရရဲ့။ ဒါဆို တခြားတစ်နေရာဆီက သောက်လာကြပုံရရဲ့။ ခုတစ်ပွဲ ထပ်သောက်ကြဦးမယ့်ပုံ။

အေဒီမ်တို့သုံးယောက် ဇရပ်ရဲ့မြင်းချည်တန်းတစ်ခုမှာ သူတို့မြင်းသုံးကောင်ကို ချည်လိုက်တယ်။

ဇရပ်ပေါ်က အမူးသမားတွေ မိန်းကလေးနှစ်ယောက်ကို အားမနာပါးမနာ မျက်စိကျွတ်ကျမတတ် လိုက်ကြည့်နေကြတယ်။

သတိထားမိတော့ သူတို့သုံးယောက်မျက်နှာထားတွေကို တင်းထားကြတယ်။

မြင်းချည်ကြပြီးတော့ ဇရပ်ပေါ်တက်ပြီး ဇရပ်ရဲ့ထောင့်တစ်နေရာမှာ နေရာယူကြတယ်။ ဇရပ်ကြီးက အကျယ်ကြီးမို့ သူတို့နှစ်ဖွဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မနီးစပ်လှပါဘူး။ ပါလာတဲ့ ဆောင်ဖားယေးမြားတွေကို နေရာချလိုက်တယ်။ ဖြတ်ခဲ့တဲ့ရွာတစ်ရွာဆီက ဝယ်လာခဲ့တဲ့ စားနပ်ရိက္ခာတွေကိုလည်း နေရာချထားလိုက်တယ်။

သူတို့သုံးယောက် အဲဒီလိုလုပ်နေကြတုန်းမှာ တစ်ဖက်ခေါင်ရည်ဝိုင်းဆီက လူထွားထွားတစ်ယောက် သူတို့နားဆီရောက်လာတယ်။ ဆောင်ဖားတစ်လက်ကို အလွတ်ကိုင်ပြီး သူတို့လုပ်ကိုင်နေတာတွေကို ရပ်ကြည့်နေတယ်။

သူတို့သုံးယောက် အလုပ်အပြီးမှာ မားမားကြီးရပ်နေတဲ့ လူထွားကြီးကို သုံးယောက်အပြိုင်အဆိုင် ကြည့်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူထွားကြီးက မခိုးမခန့်မျက်နှာပေးနဲ့။

'မိန်းကလေးနှစ်ယောက်က သိပ်လှတော့ တို့အဖွဲ့က မျက်စိကျနေပြီ။ မင်းကိုတော့ မျက်စိထဲ လုံးဝမထားပါဘူး'

အေိမ်မိန်းကလေးနှစ်ယောက်ရှေ့တက်ပြီး လူထွားကြီးကို ရင်ဆိုင်မယ်လုပ်တယ်။ ရှင်ရာက အေိမ်ကိုဆွဲဖယ်ထားလိုက်တယ်။

'သင်တို့ ဒီဒေသရဲ့ ခိုးသားဓားပြအဖွဲ့လား'

လူထွားကြီး ရှင်ရာရဲ့စကားကြောင့် စိတ်ပျက်စရာကောင်းလောက်အောင် မျက်နှာကြီးကို ရှုံ့မဲ့လိုက်တယ်။

'ကျေးတောသူ အနံ့အအလေးလား၊ ဒီရုပ်ဒီရည်တွေကို အသေအချာကြည့်ပါဦး၊ ခိုးသားဓားပြရုပ်တွေလား၊ လူဂုဏ်တန်ရုပ်တွေဆိုတာလောက်တောင် အကဲခတ်နိုင်တဲ့ ဉာဏ်အသိမရှိပါလား'

'အဲ့ဒိုတွေ ပြောမနေနဲ့၊ သင် ငါတို့ရှေ့ ဘာလို့လာရပ်တာလဲ'

ရှင်မာ မာမာထန်ထန်နဲ့ပြောတယ်။

'ဟား… ငယ်ငယ်လှလှလေးတွေနဲ့ တော်တော်ရိုင်းရိုင်းပျပျတွေပါလား၊ ငါတို့လို လူဂုဏ်တန်တွေကို ဒီလိုမဆက်ဆံရဘူးလေ အရိုင်းလေးတွေရ၊ ငါတို့ကို ရိုရိုသေသေ လေးလေးစားစားဆက်ဆံပါ'

အေိမ် ရှေ့ထွက်မယ်လုပ်ပြန်တယ်။

ရှင်ရာ အေိမ်ကို ဆွဲဖယ်ထားတယ်။





'သင်တို့ ဘာကောင်တွေလည်းပြော'

ရှင်ရာရဲ့ဒေါသသံ။

'ငါတို့က ရတနာကုန်သည်ကြီးတွေဟ၊ အရိုင်းအစိုင်းလေးတွေရ'

လူထွားကြီးကလည်း ဒေါသတကြီး။

ဖြစ်နေတဲ့အခြေအနေကိုကြည့်ပြီး ခေါင်ရည်ဝိုင်းက ကျန်တဲ့လူတွေ ထလာကြတယ်။ ကိုယ်စီဓားလွတ်တွေကိုင်လျက်က။ လေးမြားတွေကတော့ သူတို့ထိုင်ခဲ့တဲ့နေရာမှာပဲ ကျန်ခဲ့တယ်။

နာဂဂီရိမှာက ဒီအတိုင်းပါပဲ။ လူတိုင်းလိုလို လေးမြားဆောင်ကြပေမယ့် တော်ရုံတန်ရုံရန်ပွဲတွေမှာ လေးမြားသုံးလေ့မရှိပါဘူး။ အသက်လုပွဲတွေကျမှ သုံးလေ့ရှိတယ်။

အေိမ် ရှေ့ထွက်မယ်လုပ်ပြန်တယ်။

ရှင်ရာ အေိမ်ကို ဆွဲဖယ်ထားပြန်တယ်။

'ဒီအရပ်မှာ ရတနာကုန်သည်ကြီးတွေ ရှိလို့လား'

'ငါတို့တခြားအရပ်က လာကြတာ၊ ဥတ္တရဂီရိထိသွားမှာ၊ ငါတို့ကို ဘာမှတ်လို့လဲ၊ ငါတို့က ဥတ္တရဂီရိမြို့စားရဲ့ ဆွေမျိုးရင်းတွေ၊ သင်တို့ဥတ္တရဂီရိမြို့စားဆိုတဲ့ အမည်ကိုတောင် ကြားဖူးဘူးဆိုရင် သင်တို့ဟာ နာဂဂီရိတိုင်းပြည်ရဲ့ ချောင်ကြို ချောင်ကြားထဲကပဲ ဖြစ်လိမ့်မယ်'

ရှင်ရာနဲ့လူကြီး အကြည့်ချင်းဆိုင်နေကြတယ်။

'ဥတ္တရဂီရိမြို့စားတဲ့လား၊ မကြားဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရာ တမင် အရွဲ့တိုက်ပြောခြင်းဖြစ်တယ်။

'ဟား… ဟား… ဟား… ဟား…'

'တကယ့်အစုတ်အပြတ်လေးတွေပဲ၊ ဒါပေမဲ့ လှလှလေးတွေ'

'ဟား… ဟား… ဟား… ဟား…'

နောက်ကလူတွေကပါ သံယောင်လိုက်ရယ်မောနေကြရဲ့။

'ဥတ္တရကိုရိုမြို့စားရဲ့ ရောင်းရင်း၊ ငါတို့ရှေ့မှာဘာလို့လာရပ်တာလဲ'

'ငါတို့ မလာချင်ကြရှာပါဘူး၊ သင်တို့အလှက ငါတို့ကို ဆွဲခေါ်လိုက်တာ၊ ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

ရှင်ရာ စိတ်လျှော့သလိုလုပ်လိုက်တယ်။

'ဥတ္တရကိုရိုမြို့စားရဲ့ ရောင်းရင်း၊ ငါတို့သင်တို့နဲ့ ရန်မဖွဲ့ချင်ပါဘူး၊ ငါတို့ဘာသာ အေးအေးဆေးဆေးနေပါရစေ။

ရှင်ရာတစ်ယောက်ချင်းကိုတော့ လိုက်ကြည့်ပြီး ရုပ်တွေကို မှတ်သားထားတယ်။

'ငါတို့ကလည်း ရန်မဖွဲ့ချင်ပါဘူး၊ ကဲလာ… အေးအေးဆေးဆေးပေါ့'

လူကြီး ရှင်ရာ လက်ကို ဆွဲတဲ့အထိ ဖြစ်လာတယ်။

ဒေါ်မိမ် လှုပ်ရှားမယ် ပြင်တယ်။

ရှင်ရာ ဆွဲတားထားပြန်တယ်။





သူ့လက်ကိုလည်း လူကြီးလက်ထဲက သာသာပြန်ရုန်းလိုက်တယ်။

'သင် ဘာလို့ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေရတာလဲ၊ ဓက်ဖြုတ်သွားချင်လို့လား'

လူကြီး ဒေါ်မိမ်ကို ဓားနဲ့ရွယ်ကြိမ်းမောင်းတယ်။

ရှင်ရာ ဒေါ်မိမ်ရှေ့က ပိတ်ကွယ်ရပ်လိုက်တယ်။

'သင်တို့လူဂုဏ်တန်တွေဆို သူတစ်ပါးသားမယားကို ပြစ်မှားသင့်ဘူးလေ'

'ဘယ်သူလဲ သူတစ်ပါးသားမယား'

လူကြီးက ရှင်ရာကို မေးတယ်။

'ငါတို့ အေးအေးဆေးဆေးနေချင်တယ်၊ ငါတို့က အကြင်ဆင်မယားတွေပါ'

လူကြီး သူ့လူတွေကို တစ်ချက်ဝေ့ကြည့်တယ်။

နောက်ပြီး ရှင်မာဆီ အကြည့်ရောက်တယ်။

'ဘာကြည့်တာလဲ၊ ငါက လင်လည်းမရှိဘူး၊ ရည်းစားအနာလည်းမရှိဘူး၊ စမ်းချင်းလို့လား… လာ…'

ရှင်မာ ဒေါသတကြီးပြောပြီး ဓားကိုတစ်ချက်ဝေ့လိုက်တယ်။ ဓားအသင့်ခင်းပြင်ထားလိုက်တယ်။

'ဟ… ကျားမလေးပါလား'

လူကြီး သူ့လူတွေကို မေးဆတ်ပြလိုက်တယ်။

သူ့လူတွေ ရှင်မာဆီ အတင်းဝင်တိုက်ခိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မာ သူလူတွေအုပ်ထဲက လျှောကနဲ ထွက်လာပြီး လူကြီးလည်းပင်းမားနဲ့ တွက်ပိုင်းပိုင်းလိုက်တယ်။

လူကြီးရုပ်ပျက်ဆင်းပျက် ရှောင်လိုက်ရတယ်။

ရန်ပွဲထဲ ဒေအိမ်ဝင်မယ်အလုပ်မှာ ရှင်ရာဒေအိမ်လက်ကို အတင်းဆွဲပြီး ကြမ်းပြင်မှာ ထိုင်စေတယ်။ သူနဲ့အတူ ယှဉ်ပြီး ထိုင်ချခိုင်းလိုက်ခြင်းဖြစ်တယ်။

'ရှင်မာ ရတယ်၊ ဒီခြောက်ယောက်လောက်ကို ၇ှင်မာ လက်တစ်ဖက်တည်းနဲ့တောင်ရတယ်၊ မပူနဲ့ ဒေအိမ်၊ အမောဖြေကြ ဦးစို့'

ရှင်ရာ တိုက်ပွဲကိုတောင် မကြည့်၊ ဟိုးအဝေးတောင် တန်းကြီးကိုငေးကြည့်နေရင်း အသက်မှန်မှန်ရှူ အပန်းဖြေနေ တယ်။

ဒေအိမ်ကတော့ တိုက်ပွဲဆီ မကြည့်ဘဲ မနေနိုင်။ ရှင်မာ အတွက် စိုးရိမ်စိတ်နဲ့ လှမ်းလှမ်းကြည့်နေမိတယ်။ ရှင်ရာသူ့လက် ကို ဆွဲကိုင်ထားတာမို့ ထတော့မထဖြစ်။

ရှင်မာတိုက်ခိုက်မှုက အတော့်ကို ကြမ်းကြမ်းတမ်းတမ်း ရှိလှတယ်။ ရှင်မာဒဏ်ရာရထားတဲ့ ကျားမလေးတစ်ကောင်လိုပဲ သဲသဲမဲမဲကို တိုက်ခိုက်နေတယ်။

ခြောက်ယောက်ကို တစ်ယောက်ထဲက လိုက်စီးတိုက်နေ တာ။ ရန်သူခြောက်ယောက် အသည်းအသန်ဆုတ်ဆုတ်နေရ တယ်။ ချွင်ကနဲချွင်ကနဲ ဓားသံတွေက စိပ်လွန်းလှတယ်။ ရှင်မာ



ဒေါသတွေ ကိုင်ဓားပေါ်ကတစ်ဆင့် ရန်သူတွေပေါ် ဒလစပ်ကျ ဆင်းနေသလိုပဲ။ ရန်သူတွေ ဖရိုဖရဲ ခံနေရ၊ ဆုတ်နေရ၊ ရှောင် နေရ၊ ပြေးနေရ၊ လွှားနေရ။

ဆုတ်ပြေးရှောင်ထွက်သွားတဲ့ ရန်သူတစ်ယောက် ချထား တဲ့လေးနဲ့မြားကိုပြေးကောက်လိုက်တာ ဒေအိမ်တွေ့လိုက်ရတယ်။

ဒေအိမ်နံဘေးမှာ ချထားတဲ့ မြားကိုကောက်ယူလိုက်ပြီး အဲဒီသူဆီ ပစ်လွှတ်လိုက်တယ်။ လက်နဲ့ပစ်လွှတ်လိုက်တာ လေး မှာ တပ်ချိန်မှမရဘဲ။

ဒေအိမ်မြားနဲ့အတူ တစ်ပြိုင်နက်တည်း တခြားမြားတစ် စင်းလည်း အဲဒီရန်သူရှိရာ ပြေးဝင်သွားတယ်။ ရှင်ရာပစ်လွှတ် သိုက်တာကိုတော့ ဒေအိမ်ရိပ်ကနဲ တွေ့လိုက်တယ်။ ဒါပေမဲ့ ရှင်ရာ ဆီ လှည့်ကြည့်လိုက်တော့ မျက်စိအကြည့်ကတော့ တောင်တန်း တွေဆီမှာပဲ။ အသက်ရှူမှုကလည်း မှန်မှန်ကလေးပဲ။

'ဒေအိမ် မြန်ပေသား'

အဲဒီအနေအထားကပဲ ရှင်ရာ ဆိုခြင်းဖြစ်တယ်။

'ရှင်ရာလည်း သိပ်တော်လွန်းရဲ့'

ဒေအိမ် ပြန်ပြောလိုက်မိတယ်။

အဲဒီမြားနှစ်စင်း လေးကိုကောက်ကိုင်နေတဲ့ ရန်သူ့လက် မှာ တစ်နေရာထဲ ပူးစိုက်ဝင်သွားပြီး အောက်က ကြမ်းပြင်ထိထိုး စိုက်နစ်ဝင်သွားတယ်။ ရန်သူ့လက် ကြမ်းကုန်ခွာလို့မရတော့။

ရန်သူရှုံ့မဲ့ပြီး မြားနှစ်စင်းကို ကမန်းကတန်း ဆွဲနုတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မရနိုင်တော့ ချုံးပစ်ပြီး လက်ကို ကြမ်းပြင်က ခွာလို့ရအောင် ရုန်းယူနေတယ်။ ကံကောင်းထောက်မစွာ ရသွားတယ်။

နံဘေးက ချထားလျက်သား အိတ်တွေကို သိမ်းကျုံးကောက်ယူပြီး ဖရပ်ပေါ်က ပြေးဆင်း။ ချည်တန်းက မြင်းကြိုးကို လက်တစ်ဖက်နဲ့ ကမန်းကတန်းဖြုတ်။ မြင်းပေါ် ခုန်ခွတက်လိုက်တယ်။ ကျန်တဲ့ရန်သူတွေလည်း ရှင်မာရဲ့ဓားချက်တွေကြားက ဖရိုဖရဲပြေးလွှားတိမ်းရှောင်ရင်း သူတို့ချထားတဲ့ အိတ်တွေကို ကမန်းကတန်းလိုက်ကောက်ယူ ဖရပ်ပေါ်ကပြေးဆင်းကြ။ မြင်းတွေကမန်းကတန်းဖြုတ်၊ မြင်းပေါ် ခုန်ခွတက်ကြ၊ ဒုန်းစိုင်းထွက်ခွာသွားကြတော့တယ်။

ရှင်မာ ချည်တန်းမှာ ချည်ထားတဲ့ သူ့မြင်းပေါ် ပျံမ်းပစ်ချပြီး ခွထိုင်လိုက်တယ်။ မြင်းပေါ် ခွထိုင်ပြီးမှ မြင်းကြိုးကို တစ်ချက်ထဲဆွဲဖြုတ် မြင်းကို ဒုန်းဆိုင်းနှင်လိုက်တယ်။

'ရှင်မာရေ တော်ပြီလေ၊ စိတ်လျှော့တော့၊ လိုက်တိုက်မနေနဲ့တော့၊ အပမ်းဖြေဦး'

ရှင်ရာစကားသံ ရှင်မာကြားလောက်ပေမယ့်ပြန်လှည့်မကြည့်၊ မြင်းနှင်မှုကိုမရပ်။ ဒုန်းဆိုင်းထွက်ခွာသွားတော့တယ်။

မြင်းခွာသံတွေ ဝေးသွားတဲ့အချိန်မှာတော့ ဇရပ်ကြီးငြိမ်သက်ကျန်ခဲ့တယ်။ ရှင်ရာတစ်ဝကြီး အပမ်းဖြေမှုပြီးတော့ ဟိုဒီကြည့်တယ်။ မတ်တပ်ထရပ်တယ်။

ဣလ္လိကတော့ ရှင်မာအပြန်ကို စိတ်စောနေမိတယ်။





ရှင်မာဘယ်အထိများ လျှောက်လိုက်နေလဲမသိ။

ဟိုဒီကြည့်တဲ့ ရှင်ရာအကြည့်တွေ ခေါင်းရည်အိုးတွေဆီရောက်တယ်။ မဖိတ်မစင်ကျန်ရှိနေသေးတဲ့ ခေါင်းရည်အိုးတွေ ကြမ်းပြင်မှာ တွေ့နေရတယ်။

ဒေအိမ် ဇရပ်ပေါ်ကဆင်းပြီး ရှင်မာထွက်သွားရာလမ်းငေးတယ်။ အတန်ကြာတော့ မြင်းချည်တန်းဆီသွားတယ်။ မြင်းကို ချည်ကြိုးဖြုတ်ပြီး တက်စီးတယ်။

'ဒေအိမ် သင်ရှင်မာနောက်လိုက်မလို့လား'

'အေး… ရှင်ရာရယ်၊ ရှင်မာကြာလွန်းလှတယ်'

'ကောင်းပါ'

ဒေအိမ် ရှင်မာထွက်ရာလမ်းအတိုင်းလိုက်တယ်။

မှောင်ရီရီ ညနေဆည်းဆာထဲမှာ ဒေအိမ်မြင်းကို ဒုန်းနှင်တယ်။

ခပ်လှမ်းလှမ်းမှာ မြင်းတစ်ကောင်ရပ်တန့်နေတာကို တွေ့ရတယ်။ ဒေအိမ် အဲဒီဆီ အမြန်ရောက်အောင်မြင်းကို ဒုန်းနှင်တယ်။ အရောက်မှာ…

မြင်းပေါ်ခေါင်းစိုက်နေတဲ့ ရှင်မာ ဒေအိမ်ကို ပြုံးပြုံးဖျော့ဖျော့ ခေါင်းထောင်ကြည့်တယ်။

ရှင်မာ ပါးပြင်မှာ မျက်ရည်တွေ စိုရွှဲလို့။

'ဟင်… ရှင်မာ၊ ဘာဖြစ်လို့လဲ… ဘာဖြစ်လို့လဲ'

ဒေအိမ် စိုးရိမ်တကြီးမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မာ နှုတ်တုံ့မပြန်။ မျက်ရည်တွေကို ကမန်းကတန်း သုတ်တယ်။

'ရှင်မာ ရန်သူတွေက ဘာပြုသွားလို့လဲ၊ ပြောလေ… ပြောပါ'

'အညံ့စားရန်သူတွေ၊ ငါ့ကို ဓားရှရာတစ်ချက်တောင် ပေးမသွားနိုင်ဘူး၊ ငါလည်း အညံ့စားပါပဲ၊ သူတို့ကို ထိခိုက်သွားအောင်ပဲလုပ်နိုင်တယ်။ တစ်ယောက်တလေ ဇက်ကိုတောင် မဖြတ်ချလိုက်နိုင်ဘူး'

ရှင်မာ ဒေါသတကြီးနဲ့အတူ လေထဲကို ဓားချက်လေးငါးချက် ဒေါသတကြီး ဇွဲပိုက်ခုတ်ပစ်လိုက်တယ်။

'ရှင်မာ သင်မညံ့ပါဘူး၊ သင်တိုက်ခိုက်မှုတွေ ကောင်းပါတယ်၊ ရန်သူတွေ သိပ်ညံ့ညံ့မဟုတ်လို့သာ သူတို့အသက် သူတို့လုထွက်သွားနိုင်ကြတာ ငါ့အမြင်ပါ'

ရှင်မာ ဘာမှမပြောဘဲ သူ့မြင်းကို ပြန်လမ်းဘက်ဆီ ဆွဲလှည့်ဦးတည်လိုက်တယ်။ အေးမိလည်း မြင်းကိုလာလမ်းဘက်ဆီပြန်လှည့်တယ်။

'သင်က ဘာမှမဖြစ်ဘဲ ဘာလို့ငိုနေရတာလဲ'

'ငါ မငိုပါဘူး၊ မျက်ရည်တွေ သူ့ဘာသာသူကျတာ'

ရှင်မာအသံက ခပ်ပြတ်ပြတ်။

'ရှင်မာ ဒေါသကြီးလွန်းလှချည့်၊ ဒီလောက်ဒေါသကြီးတတ်လိမ့်မယ်လို့ ငါမထင်မိဘူး'



ရှင်မာ ဘာမှမပြောဘဲ မြင်းကိုပြန်လမ်းအတိုင်း မှန်မှန်လေးနှင်နေတယ်။ အေးမိ အမီလိုက်နှင်။ မြင်းယှဉ်စီးတယ်။

'ရှင်ရာက သင်တို့နှစ်ယောက် အကြင်လင်မယားလို့ ပြောတယ်၊ အဲဒီလို ဘာလို့ပြောရတာလဲ'

ရှင်မာ အေးမိကို ဆတ်ခနဲကြည့်ပြီး ဆတ်ခနဲမေးတယ်။

'ငါမသိဘူးလေ၊ ရှင်ရာ သူ့ဘာသာသူပြောလိုက်တာပဲ၊ စကားနည်းရန်စဲသဘောမျိုးဖြစ်အောင် ရည်ရွယ်လိုက်တယ်ထင်ပါ့'

'ရှင်ရာ ဒီအထိ စကားမလွန်သင့်ဘူး'

'ဟုတ်ပါ့'

ရှင်မာစိတ်ပြေသွားအောင် အေးမိအလိုက်အထိုက်ပြောတယ်။

'ဘာ ဟုတ်ပါ့လဲ'

ရှင်မာက ဒေါသတကြီး အော်ငေါက်လိုက်တယ်။ မြင်းကို တုန့်ရပ်လိုက်ပြီး အေးမိ့မြင်းနဲ့ ရင်ဆိုင်လှည့်တယ်။

'ရှင်ရာနဲ့ သင်ဘယ်အခြေအနေရောက်နေကြပြီလဲ'

ဝင်းဝင်းတောက်တောက် မျက်လုံးအစုံနဲ့ အေးမိ့ကို ကြည့်မေးတယ်။

'သင့်မျက်စိအောက်မှာ ငါတို့နေကြတာပဲ ရှင်မာရေ၊ ငါတို့ဘာတွေ ထူးထူးထွေထွေ ဖြစ်နေလို့လဲ'

ရှင်မာက မြင်းကိုရပ်ထားတာမို့ အေးမိလည်း မြင်းကို ရပ်ရတယ်။

www.burmeseclassic.com



'ငါတည့်တည့်မေးနေတယ် အိမ်၊ တည့်တည့်ပဲဖြေ၊ ရှင်ရာနဲ့သင် ချစ်သူတွေဖြစ်နေကြပြီလား'

အိမ် ခေါင်းခါယမ်းလိုက်တယ်။

'နှုတ်နဲ့ဖြေစမ်းပါ အိမ်'

'ရှင်ရာကို ငါကြောက်ရွံ့ရိုသေရတယ်ဆိုတာ သင်အသိပဲ ရှင်မာ'

'သင် စကားပြောတာ ဝေ့တယ်လို့ ငါထင်တယ်၊ ငါတည့်တည့်မေးတာကို တည့်တည့်ဖြေ'

'ခုထိ ငါတို့ချစ်သူတွေ မဖြစ်ကြသေးတာ အမှန်ပါ ရှင်မာ'

ရှင်မာ မျက်နှာ ဆတ်ခနဲ တင်းမာသွားတယ်။

'ဘာ... သင့်စကားက ခုထိတဲ့ဟုတ်လား၊ ဒီစကား အဓိပ္ပာယ်က နောက်ဆိုရင်တော့ ဆိုတဲ့အခြေအနေကို ငင်ထားတယ်၊ သင့်မှာ ရှင်ရာချစ်သူဖြစ်ဖို့ အကြံရှိနေတယ်ပေါ့'

'မကြံဝံ့ပါ ရှင်မာရယ်'

'ငါမယုံနိုင်ဘူး အိမ်၊ ငါ့အစ်မ စိတ်လွတ်လပ်ပေါ့ပါးနေနိုက်မှာ သူပွင့်ပွင့်လင်းလင်း ဖြစ်သွားတာကို အကြောင်းပြုပြီး သင့်ကိုယ်သင် ဟုတ်လှပြီအထင်နဲ့ ငါ့အစ်မအပေါ်မှာ အကြံထားနေကောင်းတယ်'

အိမ်က ဘာမှမပြော။

'အိမ် ငါ့ကို အမှန်အတိုင်းပြောစမ်းပါ အိမ်ရယ်၊



ငါ့အစ်မ သင့်အပေါ် စိတ်တိမ်းညွှတ်နေတယ်လို့ သင်ထင်ရဲလား'

'အဲဒီထိ မထင်ရဲအောင် ငါ့ကိုယ်ငါ ဆုံးမထားပါတယ် ရှင်မာ'

အိမ့်စကားမှာ ရှင်မာဆတ်ဆတ်ခါသလို ဖြစ်သွားတယ်။

'ငါ့အစ်မက သင့်ကိုဒီလိုဆက်ဆံနေတာကို သာယာနေလား'

'အဲဒီလိုသာယာမှုမျိုးမဖြစ်သွားအောင် ငါ့ကိုယ့်ငါ သွန်သင်နေပါတယ် ရှင်မာရယ်'

ရှင်မာမျက်လုံးအစုံ ဝိုင်းဝင်းတောက်တယ်။ မျက်နှာ ပိုမိုတင်းမာသွားတယ်။

'အိမ် သင်စကားပြောပုံတွေ ငါမကြိုက်နိုင်ဘူး၊ သင်စကားပြောပုံတွေဟာ ပြတ်သားမှုမရှိဘူး၊ သင်မလိမ်နဲ့၊ သင့်ငါ့အစ်မအပေါ် အကြံရှိနေပြီ။ မကောင်းဘူးထင်လို့သာ သင်ကိုယ်သင်ဆုံးမသွန်သင်မှု လုပ်နေတာမဟုတ်လား'

ဒေါသတကြီးအပြောနဲ့အတူ လေထဲမှာ ဓားကိုဝှေ့ဝိုက်ခုတ်နေတော့တယ်။

'ရှင်မာရယ် စိတ်လျှော့ပါ၊ သင်ဒေါသဟာ ရန်သူတွေကြောင့်လို့ ငါထင်တာ၊ ခုဘာကြောင့်လဲဆိုတာ သဘောပေါက်ပြီ၊ သင့်စိတ်ဓာတ်ကို ငါလေးစားချီးကျူးပါတယ်'

ရှင်မာ စိတ်လျှော့လိုက်သလို လေထဲခုတ်နေတဲ့ ဓားခုတ်



www.burmeseclassic.com

www.burmeseclassic.com



တာကို ရပ်ပစ်လိုက်တယ်။ ငအိမ်ကို တည်တည်အေးအေး ကြည့်တယ်။

'သင်ဟာ ရှင်ရာအပေါ် အတော်သံယောဇဉ်ကြီးတာပဲ၊ ရှင်ရာကိုအတော်တန်ဖိုးထားတာပဲ၊ သင့်လိုညီမမျိုး ဘေးနားမှာ ရှိခွင့်ရတဲ့ရှင်ရာ ဒေဝတာတွေကို အတော်ကျေးဇူးတင်ထိုက်တာပဲ'

ရှင်မာ ငအိမ်ကို တည်တည်အေးအေးကြည့်နေရာကနေ အေးအေးစက်စက် တွေတွေထွေထွေကြည့်တယ်။

'အစ်မက ငါ့ရဲ့မိဘပဲ၊ အစ်မဟာ ငါ့ရဲ့ဆရာသခင်ပဲ၊ အစ်မဟာ ငါ့ကိုအရာရာပြည့်စုံစေတဲ့ ဒေဝတာပဲ၊ အမှန်တော့ ငါ့ကိုယုယပိုက်ထွေးမှုအရာမှာ ငါ့မိဘထက်ပိုတယ်လို့တောင် ပြောလို့ရတယ်၊ ငါ့ကိုသွန်သင်မှု၊ လမ်းပြမှုနဲ့ ပညာအမွေတွေ ပေးတဲ့အရာမှာ ငါ့အတွက် တစ်ဦးတည်းသော အမိက ဆရာသခင်ပဲ၊ ချီးမြှင့်မြှောက်စားမှု၊ စိတ်ချမ်းသာစေမှုနဲ့ အရာရာ ပြည့်စုံအောင် ဖြည့်စွမ်းနိုင်မှုအရာမှာ ဘယ်ဒေဝတာမှတောင် အားကိုးစရာမလိုဘူးပဲ၊ ငါ့ခန္ဓာ၊ ငါ့အသက်၊ ငါ့ဘဝဟာ ငါ့မမ စိတ်ချမ်းသာမှုအတွက် ဖြစ်စေရမှာပဲ'

ရှင်မာ မျက်လုံးတွေ အေးမြမြ ဖြစ်သွားတယ်။

'ငအိမ် ငါ့မမစိတ်ချမ်းသာအောင်တော့ နေပေးပေါ့ဟာ၊ သင့်ခေါင်းထဲမှာ ငါ့မမအပေါ်ပက်စက်မယ့် အကြံတော့ လုံးဝ မပေါ်စေနဲ့၊ ငါ့မမအပေါ်ပက်စက်တဲ့အကြံမျိုးရှိတဲ့ခေါင်းတွေ





မလိုလားနိုင်ဘူး၊ ဖြတ်ပစ်မယ်၊ ခေါင်းနဲ့ကိုယ်ကို အိုးစားကွဲသွားစေရမယ်'

ငအိမ် သာသာကြည်ကြည် ခေါင်းညိတ်တယ်။

'ဩော် ငအိမ်ရေ၊ တို့နောက်ကြောင်းတော့ အမြန်ပြန်မှဖြစ်မယ်'

ဘာကြောင့်လဲဆိုတဲ့ စူးစမ်းမှုအကြည့်နဲ့ငအိမ် ရှင်မာကို ကြည့်တယ်။ 'ခုနက ရန်သူတွေထဲက ဟိုလူဗျားကြီးအော်ပြောသွားတဲ့စကားတစ်ခွန်းရှိတယ်။ ငါ့မခံချင်လိုက်တာ၊ ငါ့မြင်းပန်းနေလို့ သူတို့ကို အမိမလိုက်နိုင်ဘူး၊ မီလို့ကတော့ ခေါင်းတွေ အပြုတ်ပဲ'

'ဘာပြောသွားလို့လဲ'

ရှင်မာစဉ်းစားသလိုလုပ်ပြီး...

'နေဦးဟဲ့၊ ခုပြောလို့ မသင့်သေးဘူး၊ ဒီခရီးစဉ်မှာ လုံးဝ မပြောကြေးလို့ ငါတို့စည်းကမ်းထားခဲ့တဲ့ ကိစ္စနဲ့ပတ်သက်နေတယ်။ အဲဒီစကားကြားသွားရင် သင်တို့ စိတ်အနှောင့်အယှက်ဝင်သွားနိုင်တယ်။ အထူးသဖြင့် ငါ့အစ်မပေါ့၊ ငါ့အစ်မ နောက်ကြောင်းပြန်မရောက်မီ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေပါစေဦး၊ သူ့ဘဝရဲ့လေးပင်မှုတွေကို မေ့ပျောက်ထားပါစေဦး၊ ငါ့အစ်မ သနားဖို့သိပ်ကောင်းပါတယ်။ နောက်ကြောင်းပြန်လှည့်ကြပြီး နောက်ကြောင်းပြန်ရောက်မှ ငါပြောပြမယ်၊ ငါတို့သုံးယောက်ဝိုင်းစဉ်းစားကြရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့နောက်ကြောင်းနဲ့ပတ်သက်နေတဲ့ကိစ္စ ဆိုပါတော့' အိမ်အမေးကို ရှင်မာခေါင်းညိတ်ပြတယ်။

ဝင်လုဆဲနေဝန်းကြီးကို ရှင်မာလှမ်းငေးနေလိုက်တယ်။ စောစောက ဒေါသကြီးနေတဲ့ ရှင်မာ အရာရာမှာ စိတ်လျှော့လိုက်တဲ့ အသွင်ဟန်ရှိတယ်။ သက်ပြင်းညှင်းညှင်းချတယ်။ မြင်းကို ခြေဖမျက်နဲ့ ခတ်လိုက်ပြီး…

'သွားစို့ အိမ်၊ မမမျှော်နေရော့'

* * *

(၃)

'ဟူး'

'ဟူး'

ပြိုင်တူလိုလို လေပူမှုတ်ထုတ်လိုက်တဲ့ အိမ်နဲ့ရှင်မာ တစ်ယောက်နဲ့တစ်ယောက် ပြန်ကြည့်မိတယ်။

သူတို့ပြိုင်တူ လေပူမှုတ်ထုတ်လိုက်မိတဲ့အကြောင်းက ရေပ်ပေါ်လှမ်းအတက် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့်။

ရှင်ရာတစ်ယောက်တည်း ကျကျနနထိုင်ပြီး ခေါင်းရေသောက်နေတယ်။

'ဟယ်… ရှင်ရာ မမ၊ သင်ဘာလုပ်နေတာလဲ'

ရှင်မာက မျက်လုံးအပြူးသားလေးနဲ့ မေးတယ်။

ရှင်ရာကတော့…





'ဟဲ… ဟဲ…, ခေါင်းရည်သောက်ကြည့်နေတာလေ ကောင်မရဲ့'

ရီဝေဝေ မျက်လုံးအစုံနဲ့ ရှင်မာကိုကြည့်၊ တောပြောလေး ပြောပြီး ရယ်နေတယ်။

'မမနော် သင်လွန်ပြီနော်'

ပြောပြောဆိုဆို ရှင်မာ ရှင်ရာထိုင်နေရာဆီလျှောက်သွား၊ ဖျက်နှာချင်းဆိုင်ထိုင်ချလိုက်တယ်။ ထပ်သောက်ဖို့ ခပ်ချထားတဲ့ ခွက်ထဲက ခေါင်းရည်တွေကို ဆွဲယူသွန်ပစ်လိုက်တယ်။ ရှင်ရာရဲ့ လျှာသံအာသံကြောင့် ရှင်ရာမူးနေပြီဆိုတာ ရှင်မာသိတယ်။

'ညီမလေးကလည်းကွယ်၊ စိတ်မဆိုးပါနဲ့၊ ခေါင်းရည် အကြောင်းသိချင်လို့ မမ စမ်းကြည့်တာပါ၊ ကောင်းတယ်၊ အတော့်ကို ပြင်းပြင်းခေါင်းရည်၊ အရမ်းကောင်းတာပဲ၊ အရမ်းကို လွတ်လပ် ပျော်ရွှင်သွားတာပဲ'

'ရှင်ရာနော် သင်ငါ့ကို သက်သက်စိတ်ညစ်အောင် လုပ်တယ်နော်၊ ငါ ငိုမိလိမ့်မယ်'

ရှင်မာ စိတ်ညစ်သံနဲ့ ဆိုတယ်။

'ဟယ်… ညီမလေး စိတ်မညစ်နဲ့ စိတ်မညစ်နဲ့၊ မငိုနဲ့… မငိုနဲ့၊ စောစောပိုင်းက မမတောင်အဲဒီလိုမျိုး ဖြစ်လာသလိုရှိတာမို့ ခေါင်းရည်သောက်ကြည့်လိုက်တာ၊ ဟန်ကျရဲ့၊ ဘာမှစိတ်ညစ်စရာမရှိတော့ဘူး၊ ငိုချင်စရာမရှိတော့ဘူး၊ လွတ်လပ်ပျော်ရွှင်သွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရှင်ရာခေါင်ရည်ခွက်ကို လှမ်းယူခေါင်ရည်အိုးထဲကတစ်ခွက်ခပ်ပြီး ရှင်မာကို လှမ်းပေးတယ်။

'ညီမလေးရင်ထဲ လွတ်လပ်ပျော်ရွှင်သွားအောင် ရော့၊ ဒါလေးသောက်လိုက်၊ ဒါလေးသောက်လိုက်'

'မမရယ် မလုပ်ပါနဲ့ မမရယ်၊ ညီမလေးမသောက်ချင်ပါဘူး၊ ဟင့်အင်း… ဟင့်အင်း…'

ရှင်မာ ခေါင်ရည်ခွက်ကို တွန်းထားလိုက်တယ်။

အိမ် ညီအစ်မနှစ်ယောက်ကို ရပ်ကြည့်နေမိရာမှ သူတို့ပစ္စည်းများချထားတဲ့ ဇရပ်ထောင့်ဆီသို့သွားဖို့ ခြေလှမ်းပြင်တယ်။ ထွက်ခွာသွားတယ်။

ထွက်ခွာသွားတဲ့အိမ်ကို ရှင်ရာရီဝေဝေ ကြည့်နေရင်းက ရှင်မာကို ပြန်ကြည့်တယ်။ ရီဝေစွာ ငေးကြည့်နေပြီး…

'ရှင်မာ သင်တို့နှစ်ယောက် ဘယ်တွေလျှောက်သွားနေကြတာလဲဟင်'

လျှာလေးအာလေးသံနဲ့ မေးတယ်။

ရှင်မာလန့်သွားသလို…

'မမ ဘာလို့ ဒီလိုမေးရတာလဲ'

'သိချင်လို့လေ'

'မဟုတ်ဘူးလေ ညီမလေး မေးတာက ညီမလေးသွားတာကို မမသိတယ်လေ၊ ဟိုလေ ရန်သူတွေကို လိုက်တိုက်တာလေ'





ရှင်ရာ ဇဝေဇဝါလုပ်နေတယ်။

'မမသေသေချာချာ ပြန်တွေးကြည့်လေ၊ ဇရပ်ပေါ်မှာငါတို့နဲ့ ရတနာကုန်သည်တွေဆိုတဲ့ လူတွေနဲ့ ရန်ဖြစ်ကြတယ်လေ၊ အဲဒီလူတွေနဲ့ ညီမလေးနဲ့ တိုက်ခိုက်ကြတယ်လေ'

ရှင်ရာ တစ်စုံတစ်ရာသတိရလိုက်သလိုနဲ့ လက်ခုပ်တီးတယ်။

'ဟုတ်ပြီ… ဟုတ်ပြီ၊ တိုက်တိုက် ညီမလေး၊ အဲဒီကောင်တွေကို တိုက်'

ရှင်မာ စိတ်ညစ်စွာ ခေါင်းကုတ်လိုက်တယ်။

'အဲဒါ ညီမလေးပြောတာ၊ မမ မှတ်မိပြီလား'

ရှင်ရာ ခေါင်းကို လေးလေးပင်ညိတ်တယ်။

'အဲဒီကောင်တွေ ထွက်ပြေးတော့ ညီမလေးလိုက်တိုက်တာလေ၊ မှတ်မိလား၊ မမ မှတ်မိလား'

ရှင်ရာ ဇဝေဇဝါလုပ်နေရင်းက…

'ကြာလိုက်တာ…'

'ခက်တာပဲ မမခေါင်ရည်အတော်များများ သောက်လိုက်မှံ့ရတယ်'

ရှင်မာ ညည်းညူမိတယ်။

ရှင်ရာ အိမ်ရှိရာ ဇရပ်ထောင့်ကို လှမ်းကြည့်ပြီး…

'အဲဒီကောင် ညီမလေးနောက် ဘာလို့လိုက်သွားရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မမ မသိဘူးလားလို့၊ သူလိုက်လာတာ မမ မသိဘူးလား'

'သိဘူး'

'ညီမလေးကတော့ သူညီမလေးနောက် စိတ်မချလို့ လိုက်လာတာ မမသိတယ်မှတ်လို့'

'စိတ်မချလို့ ဟုတ်လား၊ ညီမလေးကို စိတ်မချဘူးတဲ့လား၊ သူက ဘာလို့ ညီမလေးကို စိတ်မချရတာလဲ'

ရှင်ရာ ကျယ်ကျယ်ပြောတယ်။ ဧရပ်တစ်ဖက်ထောင့်က အိမ်ကြားအောင်ကို အော်ပြောလိုက်တာ။

ရှင်မာ အိမ်ကို အားနာစွာ လှည့်ကြည့်မိတယ်။ အိမ်ကလည်း သူတို့ညီအစ်မကို လှမ်းကြည့်တယ်။

ရှင်ရာအတော်လေးမူးနေတယ်လို့ သဘောပေါက်တာမို့ အိမ်မျက်နှာလွှဲလိုက်တယ်၊ မြင်လိုက်ရတဲ့ရှင်ရာက…

'တွေ့လား၊ ဒီကောင် ငါ့ညီမနောက်လည်း လိုက်သွားသေးတယ်၊ ပြန်လာတော့ ငါ့ကိုနှုတ်ဆက်ဖော်မရ၊ အကျိုးအကြောင်း ပြောဖော်မရ၊ ခုလည်းလေ ငါ့ကိုပမာမခန့် မျက်နှာလွှဲသွားတယ်'

'မဟုတ်ပါဘူး မမရယ်၊ သူမမ ခေါင်ရည်မူးနေမှန်းသိလို့ မမကို ကြည့်ရမှာ အားနာပြီးရှောင်လွှဲနေတာပါ'

ရှင်ရာ ရှင်မာကို ခပ်တည်တည်ကြည့်တယ်။

'ညီမလေး အဲဒီကောင်ဘက်က လိုက်မပြောနဲ့၊ မမ





မကြိုက်ဘူး၊ သူ့ဘက်လိုက်ပြောစရာ ဘာအကြောင်းမှမရှိဘူးနော်၊ ငါတို့က ညီအစ်မတွေ၊ သူနဲ့ငါတို့က ဘာမှမတော်ဘူးနော်၊ အလကားကောင်၊ သူ ငါတို့ရဲ့စာရင်းငှား'

ရှင်မာ ပြုံးတုံ့တုံ့ဖြစ်သွားပြီး ရှင်ရာ့ အလိုက်အထိုက် လိုက်ပြောတယ်။

'ဟုတ်တယ် သူက ငါတို့ရဲ့စာရင်းငှား၊ အလကားစရင်းငှား မမရယ်၊ ငါက ငါတို့ဒီခရီးစဉ်က အိမ်ပြန်ရောက်ရင် သူ့ကို အလုပ်ဖြုတ်လိုက်တော့မယ် စိတ်ကူးထားတယ်'

ရှင်ရာ ရှင်မာကို စူးစမ်းသလို ကြည့်တယ်။

'ဘာဖြစ်လို့'

'ငါမှာတော့ ဟိုရန်သူတွေနဲ့ အပြင်းအထန်တိုက်ခိုက်နေရတယ်၊ မမကတော့ ထားပါတော့၊ ကိုယ်ချစ်တဲ့အစ်မကိုလည်း တိုက်ပွဲထဲ မပါဝင်စေချင်ပါဘူး၊ မတော်တဆ အထိအခိုက်တောင် ခံစေချင်ဘူး၊ ဒင်းက ဘာလဲ၊ မမဘေးနားအခန့်သားထိုင်လို့ ကိုယ့်အလုပ်ရှင်တစ်ယောက် ဒီလောက်အသည်းအသန်တိုက်ခိုက်နေတာတောင် ပါဝင်ကူညီဖော်မရဘူး၊ ဒီလိုစာရင်းငှားမျိုးကို ငှားရမ်းထားသင့်လား မမ စဉ်းစားလေ'

ရှင်ရာ အမူးက ပါးသား၊ ဒီတစ်ခါတော့ ပြုံးပြုံးပျပျဖြစ်သွားတယ်။ ဇက်ကြောလေးတွေ ခါးရမ်းလိုက်ပြီး အမူးဖြေတယ်။

'မဟုတ်ဘူး ညီမလေးရဲ့၊ ဒါကတော့ မဟုတ်သေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ဒီလို၊ သူ့လက်ကို မမဆွဲပြီး ထိုင်ခိုင်းထားတာ၊ ညီမလေး တစ်ယောက်တည်း ရလောက်လို့ပါ၊ နောက်ပြီး ညီမလေးက လက်တွေ့ပွဲမရှိဖူးသေးတော့ လက်တွေ့ပွဲအတွေ့အကြုံပိုင်နိုင်စေ ချင်တဲ့ သဘောပါ'

အမှန်တော့ ဒီသဘောကို ရှင်မာ ပေါက်ပြီးသားပါ၊ မူးယစ်ပြောစကားတွေပြောနေတဲ့ ရှင်ရာကို သွေးတိုးစမ်းလိုက်တာ။

'မဟုတ်သေးပါဘူး မမရယ်၊ မမဆွဲထားလည်း သူ အလိုက်သိရမှာပေါ့၊ ညီမလေးကတော့ မကျေနပ်နိုင်ဘူး၊ သူ သက်သက်သွေးနည်းနေတာ၊ ပေါ့လျော့နေတာ၊ ဒီကနေ အိမ်ပြန် ရောက်ရင် သူ့ကိုအလုပ်ဖြုတ်ပစ်ဖို့ ညီမလေးတောင်းဆိုတယ် နော်'

'ညီမလေးကို မမတောင်းပန်ပါတယ်ကွယ်၊ အဲဒီကိစ္စ အပြစ်တင်ရင် မမကိုတင်ပါ၊ သူ့အပြစ်မရှိတာ အမှန်ပါ'

ရှင်မာ တစ်ဖက်လှည့်ပြုံးလိုက်ပြီး...

'ဒါပေမဲ့ သူ့ကိုအကြောင်းတစ်ခုခုရှာပြီးတော့ အလုပ် ဖြုတ်သင့်တယ်'

'ဘာဖြ စ်လို့လဲ'

ရှင်ရာအသံက လှုပ်လှုပ်ရှားရှား။

'ဘာဖြစ်ရမလဲ ရှင်ရာရယ်၊ သင်ခေါင်ရည်သောက်တာ ခေါင်ရည်မူးတာ သူသိနေတယ်လေ'

'အဲဒါ ဘာဖြစ်လဲ'





'ဘာဖြစ်ရမလဲ၊ အရပ်ထဲပြန်ရောက်လို့ သူ့နှုတ်မလုံရင် သင် သိက္ခာကျတာပေါ့'

'သူ့ဒီလိုလူမျိုးမဟုတ်ပါဘူး ညီမလေးရယ်၊ နောက်ပြီး အလုပ်ထုတ်ပစ်လိုက်တော့လည်း အရပ်ထဲ သူလျှောက်ပြောရင် ဘာတတ်နိုင်မလဲ'

'ရပါတယ် သူ့နှုတ်လုံမှာပါ'

ရှင်မာ ရှင်ရာကို ခပ်တည်တည်ကြည့်လိုက်ပြီး...

'ရပါတယ်တွေ နှုတ်လုံပါတွေနဲ့ လျှော့တွက်မနေနဲ့၊ သူ့နှုတ်တကယ်ပိတ်သွားအောင် ငါတို့ညီအစ်မတွေ လုပ်နိုင်ပါ တယ်'

ရှင်ရာ တည်တည်ကြီးနဲ့ ပြောနေတဲ့ ရှင်မာကို ကြောင် ကြည့်နေတယ်။

'သူ့ကို ရွာအထိ ပြန်ခေါ်မသွားနေတော့ဘူး၊ လမ်းမှာ ငါတို့ညီအစ်မတွေ သူ့ကို ဒါလုပ်ပစ်လိုက်မယ်'

ရှင်မာ သူ့လက်ညှိုးနဲ့ သူ့လည်းပင်းကို လှီးဖြတ်ဟန်ပြု ပြီး ပြောလိုက်ခြင်းဖြစ်တယ်။

ရှင်ရာ မျက်လုံးအစုံ ပြူးကျယ်သွားတယ်။

'အို... ဟဲ့... ရှင်မာ၊ ဘယ်ဖြစ်ပါ့မလဲ'

လှုပ်ရှားစွာ ပြောတယ်။

'ညီမလေးတာဝန်ထားပါ၊ မမ မလုပ်ရပါဘူး'

'မလိုအပ်ဘူးနော်၊ ဒီလောက်ထိမလိုအပ်ဘူးနော် ရှင်မာ'



www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးကတော့ မမဂုဏ်သိက္ခာနည်းနည်းမှ အထိ အနိုက်မခံနိုင်ဘူး၊ အဲဒီလိုမျိုးထိကို စဉ်းစားထားမိတယ်'

ပြောပြီး ရှင်မာ တစ်ဖက်လှည့် ပြုံးလိုက်မိတယ်။

'အတွေးတွေ မလွန်ပါနဲ့ ညီမလေးရယ်၊ ငါ့စကား သူ နားထောင်ပါတယ်၊ ငါပြောရင် ရပါတယ်၊ သူ့ရင်ထဲမှာကိုဗ ငါ့ဂုဏ်သိက္ခာသတင်းညစ်နွမ်းစေချင်တဲ့ စိတ်မာတ်မျိုး တစ်ပုံး တစ်စဉ်းမှ မရှိပါဘူး'

'ရှင်ရာ သင်နဲ့သူနဲ့ ချစ်သူတွေ ဖြစ်နေကြပြီလား'

ရှင်မာ ရှင်ရာကို လှည့်ကြည့်မေးတယ်။

ရှင်ရာ ခေါင်းခါတယ်။

'ဒါပေမဲ့…'

ရှင်ရာ နေးတုံ့တုံ့ဆက်ပြောတယ်။

'သူငါ့ကို ကြောက်လွန်နေလို့လား၊ လေးစားမှုနဲ့ ထိန်းသိမ်းမှုလွန်နေလို့လား၊ ငါ့ကို ဖွင့်မပြောရဲရှာဘူး၊ သူ ငါ့ကို ချစ်နေတယ်ဆိုတာတော့ ငါသိတယ်'

ရှင်ရာ သက်ပြင်းရှည်ပြင်းပြင်းချတယ်။

'ညီမလေးရယ်၊ သူငါ့ကို ချစ်တယ်လို့ ပြောတာ ငါနားထောင်ချင်လိုက်တာ'

ရှင်မာသက်ပြင်းချမှုကတော့ မသိမသာညှင်းညှင်းလေး

* * *





(၄)

အနှောင့်အယှက်မရှိ ကောင်းကင်ကနေ တိုက်ရိုက်ကျရောက်လာနိုင်တဲ့အတွက် ပြည့်ဝန်းလရောင်ခြည်က အစွမ်းကုန် ပဝင်းနေတော့တယ်။ ခမ်းလှမ်းလှမ်းသစ်တောတန်းလေးတွေဆီ လှမ်းကြည့်မယ်ဆိုရင်တော့ သစ်ရွက်တွေရဲ့ ကာဆီးမှုအနှောင့်အယှက်ကြောင့် သစ်တောအတွင်း အောက်အခြေစပ်မှာ အရိပ်မည်းမည်းဖြစ်နေချေရဲ့။ အဲဒီအရိပ်မည်းမည်းတွေကြောင့်ထင်ရဲ့ သစ်ရွက်ပေါ်ကျရောက်နေတဲ့ လရောင်ခြည်က ပိုပြီးဝင်းပနေသလို။

အဝါရောင်ထဲမှာ အစိမ်းရောင်လေးတွေ ပျံ့ဝင်သွားပြီး ဝါစိမ်းရောင် အရောင်တစ်မျိုးဖြစ်ကာ လှနေတဲ့ သစ်တောတန်းလေးရဲ့ ညအလှကို ရှင်မာတစောင်းလဲလျောင်းအိပ်ရင်းက လှမ်းငေး ခံစားနေမိတယ်။

သစ်တောတန်းရဲ့ အပေါ်လွှာအလှကို လှမ်းခံစားရင်းက ရှင်မာရဲ့ အတွေးတွေ သစ်တောအတွင်း၊ အောက်၊ အခြေစပ်၊ ချောင်ရိပ်ထဲတွေဆီ ကျရောက်သွားတယ်။ အဲဒီနေရာတွေမှာ တောတိရစ္ဆာန်အမျိုးမျိုးရှိနေကြမှာပဲ။ အိပ်တန်းဝင်^ အိပ်ရာထဲရောက် တိရစ္ဆာန်တွေရှိနေကြမှာဖြစ်သလို ညဘက်မှာမှ အစာရှာထွက် စားကျက်ထွက်တိရစ္ဆာန်လည်း ရှိနေကြမှာပဲ။

အဲဒီတိရစ္ဆာန်တွေကို ရှင်မာလျှောက်ကြည့်နေတယ်။ အတွေးနဲ့ လျှောက်ကြည့်နေတာ။ တကူးတကကို လျှောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ။ ဘာဖြစ်လို့ ဒီလိုလုပ်နေရသလဲဆိုတော့ ရှင်မာသူ့အိပ်နေရာ အရပ်၊ ဇရပ်ပေါ်မှာ သူ့စိတ်ကို မထားချင်လို့။ သွားစမ်း၊ ဟိုးမြင်နေရတဲ့ တောတန်းထဲသွားနေစမ်း၊ အဲဒီမှာ ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေစမ်း။

ဇရပ်ပေါ်မှာ…

ဇရပ်ပေါ်မှာတော့ မှောင်နေပြီလို့ ဆိုရမလား။

မှောင်မှောင်မည်းမည်းတော့ မဟုတ်။ လရောင်ကို ဇရပ်အမိုးက ကာထားတာ၊ လရောင်တိုက်ရိုက်မကျတာမို့ လင်းနေတယ်လို့ မဆိုသာပေမယ့် နံဘေးဝန်းကျင်ကျရောက်ပြီး ပြန်ဟပ်နေကြတဲ့ လရောင်ခြည်ဟပ်မှုတွေကြောင့် ဇရပ်တွင်း မှောင်နဲ့ မည်းမည်းတော့မဟုတ်။ မျက်စိကျင့်သားရအောင် နေကြည့်လိုက်မယ်ဆိုရင် ဟိုဒီမြင်နိုင်တဲ့ အလင်းရောင်မျိုးရှိနေတယ်။ မြင်နိုင်တွေ့နိုင် အမှောင်မျိုးဆိုပါတော့။

အဲဒီမြင်နိုင်တွေ့နိုင် ဇရပ်ပေါ်က အမှောင်ထဲမှာ…

တစ်နေရာမှာ ရှင်မာလဲလျောင်းနေသလို သိပ်အလှမ်းမဝေးတဲ့တစ်နေရာမှာတော့ ရှင်ရာရဲ့ အိပ်ရာရှိတယ်။

ရှင်ရာ ခေါင်းရည်မူးသိပ်ပြေသေးပုံမရ။ သိပ်မမူးတော့ပေမယ့် ရီဝေရစ်နေတုန်းတော့ ဖြစ်နေသေးပုံရတယ်။ ညစာစားသောက်ပြီး လဲလျောင်းချင်တယ်ဆိုလို့ သူ့ကို ရှင်မာ အိပ်ရာအရင်ပြင်ဆင်ပေးခဲ့တယ်။ သူ ညဦးပိုင်းငြိမ်သက်လဲလျောင်းနေခဲ့တယ်။

နောက်ရှင်မာ အိပ်ရာဝင်ခဲ့တယ်။





အိမ်လည်း ဇရင်အပြင်စပ် သင့်လျော်ရာမှာ သူ့ဘာသာသူသွားပြင်ဆင်အိပ်ရာဝင်တယ်။

အတော်လေး ညဉ့်နက်လာချိန်မှာ ရှင်ရာ အိမ့်ကိုခေါ်ပြီး သောက်ရေတစ်ခွက် တောင်းတာကို ကြားရတယ်။ အိမ်သောက်ရေယူလာပေးသံကြားရတယ်။ ရှင်ရာနဲ့အိမ်စကားပြောနေကြသံတွေ ကြားနေရတယ်။ စကားကတော့ ရိုးရိုးစကားတွေပါ။ ရှင်ရာက ဟိုမေးဒီမေး။ မေးသမျှတွေ အိမ်က ဖြေ။

ရှင်မာ သူတို့ရှိရာ အမှောင်ရိပ်ထဲဆီ လှမ်းကြည့်လိုက်တော့ ထိုင်စကားပြောနေကြတာ။ တရင်းတနှီး ရယ်ရယ်မောမောတွေပြောနေကြရဲ့။ ရှိပါစေလေ၊ အစ်မရဲ့စိတ်ချမ်းသာမှုမို့ ရှင်မာ အဟန့်အတားမပြုရက်။

'အိမ် ငါတို့ခုရောက်နေတဲ့ နယ်မြေက ကျေးလက်တွေရဲ့ ချစ်ရေးဆိုဓလေ့ကို သင်သိတယ်နော်'

'သိတယ် ရှင်ရာ၊ ကြားဖူးထားရဲ့'

'ပြောစမ်းပါဦး၊ ဘယ်လိုကြားဖူးထားတာလဲ'

'ရှင်ရာကလည်း သိနေလျက်သားနဲ့'

'သိနေရုံ မဟုတ်ဘူး အိမ်၊ အဲဒီဓလေ့လေးဟာ ပွင့်ဖြူစင်ရိုးသားပြီး ယဉ်ကျေးမှုစည်းကမ်းရှိမှု၊ ကိုယ်နဲ့ကိုယ့်ချစ်သူ ည်ရိုးရာ ကိုယ့်လူမျိုးအစရှိတာတွေကို တန်ဖိုးထားမှုတွေပါဝင်တဲ့အတွက် ငါနှစ်မြိုက်ထယ်၊ ရှင်မာလည်း နှစ်မြိုက်တယ်၊ တို့ညီအစ်မ စကားအရာမှာ သဘောကျကျ ပြောဖူးကြရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ရှင်ရာ၊ အဲဒီခလေ့ သိမ်မွေ့လွန်းတာမို့ ရန့်ရင်းတဲ့ လူ့ဖွံ့စည်းမှုနဲ့ကျတော့ မထိုက်တန်ဘူး'

ရှင်ရာတို့ စကားလမ်းကြောင်း အဲဒီဆီရောက်သွားတာကို ရှင်မာ ကြားနေရတယ်။ ရှင်ရာပြောတဲ့ ဒီနယ်မြေက ကျေးလက် နေတွေရဲ့ ချစ်ရေးဆိုခလေ့တွေကို ရှင်မာသိတယ်။ ကြားဖူးထားတာပါ။

ချစ်ခင်နှစ်သက်သူ ယောကျ်ားလေးက သူချစ်ခင်နှစ်သက်မှုရှိနေတဲ့ မိန်းကလေးကို ချစ်ရေးဆိုခွင့်ပြုဖို့ ခွင့်တောင်းရတယ်။ အကြောင်းကြောင်းကြောင့် ချစ်ရေး၊ကြိုက်ရေး စိတ်ဝင်စားမှုမရှိတဲ့ မိန်းကလေးဖြစ်ဖြစ် အဲဒီယောကျ်ားလေးကို ချစ်နိုင်မှု တွေးချင်စိတ်တောင် မရှိတဲ့ မိန်းကလေးဖြစ်ဖြစ် ခေါင်းခါငြင်းလိမ့်မယ်။

ချစ်ရေးကြိုက်ရေးမှာလည်း စိတ်ဝင်စားမှုရှိပြီး ခွင့်တောင်းတဲ့ယောကျ်ားလေးကိုလည်း ချစ်နိုင်မှုထဲ ထည့်တွေးလို့ရတဲ့ အခြေအနေမျိုးဆို အဲဒီမိန်းကလေးက ခေါင်းညိတ်ခွင့်ပြုလိမ့်မယ်။

အဲဒါဆို အဲဒီယောကျ်ားလေး အဲဒီမိန်းကလေးရဲ့ အိပ်ရာထဲဝင် ယှဉ်တွဲအိပ်ပြီး သူ့ချစ်စကားတွေကို တစ်ဝကြီး ပြောခွင့်ရတော့တာပဲ။ အိပ်ရာထဲဝင် ယှဉ်တွဲအိပ်လို့ရတယ်ဆိုတော့ ရန့်ရင်းသူတွေအတွေးမှာ အတော့်ကို ရိုင်းပျချင်တိုင်း ရိုင်းပျသွားလိမ့်မယ်။ မတွေးနဲ့၊ မရဘူး။ အဲဒီခလေ့ရဲ့ အခြေခံယဉ်ကျေးမှု စည်းကမ်းရှိမှုက သိမ်သိမ်မွေ့မွေ့တယ်။





ချစ်ရေးဆိုစဉ်ကာလမှာ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ မိန်းကလေးက တစ်စုံတစ်ရာ အတိုင်းအတာအထိ လက်သင့်ခံခွင့်ပြုမယ်ဆိုရင် လက်ကိုင်၊ ပခုံးကိုင်၊ နဖူးသပ်၊ ဆံပင်သပ် ဒီလောက်တော့ ယုယုယယနေခွင့်ရှိတယ်။

ဘယ်မိန်းကလေးကမှ ချစ်စကားပြောခွင့်ထက်ပိုတဲ့ ကျူးကျော်ခွင့်ကို မပေးဘူး။ ရန့်ရင်းသူတွေ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်ဖြစ်ပြီး သွားမကျူးကျော်နဲ့။ မိန်းကလေးက သူ့ကိုစော်ကားမှုလို့ထင်ပြီး ပြဿနာရှာလိမ့်မယ်။ သူ့ကိုတန်ဖိုးမထားသလို ဆက်ဆံတာကို စော်ကားမှုလို့ပဲ သတ်မှတ်ထားတာကိုး။ သူ့ကိုစော်ကားတာတင်မက သူတို့ယဉ်ကျေးမှုကို စော်ကားတာ၊ သူတို့လူ့စည်းကမ်းကိုစော်ကားတာ၊ သူတို့ယဉ်ကျေးမှုကို စော်ကားတာ၊ သူတို့လူ့စည်းကမ်းကို စော်ကားတာ၊ ပူးတွဲပါလာပြီး သိပ်ကြီးမားတဲ့ ပြဿနာကြီးတစ်ခုဖြစ်သွားပြီ။

သူတို့လူမျိုးတွေရေ့ အဲဒီလိုလူမျိုးတွေဟာလည်း တန်ဖိုးမဲ့လွန်းတယ်။ သူတို့လူမျိုးတွေ အဲဒီလိုလူမျိုးတွေကို လုံးဝခွင့်မလွှတ်ဘူး။ လူ့ပြည်မှာ မထားချင်ကြဘူး။

ဒီနယ်မြေက သူတို့လူမျိုးတွေရဲ့ ယောကျ်ားလေးတွေမှာလည်း အဲဒီလိုမျိုးပြဿနာဖြစ်နိုင်တဲ့ ရန့်ရင်းရိုင်းပျမှုတွေ မရှိပါဘူး။ ဒီနယ်မြေက ယောကျ်ားလေးတွေ သူတို့ကိုယ်သူတို့ရော သူတို့ချစ်သူကိုရော၊ သူတို့ယဉ်ကျေးမှုနဲ့ စည်းကမ်းကိုရော သူတို့မိုးရာနဲ့ သူတို့လူမျိုးကိုရော တန်ဖိုးထားကြရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်မရှင်မာလေ ပြောဖူးတယ်၊ သူ့အဲဒီလေ့ကို သိပ်သဘောကျတာပဲတဲ့၊ သူ့ချစ်သူကများ သူ့အပေါ် အဲဒီလိုသိမ်သိမ်မွေ့မွေ့ ချစ်စိတ်ကလေးနဲ့ သူ့နဲ့အတူယှဉ်အိပ်ပြီး ချစ်စကားတွေပြောပေးနေရင် သိပ်ကောင်းမှာပဲတဲ့၊ နားထောင်ရင်း ချစ်ပီတိလေးနဲ့ အိပ်ပျော်သွားရရင် သိပ်အရသာရှိမှာပဲတဲ့'

'ဪ ရှင်မာလည်း စိတ်ကူးယဉ်တတ်သား'

ကြားလိုက်ရတဲ့ ရှင်ရာနဲ့ဒေအိမ်စကားကြောင့် ရှင်မာ နှုတ်ခမ်းရူပစ်လိုက်တယ်။

'ရှင်ရာ သင်းကိုယ့်ကိုယ့်ဘာသာပြောပါလား၊ ငါ့ကို ဆွဲဆွဲထည့်'

တီးတိုးရေရွတ်ပစ်လိုက်တယ်။

'ငါကလည်း ပြောဖူးမိတာကိုး၊ ဟုတ်ရဲ့၊ ငါအဲဒီလိုမျိုး ခံစားဖူးလိုက်ချင်ရဲ့'

စိတ်ထဲမှာ တွေးမိတယ်။

သူတို့စကားသံတွေကြောင့် ရှင်မာအတွေးတွေ မငြိမ်နိုင်တာမို့ ဆိုခဲ့တဲ့အတိုင်း ဟိုးအဝေးကမြင်နေရတဲ့ တောတန်းဆီအတွေးတွေကို လှမ်းပို့နေလိုက်တယ်။ စိတ်ပါလက်ပါ လျှောက်တွေးနေလိုက်တယ်။

သူတို့နှစ်ယောက် ငြိမ်သက်သွားတာနဲ့ တိုက်ဆိုင်လို့ပဲလားမသိ။ ရှင်မာ အတွေးစိတ်တွေ တကယ်ပဲ တောတန်းရဲ့လသာညလေးထဲ ရောက်နေလေရဲ့။





'ဒီနယ်မြေကိုရောက်လာတော့…'

ရှင်ရာအသံကို ကြားရသလိုလို မကြားရသလိုလို။

'အိပ်မပျော်ဘူး'

'ရှင်မာပြောတာ ပြန်တွေးမိပြီး၊ ရင်ထဲမှာ အဲဒီလိုမျိုး ခံစားကြည့်ချင်လာတယ်၊ အဲဒါ ဒေအိမ်ရယ်၊ ဒီည… ငါ့ကို…'

'သင်ပြောသံကြီးကလည်း တောင့်တောင့်တင်းတင်းကြီး…'

ရှင်ရာအသံတွေ ကြားရတစ်ချက် မကြားရတစ်ချက်။

'ပြန်ပြောဦး ဒေအိမ်ရယ်'

'ဒီတစ်ခါပြောတာလည်းတစ်ခုခုလိုနေသလိုပဲ'

'လာပြန်ပြီး ဒီလိုအပြောမျိုးပဲ'

'သင့်အသံကြီးက ရှင်ရာဆိုတဲ့ငါ့ကို တကယ်ချစ်သံမပါဘူး'

'ညှံ့လိုက်တာ ဒေအိမ်ရယ်၊ သင်ဒီအပြော ဒီအသံမျိုးဘယ်မိန်းမက ပြန်ကြိုက်ချင်ပါ့မလဲ'

'ဒေအိမ် ငါမို့လို့ ဒီလောက်သည်းခံနားထောင်နေတာ၊ အင်ဒီပုံစံမျိုး စကားလုံးတွေ၊ လေယူလေသိမ်းတွေနဲ့ ကောင်မရှင်မာကို သွားပြောကြည့်၊ သင့်လည်းပင်း ဓားနဲ့ ထပိုင်းလိမ့်မယ်၊ ညီမလေးက သင့်ခေါင်းဖြတ်ချင်နေတာ'

သူ့အမည် ထည့်ပြောသံတွေကို သေသေချာချာကြားလိုက်မိတော့ ရှင်မာ့စိတ် ဇရပ်ပေါ် ပြန်ပြေးရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ရာနဲ့ ဒေအိမ် ဘာတွေဖြစ်နေပါလိမ့်'

ရှင်မှာအတွေး ရှင်ရာ အိပ်ရာဆီရောက်တယ်။

'ဒေအိမ် ငါမကျေနပ်ဘူး၊ အားလည်းမရနိုင်ဘူး၊ သဘောမကျဘူး ဒေအိမ်ရယ်၊ ငါဘယ်လိုမှ သဘောမကျနိုင်ဘူး'

'ရှင်ရာရယ်၊ သင့်စိတ်ကြိုက်ဖြစ်အောင် ငါကြိုးစားပြီး ပြောတာပဲ၊ ငါညှို့လိုက်တာ'

'ညှို့တယ်၊ သင်အတော်ကို ညှို့တယ်၊ ဒီလောက် လွယ်လွယ်လေးကိစ္စကိုများ၊ ဒီနယ်မြေက ချစ်ရေးဆိုဓလေ့ကို ငါခံစားချင်လို့ ဒီနယ်မြေက ချစ်ရေးဆိုဓလေ့ပုံစံနဲ့ ငါ ခံစားရအောင် ချစ်ရေးဆိုပြစမ်းပါဆို၊ ဘယ်လိုဟာမှန်းကိုမသိဘူး၊ နေရာကိုမကျဘူး၊ ငါမကျေနပ်ဘူး၊ ငါမကျေနပ်မချင်း မိုးလင်းသွားပါစေ၊ သင်ချစ်ရေးဆိုပြနေရမှာနော်၊ ငါ့ကို ပေါ့ပေါ့တန်တန် တွေပြောမပြနဲ့၊ ဆိုဦး နောက်တစ်ကြိမ်'

ဒေအိမ်အသံ ငြိမ်နေတယ်။

'ဒေအိမ် ငါ့ကိုစိတ်ပါလက်ပါ ချစ်ရေးဆိုဖို့ကိစ္စ သင်အဖို့ အတော်အခက်အခဲဖြစ်နေလား'

ရှင်ရာ အိပ်ရာဘက်ဆီစောင်းပြီး ရှင်ရာနဲ့ဒေအိမ်တို့ ဘယ်လိုဖြစ်ကြပါလိမ့်အတွေးနဲ့ ရှင်မာကြည့်နေမိတယ်။ မှောင်ရီရီမှာ။

သူတို့နှစ်ယောက်အတန်ကြာ ငြိမ်သက်နေကြတယ်။

နောက် ဒေအိမ်ထထိုင်လိုက်တာကို တွေ့ရတယ်။ ဒေအိမ်နဲ့ ရှင်ရာ အတူယှဉ်အိပ်နေကြပုံပဲ။



'ဘာလဲဒေအိမ် သင်ထွက်ပြေးတော့မှာလား'

'မပြေးဘူး ရှင်ရာ၊ သင်မားနဲ့ထပိုင်းတောင် ငါပြေးမှာမဟုတ်ဘူး၊ သင်ကိုချစ်ရေးမဆိုခင် ငါပြောစရာရှိလို့ ခဏထလိုက်တာ'

'ပြော'

'သင့်ဝဲဘက်ဘေးမှာ ဆောင်မားရှိတယ်'

'ဟုတ်တယ်လေ'

'ခု သင့်လက်ယာဘက်နံဘေးမှာ ငါသင့်ပခုံးလေးကို အိုင်လျက်အိပ်ပြီး ချစ်စကားပြောတော့မယ်၊ သင်မကျေနပ်ရင် သင့်ဝဲဘက်ကမားနဲ့ ငါ့လည်းပင်းကို ပိုင်းလိုက်ချေတော့၊ ငါသင့်ခုံးကိုင်မပျက် ချစ်စကားပြောမပျက်နဲ့ အသေခံသွားမယ်'

'ချစ်စကားပြောတာပဲ ငါက မားနဲ့လည်းပင်းပိုင်းရမလား၊ မကြိုက်ရင် ပြန်ပြောခိုင်းရုံပေါ့၊ မကြိုက်လို့ လည်းပင်းဖြတ်ရရင် သင့်လည်းပင်း ခုဆို အပိုင်းပိုင်းတောင်ပြတ်နေပြီ'

'ဒါပေမဲ့ ခုပြောမယ့်ချစ်စကားပြောမှုကတော့ ငါ့လည်ပင်းထိုးပါရင်းပြီး ပြောမှာပါ၊ ငါသင့်ကို ချစ်စကားပြောရာမှာ ဘာလို့ သဘောမကျဖြစ်နေတာလဲ သင်သိလား'

'သင်ပေါ့ပေါ့တန်တန် ပြောနေတာကိုး'

'ဘာလို့ပေါ့ပေါ့တန်တန်ဖြစ်ရတာလဲဆိုတာတော့ သင်သိလား'

'သင်စိတ်မဝင်စားတာကိုး'

www.burmeseclassic.com



'ဘာလိုစိတ် ၊ဝင်စားတာလဲဆိုတာကော သင်သိလား'

'အိမ်နော် ငါ့ကိုစိတ်ဆိုးအောင်လုပ်နေပြီ၊ သင့်စကားက ဘာလဲ၊ သင် ငါ့ကိုလုံးဝ…'

မာမာချာချာ ရှင်ရာ့အသံတိမ်ဝင်သွားတယ်။

'ငါ့အချစ်က ရှင်ရာမဟုတ်ဘဲ၊ ငါရှင်ရာအမည်ခေါ်ခေါ်ပြီး ချစ်စကားပြောနေရတော့…'

'ဘာ'

ရှင်ရာအသံက အမှောင်ရိပ်ကိုတောင် တုန်ခါသွားစေသလိုပဲ။ ရှင်ရာ ငုတ်တုတ်ထထိုင်တယ်။ အိမ်ကို ရင်ဆိုင်တယ်။

'သင့်အချစ်က ဘယ်သူလည်းပြော… ပြော…'

ရှင်ရာလက် ဆောင်ခားဆီရောက်တယ်။ အိမ်ရဲလှချည့်ရှင်မာပင် ကြားက တုန်လှုပ်သွားမိတယ်။ မမ သနားပါတယ်။

အိမ် ငြိမ်နေတော့…

'သင့်အချစ် ရှင်မာလား'

အိမ် ငြိမ်နေသေးတယ်။

ရှင်မာ အိမ် ဘယ်လိုဖြေမလဲ။ စိတ်လှုပ်ရှားစွာ…

'ညီမလေးဆို ခွင့်လွှတ်တယ်၊ ခွင့်လွှတ်ပေးမယ်'

ရှင်ရာ့အသံ တုန်တုန်ခါခါ။

'ရှင်ရာရယ်၊ မဆီမဆိုင်တွေ ပြောမနေပါနဲ့'

အိမ့်အသံ ငြိမ်ငြိမ်ပါလား။ ရှင်မာစိတ်တွေ ချာလည်လည်နေတယ်။



'ဒါဆို ဘယ်သူလဲပြောလေ'

'ရှင်ရာ သင်သိဖို့ကောင်းလျက်နဲ့'

'မသိဘူး… မသိတော့ဘူး၊ သိသလိုလိုဖြစ်တာလဲ အမှားပဲ၊ သင်ပဲ သင့်အချစ် ရှင်ရာမဟုတ်ဘူးဆို'

အမှောင်ထဲမှာ အိမ်ခေါင်းခါလိုက်တာကို ရှင်မာမြင်လိုက်တယ်။ အိမ်အတင့်ရဲစွာ ရှင်ရာ ပခုံးနှစ်ဖက်ကို ကိုင်လိုက်တယ်။

'ရာဇ ပြုချင်ရာ ပြုပါတော့၊ လူသူ့ရဲကောင်းဆုရတဲ့ ထမနှစ်ကစ ခုထိ ခုနစ်နှစ်တာကာလထိ ရောက်ခဲ့ပါပြီ၊ ကျွန်တော်မျိုး တအုံ့နွေးနွေး ရင်ထဲထွေးပြီး ချစ်လာခဲ့ရသူက ရာဇပါ၊ အဲဒီတုန်းက ရာဇ တစ်ဆယ့်ခုနစ်သမီးအရွယ် မင်းသမီးလေးပါ၊ အဲဒီကတည်းက ကျွန်တော်မျိုး ကူလှိုရဲ့ နှလုံးခုန်လှုပ်သံဟာ ရာဇ… ရာဇလို့ မြည်တမ်းခဲ့ပါတယ်။ မင်းမှုထမ်းကောင်း အဝကိုလိုလားတဲ့ ကူလှိုရာဇနားမှာ ချစ်ခွင့်ရဖို့တော့ မကြိုးစားခဲ့ပါဘူး၊ ကူလှိုနှလုံးခုန်လှုပ်သံ ရာဇမကြားရအောင် အလုပ်တွေထဲနှစ်ပြီး ဖုံးဖိအုပ်ဆိုင်း ထားခဲ့ရပါတယ်'

အတန်ကြာဆိတ်ငြိမ်နေတဲ့ ရှင်ရာ တုန်လှုပ်တဲ့အသံနဲ့။

'အိမ် သင်စည်းကမ်းတွေဖောက်ဖျက်နေပါလား၊ ငါ့ကို ရာဇလို့ခေါ်နေပါလား'

'လည်းပင်းရင်းထားပြီးသားပါ ရာဇ၊ ရာဇလို့ရင်ထဲက မြတ်နိုးမှုလိုက်တက်လာပြီး ခေါ်ရတဲ့အရသာဟာ ကျွန်တော်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဦးခေါင်း၊ ကျွန်တော်မျိုးကိုယ်နဲ့ တစ်ဆက်တည်းရှိနေရတဲ့ အရသာထက် သာလွန်လွန်းပါတယ် ရာဇ'

'ငအိမ် သင်လွန်နေပြီဆိုတာ သင် သိနော်'

'လွန်တာကမှ အဆမတန်ပါ ရာဇရယ်၊ ရာဇတို့ညီမတော်တို့ မျက်နှာတော်ကို မကြည့်ဝံ့အောင်ကို လွန်သွားပါပြီ၊ နောက်ပြီး ကျွန်တော်မျိုးဆရာလို သတ်မှတ်ထားတဲ့ စစ်သူကြီးအမတ်မျက်နှာတော်ကိုလည်း ကျွန်တော်မျိုး မကြည့်ဝံ့တော့ပါဘူး၊ အဲဒီလောက်လွန်တဲ့ကိစ္စမျိုးမို့လည်း ဣလ္လိလည်းပင်းရင်းထားပြီးသားပါ'

ရှင်ရာ တိတ်ဆိတ်နေပြန်တယ်။

'အစကတော့ ဒီလိုအချိန်အခါမှာ ရာဇကိုချစ်ရေးဆိုဖို့ ဣလ္လိ လုံးဝမစဉ်းစားထားပါဘူး၊ စစ်သူကြီးအမတ်ရဲ့ အဆုံးအမအရ ရာဇကို ဖျက်ဆီးရာကျမှာစိုးလို့ပါ၊ ဣလ္လိကြိုးစားရမှာက ရာဇထက်ပိုပြီး ဘုန်းကံကြီးမားတဲ့ မင်းယောကျာ်းဖြစ်အောင်ပဲ၊ အဲဒါကို ဣလ္လိရင်ထဲစွဲထားတယ်'

'အဟက်… ဟက်၊ သင်ကများ ငါ့ထက်ပိုပြီး ဘုန်းကံကြီးမားတဲ့ မင်းယောကျာ်းဖြစ်အောင်ကြိုးစားမလို့ဆိုဘဲ၊ ဘယ်လိုကြိုးစားမှာလဲ'

ရှင်ရာ့အသံ လျောင်သံတော့ လျောင်သံပဲ။ ဒါပေမဲ့ စိတ်ဆိုးလို့ လျောင်တဲ့အသံမျိုးမဟုတ်၊ ချစ်စနိုးခနဲ့သံမျိုးဘက်ပါနေတယ်လို့ ရှင်မာထင်တယ်။



'တကယ်ပါ ရာဇ၊ ကျွန်တော်မျိုး ဟစ်တိုင်းတစ်ပြည်ထွက်သွား၊ ဟိုမှာမင်းယောကျာ်းဖြစ်အောင်ကြိုးစား၊ ပြီး ရာဇကို ချစ်ခွင့်ပန်ဖို့အကြံရှိတာပါ'

'အဟက်… ဟက်၊ ဒါဆို ခု ဘာလို့ ချစ်စကားပြောရတာလဲ'

ငအိမ် ငြိမ်နေတယ်။

'ပြောလေ'

ငအိမ် တုံ့တုံ့နှေးနှေးနဲ့ဆိုတယ်။

'ဣလ္လိမချစ်တဲ့ ရှင်ရာကို ချစ်စကားပြောနေရပြီး ဣလ္လိချစ်ရတဲ့ ရာဇကို ချစ်စကားပြောခွင့်မရတဲ့ဘဝ စိတ်နာလွန်းပြီး'

'အဟက်… ဟက်၊ လည်းပင်းရင်းလိုက်တယ်ဆိုပါတော့'

သူတို့နှစ်ယောက် မှောင်ရီရီမှာ မျက်နှာချင်းဆိုင်ငြိမ်သက်နေကြတော့တယ်။ အခြေအနေက မုန်တိုင်းမမြင်ပါ။

သူတို့နှစ်ယောက်ဆီမှာ မုန်တိုင်းအရိပ်အခြေမရှိပေမယ့် ရှင်မာ ရင်ထဲတော့ မုန်တိုင်းဝင်မွှေနေသလို။

ရှင်မာ အသက်ရှူမမှန်ဖြစ်နေပါလား။

'ဣလ္လိရယ်'

'ရှင်ရာရဲ့အသံ မှောင်ထဲမှာ ငြိမ်ငြိမ်လေးနဲ့ သာယာလွန်းလှတယ်'

'မိန့်ပါ ရာဇ'

ဆန်းသစ်ဦးတာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကူလ္လီ ရာဇနဲ့အတူအိပ်ပြီး ရာဇကိုချစ်စကားတွေပြော ပေးပါနော်၊ ဒီတစ်ခါ ကူလ္လီပြောမယ့် ချစ်စကားတိုင်းဟာ ရာဇ ရင်ကို သာယာစေတော့မယ်ဆိုတာ ရာဇ သိထားပြီးပြီ'

အရိပ်နှစ်ခု တူတူ အိပ်ရာထဲ လဲကျသွားကြတယ်။

ရှင်မာ မျက်လုံးအစုံက မျက်ရည်တွေ အံကျသွားကြ တယ်။

* * *

ရှင်ရာ့အိပ်ရာဆီက ရှင်ရာ့ကို အေိမ်ပြောနေတဲ့ ချစ် စကားတွေ ရှင်မာ ကြားနေရတယ်။

ကြားရအောင်လည်း နားစွင့်နေမိသလိုပါပဲ။

နားစွင့်ရုံမက ရှင်ရာ့ကိုပြောနေတဲ့ ချစ်စကားတွေ သူ့ကို ပြောနေသလိုလို ရှင်မှာ လိုက်ခံစားနေမိရဲ့။ သူ့ကိုပြောတာ မဟုတ် မှန်းလည်းသိရဲ့။ သိတော့ မျက်ရည်တွေ တစိမ့်စိမ့်။ ရင်ထဲလှိုက် လှိုက်ပြီး ရှိုက်ချင်မှု၊ ရှင်ရာ့အိပ်ရာဆီက မကြားစေချင်တာမို့ ချုပ်တည်းရတာလည်း ရင်ကို ဆို့နေတော့တယ်ကွယ်။

* * *



## အသက် နှစ်ထောင့်ခုနှစ်ဆယ် ဝိဇ္ဇာမိုရဲ

နောက်ကျောဆီက ရှိုက်သံသဲ့သဲ့။

ရဲရင့်အခေါင် နောက်ကျောဘက် လှည့်ကြည့်မိတယ်။ ဩယ်ရောင်ရေးရေးမှာ မာလာပါးပြင်ပေါ်က မျက်ရည်တွေက ထင်ဟပ်နေတယ်။

'ဟင်… မာလာ ငိုနေတယ်'

မာလာ့လက်မောင်းလေးကို ဆုပ်ကိုင်းရင်း ရဲရင့်အခေါင် ပြောမိတယ်။ မာလာ့မျက်ရည်တွေကို သုတ်ပေးနေမိတယ်။

တရှိုက်ရှိုက်နဲ့ မာလာ ငြိမ်ခံနေတယ်။

မျက်ရည်သုတ်ရင်းက မာလာ့ပါးပြင်ကို ကြင်နာစွာ နှုတ်သပ်ပေးနေမိတယ်။ မာလာငြိမ်နေလျက်ပဲ။

မာလာကျောပြင်လေးကို သိုင်းဖက်လိုက်မိတော့…

'ကိုရဲ… ထ၊ သန်းခေါင်ကျော်နေပြီ၊ ကိုရဲလည်း ဆာ ဆာလောင်လောင်ရှိရော့မယ်၊ အိပ်ချင်စိတ်လည်း ဖြစ်ရော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



မာလာပြင်ထားတဲ့ စားသောက်စရာတွေက အိပ်ချင်စိတ်ကို ပြေစေတဲ့ ညလယ်စာတစ်မျိုး’

ရဲရင့်အခေါင် ကုတင်ပေါ်က ထတယ်။ ရာသီဥတုက အိုက်စပ်စပ်။

‘ကိုရဲ ရေမိုးသန့်စင်ချင်သေးလား’

မာလာက အလိုက်တသိမေးတယ်။

ရဲရင့်အခေါင် ခေါင်းညိတ်လိုက်တော့ မာလာ ရဲရင့်အခေါင်ကို အပြင်ခန်းခေါ်လာပြီး မီးတွေဖွင့် ရေချိုးခန်း၊ သန့်စင်ခန်းတွေကို ပြတယ်။ အားလုံးပြီးစီးလို့ ရဲရင့်အခေါင် အိပ်ခန်းထဲ ပြန်ရောက်တော့ မာလာ ရဲရင့်အခေါင်ကို စားပွဲနံဘေး ထိုင်ခုံမှာ ထိုင်စေပြီး…

‘ကိုရဲ အရမ်းဆာရင် စားနှင့်နော်၊ စားရင်း မာလာကို စောင့်ပေါ့၊ အိုက်စပ်စပ်ကြီးမို့ မာလာ ရေသွားချိုးဦးမယ်’

ရဲရင့်အခေါင် မာလာကို စောင့်နေရင်း တွေးတယ်။

မာလာ…

ဘယ်လိုမိန်းကလေးလဲ။

စတွေ့ရမှုကနေ ခုညထိ မာလာပဟေဠိတွေပြောပြ ပုစ္ဆာတွေထုတ်ပြ နားမလည်နိုင်စရာတွေလည်း လုပ်ပြနေသလို၊

ဒီညလည်း ရဲရင့်အခေါင်ကို တကူးတကခေါ်ယူပြီး ပုံပြောပြနေပြန်တယ်။ ပုံပြင်လို့ပြောပေမယ့် သူ့ပြောဆိုမှုကတော့ ပန်ထွာဘုရင်မနဲ့ခေတ်ပြိုင်ဆိုတာတွေ ပန်ထွာဘုရင်မနဲ့ သွေးသား





တော်စပ်မှုတွေပါနေလေတော့ ပုံပြင်သက်သက်လိုမဟုတ်ဘဲ တစ်ချိန်တစ်ခါက တကယ့်အရှိတစ်ခုကို သူ့အတည်ပြောသလို။ ပုံပြောပြရင်း သူကိုယ်တိုင်လည်း တကယ့်အရှိတစ်ခုကို ခံစားနေရသလို ခံစားနေရပုံရတယ်။

ပန်ထွာဘုရင်မအကြောင်းအရာမှာလည်း ရဲရင့်အခေါင်ငယ်စဉ်က ကြားရမှုတွေမှာ မယုံနိုင်စရာ ထူးထူးဆန်းဆန်းကိစ္စတွေ ပါဝင်နေတာမို့ ပုံပြင်လိုလို ထင်ခဲ့မိတယ်။ ဒါပေမဲ့ ကြီးပြင်းလာတဲ့အခါမှာတော့ ပန်ထွာဘုရင်မအကြောင်းအရာဟာ ပုံပြင်သက်သက်မဟုတ်။ ကာလရွေ့လျှားမှုကြားမှာ အဆင့်ဆင့် ပြောင်းလဲခဲ့တဲ့ လူ့ယဉ်ကျေးမှုအဆောက်အအုံတစ်ခုက (လက်ရှိ လူ့ယဉ်ကျေးမှုအဆောက်အအုံက) ဟိုး… အစကောက်လို့ ပြန်မရချင်လောက်အောင် ဆွေးမြေ့ပြီးဖြစ်ခဲ့တဲ့ကာလ အရမ်းကွာခြားခဲ့တဲ့ လူ့ယဉ်ကျေးမှုအဆောက်အအုံတစ်ခုကို နားမလည်နိုင်ခြင်းမျိုးသာဖြစ်တယ်လို့ ရဲရင့်အခေါင် တွေးတောမိရဲ့။

ခု မာလာပြောပြတဲ့ ပုံပြင်ဆိုတာလည်း ဒီလိုပါပဲ။ တစ်ချိန်တစ်ခါက တကယ့်အရှိတစ်ခုလား၊ ထား။

ဒီပုံပြင်ကို ဘာရည်ရွယ်ချက်နဲ့ မာလာ ရဲရင့်အခေါင်ကို တကူးတကခေါ်ပြီး ပြောပြရတာလဲ။ ပြောပြတာမှ ကျကျနနကို ပြောပြနေတာ။ ခံစားချက်နဲ့ ပြောပြနေတာ။ မာလာဘယ်လိုမိန်းကလေးလဲ။

ဗိုလ်ချုပ်ဈေးမှာ တွေ့ရာကနေ ဒီညထိ မာလာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ရဲရင့်အခေါင် ပြန်တွေးတောနေဆဲ…

မာလာအခန်းထဲ ဝင်လာတယ်။

မီးရောင်အောက်မှာ ရှင်းသန့်ဝင်းမွတ်တဲ့ အသားအရေနဲ့ ဖွဲ့စည်းထားတဲ့ အလှရုပ်ဆစ်ကလေး မာလာ။ စားပွဲနားရောက်လာပြီး ထိုင်ခုံလွတ်တစ်ခုဆွဲယူ ရဲရင့်အခေါင်နဲ့ ဘေးချင်းယှဉ်လျက်ထိုင်လိုက်တယ်။

'ကိုရဲ ဘာမှမစားသေးဘဲ ထိုင်နေတယ်'

စားသောက်ဖွယ်တွေကို အုပ်ထားတဲ့ ဇာအုပ်ဆောင်းကို ဖွင့်လှန်တယ်။ ယန်းကန်ထဲက စားသောက်ဖွယ်တွေ ရဲရင့်အခေါင် မမြင်ဖူးတဲ့ စားသောက်ဖွယ်တွေ။ ရနံ့တွေကတော့ သင်းသင်းလှိုင်လှိုင်ပါပဲ။ ဒီရနံ့တွေကို ရဲရင့်အခေါင် စားပွဲနားထိုင်နေစဉ်ကတည်းက ရနေတာပါ။ ခုဇာအုပ်ဆောင်းဖွင့်လိုက်တော့ ပိုပြီးသင်းလှိုင်လာသလိုပဲ။ နဂိုကတည်းက ဆာဆာလောင်လောင်ဖြစ်နေပြီးဖြစ်တဲ့ ရဲရင့်အခေါင်ရဲ့ ဆာလောင်မှု လိုက်တက်လာတယ်။

'နို့နဲ့သစ်သီးသစ်ဥတစ်မျိုးစီနဲ့ပေါင်းစပ်ပြီး လိုက်ဖက်ညီတဲ့ ချက်ပြုတ်ကျော်လှော်မှုတွေနဲ့ စီမံထားတဲ့ ဟင်းလျာတွေပါ ကိုရဲ၊ ဟင်းလျာတိုင်းမှာ နို့ကတော့ ပါနေတယ်၊ ဒါပေမဲ့ အီဆိမ့်ပြီး အိပ်ချင်သွားမှာ မပူနဲ့၊ ဒီဖန်ချိုင့်ထဲက ဖျော်ရည်တွေက အိပ်ချင်စိတ်ကိုပျောက်ပြီး အားစည်လန်းဆန်းစေတဲ့ အာနိသင်ရှိတယ်။ ဘာလို့နို့နဲ့ပတ်သက်တဲ့ ဟင်းလျာကို စီစဉ်ထားရတာလဲ





ဆိုရင် ဒီညလပြည့်ညမို့ပဲ။ လရောင်ခြည်ဟာ ရေဓာတ်ကို စွမ်းအားအဟုန်မြင့်တက်စေတယ်။ လပြည့်ညတိုင်း အာနိသင်စွမ်းအားဝင်ကိုယ်ရှိတဲ့ အရေနဲ့ပတ်သက်တဲ့ အစားအသောက်တွေကို များများစားသောက်သင့်တယ်၊ အရေတွေမှာရှိတဲ့ အာနိသင် စွမ်းအားတွေ လရောင်ခြည်ကြောင့် ပိုမိုအဟုန်မြင့်တက်နေလို့ပဲ၊ စားသောက်တဲ့လူတွေ ဒီအရေတွေရဲ့ အာနိသင်စွမ်းအားတွေကို ပိုမိုခံစားကြရတာပေါ့'

မာလာ အစားအသောက်တွေကို အဆင့်သင့်စားသောက်နိုင်အောင် ပြင်ဆင်ပေးတယ်။ သူလည်းစား ရဲရင့်အခေါင်ကိုလည်း ဂရုတစိုက် ကျွေးတယ်။ စားသောက်ဖွယ်အမယ်တိုင်းကို စုံအောင်စားသောက်စေတယ်။

ဘယ်လိုစီမံချက်ပြုတ် ကြော်လှော်ထားမှုတွေလည်း မသိ။ အရသာတော့ တော်တော်ရှိရဲ့။ မြန်မာလက်ရာ လုံးဝမဟုတ်သလို 'တရုတ်၊ကုလား၊ ဥရောပလက်ရာမျိုးတွေလည်းမဟုတ်။

'ဒီအစားအသောက်တွေက ဘယ်လိုလက်ရာမျိုးပါလိမ့်'

ရဲရင့်အခေါင် မေးမိတယ်။

မာလာက ဂုဏ်ယူသလိုအပြုံးနဲ့…

'ကိုရဲ ကြိုက်နှစ်သက်တယ်မဟုတ်လား'

ရဲရင့်အခေါင် ခေါင်းညိတ်ပြတယ်။

'အဲဒါ နာဂကီရိကောင်းစားစဉ်က လပြည့်ညတွေမှာ သုံးဆောင်လေ့ရှိတဲ့ နန်းတွင်းညလယ်စာတစ်မျိုးပဲ ကိုရဲ'



www.burmeseclassic.com

www.burmeseclassic.com



မာလာ တည်တည်လေးပြောတယ်။

'ဒါဆို နာဂကီရိတိုင်းပြည်ကြီး တကယ်ရှိခဲ့ဖူးတယ်ပေါ့'

မာလာခေါင်းညိတ်တယ်။

'ရှိခဲ့ဖူးတယ်ဆိုရင် အတော့်ကို ကာလကြာမြင့်ခဲ့ပြီပေါ့၊ ပန်ထွာဘုရင်မနဲ့ခေတ်ပြိုင်ဆိုတော့ ပန်ထွာဘုရင်မအကြောင်း အရာက ပုံပြင်လိုလိုတောင်ဖြစ်နေပြီ'

'နာဂကီရိလည်း ပုံပြင်လိုလိုပဲ ဖြစ်နေတော့တာပါ'

'ကိုရဲ ဘယ်ကြားဖူးပါ့မလဲ၊ သူက မြန်မာပြည်ထဲမှာ ဖြစ်တည်ခဲ့တာမှ မဟုတ်ဘဲကိုး၊ ဟိုး… ဟိမဝန္တာအရှေ့ခြမ်းမှာ ဖြစ်တည်ခဲ့တာကိုး၊ အဲဒီက တောင်ပေါ်နေ လူမျိုးစုတွေကြားမှာ တော့ နာဂကီရိဆိုတာ ပိုးပိုးပါးပါးရှိနေသေးတယ်။ နဂါးမင်းသမီး လေးတစ်ပါးတည်းထားခဲ့တဲ့ တိုင်းပြည်တစ်ပြည်ရဲ့ ပုံပြင်လိုလိုနဲ့ ပေါ့'

'အဲဒီနာဂကီရိအကြောင်းကို မာလာက ဘယ်လိုသိတာလဲ၊ ပန်ထွာဘုရင်မအကြောင်းလေ့လာရင်းနဲ့သိတာလား၊ မာလာက သမိုင်းသုတေသီလား'

မာလာ ခေါင်းခါယမ်းတယ်။

'နာဂကီရိအကြောင်းက မာလာဘာသာ မာလာကိစ္စတစ်ခု ကြောင့်သိတာပါ။ အဲဒီက သိထားမှုတွေ ဆက်စပ်ပြီးမှာမှ မြန်မာ ပြည်က ပန်ထွာဘုရင်မအကြောင်းဟာ အဲဒီရဲ့အဆက်အစပ်တစ်ခု ဖြစ်နိုင်တယ်လို့ တွေးခေါ်ကြည့်တာပါ၊ ကာလအပိုင်းအခြားအနေနဲ့





အတူတူလောက်ဖြစ်နေတာရယ်၊ နောက်ပြီး တိုင်းပြည်နှစ်ပြည်လုံး မှာ အဓိကထားတဲ့ ပညာတွေက ဗေဒင်ပညာတွေ၊ လေ၊ရေ၊မြေ ကြီး ကောင်းကင်တို့ရဲ့သဘာဝနဲ့ ဓာတ်တွေကို လိုရာအသုံးပြုနိုင် တဲ့ ပညာတွေ၊ ဝိဉာဉ်ပညာအမျိုးမျိုး အစီအမံပညာအမျိုးမျိုးတွေ အဲဒါတွေတူညီသလို ရှိတယ်၊ နာဂကီရိက ပိုတော့သာတယ်၊ နောက်ပြီး နာဂကီရိရဲ့ဇာစ်မြစ်ကို ပြောဆိုမှုမှာ နာဂကီရိနေလူမျိုး တွေ တောင်ဘက်ကလာတယ်၊ ပင်လယ်ဘက်မှာ လူမျိုးတူတချို့ ခွဲကျန်ခဲ့တယ်ဆိုတာတွေက ရှိနေတော့ မာလာတွေးခေါ်ကြည့်မှု ဟာ သက်သေမပြနိုင်လို့သာပဲ၊ တွေးချင်စရာတော့ ဖြစ်နေတာ အမှန်ပဲ၊ မာလာသမိုင်းသုတေသီတော့ မဟုတ်ဘူးနော်၊ ကိုယ့် အကြောင်းနဲ့ကိုယ်မို့ ဒါတွေကို စိတ်ဝင်စားမိတာပါ'

စားသောက်ပြီးတဲ့အခါမှာတော့…

ရဲရင့်အခေါင် လက်ပတ်နာရီကို ကြည့်လိုက်မိတယ်။ ညတစ်နာရီခွဲကျော်ကျော်။ အိပ်ချင်စိတ်တော့ လုံးဝမရှိ။

'ပုံပြင်ကို ကိုရဲနားလည်လွယ်ပြီး ကိုရဲခံစားလွယ်အောင် မာလာစကားလွယ်လွယ်တွေနဲ့ပြောတာ၊ တကယ်ရှေးခေတ်က အသုံးအနှုန်းတွေကတော့ ဒီလိုတွေဘယ်ဟုတ်ပါ့မလဲ၊ ရှေးခေတ် က အသုံးအနှုန်းအတိအကျတွေနဲ့ ပြောရင်ကိုရဲ နားလည်ရခက်ပြီး ချာလည်လည်ထွက်သွားမယ်၊ ဘယ်လိုမှလဲ ခံစားလို့ရမှာမဟုတ် ဘူး'

'ရှေးခေတ်အသုံးအနှုန်းတွေကို အခုခေတ်အသုံးအနှုန်းမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



နီးစပ်အောင် ဘာသာပြန်ပေးလိုက်တာဆိုတော့ ဒီလောက်အနေအထားမျိုးနဲ့ ပြောတာကိုတော့ ကိုရဲ နားလည်နိုင်ပါတယ်နော်၊ ခံစားလို့ရပါတယ်နော်'

ရဲရင့်အခေါင် ခေါင်းညိတ်ပြတယ်။

'ဒါဆို အချိန်မရှိဘူး၊ ပုံပြင်ဆက်ပြောမယ်'

မာလာ့စကားကြောင့် ရဲရင့်အခေါင် ခုတင်ဆီသွားဖို့ ထမယ်လုပ်တော့ မာလာက ရဲရင့်အခေါင်လက်ကို ဆွဲထိုင်နိုင်းထားတယ်။

'ဘယ်သွားမှာလဲ'

'ပုံပြောမယ်ဆို၊ ခုတင်ဆီသွားမလို့ပေါ့'

မာလာ ရဲရင့်အခေါင်ကို မျက်စောင်းလေးခဲတယ်။

'ပုံပြောတာပဲ ဒီမှာ ထိုင်ပြောလည်းရတာပဲ'

'သိဘူးလေ၊ စောစောကတော့ ပုံပြောမယ်ဆိုပြီး ခုတင်ပေါ်အိပ်ခိုင်းတော့ ခုလည်း ခုတင်ပေါ်မှာပဲအိပ်ပြီး နားထောင်ရဦးမလားလို့'

မာလာ့မျက်နှာ မလုံမလဲဖြစ်သွားတယ်။ ပန်းနုရောင်ရှက်သွေးတွေလည်း ဖြန်းသွားတယ်။

ပြီး… ညိုးငယ်ငယ်ဖြစ်သွားပြန်တယ်။

'ကိုရဲရယ်…'

မချင့်မရဲလေသံနဲ့ ရေရွတ်တယ်။

'ပုံပြင်က အိပ်ပြောမှရတဲ့ ပုံပြင်မဟုတ်ပါဘူး ကိုရဲရယ်'



'ဒါဖြင့် စောစောက…'

မာလာ အသံတိတ်နေတယ်။ အတန်ကြာတော့…

'ကိုရဲနဲ့အတူတူအိပ်ပြီး စကားပြောရတဲ့ အခွင့်အရေးလေးလိုချင်လို့'

'ဟင်'

ရဲရင့်အခေါင် မာလာ့ကို ရင်ထဲတဒိတ်ဒိတ်ခုန်သံနဲ့အတူကြည့်နေမိတယ်။

မာလာကလည်း ရဲရင့်အခေါင်ကို အလွတ်မပေးချင်သလိုကြည့်နေတယ်။

နောက်တော့ မာလာစိတ်လျှော့လိုက်သလို အကြည့်တွေကိုအလျှော့ပေးလိုက်တယ်။ သူ့အကြည့်ကနေ ရဲရင့်အခေါင်ကိုအလွတ်ပေးလိုက်တယ်။ မာလာအကြည့် ပြတင်းပေါက်ဆီရောက်တယ်။

'ကိုရဲ တခြားဟာတွေ အားလုံးကိုမေ့ပစ်လိုက်ပါ၊ ပုံပြင်လေးကိုပဲ ရင်ထဲစွဲထားလိုက်ပါ၊ ကဲ… ပုံပြင်ဆက်ပြောမယ်နော်'

* * *

(၂)

ခရီးစဉ်ရဲ့ စတုတ္ထနေ့…

အပြန်လမ်း…

သူတို့သုံးယောက် လာလမ်းအတိုင်းပြန်၊ အပြန်လမ်း

www.burmeseclassic.com



အတွက် ဖြတ်လမ်းတစ်ခုကိုရွေးချယ်ပြန်ခဲ့ကြတယ်။ အဲဒီလမ်း လမ်းကြမ်းတယ်။ တောနက်ခေါင်ခေါင်တွေချည်း။ လူနေအိမ်ခြေ ရွာတွေမရှိ။

အလာတုန်းက ကျေးရွာတွေရဲ့ အခြေအနေကို စနည်းနာချင်တာမို့ ရွာတွေရှိတဲ့လမ်းကို ရွေးချယ်ခဲ့ပေမယ့် အပြန်ကျ နန်းတော်အမြန်ပြန်ရောက်ရေး ဖြတ်လမ်းကို ရွေးချယ်ခဲ့ကြတယ်။

ရှင်မာက နေရာဆီအမြန်ပြန်ရောက်မှဖြစ်မယ်။ နေရာဆီပြန်ရောက်ရင် သတင်းတစ်ခုပြောစရာရှိတယ်။ အဲဒီသတင်းအရေးကြီးတယ်။ ခုတော့မပြောချင်သေး။ ဒီခရီးစဉ်မှာ နေရာဆီပြန်ရောက်တဲ့အထိ ပေါ့ပါးရွှင်လန်းနေတဲ့ ရှင်ရာစိတ်ကို အနှောင့်အယှက်မပေးချင်လို့။ အဲဒီလိုပြောတာနဲ့ သူတို့နေရာဆီ အမြန်ပြန်ရောက်ရေး လှည့်ပြန်ခဲ့တယ်။

လမ်းခရီးက ကြမ်းတမ်းလွန်း တောခေါင်လွန်းလှတယ်။ ဒါပေမဲ့ အဲဒီကြမ်းတမ်းလွန်း တောခေါင်လွန်းမှုတွေကြောင့် တခြားတစ်နေရာမှာမရှိတဲ့ အလှရှုခင်းတွေ အဲဒီခရီးလမ်းတစ်လျှောက် ပြည့်နှက်နေတော့တယ်။

အဲဒီအလှအပရှုခင်းတွေက မြင်ရတဲ့သူကို ရင်သပ်ရှုမောစေတယ်။ ကြည်နူးဆွတ်ပျံ့စေတယ်။ မခွဲချင်မခွာချင်လောက်အောင် စွဲမက်တသစေတယ်။

သူတို့သုံးယောက် အမြန်ပြန်နေတဲ့ကြားက အလှအပရှုခင်းတွေမှာအာရုံကျပြီး တန့်သွား၊ တွေသွား၊ ငေးသွား၊ မောသွား





ရမှုတွေ မကြာခဏ။ ရှင်ရာကဆို...

'ရှင်မာရယ် ဒီလောက်မျက်စိပသာဒရှိတဲ့ ရှုခင်းရှုကွက်တွေစိပ်နေတဲ့ အရပ်မျိုးရှိမယ်လို့ ငါမထင်ခဲ့မိဘူး။ ငါ့မှာ လှပလွန်းတဲ့ အိပ်မက်ကမ္ဘာထဲ ရောက်နေသလိုပဲ။ ဒီလိုနေရာမျိုးပဲ လှည့်လည်နေချင်လိုက်တာ။ တစ်သက်လုံး ဒီနေရာတွေမှာပဲ သွားလာလှည့်လည်နေချင်လိုက်တာ'

အဲဒီလိုစကားမျိုး မကြာခဏပြောချေရဲ့။

'ဒီနေရာမျိုးတွေမှာ လှည့်လည်နေထိုင်ရတဲ့လူမျိုးဆို စိတ်ကို ကြည်လင်ပေါ့ပါးနေမှာပဲ၊ ကျန်းမာရေးလည်း ကောင်းလိုက်မယ်ဖြစ်ခြင်း၊ အသက်လည်းရှည်မှာပဲ၊ ဒီနေရာရဲ့ ရေမြေတောတောင်စိမ့်စမ်း ရေတံခွန်အစရှိတဲ့ သဘာဝတရားဖွဲ့စည်းမှုက အသားလွှတ်ကြီးဖြစ်တည်မှုနဲ့မတူဘူး၊ ဒီနေရာမျိုးကိုမှ ရွေးချယ်ကျင်လည်နေထိုင်မယ့်သူမျိုးအတွက် အဆင်သင့်ဖြစ်ပေးနေသလိုပဲ'

ငအိမ်က ဆိုတယ်။

'ငအိမ် ဘာကိုရွယ်ဆိုလိုတာပါလိမ့်'

ရှင်မာက မေးတယ်။

'ဒီတော ဒီတောင်တွေမှာ ဝိဇ္ဇာမိုရ်ယောက်ျားတွေရှိတယ်လို့ ကြားဖူးရဲ့'

'အေး... ဟုတ်သား'

'ငါတို့လည်း ကြားဖူးသား'

ရှင်ရာနဲ့ ရှင်မာက ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခရီးမြန်ချင်နေတဲ့ကြားက အလှအပရှုခင်းတစ်ခုခုနဲ့ တွေ့ရင် တန့်ခနဲ တန့်ခနဲ ဖြစ်သွားရစမြဲ။ ဒီနေရာက ရှုခင်းတွေကလည်း အဲဒီလိုကို ဖြစ်စေနိုင်တဲ့ ရှုခင်းတွေ။

အရမ်းမြင့်မားပြီး သုံးဆင့် ဆင့်စီးဖြာကျနေတဲ့ ရေတံခွန်ကြီးတစ်ခုကို သုံးယောက်သားငေးမောနေမိကြရာမှ…

'ရှင်ရာနဲ့ရှင်မာ သွားကြစို့'

ဒေမ်က သတိပေးလောဆော်လိုက်တယ်။

ရှုခင်းအလှကို ကြည့်မဝနိုင်ပေမယ့် သုံးယောက်သား ခရီးနှင်ခဲ့ကြရပြန်တယ်။

အထူးသဖြင့် ရှင်ရာအာရုံကျနေတဲ့ ရှုခင်းတွေဆို ကျန်တဲ့နှစ်ယောက်က လိုက်လျောနေပေးရတယ်။ သူ့ခမျာ ဒီရှုခင်းတွေနဲ့ မြင်ရဖို့၊ ထိတွေ့ခံစားရဖို့ မလွယ်သူမို့ နားလည်အကြင်နာပေးပြီး သူ့ကိုသိပ်မလောရက်။ လိုက်လျောနေပေးရတယ်။

'ဒီရှုခင်းလေး ပြန်သယ်သွားချင်လိုက်တာ'

ရှင်ရာက အဲဒီလိုအပြောလေးတွေနဲ့ သူနှစ်သက်တဲ့ ရှုခင်းတွေကို ကျောခိုင်းလေ့ရှိတယ်။

ဒီလိုဆိုတော့ ခရီးက ထင်သလောက် သိပ်မတွင်ကျယ်။

* * *



'ဟာ… ရှေ့က တောင်ပြတ်ကြီး၊ ကြည့်စမ်း လှလိုက်တာ'

ရှင်ရာဆီက စကားသံ။

တွေ့လိုက်ရတာကတော့ သုံးယောက်လုံးပါ။

အဲဒီတောင်ပြတ်ကြီး နာဂဂီရိရဲ့ ထူးဆန်းတဲ့သဘာဝအလှတွေထဲ နာမည်ကြီးပဲ။ တစ်ဖက်မှာ ရှည်မျောမျောတောင်ကြီး။ တစ်ဖက်မှာလည်း ရှည်မျောမျောတောင်ကြီး။ ထူးဆန်းတာက အဲဒီတောင်နှစ်လုံးဆိုင်တွေ့နေကြတဲ့ တောင်ကမ်းပါးယံမြေမျက်နှာပြင် အနေအထားပဲ။ တစ်ဖက်တောင်ရဲ့ ကမ်းပါးယံက ဓားနဲ့ပိုင်းဖြတ်ထားသလို တိတိရိရိကမ်းပါးယံစောက်ကြီး။ တစ်ဖက်တောင်ရဲ့ ကမ်းပါးယံကလည်း အဲဒီလိုပဲ။ ဓားနဲ့ပိုင်းဖြတ်ထားသလို တိတိရိရိ ကမ်းပါးယံစောက်နက်ကြီး။

အဝေးကကြည့်ရင် ပိုသိသာတယ်။ တောင်တန်းတစ်ခုဆို ဓားနဲ့ပိုင်းဖြတ်လိုက်ပြီး တစ်ဖက်ဆီ အနည်းငယ်ဆွဲခွာထားလိုက်သလိုပဲ။ ကမ်းပါးယံနှစ်ခုရဲ့အလယ် ဆင်ခုနစ်စီး ယှဉ်သွားသာရုံလောက် လမ်းအကျယ်ဖြစ်နေတယ်။

အဲဒီမျက်နှာချင်းဆိုင် တောင်ကမ်းပါးယံတွေ တိတိရိရိပြတ်နေတဲ့ တောင်နှစ်လုံးကို တောင်ပြတ်ကြီးလို့ နာဂဂီရိသားတွေခေါ်ကြတယ်။ တောင်နှစ်လုံးလို့ မယူဆကြ။ ခါးပြတ်နေတဲ့ တောင်တစ်လုံးအဖြစ်သာယူကြတယ်။

အဲဒီတောင်ပြတ်ကြီးရဲ့ အမြင့်က မနည်း။ တစ်ဖက်စီ

www.burmeseclassic.com



တိတိရိရိပြတ်နေတဲ့ တောင်ကမ်းပါးယံတွေနေရာက အမြင့်ဆုံး နေရာပဲ။

သူတို့သုံးယောက် တောင်ပြတ်ကြီးနားရောက်လာပြီး တောင်ပြတ်အလယ်လမ်းကနေ သူတို့ဖြတ်သွားကြရမှာ။

'ဒီတောင်ကမ်းပါးယံကြီးက တော်တော်မြင့်မြင့်ပဲ၊ ငါတို့ နာဂဂီရိတောင်ထက် နှစ်ဆလောက်အမြင့်ရှိမယ်'

ရှင်ရာက ကမ်းပါးယံကြီးကို မော့ကြည့်ရင်းပြောတယ်။

'ဟုတ်တယ်၊ အနည်းဆုံးနှစ်ဆပဲ'

ရှင်မာကလည်း ကြည့်ရင်းဆိုတယ်။

'ဟာ'

သုံးယောက်လုံးဆီက အာမေဋိတ်သံ။

သူတို့တောင့်ကမ်းပါးယံဆီက ဖတ်ရွက်လေးတစ်ခုလို တစ်စုံတစ်ရာလွင့်ကျလာတာကို တွေ့လိုက်ရတဲ့အတွက် ဖြစ်တယ်။

သာသာလေးကျလာတဲ့ အဲဒီနေရာ တောင်ကမ်းပါးယံ အောက်ပိုင်းဆီ ရောက်လာတော့ လူတစ်ယောက်ဆိုတာ သူတို့ သိလိုက်ရတယ်။

နှုတ်ခမ်းမွေး ပါးသိုင်းမွေးထူလပျစ်နဲ့ လူတစ်ယောက်။

'ရှင်မာ၊ ငအိမ်၊ လာလာ… အဲဒီလူကို လက်ရဖမ်းကြ မယ်'

ပြောပြောဆိုဆို ရှင်ရာတောင်ပြတ်လမ်းထဲ မြင်းဒုန်းစိုင်း ဝင်သွားတယ်။ ဓားကို အသင့်ထုတ်ကိုင်ပြီးသားပဲ။



ငအိမ်နဲ့ရှင်မာတို့လည်း ရှင်ရာနောက်ကနေ တောင်ပြတ် လမ်းထဲ မြင်းဒုန်းဆိုင်းဝင်၊ ဓားတွေကလည်း အသင့်။

ဖက်ရွက်လိုကျလာတဲ့လူ ခြေဖဝါးနဲ့ မြေပြင်နဲ့အထိ သူတို့ရဲ့မြင်းတွေ အဲဒီလူနားရောက်သွားမှ ကွက်တိပဲ။

'ရန်သူ ခုမှပဲ တွေ့ရတော့တယ်'

အသံနဲ့အတူ ရှင်ရာရဲ့ဓားချက် လေထဲမှာ လူးလွန့်ခုတ် ပိုက်ပြီး ရန်သူဆီဝင်သွားတယ်။ ရှင်ရာမြင်းကလည်း သခင်အလို အရ လှုပ်ရှားပေးလိုက်တယ်။

ရန်သူ့လက်ထဲမှာ မတိုမရှည်၊ တောင်ဝှေးလောက်သာ ရှိတဲ့ တုတ်တစ်ချောင်း အသင့်ရှိနေတယ်။

အဲဒီတုတ်ရဲ့ဝှေ့ယမ်းမှုက ရှင်ရာရဲ့ ဓားသွားလမ်းတွေကို လမ်းပြောင်းသွားစေတယ်။ မြင်းပေါ်က ရှင်ရာကို ဟန်ချက်ပျက် သွားစေတယ်။

၊တုတ်ဝှေ့ယမ်းမှု။

ရန်သူရဲ့ တုတ်ဝှေ့ယမ်းမှုက တိုက်ခိုက်မှုနဲ့မတူ။ သူ့ သာသာ တုတ်ကို ဝှေ့ယမ်းပြီး ပခုံးပေါ်တင်လိုက်သလိုပဲ။ အဲ… ဒါပေမဲ့ အဲဒီလိုတင်လိုက်မှ အင်မတန်ကို မြန်ဆန်အားပါပြီး ထိတ်လွှန်းတဲ့ ရှင်ရာ့ဓားချက်တွေကို သိမ်းဖယ်သွားလေရဲ့။

သုံးယောက်သား အံ့သြသွားခြင်းနဲ့အတူ တစ်ယောက် မျက်နှာတစ်ယောက် ဖျပ်ခနဲ ဖျပ်ခနဲ ကြည့်လိုက်မိကြတယ်။

'ဟိတ်'



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ရှင်ရာလှုပ်ရှားမှုများ ပြောင်းဆန်သွားတော့တယ်။ ရှင်ရာလှုပ်ရှားမှုများနဲ့အတူ ငအိမ်တို့ရှင်မာတို့ လှုပ်ရှားမှုတွေကပါ ဝင်ရောက်ပြီး ပြောင်းဆန်အောင် မွှေနှောက်လိုက်ကြတယ်။

မြင်းသုံးစီးကလည်း တိုက်မြင်းတွေ။ ကျောပေါ်က သခင်တွေရဲ့ အထာကို သိပြီးသား။ မြင်းသုံးစီးရဲ့ လှုပ်ရှားမှုကပါ ပြောင်းဆန်နေတော့တာပဲ။

ရန်သူကတော့ သာသာလေးပဲ။ တောင်ဝှေးတုတ်ကို ဝှေ့ရမ်းပြီး ဟိုဘက်လက်ပြောင်းကိုင်လိုက်၊ ဒီဘက်လက်ပြောင်းကိုင်လိုက်၊ ဝှေ့ယမ်းပြီးပခုံးပေါ်တင်လိုက်၊ ဝှေ့ယမ်းပြီး ပခုံးပေါ်က ပြန်ယူလိုက်၊ ဝှေ့ယမ်းပြီး မြေကြီးပေါ်ထောက်လိုက်။

အဲ… သူ့ဝှေ့ယမ်းမှုတွေကြားမှာတော့ ဓားသုံးလက်ရဲ့ အံ့မခန်းဓားချက်တွေ ချွင်ခနဲ ချွင်ခနဲ လွဲသွားဖယ်သွားတိမ်းသွားစောင်းသွား။ ဓားခုတ်သူတွေရဲ့ ဟန်ချက်တွေ ပျက်သွား။ မြင်းတွေပါ ကစဉ့်ကလျားဖြစ်သွား။

မရဘူး။

ဒီသုံးယောက်ကလည်း အာဂတွေပဲ။

အစွမ်းကုန် မွှေနှောက်ခုတ်ထစ်ကြပြန်တယ်။

ဒီမှာတော့ ဓားတွေလွင့်စင်ထွက်ကုန်တယ်။ မြင်းတွေလည်း လဲပြိုကုန်တယ်။ လူတွေလည်း မြင်းပေါ်က လွင့်စဉ်ကျကုန်တယ်။





'အရိုင်းအစိုင်းလေးတွေပဲ၊ ဘယ်လိုဖြစ်လို့ ငါ့ကို ဒီလောက်သဲသဲမဲမဲ ရန်ပြုကြရတာလဲ'

ရန်သူ တောင်ဝှေးတုတ်ကို မြေမှာထောက်လျက်မှ ဘာမှမဖြစ်သလို အမူအရာလေးသံနဲ့ မေးတယ်။ မျက်လုံးအစုံကတော့ ထိမထင်မျက်လုံးတွေနဲ့။ အရောရာကို မခိုးမခန့်နိုင်တဲ့ မျက်လုံးအစုံနဲ့။

'သင်က ငါတို့ရန်သူပဲ'

'ငါ့ဘာသာ ငါနေတာ ကြာလှပြီ၊ ဘယ်သူနဲ့မှလည်း ဆက်ဆံမှုမရှိတာ ကြာလှပြီ။ ငါက ဘယ်လိုကြောင့် သင်တို့ရန်သူဖြစ်ရမလဲ'

'သင် မင်းပိုင်နက်ထဲ ခိုးဝင်တဲ့သူလေ'

ရှင်ရာနဲ့ရန်သူ တစ်ယောက်နဲ့တစ်ယောက် အကဲခတ်ကြည့်ရှုနေကြရင်း ပြောနေကြခြင်း ဖြစ်တယ်။

'နားမလည်ဘူး၊ ရှင်းအောင်ပြောပါလေ'

'မင်းပိုင်ဖြစ်တဲ့ နာဂကိရိတောင်ပေါ် သင်ခိုးတက်ခဲ့တယ်လေ'

ရန်သူ ရှင်ရာကို အခိုင်အမာကြည့်နေရင်း…

'သြော်… နာဂကိရိရဲ့ ဘုရင်မလေးကိုး'

ရှင်ရာတို့သုံးယောက် တစ်ယောက်နဲ့တစ်ယောက် ကြည့်မိကြတယ်။

'မြေးလေးရာ၊ ဘယ်လိုမှ မထင်ပါနဲ့၊ ငါ… ငါ့အလုပ်ငါလုပ်ရတာပ'



www.burmeseclassic.com

www.burmeseclassic.com



'သင့်အလုပ်က ဘာမို့လို့လဲ၊ မင်းပိုင်နက်ထဲ သင်နိုးဝင်တာ မင်းပြစ်ရှိတယ်လေ'

ရန်သူလူကြီး အတန်ကြာကြာ တွေဝေစဉ်းစားနေတယ်။

'ကဲပါလေ ဟောဟိုနားက ကျောက်တုံးတွေမှာ သွားထိုင်ပြီး စကားပြောကြသေးတာပေါ့'

ပြောပြောဆိုဆို ရန်သူလူကြီး မနီးမဝေး ကျောက်တုံးသေးတွေဆီ ဦးဆောင်သွားတယ်။ ရှင်ရာတို့သုံးယောက် နောက်ကလိုက်တယ်။ ရန်သူလူကြီး ကျောက်တုံးတစ်တုံးမှာ ထိုင်တယ်။ ရှင်ရာတို့သုံးယောက်ကလည်း မလှမ်းမကမ်းကျောက်တုံးတွေဆီမှာ ထိုင်လိုက်ကြတယ်။,

'မြေးလေးရာဇ၊ မိန်းကလေးရာဇပေမယ့် အတော့်ကိုအလုပ်လုပ်သားလား၊ ခု ပြည်တွင်းရေးရာ အလေ့အလာထွက်လာခဲ့ရရဲ့'

ရှင်ရာတို့တစ်တွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြန်တယ်။

'သင်ဘယ်သူဘယ်ဝါဆိုတာ ပြောသင့်တယ်၊ နောက်ပြီး မင်းတောင်ပေါ် ဘာအကြံအစည်နဲ့ လာတယ်ဆိုတာ ပြောသင့်တယ်'

'မင်းတောင်ပေါ်လာတဲ့ကိစ္စကို ပြောတာနဲ့ ငါဘယ်သူဘယ်ဝါဆိုတာ သင်တို့ခန့်မှန်းမိမှာပါ၊ အေးလေ··· သင်အဖြေကိုတော့ ငါ့အဖြေရှိရမှာပေါ့ မြေးရာဇရေယ်၊ သင်က မင်းတောင်ကို





သင်ပိုင်တယ်ထင်မှတ်နေတာကိုး'

ရန်သူလူကြီးက ဖြည်းဖြည်းမှန်မှန် တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ပြောတယ်။

'သင်တို့ပိုင်တယ်လို့ သင်တို့ယူဆထားတဲ့ မင်းတောင်ကိုငါရောက်တာတွေဟာ ဟိုးနဂိုရှေးနှစ်ပေါင်း နှစ်ထောင်ကျော်လောက်ကတည်းကပါ၊ အဲဒီတုန်းက သင်တို့မင်းတောင်လို့ သတ်မှတ်ထားတဲ့ နာဂဂီရိတောင်ဟာ နဂါးပြည်ကနေ ပေါ်ထွက်လာခဲ့ပြီး နှစ်ပေါင်းငါးထောင်ကျော်ကျော်လောက် သက်တမ်းရှိသေးတယ်၊ တောင်ထိပ်ကနေ နဂါးမီးလျှံတွေ လွှတ်မှုတော့ မရှိတော့ဘူး သစ်ပင်ပန်းမန်ပင်တွေလည်း အနှံ့ပေါက်ရောက်နေပြီး မီးလျှံတွေအစား တောင်ထိပ်က စမ်းရေတွေလည်း ထွက်နေပြီ၊ အဲဒီစမ်းရေတွေဟာ အခုလိုပဲ အဲဒီကတည်းက တောင်ကလပ်ပေါ်ကနေ ရေတံခွန်အသေးစားလေးတစ်ခုလို တောင်အောက်ကို ကျနေတယ်'

ဆက်ပြောတယ်။

'အဲဒီအချိန်မှာ နာဂဂီရိ တိုင်းပြည်ကြီးဆိုတာ ဘယ်ဆီမှန်းမသိသေးဘူး၊ အစဉ်အဆက် မင်းလုပ်အုပ်ချုပ်ခဲ့ကြတဲ့ မင်းတွေဆိုတာလည်း ဘယ်ဆီနေမှန်းမသိ၊ ရှင်းရှင်းပြောရရင် နာဂဂီရိကို တည်ထောင်မယ့် လူမျိုးစု ဘယ်ဆီနေမှန်းမသိ၊ နာဂဂီရိတောင်တစ်ဝိုက်မှာ လူလူသူသူရယ်လို့ လုံးဝမရှိ။

ပြောနေတဲ့လူကြီးကို သူတို့သုံးယောက် အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်။ လူကြီးက အေးအေးဆေးဆေးပဲ ဆက်ပြောတယ်။

'အဲဒီကတည်းက ငါဟာ နာဂဂီရိကိုရောက်ဖူးနေတဲ့ လူတစ်ယောက်၊ ဘာလို့ရောက်တာလဲဆို၊ နာဂဂီရိတောင်ထိပ် စမ်းချောင်းရဲ့ရေစတင်ထွက်ရာမြေထဲမှာ ငါလိုချင်တဲ့ ဂမုန်းဥ တစ်မျိုးရှိလို့ပဲ၊ ဂမုန်းက အပင်သေးသေးဂမုန်းမျိုးပါ၊ အပင် ရေမှော်လောက်ပဲ ရှိရဲ့၊ သူလည်း ရေမှော်တစ်မျိုးပါပဲ၊ ငါတို့က တော့ ရေမှော်ဂမုန်းလို့ ခေါ်ကြတာပဲ၊ အဲဒီဂမုန်းရဲ့ဥသေးသေး လေးကို ငါလာတူးယူတာပဲ၊ ပုံမှန်လာမှုကတော့ နှစ်တစ်ရာဝန်း ကျင်မှာ ငါတစ်ခါလာလေ့ရှိတယ်၊ လူ့သက်တမ်းက နှစ်တစ်ရာ ဝန်းကျင်ကိုး'

'ဒါဆို သင့်အသက်က ဘယ်လောက်ရှိပြီလဲ'

ရှင်ရာက မေးတယ်။

'မြေးလေးရာဇ သင်ငါ့အသက်ကို နှစ်ဘယ်လောက်လို့ မှန်းလဲ'

ရှင်ရာ၊ရှင်မာ၊ ငအိမ်တို့ လူကြီးကို အသေအချာကြည့် တယ်။

'သင့်အသက် မှန်းရခက်မယ်၊ အလွယ်မှန်း မှန်းရရင် နှစ်ခြောက်ဆယ်ကျော်လို့ မှန်းရမလို'

လူကြီး ပြုံးတယ်။

'ငါရေမှော်ဂမုန်းကို စတင်တွေ့ရှိပြီး ဂမုန်းဥစားခွင့်ရတဲ့ အချိန်ဟာ အသက်အနှစ်ခုနစ်ဆယ်နီးနီးမှာ။ ရေမှော်ဂမုန်းဥ ဂမုန်း





စားပြီးနောက် ငါ့အရွယ်ဟာ ဆက်လက်ရင့်ရော်အိုမင်းမှု မရှိ၊ အသက်ကလည်း နှစ်တစ်ရာထပ်ရှည်တယ်၊ အဲဒါကြောင့် နှစ်တစ်ရာ ဝန်းကျင်ရောက်တိုင်း ငါရေမှော်ဂမုန်းဥကို လာရောက်တူးယူစား သုံးလေ့ရှိတယ်၊ ရေမှော်ဂမုန်းရဲ့ ဂမုန်းဥစားပြီး နှစ်တစ်ရာ နှစ် တစ်ရာ အိုမင်းမှုမရှိ၊ ငါအသက်ရှည်လာတာ ခုဆို အနှစ်နှစ်ထောင် ရှိပြီ၊ မူလအသက်ပါထည့်တွက်ရင် ငါ့အသက်နှစ်ထောင့်ခုနစ်ဆယ် ဝန်းကျင်မှာ ငါစားခဲ့တဲ့ရေမှော်ဂမုန်းဥကလည်း ဥပေါင်း နှစ်ဆယ် ရှိခဲ့ပြီ'

လူကြီးရဲ့ အသက်ကိုကြားလိုက်ရတော့ သုံးယောက်သား အံ့သြသွားကြတယ်။ ရှင်ရာမျက်လုံးအစုံ ဝင်းဝင်းလက်လက် တောက်ပသွားတယ်။

'ဟာ… နှစ်တစ်ရာ မအိုမမင်း နေနိုင်တဲ့ ရေမှော်ဂမုန်း တို့ ငါပိုင်ဆိုင်ထားရပြီ၊ အဘိုးသင်ဟာ ဝိဇ္ဇာဓိုရ်ပဲဖြစ်လိမ့်မယ်၊ အဘိုးဝိဇ္ဇာဓိုရ် မြေးရာဇကို ကူညီပါ၊ ရေမှော်ဂမုန်းကို ပြပေးပါ'

'မြေးရာဇ၊ နာဂဂီရိတောင်ရဲ့ သက်တမ်းဟာ နှစ်ပေါင်း နှစ်ထောင်လောက်ရှိပြီ၊ စမ်းချောင်းနဲ့ ရေမှော်ဂမုန်းတို့သက်တမ်း ဟာလည်း နှစ်ပေါင်းလေးထောင်ကျော်မှာ ရှိနေပြီ၊ စမ်းချောင်း ရေထွက်မှု သက်တမ်းဟာ ကုန်ဆုံးတော့မယ်၊ အဲဒါနဲ့အတူ ရေမှော်ဂမုန်းရဲ့ မျိုးသက်တမ်းဟာလည်း ကုန်ဆုံးတော့မယ်၊ အဲဒါ သိတဲ့ ငါဟာ ငါ့သက်တမ်းလည်း ကုန်ဆုံးတော့မယ်ဆိုတာ သိလာခဲ့ရတယ်၊ ငါတို့က အသက်ရှည်အောင် ကြံဖန်နေထိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သူတွေကို၊ ငါအဲဒီအခေါက် နာဂကီရီတောင်ကိုလာတာ နောက်ဆုံး လာခြင်းပဲ၊ မျိုးတုံးကာနီးလုနီးပါးနေပြီဖြစ်တဲ့ ရေမှော်ဂမုန်းဥ တစ်ခုကို ငါစားပြီး နှစ်တစ်ရာသက်တမ်းကိုတော့ ထိန်းထားခဲ့ သေးတယ်၊ ကျန်တဲ့ရေမှော်ဂမုန်းပင်တွေ ကြည့်လိုက်တော့ အခြေ အနေမကောင်းတော့ဘူး၊ တချို့ကို ငါယူခဲ့ပြီး နာဂကီရီတောင်နဲ့ ရေမြေတူတဲ့ ဟိမဝန္တာရှိတောင်တစ်ခုမှာ ငါပျိုးစိုက်ထားခဲ့တယ်၊ အဲဒီပျိုးစိုက်မှု အောင်မြင် မအောင်မြင်တော့ မသိနိုင်သေးဘူး၊ အောင်မြင်ရင်တော့ ငါ အသက်ရှင်ခွင့် ထပ်ဖြစ်ရဦးမှာပေါ့၊ မအောင်မြင်ဘူးဆိုရင်တော့ ငါ့သက်တမ်းဟာလည်း ကုန်ဆုံးပြီ ပေါ့'

ရှင်ရာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

'ဒါဆို နာဂကီရီတောင်မှာ ရေမှော်ဂမုန်း လုံးဝမရှိတော့ပြီ ပေါ့'

ဝိဇ္ဇာမိုရ်က ဖြည်းဖြည်းညင်းညင်း ခေါင်းခါယမ်းတယ်။

'မြေးလေးရာ့ အဲဒီလိုမှ ငါမလုပ်လည်း ခုလောက်ဆို အဲဒီရေမှော်ဂမုန်းပင်တွေဟာ ရှိနိုင်မှာ မဟုတ်ပါဘူး၊ အသေအချာ ပါပဲ၊ အဲဒီရေမှော်ဂမုန်းပင်တွေ သေကုန်တော့မယ်၊ မျိုးတုန်းတော့ မယ်ဆိုတာ အသေအချာသိရလို့ တစ်မျိုးတစ်ဖုံ ငါကြိုးစားကြည့် ခြင်းပါ၊ ငါ့ကြိုးစားမှု အောင်မြင်သွားရင်တော့ နဂါးပြည်က ရေမှော်ဂမုန်းမျိုးဆက် လူ့ပြည်မှာ ဆက်ရှိနေနိုင်သေးတာပေါ့၊ သိသူတွေဖော်စားနိုင်ဦးမှာပေါ့'





'မအောင်မြင်ရင်'

ရှင်ရာ အလျင်တလိုမေးတယ်။

'ဘာတတ်နိုင်မလဲ၊ သူ့ပျက်ချိန်တန် ပျက်ရတာပဲ၊ ပျက် ချိန်တန်လို့ကတော့ ရေမှော်ဂမုန်းလည်း ပျက်မှာပဲ၊ စမ်းချောင်း လည်း ပျက်မှာပဲ၊ နာဂကီရီတောင်လည်း ပျက်မှာပဲ၊ နာဂကီရီပြည် ကြီးလည်း ပျက်မှာပဲ၊ အဆုံးစွန်ပြောရရင် လောကကြီးလည်း ပျက်မှာပဲ'

ဝိဇ္ဇာမိုရ်ကြီးကတော့ အေးအေးဆေးဆေးပဲ ပြောတယ်။

'နာလိုက်တာ၊ ရေမှော်ဂမုန်းကို ပိုင်နေလျက်နဲ့ သိခွင့်မရ ခဲ့ဘူး၊ စားသုံးခွင့်မရခဲ့ဘူး'

ရှင်ရာ မချင့်မရဲ ဆိုတယ်။

'လောကကြီးမှာ မသိသူတွေ အမြဲနစ်နာရတာချည်းပါ၊ သိသူတွေ နစ်နာရတယ်ဆိုတဲ့ နိယာမကိုသိရင် သိသူဖြစ်အောင် ကြိုးစား'

'သိသူ… သိသူဆိုတာ ဝိဇ္ဇာမိုရ်အဖြစ်ကို ပြောတာလား'

'တစ်စုံတစ်ရာကိစ္စကို အသေအချာအဆုံးစွန်သိရှိသူကို ဝိဇ္ဇာလို့ခေါ်နိုင်တယ်ပေါ့၊ အရာရာခပ်သိမ်းကို သိနိုင်သူတော့ လည်း မဟုတ်နိုင်သေးဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် အဲဒီလိုတကယ်သိ နိုင်တဲ့ သူအဖြစ်ရောက်ဖို့ကလည်း အတော်ကြိုးစားရပါတယ်၊ အပေါ်ယံသိတာမျိုးကိုပြောတာမဟုတ်ဘူးနော်၊ ဥပမာ ငါတို့ခုထိုင် ထားတဲ့ ကျောက်တုံးတွေအကြောင်းကို ငါတို့သိတယ်လို့ ထင်ကြ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ ဘယ်လောက်သီသလဲ၊ ဘယ်လိုကျောက်အမျိုးအစားလဲဆိုတာ သိမယ်၊ ဘယ်လိုနေရာတွေက ထွက်တတ်လည်းဆိုတာ သိမယ်၊ လိုအပ်ရင် ဘယ်ဒေသမှာ အများဆုံးရှိနေတတ်တယ်ဆိုတာ သိမယ်၊ ဒီကျောက်အမျိုးအစားတွေနဲ့ ဘာတွေလုပ်လို့ကိုင်လို့ရမယ်ဆိုတာသိမယ်၊ ဘယ်လောက်ထိ အတော်များများသိသိ ဒီကျောက်မျိုးဖြစ်အောင် လုပ်နိုင်မှုရှိလား၊ မရှိရင် မသိသူပဲပြောရမယ်၊ ဒီကျောက်နဲ့ပတ်သက်တဲ့ မသိသူပဲပြောရမယ်၊ တကယ်ဒီကျောက်ရဲ့ သဘာဝဓာတ်မြစ်သိရှိမှုဆို ဒီကျောက်မျိုးကိုလက်တွေ့ကျကျ ဖြစ်အောင်ပျက်အောင် လုပ်နိုင်တဲ့ထိသိနိုင်ရမယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် အဲဒီအထိ သိနိုင်မှုရှိရင် ဒီကျောက်နဲ့ပတ်သက်တဲ့သိသူတွေပဲ၊ တကယ်သိသူပဲ၊ အဲဒီကျောက်နဲ့ပတ်သက်တဲ့ ဝိဇ္ဇာပဲလို့ ပြောလို့ရတယ်'

ဝိဇ္ဇာမိုရ်ကြီး ဆက်ပြောတယ်။

'ဒါအခြေခံကျကျ အကြမ်းဖျင်းပြောတာ။ အဆင့်မြင့်မြင့်နဲ့ သိမ်မွေ့တဲ့ကိစ္စတွေသိမှုမှာလည်း အဲဒီလိုသဘောမှတ်။ ဘယ်သူကမှ ကိုယ့်ထက်ထပ်သိစရာမရှိတော့တဲ့အထိ သိမှုမှ သိခြင်းအမှန်လို့ မှတ်၊ အဲ… အဲဒီလိုဖြစ်နိုင်မှုအတွက်က အချိန်သိပ်ပေးရတယ်၊ အချိန်ပေးရတယ်ဆိုတာ အသက်တာကို ပေးနေရခြင်းပေါ့။ ဒါကြောင့် ငါတို့အတွက် အသက်ရှည်မှုက လိုအပ်နေတယ်၊ အသက်ရှည်ရာရှည်ကြောင်း ကြံစည်အားထုတ်မှုလည်း လိုအပ်နေတယ်၊ မြေးလေး ရာဇက ဘာလို့အသက်ရှည်ချင်ရတာလဲ'





ဝိဇ္ဇာမိုရ်ကြီး အမေးမှာ ရှင်ရာ အူလည်လည်နဲ့ ဒေါ်အိမ်နဲ့ ရှင်မာကို လှည့်ငေးကြည့်တယ်။

'ကိုယ့်ချစ်ခင်သူတွေနဲ့ ပျော်ပျော်ပါးပါး အကြာကြီးနေခွင့်ရအောင်ပေါ့ အဘိုး'

ဝိဇ္ဇာမိုရ်…

ဝိဇ္ဇာမိုရ်ကြီး အနည်းငယ်ပြုံးယောင်ပြုတယ်။

'မသိသူတွေမှာ အသက်ရှည်ခွင့်နည်းတယ် မြေးလေးရာဇ၊ လောကသဘာဝကိုက မသိသူတွေကို အသက်ရှည်ခွင့် သိပ်မပေးတတ်ဘူး၊ အသက်ရှည်ချင်ရင် သိသူဖြစ်အောင်ကြိုးစား။ ဒါမှလည်း လောကသဘာဝက ကြည်ဖြူမယ်'

'အဘိုး ဝိဇ္ဇာမိုရ်၊ လူကောင်းသူကောင်းတွေ၊ ပညာရှိတွေ အသက်တိုတာမျိုးကကော'

ဝင်မေးလိုက်သူက ရှင်မာ။

'မြေးလေး ငါက လောကထဲနေတဲ့သူတွေကို လောကသဘာဝရဲ့ လိုလားတတ်ခြင်း မလိုလားတတ်ခြင်းမှာ အခြေပြုပြောတာလောက်ရှိသေးတယ်၊ အသက်ရှည်ခွင့်အကြောင်းအရာတစ်ခုအနေနဲ့တော့ ပါဝင်နေတာကိုး၊ သေခြင်းရှင်ခြင်းမှာ ဒီတစ်ကြောင်းထဲတော့ မဟုတ်သေးဘူး။ ငါလေ့လာကျင့်ကြံအားထုတ်မှု အဲဒီအထိ မရောက်နိုင်သေးဘူး၊ ဒါကြောင့် ငါတောင် ဆေးဝါးအားကိုးနေရတယ်၊ ငါလေ့လာနေတဲ့ လောကကြီးရဲ့ အဃာတိက အတတ်ပညာတွေတောင် မကုန်ဆုံးနိုင်သေးဘူး။ ကျယ်ပြန့်မှုက

www.burmeseclassic.com

www.burmeseclassic.com



လည်း အတိုင်းအဆမရှိကိုး။ သေခြင်းရှင်ခြင်းကိုသိနိုင်မှု ဝိဇ္ဇာပညာနဲ့ ငါနဲ့ဝေးနေသေးတယ်။ သေခြင်းရှင်ခြင်းကို ပိုင်နိုင်တဲ့ ဝိဇ္ဇာကတော့ ဝိဇ္ဇာအချုပ်ပဲ၊ ဝိဇ္ဇာတို့ရဲ့ ဥသျှောင်ပဲ'

'မြေးလေးတို့လူမျိုးရဲ့ ရှေးဟောင်းအတတ်မှာ ဝိညာဉ်တို့ကို ချုပ်ကိုင်နိုင်တဲ့ စေစားနိုင်တဲ့ အတတ်ပညာရှိတယ်။ အဲဒါ သေခြင်းရှင်ခြင်းကို ပိုင်နိုင်တဲ့ ဝိဇ္ဇာအတတ်နဲ့ မနီးစပ်ဘူးလား'

ရှင်ရာ့အမေးကို ဝိဇ္ဇာမိုရ်ကြီး ခေါင်းခါတယ်။

'ဒါမျိုးတွေ အခြားလူမျိုးတွေမှာလည်း သူ့နည်းသူ့ဟန် သူ့သဘာဝနဲ့ရှိတတ်ကြတာပဲ။ ဒါတွေက အပေါ်စား ဂမ္ဘီရအတတ်တွေပါ။ ကစားနည်းတစ်မျိုးလောက်ပဲ အဓိပ္ပါယ်သက်ရောက်ပါတယ်။ သေခြင်းရှင်ခြင်းကို အပိုင်အနိုင်သိတဲ့ အသိအတတ်မဟုတ်ပါဘူး'

ဝိဇ္ဇာမိုရ်ကြီးက ဆက်ပြောတယ်။

'မြေးလေးရာဇ ငါစကားပြောရင်း တပြိုင်နက်တည်းမှာပဲ တစ်ခုကို စဉ်းစားနေတယ်။ သင်ပြောခဲ့တဲ့ မင်းပိုင်နက်ထဲ ငါနိုးဝင်တယ်ဆိုတဲ့ကိစ္စပါ'

'မြေးလေးရာဇပြောတာ မှားသွားရင် ခွင့်လွှတ်ပေးပါ အဘိုးဝိဇ္ဇာမိုရ်'

'မှားသွားတယ်လို့ မဆိုသာသလို မှန်တယ်လို့လည်း မဆိုသာပါဘူး။ မြေးလေးရာဇ ငါကတော့ ငါပြုနေကျ အလုပ်တစ်ခုအမှတ်နဲ့ ပြုလုပ်ခြင်းပေပဲ၊ ငါပြုလုပ်နေတဲ့ အချိန်မှာ





အဲဒီအရာကို သင်ပိုင်ဆိုင်တယ်လို့ ငါ့မှာ စိတ်အမှတ်မရှိခဲ့ဘူး။ ငါ့စိတ်အမှတ်က ဘယ်သူမှ ဘာကိုမှ ပိုင်ဆိုင်တယ်ဆိုတာ မရှိဘူး။ အဲဒီစိတ်မျိုးဟာ ကိုယ့်ကိုယ်ကို ကိုယ်သတ်မှတ်ပြီး ညှဉ်းဆဲနေတဲ့စိတ်တစ်ခုလို့ ငါထင်တဲ့အမှတ်ရှိတာကိုး။ မမှန်ကန်တဲ့ စိတ်ထားတစ်မျိုးလို့ပဲ ငါ့စိတ်အမှတ်ရှိတာကိုး။ အဲဒါကြောင့်လည်း ရေမော်ဂမုန်းကို နှစ်တစ်ရာဝန်းကျင်တိုင်း ငါပြုနေကျ အမှုအတိုင်း ငါပြုတာ၊ အဲ… ဒါပေမဲ့ မြေးလေးရာဇက သင့်အပိုင်ဆိုတဲ့ စကားမျိုးဆိုလာတော့ ငါ့မှာ စဉ်းစားစရာဖြစ်လာတယ်။ ဒီကြားထဲ အဲဒီတုန်းက ရင်ဆိုင်မရှင်းပြဘဲ ငါတောင်ပေါ်က ခုန်ချထွက်သွားခဲ့တယ်၊ အမှန် အဲဒီလိုလုပ်လိုက်တာကတော့ ငါလူတွေနဲ့ ရှည်ရှည်ဝေးဝေး စကားမပြောချင်လို့ပါ၊ ခုစကားပြောရင်း ငါ စဉ်းစားမိတာကတော့ ငါ့မှာ အပြစ်တစ်ခုလို ဖြစ်သွားတယ်၊ သင်ပိုင်ဆိုင်တယ်လို့ သင်သတ်မှတ်ထားတဲ့နေရာ ငါနိုးကြောင်ခိုးဝှက်သွားပြီး သင်ပိုင်ဆိုင်တယ်လို့ သင် သတ်မှတ်ထားတဲ့ ရေမော်ဂမုန်းကို ငါခိုးယူသုံးစွဲမိသလို ဖြစ်သွားတာကိုး'

ရှင်ရာ ဝိဇ္ဇာမိုရ်ကြီးကို စိတ်မကောင်းစွာ တောင်းပန်သလိုကြည့်တယ်။

'မြေးလေးရာဇ အဘိုးဝိဇ္ဇာမိုရ်လောက် အသိမရှိလို့ ပြောမိတာပါအဘိုး။ အဘိုးရဲ့ပြောဆိုမှုမှာ မြေးလေးအသိထဲ လင်းလက်သွားတာက ဘယ်သူမှ ဘာကိုမှပိုင်ဆိုင်ခြင်းမရှိဆိုတဲ့ အသိတရားနဲ့အတူ ပိုင်ဆိုင်ကယ်ဆိုတဲ့အထင် သတ်မှတ်မှုဟာ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ညှင်းဆဲမှု အမှန်ဆိုတာပဲ'

ရှင်ရာ ဆက်ပြောတယ်။

'နာဂဂီရိတောင်နဲ့ ရေမော်ဂမုန်းကို မြေးလေးရဲ့အပိုင် အနေနဲ့ မြေးပြောမိတဲ့စကားကို ပြန်ရုတ်သိမ်းပါတယ် အဘိုး အဘိုး ဘယ်လိုမှ စိတ်အနှောင့်အယှက်မရှိပါနဲ့'

'မြေးလေးရာဇ အဘိုးကို ဒီလိုပြောပေးတဲ့အတွက် အဘိုးကျေးဇူးတင်ပါတယ်၊ အဘိုးစိတ်သက်သာရာ ရသွားတာ ပေါ့။ ဒီလိုလေ လူသတ်တာကို အပြစ်ရှိတယ်လို့ မသတ်မှတ်တဲ့ အရပ်မှာ လူသတ်မိရင် အပြစ်ဘယ်ရှိပါ့မလဲ၊ လူသတ်တာကို အပြစ်ရှိတယ်လို့ သတ်မှတ်ထားတဲ့ အရပ်မှာ လူသတ်မိရင် အပြစ်ရှိတာပေါ့၊ အပြစ်ဆိုတာ သတ်မှတ်မှုတစ်ခုတစ်ရာကြောင့် သာရှိရ ဖြစ်သွားရတာမျိုးကိုဆိုလိုတာပါ'

'အဘိုးဝိဿာမိုရ်… မြေးတို့က လူကြားထဲမှာနေတော့ လူ့စိတ် အရိုင်းသက်သက်ပဲ ရှိနေပါတယ်၊ တောပျော်အကျင့် အားထုတ်မှုတွေမှာ ပျော်တဲ့အဘိုးရဲ့ အမြင်အကြားကို ရိုင်းပျမိရင် ခွင့်လွှတ်ပေးပါ အဘိုး၊ စောစောကဆို အဘိုးဝိဿာမိုရ်ကို မြေးတို့ သုံးယောက်လုံး ကိုယ်ထိလက်ရောက် စော်ကားမိပါတယ်၊ မြေးတို့ အနူးအညွတ်တောင်းပန်ပါတယ်၊ မြေးတို့ကို ခွင့်လွှတ်ပါ'

တစ်လျှောက်လုံး ကြည့်ရှုနားထောင်နေတဲ့ ဒေဝီမ်သ ဝိဿာမိုရ်ကို လက်အုပ်ချီပြောကာ ဝိဿာမိုရ်ထိုင်နေတဲ့ ကျောက်တုံး အခြေမှာ သွားရောက်ထိုင်ချလိုက်တယ်။





ဒီအခါမှာ ရှင်ရာနဲ့ရှင်မာလည်း ဒေဝီမ်နည်းတူ ဝိဿာမိုရ် ကြီးရဲ့ ကျောက်တုံးအခြေမှာ လာရောက်ထိုင်ချလိုက်ကြတော့ တယ်။

'အသိနည်းပါးသူက ကိုယ့်အရိပ်တောင် ကိုယ်ရန်သူထင် တတ်ကြတယ်ကွယ်၊ အသိရှိတဲ့သူကို လောကကြီးက မိတ်ဆွေ ကောင်းတွေ လက်ဆောင်ပေးတတ်ကြပါတယ်၊ အသိရှိသူဖြစ် အောင်သာ ကြိုးစားကြပါ၊ ဝိဿာအသိမျိုးထိ မသိနိုင်မရှိနိုင်တောင် အသိတော်တော်များများ ရှိလေကောင်းလေပဲ၊ ချမ်းသာခြင်း၊ စိတ်ရွှင်လန်းဝမ်းသာခြင်းအတွက်လည်း အသိလိုတာပဲ၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းအတွက်လည်း အသိလိုတာပဲ၊ ဒါထက်မြင့်မြတ် တဲ့အကြောင်းကိစ္စတွေအတွက်လည်း အသိလိုတာပဲ'

'အဘိုးဝိဿာမိုရ်ကြီးရဲ့ အဆုံးအမတွေခံယူရတာ လူဖြစ်ရကျိုး နပ်ပါတယ်၊ အသိများများရှိနိုင်အောင် မြေးတို့ကြိုးစားပါ့မယ်'

ရှင်ရာဆိုလိုက်တော့ ရှင်ရာ့ကို ဝိဿာမိုရ်ကြီးစေ့စေ့ကြည့် တယ်။

'အသိရှိအောင် ဘယ်လိုကြိုးစားရမလဲ မြေးလေးရာဇ သိလို့လား'

'တွေ့ရာ၊ ကြားရာ၊ ဖြစ်ပျက်ရာတွေဆီက မှတ်ရာတွေကို မှတ်သားနိုင်ခြင်းဟာ အသိကိုဖြစ်စေမယ်လို့ ထင်ပါတယ် အဘိုး ဝိဿာမိုရ်'

'အဲဒီလို မှတ်သားနိုင်ဖို့က မခက်ခဲဘူး ထင်ရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့မှာ ထင်သလိုမဟုတ်ဘဲ ခက်ခဲမှုရှိတတ်တယ်၊ အဲဒါ လွယ်ကူသွားအောင် စိတ်ထဲအမြဲဆောင်ထားရမှာက သတိပဲ၊ သတိဆိုတဲ့ တံခါးဖွင့်ထားနိုင်မှ အသိဆိုတဲ့ တရားအလွယ်ဝင်လာနိုင်တယ်'

'မှတ်သားထားပါ့မယ် အဘိုး'

'ဝင်လာတဲ့အသိကို မလိုရင် မလိုသလို စောင့်ပြီး သတ်ဖြတ်သူတစ်ဦးရှိတယ်၊ သူရှိနေရင် ဝင်လာတဲ့ အသိတရားမှန်တွေ ပျက်သုဉ်းကြရတယ်'

'ဘယ်သူပါလိမ့် အဘိုး'

'မာနပဲ၊ မင်းတို့ရင်ထဲက မင်းတို့ရဲ့ မာနပဲ၊ အဲဒီမာန အင်အားကြီးလွန်းရင် အသိတရားအမှန်တွေ ပျက်သုဉ်းကြရတယ်'

'မှတ်သားထားပါ့မယ် အဘိုး'

'အရည်အချင်းမဲ့သူတွေဟာ သတိဆိုတဲ့ တံခါးပိတ်ထားတတ်ကြတယ်၊ အရည်အချင်းရှိသူတွေကျတော့ ရင်ထဲက မာန အင်အားကြီးနေတတ်တယ်၊ မြေးလေးတို့သုံးယောက်ကို ကြည့်ရုံနဲ့ အရည်အချင်းရှိသူတွေဆိုတာ သိသာပါတယ်၊ အဲဒီတော့ မြေးလေးတို့ကို အဘိုးဘာပြောချင်သလဲဆိုတာ မြေးလေးတို့ဘာသာ သိနိုင်ပါတယ်'

ဝိဇ္ဇာမိုရ်ကြီး ထိုင်နေရာက မတ်တတ်ထရပ်လိုက်တယ်။

'မာန အင်မတန်အင်အားကြီးတတ်တဲ့ သဘောရှိတယ်၊ ဘာလို့လဲဆို သူ့ကိုအမြဲသွေးထိုးပေးနေတတ်တဲ့ လောဘ၊ဒေါသ၊





မောဟ၊ တဏှာဆိုတဲ့ မိတ်ဆွေတွေက ရှိနေတာကိုး၊ မာနအင်အားလျော့သွားစေချင်ရင် သူ့မိတ်ဆွေတွေဖြစ်တဲ့ လောဘ၊ဒေါသ၊ မောဟ၊တဏှာတို့နဲ့ အဆက်အသွယ်ဖြတ်ပစ်။ လူကြားထဲမှာ နေနေရတဲ့ လူသားတွေအတွက်တော့ ဒီလောက်ပဲ ပြောတော့မယ် နော်၊ ကဲ… ကိုယ်လမ်းကိုယ်သွားကြပါစို့'

ဝိဇ္ဇာမိုရ်ကြီး ခရီးထွက်ခွာဖို့ စတင်တယ်။

'အဘိုးဝိဇ္ဇာမိုရ်'

ရှင်ရာခေါ်မှုကြောင့် ဝိဇ္ဇာမိုရ်ကြီး ခြေလှမ်းတုံ့တယ်။

'ဟို… မြေးလေးကို ဘယ်လိုမှမထင်ပါနဲ့ အဘိုးဝိဇ္ဇာမိုရ်၊ မြေးလေးအပိုင်လို့ သတ်မှတ်မှုမျိုးနဲ့ပြောတဲ့စကားတော့ လုံးဝမဟုတ်ပါဘူး၊ အဘိုးဝိဇ္ဇာမိုရ်ဆီမှာ အသနားခံချင်တာတစ်ခုရှိလို့ပါ'

ဝိဇ္ဇာမိုရ်ကြီး ရှင်ရာကို အတန်ကြာကြည့်တယ်၊ အေိမ်နဲ့ ရှင်မာတို့ကိုလည်း ကြည့်တယ်။

'အဘိုးဝိဇ္ဇာမိုရ် သဘောပေါက်ပါတယ် မြေးလေးရာဇ၊ မြေးလေးရာဇ ရေမှော်ဂမုန်းဥရဲ့ အစွမ်းအာနိသင်ကို ကြားသိရတော့ ရေမှော်ဂမုန်းဥကို စားသုံးချင်တယ်မဟုတ်လား၊ လူတွေရဲ့ သဘာဝပဲလေ၊ ကိုယ်ချစ်ခင်တဲ့သူတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နှစ်ရှည်လများ နေချင်ကြတာပေါ့၊ အသက်ရှည်ချင်ကြတာပေါ့၊ ဒီအတွက်ကတော့ အကြောင်းနှစ်ကြောင်းပေါ်မှာ အခြေခံနေတယ်၊

www.burmeseclassic.com



ဓာရေမှော်ဂမုန်းပျိုးစိုက်မှုအောင်မြင်နိုင်ခြင်းက အကြောင်းတစ်ခု၊ မြေးလေးရာဇကိုလောကကြီးက နှစ်ရှည်လများလက်ခံထားနိုင်အောင် နှစ်သက်မှုရှိဖို့က အကြောင်းတစ်ခု။ ပထမအကြောင်းက အဘိုးဝိဇ္ဇာဓိုရ်ကြိုးစားရမယ့်အကြောင်း။ ဒုတိယအကြောင်းကတော့ မြေးလေးတို့ကြိုးစားရမယ့်အကြောင်း၊ ဒါက အဘိုးဝိဇ္ဇာဓိုရ်သိတဲ့အကြောင်းနှစ်ခု၊ အဘိုးမသိနိုင်တဲ့အကြောင်းတွေ လောကကြီးမှာ အများကြီးရှိသေးတယ်နော်'

'အဘိုးဝိဇ္ဇာဓိုရ်ရဲ့ မြေးလေးတို့ပြန်တွေ့ချင်ရင်'

ဝိဇ္ဇာဓိုရ်ကြီး ရှင်ရာတို့သုံးယောက်ကို ကြင်ကြင်နာနာကြည့်နေပြန်တယ်။

'လောကကြီးရဲ့ အလိုအတိုင်းဖြစ်ခြင်းရှိခြင်းတွေကိုတော့ ငါတို့လွန်ဆန်လို့ မရကောင်းဘူးမြေးတို့၊ လောကကြီးရဲ့ အလိုကို ငါတို့စောင့်ကြည့်ကြရသေးတာပေါ့'

* * *

(၃)

ခရီးစဉ်ရဲ့ ဆဋ္ဌမနေ့ . . .

ညနေစောင်း . . .

အပြန်ဖြတ်လမ်းက ပြန်လာကြတာဆိုပေမယ့် အချိန်ကာလကြာမြင့်မှုကတော့ အသွားတုန်းကနဲ့ သိပ်မထူးလှပါဘူး၊ အပြန်ခရီးမှာ သူတို့တောတောင်ရေမြေရှုခင်းတွေကို တန့်ရပ်ငေး





မောကြည့်ရှုနေမိကြတာတွေကများတော့ ခရီးဖင့်နွှေးခဲ့ရတယ်။

လမ်းမှာ နှစ်ညအိပ်ခိုနားခဲ့ရပြီး တစ်နေ့ခရီးနှင်ပြီးမှပဲ နန်းမြို့ရိုးကြီးကို ထင်းထင်းလှမ်းမြင်ရတော့တယ်၊ နန်းမြို့ရိုးတံခါးမပိတ်ခင် ဖနပ္ပုဒ်ကလူတွေရဲ့ ထွက်ဝင်မှုတွေနဲ့ရောထွေးပြီး သူတို့နန်းမြို့ထဲ ဝင်ကြရမှာဖြစ်တယ်။

နန်းမြို့ရိုးကို ဟိုးဝေးဝေးက လှမ်းမြင်လိုက်ရကတည်းက ရှင်ရာမျက်နှာထား ပြောင်းသွားတာကို ငအိမ်နဲ့ရှင်မာ သတိထားမိတယ်။

ရှင်ရာမြင်းကိုလည်း ရှေ့ဆောင်ပြီးနှင်တယ်။

နန်းမြို့ရိုးကို ထင်းထင်းမြင်ရတဲ့အကွာအဝေးမှာ ရှင်ရာမြင်းကိုရပ်ပြီး ငအိမ်နဲ့ရှင်မာကို စောင့်တယ်။

'ကဲ . . . ညီမတော် အရေးတကြီးလျှောက်တင်စရာရှိတဲ့ အိစ္စကို လျှောက်တင်တော့၊ အစ်မတော် သိချင်လှပြီ'

ငအိမ်နဲ့ရှင်မာမြင်း သူ့မြင်းအပါးအရောက်မှာ မိန့်တော့တယ်။

'လျှောက်တင်ပါ့မယ်၊ ညီမတော်က ရွှေနန်းတော်ရောက်ပြီး ရာဇအေပန်းဖြေပြီးမှ လျှောက်တင်မလားလို့'

'ရတယ်၊ ခုပဲ ပြောပါ'

ရှင်ရာ မျက်စိမျက်နှာ ရာဇသွေး ရာဇမာန်အပြည့်ပဲ။

'ညီမတော် ဟိုရတနာကုန်သည်တွေကို လိုက်တီးရာမှာ မြင်းယန်းနေတာနဲ့ မမီနိုင်ဖြစ်သွားတယ်၊ အဲဒီမှာတင် လူ့တွားကြီး



www.burmeseclassic.com

www.burmeseclassic.com



က အော်ပြောသွားတယ်၊ ချောင်ကြီးချောင်ကြားက အရိုင်းအစိုင်းတွေ သတိထားနေကြ၊ ငါတို့အရှင်ဥတ္တရဂီရိမြို့စား မကြာခင် ရွှေနန်းရှင်ဖြစ်တော့မှာ၊ အဲဒီအခါကျ သင်တို့ရှိရာ ချောင်ကြီးချောင်ကြားအရောက် ငါတို့ သင်တို့ကို ရှာဖွေရောက်လာပြီး ထိုက်ထိုက်တန်တန်ကို ဆုံးမပစ်မယ့်တဲ့'

ကျေးတောသားအဝတ်အစားနဲ့ ဘုရင်မလေး မျက်မှောင်ကြုတ်တယ်၊ မေးကြောလေးတွေကတော့ တင်းသွားတယ်။

'ဒါ ဘာစကားလဲ'

ဒေါသသံနဲ့ ရေရွတ်တယ်။

'ဥတ္တရဂီရိမြို့စား ရွှေနန်းတော်နဲ့ပတ်သက်ပြီး အကြံရှိနေပုံရတယ်'

ပြောလိုက်တဲ့ ညီမတော်ကို ဆတ်ခနဲ ကြည့်တယ်။

'မှန်ရဲ့၊ ဒီသဘောဆောင်နေရဲ့'

ဘုရင်မလေးပြောပြီး ဣလ္လိကို လှမ်းကြည့်တယ်။

'ဥတ္တဂီရိမြို့စား ရွှေနန်းတော်အရှင်တွေနဲ့ယှဉ်ပြီး ဟိတ်ဟန်ကြီးလွန်းလို့ ကျွန်တော်မျိုး မင်းတရားကြီးလက်ထက်ကတည်းကစ ခုထိသတိထားမိတယ်၊ ဒီအထိ အကြံရှိမယ်လို့တော့ မထင်မိခဲ့ဘူး၊ ဒီအတိုင်းဆို ရိုင်းလွန်းတယ်'

ဘုရင်မလေးကို ဣလ္လိက ဆိုတယ်။

'တပ်မှူးလေး နန်းတွင်းကိုယ်ရံတော်တပ်ထဲက သူ့သားတပ်မှူးလေး ဝိရကို အနီးကပ်စုံစမ်းကြည့်လိုက်၊ ခုရောက်ရောက်





ချင်းကစပြီးနော်၊ အစွန်းအစထွက်လာတာနဲ့ ရာဇကို လျှောက်တင်၊ လျှောက်တင်ချိန်မရရင် ထိုက်တန်သလိုသာ လုပ်ပစ်လိုက်၊ ရာဇအမိန့်လို့ ရာဇထုတ်ပြန်ပေးမယ်'

ဘုရင်မလေးအမိန့်ကို ဣလ္လိလက်အုပ်ချီလိုက်တယ်။

'တပ်မှူးလေးသတိထားရမှာက အဲဒီကောင်၊ သူ့သားဟန်ဆောင်ကောင်းတယ်၊ သူ့အဖေအစီအစဉ်နဲ့ သူ့ကို ငါတို့နန်းတွင်းဝင်သာအောင် ကြိုးစားခိုင်းထားပုံရတယ်၊ ဝိရိလွန်းတော့ ငါတို့ မရိပ်မိခဲ့ဘူး၊ သတိဝီရိယနဲ့ ဒီကောင့်စကားအကျွံကို နှိုက်ထုတ်'

'အမိန့်တော်မြတ်အတိုင်းပါ ရာဇ'

ဘုရင်မလေးမြင်း နန်းမြို့ရိုးဆီဦးတည်တယ်။

နှင်မယ်လုပ်ပြီး ပါးချပ်ကြိုးကို ပြန်တင်းထားလိုက်တယ်။

မြင်းက ပတတ်ရပ်လိုက်တယ်။ ပတတ်ရပ်အနေအထား မြင်းပါးချပ်ကို ဘုရင်မလေး ဆွဲလှည့်လိုက်တယ်။

ညီမတော်၊ ဣလ္လိတို့နဲ့ မျက်နှာချင်းဆိုင်အောင် မြင်းကို ပြန်ဆွဲလှည့်လိုက်ခြင်းဖြစ်တယ်။

မျက်နှာချင်း အဆိုင်မိမှာ...

ဘုရင်မလေး မျက်နှာပြောင်းလဲမှု ဖြစ်နေတယ်။

ခရီးစဉ်တစ်လျှောက် မျက်နှာလေး။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပေါ့ပါးနေတဲ့ ကျေးတောသားအသွင် မျက်နှာလေး။

'ရှင်မာနဲ့ ငအိမ်'

ညီမတော်နဲ့ကုလ္လိ ကြောင်စီစွာ တစ်ယောက်နဲ့တစ်ယောက် ကြည့်မိကြတယ်။ ဘုရင်မလေးကို ပြန်ကြည့်တော့…

ဘုရင်မလေးက လွတ်လပ်ပေါ့ပါးတဲ့အပြုံးနဲ့…

'ငအိမ်နဲ့ရှင်မာ ငါတို့ တစ်ခါတလေ အတွင်းဆောင်မှာ ဆုံပြီး တောမှာတုန်းကလို ပြောကြဆိုကြရအောင်နော်၊ အလုပ်များပြီး ငါညည်းညူနေရင် ရှင်မာ နင် ငါ့ကို သတိပေးနော်၊ စိတ်ပြေလက်ပျောက် အဲဒီလိုနေကြရအောင်လို့'

ဘုရင်မလေးမြင်း နန်းမြို့ရိုးဘက် ဦးတည်သွားပြန်တယ်။

'ဟိတ်'

ဘုရင်မလေးမြင်း ဒုန်းစိုင်းသွားတော့တယ်။

နောက်က ကုလ္လိမြင်းနဲ့ ညီမတော်မြင်းအမီလိုက်တယ်။

* * *



## နဂါးဘုရင်မလေးကို တော်လှန်သူ မီးလောင်ပြာကျစေ

ရွှေနန်းတော်ရောက်တော့…

ကုလ္လိ ဝိရကို မရှာရ၊ မမေးရ၊ မစုံစမ်းရ၊ စကားမနိုက်ရ။

ဝိရ ကုလ္လိအခန်းကို ရောက်လာတယ်။ ဝိရရဲ့စကားတွေ သူ့အလိုလိုထွက်လာတယ်။ ယောက်ျားပီသတဲ့ဝိရကို စိတ်မကောင်းစွာ မျက်ရည်ပို့အံနေလျက် တွေ့ရတယ်။ ဝိရမျက်ရည်ပို့အံလျက် တနေ ပြောတယ်။

'အဆွေတော် ကုလ္လိ၊ ကျုပ်တော့ ဒုက္ခအကြီးအကျယ် ရောက်ပြီ'

'ဘယ်လိုဖြစ်လို့လဲ အဆွေတော်ဝိရ၊ ဘာအကြောင်းများ ကြောင့်လဲ'

'ပြောရမှာက ဘယ်လိုစရမှန်းတောင် မသိတော့ပါဘူး အဆွေတော်ရယ်၊ နှုတ်ကထွက်ရေး အခက်ရောအရှက်ပါနေတယ်'

ဝိရမျက်နှာ ညှိုးရော်ချုံးကျနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မနေ့ကတည်းက အခွေတော်ကို လိုက်ရှာတယ်၊ အခွေတော် ဘယ်ခရီးလွန်နေလဲမသိ၊ ကျုပ် မနေ့ကတစ်နေ့လုံး ဘာမှမစားနိုင်၊ ညကလည်းတစ်ညလုံး အိမ်မပျော်နိုင်၊ ရင်ထဲ ပြောင်းဆန်နေပြီအခွေတော်ရယ်'

လေသံချိုနဲ့ အားအင်မဲ့လှချည့်။

'အကြောင်းအရာက ဘယ်လောက်တောင် ထိခိုက်စရာ ဖြစ်နေလို့လဲ အခွေတော်ရယ်'

ဝိရ ဣလ္လိရှေ့မှာ ဒူးထောက်လိုက်တယ်။

လွယ်ဓားကို လွယ်ရာကဖြုတ်ပြီး ကြမ်းပြင်မှာချထား လိုက်တယ်။

'အခွေတော် ဘယ့်နှယ်လုပ်တာလဲ'

'ကျုပ်အခွေတော်ဆီမှာ လက်နက်ချပါတယ်'

'ဝိရ သင်ကျုပ်ကို အကြောင်းခြင်းရာပြောဦးလေ'

'အကြောင်းခြင်းရာက သင်၊ရာဇနဲ့ ရာဇဘက်တော်သား အားလုံးကျုပ်ကိုမုန်းတီးသွားမယ့်အကြောင်းခြင်းရာပဲ အခွေတော် ဣလ္လိ'

'ပြောပါ ဝိရအခွေတော်'

'ကျုပ်ဖခည်းတော် ဥတ္တရဂီရိမြို့စား နာဂဂီရိကို စစ်ချီ တော့မယ်'

'ဟင်··· မြန်လှချည့်လား'

ဣလ္လိ အံ့အားတသင့် အာမေဋိတ်ဖြစ်မိတယ်။





ဣလ္လိ ဒီကိစ္စ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်လိမ့်ဦး မယ်မထင်။ ခေါက်တည်မရလည်း ဖြစ်သွားတယ်။ ဝိရအပေါ် လည်း ဘယ်လိုနားလည်ရမလဲဖြစ်သွားတယ်။

'ဝိရ သင်သိသမျှ ကျုပ်ကို စုံစုံလင်လင် ပြောဦးလေ'

'ကျုပ် သိသမျှကလည်း ဘာမှမယ်မယ်ရရ မရှိပါဘူး အခွေတော်၊ မနေ့က အထောက်တော်တစ်ယောက် ကျုပ်ဆီ ရောက်လာပြီး ပြောတာတွေလောက်ပဲ ကျုပ်သိရတာပါ၊ ဒီ့အရင် က ကျုပ်ဘာကိုမှ မသိခဲ့ရပါဘူး'

'ပြောလေ··· အထောက်တော်ပြောတာတွေကို ပြော လေ'

'အထောက်တော်က ကျုပ်ကိုလာခေါ်တာပါ၊ ဥတ္တရဂီရိ ကိုလာပြီး တပ်မတစ်မကို ဦးစီးဖို့ ကျုပ်ကို ဖခမည်းတော်က ခေါ်ခိုင်းလို့ခေါ်တာပါ၊ ဟိုမှာ သူတို့ အသင့်စစ်ပြင်ပြီးပြီတဲ့'

'ကျုပ်လည်း ဘာမသိညာမသိနဲ့ ဘယ်လိုဖြစ်တာလဲ မေးမိတယ်၊ အထောက်တော်အပြောတော့ ကျုပ်ရဲ့ဖခမည်းတော် က ဟိုးအရင်မင်းတရားကြီးလက်ထက်ကတည်းက အကြံရှိထား တာတဲ့၊ မင်းတရားကြီးကို သူအပြင်ပန်း ဟန်ဆောင်နေထိုင်ပြီး စစ်အင်အားတွေ နည်းအမျိုးမျိုးနဲ့ စုစည်းထားတာတဲ့'

'သူက မင်းတရားကြီးအပေါ် ဘာမကျေနပ်မှုရှိလို့လဲ'

'အဲဒီလိုမျိုး မဟုတ်ဘူး အခွေတော်၊ ဘာအကြောင်းပြ ချက်မှ မယ်မယ်ရရ မရှိဘူးတဲ့၊ သူ မင်းလုပ်ချင်လို့တဲ့'

www.burmeseclassic.com



ဣလ္လိ ခေါင်းခါယမ်းပစ်လိုက်တယ်။

'ဒီလိုလွယ်လွယ် ရမလား၊ ဒီလို လွယ်လွယ်ရမလား၊ နာဂကီရိမှာ ဣလ္လိ ရှိနေသရွေ့ မလွယ်စေရဘူးမှတ်'

ဣလ္လိ ပေါက်ကွဲအော်ဟစ်ပစ်လိုက်တယ်။

ဝိရရင်ဘတ်ကိုလည်း ဆောင့်တွန်းပစ်လိုက်တယ်။

လဲကျသွားတဲ့ဝိရ အသာအယာပြန်ထတယ်။

'အဲဒါကို သင်မသိဘူးလား ဝိရ'

'သစ္စာရေသောက်သုံးပြီး ပြောဝံ့ပါတယ် အရှေ့တော်၊ ဖခမည်းတော်အကြံပိရိလွန်းတော့ ကျုပ်မသိခဲ့ရပါဘူး နောက်ပြီး ကျုပ်ကိုလည်း ပညာစုံသင်ဖို့အတွက် အရှယ်ရောက်လာကတည်းက နန်းမြို့ဆီပို့ထားတာ အရှေ့တော် အသိပါ၊ နန်းမြို့တွင်းက ကျုပ်တို့ပိုင်အိမ်တော်မှာပဲ အခြွေအရံတွေနဲ့အတူထားခဲ့တာ အရှေ့တော်အသိပါ။ ကျုပ်တစ်လျှောက်လုံးအထင်က ကျုပ်ဖခမည်းတော် ကျုပ်ကို အမှုထမ်းကောင်းဖြစ်စေချင်တယ်လို့ ထင်ခဲ့တာ၊ မနေ့က အထောက်တော်ပြောမှ ကျုပ်ကိုနန်းတွင်းနဲ့နန်းမြို့တွင်းနဲ့စပ်အောင် ဖခမည်းတော်တမင်ဆင်ထားတယ်ဆိုတာ သိရတယ်၊ ခုလည်း မြို့သိမ်းတပ်မကို ဦးစီးဖို့ ကျုပ်ကိုပြန်ခေါ်တာလို့ သိရတယ်'

'သင်ဘာလို့ ပြန်လိုက်မသွားတာလဲ'

'အရှေ့တော် ဣလ္လိ ကျုပ် သင်တို့ရာဇတို့ရဲ့ တစ်ဖက်မှာ ဘယ်တော့မှမနေဘူး'

ဣလ္လိ ဝိရကို စေ့စေ့ကြည့်နေမိတယ်။





'ဝိရအတွင်းစိတ်ကို ကျုပ်နားလည် ယုံကြည်သလိုပါ'

'အရှေ့တော်က ဘယ်လိုယုံကြည်နားလည်တာလဲ၊ ကျုပ် ရာဇကို စွဲလမ်းပြီး ရာဇဘက်ကရပ်တည်တယ်လို့ ထင်နေတာများလား'

'အို… ဒီလိုမဟုတ်ပါဘူး အရှေ့တော်ဝိရရယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒါလည်း တစ်ကြောင်းပါချင်ပါမှာပေါ့၊ ကျုပ်ပြောတာက အဲဒါနဲ့မဆိုင်တဲ့ သင့်စိတ်တည့်မတ်မှုကို ကျုပ်နားလည်ယုံကြည်မှုရှိသလိုကို ပြောတာပါ'

'ကျေးဇူးတင်လိုက်တာ အရှေ့တော်ရယ်၊ ဒါကြောင့် ကျုပ်ထင်ပါတယ်၊ အရှေ့တော်ဟာ ကျုပ်ကို အတော်နားလည်တဲ့သူလို့၊ ကျုပ်အခု ရာဇဘက်က ရပ်တည်မှုဟာ ရာဇကိုစွဲလမ်းမှုတစ်ခုတည်းအတွက် သက်သက်မဟုတ်ဘူး၊ ကျုပ်ခမည်းတော်ရဲ့ စစ်ရေးမတရားဘူးထင်လို့၊ ကျုပ်အထင် ခမည်းတော်ရဲ့ စစ်ရေးဟာ ဓားပြတိုက်တာသက်သက်ပဲ၊ မင်းတရားကြီးလက်ထက်တော်ကရော ရာဇလက်ထက်တော်မှာရော သူ့ကိုမြှောက်စားထားသားပဲ၊ စင်စစ် ဥတ္တရဂိရိမြို့စားအရာလိုလားသူတွေ အများထဲမှာ မင်းတရားကြီးက အဲဒီတုန်းက ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ် သူ့ကို အဲဒီနေရာချီးမြှင့်ခဲ့တယ်၊ အဲဒီလို သူ့ကို မင်းတရားကြီးက အဲဒီအရာချီးမြှင့်ခဲ့တဲ့အတွက်လည်း သူ့မည်းစိမ်ဥစ္စာဟာ ရွှေနန်းတော်နဲ့အပြိုင်ဖြစ်ခဲ့တယ်၊ ဒါကို တိုင်းပြည်အဝှမ်းလူသိများပါတယ်၊ ရွှေနန်းတော်နဲ့အပြိုင်ဖြစ်လာတဲ့ သူ့အခြေအနေ

www.burmeseclassic.com



တို သူယစ်မူးရုံမက ရွှေနန်းရှင်အဖြစ် သူစိတ်ကူးယဉ်လာပုံရတယ်၊ မင်းတရားကြီးနတ်ရွာလားတော့ ငယ်ငယ်ရွယ်ရွယ် ရာဇကိုလည်း သူ့အထင်ကြီးပုံမရဘူး၊ အလွယ်လုပ်ကြံလို့ရမယ် ထင်တယ်၊ ခုအခြေအနေဟာ သူ ဘုရင်လုပ်ဖို့ သာသာရနိုင်တဲ့အခြေအနေလို့တွက်ပြီး သူ ရွှေနန်းကိုလုပ်ကြံဖို့ စီစဉ်ပုံရတယ်၊ အဲဒီအစီအစဉ်ဟာ ဓားပြတောင်မှ ကိုယ့်ကျေးဇူးရှင်ကို ကိုယ်ပြန်တိုက်တဲ့ ဓားပြလိုမျိုးမို့ ကျုပ်သူ့ဘက်က မရပ်တည်နိုင်ဘဲ ရာဇဘက်က ရပ်တည်ချင်ရတာပဲ'

'သားလုပ်သူ သင်ကတောင် ဒီလိုတွေးတတ်လျက်နဲ့ သင့်ခမည်းတော် ဒီလိုမတွေးတတ်ဘူးလား ဝိရရယ်'

'အမှန်အသိကို အများတွေးက ဖုံးနေလို့သာပါ ဏုလ္လိရယ်၊ အမှန်တွေးရင် အမှန်အသိကို အားပေးမှုပဲ ဖြစ်ရမယ်၊ အများအတွေးတွေက အမှန်အသိကို မပေးဘူး၊ ဖုံးလွှမ်းဝါးမြို လိုက်တယ်၊ အများအတွေးတွေ ဖုံးလွှမ်းဝါးမြိုသွားတော့ အမှန်အသိ မရှိနိုင်တော့ဘူး၊ ခုဖခမည်းတော် ဘာတွေးနေမလဲ၊ ငါ့မှာ နာဂကီရိကို ချေဖျက်နိုင်တဲ့အင်အားရှိနေပြီ၊ နာဂကီရိဘုရင်မ ငယ်ငယ်လေးကလည်း မှုလောက်စရာမရှိဘူး၊ ဒီအချိန်ဟာ ငါ နာဂကီရိရဲ့ ဘုရင်ဖြစ်နိုင်တဲ့အချိန်၊ ဘုရင်ဖြစ်ရမယ့်အချိန်လို့ပဲ တွေးနေ တွက်နေမယ်'

'မရဘူး၊ ဘယ်တော့မှ မရဘူး၊ ငါတို့ နာဂကီရိကို ချေဖျက်နိုင်မယ်လို့ မရှုနဲ့၊ ငါတို့နာဂကီရိရဲ့ မြားတွေ၊ ဓားသွေ



လှံတွေ၊ လူတွေ၊ ဆင်တွေ၊ မြင်းတွေက ဘယ်ရန်သူကိုမှ ရှုံးသွပ်ခွင့်မပေးနိုင်ဘူး၊ သေပျက်ခွင့်ပဲ ပေးမယ်'

စိတ်လိုက်မာန်ပါပြောလိုက်တဲ့ ဏုလ္လိကို ဝိရအငေးသား ကြည့်ရင်း...

'ကျုပ်တစ်ခုတော့ ပြောချင်တယ် ဏုလ္လိရယ်'

'ပြောပါ ဝိရ'

'ကျုပ်က အရှေ့တော်တို့ ရန်သူလိုဖြစ်နေတော့ ကျုပ်စကားပြောရ ကျုပ်လှတယ်၊ စေတနာကို ဝေဒနာထင်မှာ စိုးရိမ်ရတယ်'

'ပြောပါ အရှေ့တော်ဝိရ၊ အရှေ့တော်က အရှေ့တော်ကိုယ်ကို အရှေ့တော် ကျုပ်တို့ရန်သူလို့ သတ်မှတ်ထားလို့လား'

'ကျုပ်သဘောကတော့ ဘယ်မှာသတ်မှတ်ထားမှာလဲ'

'ကျုပ်လည်း ခုထိ အရှေ့တော်ကို ရန်သူလို သတ်မှတ်လို့မရသေးဘူး၊ ကျုပ်ကိုပွင့်ပွင့်လင်းလင်းပြောပါ'

'ဒီလို အရှေ့တော်ကျုပ်ပေါ်စိတ်ထားတည်နေရင် ကျုပ်ပြောမယ်၊ ကျုပ်က ကျုပ်စကားကို အရှေ့တော်တို့က မလိုလားပဲခြိမ်းခြောက်စကားလို့ထင်မှာစိုးလို့ ပြောသင့် မပြောသင့် စဉ်းစားတာ။ အမှန် ကျုပ်စကားက သတင်းပေးစကားပါ၊ ကျုပ်ကို အရှေ့တော်တို့ဘက်တော်သားအနေနဲ့ အထင်မရှိတောင် သတင်းပေးတစ်ယောက်အနေနဲ့အထင်ထားပြီး ကျုပ်စကားကို အလေးထားပါ'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ အခွေတော်ဝိရရယ်'

'ဖခမည်းတော်ရဲ့ အကြံက ပက်စက်လွန်းတယ် ဣလ္လိရယ်၊ ပက်ပက်စက်စက်နဲ့ကို အပိုင်ကြံတာ၊ အထောက်တော်ဆီက ကျုပ်ကြားလိုက်တော့ အတော့်ကို အံ့သြတုန်လှုပ်သွားရတယ်၊ ပုရဗ္ဗိမဂီရိစာပ်တချို့နဲ့ ပစ္ဆိမဂီရိတပ်တချို့လည်း ဖခမည်းတော်ဘက်က ပါကြမှာတဲ့၊ ဒီအခြေအနေဖြစ်အောင် ဖခမည်းတော်က ငွေကုန်ကြေးကျခံပြီးကို ကြိုတင်စီစဉ်ခဲ့တာတဲ့'

'ဒါဆို ငါတို့ဘက်က နာဂဂီရိတပ်နဲ့ ဒက္ခိဏဂီရိတပ်ပဲ ရှိတော့မှာပေါ့၊ အို… ဘာဖြစ်ဖြစ်'

'နေဦး အခွေတော်ဣလ္လိ၊ ကျုပ်စကားကျန်နေသေးတယ်'

ဣလ္လိ နားထောင်နေတော့ ဝိရ ဆက်ပြောတယ်။

'ဖခမည်းတော်ဘက်က သူတို့ရတနာကျောက်ကုန်ကူးမှု သွားလာရင်း ခင်မင်ခဲ့ကြတဲ့ မြင်းစီးလူဝါလူမျိုးစစ်တပ်ကပါ အကူအညီပေးတိုက်ခိုက်မှာတဲ့၊ အဲဒီလူမျိုးတွေ စစ်ရေးအရမ်းကျွမ်းကျင်တယ်၊ ဓားရေးမြားရေးမှာလည်း နာမည်ကြီးတယ်၊ အဲဒီလူမျိုးအကြီးအကဲတွေကို ဖခမည်းတော်လက်ဆောင်ပဏ္ဏာနှင်းပြီး အကူအညီခေါ်ထားပြီးပြီတဲ့'

'ဟာ… တကယ့်အပိုင်လုပ်ကြံမှုပါလား'

ဣလ္လိ မေးကြောများ ထောင်ထလာတယ်။

'ဒါပေမဲ့ မှတ်ထား၊ မှတ်ထားကြ၊ နာဂဂီရိကို ပိုင်ဖို့ဆို သေမှပဲ'



စိတ်လိုက်မာန်ပါ ထကြွေးကြော်လိုက်တယ်။

'အားရလိုက်တာ ဣလ္လိရယ်၊ အခွေတော်လို ကျုပ်ပြောချင်လိုက်တာ၊ ကျုပ်ကိုလည်း ကြွေးကြော်ခွင့်ပေးပါလား၊ ခုမှားတစ်ချက်မှမဝင့်ဘဲ အခွေတော်တို့ရန်သူလို့ သတ်မှတ်ချင်သတ်မှတ်နိုင်တာမို့ ကျုပ်ကြည်ကြည်ဖြူဖြူ လက်နက်ချခဲ့တယ်၊ ကျုပ်ကို သစ္စာတော်ခံပြီး အခွေတော်တို့ဘက်က ပြန်တိုက်ခွင့်ပေးရင် ကျုပ်နာဂဂီရိအပေါ် သစ္စာရှိရှိနဲ့ အဲဒီလိုကြွေးကြော်ပြီး တိုက်လိုက်ချင်တယ်'

ဣလ္လိ ဝိရကို ကြည့်နေလိုက်တယ်။

'ဝိရ ကျုပ် သင့်ကို ယုံကြည်တယ်၊ ဒါပေမဲ့ သင်နဲ့ပတ်သက်တဲ့အဆုံးအဖြတ်မျိုး ကျုပ်မပိုင်ဘူး၊ ရာဇတို့ စစ်သူကြီးအမတ်တို့မှ ပိုင်တယ်၊ မလာလောဆယ် ကျုပ် ရာဇကို အရေးပေါ်သွားလျှောက်တင်မှ တော်မယ်'

'ကျုပ်က…'

ဝိရက သူဘာလုပ်ရမလဲသဘော အမေးပြုတယ်။

'သင် ကျုပ်အခန်းမှာ နေခဲ့ပါလေ'

* * *

(၂)

ဣလ္လိအတွင်းဆောင်ရောက်သွားတော့ အချိန်မတော် စစ်သူကြီးအမတ်လည်း အတွင်းဆောင်မှာရောက်နေတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ…တပ်မျိုးလေး အရေးပေါ်လျှောက်တင်စရာရှိတယ် ဆိုတာ ဘာလဲ လျှောက်တင်စမ်းပါဦး'

ဘုရင်မလေးက မိန့်တယ်၊ မျက်နှာထား တည်တည် တင်းတင်းဖြစ်နေတယ်၊

ဣလ္လိ ဝိရကိစ္စကို လျှောက်တင်လိုက်တယ်။

'အခု သင်းဝိရ ဘယ်မှာလဲ'

ဘုရင်မလေးရဲ့ မျက်လုံးအစုံ ဒေါသအလျှံထွက်နေတယ်။

'ကျွန်တော်မျိုး အခန်းမှာ ရှိနေပါတယ်'

ဒေါသအလျှံမျက်လုံးအစုံ ဣလ္လိဆီသို့ စူးရောက်တယ်။

'ဣလ္လိ သင်ညံ့လွန်းတယ်၊ ရန်သူအပေါ် နေးနေတဲ့ လက်ဟာ ကိုယ့်ကိုယ်ကို ပြန်သတ်တဲ့လက်လို့ မှတ်၊ သင့်ကို ငါ ရာဇအစွမ်းကုန်မိန့်ဆိုပြီးသားပဲ၊ ဝိရကိစ္စနဲ့ပတ်သက်လို့ သင့် လုပ်သင့်လုပ်ထိုက်တာကို လုပ်ခွင့်ပေးထားတယ်၊ ငါနောက်ဆ လိုက်အမိန့်ထုတ်ပြန်ပေးမယ်၊ သင့်သဘောက ဘယ်လိုလဲ၊ ရာဇ ကိစ္စ နာဂဂီရိကိစ္စကို ပေါ့ပေါ့တန်တန်ထားတယ်လား'

ဒေါသသံနဲ့ မိန့်ဆိုတယ်။

'ဒီလိုသဘောမျိုး မရှိပါ ရာဇ၊ ခုက သူကိုယ်တိုင်အ စိတ်မကောင်းကြီးစွာနဲ့ လက်နက်ချပြီး အမှန်အတိုင်းဝန်ခံနေတော့ ဘယ်လိုလုပ်သင့်တယ်ဆိုတာ ရာဇကို လာလျှောက်တင်တာပါ'

'သူဝန်ခံတာ ဝန်မခံတာ အပိုကိစ္စဖြစ်သွားပြီ၊ ဒီကိစ္စတွေ ငါတို့ အကုန်သိထားပြီးပြီ၊ အဲဒီအရေး ခုပဲစစ်သူကြီးအမတ်က



အရေးပေါ် လာလျှောက်တင်တာ၊ အထောက်တော်တွေဆီက ငါတို့ရတဲ့ သတင်းတွေက နောက်ကျလွန်းတယ်၊ ဥတ္တရဂီရိမြို့ စားယုတ်ရဲ့ လုပ်ကြံမှုက အတော့်ကိုထောင့်တွေစေ့အောင် နိုင် အောင် အခြေခံထားတယ်၊ ငါတို့ဘက်က လုံးဝပေါ့လို့မရဘူး၊ စစ်သူကြီးအမတ်လည်း ညနေက သူ့သတင်းအတိအကျရရချင်း ဆက်သားတွေလွှတ်တယ်၊ ဒက္ခိဏာဂီရိကတပ်တွေကတော့ စိတ်ချ ရတယ်၊ လာကြလိမ့်မယ်၊ ဟိုနှစ်မြို့တပ်တွေ အခြေအနေကတော့ မရေရာဘူး၊ တချို့တစ်ဝက်လောက်ကတော့ ရောက်လာကောင်း ပါရဲ့၊ ချက်ချင်းကို ချီလာကြပါလိမ့်မယ်'

ဘုရင်မလေး ဆက်မိန့်တယ်။

'စစ်သူကြီးအမတ် နန်းမြို့အတွက် တပ်မတစ်မပဲ ထား။ တပ်မတစ်မပဲထားဆိုတာက တပ်သားနဲ့ တပ်မှူးတွေပဲထား။ တပ်မှူးကို နယ်ကလာတဲ့တပ်သားတွေကို တပ်မှူးအဖြစ် ခွဲကဲစေ။ မြို့စောင့်တပ်ရဲ့ တပ်မှူးအရာ ဣလ္လိကယူ၊ ဣလ္လိ အဲဒီတာဝန် ယူနိုင်လား'

'ရာဇနဲ့ နာဂဂီရိအတွက် ယူနိုင်ပါတယ် ရာဇ'

'ကောင်းပြီ… စစ်သူကြီးအမတ်နဲ့ စစ်ရေးပြောမယ်၊ စစ်သူကြီးအမတ် သေမင်းတံတိုင်းသုံးထပ်ဗျူဟာနဲ့ဆင်ထားမယ်၊ ဒါပေမဲ့ ရန်သူဘက်က အင်အားများတော့ နာဂဂီရိဘက်က အင်အားသည်တွေကို သုံးဆင့်မခွဲနိုင်ဘူး၊ တစ်ဆင့်စီတစ်ဆင့်စီ သုံးဆင့် ခွဲရင် အင်အားပိုနည်းသွားပြီး ရန်သူအလွယ်နိုင်နိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သေမင်းတံတိုင်းသုံးထပ်ဗျူဟာကို နှစ်ထပ်ပဲ ဆင်ထားမယ်။ နှစ်ဆင့်ပေါ့။ ဒီဗျူဟာအရဆို ပထမအဆင့်က ရန်သူနဲ့တိုက်ခိုက်မှုမှာ ဝက်စွယ်ရိုက်ချိုးစနစ်နဲ့ တိုက်ခိုက်ရမှာဖြစ်ပြီး ဒုတိယအဆင့်က ဝက်ခြေလက်ဖြတ်စနစ်နဲ့ တိုက်ရမှာဖြစ်တယ်၊ တတိယအဆင့်က ဝက်အသည်းနှလုံးကိုဖောက်စားစနစ်နဲ့ အပြီးသတ်တိုက်ရမှာဖြစ်တယ်။ ရန်သူက အင်အားသာနေတော့ နာဂကိုရိက လျင်မြန်မှုသာနေရမှာ ဖြစ်တယ်၊ ခုသေမင်းတံတိုင်းကို နှစ်ထပ်ပဲ ပြင်ထားတော့၊ ပထမအဆင့်မှာ ရန်သူနဲ့ရင်ဆိုင်ရပြီဆိုတာနဲ့ အစွယ်ရိုက်ချိုးရုံနဲ့မပြီးတော့ဘူး၊ တစ်ခါတည်း ခြေလက်ဖြတ်၊ အသည်းနှလုံးဖောက်စားနိုင်အောင်ကို ကြိုးစားကြရမယ်။ ရန်သူကလည်း ခြေတွေလက်တွေ အတာတ်တွေနဲ့ဆိုတော့ အရမ်းကို ကြိုးစားရလိမ့်မယ်။ အဲဒီတစ်ဆင့်တည်းမှာကိုက ရန်သူအထိနာသွားအောင် ကြိုးစားရမယ် ကိုယ့်တပ်အထိနာမယ်ဆို ဗျူဟာကို ဖျပ်ခနဲ ရုတ်တရက်ပြောင်းပစ်လိုက်၊ မြန်နိုင်သလောက် မြန်ပါစေ၊ သေမင်းတောင်ကြားဗျူဟာ ချက်ချင်းပြောင်း၊ ဖွင့်ပေးလိုက်သလိုနဲ့ နှစ်ဖက်ညှပ်ပြီးတိုက်။ သူတို့နှစ်ဖက်ကို ပြန်တိုက်ရတာနဲ့ တက်ဖို့ကြန့်ကြာနေလိမ့်မယ်၊ တိုက်နည်းစနစ်က ပျားဖွပ်သမား ပျားတုတ်စနစ်၊ ဒလစပ်ရန်သူဗျာများထိတ်လန့်နေအောင်ကို တိုက်နိုင်ရမယ်၊ စစ်နိုင်ရေး မနိုင်ရေး အကြမ်းဖျင်းတွက်လို့ရတဲ့အဆင့်ပဲ။ အဲဒီအဆင့်မှာ ရန်သူကို ဘယ်လောက်ချေဖျက်နိုင်သလဲ၊ အဲဒီအခြေအနေဟာ စစ်ရဲ့နိုင်ချေအကြမ်းဖျင်းလှမ်းတွက်ဆလို့ရတယ်'





ဘုရင်မလေး ဆက်မိန့်တယ်။

'ရန်သူက အင်အားများဖို့ သေချာနေတာမို့ ကိုယ့်ဘက်က ဝရိယာယ်ကလည်း များနေရမယ်။ ပရိယာယ်တွေကိုလည်း မြန်မြန်ဆန်ဆန် အပြောင်းအလဲလုပ်ရမယ်၊ ဒါကတော့ စစ်မြေပြင်အနေအထားပေါ် မူတည်ရတာမို့ ကြိုပြောလို့ မရဘူး၊ စစ်သူကြီးအမတ် တတ်ကျွမ်းပါတယ်၊ အဲ… ပထမအဆင့်မှာ အဲဒီလိုတိုက်နေရင်း ရန်သူအင်အားကြောင့် မခံနိုင်ရင် သေမင်းတောင်ကြားကိုဖွင့်လိုက်၊ ကိုယ့်တပ်တွေ သိပ်အနာမခံနဲ့ဦး၊ တက်လာတဲ့သူတွေ ဒုတိယထပ်သေမင်းတံတိုင်းနဲ့ တွေ့မယ်၊ အဲဒီအချိန်မှာ ဖွင့်ပေးလိုက်တဲ့ သေမင်းတောင်ကြားက ရန်သူရဲ့နောက်ကျောကိုသိမ်းပိုက်မိအောင် ဝိုက်ဝိုင်းလိုက်။ လေးကိုင်းသဏ္ဍာန်ဝိုက်ဝိုင်းလိုက်၊ လေးကြိုးကတော့ ဒုတိယထပ်သေမင်းတံတိုင်းကြီးဖြစ်သွားပြီ။ အဲဒါသေမင်းတံတိုင်းရဲ့ နောက်ဆုံးအဆင့်ဗျူဟာကနေနာဂကိုရိလေး ဗျူဟာကို ပြောင်းလဲလိုက်တာပဲ၊ ရန်သူဆက်တက်မယ်ဖြစ်စေ၊ ပြန်ဆုတ်မယ်ဖြစ်စေ နာဂကိုရိလေးဗျူဟာကို မပျက်စေနဲ့၊ သူတို့နာဂကိုရိရဲ့ မြို့ရိုးနားထိ ကပ်လာနိုင်တယ်ထား၊ အဲဒီဗျူဟာပုံစံကို မပျက်စေနဲ့၊ အဲဒီဗျူဟာပုံစံနဲ့ ငါတို့တစ်တွေ ရန်သူတို့အသေအကျေတိုက်ခိုက်ဖြိုဖျက်ကြမယ်၊ အဲဒီဗျူဟာဟာ စစ်သူကြီးအမတ်သိတဲ့ အတိုင်းပဲ၊ နာဂကိုရိရဲ့အမိကဗျူဟာပဲ၊ အဲဒီဗျူဟာပုံစံပျက်သွားတာနဲ့ ငါတို့နာဂကိုရိ စစ်ရှုံးပြီ'

စစ်သူကြီးအမတ် ဘုရင်မလေးမိန့်ဆိုမှုတစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မလေးကို အံ့ဩဝမ်းသာအားရပီတိဖြစ်တဲ့ မျက်နှာနဲ့ ကြည့်နေလေရဲ့။ အရှမ်းတတ်သိတဲ့ သမီးလေးတစ်ယောက်ကို ပီတိဖြာနေတဲ့ အဖေတစ်ယောက်ရဲ့အကြည့်မျိုး…

'ငါတို့ ဘုရင်ရမှ ကံကောင်းပါပေတယ်၊ ငါတို့ဘုရင်ရရှိမှ ကံကောင်းပါပေတယ်'

စစ်သူကြီးအမတ် ဝမ်းသာသံနဲ့ရေရွတ်တယ်။

'သေမင်းတံတိုင်းကို နှစ်ထပ်သာဆင့်ရမယ်၊ ပထမထပ်သေမင်းတံတိုင်းက တိုက်ခိုက်ရင်း သေမင်းတောင်ကြားဖြစ်သွားရမယ်၊ ဒုတိယထပ်သေမင်းတံတိုင်း အရောက်မှာ တိုက်ခိုက်ရင်း နာဂကိရိလေးဖြစ်သွားရမယ်လို့ ကြိုတင်စစ်ရေးဆင်နိုင်တဲ့အတွေးမျိုး အချိန်ပိုင်းလေးအတွင်းမှာ တွေးနိုင်တဲ့ ရာဇရဲ့အတွေးဟာ စစ်ဘုရင်တစ်ယောက်ရဲ့ အတွေးမျိုးပါပဲ၊ ကျွန်တော်မျိုးတို့လူမျိုး စစ်ရေးဗျူဟာကျမ်းတွေနဲ့ အတိုက်အခိုက်နည်းစနစ်တွေ ရှိထားပေမယ့် တစ်လျှောက်လုံးစစ်ရေးနဲ့ ဝေးလာခဲ့တော့ စစ်ရေးစစ်အတွေးမှာ သွေးအေးထုံထိုင်းသွားမှာကို ကျွန်တော်မျိုး အတော်စိုးရိမ်ခဲ့တာ'

စစ်သူကြီးအမတ်စကားကို ဘုရင်မလေးက ပြုံးလိုက်တယ်။

'ဘဘစစ်သူကြီးအမတ်ရယ်၊ မွှင့်မွှင့်လင်းလင်းမိန့်ဆိုပါ။ ရာဇက ဘုရင်မငယ်ငယ်လေးဆိုတော့ စစ်ရေးအရာမှာ ဘဘစစ်သူကြီးအမတ်စိုးရိမ်နေတယ်မဟုတ်လား။ ဘဘစစ်သူကြီး





အမတ်ကတော့ ခမည်းတော်နဲ့အတူ ညီအစ်ကိုတွေလိုတောင် ငယ်စဉ်ကနေလာခဲ့ကြသူတွေဆိုတော့ ခမည်းတော်နဲ့စိတ်တူကိုယ်တူ၊ စစ်ရေးအရာမှာလည်း ဘဘစစ်သူကြီးအမတ်နဲ့ခမည်းတော်တို့ အတော့်စိတ်တူကိုယ်တူရှိထားကြတယ်ဆိုတာ ရာဇအသိ။ ခမည်းတော်နဲ့ ဘဘစစ်သူကြီးအမတ်တို့ စစ်မရှိတဲ့တိုင်းပြည်မှာတောင် စစ်ရေးကို မမေ့မလျော့ ပေါ့ပေါ့ဆဆမနေခဲ့ကြဘူး၊ ခေါင်းထဲအမြဲတမ်းထည့် တွေးတောကြံဆမှုတွေနဲ့ စစ်ရေးမညှိုးဖျင်းအောင် စီမံနေခဲ့ကြတယ်ဆိုတာလည်း ရာဇအသိ။ ခမည်းတော် မရှိတော့ချိန်မှာ တကယ်တမ်းစစ်ရေးဖြစ်လာပြီ၊ ဖြစ်လာတော့လည်း အတော်ကြိုးစားရမယ့်စစ်ရေးမျိုး၊ ဒီစစ်ရေးအတွက် ဘဘစစ်သူကြီးအကြံတွေရှိထားနေမှာပါ၊ ခက်တာက ဘုရင်မငယ်ငယ်လေးဖြစ်တဲ့ ရာဇ စစ်ရေးအရာမှာ ဘုမသိဘမသိနဲ့ ဟိုပြော ဒီပြော ဟိုစွက်ဖက်ဒီစွက်ဖက်၊ ဟိုဆရာလုပ် ဒီဆရာလုပ်နဲ့ ဘဘစစ်သူကြီးအမတ်ရဲ့ အကြံနဲ့မတူ ဆန့်ကျင်ဘက်တွေဖြစ်၊ ကိုးလိုးကန့်လန့်ဖြစ်နေရင် အင်မတန်အရေးကြီးတဲ့ စစ်ရေးမို့လို့ အတိမ်းအစောင်းဖြစ်သွားမှာ ဘဘစစ်သူကြီးအမတ် စိုးရိမ်နေတယ်မဟုတ်လား'

'မှန်လှပါ ရာဇ'

'ခုနက စစ်ရေးအတွက် ကျွန်တော်မျိုး တွေးထားတဲ့အတွေးနဲ့ကို တစ်ထပ်တည်းဖြစ်နေတာမို့ ကျွန်တော်မျိုး အံ့ဩဝမ်းသာအားရပီတိတွေတောင် ဖြစ်သွားမိပါရဲ့'

'ဘဘစစ်သူကြီးအမတ်ရယ်… ရာဇကလည်း ဖခမည်း



www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့သွေး၊ ဖခမည်းတော်ရဲ့အတွေးတွေ၊ ဖခမည်းတော်ရဲ့ သင်ကြားပေးထားတဲ့ စစ်ပညာတွေရှိနေတာမို့ စစ်ရေးအရာမှာ ဘဘစစ်သူကြီးအမတ်ကို တိုင်ပင်ရာမကျဘဲ ရှေ့ဆောင်ပြောသွားမိတယ်။ တကယ်တမ်းကျတော့ စစ်ရေးအရာမှာ ရာဇထက်အများကြီးအသိအတတ်ရှိတဲ့ ဖခမည်းတော်ကိုယ်တိုင်က အားကိုးအားထားတဲ့ ဘဘစစ်သူကြီး အကြံကို ရာဇ အလျင်မေးသင့်တာပေါ့နော်'

'မဟုတ်ဘူး ရာဇ၊ ခုလို ရာဇ ရှေ့ဆောင်ပြောသွားတဲ့အတွက် ကျွန်တော်မျိုး အားရကျေနပ်သွားရတယ်၊ ကျွန်တော်မျိုး စစ်ပွဲမှာ ကျဆုံးသွားရင်ဖြစ်ဖြစ်၊ ကျွန်တော်မျိုး ကွယ်လွန်မှ နောက်ထပ်စစ်ပွဲတွေ ရှိလာရင်ဖြစ်ဖြစ် နာဂကီရိအတွက် ကျွန်တော်မျိုး စိတ်ချရပြီ။ နာဂကီရိရဲ့ဘုရင်မလေး နာဂကီရိကို ကာကွယ်နိုင်တဲ့ စစ်ရေးအတတ်ရှိထားတာကို ကျွန်တော်မျိုး သိလိုက်ရပြီလေ'

'ခုလက်တွေ့လည်း စစ်တိုက်ရဦးမယ်လေ၊ ဘဘစစ်သူကြီး ရာဇကို စစ်ပညာတွေ ထပ်ပေးဦးပေါ့'

ဘုရင်မလေး စစ်သူကြီးအမတ်နဲ့ စိတ်ဝင်တစားစကားပြောနေရာမှ ကုလ္လိကို လှမ်းကြည့်တယ်။

'နန်းမြို့တွင်းတစ်မမှုး ပြန်လို့ရပြီလေ၊ အရေးနဲ့ပတ်သက်တဲ့အတွေးတွေရှိနေရင်ဖြစ်ဖြစ်၊ သတင်းစကားတွေဖြစ်ဖြစ် လာလျှောက်ထားလှည့်ပေါ့'

ပြုံးပြုံးလေးမိန့်တယ်။





'ဟို… ဟို… တပ်မှူးလေးဝိရနဲ့ပတ်သက်ပြီး ကျွန်တော်မျိုး ဘယ်လိုဆောင်ရွက်ရမလဲ'

ဘုရင်မလေး မျက်နှာ ချက်ချင်းတည်သွားတယ်။

စစ်သူကြီးအမတ်ကို လှမ်းကြည့်တယ်။

'ဘဘစစ်သူကြီးအမတ်… ဘဘစစ်သူကြီးအမတ်က ဖခမည်းတော်လက်ထက်မှာကတည်းက ဒက္ခိဏာဂီရိမြို့သားတွေ ခင်းမှုထမ်းရာမှာ တော်ကြောင်း၊ ထက်ကြောင်း၊ လက်မထောင်တတ်တယ်နော်၊ အဲဒီ ကုလ္လိ ဒက္ခိဏာဂီရိမြို့သားလေ ခုတင်လည်း ရာဇ မြှောက်စားခဲ့တယ်၊ ရာဇ မှားသွားပြီလားမသိဘူး'

စစ်သူကြီးအမတ် စိတ်တိုသလိုအကြည့်နဲ့ ကုလ္လိကို လှည့်ကြည့်တယ်။ ဘုရင်မလေးဘက်ပြန်ကြည့်ပြီး…

'ကျွန်တော်မျိုး သွန်သင်ပါဦးမယ် ရာဇ'

'ကုလ္လိ'

ဘုရင်မလေး ကုလ္လိကိုခေါ်တယ်။

'ဝိရဟာ နာဂကီရိကို လုပ်ကြံသူရဲ့သားဆိုတာ သင်မသိနိုင်ဘူးလား'

'ဒါ… ဒါပေမဲ့ သူ အဲဒီလိုလုပ်ကြံမှုမှာ မပါဝင်နိုင်ပါဘူး၊ လက်မခံပါဘူး'

ဘုရင်မလေးအကြည့် ကုလ္လိအပေါ် စူးစူးရှရှ ဖြစ်နေတယ်။

ကုလ္လိကတော့ ဝိရအတွက် အစိုးရိမ်လွန်နေဒိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး သူဟာ...'

ဘုရင်မလေး စစ်သူကြီးအမတ်ကို တစ်ချက်ပြန်ကြည့်တယ်။

'ဘာဘစစ်သူကြီးအမတ်ရဲ့ အဲဒီဝိရ ရာဇအပေါ် မရိုးသားတဲ့သဘောရှိတယ်၊ အဲဒါ ဣလွိသိလောက်တယ်၊ သိကိုသိရမှာပါလေ၊ သိလည်း သိသင့်တယ်လေ၊ သိတယ်မဟုတ်လား ဣလွိ'

စစ်သူကြီးအမတ် နှုတ်ခမ်းပွင့်ဟသွားတယ်။

ဣလွိကတော့ ဝိရအတွက် ပိုစိုးရိမ်သွားရတယ်။

'နာဂဂီရိရဲ့ မြို့စောင့်တပ်မမှူးဖြစ်နေပြီဖြစ်တဲ့ ဒက္ခိဏာဂီရိမြို့သား။ သင်ဒီလောက်ထိုထိုင်းအနေနေရင် နာဂဂီရိနဲ့ ရာဇကို ကာကွယ်နိုင်ပါ့မလား၊ ရာဇနဲ့ နာဂဂီရိအတွက် တာဝန်ယူနိုင်တယ်ဆို'

ဣလွိရဲ့ အသက်ရှူမှုတွေ ထစ်ငေါ့နေတော့တယ်။

'တပ်မမှူး သွား၊ အဲဒီဝိရကို ထောင်သွင်းအကျဉ်းချထားလိုက်'

စစ်သူကြီးအမတ်က ဆိုတယ်။

ဘုရင်မလေး စစ်သူကြီးအမတ်ကို ကြည့်တယ်။

'ဘာဘစစ်သူကြီးအမတ်၊ ဒါလောက်လေးပဲလား'

'ရာဇ သည်းခံပါဦး၊ ဝိရကို မသေစေပါနဲ့ဦး၊ ရန်သူရဲ့သားကို ကျွန်တော်မျိုးတို့ လက်ရရှိထားနိုင်ခြင်းဟာ စစ်ရေးအတွက် အသာစီးတဲ့ အချက်တစ်ချက်မို့လို့ပါ'





ဘုရင်မလေး ငြိမ်စဉ်းစားတယ်။

ဣလွိကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး...

တစ်ဖက်လှည့် အောက်နှုတ်ခမ်းလေး ကိုက်လိုက်တယ်။

* * *

(၃)

စစ်ပွဲအခြေအနေက ပြင်းထန်လွန်းတယ်။

ဥတ္တရဂီရိဘက်က ဥတ္တရဂီရိသားစစ်သည်များနဲ့ ပုရတ္ထိမဂီရိနဲ့ ပစ္ဆိမဂီရိ စစ်သည်တချို့ ပါဝင်ကြတယ်။

နာဂဂီရိဘက်က နာဂဂီရိစစ်သည်များ၊ ဒက္ခိဏာဂီရိစစ်သည်များနဲ့ ပုရတ္ထိမဂီရိနဲ့ မဇ္ဈိမဂီရိက သစ္စာရှိစစ်သည်တချို့ ပါဝင်ကြတယ်။

ဒီအတိုင်းဆိုရင် ဥတ္တရဂီရိကို နာဂဂီရိ သိမ်းမှုစရာမလို၊ ဥတ္တရဂီရိဘက်က လူဝါလူမျိုးစစ်သည်တွေကိုပါ ခေါ်ချလာတယ်၊ အဲဒီလူမျိုးတွေက စစ်ရေးကျွမ်းကျင်ကြတယ်၊ အဲဒီလူမျိုးစစ်သည်တွေ ပါလာကြတော့ ဥတ္တရဂီရိဘက်က အင်အားသာနေတယ်။

ဥတ္တရဂီရိဘက်က ဆင်အင်အားနည်းတယ်။ မြင်းစီးလူဝါမျိုးတွေကြောင့် မြင်းအင်အားကတော့ များလွန်းတယ်။

နာဂဂီရိဘက်က ဆင်အင်အားသာတယ်။

နောက်ပြီး ဥတ္တရဂီရိဘက် ပါလာကြတဲ့ မြင်းစီးလူဝါ

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစစ်သည်တွေ လက်ဆောင်ပဏ္ဏာစစ်သည်တွေဝီဝီ စစ်ရေးနဲ့ အတိုက်အခိုက်ကောင်းတာမှန်ပေမယ့် အသက်ရင်းပြီး မတိုက်ကြ။

နာဂကီရိဘက်ကတော့ အသက်စွန့်ပြီး တိုက်ကြသူတွေ။

စစ်ရေးအခြေအနေ ဥတ္တရဂီရိမြို့စားမျှော်လင့်ထားသလို မလွယ်။ နာဂကီရိစစ်သည်တွေလည်း အသည်းအသန် တိုက်နေရတယ်။

ပထမအဆင့် စစ်မျက်နှာမှာတင် ရက်တွေကြာနေကြတော့တယ်။

စစ်မြေပြင်က ရောက်လာတဲ့ ဆက်သားတွေရဲ့ သတင်းစကားအရ မြင်းစီးလူဝါလူမျိုးတွေ ပြန်သွားနိုင်သတဲ့၊ အဲဒီလိုသာ ရက်တွေကြာအောင် တောင့်ထားနိုင်ရင် အဲဒီလူမျိုးတွေ ဥတ္တရဂီရိကို မကူညီဘဲ ပြန်သွားနိုင်သတဲ့။

နန်းမြို့နန်းသားတွေ အားရသွားကြတယ်။

နာဂကီရိသားတွေရဲ့အသံ မာန်တွေပြည့်နေကြတယ်။

'အခွေတော်ဝိရ၊ နေရထိုင်ရ သက်တောင့်သက်သာ ရှိရဲ့လား'

ဣလ္လိ အကျဉ်းထောင် အချုပ်ခန်းတွေကို စစ်ဆေးရင်း ဝိရနဲ့ စကားပြောတယ်။

'အခွေတော် ဣလ္လိရယ်၊ ကျုပ်ဘဝနဲ့ကျုပ် နေတတ်ပါ ပေါ့'



'စစ်ရေးအခြေအနေ ဘယ်လိုရှိလဲ၊ ကျုပ်သိချင်တာက နာဂကီရိအတွက်ပေါ့နော်၊ ကျုပ်ကို အထင်မလွဲပါနဲ့'

'မပူပါနဲ့၊ ဆက်သားတွေပို့တဲ့ သတင်းစကားအရတော့ နာဂကီရိအရေးသာမှာပါ'

အတော်လေး ပိန်ချောင်သွားတဲ့ဝိရကိုကြည့်ရင်း…

'ကျုပ်စိတ်မကောင်းရတာက အခွေတော်ကို ကျုပ်ကိုယ်တိုင် ထောင်သွင်းအကျဉ်းချခဲ့ရခြင်းပဲ'

ဣလ္လိ ဆိုတယ်။

'ဒါက အခွေတော်ကျေပွန်ရမယ့် အမှုပဲလေ၊ ကျုပ်နားလည်တယ် အခွေတော်ရယ်။ အကျဉ်းစခန်းမှာ ကျုပ်သတင်းကြားတယ်၊ စစ်အတွင်း ရာဇက အခွေတော်ကို တပ်မမှူးအဖြစ် ချီးမြှင့်လိုက်တယ်ဆို'

ဣလ္လိ စိတ်မကောင်းစွာ ဝိရကို ခေါင်းညိတ်ပြမိတယ်။

'အိုး… ဝမ်းသာလိုက်တာ အခွေတော်ရယ်၊ တကယ် ထိုက်တန်မှုပါ'

ဝိရ အားပါးတရဆိုပြီး…

'အဲ… ဒါဆို ကျုပ်တပ်မှူးကို အခွေတော်မခေါ်သင့်ဘူး'

'ရပါတယ် အခွေတော် ဝိရရယ်၊ ကျုပ်လက်ခံပါတယ်'

'မဟုတ်ဘူး… မဟုတ်ဘူး၊ အခွေတော်ရဲ့ ထိုက်တန်မှုကို ကျုပ်လေးစားရမယ်၊ အဲအခွေတော် မဟုတ်ဘူး၊ တပ်မှူး… တပ်မှူး'

www.burmeseclassic.com



ဣလွှိ အတော့်ကို စိတ်မကောင်းဖြစ်မိတယ်။

'အဆွေတော်ဝိရ လိုအပ်တာရှိရင်ပြောနော်'

'ကျေးဇူးတင်ပါတယ် တပ်မမှူး၊ ရာဇဝတ်သားအတွက် အကျဉ်းထောင်က ပေးဆပ်မှုတွေဟာ ထိုက်ထိုက်တန်တန်တွေ ပါပဲ၊ မလိုအပ်ပါဘူး တပ်မမှူး'

'အို… ဝိရရယ်'

* * *

(၄)

ပွဲက တကယ့်ပွဲကြီးပွဲကောင်း။

လေးမြားသုံးတိုက်ခိုက်မှုတွေမှာ မြင်းစီးလူဝါလူမျိုးတွေရဲ့ လေးမြားအတတ်က မြန်ဆန်သွက်လက်သလို နာဂဂီရိရဲ့ လေးမြားအတတ်ကလည်း ဆန်းပြားအဆင့်မြင့်လွန်းတယ်။ သူတို့ကိုယ်သူတို့ လေးမြားအရာမှာ ကျွမ်းကျင်တယ်လို့ ထင်ထားကြတဲ့ မြင်းစီးလူဝါလူမျိုးတွေ နာဂဂီရိရဲ့လေးမြားတိုက်ခိုက်မှုတွေကို အံ့သြထိတ်လန့် တန့်ခနဲ တန့်ခနဲ ဖြစ်သွားကြတယ်။

ဓားလှံချင်းတိုက်ခိုက်မှုမှာလည်း မြင်းစီးလူဝါလူမျိုးတွေ သူတို့ကိုယ်သူတို့ အတော်ထင်ထားကြပေမယ့် သူတို့ ထင်တိုင်း မပေါက်ဖြစ်နေကြတယ်။ နာဂဂီရိရဲ့ ဓားရေး၊ လှံရေးတွေဟာ တစ်မျိုးထူးခြားပြီး ထိထိရောက်ရောက်ရှိတယ်ဆိုတာ သူတို့ တိုက်ရင်းခိုက်ရင်း သဘောပေါက်လာကြရတယ်။





နှစ်ဖက် မိုးသီးမိုးပေါက်တွေလို မြားတိုက်ပွဲတွေ ဖြစ်လိုက်။ ဓားလှံချင်း အတင်းယှဉ်ပြိုင်တိုက်ခိုက်မှုတွေဖြစ်လိုက်နဲ့။

နာဂဂီရိအထင်က မြင်းစီးလူဝါလူမျိုးတွေ ပြန်လှည့်သွားရင် သူတို့ဥတ္တရဂီရိကို အသာစီးတိုက်ခိုက်သိမ်းယူရရှိလိမ့်မယ်လို့ ထင်ထားပေမယ့် မြင်းစီးလူဝါလူမျိုးတွေကလည်း ပြန်လှည့်သွားမှုမရှိသေး။ စစ်ရေးကျွမ်းကျွမ်းကျင်ကျင်နဲ့ ဥတ္တရဂီရိကို အကူပေးနေလေရဲ့။

ဥတ္တရဂီရိမြို့စား မြင်းစီးလူဝါလူမျိုးတွေရဲ့ အကြီးအကဲကို တံစိုးလက်ဆောင်တွေ ထပ်မံပေးပြီး အရေးအောင်တဲ့အထိ ကူညီဖို့ အကူအညီတောင်းပြန်တယ်လို့ အထောက်တော်တွေဆီက သတင်းရကြတယ်။

သတင်းမှန်တယ်။

မြင်းစီးလူဝါလူမျိုးတွေ ဥတ္တရဂီရိဘက်က အတင်း အပြင်း အထန်တိုက်ပေးနေတော့တယ်။

သူတို့လူဝါလူမျိုးတွေ လေးမြားအရာမှာ ကျွမ်းကျင်ပေမယ့် မြားသုံးရမှုမှာ ခြိုးခြံလာကြရတယ်။ စစ်မြေပြင်မှာ တိုက်ရင်းခိုက်ရင်း မြားလုပ်ရတဲ့အတွက် မြားတွေကို ထင်တိုင်းကြဲသုံးနိုင်ကြတော့ဘူး။ နာဂဂီရိဘက်က အစီအစဉ်ကောင်းတယ်။ စစ်မြေပြင်ဆီ နန်းမြို့ကနေ မြင်းလှည်းတွေနဲ့ မြားတွေပို့ပေးနေတယ်။ နန်းမြို့တွင်းနဲ့ နီးစပ်ရာ ဇနပုဒ်ကလူတွေ စစ်မြေပြင်သုံးမြားတွေ အဆက်မပြတ်အောင် လုပ်ပေးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်း ဆက်သားပို့ဆောင်မှုသတင်းတွေကတော့ ရက်ဆက်တိုက်ပွဲတွေ ပြင်းထန်နေကြောင်း၊ ဥတ္တရဂီရိအားထားရတဲ့ မြင်းစီးလူဝါလူမျိုးတွေကလည်း စစ်ရေးကျွမ်းကျင်တိုက်ခိုက်မှု ကျွမ်းကျွမ်းနဲ့ အပြင်းအထန် ဖိတိုက်နေကြကြောင်း၊ နာဂဂီရိ အသည်းကောင်းကောင်း၊ ခွဲကောင်းကောင်းနဲ့ ခုခံနေရကြောင်း၊ နှစ်ဖက်လုံး အကျအဆုံးများကြောင်း၊ ခုထိတော့ ပထမအဆင့်က တိုက်နေကြတဲ့ တပ်တွေ ပထမအဆင့်ကို ပွင့်မထွက်ဘဲ ရန်သူ့ တပ်တွေ ကစဉ့်ကလျားဖြစ်သွားအောင် ကြိုးစားနေကြကြောင်း၊ ဒုတိယအဆင့်မှာ စခန်းချထားတဲ့ စစ်သူကြီးအမတ်ကလည်း အချိန်ပိုင်းနဲ့အမျှ တိုက်ခိုက်ရေးကို ရန်သူမျက်စိလည်လည်သွား အောင် ဆင်ပေးနေကြောင်း…

'တပ်မမှူး သင့်ကို ရာဇ အခေါ်ရှိတယ်'

လာခေါ်တဲ့ ညီမတော်နောက် ဣလ္လိ လိုက်သွားရတယ်။

အတွင်းဆောင်ထဲရောက်တော့ ညီမတော်စူဠမာလ အပြင် ပြန်ထွက်မယ်လုပ်တယ်။

'မာလလေး တူတူနေလေ၊ တို့သုံးယောက်တူတူနေကြ အောင်'

စူဠမာလဘုရင်မလေးနဲ့ မလှမ်းမကမ်းမှာ ထိုင်တယ်။

'ဣလ္လိရယ် စစ်ရေးကတော့ နှစ်ဖက်ညီမျှနေတယ်ဆို သတင်းရတယ်၊ ရာဇကြားချင်တာက ဥတ္တရဂီရိကို သိမ်းနိုင်ပြီ တာပဲ၊ အားမရဘူး'



'ကျွန်တော်မျိုး…'

'ဣလ္လိ သင်ဟာ အရမ်းကို အကင်းမပါးတဲ့ယောက်ျားပဲ၊ သင့်ကို ဣလ္လိလို့ ခေါ်နေတာလေ၊ တပ်မမှူးလို့ ခေါ်နေတာ မဟုတ်ဘူး'

ဣလ္လိ ကြောင်သွားတယ်၊ ဘာကိုဆိုလိုပါလိမ့်။

'လွတ်လွတ်လပ်လပ် ပြောဆိုသုံးစွဲပါ ဣလ္လိရယ်၊ ခဏ တဖြုတ် ရာဇ ပေါ့ပေါ့ပါးပါးနေပါရစေ၊ ဟဲ… ဟဲ… လွတ်လွတ် လပ်လပ်ဆိုပေမယ့် ဟိုတောမှာ ပြောတဲ့အပြောမျိုးတော့ မပြော နဲ့ပေါ့၊ သူတစ်ပါးကြားသွားရင် သူရူးတွေဖြစ်သွားကြပြီလို့ အထင် ရောက်သွားလိမ့်မယ်၊ တောစကားတောပျောက်ပေါ့နော် မာလ လေး'

ညီမတော် မပွင့်တပွင့်ပြုံးတယ်။

'အကုန်လုံးပျောက်လို့ရမလား၊ ပျောက်လို့မရတာတွေ တော့ ရှိနေရမှာပေါ့ အစ်မတော်'

စူဠမာလအပြောကြောင့် ဘုရင်မလေး ဣလ္လိကိုငေးကြည့် တယ်။ အဲဒီအကြည့် ဘုရင်မလေးတစ်ပါးရဲ့ မျက်လုံးမျိုးမဟုတ်။ မိန်းကလေးတစ်ယောက်ရဲ့ မဝံ့မရဲ မျက်လုံးမျိုးလေးတွေ။

'စစ်ရေးက အရေးကြီးတယ် မာလလေးရယ်၊ ငါတို့ စစ်ရေးအကြောင်းပဲ ပြောကြရအောင်ပေါ့၊ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပြောကြမယ်ကွယ်၊ စိတ်တွေရွှင်ပြီး ငါတို့တစ်တွေ စစ်ရေးအတွက် ဉာဏ်တွေရွှင်သွားကြအောင်'

www.burmeseclassic.com



'ဏ္ဍလ္လိရေ ငါတို့ဥတ္တရဂီရိကို နိုင်အောင်ဘယ်လိုအကြံဖြစ်လဲ'

'ကျွန်…အဲ… ဏ္ဍလ္လိက စစ်ရေးပညာ ရာဇတို့၊ စစ်သူကြီးအမတ်တို့လောက် မရှိဘူးနော်၊ အတိုက်အခိုက်လောက်ပဲ တတ်တာ၊ အဲ… ဏ္ဍလ္လိဉာဏ်မီသလောက်တွေးမိတာက လူဝါလူမျိုးတွေဟာ အမိက ကျနေပြီ၊ ဥတ္တရဂီရိရဲ့ နိုင်ရေးရှုံးရေးဟာ အဲဒီမြင်းစီးလူဝါတွေအပေါ်မှာ တည်ရှိနေတယ်၊ သူတို့ ဥတ္တရဂီရိဘက်က ဦးဆောင်နေလို့ နာဂဂီရိဘက်က ခက်ခဲနေရတာ၊ သူတို့ ဥတ္တရဂီရိကို စွန့်ခွာသွားရင် စစ်ပွဲပြီးပြီ၊ နာဂဂီရိ ဥတ္တရဂီရိကို သာသာသိမ်းနိုင်ပြီ'

'ဟုတ်ပြီလေ၊ သူတို့ဥတ္တရဂီရိကိုထားခဲ့ စွန့်ခွာသွားအောင် ဘယ်လိုလုပ်ရမလဲ'

'အဲဒါကတော့ ဒီကနေမှန်းဆနိုင်ဖို့ ခက်ခဲသားရာဇ သူတို့လူဝါတွေရဲ့အကြိုက်စရိုက် စိတ်နေသဘောထား ဘယ်လိုမှန်းလို့ရပါ့မလဲ၊ သူတို့လူဝါလူမျိုးတွေနဲ့ တစ်ခါတလေတောင် ဆက်ဆံဖူးခြင်းရှိတာမှ မဟုတ်ဘဲ၊ စစ်သူကြီးအမတ်များ အဲဒီအကြံထုတ်နိုင်မလားပဲ'

'စစ်သူကြီးအမတ်ကို လှမ်းပြီး ကြံခိုင်းမယ်လေ'

'အဲဒီလူမျိုးတွေကို အပြတ်ဖြတ်နိုင်ရင်တော့ကောင်းမယ်'

ရှဥ္စမာလက ဝင်ပြောတယ်။

'မလွယ်ဘူး မာလလေးရဲ့၊ ဆက်သားတွေဆီကရတဲ့



သတင်းအရဆိုရင် ဒီလူမျိုးတွေ စစ်ရေးရာနဲ့ အတိုက်အခိုက် အတော့်ကို ကျွမ်းကျင်တာတဲ့၊ ခုထိ ထိန်းထားနိုင်တာတောင် ငါတို့လူမျိုးတွေ အတော်သက်စွန့်တိုက်ခိုက်ရဲလို့တဲ့'

ဘုရင်မလေးက ပြောတယ်။

'နောက်ပြီး ဏ္ဍလ္လိတစ်ခု စဉ်းစားမိတာ ရှိသေးတယ်နော် ရာဇ'

ဘုရင်မလေး ဏ္ဍလ္လိကို မေးဆတ်ပြတယ်။

'စစ်ပွဲထဲ အဲဒီလူမျိုးတွေ မပါဝင်ရအောင် ဥတ္တရဂီရိနဲ့ နာဂဂီရိတစ်ဦးချင်း စီးချင်းထိုးမှုနဲ့ ယှဉ်ပြိုင်ပြီး အနိုင်အရှုံးဆုံးဖြတ်မယ်'

ဘုရင်မလေး ခေါင်းခါယမ်းတယ်။

'အဲဒီလိုမျိုးက အခုလိုအခြေအနေမှာ လုပ်လို့မရဘူး ဏ္ဍလ္လိရယ်၊ အခုလို အခြေအနေမှာသူ့ဘက်ကလည်း လုပ်မှာ မဟုတ်ဘူး၊ ကိုယ့်ဘက်ကလည်း ဆန္ဒစောပြီး မလုပ်သင့်သေးဘူး၊ သူ့ဘက်ကလည်း သူ့ဘက်ကစစ်သည် အင်အားရှိသမျှနဲ့ နိုင်အောင်တိုက်ဖို့ပဲ ဆန္ဒရှိမယ်၊ ကိုယ့်ဘက်ကလည်း ကိုယ့်ဘက် က စစ်သည်အင်အား အလုံးသုံးပြီး နိုင်အောင်တိုက်မယ်၊ စီးချင်းနဲ့ အဆုံးအဖြတ်ယူတယ်ဆိုတာက သူ့ဘက်ကလည်း နိုင်အောင် တိုက်ရေးမလွယ်တဲ့အခြေ၊ ကိုယ့်ဘက်ကလည်း နိုင်အောင်တိုက်ရန် မလွယ်တဲ့အခြေ၊ နှစ်ဖက်စစ်သည်တွေကိုလည်း ဆက်လက် ဆုံးရှုံးစေချင်တော့တဲ့ အခြေမျိုးမှာမှ နှစ်ဦးနှစ်ဖက် သဘော



www.burmeseclassic.com

www.burmeseclassic.com



တူညီချက်နဲ့ လုပ်ရတာမျိုး'

'စီးချင်းထိုးရာမှာ ဘုရင်ပဲဖြစ်ဖြစ်၊ စစ်သူရဲကောင်းဖြစ်ဖြစ်၊ စီးချင်းထိုးသူအပေါ်မှာ တိုင်းပြည်ရဲ့ နောင်ရေးဟာ တည်နေတာမို့ သိပ်အရေးကြီးတာ၊ အဲဒီလူဟာ တိုင်းပြည်ပဲ၊ တိုင်းပြည်ဟာ အဲဒီလူပဲ၊ ဒါကြောင့် စီးချင်းထိုးရာမှာ ဘုရင်ကိုယ်တိုင်မဟုတ်ရင် ဘုရင်ကရွေးချယ်တဲ့ သူရဲကောင်းပဲဖြစ်ရမယ်၊ ဒီတိုင်းပြည်မှာတော့ စီးချင်းထိုးရမှုဖြစ်လာရင် ရာဇကိုယ်တိုင် စီးချင်းထိုးမယ်၊ ရာဇရန်သူကို ကိုယ်တိုင်ခေါင်းဖြတ်ချင်တယ်'

'အစ်မတော် ရာဇ၊ ကိုယ်တိုင်လုပ်စရာမလိုပါဘူး၊ မာလကိုလည်း အားထားနိုင်ပါတယ်နော်'

'ဣလ္လိ ရှိနေတယ်ဆိုတာလည်း အသိအမှတ်ပြုပါ ရာဇ၊ အဲဒီလိုမျိုးဖြစ်လာရင် အသင့်ဖြစ်နေအောင် ဣလ္လိတိုက်ခိုက်မှုတွေကို အရမ်းလေ့ကျင့်နေပါတယ်၊ ရာဇနဲ့ နာဂဂီရိကို ဣလ္လိအထိအနိုက်မခံနိုင်ပါဘူး'

ဘုရင်မလေး မဲ့ပြုံးပြုံးတယ်။ ညီမတော်ကို ငေးကြည့်တယ်။

'မာလလေး သူ့စကား အစ်မတော်ယုံရမှာလား'

'အစ်မတော်တို့ကလေ အစ်မတော်တို့စကားပြောရင် မာလကိုကြားထဲ ဆွဲဆွဲသွင်းတယ်၊ မာလမသိဘူး၊ အဲဒါတွေ မာလမတွေးတတ်ဘူး၊ စိတ်ညစ်စရာ၊ အစ်မတော်ယုံချင်ယုံလိုက် မယုံချင်နေလိုက်'





'မဟုတ်ဘူး ညီမတော်ရဲ့၊ အစ်မတော်ပြောတာအကြောင်းရှိတယ်၊ နာဂဂီရိကို အထိအနိုက်မခံနိုင်ဘူးဆိုတဲ့သူ နာဂဂီရိကို လုပ်ကြံတဲ့ရန်သူ့သားအပေါ်ကျ လက်နှေးလွန်း။ ရာဇကို အထိအနိုက်မခံနိုင်ဘူးဆိုသူ ရာဇအပေါ် မရိုးသားတဲ့လူကို လက်နှေးလွန်း။ အဲဒီကိစ္စ ရာဇကျေနပ်တာ မဟုတ်ဘူးနော်၊ စစ်သူကြီးအမတ်ရဲ့ အတွေးအကြံမှန်နေလို့သာ ရာဇ လက်ခံလိုက်တာ'

ဘုရင်မလေးက ဣလ္လိကို မျက်စောင်းလေးခဲပြီး ပြောတယ်။

'ရာဇကတော့ ရင်ထဲမှာ အရေးတကြီးရှိနေတာ နာဂဂီရိရယ်၊ မာလရယ်၊ ဣလ္လိရယ်ပဲ၊ အဲဒါတွေကိုထိကြည့်၊ သေသွားစေရမယ်၊ ရာဇအပေါ်လည်း အဲဒီလိုသဘောပြန်ထားနိုင်မှ ကျေနပ်နိုင်မယ်နော်'

ဣလ္လိ ဝိရကို မြင်ယောင်တယ်။

ရန်သူရဲ့သား မှန်တယ်။ မိမိချစ်သူကို သူကလည်း ချစ်နေသူမှန်တယ်။ ဒါပေမဲ့ ဝိရမှာ ရိုးဖြောင့်မှုရှိတယ်။ နာဂဂီရိကိုလည်း ချစ်ခင်မှုရှိတယ်။ မိမိကိုလည်း ယုံကြည်ခင်မင်မှုရှိတယ်။ ဝိရအပေါ် လက်မရဲနိုင်တဲ့အတွက်တော့…

'ဟူး'

ဣလ္လိ မသိမသာလေး လေပူမှုတ်ထုတ်လိုက်မိရဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့သတင်းက မကောင်း။

သေမင်းတံတိုင်း ပထမအဆင့် ဖွင့်ပေးလိုက်ရပြီတဲ့။

သေမင်းတောင်ကြား ဗျူဟာအဖြစ်ပြောင်းလဲလိုက်ရပြီတဲ့။ သေမင်းတံတိုင်း ဒုတိယအဆင့် စစ်သူကြီးအမတ်တို့ စခန်းချတပ်စွဲထားရာဆီ ရန်သူတွေရောက်လာပြီတဲ့။ တိုက်ခိုက်နေကြပြီတဲ့။

သတင်းစကားတွေကြောင့် တပ်မှူးကူလ္လိနဲ့ နန်းမြို့စောင့်တပ်သားများ မရိုးမရွဖြစ်နေကြတယ်။ နန်းမြို့ကိုလည်း ထားခဲ့လို့မရတာမို့။ စစ်မြေပြင်ဆီ အပြေးအလွှားသွားရောက်တိုက်ခိုက်ချင်စိတ်တွေ ဝင်နေကြတယ်။

မြင်းတွေကိုလည်း လှိုင်လှိုင်ပို့ပေးနေကြတယ်။

'တပ်မှူး ရာဇအခေါ်တော်ရှိတယ်'

ညီမတော် ကူလ္လိကို လာခေါ်တယ်။

ရာဇသာ ငါ့ကို စစ်မြေပြင်လွှတ်ရင် ကောင်းမှာပဲ။ ငါရန်သူတွေနဲ့ သူသေကိုယ်သေတိုက်ချင်လိုက်တာ၊ ကူလ္လိအတွေးဖြစ်တယ်။

ဘုရင်မလေး ရှေ့တော်ရောက်တော့…

ကူလ္လိကိုကြည့်နေတဲ့ ဘုရင်မလေး မျက်စိအစုံ မီးဝင်းဝင်းတောက်မတတ်ဘဲ။

'ကူလ္လိ၊ တောက်… သင်မို့သာနော်'

ဒေါသသံ ပြင်းထန်လွန်းတယ်။





အတွင်းနန်းဆောင်ထဲ ပွဲတင်သွားတယ်။

ဘာကြောင့်ရယ်မသိမို့ ကူလ္လိကြောင်နေတယ်။ ဘုရင်မလေးလက်မှာ ပေချပ်တစ်ချပ်ကို ကိုင်ထားတာမို့ အဲဒီပေချပ်ဆီကြောင်ကြည့်နေမိတယ်။

'တောက်… ကူလ္လိရယ်၊ သင်မို့သာနော်'

ဘုရင်မလေး ဒေါသရှိန်နဲ့ အသားတောင်တဆတ်ဆတ်တုန်နေသလို…

'သင် ဝိရဦးခေါင်းကို မဖြတ်တဲ့အတွက် သင့်ကို ဝိရက အရှုံးလုပ်သွားပြီ'

'ရာဇ ကျွန်တော်မျိုးကို အကျိုးအကြောင်း မိန့်ပါဦး'

'သင် မသိဘူးလား၊ သင်မသိယောင်ဆောင်နေတာလား'

ဘုရင်မလေး ကူလ္လိကို စေ့စေ့တင်းတင်း ကြည့်နေတယ်။ လက်က ပေချပ်ကိုလှမ်းပေးပြီး…

'အဲသဟာ ဘာသဘောထိဆောင်လဲ၊ ပြော'

ပေချပ်ပေါ်ကစာကို ကူလ္လိ ဖတ်ကြည့်တယ်။

*တပ်မှူးကူလ္လိ…*

*ကျွန်တော်မျိုး အချုပ်ခန်းထဲက ထွက်သွားတာကို ခွင့်လွှတ်ပါ။ တိုင်းပြည်အတွက် အရေးကြီးတဲ့စစ်အတွင်းမှာ ကျွန်တော်မျိုး အချုပ်ထဲမှာ နေထိုင်ရတာ မခံရပ်နိုင်အောင်ဖြစ်မိပါတယ်။ ကျွန်တော်မျိုး နာဂကီရိအတွက် တစ်ခုခုလုပ်ချင်နေပါတယ်။ ဘာကိုလုပ်သင့်လဲဆိုတာ အချုပ်ထဲမှာ နေနေရတော့ ကြံမရဖြစ်နေရ*



www.burmeseclassic.com

www.burmeseclassic.com



*တယ်။ ကျွန်တော်မျိုး နာဂကီရိအတွက် တစ်ခုခုလုပ်ပေးနိုင်အောင် အချုပ်ထဲက ခေတ္တထွက်သွားခြင်းသာ ဖြစ်တယ်။ စစ်ကြီးအောင်ရင် အချုပ်ခန်းထဲ ကိုယ်တိုင်ပြန်ဝင်ခဲ့ပါမယ်။ သစ္စာစကားပါ။*

*တပ်မှူးကို အစဉ်ထာဝရ*

*လေးစားလျက်*

*ဝိရ*

'ဟင်…အချုပ်ခန်းအကြပ်ရဲမက်တွေ ဘာလုပ်နေကြလဲ'

'ဣလ္လိရယ် ခုမှပြုံးပြုံးပျာပျာလုပ်မနေပါနဲ့၊ အချုပ်ခန်းထဲ အလှည့်ကျ အကြပ်ရဲမက်လေးငါး၊ခြောက်ယောက်လောက်ကတော့ ဝိရက သာသာလေးပေါ့'

'ကျွန်တော်မျိုးကို ခွင့်ပြုပါ'

ဣလ္လိ ဘုရင်မလေးအပါးက ထွက်ခွင့်တောင်းတယ်။

ဘုရင်မလေး ခေါင်းခါယမ်းတယ်။

'ဝိရကို သွားရှာမလို့လား၊ စစ်သည်ရဲမက်တွေ ဒီလောက်ရှုပ်ထွေးနေတဲ့ နန်းမြို့တွင်းထဲ ဝိရခိုအောင်းနေမယ်ထင်လို့လား၊ နံနက်ဝေလီဝေလင်းက ထွက်သွားကြတဲ့ မြားပို့လှည်းအုပ်စုမှာ ဝိရ ပါသွားလောက်ပြီ၊ သင့်ဦးနှောက် ဝိရ ဦးနှောက်ထက်သေးငယ်ပါတယ်'

ဘုရင်မလေး ဣလ္လိမခံချင်အောင် ပြောတယ်။

ဣလ္လိ ဘယ်လိုမှ မခံစားပါ။ အခွေတော်ဝိရ အဲသလို လွတ်မြောက်သွားသင့်ပါတယ်။ နန်းမြို့တွင်းခိုအောင်းနေရင်တော့





ဒုက္ခရောက်ရှောမယ်ဆိုတဲ့ အတွေးပဲ တွေးတယ်။ ဝိရဘယ်တော့မှ နာဂကီရိကို အနှောင့်အယှက်ပေးလိမ့်မယ်လို့ ဣလ္လိမထင်။

'ဘာပဲဖြစ်ဖြစ် ဝိရကိုတွေ့ရင်တော့ တွေ့တဲ့အရပ်မှာတင် ခေါင်းဖြတ်ခွင့် သင့်ကို ငါပေးတယ် ဣလ္လိ'

'ရန်သူကို ရန်သူလိုမဆက်ဆံသူမျိုး သူရဲကောင်းမဟုတ်ဘူးနော်၊ အဲဒီလိုလူမျိုး ရာဇ မုန်းတီးတယ်'

'အမှန် တခြားလူသာဆိုရင် ရန်သူကို ခင်မင်နေတဲ့သူမျိုး ရန်သူလိုပဲ အချုပ်ခန်းထဲ နေသင့်တယ်လို့ ရာဇ ယူဆမှာ၊ သင်ဖြစ်နေတော့ ခက်တယ်'

ဘုရင်မလေး ပြောသမျှ ခေါင်းငုံ့ခံနေတယ်။

'တပ်မှူး၊ ဝိရအချုပ်ကနေ လွတ်ထွက်သွားပြီ၊ အဲဒီဝိရ နာဂကီရိကို အနှောင့်အယှက်ပေးရင် ဝိရခေါင်းမဖြတ်တဲ့ သင်၊ သင့်ဦးခေါင်းကို နာဂကီရိအတွက် အလျော်ပေးပေရှေ့'

ဝင်ရောက်ပြောတဲ့ ညီမတော်ရဲ့ဒေါသသံ။

'နာဂကီရိရဲ့ရာဇက သင့်ကို အကြောင်းထောက်ပြီး အလွတ်ပေးချင်တောင် နာဂကီရိကိုချစ်တဲ့ ညီမတော် သင့်ကိုဘာအကြောင်းမှ ထောက်လိမ့်မယ်မထင်နဲ့၊ ညီမတော်ဆိုတဲ့ နာဂကီရိသား နာဂကီရိအကြောင်းတစ်ခုပဲ ထောက်မယ်'

ညီမတော်ရဲ့ ဒေါသမျက်နှာလေးကို ဘုရင်မလေးကြည့်နေတယ်။ ဣလ္လိဘက်ပြန်လှည့်ပြီး…

'ဣလ္လိ သင်ဟာ တကယ့်ကို ဒေါသထွက်စရာပဲ၊ သင်

www.burmeseclassic.com



အချုပ်ခန်းမှာ ဝိရကို အေးအေးဆေးဆေးသွားရောက်စကားပြော တတ်တယ်ဆိုတာ ငါတို့ကြားပြီးပြီ၊ သင့်ကို ငါတို့ နားမလည်ဖြစ် ချင်လာပြီနော်၊ ညီမတော်ကဆို တောမှာသင့်ကို ငါဆက်ဆံပြော ဆိုမှုတွေနဲ့ပတ်သက်ပြီး ညတိုင်းမှာ ငါ့ကို အပြစ်တင်တတ်တယ်၊ ငါတစ်ခုခုကို နမြောသတ နောင်တရသလို ဖြစ်ချင်လာပြီနော်'

ပြောရင်း ဘုရင်မလေး မျက်ရည်ဝဲဝေ့လာတယ်။

'ကုလ္လိ'

'ရာဇ'

'သင့်စကားတွေဟာ တောစကား တောပျောက်စကား တွေလား'

ကုလ္လိ ဘုရင်မလေးမျက်နှာကို အငေးတန့်တယ်။

ရူဋမာလ ဘုရင်မလေးကို ပြုံးတုံးပြုံတဲကြည့်တယ်။

'ရာဇ အဲဒီလိုမဟုတ်ပါဘူး၊ အဲဒီလို ထင်တော်မမူပါနဲ့'

'ဒါဖြင့် သင့်စကား ဘယ်လိုစကားမျိုးတွေလဲ၊ အမှန် အတိုင်းရာဇကိုပြော'

ကုလ္လိ တွေတွေလေးဖြစ်သွားပြီး…

'ကုလ္လိရင်ထဲက စကားတွေပါ ရာဇရယ်၊ ကုလ္လိရင်ထဲက အမှန်စကားတွေပါ၊ ကုလ္လိရင်ထဲက အချစ်တွေ ပွင့်ထွက်မှုပါ'

ဘုရင်မလေး သက်ပြင်းမသိမသာချပြီး ရူဋမာလကို ဝေ့ကြည့်တယ်။

'သင့်စကားတွေရဲ့ ခိုင်မာမှု ဘယ်အတိုင်းအတာထိရှိမလဲ'



'ကုလ္လိတစ်သက်တာ ခိုင်မာမှုပါ ရာဇ၊ ကုလ္လိသေဆုံးတဲ့ အချိန်ထိ အဲဒီစကားတွေက ခိုင်မာနေမှာပါ'

ဘုရင်မလေး မျက်နှာတင်းသွားတယ်။ ပြီး ပါးပြင်ပေါ် မျက်ရည်ဥလေးတွေ လိမ့်ဆင်းလာတယ်။ ညီမတော်ဆီ တိုးကပ် သွားတယ်။ ညီမတော်ပခုံးပေါ် မျက်နှာအပ်ထားလိုက်တယ်။

ရူဋမာလ ကုလ္လိကို အလိုမကျတဲ့ မျက်လုံးအစုံနဲ့ ကြည့် တယ်။ အဲဒီအခြေအနေလေးဟာ ကုလ္လိရင်ထဲ တန့်သွားသလိုပဲ။

ဘုရင်မလေး အတွင်းခန်းထဲဝင်သွားတော့ ညီမတော်ရဲ့ အလိုမကျ အကြည့်အောက်မှာ ကုလ္လိတွေတွေဝေဝေကျန်ခဲ့တယ်။

'ညီမတော် ကုလ္လိ ဘာမှားသွားသလဲ'

'တစ်သက်တာ အချစ်လောက်နဲ့ သင်ရာဇကို ချစ်တယ် ဆိုတဲ့ စကားပြောတာဟာ သင်ရာဇကိုစော်ကားခြင်းပဲ။ ရာဇလိုချင် တဲ့အချစ်မျိုးက ဘဝအဆက်ဆက် မပျက်မကွဲ လက်တွဲချစ်နိုင်ခြင်း မျိုးထိ။ သူကိုယ်တိုင်လည်း သင့်အပေါ် အဲဒီလိုထိ ချစ်တာ၊ သင့်ရဲ့တစ်သက်တာချစ်လောက်ချစ်နိုင်တဲ့ အချစ်မျိုးနဲ့ ရာဇကို ချဉ်းကပ်ပါနဲ့တော့၊ သင့်အမှုတွေသာ သင်ကျေပွန်စွာထမ်းဆောင် ပေါ့တော့'

ကုလ္လိ ရင်ထဲ ပေါက်ကွဲမှု တစ်စုံတစ်ရာဖြစ်သွားသလို မိုင်းအပိုင်းအစ အမှုန်အမွှားများ ကြွေဝဲ့ထဲ လွင့်ထွက်သွားကြ သလို…

* * *

www.burmeseclassic.com



(၆)

စစ်ရေးအခြေအနေက မကောင်းတော့။

ရန်သူတပ်တွေကို နာဂဂီရိလေး ဗျူဟာနဲ့ ဝိုင်းဝန်းထား နိုင်ပေမယ့် ရန်သူရဲ့အတင်းစီးတိုက်မှုမှာ လေးကြိုးဖြစ်နေတဲ့ စစ်သူကြီးအမတ်တို့ရဲ့ ဆုတ်နေရတယ်လို့ ကြားရတယ်။ လေး ကိုင်တပ်တွေကလည်း ဝိုင်းဝန်းတိုက်ခိုက်နေတော့ လေးကြိုးတပ် တွေ ဆုတ်နေရပေမယ့် ရန်သူတပ်တွေ အထိနာတယ်လို့ ကြားရ တယ်။ ဒီဗျူဟာ အတော့်ကို ကောင်းပါတယ်။ လေးကြိုးမပြတ်ဖို့ လေးကိုင်းမကျိုးဖို့တော့ အရေးကြီးတယ်။ အဲဒီလို အပြတ်အကျိုး မရှိ ရန်သူကို ဝိုင်းဝန်းတိုက်ခိုက်နေလို့ကတော့ ရန်သူတပ်တွေ အထိနာစမြဲပဲ။ လုံးပါးပါးရစမြဲပဲ။

နန်းမြို့စောင့်တပ်တွေ နန်းမြို့ရိုးပေါ်မှာ အဆင်သင့်နေရာ ယူထားပြီးပြီ။ နာဂဂီရိရဲ့လေးကြိုးတပ်တွေ နန်းမြို့နဲ့နီးတဲ့အထိ ဆုတ်လာရရင် နန်းမြို့ရိုးပေါ်ကနေ လေးသည်တွေ ရန်သူတပ် တွေကို ပစ်ခတ်ပြီး လေးကြိုးတပ်တွေကို အကူအညီပေးတိုက်ခိုက် ဖို့ အဆင့်သင့်ဖြစ်နေပြီ။

ဟိုးဝေးဝေးက… ရန်သူတပ်တွေကို နာဂဂီရိလေးဗျူဟာ နဲ့ ဝိုင်းထားရင်း ရန်သူတပ်တွေရဲ့ ဒလကြမ်းတိုက်ခိုက်မှုကြောင့် တဖြည်းဖြည်းဆုတ်လာရတဲ့ နာဂဂီရိတပ်တွေ [illegible] မြို့ရိုးပေါ်က ရဲမက်စစ်သည်တွေ လှမ်းမြင်နေကြရတယ် [illegible] ကွင်းကိုကြည့်ပြီး စစ်သွေးစစ်မာန်တွေလည်း ကြွနေကြတယ်



ဘုရင်မလေးနဲ့ညီမတော်လည်း မြို့ရိုးပေါ်ရောက်လာကြ ပြီး အဝေးက စစ်မြေပြင် မြင်ကွင်းကို မျှော်ရှုကြတယ်။

ဘုရင်မလေး စစ်သူကြီးအမတ်ဆီ ဆက်သားလွှတ်တယ်။ လေးကိုင်းမကျိုးစေနဲ့၊ အဲဒီလေးကိုင်း သူတို့တပ်တွေကို အမာ ဝိတ်ထားနိုင်ရင် သူတို့တပ်တွေ အထိအနိုက်များနိုင်သလို သူတို့ နောက်တန်းက ရိက္ခာကိုလည်း အဆက်ပြတ်စေနိုင်တယ်လို့ အမိန့် စေတယ်။

စစ်သူကြီးအမတ်ဆီက ဥတ္တရဂီရိမြို့စားဆီ သဝဏ်စေ တယ်။ စစ်ရေးဆက်ပြုနေရင်း ချုပ်နှောင်ထားတဲ့ သူ့သားကို သတ်ပစ်မယ့်အကြောင်း။ ဥတ္တရမြို့စားအဖြေက သူ့သားကို သတ် လိုက သတ်။ နာဂဂီရိကို သူရအောင်ကြံမယ်တဲ့။ သတင်းစကား စေပို့တယ်။

'ဟင်း…သတ်ချင်လိုက်တာ၊ သတ်ချင်လိုက်တာ၊ သင်း အချုပ်မှာရှိနေစဉ်က ဒီအဖြေမျိုးရလို့ကတော့ ငါကိုယ်တိုင် သင်း ကို သတ်၊ ခေါင်းဖြတ်၊ ခြေဖြတ်၊ လက်ဖြတ် အသည်းနှလုံးနုတ် အစီအမံလုပ်ပြီး နာဂဂီရိမြို့စောင့်လုပ်ခိုင်းလိုက်မယ်၊ ခု… သင်း ခရှိပြီ'

ဘုရင်မလေး ဒေါသနဲ့ပြောပြီး ဣလ္လိကို မျက်စောင်း [illegible]

နောက်ဆုံးတော့ အမတ်စစ်သူကြီးကိုယ်တိုင် ပါဝင်တဲ့ လေးကြိုးတပ်တွေ နန်းမြို့နားထိ ဆုတ်လာရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့ရိုးပေါ်က လေးသည်တော်တွေ မြားမိုးရွာချတော့ ရန်သူတပ်တွေ လေးကြိုးတပ်တွေကို အတင်းဆီးမတိုက်နိုင်ကြတော့။ မြားနဲ့လွတ်ရာမှာတပ်စွဲပြီး အခွင့်ကောင်းချောင်းနေကြတယ်။ သူတို့မြားတွေလုပ်ကြ။ လက်နက်တွေပြင်ဆင်ကြလုပ်နေကြတယ်။ နာဂဂီရိရဲ့လေးကိုင်းတပ်တွေ၊ လေးကြိုးတပ်တွေက ဝင်ဝင်တိုက်ပြန်တော့ သူတို့ပြန်ပြန်ခံတိုက်ခိုက်နေကြရပြန်တယ်။ မတိုက်ချင်သလိုလို တိုက်ချင်သလိုလိုနဲ့ ဘာအကြံတွေထုတ်နေကြတယ် မသိ။

လောလောဆယ်တော့ သူတို့ နာဂဂီရိနန်းမြို့နားထိ ချီတက်နိုင်ကြပေမယ့် နာဂဂီရိရဲ့လေးထဲမှာ ရောက်နေကြရတယ်။

ဒဏ်ရာရ ရဲမက်စစ်သည်တွေကို မြို့ရိုးထဲပြန်သွင်းခြင်းနဲ့အတူ စစ်သူကြီးအမတ်လည်း နန်းမြို့ထဲ ပြန်ဝင်လာတယ်။

နှစ်ဖက်စစ်သည်တွေရဲ့ ဆုံးရှုံးမှုများပြားကြောင်း ပြောတယ်။ စစ်သည်တွေလည်း နှစ်ဖက်လုံးမှာ အတော်လေး နာနေကြပြီပြောတယ်။ လူဝါတွေက စီးချင်းထိုးဖို့တောင် တောင်းဆိုနေပြီပြောတယ်။ ဥတ္တရဂီရိမြို့စားကတော့ တိတိကျကျ ဘာမှမဆိုသေးတဲ့။ ဒါပေမဲ့ လူဝါတွေရဲ့ဆန္ဒ ဥတ္တရဂီရိမြို့စားလွန်ဆန်နိုင်မှာ မဟုတ်တဲ့။

'ဘာဘစစ်သူကြီးအမတ် အဲဒီဘုရင်အရမ်းဖြစ်ချင်နေတဲ့ ဥတ္တရဂီရိသားကို ရာဇ ယှဉ်ပြီးသတ်ချင်တယ်'

ဘုရင်မလေးက အားနဲ့မာန်နဲ့ပြောတယ်။



'ရာဇကိုယ်တိုင် မလိုအပ်ပါဘူး ရာဇရယ်'

စစ်သူကြီးအမတ်စကားရပ်ပြီး ဣလ္လိကိုဇွေကြည့်တယ်။

'ကျွန်တော်မျိုးအဆင်သင့်ပါပဲ စစ်သူကြီးအမတ်မင်း'

စစ်သူကြီးအမတ် ဣလ္လိကို ဇွေဇွေကြည့်နေပြန်တယ်။

'ဒက္ခိဏဂီရိမြို့သား သင်လူသူရဲကောင်းဆက်တိုက်ရပြီး နှစ်တွေရဲ့နောက်ပိုင်းမှာကော လေ့ကျင့်မှုတွေ မြဲရဲ့လား'

'မြဲရုံမကပါဘူး စစ်သူကြီးအမတ်၊ ကျွန်တော်မျိုးအထူးကြိုးစားပြီး အထူးတိုးတက်ထက်မြက်အောင် လေ့ကျင့်မှုတွေ ပြုထားတာပါ'

'သူက စိတ်ခတ်အရာ ပျော့ညံ့တယ်'

ဘုရင်မလေးဆီက အသံ။

စစ်သူကြီးအမတ်နဲ့ဣလ္လိ ဘုရင်မလေးကို ကြည့်မိတယ်။

'စစ်သူကြီးအမတ် ဣလ္လိကိုပြန်ကြည့်ပြီး…

'ဒက္ခိဏဂီရိမြို့သား သင့်ကို ရာဇက စိတ်ပျော့သူလို့ ဆိုနေရဲ့'

'လုံးဝမပျော့ပါ စစ်သူကြီးအမတ်မင်း'

'သင် သက်သေပြနိုင်ရမယ်'

'ပြပါမယ်ဘုရား'

နှစ်ဖက်စီးချင်းထိုးရေး အစီအစဉ်ဖြစ်တယ်။

ဥတ္တရဂီရိဘက်က မြင်းစီးလူဝါလူမျိုးတွေက ဦးဆောင်စခဲ့တယ်။ သူတို့တွေ တံစိုးလက်ဆောင်ကောင်းတွေရှိမှ ရှိပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် သူတို့စစ်သည်တွေ အတော့်ကို ဆုံးရှုံးခဲ့ရတယ်။ ဒါကြောင့် ဥတ္တရဂီရိနဲ့ နာဂဂီရိတို့အရေး ဥတ္တရဂီရိနဲ့နာဂဂီရိတို့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းဖို့ပဲ အလိုရှိကြတော့တယ်။ သူတို့က ဒီအစီအစဉ်တရားမျှတမှုရှိစေရမယ်လို့လည်း နာဂဂီရိကို ကတိပေးတယ်။

ဥတ္တရဂီရိဘက်က စီးချင်းထိုးမယ့်သူရဲကောင်းက နာဂဂီရိကို သိပ်လိုချင်နေတဲ့ သန်မာသန့်စွမ်းနေသေးတဲ့ ဥတ္တရဂီရိမြို့စားကိုယ်တိုင်။

ဥတ္တရဂီရိမြို့စားကို တိုက်ခိုက်ရေးအရာ လူ့ဝါစစ်သူကြီးအကြံဉာဏ်ပေးမှုတွေ ပြုတယ်။

ဒါပေမဲ့ အဲဒီကာလအတွင်းမှာပဲ ဥတ္တရဂီရိမြို့စားရဲ့ သားတော်ဝိရ အကျဉ်းထောင်ကလွတ်မြောက်ပြီး ဇနပုဒ်တစ်ခုမှာသွားခိုအောင်းနေရာက စစ်မြေပြင်ကို ပြန်ရောက်လာနိုင်ခဲ့တယ်။

ဝိရက စီးချင်းထိုးမှု သူပြုချင်တဲ့အကြောင်း ပြောတယ်။ နာဂဂီရိအကျဉ်းထောင်မှာခံခဲ့ရတဲ့ ရန်ငြိုးအကြွေးတွေကို ပေးဆပ်ချင်တယ်လို့ ပြောတယ်။ နာဂဂီရိကို သူ လုံးဝမကျေနပ်နိုင်တဲ့စိတ်အင်အားတွေ သူ့ကို စိုးမိုးနေတယ်လို့ ပြောတယ်။

ဝိရရဲ့ တိုက်ရေးခိုက်ရေးစွမ်းရည်ကို လူ့ဝါစစ်သူကြီးက စစ်ဆေးကြည့်တယ်။ သူ့ဖခမည်းတော်ထက်သာတဲ့ လူငယ်အတိုက်အခိုက်သမားတစ်ယောက်ဆိုတာ လက်ခံပြီး သဘောလည်း အတော်ကျသွားတယ်။ ဝိရရဲ့ ခမည်းတော်မြို့စားက ဒီစီးချင်းပွဲမှာ ဝိရနဲ့ပဲ စီးချင်းထိုးသင့်ကြောင်း ပြောတယ်။



နောက်ဆုံးကျတော့ ဥတ္တရဂီရိဘက်က စီးချင်းထိုးမယ့်သူရဲကောင်းဟာ ဝိရဖြစ်သွားတော့တယ်။ ဝိရကို အားအင်စည်အောင် စားနိုင်နားနိုင်း ကစားနိုင်းထားကြတယ်။ နာဂဂီရိဘက်ကို ကြေညာတယ်။ ဥတ္တရဂီရိဘက်က ယှဉ်ပြိုင်မယ့်သူရဲကောင်းဟာ ဝိရလို့။

စစ်သူကြီးအမတ်ဆီက သတင်းစကားကြားလိုက်ရတဲ့ ဘုရင်မလေး ဆတ်ဆတ်ခါသွားတယ်။ နာဂဂီရိဘက်က စီးချင်းသူရဲကောင်းအဖြစ် ဂုလ္လိကို စစ်သူကြီးအမတ်က အဆိုပြုတယ်။

'ဂုလ္လိ သင်နဲ့ ဝိရဘယ်လိုလဲ'

ဘုရင်မလေး ဂုလ္လိကို မေးတယ်။

'နဂိုကတော့ အမှုထမ်းဘက် အဆွေတော်တွေပါ'

ဂုလ္လိ သံမှန်နဲ့ပဲပြောတယ်။

ဘုရင်မလေးလက်သီးဆုပ်နဲ့ လက်ဝါးဆီကို တဆတ်ဆတ်ထိုးနေတယ်။

'ဒီတပ်မမှူး အသုံးမကျဘူး၊ လေယူလေသိမ်းကိုက အေးစက်စက်နဲ့၊ သင်းကို ဟိုလူလည်ဝိရက ခေါင်းဖြတ်သွားတော့မယ်၊ မဖြစ်ဘူး··· မဖြစ်ဘူး၊ စီးချင်းထိုးမယ့်သူရဲကောင်းအဖြစ်သင်း မထိုက်တန်ဘူး၊ ဘာဘစစ်သူကြီးအမတ် ရာဇကိုယ်တိုင်စီးချင်းထိုးမယ်၊ ဝိရခေါင်းကိုဖြတ်ရမှ ရာဇကျေနပ်မယ်'

'အစ်မတော် ညီမတော်ကိုလည်း မေ့မထားပါနဲ့'

စိတ်လှုပ်ရှားနေကြတဲ့ ရာဇနဲ့ ညီမတော်ကိုကြည့်ပြီး

www.burmeseclassic.com



စစ်သူကြီးအမတ်က လေအေးအေးနဲ့ နှစ်သိမ့်စကားဆိုတယ်။

'ရာဇရော၊ညီမတော်ရော စိတ်အေးအေးထားကြပါ၊ ဒီအရေးကိစ္စကို စိတ်အေးအေးထားပြီး ပွဲကြည့်နေပါ၊ ဒီအရေး အောင်မြင်အောင် ကျွန်တော်မျိုး ပြုလုပ်ပါ့မယ်'

'ဘာဘစစ်သူကြီးအမတ်က ဘယ်လိုပြုလုပ်မှာလဲ'

'ကျွန်တော်မျိုး··· ကျွန်တော်မျိုး မြို့သားကို ယုံကြည်ပါတယ်။ သူ့ကို ကျွန်တော်မျိုး သွန်သင်ပါ့မယ်။ ရာဇတို့ညီအစ်မတော်တို့ သည်းခံငံ့လင့်ပေးပါ'

စစ်သူကြီးအမတ်က ကူလ္လိကို အသေအချာကြည့်တယ်။

'ဒက္ခိဏာဂီရိမြို့သား၊ သင့်အမှုထမ်းပုံကို ရာဇနှစ်သက်တော်မူပုံမရဘူးဆိုတာ ရိပ်စားမိလား'

ကူလ္လိ ခေါင်းငုံ့နေတယ်။

'အမှုထမ်းကောင်းမဖြစ်တဲ့ ဒက္ခိဏာဂီရိမြို့သားကို ကျုပ်မကြည့်ချင်ဘူး၊ ကဲ··· သင်ဘာဆက်လုပ်မလဲ'

'ကျွန်တော်မျိုး အမှုထမ်းကောင်းဖြစ်အောင်ပဲ ကြိုးစားပါ့မယ်'

'အမှုထမ်းကောင်းဖြစ်ချင်တဲ့လူဟာ မင်းအလိုကို သိရ မယ်၊ ရာဇအလို ဘယ်လိုရှိတယ်ဆိုတာ သင်မသိနိုင်ဘူးလား'

'သိပါတယ်'

'သိရင်···'

'အချိန်ကျရင် အတိအကျ ဖြစ်စေရပါ့မယ်၊ အချိန်မရွေ





ခင် စကားတွေနဲ့ ဝင့်ဝါခြင်းအတတ်ကိုတော့ ကူလ္လိမကျွမ်းကျင်ကြောင်းအမှန်ပါ'

စစ်သူကြီးအမတ် ရာဇတို့ညီအစ်မကိုတစ်ချက်စေ့ကြည့်တယ်။

'ဝိရနဲ့ သင်စီးချင်းထိုးရဲလား၊ ဝိရနဲ့ သင် စီးချင်းထိုးဖို့ကော အလိုရှိရဲ့လား'

'နာဂဂီရိကို ရာဇအတွက် လုယက်ပေးရာမှာ ကျွန်တော်မျိုးဝိရတင်မက ဘယ်သူ့ကိုမဆို ယှဉ်ရဲပါတယ်'

'ဝိရ သင့်အမှုထမ်းဘက် အဆွေတော်တွေဆို'

'နဂိုကလို့ ကျွန်တော်မျိုး ထည့်ပြောခဲ့ပါတယ်၊ နာဂဂီရိကို ရာဇအတွက် လုယက်ပေးရာမှာတော့ ကျွန်တော်မျိုးအတွက် အမှုထမ်းဘက်တို့ အဆွေတော်တို့ဆိုတာ မပြောနဲ့ ညီအစ်ကိုရင်းချာတောင်မထားပါဘူး စစ်သူကြီးအမတ်'

'စီးချင်းသူရဲကောင်းအရာမှာ ဒီဒက္ခိဏာဂီရိမြို့သားကို စိတ်ချယုံကြည်ပါ ရာဇနဲ့ညီမတော်၊ အဲဒီအရာ အောင်မြင်အောင်ဆောင်းကောင်းပြုနိုင်ပါတယ်'

* * *

(၇)

အတွင်းဆောင်မှာ···

ညဦးယံအချိန်။



www.burmeseclassic.com

www.burmeseclassic.com



စူဠမာလလာခေါ်လို့ ဏ္ဍလ္လိ လိုက်ခဲ့ရတယ်။

ဘုရင်မလေးရှေ့မှောက်ရောက်တော့ စူဠမာလက၊ ဘုရင်မလေးနဲ့ ဏ္ဍလ္လိနှစ်ယောက်ထားခဲ့ပြီး ထွက်သွားတယ်။

ခေါင်းငုံ့ငြိမ်နေတဲ့ ဏ္ဍလ္လိကို ဘုရင်မလေးတွေကြည့်နေတယ်။

'ဏ္ဍလ္လိ နက်ဖြန်ဆို စီးချင်းထိုးမယ့်နေ့နော်'

ဒီတော့မှ ဘုရင်မလေးကို ဏ္ဍလ္လိမော့ကြည့်ပြီး…

'ဪ… ဟုတ်ရဲ့ရာဇ'

ပြီး… ဏ္ဍလ္လိ ခေါင်းပြန်ငုံ့သွားပြန်တယ်။

'စီးချင်းထိုးမယ့်အရေးနဲ့ ပတ်သက်ပြီး သင် ရာဇကို ဘာပြောစရာရှိလဲ'

'မရှိပါ ရာဇ'

ခေါင်းငုံ့လျက်မှ ဏ္ဍလ္လိ ဖြေတယ်။

'တောင်းဆိုစရာတွေ ဘာတွေရောရှိလား'

'မရှိပါ ရာဇ'

'စီးချင်းထိုးရမယ့်အရေး သင်စိတ်အနှောင့်အယှက်တွေ ဘာတွေဖြစ်နေလား'

'လုံးဝမဖြစ်ပါရာဇ'

ဘုရင်မလေး ဏ္ဍလ္လိကို ငြိမ်ကြည့်နေပြန်တယ်။

'စီးချင်းထိုးပွဲမှာ အောင်ရင်တော့ သင်ရာဇကိုဘာတောင်းဆိုချင်လဲ'





'ဘာမှမတောင်းဆိုချင်ပါ ရာဇ'

ဘုရင်မလေး ဏ္ဍလ္လိကို မျက်စောင်းခဲလိုက်တယ်။

အားမလိုအားမရဖြစ်ပြီး ကြည့်နေပြန်တယ်။

'သင့်လို မှုန်ကုပ်ကုပ်ရှုသိုးသိုးကို သူရဲကောင်းဖြစ်ဖြစ်ဖြစ်ဖြစ်၊ ငါချစ်သင့်လား မချစ်သင့်လား'

'မချစ်သင့်ပါ ရာဇ'

ဏ္ဍလ္လိအဖြေကြောင့် ဘုရင်မလေး တွန့်ခနဲဖြစ်သွားတယ်။

'ဟင်… ဘယ်လိုဖြေလိုက်တာလဲ'

'ရာဇအလို ဒီလိုပဲ ရှိလိမ့်မယ်ထင်လို့ပါ ရာဇ'

ဘုရင်မလေး အောက်နှုတ်ခမ်းလေး ဖိကိုက်လိုက်တယ်။

'ဟုတ်တယ်၊ သင့်ကို မချစ်သင့်ဘူး၊ သင်သိလျက်နဲ့ မို့တို ဘာလို့ ချစ်စကားတွေပြောခဲ့တာလဲ၊ တောစကား တောမှောက်လား'

ဏ္ဍလ္လိ ဘုရင်မလေးကို သေသေသပ်သပ် မော့ကြည့်တယ်။

'ဏ္ဍလ္လိရင်ထဲက အချစ်တွေ စကားဖြစ်သွားတာပါရာဇ၊ ဏ္ဍလ္လိရှိနေသရွေ့ အဲဒီစကားတွေ ဘယ်တော့မှ ပျောက်သွားမှာ မဟုတ်ဘူး'

ဘုရင်မလေး မသိမသာပြုံးတယ်။

ပြီး… ဏ္ဍလ္လိကိုအကြင်နာမျက်လုံးတွေနဲ့ ကြည့်နေတယ်။

'တစ်ခါတလေတော့ ဏ္ဍလ္လိကိုသနားမိတယ်၊ ရာဇကပဲ



www.burmeseclassic.com

www.burmeseclassic.com



အလိုဆန္ဒတွေ သိပ်ကြီးနေလားမသိဘူး၊ ဏ္ဍလ္လိအချစ်ကို အားမရ သလိုဖြစ်ဖြစ်နေတဲ့ အတွေးတွေရှိနေတတ်တယ်၊ ဏ္ဍလ္လိ ရာဇကို ဒါထက်ဒါထက်ပိုတဲ့ အချစ်တွေနဲ့ ချစ်စေချင်တယ်၊ အဲဒါကို အလိုက်မသိနိုင်တဲ့ ဏ္ဍလ္လိကိုလည်း သိပ်ရန်လုပ်ချင်တာပဲ၊ ချစ်လို့ နော်'

မှုန်ကုပ်ကုပ်ရှုသိုးသိုးကြီး ပြုံးပြီးသွားတာကို ဘုရင်မလေး တွေ့လိုက်တယ်။ အဲဒီလိုမြင်ရခဲ့တဲ့ ဏ္ဍလ္လိရဲ့ ပြုံးဖြီးဖြီးမျက်နှာနား ဘုရင်မလေးမျက်နှာ တိုးကပ်လိုက်တယ်။ ဘုရင်မလေး ရင်ထဲ အဲဒီအပြုံးကြီး စွဲထင်သွားတော့တယ်။

'ရာဇရေယ် ရာဇချစ်တာလည်း တစ်ခါတလေ သတ် တော့ဖြတ်တော့မယ့်အတိုင်းပဲ ကောင်းပါတယ်၊ ဏ္ဍလ္လိရင်ထဲ ဘယ်သူမှမခံစားဖူးတဲ့ ချစ်အရသာမျိုးတွေ ခံစားရတာပေါ့'

ပြုံးဖြီးဖြီးမျက်နှာကြီးနဲ့ ပြောလိုက်တဲ့ ဏ္ဍလ္လိမျက်နှာပေါ် ဘုရင်မလေး မျက်နှာကပ်လိုက်တယ်။

* * *

(၈)

စီးချင်းထိုးပွဲ…

ကြွားရွားနေတဲ့ မြင်းနက်ကြီးကို စီးချင်းထိုးကွင်း မြေ တလင်းမှာ ဝိရလှည့်ပတ်စီးနေတယ်။ မြင်းစီးအတတ်နဲ့ ဓား အတတ်ကို တွဲဖက်ပြနေတာ…





သူ့နောက်ဘက် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တွေဆီ မှာ စစ်သည်ရဲမက်တွေရဲ့ လက်ခုပ်သံတွေက တဖြောင်းဖြောင်း။

ဥတ္တရဂီရိမြို့စား ဆင်တစ်စီးပေါ်ကနေ စီးချင်းထိုးပွဲကို ရှုစားနေတယ်။

သူတို့နဲ့မျက်နှာချင်းဆိုင် စီးချင်းထိုးကွင်းမှာက နာဂဂီရိ ရဲ့ဆင်တပ်၊မြင်းတပ်၊ခြေလျင်တပ်စစ်သည်ရဲမက်များ။ ဆင်တပ်ရဲ့ အလယ်၊ ဆင်သူရဲကောင်းတစ်စီးရဲ့အထက်မှာတော့ နာဂဂီရိရဲ့ ဘုရင်မလေးနဲ့ညီမတော်။

'နာဂဂီရိ သူရဲကောင်းဟေ့'

မြို့ရိုးပေါ်က စစ်သည်ရဲမက်တွေရဲ့ အသံညံထွက်လာမှု ကြောင့် လူတွေရဲ့အကြည့် မြို့ရိုးဘက်ဆီရောက်သွားကြတယ်။

မြို့တံခါးကနေ အသားကျုနင်းထွက်လာတဲ့ မြင်းဖြူ တစ်စီး။ မြင်းဖြူပေါ်မှာကတော့ မှုန်ကုပ်ကုပ်ရှုသိုးသိုးနဲ့ ဏ္ဍလ္လိ။

နာဂဂီရိတပ်တွေရဲ့ လက်ခုပ်သံတွေ ညံသွားတယ်။

'နာဂဂီရိရဲ့ သူရဲကောင်းဟေ့၊ နာဂဂီရိသူရဲကောင်းဟေ့'

အားပေးသံတွေနဲ့အတူ တေးသံအချို့ပါပါတယ်။ ဏ္ဍလ္လိနဲ့ ဝိရ လူသူရဲကောင်းယှဉ်ပြိုင်ပွဲ သုံးနှစ်မှာ လက်ရည်တူတွေဖြစ်ခဲ့ ကြတာကို ပြန်ပြီးတွေးမိ၊ ပြောမိကြတဲ့စကားသံတွေ…

'နာဂဂီရိသူရဲကောင်းကွ၊ နာဂဂီရိသူရဲကောင်းကွ'

စီးချင်းထိုးကွင်း မြေတလင်းထဲ မြင်းဖြူကြီးနဲ့ ဏ္ဍလ္လိဝင် ရောက်လာတော့ ဟိန်းထွက်သွားတဲ့အားပေးသံ တစ်ဖက်က …



www.burmeseclassic.com

www.burmeseclassic.com



'ဥတ္တရကိုရုကွ၊ ဥတ္တရကိုရုသူရဲကောင်းကွ' ဆိုတဲ့ အားပေးသံတွေကို ဖုံးလွှမ်းသွားတယ်။

ဝိရမြင်းကို တန့်လိုက်ပြီး ဣလ္လိနဲ့ဣလ္လိနောက်က အားပေးနေကြတဲ့ နာဂကိုရုစစ်သည်ရဲမက်တွေဆီ လှမ်းကြည့်လိုက်တယ်။ မျက်နှာညှိုးသလိုဖြစ်သွားပြီး ဣလ္လွေပြန်ဆည်တယ်။

'ဥတ္တရကိုရုသူရဲကောင်းကွ၊ ဥတ္တရကိုရုသူရဲကောင်းကွ'

ဥတ္တရကိုရုဘက်ကလည်း နာဂကိုရုဘက်က အသံတွေနဲ့ ပြိုင်နိုင်အောင် ထအော်ဟစ်ကြတယ်။ လူဝါလူမျိုးတွေကလည်း မပီကလာ ပီကလာနဲ့ သံယောင်လိုက်ပြီး အော်ဟစ်အားပေးကြတယ်။

ဝိရ မြင်းကို ခပ်ကြွားကြွားလေးစီးပြီး ဣလ္လိ မြင်းကို လာလှည့်ပတ်တယ်။ ဥတ္တရကိုရုကွင်းဘက်ဆီ ပြန်လှည့်သွားတယ်။

'တပ်မမှူး ကျွန်တော်မျိုး ယှတ်တိရှိအောင်တော့ တိုက်ပေးရမယ်'

ဝိရအသံ ဣလ္လိကြားသာရုံ လေထဲမှာ ကျန်ခဲ့တယ်။

ဝိရအပေါ် နားမလည်နိုင်ဖြစ်နေတဲ့ ဣလ္လိအံ့သြခြင်းနဲ့အတူ ဝိရကို နားလည်သွားရတယ်။

ဝိရ နောက်တစ်ကျော့ မြင်းကို ကြွားရွ ရှားစီးလာပြီး ဣလ္လိမြင်းကို ပတ်ပြန်တယ်။ ဥတ္တရကိုရုဘက်က အားပေးသံတွေ ညံနေတော့တယ်။





'တပ်မမှူး ကျွန်တော်မျိုး နာဂကိုရုအတွက် လုပ်ပေးတယ်ဆိုတာ တပ်မမှူးနားလည်ရင် ကျွန်တော်မျိုးကျေနပ်ပါပြီ'

ပြန်လှည့်ထွက်သွားတဲ့ ဝိရမြင်းနောက်မှ ကျန်ခဲ့တဲ့အသံ။

ကွင်းရဲ့တစ်ဖက်အစပ်ရောက်သွားပြီး ဝိရမြင်းကို ပြန်လှည့်စီးလာပြန်တယ်။ ဣလ္လိကို ထိမထင်ဟန်နဲ့ မြင်းနဲ့လှည့်ပတ်တယ်။

'ကျွန်တော်မျိုးဟာ ယေးဟယေးလိုက်တဲ့အကွက်ကို တပ်မမှူးအမိရအရ အသုံးချပါ၊ ကျွန်တော်မျိုးရဲ့ စိတ်ဓာတ်နဲ့နှလုံးသားကို ရာဇသိအောင် ပြောပေးပါ'

ကမန်းကတန်း ဝိရမြင်းလှည့်ထွက်သွားတယ်။

'ဒူ'

အချက်ပေးမောင်းသံ။

စီးချင်းထိုးမယ့် သူရဲကောင်းတွေ ကိုယ့်ဘက်ကွင်းမှာ ကိုယ် နေရာယူကြရတယ်။ ဝိရသူ့ဘက်ကွင်းမှာ နေရာယူရင်း နာဂကိုရု ဆင်တပ်အလယ် ဆင်သူရဲကောင်းပေါ်က ဘုရင်မလေးကို လှမ်းငေးတယ်။

'သားတော် ရန်သူခေါင်းကို ဖြတ်တာ ခမည်းတော် မြင်ချင်တယ်'

ဥတ္တရကိုရုမြို့စားရဲ့ အော်ဟစ်ပြောသံ…

'ဣလ္လိ ဝိရခေါင်းကို ရအောင်ဖြတ်၊ သင့်ကို ကိုးပြည်ဘာစံဝက်ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



နာဂကီရိဘုရင်မလေးကလည်း အားကျမခံအော်ဟစ်ပြောတယ်။ ဒီအခါမှာ ဝိရ ဘုရင်မလေးကို ကြောင်ငေးရင်း မျက်ရည်ဝဲလာတယ်။

'ဒူ'

ဒုတိယအချက်ပေးမောင်းသံ။ ဝိရ ကြောင်ငေးဆဲ…

ဣလ္လိရင်ထဲ ဝိရကို တိုက်ခိုက်ရမှာ ဝန်လေးသလို ဖြစ်နေတယ်။

'ဒူ'

ဣလ္လိ စိတ်ပြောင်းလိုက်တယ်။

ရင်ထဲက ဝန်ထုပ်ကို ထုတ်လွှင့်ပစ်လိုက်ပြီး ဝိရဆီ မြင်းစိုင်းဝင်တယ်။ ဝိရလည်း ချက်ချင်းစိတ်အသင့်ပြင်လိုက်သလို ဣလ္လိကို ဆီးကြိုတိုက်ခိုက်တော့တယ်။

စီးချင်းတိုက်ပွဲက တောက်လျှောက်ကြမ်းတဲ့တိုက်ပွဲပေပဲ။ အဖြတ်အတောက်၊အရပ်အနား၊ အချောင်းအစောင့်မရှိ။ တောက်လျှောက်ကို အင်နဲ့အားနဲ့ တိုက်နေတဲ့ပွဲ။ နှစ်ဖက်အားပေးသူတွေ ရင်တမမနဲ့ဖြစ်ရ၊ အားတက်မာန်တက်ဖြစ်ရမှုတွေက ဖျပ်ခနဲ ဖျပ်ခနဲ တရစပ်ပဲ။

ဓားနဲ့ယဉ်တဲ့လက်တွေ ဓားချင်းယှဉ်မိတယ်ဆို အခုတ် အတွတ် အပက်အထိုး၊ အသုတ်အပင့်၊ အဝင့်အဝဲတွေက သူ့ဘာသာသူ အလိုက်တသင့် လှုပ်ရှားမှုဖြစ်နေတော့တယ်။ ဓားမှာ ဝိညာဉ်ပူးကပ်နေကြသလိုပဲ။ ဟင်ခနဲ ဟာခနဲအသံတွေ။





အိုးခနဲ ဟိုက်ခနဲအသံတွေ။ ဟာ… သွားပြီ။

ဟဲ့… အဲ… တော်သေးရဲ့။

အသံတွေ…

ဉတ္တရဂီရိကွ၊ နာဂကီရိကွ ဆိုတဲ့အသံတွေနဲ့ ရောထွေးနေကြတော့တယ်။

'တပ်မှူးရယ် လက်တွေ့လိုက်တာ၊ ဒီလိုလက်ရည်တူချင်းယှဉ်ရတာ ဘယ်လောက်အရသာရှိလဲဆိုတာ အတိုက်အခိုက်သမားချင်းပဲ နားလည်နိုင်တယ်'

တိုက်ရင်းခိုက်ရင်း ဝိရက ပြောတယ်။

ဝိရ ပြောတာ အမှန်ပဲ။

ဣလ္လိအဖို့လည်း ဝိရနဲ့တိုက်နေရတာ အရသာရှိလွန်းလှချည့်။

'ဝိရအခွေတော် သင်ကျုပ်ကို အရှုံးပေးမယ့် အစီအစဉ်မှလိုက်နော်၊ သင်ကျုပ်ကို နိုင်အောင်တိုက်ရမယ်'

'တပ်မှူး အဲဒါက သင်နဲ့ကျုပ်နှစ်ယောက်တည်းနဲ့ဆိုင်တဲ့ကိစ္စမဟုတ်ဘူး၊ နာဂကီရိနဲ့ဆိုင်တဲ့ကိစ္စ သင်လက်ခံရမယ်'

'ကျုပ်တမင်အရှုံးပေးတဲ့လူအပေါ် အနိုင်မယူချင်ဘူး'

'ဘယ်လို မျိုးနိုင်နိုင်၊ သင်နိုင်မှ နာဂကီရိနိုင်မှာလေ'

'တောက်… ထားစမ်းပါ၊ ကျုပ်ကို သင်နိုင်အောင်တိုက်စမ်းပါ'

'အခုတိုက်နေတဲ့ တိုက်ကွက်တွေကတော့ ကာယ်ကို အနိုင်တိုက်နေတဲ့ တိုက်ကွက်တွေပဲ တပ်မှူး၊ ကျုပ်လည်း

www.burmeseclassic.com



လက်တွေ့နေတာနဲ့ အစွမ်းကုန်တိုက်နေတာအမှန်ပဲ၊ သေချာတာကတော့ သင့်ကို ကျုပ်မနိုင်သေးတာအမှန်ပဲ၊ မရှုံးသေးတာပဲရှိတယ်'

တိုက်ရင်း ခိုက်ရင်း စကားတွေလည်း ကမန်းကတန်းပြောဖြစ်နေကြတယ်။ သူတို့စကားသံတွေ၊ အားပေးသံတွေကြားပျောက်နေတယ်။ ပါးစပ်လှုပ်တာလောက်ပဲ မြင်ကြရတယ်။ သူတို့နှစ်ယောက် မခံချင်စရာ ရန်လိုစကားတွေပဲ ပြောနေကြသလို ထင်စရာ။

'ရာဇက ကျုပ်ခေါင်းဖြတ်တာ လိုလားသတဲ့'

'ဒါတွေ ခေါင်းထဲမထားပါနဲ့ ဝိရရယ်၊ ဒီလိုပဲ သူပြောကိုယ်ပြောပေါ့၊ ရန်လိုနေကြတာပဲ၊ စစ်ပြုနေကြတာပဲဟာ'

'ကျုပ် သူ့အလိုကျဆို ခေါင်းဖြတ်ခံရပါတယ်၊ တပ်မှူးကျုပ်ခေါင်းကို ရအောင်ဖြတ်ပါ'

'ဒါတွေ ပြောမနေနဲ့ ဝိရ၊ သင်ကျုပ်ကို အနိုင်တိုက်ရမယ်'

ဝိရ ပြုံးတယ်။

'အမှန်ပဲ တပ်မှူး၊ သင့်ကို ကျုပ်မနိုင် နိုင်တော့ပါဘူး'

'ကျုပ်မယုံဘူး ဝိရ၊ ကျုပ် စိတ်အနှောင့်အယှက်ဖြစ်ပြီးအနိုင်ရတာမျိုး မလိုချင်ဘူး၊ ကျုပ်ကို ကူညီပါ'

'ကဲပါ… တပ်မှူးရယ်၊ တိုက်ကြသေးတာပေါ့'





သူတို့နှစ်ယောက် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြပြန်တယ်။ အားပေးသံ အာမေဍိတ်သံတွေလည်း ပိုမြန်နေကြတယ်။

'တပ်မှူးရယ် ဝိရခေါင်းကို ရအောင်ဖြတ်ဆိုတဲ့ ရာဇအသံ ကျုပ်နားထဲက မထွက်တော့ပါလား'

'ဓားချက်တွေ ပြန်သွက်လိုက်စမ်း၊ ပြန်ပြင်းလိုက်စမ်းဝိရရယ်၊ အဲဒီအကြောင်းကို မေ့ထားလိုက်စမ်း'

ဝိရ တိုက်အားရှိအောင် ဣလ္လိက ဆိုတယ်။

'သင့်ခမည်းတော် နာဂဂီရိကိုရရင် သင် ရာဇကိုလွယ်ပြီမဟုတ်လား ဝိရရယ်၊ သင့်ခမည်းတော်နာဂဂီရိကို ရနိုင်အောင်သင် အားထုတ်ပေးသင့်တယ်'

'မဆိုင်ဘူး တပ်မှူးရယ်၊ ကျုပ်က ထိုက်ထိုက်တန်တန်ရာဇရင်ထဲက ကြည်ကြည်ဖြူဖြူ အပ်နှင်းတဲ့အချစ်ကိုသာ လိုချင်တာ၊ ရရင်ပြီးရောဆိုတဲ့ အပေါစားအောက်တန်းစား ရိုင်းစိုင်းတဲ့စိတ်မျိုးနဲ့ ရာဇအချစ်ကို မပိုင်ဆိုင်ချင်ပါဘူး'

ပြောရင်းဆိုရင်း သူတို့တိုက်ကွက်တွေ၊ တိုက်ချက်တွေကိုတော့ မဟာသွားအောင် မမှားသွားအောင် ကြိုးစားနေကြလေရဲ့။

အုံသြစရာကောင်းလောက်အောင် အချိန်ကြာကြာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြတယ်။ ဝိရ လက်ပြောင်းလာတယ်။ ဒီရဲ့ ကာကွယ်ချက်တွေ သိပ်မလုံချင်တော့ တိုက်ကွက်ချင်းကသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဆွေတော်ဝိရ ပြန်မြန်ထား ပြန်ပြင်းထားစမ်းဦးလေ'

'တပ်မမှူး တိုက်ပါ၊ ကျုပ်အစွမ်းကုန်ကာကွယ်နေတာပဲ၊ တပ်မမှူး ကျုပ်ကို ထိနိုင်လို့လား'

'သင်အောက်ပိုင်းတိုက်ချက်တွေကိုသာ လုံနိုင်နေတာ၊ အပေါ်ပိုင်း ဟာဟာသွားတယ်'

'လုပ်မနေနဲ့ ထိအောင်ပဲ တိုက်နိုင်ပါဦး၊ သင့်လက်တွေ တိုင်းပြည်တစ်ဝက်နဲ့ လုံ့ဝမတန်ပါလား'

ဝိရ ပမာမခန့်ပြောဟယ်။

'သင် ကျုပ်ကို လှော့နေတာလား'

'ဘာလို့ လှော့ရမှာလဲ၊ ကျုပ်စိတ်ပြောင်းသွားပြီ၊ ကျုပ် သင့်ခေါင်းကို ရအောင်ဖြတ်မယ်၊ ကျုပ်ခမည်းတော် နာဂကီရိကို ရတယ်ဆို ကျုပ် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျုပ်ချစ်တဲ့ရာဇကို အရသိမ်းပိုက်တော့မယ်'

'ကောင်းလေ့ တိုက်ကြရအောင်'

ဣလ္လိအပြင်းအထန်တိုက်တယ်။ ဝိရအပြင်းအထန်ကာကွယ်ရင်း ဣလ္လိကို ပြန်ပြန်တိုက်တယ်။ သူလည်း အပြင်းအထန်တော့ ပြန်ပြန်တိုက်တာပဲ။ ဒါပေမဲ့ သူ့ကာကွယ်ချက်တွေမှာ အစပိုင်းတုန်းကတွေလို အပေါ်ပိုင်းမလုံ ဟာဟာသွားတာကို ဣလ္လိ မြင်မြင်နေရတယ်။

ဣလ္လိ ဝိရသူ့ဟာကွက်သူ သိနိုင်အောင် ဝိရလည်းပင်းကို ဓားနဲ့လှမ်းလှမ်းပက်တယ်၊ ဝိရ မခိုးမခန့် လွှတ်ရုံရှောင်တယ်။





ဣလ္လိကို အတင်းဒလကြမ်းပြန်တိုက်ခိုက်မှုပြုတယ်။

ဆက်တိုက် ဝိရအတင်းဒရစပ် ပြန်တိုက်နေတယ်။ ဝိရ တိုက်ခိုက်မှုမှာ အပေါ်ပိုင်းဟာကွက်တွေ လွှတ်လွှတ်သွားပြန်တယ်။ ဣလ္လိ ဝိရရဲ့ ဒရစပ်တိုက်ခိုက်မှုတွေကို ကာကွယ်ရင်း လွှတ်သွားတဲ့ ဝိရရဲ့လည်ပင်းကို ဓားနဲ့လှမ်းပက်တယ်။ ဝိရ မရှောင် လွှတ်နေတဲ့လည်ပင်းကို ရှေ့ထိုးပေးပြီး ကြွေးလိုက်တယ်။ မြိုနေတဲ့ ဣလ္လိရဲ့ ဓားချက်ကြောင့်...

ဝိရလည်ပင်း ပြတ်ထွက်သွားတော့တယ်။ ပြုတ်ကျသွားတဲ့ ဝိရခေါင်းကို ဣလ္လိယောင်ရမ်း ဆွဲယူလိုက်တယ်။ ဝိရကိုယ်ပိုင်းကတော့ ထွက်ပြေးသွားတဲ့ သူ့မြင်းနောက် တရွတ်တိုက်ပါသွားပြီး မြေပေါ်ပြုတ်ကျသွားတယ်။

နာဂကီရိသားတွေရဲ့ အော်ဟစ်အားပေးသံ မိုးထက်လျှံတက်သွားတယ်။ ဣလ္လိမောမောပန်းပန်းနဲ့ မြင်းကို နာဂကီရိတပ်သားတွေဆီ လှည့်တယ်။ ဣလ္လိကျောပြင်ကို စူးခနဲ တစ်စုံတစ်ခု စူးဝင်သွားတယ်။ ဝင်မှုအရှိန်ပြင်းတော့ လက်ဝဲရင်အုံက ဖောက်ထွက်တယ်။ ကြည့်လိုက်တော့ မြားဦးပိုင်း။

ဣလ္လိ မြင်းပေါ်က ပစ်ကျသွားတော့တယ်။ ရန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ပြီဆိုတာ ဣလ္လိ သိလိုက်တယ်။ နောက် ဣလ္လိ ဘာကိုမှ မသိတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၉)

မြားခသွားတဲ့ ဏှလ္လိကို စစ်သည်တွေက နန်းမြို့တွင်းထဲ အမြန်ပြန်သွင်းတယ်။ နန်းတွင်းသမားတော်ကြီးကို ကုသစေတယ်။

မြို့ရိုးအပြင်ဘက်ကျန်ခဲ့တဲ့ ဘုရင်မလေးနဲ့ ညီမတော်အပါအဝင် နာဂရိစစ်သည်တွေ သစ္စာမရှိတဲ့ ဥတ္တရဂိရိတပ်တွေကို တိုက်ဖို့ ချက်ချင်းပြင်ဆင်တယ်။

မြင်းစီးလူဝါလူမျိုးတွေက အတင်းတားဆီးထားတယ်။

သူတို့ ရန်လိုချင်မှုနဲ့တားဆီးခြင်းမဟုတ်။ စစ်ဆက်မဖြစ်ရေးအတွက် တားဆီးခြင်းဖြစ်တယ်။

မြင်းစီလူဝါလူမျိုးတို့ရဲ့ စစ်သူကြီးက လျှင်မြန်သူဖြစ်တယ်။ ဏှလ္လိမြားထိုသွားတာကိုလည်း မြင်ရရော၊ ဝေ့အကြည့် ဥတ္တရဂိရိမြို့စား လေးနဲ့ပစ်လိုက်တာကို တွေ့လိုက်ရတယ်။ ဆင်ပေါ်က ဥတ္တရဂိရိမြို့စားကို ကြိုးကွင်းပစ်စွပ်ပြီး ဆင်အောက်ဆွဲချလိုက်တယ်။ ဆင်အောက်ရောက်ရောက်ချင်းပဲ ကြိုးနဲ့ပတ်တုတ်လိုက်တယ်။ ဒီလိုသစ္စာမရှိလုပ်တာ အဲဒီစစ်သူကြီးမကြိုက်။ အရမ်းဒေါသဖြစ်နေတယ်။ နှစ်ဦးနှစ်ဖက်သဘောတူ စီးချင်းထိုးခြင်းအရာမှာ ကိုယ့်ဘက်က ရှုံးလည်း ဒီလိုသစ္စာမရှိလုပ်စရာမရှိဘူး ပြောပြီး သူဥတ္တရဂိရိမြို့စားကို ပါးချတယ်။

နာဂရိဘက်ကို စစ်ဆက်မတိုက်ဖို့ မေတ္တာရပ်ခံတယ်။ သူတို့လည်း ပြန်ဖို့ ပြင်တယ်။ ကြိုးတုတ်ခံထားရတဲ့ ဥတ္တရဂိရိ



မြို့စားကို ဘုရင်မလေး လက်အပ်တယ်။ ကျန်တာတော့ ဘုရင်မလေးသဘောပါပဲတဲ့။

လူဝါစစ်သည်တွေ အဲဒီလိုစီစဉ်တာ ဥတ္တရဂိရိစစ်သည်တွေ ဘာမှစောဒကမတက်ရဲ။ ငြိမ်နေကြတော့တယ်။

လူဝါတွေကလည်း သူတို့ပါဝင်တဲ့ စစ်ပွဲမှာ အဲဒီလို သစ္စာမရှိလုပ်လို့ ဥတ္တရဂိရိဘက်သားတွေကို ရစရာမရှိအောင် အပြစ်တင်ကြိမ်းမောင်းကြတယ်။

လူဝါစစ်သူကြီးက ဥတ္တရဂိရိမြို့စားကို ဘုရင်မလေးရှေ့ ဒူးထောက်အထိုင်ခိုင်းရာမှာ ဥတ္တရဂိရိမြို့စားခေါင်းမာနေတယ်။ မပြီးရပ်နေတယ်။ လူဝါစစ်သူကြီး အတင်းဂုတ်ဖိထိုင်ခိုင်းတာတောင် တောင့်ခံပြီးရပ်နေတယ်။

ဘုရင်မလေး ဥတ္တရဂိရိမြို့စားကို ဒေါသမျက်လုံးနဲ့ ကြည့်နေတယ်။ တစ်လံလောက်အကွာက ရပ်ပြီး ကြည့်နေတယ်။

ဘုရင်မလေး လုံးဝမျက်တောင်မခတ် မျက်စိအစုံ မီးဝင်းခင်းတောက်မတတ် လက်လက်ရှူးရှူးနဲ့ ဥတ္တရဂိရိမြို့စားကို ကြည့်နေတယ်။

ဥတ္တရဂိရိမြို့စားကလည်း ဘုရင်မလေးကို အားကျမခံ ပြန်ကြည့်နေတယ်။ ဥတ္တရဂိရိမြို့စား သူကပဲ အမှန်တရားလိုလို တန်နဲ့ထန်နဲ့ ခက်ခက်ထန်ထန်မျက်လုံးတွေနဲ့။

သူတို့အပြန်အလှန်ကြည့်နေကြတာ အတော်ကြာမြင့်လာတော့ လူဝါစစ်သူကြီးတောင် ဘာဆက်လုပ်ရမှန်းမသိလို့ ကြောင်

www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်ဖြစ်နေတယ်။ ကြည့်နေဆဲမှာပဲ…

ဥတ္တရဂီရိမြို့စားကို ချည်နှောင်ထားတဲ့ ကြိုးတွေ မီးထလောင်တယ်။ မီးလောင်တော့ အနှောင်အဖွဲ့က လွတ်သွားတာမို့ ဥတ္တရဂီရိမြို့စား တဟားဟားထရယ်တယ်။

ရယ်နေဆဲမှာပဲ…

ဥတ္တရဂီရိမြို့စားရဲ့ အဝတ်အစားတွေ မီးထလောင်တယ်။ ဒီအခါတော့ ဥတ္တရဂီရိမြို့စား မရယ်နိုင်။ ပြိုးပြိုးပျာပျာနဲ့ အပူဒဏ်ကို ခံစားနေရတယ်။

အဲဒီလို ပြိုးပြိုးပျာပျာဖြစ်နေရင်းမှာပဲ ဥတ္တရဂီရိမြို့စားရဲ့ ကိုယ်လုံးအနှံ့ မီးတောက်တွေ ဖြစ်တယ်။

သိပ်မကြာခင်အချိန်အတွင်းမှာ ဥတ္တရဂီရိမြို့စား ပြာပုံ ဖြစ်သွားတော့တယ်။

'ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

ဘုရင်မလေး အော်ရယ်တယ်။ မြင်ရတဲ့မြင်ကွင်းကြောင့် လူဝါလူမျိုးစစ်သည်တွေရော ဥတ္တရဂီရိဘက်က စစ်သည်တွေရော နာဂဂီရိစစ်သည်တွေရော တအံ့တသြဖြစ်ကြရတယ်။

'ဟား… ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား… ဟား…'

ဘုရင်မလေးကတော့ ရယ်နေဆဲ။

'ငါတို့ရာဇ ဘုန်တန်ခိုးကြီးပါပေ'





'ငါတို့ရာဇ ဘုန်တန်ခိုးကြီးပါပေ'

နာဂဂီရိစစ်သည်တော်တွေ ထအော်ဟစ်ကြတယ်။

ဥတ္တရဂီရိဘက်က စစ်သည်အားလုံး ဘုရင်မလေးကို ဒူးထောက်ရှိခိုး အရိုအသေပေးကြတော့တယ်။

လူဝါစစ်သည်တွေ တအံ့တသြ ခေါင်းတညိတ်ညိတ်နဲ့ ထွက်ခွာသွားကြတော့တယ်။

'ငါတို့ရာဇကေ နဂါးမျိုးနွယ်ကွ၊ လာမစမ်းကြနဲ့'

'နဂါးဘုရင်မလေးကွ၊ ဟင်း… ပြာဖြစ်ချင်ရင်တော်လှန်ကြ'

* * *

ဣလ္လိကိုတော့ မကယ်လိုက်နိုင်ကြ။

ဘုရင်မလေးတို့၊ ညီမတော်တို့၊ စစ်သူကြီးအမတ်တို့ နန်းတွင်းပြန်ရောက်ချိန်မှာ ဣလ္လိ အသက်မရှိပြီ။

တစ်ညလုံး ဘုရင်မလေး အငိုမစဲ။

ညီမတော်လည်း လိုက်ငိုနေမိတော့တယ်။

'မာလလေးရယ်၊ ငါရင်ထဲ စွဲကျန်ခဲ့အောင် သူနောက်ဆုံး ထိုပ်သွားနိုင်ခဲ့တယ်။ ငါက ချစ်လို့နောလို့ပြောတော့ သူမှုန်ကုပ်ကုပ် ရှုသိုးသိုးမျက်နှာ ပြုံးဖြီးသွားတာ၊ အားပါးတရပဲ၊ သူဒီလိုမျိုး တစ်ခါမှ ပြုံးတာ ငါမမြင်ဖူးခဲ့ဘူး၊ အဲဒီအပြုံး ငါ့ရင်ထဲစွဲနေတော့ တယ်၊ နောက်ပြီး ရာဇရယ်၊ ရာဇချစ်တာကလည်း တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



သတ်တော့ဖြတ်တော့မယ့်အတိုင်းပဲတဲ့၊ ကောင်းပါတယ်တဲ့၊ ဣလ္လိ ရင်ထဲ ဘယ်သူမှ မခံစားဖူးတဲ့ ချစ်အရသာမျိုးတွေ ခံစားရတာ ပေါ့တဲ့၊ အားပါးတရ အပြုံးနဲ့ ပြောတယ်၊ အဲဒီအပြုံးဟာ ငါ့ စိတ်မထိန်းနိုင်လောက်အောင်ပဲဟာယ်၊ ငါသူ့ကိုတောင် နမ်းလိုက် မိတော့တယ် မာလလေးရယ်'

ဘုရင်မလေး အရမ်းခံစားနေရတဲ့ညပဲ။

ညီမတော်လည်း အစ်မတော်ကို နှစ်သိမ့်ကြည့်လိုက်၊ သူကိုယ်တိုင်လည်းငိုမိလိုက်။

တောသွားစဉ်က ဣလ္လိရဲ့ပြောပုံ၊ဆိုပုံ၊နေပုံ၊ ထိုင်ပုံတွေ လည်း ဘုရင်မလေး ချာလည်လည်အောင်ကို ပြောလိုက်ငိုလိုက်၊

'နန်းတွင်းပြန်ရောက်လို့ ငါအိပ်စက်ရာမှာ ငါအိပ်မပျော် သေးခင် ငါ့နံဘေးနား သူ့ချစ်စကားပြောသံတွေ ပြန်ကြားယောင် ရင်း အိပ်စက်ရတာ ငါ့ဘဝရဲ့တကယ့်အနှစ်သာရလေးတွေပါ မာလလေးရယ်'

'သူ ငါ့ကို သိပ်ချစ်တယ်ဆိုတာ ငါသိပါတယ်၊ ငါ လည်း သူ့ကိုသိပ်ချစ်ရတာပါ ညီမတော်ရယ်'

'ဘုရင်ဖြစ်ရတာ မကောင်းဘူး ညီမတော်ရယ်၊ မလွှတ် လပ်လိုက်တာ၊ ငါလေ ငါသူ့ကို ဘယ်လောက်ချစ်သလဲဆိုတာ ပြခွင့်နည်းလွန်းတယ်၊ တခြားသူတွေနဲ့လိုပဲ သူ့အပေါ်ကိုလည်း မာန်တွေဟန်တွေနဲ့ ဆက်ဆံနေရချိန်တွေသာများခဲ့တယ်'

'နောက်ပြီး ငါ့စိတ်တွေမကောင်းပါဘူး မာလလေးရယ်





ဘုရင်လုပ်နေရလို့လား မသိဘူး၊ မာန်မြင့်လွန်းတယ်၊ ချစ်ရေး ချစ်ရာမှာတောင် ငါ့မာန်တွေက တစ်ခါတစ်ခါ တင်းခံနေသလိုပဲ၊ သူသာမန်အညတြလို အဖြစ်မရှိသလိုနေရင် ပြောရင် ငါ့မှာ စိတ်တိုလိုက်ရတာ၊ နောက်ပြီး သူငါ့ကို ချစ်တဲ့ချစ်ရေးရာကိုလည်း ငါလိုဘုရင်မကို သူဒီလောက်ပဲ ချစ်နိုင်လား၊ ဒါထက်ပိုချစ်သင့် တယ်၊ ဒါထက်ပိုချစ်နိုင်ရမယ်ဆိုတဲ့ အတွေးတွေဖြစ်တယ်။ မာလ လေးကိုတောင် ပြောဖူးပါတယ်။ ဘုရင်မအချစ်ကို ရလျက်နဲ့ ဘုရင်မကို အချစ်မသည်းနိုင်ဘူး၊ အချစ်နည်းလွန်းတယ် အထင်နဲ့ သူ့ကိုလည်း သိပ်ရန်လုပ်ချင်နေတာပဲ'

'ဘုရင်မကို ချစ်ရတဲ့သူခမျာ၊ တွေးမိလေ တွေးမိလေ သူ့ကို သနားရလေပါ မာလလေးရယ်'

ငိုရလွန်းလို့ အားကုန်တာလား၊ ပြောရလွန်းလို့ အားကုန် တာလား၊ ဘုရင်မလေး အသံတွေအင်အားမဲ့မဲ့လာနေတော့တယ်။

'ရာဇရယ် စိတ်တင်းထားပါ၊ စိတ်ထိခိုက်တော့ လူလည်း ထိခိုက်မှုဖြစ်တယ်၊ နာဂကီရိအတွက် ရာဇလုပ်စရာတွေ အများကြီး ရှိသေးတယ်လေ၊ အဲဒီသတိလေးတော့ ရှိပေးပါနော် ရာဇ'

ညီမတော်ရဲ့ အဲဒီအပြောမှာ ဘုရင်မလေး တွေဝေသွား တယ်။

'နာဂကီရိ၊ ခက်ပါတယ် ညီမတော်ရယ်၊ အဲဒီနာဂကီရိ ကြောင့် ခက်ပါတယ်၊ နာဂကီရိကို အုပ်ချုပ်မင်းလုပ်နေတဲ့ငါ့ ဘဝရဲ့ အဓိက ချစ်ရေးချစ်ရာမှာ အများတကာလို လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရသာမျိုးနဲ့ဝေးခဲ့တယ်၊ ဒါကြောင့် ရာဇ ဂူလ္လိကိုချစ်လွန်းလို့၊ အတင်းဖွက်လွှတ်လဝ်ပစ်လိုက်ရလို့ ဂူလ္လိနဲ့ချစ်ခွင့်ရတာ၊ ညီမတော်ရဲ့ ကျေးဇူးလည်း ပါတယ်ပေါ့'

ဘုရင်မလေး အေးအေးလေးပြောတယ်။

'ရာဇမှာ အကြံတစ်ခုရှိတယ် မာလလေးရယ်၊ ဒါပေမဲ့ နာဂဂီရိရှိနေတော့ ခက်တယ်'

'ဖခမည်းတော် နတ်ရွာစံလွန်တော်မူပြီး နှစ်နှစ်လောက်အကြာမှာ ဖခမည်းတော်ရဲ့ အိပ်ခန်းဆောင်ကို ပြောင်းလဲပြင်ဆင်ဖို့လုပ်တော့ အိပ်ခန်းဆောင်ရဲ့ မထင်မှတ်တဲ့တစ်နေရာကပေချပ်အုပ်တစ်အုပ်ကို ရလိုက်တယ်။ အဲဒီပေချပ်အုပ်ဟာ ငါတို့လူမျိုးတွေရဲ့ ရှေးဟောင်းအတတ်ပညာတစ်မျိုးကို မှတ်တမ်းပြုထားတာ၊ သေဆုံးသူလူစွမ်းတွေရဲ့ ခန္ဓာအစိတ်အပိုင်းတွေကိုဖြတ်အစီအမံပြုလုပ်ပြီး မြို့ရိုးလေးတန်မှာ မြှုပ်ခြင်း၊ မြို့လယ်ဗဟိုမှာမြှုပ်ခြင်းတို့နဲ့ မြို့ကိုစောင့်ရှောက်နိုင်းလို့ ရတယ်၊ ရန်သူတွေကိုအချောက်အလှန့်ပြုလုပ်ပေးသတဲ့။ ဒါကြောင့် စစ်သူကြီးအမတ်နဲ့တိုင်ပင်ပြီး ရာဇဝါဝိရရဲ့အလောင်းကို အဲဒီလိုအစီအမံနဲ့ မြှုပ်လိုက်ပြီလေ၊ နောက် အဲဒီပေမူမှာပါတဲ့ ပညာတစ်မျိုးက သေဆုံးသူတွေရဲ့ ရုပ်ခန္ဓာအလောင်းကို နှစ်ထောင်သောင်း မပုပ်မပျက်မပျက်စီးအောင် ထိန်းသိမ်းထားနိုင်တဲ့ သုတ်လိမ်းဆေးတစ်မျိုးအဲဒီဆေး ရာဇဖော်စပ်ထားမိတယ်။ ခု အခိုက်သင့်ပဲ ဂူလ္လိရုပ်အလောင်းမှာ ရာဇ သုတ်လိမ်းလိုက်တော့မယ်'





'ဂူလ္လိရဲ့ရုပ်အလောင်း သူ့မိဘတွေရှိရာ ဒက္ခိဏာဂီရိကို ပြန်ပို့လိုက်သလားလို့'

'မပို့ဘူး၊ ဘဘစစ်သူကြီးအမတ်ကို ရာဇပွင့်ပွင့်လင်းလင်း ပြောလိုက်မိပြီ၊ ရာဇသိပ်မြတ်နိုးရတဲ့ သူရဲကောင်းကို ရာဇနဲ့အတူပဲရှိစေချင်လို့လို့၊ သူ့မိဘထံကိုလည်း တာဝန်ယူပြီး အကြောင်းပြန်ပေးပါလို့၊ ဘဘစစ်သူကြီးအမတ် သဘောပေါက်ပါတယ်'

'ဒါကြောင့် မာလကို အတွင်းဆောင်မှာထားရစ်ပြီး ဘဘစစ်သူကြီးအမတ်နဲ့ ရာဇထွက်သွားတာကြာလွန်းတာကိုး၊ ညဉ့်ဦးယံနောက်ပိုင်းကျမှပဲ ပြန်ရောက်လာတော့တယ်။ ဂူလ္လိအလောင်းက...'

'နာဂဂီရိတောင်ခြေ သဘာဝဂူတစ်ခုထဲမှာ၊ ဆေးသုတ်သိမ်းပြီး ခေါင်းတလားထဲထည့်ထားတယ်၊ ခေါင်းတလားကိုတော့ သေ့ပါးတဲ့ လှည်းလေးတစ်ခုလုပ်ပြီး တင်ထားတယ်။ ဘဘစစ်သူကြီးအမတ်ကို နှုတ်လုံစေထားခဲ့ပေမယ့် မတော်တဆတစ်ပါးသူသိသွားရင် နေရာပြောင်းသင့်ပြောင်းရာမှာ လွယ်ကူအောင်လို့။ နောက်မှ မာလလေးကိုခေါ်သွားပြီး ဂူလ္လိကို ပြမယ်၊ မာလလေးကလည်း ဂူလ္လိကို မြင်ချင်မှာပါ'

ဘုရင်မလေးစကားကြောင့် ရူပမာလ ဘုရင်မလေးကို ငုံ့မရဲဝေ့မော့ကြည့်တယ်။ ဘုရင်မလေးက ကြင်နာစွာ ရူပမာလဦးခေါင်းကို ပွတ်သပ်ပေးတယ်။

'နောက်ပြီး အဲဒီပညာနဲ့ ပူးတွဲဖော်ပြထားတဲ့ ပညာတစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးက အဲဒီလိုရုပ်အလောင်းရှိနေရင် အဲဒီရုပ်အလောင်းရဲ့ ဝိညာဉ် လူသားတစ်ဦးဦးမှာ ဝင်စားရောက်ရှိချိန်မျိုးမှာ အဲဒီဝိညာဉ်ကိုပြန် တောင်းယူ လုယူလို့ရတယ်တဲ့'

ရာဇအပြောကို ရှုဋ္ဌမာလ နားသိပ်မရှင်း။ ရာဇရိပ်စားမိ တယ်။

'ဒီလို မာလလေးရဲ့၊ ရုပ်အလောင်း ယောက်ျားအလောင်း ဆို ရုပ်အလောင်းရဲ့ ညာဘက်နားအောက်ဆုံးနေရာရဲ့ နောက်လည် တိုင်မှာ 'အဲပ'ဆိုတဲ့ စမလေးကို ရေးထားရတယ်။ မိန်းကလေး အလောင်းဆိုရင်တော့ ဝဲဘက်ပေါ့၊ ရုပ်အလောင်းရဲ့ ဝိညာဉ်အခြား နေရာတွေမှာ လှည့်လည်သွားလာနေရင်တော့ မတတ်နိုင်ဘူး၊ လူတစ်ဦးဦးမှာ ဝင်စားမှုဖြစ်ရင်တော့ အဲဒီဝိညာဉ်ဝင်စားတဲ့လူ နားအောက်ဆုံးနေရာရဲ့နောက်လည်တိုင်မှာ 'အဲပ'ဆိုတဲ့ စမလေး ပါလာတော့တယ်တဲ့၊ ယောက်ျားဆို ညာဘက်ပေါ့၊ မိန်းမဆို ဝဲဘက်ပေါ့၊ အဲဒီလိုပါလာတဲ့ သူ့ကိုတွေ့ရင် ရုပ်အလောင်းရဲ့ ဘဝဟောင်းတုန်းက စွဲမက်စရာသတိရစရာတွေကို ပြန်ပြောပြပြီး သူ့ဘဝဟောင်းကို ပြန်လည်သတိရနေတုန်း သင့်ဘဝဟောင်းရဲ့ ခန္ဓာကိုယ်က သင့်ကိုအလိုရှိနေတယ်၊ အသင့်စောင့်နေတယ် အဲဒီဘဝဟောင်းခန္ဓာကိုယ်အတွက် သင့်ဝိညာဉ်ကို ပြန်ပေးလိုက် နော်လို့ တောင်းယူလိုက်၊ သူ့ဘဝဟောင်းကို သတိရနေချိန်မှ သူ့ဝိညာဉ်ကို သူပြန်ပေးလိုက်လိမ့်မယ်၊ သူ့ဘဝဟောင်းက ခန္ဓာ ကိုယ်ပြန်ရှင်သန်လာလိမ့်မယ်၊ အဲဒီဘဝသစ်က လူကတော့ သေ





သွားပြီပေါ့၊ အဲဒါက အသာတကြည်ပြန်တောင်းယူတာ၊ အဲဒီလို မဟုတ်ဘဲ အဲဒီလူဘဝသစ်မှာ ပျော်နေရင် ဘဝဟောင်းကို ပြန် သတိရပေမယ့် သူ့စိတ်က ငြင်းဆန်ပြီး အခက်အခဲဖြစ်နေမယ်၊ အဲဒါမျိုးဆို ဘဝဟောင်းကို သူပြန်သတိရချိန်မှာ သူ့ကို သတ်ပစ် လိုက်၊ ဘာပဲဖြစ်ဖြစ် သူ့ဘဝဟောင်းက ရုပ်ခန္ဓာကိုယ်ထဲ သူ့ ဝိညာဉ်ပြန်ရောက်လာလိမ့်မယ်၊ အဲ… ဘဝဟောင်းကို သူသတိရ နေချိန်ဖြစ်ဖို့တော့ လိုတယ်'

ရှုဋ္ဌမာလ အဲဒီပညာကို သဘောပေါက်သွားတယ်။

'မာလလေးရဲ့ ရာဇအကြံရှိတာက ရာဇမှာ အပျက်အစီး ရှိနိုင်တော့ပြီဖြစ်တဲ့ ဏုလ္လိရဲ့ ရုပ်ခန္ဓာအလောင်းရှိနေပြီ၊ ခုသူ့နား အောက်ဖျားနောက်မှာလည်း 'အဲပ'စမခွဲထားပြီးပြီ၊ သူဝင်စားတဲ့ လူကိုစောင့်မယ်၊ သူ့ဝိညာဉ်ကို ပြန်တောင်း၊ ဒါမှမဟုတ် ပြန်လု မယ်'

'ရာဇရယ် ရာဇတစ်သက် ဏုလ္လိဟာ လူဝင်စားမဖြစ်နိုင် သေးရင်တော့…'

ဘုရင်မလေး ယှဲ့ယှဲ့ပြုံးတယ်။

'ရာဇမှာ အကြံရှိပါသေးတယ်၊ ငါတို့နဲ့ တောင်ပြတ် ဘောင်မှာဆုံလိုက်ရတဲ့ ဝိဇ္ဇာဓိုရ်ကြီးကို မာလလေး မှတ်မိသေး သား'

'တစ်သက်မှာ တစ်ခါပဲ ကြုံဖူးတဲ့ အဖြစ်ကို မှတ်မိရဲ့ ပေါ့ရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရာဇ သူ့ကိုရှာမယ်၊ သူရေမှော်ဂမုန်းပျိုးစိုက်မှုအောင်မြင်လားမသိဘူး၊ သူရေမှော်ဂမုန်းပျိုးစိုက်မှုအောင်မြင်ရင်တော့ ရာဇအလိုဆန္ဒလုံးဝပြီးပြည့်စုံပြီ၊ ရာဇမသေမချင်း နှစ်ပေါင်းထောင်သောင်းမှာ နှစ်ပေါင်းထောင်သောင်းမပျက်စီးနိုင်တဲ့ ဣလ္လိရုပ်ခန္ဓာအလောင်းကိုပိုက်ပြီး ဣလ္လိဝိညာဉ် သူ့ရုပ်ခန္ဓာကိုယ်ထဲ ပြန်ဝင်လာနိုင်အောင် ကြံဆောင်နိုင်ပြီပေါ့၊ အဲ… အဲဒီမှာ ညီမတော်ကိုတော့ အစ်မတော်အလိုရှိတယ်နော်၊ ညီမတော်၊ အစ်မတော်နဲ့ ဘူတူနှစ်ပေါင်းထောင်သောင်း အသက်ရှင်နေထိုင်နိုင်ဖို့ လိုတယ်၊ ဣလ္လိဝိညာဉ် ဝင်စားသူရှာရာမှာ ညီမတော်ရှိမှဖြစ်မယ်လို့ အစ်မတော်အတွေးရှိတယ်၊ အစ်မတော်က ဣလ္လိရဲ့ရုပ်ခန္ဓာကိုယ်ကြီးထားခဲ့ပြီး ဝေးဝေးလံလံအရပ်မျိုး အစ်မတော် သွားနိုင်မှာမဟုတ်ဘူး၊ အစ်မတော် ဣလ္လိနဲ့ကို မခွဲနိုင်ပါဘူးလေ၊ ညီမတော်က ဣလ္လိဝင်စားသူရှာပေးပေါ့၊ ဣလ္လိဝိညာဉ် ပြန်တောင်းပေးပေါ့၊ လိုအပ်ရင် လုပေးပေါ့နော်'

'အဲဒီလူ ဘယ်မှာရှိတယ်လို့ ညီမတော်က သိနိုင်ပါ့မလား'

'ပေအုပ်ထဲမှာ ပါတယ်၊ အဲဒီလူဝင်စားရှိရာအရပ်မျိုးတွက်တဲ့နည်းပါတယ်၊ လူကိုသိဖို့ကတော့ နားအောက်ရဲ့နောက်ဘက်မှာရှိနေမယ့် စမက ပြနေမှာပဲ'

အချစ်အတွက် အစ်မတော်ရဲ့ အကြံကြီးပါ့ပေ့လို့ ၄၄ မာလ စဉ်းစားမိရဲ့။

'အဲဒီအတတ်ပညာ နည်းမှုတွေရဲ့ နောက်ဆုံးအပြီးမှာ





တော့ ဖခမည်းတော်လက်ရေးနဲ့ ရေးထားတဲ့ စာပိုဒ်တစ်ပုဒ်ရှိတယ် ညီမတော်ရဲ့၊ ရှေ့ပညာရှင်တို့၏ အတတ်ပညာမှု ရှေးသူဟောင်းတို့၏ မှတ်တမ်းမှတ်ရာတွေအဖြစ် သိမ်းဆည်းထားခြင်းသာ ဖြစ်ပါသည်။ အသုံးမပြုသင့်ဟု သက်တော်ရှည်ဆရာရသေ့ကြီးက အမိန့်ရှိခဲ့ပါသည်တဲ့'

'ရာဇအတွက်တော့ အရေးပေါ်နေတယ်၊ အခိုက်သင့်နေတယ်၊ အသုံးပြုမှ ဖြစ်မယ် မာလလေးရယ်'

ဘုရင်မလေး အတန်ကြာငြိမ်တွေနေပြီး…

'နာဂဂီရိကို အုပ်ချုပ်ဖို့အရေးသာမရှိရင် ခုချက်ချင်းပြေးပြီး ဝိန္ဓာမိုရ်ကြီးကို ရှာချင်နေပြီ မာလလေးရယ်၊ နာဂဂီရိအရေးကျတော့လည်း ရာဇပေါ့ဖို့မတွေးဘူး၊ ရာဇလုပ်စရာတွေ အရမ်းတော့ ရှုပ်ထွေးပင်ပန်းရချေရော့မယ်'

နာဂဂီရိအရေးကျတော့လည်း ရာဇပေါ့ဖို့ မတွေးဘူးလို့ဆိုရှာတဲ့ဘုရင်မလေးကို ညီမတော်က တလေးတစားကြည့်မိတယ်။

'ရာဇလိုဘုရင် နာဂဂီရိအတွက် လိုအပ်ပါတယ်ရာဇရယ်၊ ရာဇဘုန်းတန်ခိုးကြီးမှုက အပါးမှာနေတဲ့ ညီမတော်တောင် ခန့်မှန်းလို့မရဘူး၊ ရာဇဟာ တကယ့်နဂါးဘုရင်မလေးပဲ၊ ဥတ္တရဂီရိမြို့စားပြာဖြစ်သွားအောင် ရာဇတန်ခိုးကြီးနိုင်ပါပေ့'

ဘုရင်မလေး ယဲ့ယဲ့ပြုံးတယ်။

'ဥတ္တရဂီရိမြို့စား ပြာဖြစ်သွားတာက သူ့အဘုသိုလ်နဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာပါမာလလေး၊ ရာဇလုပ်တာမဟုတ်ပါဘူး'

'မြင်ရတဲ့သူအားလုံးကတော့ ရာဇရဲ့နဂါးတန်ခိုးလို့ အသိအမှတ်ပြုကြတာပဲ'

ဘုရင်မလေး ခေါင်းခါယမ်းတယ်။

'ဥတ္တရကိုရိုမြို့စား တေဇောဓာတ်အား များလွန်းတယ်၊ သူတေဇောဓာတ်အားများလွန်းတာကိုတော့ ရာဇအတတ်ပညာနဲ့ ရာဇ သိနိုင်ပါတယ်၊ သူ့ဒေါသတွေ အရမ်းပြင်းထန်နေချိန်မှာ သူ့ကိုယ်တွင်း တေဇောဓာတ်အားတွေကလည်း အရမ်းပြင်းထန်နေတော့တယ်၊ လူတစ်ယောက်မှာ ဒီလောက်တေဇောဓာတ်အားပြင်းထန်မှုမျိုး လုံးဝမတွေ့ဖူးတာမို့ ရာဇတောင်အံ့သြမိတယ်၊ သူ့တေဇောဓာတ်အားတွေ အရမ်းပြင်းထန်မှုက သူ့ကိုလောင်ကျွမ်းပြာကျသွားတဲ့အထိ လုပ်ဆောင်သွားတယ်'

ဒါမျိုးမကြားဖူးတာမို့ ရှုဌမာလအရမ်းအံ့သြသွားတယ်။

'မာလလေး'

'ရာဇ'

'ဣလ္လိနဲ့ ရာဇနဲ့ချစ်ရမှုက အချိန်တိုတောင်းလွန်းတော့ ရာဇမခံမရပ်နိုင်ဘူး မာလလေးရယ်၊ ဣလ္လိနဲ့ရာဇတစ်ဝကြီး ချစ်ခွင့်ရအောင် ရာဇကြိုးဆောင်မယ်၊ မာလလေး ရာဇကို ဝိုင်းဝန်းကူညီဆောင်ပေးပါနော်၊ အကူအညီပေးဦးနော်'

ဣလ္လိအကြောင်း ပြန်အစကောက်မှုမှာ ဘုရင်မလေး မျက်ရည်တွေ ဖွေဖွေကျဆင်းလာပြန်တယ်။





ရှုဌမာလလည်း မျက်ရည်ဝဲလာရပြန်ပြီ…

* * *

## (၁၁)

နန်းမြို့တစ်ခုလုံး ဆူညံသွားတယ်။

ရှုဌမာလ နန်းဆောင်လေသာပြတင်းကနေ ထွက်ကြည့်လိုက်တော့ တစ်မြို့လုံးလူတွေ ပြေးလွှားယောက်ယက်ရှုပ်ယှက်ခတ်နေကြတယ်။

'နာဂကိရိတောင်ထိပ်က မီးလျှံတွေထွက်နေတယ်၊ နာဂကိရိတောင်ထိပ်က မီးလျှံတွေထွက်နေတယ်'

တချို့လူတွေက နာဂကိရိတောင်ထိပ်ဘက်ဆီ လက်ညှိုးထိုးပြကြတယ်။

တချို့လူတွေ ဝိုင်းဝန်းအထိတ်တလန့်ကြည့်နေကြတယ်။

'အဲဒါ မီးတောင်ဖြစ်သွားတာ၊ အဲဒါ မီးတောင်ဖြစ်သွားတာ'

'မီးတောင်ဖြစ်ရုံမဟုတ်ဘူး၊ ချက်ချင်းပေါက်ကွဲမယ့်အခြေအနေရှိတယ်၊ ပြေးကြ… ပြေးကြ…'

ရှုဌမာလ နာဂကိရိတောင်ထိပ်ဆီလှမ်းအကြည့် တောင်ထိပ်ဆီက မီးတောက်မီးလျှံတွေ ထွက်နေတာကို တွေ့ရတယ်၊ မီးခိုးလုံးကြီးတွေ ဝုန်းခနဲ ဝုန်းခနဲ မိုးယံဆီ ခုန်ပျံတက်နေကြတယ်။

မြို့တွင်းပြန်အကြည့်မှာတော့ လူတွေသာမက ဆင်မြင်း



www.burmeseclassic.com

www.burmeseclassic.com



တိရိစ္ဆာန်တွေအားလုံး ပြေးလွှားနေကြတယ်။

'မြို့တံခါးတွေ ဖွင့်ထားပါ၊ မြို့တံခါးတွေ ဖွင့်ထားပေးပါ'

ဘုရင်မလေး စူဠမာလနား ရောက်လာတယ်။

'မာလလေး ပြေးကြမယ်… ပြေးကြမယ်၊ နာဂဂီရိ ရတ်တရက် မီးတောင်ပြန်ဖြစ်ပြီး ချက်ချင်းပေါက်ကွဲတော့မယ့် အခြေအနေရှိတယ်၊ ပြေးကြစို့… ပြေးကြစို့'

ဘုရင်မလေး စူဠမာလကို အတင်းဆွဲပြေးတယ်။

မြင်းဇောင်းရောက်တော့ မြင်းတစ်ကောင်ပဲ ရှိတော့တယ်။

ဘုရင်မလေး မြင်းကို ကမန်းကတန်းဖြုတ်ပြီး…

'ညီမတော် တက်စမ်း'

စူဠမာလ မြင်းပေါ်တက်တော့ ဘုရင်မလေးက မြင်းပါးချပ်ကြိုးကို လှမ်းပေးတယ်။ စူဠမာလ ပါးချပ်ကြိုးကို အကျအန ကိုင်မိတော့…

'ဟိတ်'

ဘုရင်မလေး မြင်းကို ရိုက်မောင်းလိုက်တယ်။

မြင်းက စွတ်ပြေးတယ်။

စူဠမာလ မြင်းပါးချပ်ကြိုးကို ဆွဲတင်းလိုက်တယ်။ မြင်း ပတတ်ရပ်သွားတယ်၊ စူဠမာလ မြင်းကိုလှည့်ပြီး ဘုရင်မလေးကို ကြည့်တယ်။

ဘုရင်မလေး မီးတောင်ဘက်ပြေးသွားတယ်။





'ရာဇ အဲဒီဘက်မသွားနဲ့လေ၊ မီးတောင်ပေါက်ကွဲတော့မယ်'

ဘုရင်မလေး ပြန်လှည့်မကြည့် အော်ပြောသွားတယ်။

'မာလလေး ရာဇ ဏုလ္လိကိုသွားခေါ်လိုက်ဦးမယ်၊ သွားနှင့် ပြေးနှင့်၊ ရာဇနဲ့ဏုလ္လိ သင့်ကို အမီလိုက်ခဲ့မယ်၊ ပြေးနှင့်တော့'

စူဠမာလ ဘုရင်မလေးနောက်လိုက်ဖို့ မြင်းကို နှင်တယ်။ မြင်းက နှင်မရ။ မီးတောင်ဘက်ကို လုံးဝသွားချင်ပုံမရ။ လှည့်ပြီး မီးတောင်နဲ့ဝေးရာဆီပြေးတယ်။ မတတ်နိုင်။ စူဠမာလ ဘယ်လိုမှ မတတ်နိုင်။ မြင်းနှင်ရာပဲ ပါသွားတော့တယ်။

တခြားပြေးလွှားနေတဲ့ လူဆင်မြင်းအုပ်စုတွေကလည်း စူဠမာလမြင်းကို ညှပ်ပြီးမောင်းနှင်နေသလိုမို့ စူဠမာလ ဆင်အုပ်၊ မြင်းအုပ်၊ လူအုပ်တွေကြား ညှပ်ပါသွားရတော့တယ်။

မြို့တံခါးတွေလည်း ပျက်စီးကုန်ပြီ။

ဆင်အုပ်၊ မြင်းအုပ်၊ လူအုပ် မြို့ပြင်အရောက်မှာ…

'ဝုန်း'

'ဝုန်း'

'ဝုန်း'

မီးတောင်ဆီက ပေါက်ကွဲသံတွေ ဆက်တိုက်ပဲ။

မြေပြင်တစ်ခုလုံးလည်း သွက်သွက်ခါနေတယ်။

ပြေးလွှားနေတဲ့လူတွေ၊ ဆင်တွေ၊ မြင်းတွေ မြေအောက် ချွံကျသွားတာတွေ စူဠမာလမြင်နေရတယ်။ တောင်ဆီက ကွဲပဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပျံထွက်လာတဲ့ ကျောက်တုံးကျောက်ခဲကြီးတွေနဲ့ မီးလျှံလုံးကြီးတွေ လူတွေကို ထိမှန်ကြ။ ပိကြနဲ့ လူတွေ မရှုမလှခံနေကြရတယ်။ မြင်ကွင်းက စူဠမာလ ရင်တစ်ခုလုံးကို သွက်သွက်ခါဗျာများနေရတော့တယ်။

'ရာဇ… ရာဇ… ဘယ်မှာလဲ၊ ဘယ်ရောက်နေပြီလဲ'

မီးလျှံလုံးကြီးတစ်လုံး စူဠမာလစီးတဲ့ မြင်းကိုလာထိမှန်မှုမှာ မြင်းကြီးလဲပြိုသွားတယ်။ ပြန်ကိုထမလာတော့။

လွင့်ကျသွားတဲ့ စူဠမာလမြေပြင်က အမြန်ထတယ်။

ခါလှုပ်နေတဲ့ မြေပြင်က စူဠမာလရပ်လို့မရအောင်ကိုပဲ။

လှုပ်ခါနေတဲ့ မြင်ကွင်းတွေထဲမှာ မြေထဲကျွံဝင်သွားမှုတွေ၊ ကျောက်တုံးမီးလုံးထိမှန်မှုတွေက ပြည့်နှက်နေတယ်။ အဝေးက လှမ်းမြင်နေရတဲ့တောင်တွေလည်း လှုပ်ခါနေလေရဲ့။

'အို… ရာဇ'

မြို့တံခါးဝက ထွက်လာတဲ့ ဘုရင်မလေး။

ခေါင်းတလားလှည်းကို အတင်းအပါဆွဲပြီး ဒယီးဒယိုင်ပြေးလွှားနေရတဲ့ ဘုရင်မလေး။

'ရာဇ မာလ လာကူမယ်'

စူဠမာလ ဘုရင်မလေးဆီ ပြေးသွားမယ်ပြုတယ်။

မီးလုံးတစ်လုံး စူဠမာလကို လာထိမှန်ပြီး တစ်ကိုယ်လုံးပူခြစ်သွားတယ်။ စူဠမာလရဲ့ ခန္ဓာကိုယ်လှုပ်မရတော့။

အကြည့်ကိုတော့ ဘုရင်မလေးဆီ အတင်းဖွတ်ပို့ထားသေးတယ်။





အကြည့်အာရုံမှာ ခေါင်းတလားလှည်းကိုပါအောင် ကြိုးစားဆွဲနေသေးတဲ့ ဘုရင်မလေး၊ အတော့်ကိုတော့ ပင်ပန်းနွမ်းနယ်နေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူ၊ မြင်း၊ ဆင်သေတွေ ပြိုပျက်နေတဲ့မြေတွေ။ ကျောက်တုံးကျောက်ခဲတွေ မီးလုံးနဲ့ မီးလောင်မှုတွေ။ မြေပြင်ကလည်း လှုပ်ခါဆဲ။ ပေါက်ကွဲမှုတွေကလည်း ဖြစ်နေဆဲ။

လူသားလှုပ်ရှားနေမှုဆိုလို့ ခေါင်းတလားလှည်းပါအောင်ဆွဲနေတဲ့ ဘုရင်မလေးရဲ့ လှုပ်ရှားမှုတစ်ခုပဲ စူဠမာလမြင်ရတယ်။

'လူတွေအကုန်လုံးသေကုန်ပြီ ထင်တယ်၊ ရာဇ မသေသေးဘူး၊ ဝမ်းသာလိုက်တာ'

'အို… ငါလည်း မသေသေးဘူး'

ဒါပေမဲ့ အဲဒီအတွေးဟာ စူဠမာလအတွက် နောက်ဆုံးတွေးနိုင်မှုပဲဖြစ်ခဲ့တယ်။ ခဏချင်းမှာပဲ စူဠမာလအသိအမှောင်ကျသွားတော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းတလားလှည်းဆွဲပြီး တောထဲလှည့်လည်နေတဲ့ မိန်းမလှ

မိုးထိန်ထိန်လင်းနေပြီ။

မာလာက သူ့ပုံပြင်လေးကို ရပ်လိုက်တယ်။

ရဲရင့်အခေါင် အညောင်းအညာဆန့် ဟိုဒီခေါက်တုံ့ ခေါက်ပြန်လျှောက်လိုက်တယ်။

'မာလာပုံပြင်ကလည်း ရှည်လျားပါ့။ တစ်ညလုံးထိ ပြောရတာပဲ၊ တစ်ညလုံးတောင်မကပါဘူး၊ ခုမိုးပဲထိန်ထိန်လင်း ပြီ၊ တော်သေးရဲ့ ပုံပြင်ဆုံးသွားလို့'

မာလာက ပြုံးပြီး ခေါင်းခါယမ်းတယ်။

'ပုံပြင်က မဆုံးသေးဘူး၊ မိုးထိန်ထိန်လင်းနေလို့ မာလာ ရပ်လိုက်တာ'

ရဲရင့်အခေါင် မျက်နှာရှုံ့မဲ့လိုက်တယ်။

'လက်ဖက်ရည်သောက်ချင်ပြီ'

'မာလာဖျော်ပေးရမလား'

'ဟင့်အင်း… ဆိုင်မှာ သောက်မယ်၊ အညောင်းဖြေ လမ်းလျှောက်သွားပြီး ဆိုင်မှာ သောက်မယ်၊ မာလာ လိုက်ခဲ့ဦး'





သူတို့လက်ဖက်ရည်ဆိုင်ဆီ လျှောက်ခဲ့ကြတယ်။

လက်ဖက်ရည်မှာပြီး ထိုင်နေကြတယ်။

မာလာ ရဲရင့်အခေါင်မျက်နှာကို တစ်လျှောက်လုံး အကဲ ခတ်ခပ်ခပ်နဲ့။

'ကိုရဲ နာဂမာလာဘုရင်မလေး အရမ်းသနားဖို့ကောင်းတာ ပဲနော်'

ရဲရင့်အခေါင် ဘာရယ်ပြန်မပြော။

'ဣလ္လိလည်း သနားဖို့ကောင်းရဲ့'

မာလာက ပြောပြန်တယ်။

ရဲရင့်အခေါင် တွေးနေမိတာက မာလာ သူ့ကို ဘာလို့ ဒီပုံပြင်ကို ပြောရတာလဲ။ ဘာရည်ရွယ်ချက်နဲ့ တကူးတကကျကျနန ပြောရတာလဲ။

'ကိုရဲ သူတို့နှစ်ယောက်ကို မသနားမိဘူးလား'

မာလာ မေးတယ်။

'ကိုရဲက ဥတ္တရဂီရိမြို့စားကို သနားမိတာ'

ရဲရင့်အခေါင် အပြောကြောင့် မာလာမျက်လုံးအစုံ ဝိုင်း စက်သွားတယ်။

'ဟင်… ဘာဖြစ်လို့'

အမှန်ရဲရင့်အခေါင် မာလာ့ကို ကန့်လန့်တိုက်ပြီး ပြော လိုက်တာ။ မာလာပုံပြောစဉ်က နာဂမာလတို့ ဣလ္လိတို့ကို အသေး ပေါ်ဖွဲ့လွန်းလို့ မွမ်းလွန်းလို့။



www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲ့ ဘာဖြစ်လို့ ဥတ္တရကိုရီမြို့စားကို သနားရတာလဲ၊ ဒီလူကြီးမုန်းဖို့ကောင်းတဲ့ဟာကို'

ရဲရင့်အခေါင်ပြုံးပြီး ပြောတယ်။

'ဥတ္တရကိုရီမြို့စားမျာ သနားစရာပါ၊ တစ်ကိုယ်လုံး မီးလောင်ပြာကျသေသွားရတယ်'

မာလာ နှုတ်ခမ်းစူပုပ်ပုပ်ဖြစ်သွားတယ်။

'သူ့အကုသိုလ်နဲ့သူ ဖြစ်ရတာ။ ကိုရဲပဲ ကြံကြံဖန်ဖန် ဒီလူမျိုးကို သနားရတယ်လို့'

'သူက ယောကျ်ားကောင်းပဲ'

'ဘာဖြစ်လို့'

'ဘုရင်ဖြစ်ချင်လို့'

မာလာစိတ်ရှုတ်စွာ ရဲရင့်အခေါင်ကိုကြည့်နေတယ်။

'မာလာ စဉ်းစားကြည့်လေ၊ ဘုရင်ဖြစ်ချင်တဲ့သူဟာ ယောကျ်ားကောင်းတစ်ယောက်မို့ပေါ့၊ ဘုရင်တစ်ပါးရဲ့ တာဝန် တွေကို သူ မသိဘဲနေမလား၊ အဲဒီလေးပင်တဲ့တာဝန်တွေကို သူ ထမ်းရွက်ချင်တဲ့စိတ်ရှိတာဟာ ယောကျ်ားကောင်းတစ်ယောက် မို့သာပဲပေါ့၊ ဣလ္လိလိုယောကျ်ားကတော့ ဘုရင်မကို ပိုးဖို့ပဲသိတဲ့ လူစား၊ ဒီလိုလူစားတွေက အပေါစားတွေပါ၊ ဘုရင်မ ချောချော လေးတစ်ပါးကို ဘယ်ယောကျ်ားမဆို ပိုးချင်သူတွေချည့်'

မာလာ ခေါင်းတခါခါဖြစ်နေတော့တယ်။

'အဲဒီပုံပြင်နားထောင်ရတော့ ကိုရဲ့အာရုံမှာ နာဂမာလ





ဘုရင်မလေးကို မမြင်ယောင်မိဘူးလား'

အမှန်က မာလာပုံပြင်ကို အတော်ရှစ်လုံးဖော်ပြပြော နိုင်တဲ့အတွက် ပုံပြင်ထဲက နာဂမာလဘုရင်မလေးရဲ့ ရုပ်သွင် ဆိုတ်လက္ခဏာတွေ ပုံပြင်နားထောင်ရသူ ရဲရင့်အခေါင် စိတ် အာရုံထဲ ထင်ပေါ်မှုရှိတယ်။ ဒါပေမဲ့ ဒီပုံပြင်ကို ဘာရယ်မသိ။ သူ့ကို တကူးတက ကျကျနနပြောပြတဲ့ မာလာကို ကန့်လန့်တိုက် ပြောဆိုချင်တာမို့…

'ကိုရဲ့ စိတ်အာရုံထဲမှာရော အသည်းထဲမှာရော စွဲကျန်ခဲ့ တာတစ်ခုရှိတယ် မာလာရဲ့'

မာလာ စိတ်လှုပ်ရှားစွာ …

'ပြော ကိုရဲ၊ ပြော…'

'ပုံပြင်ထဲက နာဂမာလဘုရင်မလေးကို မဟုတ်ဘူး၊ ပြောကောင်းတဲ့ မာလာကို'

'အို'

မာလာ နှုတ်ခမ်းပွင့်ဟသွားတယ်။

လက်ဖက်ရည်လာချတော့ သူတို့စကားပြောပြတ်သွား တယ်။ မာလာ တစ်ခုခုကို အကြံထုတ်စဉ်းစားနေသလိုပဲ။

'ပုံပြင်က မဆုံးသေးဘူး ကိုရဲရဲ့'

'ဆက်ပြောပြဦးမယ် ဆိုပါတော့'

မာလာ ခေါင်းညိတ်တယ်။

'နာဂမာလဘုရင်မလေး အရမ်းသနားစရာကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညကျလာနော်၊ မာလာ ဆက်ပြောပြမယ်'

'တစ်ညလုံး ပြောဦးမှာလား'

'တစ်ညလုံးရယ်တော့ မဟုတ်ပါဘူး ကိုရဲရယ်၊ ပြီးတဲ့အထိပေါ့၊ နာဂမာလာဘုရင်မလေးအကြောင်းက ကျန်နေသေးရဲ့'

'နာဂမာလတို့ ကူလ္လိတို့ စူဠမာလတို့ ဝိရတို့ကို စိတ်ဝင်စားလို့ရယ်တော့ မဟုတ်ပါဘူး၊ အင်း… မာလာဂါမှာတော့ ရဲရင့်အခေါင် လာမှာပေါ့'

မာလာစိတ်မကောင်းစွာ ရဲရင့်အခေါင်ကို တွေကြည့်နေတယ်။

'ကိုရဲရယ် မာလာအပေါ် အာရုံကျမနေပါနဲ့၊ မာလာပြောတဲ့ပုံပြင်မှာ အာရုံဝင်စားနေကြည့်ပါ၊ ပုံပြင်ထဲက ဇာတ်ကောင်တွေကို စိတ်ဝင်တစား အာရုံခံစားကြည့်ပါ၊ အထူးသဖြင့် နာဂမာလာတို့ ကူလ္လိတို့နေရာ ဝင်စားအာရုံခံစားနေကြည့်ပါလား၊ မာလာကိုရဲကို ဒီပုံပြင် ပြောပြနေတာ၊ ကိုရဲအတွက် တစ်စုံတစ်ခုလုပ်ပေးချင်လို့ပါ'

'ကိုရဲအတွက် လုပ်ပေးချင်လို့'

ရဲရင့်အခေါင် မေးမိတယ်။

'မာလာ ပွင့်ပွင့်လင်းလင်း ပြောပြပါလား၊ ဒီပုံပြင်နဲ့ ကိုရဲအတွက် မာလာလုပ်ပေးချင်တာနဲ့ ဘယ်လိုပတ်သက်မှုရှိလို့လဲ'

မာလာ သက်ပြင်းညှင်းညှင်းချတယ်။

'ကဲပါ ကိုရဲရယ်၊ ဒီညပုံပြင်လာနားထောင်ကြည့်ဦးနော်'





ရဲရင့်အခေါင် မာလာကို တွေကြည့်နေပြီး…

နောက် ခေါင်းညိတ်ပြလိုက်ပါတယ်။

မာလာပြန်သွားပြီးနောက် ရဲရင့်အခေါင် လက်ဖက်ရည်ဆိုင်အားပွဲမှာ တစ်ယောက်တည်း အကြာကြီးထိုင်နေမိတယ်။

အတွေးတွေ မာလာပြောတဲ့ ပုံပြင်ဆီပြန်ပို့တယ်။

အချစ်ပုံပြင်လေးပါပဲ။

မာလာကို သက်သက်ကန့်လန့်တိုက်ပြီး ပြောရပေမယ့် သနားစရာ ပုံပြင်လေးတစ်ပုဒ်ဆိုတာကိုတော့ ရဲရင့်အခေါင် လက်ခံပါတယ်။

မမျှော်လင့်ဘဲ ဘုရင်မလေးအချစ်ကို ရလိုက်တဲ့ ကူလ္လိ။ ကံကောင်းသာရမလိုပေမယ့်…

ကူလ္လိကိုချစ်တဲ့ဘုရင်မလေးရဲ့ အချစ်က ရာဇဏ္ဍနဲ့ ပတ်သက်ပြီးကလည်း မထိန်းသိမ်းလို့မဖြစ်၊ အသက်ငယ်ငယ်နဲ့ တိုင်းပြည်ကို ခေါင်းပေါ်တင်ထားရတဲ့ ဘုရင်မလေးရဲ့အချစ်နဲ့ အဖြစ်ကလည်း…

သူတို့ချစ်သက်တမ်းက အားမရချင်စရာ တိုတိုလေးရယ်၊ ချစ်သက်တမ်းတိုတိုလေးထဲမှာ တိုင်းရေးပြည်ရေးနဲ့ပတ်သက်ပြီး ကြုံကြားရတဲ့အပူအပင်တွေ၊ အဲဒီအရေးမှာပဲ ချစ်သူကူလ္လိကို ဆုံးရှုံးရတဲ့ ဘုရင်မလေးရဲ့သောက။

အဲဒီသောကနဲ့ တစ်ဆက်တည်း သဘာဝဘေးဒဏ်ကြောင့် တိုင်းပြည်ပျက်စီးဆုံးရှုံးရတဲ့ ဘုရင်မလေးရဲ့ဒုက္ခသောက



www.burmeseclassic.com

www.burmeseclassic.com



များ။ တကယ့်သနားစရာ ချစ်ပုံပြင်လေးတစ်ပုဒ်လို့ ဆိုလိုရပါ တယ်။ ဒီကြားထဲ ဘုရင်မလေးကို တစ်ဖက်သတ် အသက်ပေး ချစ်သွားရှာတဲ့ ဝိရနဲ့ တိတ်တခိုးအချစ်၊ တစ်ဖက်သတ် အချစ်သမ လေး စူဠမာလ။ သူတို့ကလည်း သနားစရာချစ်ပုံပြင်လေးထဲက သနားစရာဇာတ်ကောင်တွေပါပဲ။

မာလာ့လုပ်ရပ်ကို နားမလည်နိုင်လွန်းလို့သာ။ မာလာ ပြောတဲ့ ပုံပြင်လေးကို ခံစားကြည့်လိုက်ရင် သနားစရာချစ်ပုံပြင် လေးတစ်ပုဒ်ဆိုတာကို လက်ခံရရဲ့။

ဒါပေမဲ့ ရဲရင့်အခေါင်ရဲ့ စိတ်တွေက ပုံပြင်ထဲစီးမျော နေမှုထက် မာလာဆီသာ ပျံ့ဝဲမှုဖြစ်ဖြစ်သွားတယ်။

မာလာက ဒီပုံပြင်ပြောတာ ကိုရဲအတွက် တစ်စုံတစ်ခု လုပ်ပေးချင်လို့တဲ့။

ဟိုတစ်ခါကလည်း ပုံပြင်မပြောခင်ကလည်း နောက်ကျ တော့ မာလာရဲ့တာဝန်ကျေမှု၊ သစ္စာရှိမှုကို ကိုရဲအသိအမှတ်ပြု သွားရမှာပါတဲ့'

မာလာစကားတွေ နားထောင်ပြီးရင် ကိုရဲစိတ်တွေ ရှင်း သွားမယ်၊ လင်းသွားမယ်၊ ပျော်ရွှင်သွားမယ်တဲ့။

'ဟူး'

ရဲရင့်အခေါင် လေပူမှုတ်ထုတ်လိုက်မိတယ်။

'ဘာမှ ရှင်းမသွားဘူး၊ မလင်းသွားဘူး၊ မပျော်ရွှင်သွား ဘူး'





အောင့်သက်သက်လေသံတိုးတိုးနဲ့ မကျေမနပ်ရေရွတ် တယ်။

'ဟော့ကောင် ရဲရင့်၊ တစ်မနက်လုံး လိုက်ရှာလိုက်ရတာ ကွာ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ရဲ့ လက်ဖက်ရည်စားပွဲမှာ ဝင် ထိုင်တယ်။

'မင်းတို့အိမ်ရှေ့ ငါအခေါက်ခေါက်ရောက်တယ်။ မင်း ပြန်မရောက်လာနိုင်တဲ့အဆုံး ငါဟိုအိမ်ကြီးဘက်ဆီ သွားသွားငေ့ ဆုကြည့်တယ်။ မင်းနဲ့မိန်းကလေးတစ်ယောက် ဒီလက်ဖက်ရည် ဆိုင်ထဲမှာ ထိုင်နေတာ တွေ့မိတယ်လို့ တစ်ယောက်က ငါ့ကို ပြောတာနဲ့ ငါဒီလိုက်လာတာ၊ ဘယ်ရောက်သွားလဲ၊ ပြန်သွား ပြီလား၊ ဟိုမကောင်းဆိုးဝါးမလေး'

'ဆက်ကြီးရာ မင်းကလည်း မညာမတာပြောရက်လိုက် တာ'

'ရဲရင့် ညက ငါမင်းကိုစိုးရိမ်နေမိတာ၊ မင်းပြန်လမ်းမှ ရှိပါ့မလားလို့'

'ဟာကွာ··· မင်းပြောလိုက်တာကလည်း အဆုံးအစွန်ပဲ'

'တော်သေးရဲ့ မင်းကို အေးမသိရန့်မခ ပြန်တွေ့မြင်ရ လို့ သူငယ်ချင်းညက မင်း ဘာတွေ သည်းထိတ်ရင်ဖိုဖြစ်ရသေး ပဲ'

ဆက်ပိုင်စိုး လက်ဖက်ရည်မှာသောက်တယ်။ ရဲရင့်အခေါင်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ပြောပြမယ့် တစ်ညတာ အဖြစ်ကို နားစွင့်တယ်။

'ဘာသည်းထိတ်ရင်ဖိုမှ မဖြစ်ရပါဘူး ဆက်ကြီးရာ၊ မင်းက အတော်သည်းထိတ်ရင်ဖိုတွေ နားထောင်ချင်ပုံရတယ်'

'ငါသည်းထိတ်ရင်ဖို နားထောင်ချင်တာထက် မင်းအဖြစ်က သည်းထိတ်ရင်ဖိုဖြစ်နေတယ်ဆိုတာ မင်းသိလား'

'ငါညကဘာမှ သည်းထိတ်ရင်ဖို မဖြစ်ရပါဘူးကွာ'

ဆက်ပိုင်စိုး မယုံကြည်သလို ရဲရင့်အခေါင်ကို စူးစမ်းကြည့်ကြည့်တယ်။

'ဒါဆို သူညက မင်းကိုခေါ်ပြီး ဘာမှမလုပ်ဖူးလား'

'သူပြောသလို ပုံပြင်ပဲပြောတာလား'

ရဲရင့်အခေါင် ခေါင်းညိတ်တယ်။

'ဘယ်လိုပုံပြင်လဲ၊ သူပြောတဲ့ပုံပြင် ငါ့ကို ပြောပြစမ်းပါဦး၊ သူ မင်းကို သက်သက်မဲ့ ပုံပြောမှာ မဟုတ်ဘူး၊ အကြောင်းရှိမယ်၊ အဲဒီအကြောင်း ငါစူးစမ်းမယ်'

ရဲရင့်အခေါင် စိတ်မပါသံနဲ့ပြောတယ်။

'အချစ်ပုံပြင်ပါကွာ'

'အချစ်ပုံပြင်၊ အချစ်ပုံပြင်ကို သူက ညဘက်မင်းတို့ တကူးတကခေါ်ပြီး ပြောတယ်၊ ဒါ... ဒါ... မင်းစိတ်ညို့ဖူ ဖမ်းစားတဲ့သဘောရှိတယ်၊ မင်းကို ကျူးသွင်းနေတဲ့သဘော၊ မင်းကို အနုနည်းနဲ့သူဖြားယောင်းပြီး လိုရာအသုံးချတော့မယ်၊ အပိုင်ချည်နေပြီ၊ အပိုင်ချည်နေပြီ'





'ဆက်ကြီးရာ၊ အဲဒီလိုမဟုတ်ပါဘူး'

'မင်းဘာသိနိုင်မလဲ၊ မင်းအညှို့ယူခံထားရတာ ဘာသိနိုင်မလဲ'

ရဲရင့်အခေါင် စိတ်ပျက်စွာ ခေါင်းခါယမ်းတယ်။

သူ ဆက်ပိုင်စိုးကို မာလာ သူ့ကိုပြောပြသလို အဲဒီပုံပြင်ကိုလည်း ကျကျနနပြန်မပြောတတ်၊ ရှည်ရှည်လျားလျားမို့ ပြန်လည်းပြောပြမနေချင်တော့။ ဆက်ပိုင်စိုး စကားလမ်းပြတ်အောင်တော့ သူတစ်မျိုးလှည့်ပြောလိုက်တယ်။

'အချစ်ပုံပြင်ဆိုပေမယ့် လူခေါင်းဖြတ်တဲ့ စီးချင်းထိုးပွဲအကြောင်းပါတယ်ကွ'

ဆက်ပိုင်စိုး ခေါင်းမတ် ခါးမတ်ဖြစ်သွားတယ်။

'လူတစ်ယောက် အလိုလိုမီးထလောင်ပြီး သေသွား ပြာကျသွားတာပါတယ်ကွ'

'ဟာ'

ဆက်ပိုင်စိုး ပါးစပ်ပွင့်ဟသွားတယ်။

'ဒါ သူမွေးထားတဲ့ သရဲတွေအကြောင်းများလား'

ရေရွတ်တယ်။

'တစ်မြို့လုံးမီးတောင်ပေါက်ကွဲပြီး သေသွားကြ၊ ပျက်စီးသွားကြရတာတွေ ပါတယ်ကွ'

'ဟာ... ဟာ... သူအဲဒီမြို့က ဝိဉာဉ်တွေကို ပိုင်စိုးထားတဲ့မှော်ဆရာမများလား'



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပိုင်စိုး မျက်လုံးစုံမှိတ်ပြီး စဉ်းစားနေဟန်ပြုတယ်။

'ဆက်ကြီး'

'ကျွိ'

ဆက်ပိုင်စိုး တိုင်ခုံနောက်ဆီရွေ့သွားတယ်။

'ဆက်ကြီး'

'ကျွိ'

ထပ်အခေါ်မှာ ဆက်ပိုင်စိုး တိုင်ခုံနောက် ရွေ့သွားပြန်တယ်။

'ရဲရင့် မင်းသတိထား... သတိထား၊ ငါ့ကို ဘာလို့ ထပ်တလဲလဲခေါ်နေတာလဲ၊ ဘာလုပ်မလို့လဲ'

ရဲရင့်အခေါင် စိတ်ပျက်သွားရဲ့။

'ဆက်ကြီး၊ မင်းအတွေးတွေ သိပ်မလွန်နဲ့ကွာ'

'ဩော်... အေး၊ အဲ... ငါအတွေးတွေ လွန်သွားတယ်။ အဲ... ဆက်ပြောပါဦးကွာ၊ မင်းပုံပြင်ထဲက သည်းထိတ်ရင်ဖိုတွေ'

ရဲရင့်အခေါင် ခေါင်းခါယမ်းလိုက်တယ်။

ဖွာကျသွားတဲ့ ဆံပင်ရှည်ကြီးကို ပြန်သပ်သိမ်းလိုက်တယ်။

'ဆက်ကြီး တခြားအကြောင်းပြောကြမယ်ကွာ၊ ဒီအကြောင်းတွေ မင်းစိတ်မဝင်စားနဲ့တော့၊ တော်ကြာ ငါဘာမှမဖြစ်ဘဲ မင်းရူးသွားလိမ့်မယ်'

* * *





(၂)

တောင်ပြတ်ကြီး...

နာမည်ကတော့ တောင်ပြတ်ကြီး။ ဘယ်နေရာမှာမှ ပြတ်နေတာမရှိ။ ဘာလို့တောင်ပြတ်ကြီးလို့ ခေါ်တွင်ရတာလဲ။

ဟိုးရှေးရှေးခါကာလကတော့ အဲဒီတောင်ကြီး အလယ်က ပြတ်နေသတဲ့။ ပြတ်နေတာမှ ဓားနဲ့ခုတ်ဖြတ်ထားသလို အလယ်မှာပြတ်နေခြင်းဖြစ်ပြီး တစ်ပိုင်းစီကွာဟနေသတဲ့။ တောင်နှစ်လုံး ဖြစ်နေသတဲ့။

နဂါးတွေရဲ့ ရှေးဟောင်းမြို့တော်ကြီး မီးတောင်ပေါက်ကွဲတဲ့အခါ မြေငလျင်ဂယက်ရိုက်ပြီး ဝန်းကျင်တောင်တွေ အခြေပျက်ကုန်သတဲ့။ အဲဒီအခါသမယမှာပဲ အဲဒီတောင်ပြတ်ကြီးဟာလည်း တစ်ဆက်တည်းဖြစ်သွားတာတဲ့။ ရှေးလူတွေရဲ့တစ်ဆင့်တစ်ဆင့် အပြောစကား။ အခု လူတွေ တောင်ပြတ်ကြီး/ဘယ်နေရာမှာ အပြတ်ရှိလောက်ခဲ့တယ် မှန်းဆလို့ပင်မရ။

နဂါးမြို့တော်ဆိုတာက တောင်ပြတ်ကြီးနဲ့အတော်လေးလှမ်းရာ တစ်နေရာမှာ နဂါးမင်းသမီးလေးတစ်ပါး ထီးနန်းတည်ထားအုပ်စိုးနေသတဲ့။ အဲဒီမင်းသမီးလေး တန်ခိုးအမျိုးမျိုးရှိသတဲ့။ အဲဒီနဂါးမင်းသမီးလေးဟာ လူသားတွေကို ချစ်ခင်တဲ့စိတ်ဓာတ်ကြောင့် အဲဒီလိုလာနေခြင်းဖြစ်သတဲ့။ သူချစ်တဲ့ချစ်သူ လူသားတစ်ယောက်ကို တပ်မှူးအဖြစ် မြှောက်စားထားသတဲ့။ သူခင်မင်တဲ့လူသားတစ်ယောက်ကိုလည်း မြို့စားအဖြစ် မြှောက်စားထား

www.burmeseclassic.com



သတဲ့။ တစ်ခါမှာတော့ ဘယ်လိုမှ မထင်မှတ်ဘဲ အဲဒီမြို့စား နဂါးမြို့တော်ကို ချီတက်တိုက်ခိုက်သတဲ့။ အဲဒီစစ်ပွဲမှာ နဂါးမင်းသမီးလေးရဲ့ချစ်သူ မြို့စားရဲ့မြားခပြီး သေဆုံးသတဲ့။ မြို့စားလည်း နဂါးမင်းသမီးလေးရဲ့ မျက်စောင်းမှာ ပြာဖြစ်သွားသတဲ့။ နဂါးမင်းသမီးလေး အမျက်ကြီးလွန်းတယ်။ မြို့စားသေသွားတာတောင် မကျေနပ်နိုင်ဘဲ အမျက်တွေဆက်ကြီးပြီး ချစ်သူလည်း မရှိတော့ပြီဖြစ်တဲ့ လူ့ပြည်ကိုလည်း စိတ်ကုန်၊ သူချစ်တဲ့ သူ့နှမ်း သူ့မြို့ သူ့တိုင်းပြည်ကိုလည်း လူ့ပြည်မှာမထားတော့ဘူးဆိုတဲ့ စိတ်ဖြစ်ပြီး နဂါးပြည်က သူအပိုင်စားရတဲ့ မီးတောင်ကိုပေါက်ကွဲစေကာ တစ်တိုင်းပြည်လုံးကို ဖျက်ဆီးလိုက်တော့သတဲ့။ အဲဒီတိုင်းပြည် နာဂဂီရိပြည်တဲ့။

အဲဒါကတော့ အဲဒီပတ်ဝန်းကျင်တောင်တွေမှာ နေထိုင်ကြတဲ့ တောင်ပေါ်သားတွေရဲ့ နှုတ်ဖျားမှာရှိနေခဲ့တဲ့ ပုံပြင်တစ်ပုဒ်။ ခုခေတ်ခုအခါမှာတော့ အဲဒီနဂါးမြို့ဟောင်းတို့ဘာတို့ဆိုတဲ့ နေရာမှန်းဆလို့တောင် လုံးဝမရနိုင်။ တောင်တွေတောတွေရဲ့ ဝိတ်ဆို့မှုကြောင့် လူသူအရောက်အပေါက်လည်း မရှိ။

ဘာပဲဖြစ်ဖြစ် အဲဒီဝန်းကျင်က တောင်ပေါ်သားတွေမှာတော့ သူတို့ချင်းအဆက်အစပ်ရှိတယ်ဖြစ်ဖြစ် မရှိဘူးဖြစ်ဖြစ် ခလေ့စရိုက် တူတူမတူတူ၊ ယဉ်ကျေးမှုချင်းတူတူ မတူတူ ဘာသာစကားတူတူ မတူတူ အဲဒီပုံပြင်ရှိနေမှုကတော့ တူနေကြတယ်။ ဆိုရရင် တောင်တိုင်း၊ ရွာတိုင်း၊ လူမျိုးတိုင်းမှာ အဲဒီပုံပြင်





က ရှိနေတယ်။ ပြီး… အဲဒီပုံပြင်ကိုလည်း တဖွဲ့တနွဲ့ပြောတတ်ကြတယ်။ ရှေးလူတွေဆို နဂါးမြို့ဟောင်းနဲ့ နဂါးမင်းသမီးလေးအကြောင်း အရမ်းဖွဲ့နွဲ့ပြောတတ်ကြတယ်။ နားထောင်နေသူ ရွှေငွေကျောက်သံပတ္တမြားနဲ့ လွှမ်းနေတဲ့ နဂါးနန်းတော်ကြီးနဲ့ တန်ခိုးကြီးတဲ့ နဂါးမင်းသမီးလှလှလေးအသွင်ကို ဘွားခနဲမြင်အောင် ပြောနိုင်စွမ်းရှိကြတယ်။ အဲဒီပုံပြင်မှာ နားထောင်နေသူ ရင်ထဲကြည်နူးပီတိဖြစ်သွားအောင်၊ လွမ်းမောမျက်ရည်ကျသွားအောင်၊ အားကျရဲရင့်မှုတွေဖြစ်လာအောင်၊ အံ့သြထိတ်လန့်ခံစားရအောင် အရမ်းပြောတတ်ကြရဲ့။ ခေတ်အဆက်ဆက်လည်း အဲဒီပုံပြင်ကို တဖွဲ့တနွဲ့ ပြောချင်ကြသူတွေနဲ့ နားထောင်ချင်ကြသူတွေ ရှာလည်လည်ရှိနေကြရဲ့။

မာလတို့ခေတ်အထိပါပဲ။

မာလဆိုတာက တောင်ပြတ်ကြီးရဲ့ တောင်ပိုင်ကြီးနေထိုင်တဲ့ 'ဂါမိ' ရွာသူဖြစ်တယ်။ တောင်ပိုင်ကြီးနာမည်က 'ဝိုထ'။

ဝိုထဟာ ဂါမိရွာသူကြီးဖြစ်သလို တောင်ပြတ်တောင်ရဲ့ တောင်ပိုင်ကြီးလည်းဖြစ်တယ်။ တောင်ပြတ်တောင်နဲ့ ဝန်းကျင်တောင်ပေါ်မြေပြန့်ရွာတွေဟာ ဝိုထတို့မျိုးနွယ်စုရွာတွေနဲ့ ဝိုထတို့မျိုးနွယ်စုလက်အောက်ခံ နေထိုင်တဲ့ လူမျိုးစုငယ်ရွာတွေဖြစ်တယ်။ ဝိုထဟာ ရဲစွမ်းသတ္တိရှိပြီး တည်ကြည်ဖြောင့်မတ်သူ ဖြစ်တယ်။ ဆွေးခေါ်မြော်မြင်နိုင်မှု ဉာဏ်ရည်ကြီးတယ်။ ဝိုထကို မျိုးနွယ်စုက တောင်ပိုင်ကြီးအဖြစ်ပါ တင်မြှောက်ထားကြတယ်။ ဂါမိရွာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတင်သာမက တောင်ပိုင်ကြီးလည်းဖြစ်ရတယ်။ တောင်ပြတ်တောင်နဲ့ ဝန်းကျင်တောင်ပေါ်ရွာတွေ၊ မြေပြန့်ရွာတွေရဲ့ အရေးကိစ္စတွေကိုပါ ဂိုထစီမံအုပ်ချုပ်ရတယ်။ အဲဒီရွာတွေရဲ့ အရေး သက်ဆိုင်ရာ ရွာလူကြီးတွေရဲ့ အုပ်ချုပ်မှုဟာ ဂိုထရဲ့ သဘောအရ အလိုအရသာ ဖြစ်ရတယ်။ တခြားရွာလူကြီးတွေ သူတို့ရွာတွေရဲ့ လုံခြုံရေးကိုလည်း တောင်ပိုင်ကြီးဂိုထက တာဝန်ယူပေးရတယ်။ တခြားမျိုးနွယ်စုရွာတွေနဲ့ ပြဿနာဖြစ်ရင်ပဲဖြစ်ဖြစ် နောက်ဆုံးစစ်ဖြစ်ရင်ပဲဖြစ်ဖြစ် ဂိုထက ဦးဆောင်ရှင်းပေးရတယ်။ စစ်ဖြစ်လာတဲ့အထိဆိုရင်တော့ မျိုးနွယ်စုရွာတွေက စစ်သည်တွေ ဆင့်ခေါ်ပြီး တိုက်ခိုက်ပေးရတယ်ပေါ့။ အဲဒီလိုတာဝန်ယူထားတဲ့ တောင်ပိုင်ကြီးကို တခြားရွာတွေက အခွန်ပေးဆောင်ကြရတယ်။

တောင်ပိုင်ကြီးဂိုထနေထိုင်တဲ့ ဂါမိရွာဟာ တောင်ပြတ်နဲ့ဝန်းကျင်တောင်ပေါ်ရွာတွေ မြေပြန့်ရွာတွေထဲမှာ အိမ်ခြေအများဆုံး၊ လူဦးရေအများဆုံးပဲ။ အစည်ပင်ဆုံးပဲဆိုပါတော့။

မာလက ရွာကြီးသူလေးပေါ့။

မာလက ဂါမိရွာကြီးမှာတင်မက တောင်ပြတ်တောင်အပိုင်မျိုးနွယ်စုရွာတွေမှာပါ နာမည်ထင်ပေါ်သူလေးဖြစ်တယ်။

အဓိကအကြောင်းကတော့ ရှင်းရှင်းလေးပါ။ မိန်းကလေးမို့လို့။ အဲ… နောက်အကြောင်းတစ်ခုကတော့ ရှိသေးတယ်။ တောင်ပိုင်ကြီးရွာလူကြီး ဂိုထမြှောက်စားထားလွန်းလို့။

တောင်ပိုင်ကြီးဂိုထက သမီးရင်းချာလို မြှောက်စားထား





သူလေးမို့ မာလက ဆောင့်ကြွားကြွား ခက်ထန်ထန်လေးဖြစ်နေတယ်။ တောင်ပိုင်ကြီးကိုယ်တိုင်က သမီးရင်းချာလို မြှောက်စားထားသူဆိုတော့ ဝန်းကျင်ရဲ့မြှောက်စားမှုကိုပါ ခံရတယ်။ ဒီတော့ နေရာတကာမှာ မာလက ဆောင့်ကြွားကြွား ခက်ထန်ထန်။

တောင်ပိုင်ကြီး မာလကို မြှောက်စားမှုကတော့ လွန်လွန်းတယ်။ သူ့သားရင်းချာ ဂိုမထက်တောင် ပိုမြှောက်စားတယ်။ မင်စစ် မာလဆိုတဲ့နာမည်ကိုပေးတာလည်း တောင်ပိုင်ကြီးဂိုထကိုယ်တိုင်ပေးထားခြင်းဖြစ်တယ်။ မာလဖွားမြင်ပြီး ခုနစ်ရက်မြောက်မှာ တောင်ပိုင်ကြီးဂိုထ အင်မတန်ရှားပါးတဲ့ သစ်ခွပန်းတစ်ခက်နဲ့ ဖျားရည်တစ်အိုးယူလာပြီး မာလရဲ့မိဘကို ကလေးအမည်မာလလို့ မှည့်ခေါ်ရမယ်လို့ ဆိုခဲ့တယ်။ တောင်ပိုင်ကြီးက လာပြီး ကလေးမာလရဲ့ခေါင်းရင်းမှာ ထားပေးတဲ့သစ်ခွပန်းဟာ ဘယ်သူမှ မမြင်ဖူးတဲ့ သစ်ခွပန်းတစ်မျိုးဖြစ်တယ်။ ရနံ့ပျံ့မွှေးမှု အတော်ဝေးဝေးနေရာတွေဆီထိ ပျံ့တယ်။ ခြောက်ဆယ့်သုံးရက်ထိ သန်းဆန်းမှုရှိတယ်။ ခြောက်သွေ့သွားတော့လည်း နေရာဝန်းကျင်မှာ ရက်အတော်ကြာကြာ ရနံ့သင်းပျံ့မှုကျန်ခဲ့တယ်လို့ ပြောစမှတ်ရှိတယ်။

ကလေးမာလက မွေးကတည်းကချစ်စရာလေးမို့ တောင်ပိုင်ကြီးချစ်တယ်ထား၊ တောင်ပိုင်ကြီးရဲ့မြှောက်စားမှုကတော့ လွန်တယ်ဆိုတာ လူတိုင်းပြောစမှတ်ရှိတယ်။ ကလေးမာလ မွေးပြီးမှ ကလေးမာလရဲ့မိသားစုကိုပါ တောင်ပိုင်ကြီး ထောက်ပံ့မှု မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ပြုလေ့ရှိတယ်။ တောင်ပိုင်ကြီးမှာလည်း ဂိုမဆိုတဲ့ တစ်ဦးတည်းသော သားရှိတယ်။ မာလနဲ့ဆို သုံးနှစ်လောက်ကြီးမယ်။ သူ့သားရင်းချာ ဂိုမကို တောင်ပိုင်ကြီးချစ်ပါတယ်။

ဒါပေမဲ့ မြှောက်စားမှုကတော့ မာလကိုပိုတယ်။

ငယ်စဉ်ကလေးဘဝမှာ ဂိုမနဲ့မာလရန်ဖြစ်လေ့ရှိတယ်။ ဂိုမအရိုက်ခံရတာချည်းပဲ။ မာလစွာစွာလန်လန်နဲ့ တောင်ပိုင်ကြီးကို တိုင်ပြောလိုက်လို့ကတော့ ဂိုမ မှန်မှန် မမှန်မှန် တောင်ပိုင်ကြီး ဂိုမကိုပဲ ရိုက်လေ့ရှိတယ်။ မာလကို ချော့ချော့မော့မော့ စိတ်ပြေအောင် တောင်းပန်တတ်တယ်။ စိတ်ပြေအောင် ဟိုဟာဒီပေး ဟိုကျွေးဒီကျွေးလေ့ရှိတယ်။ ဒီတော့ မာလ ဂိုမကို စွာ... ရှိတယ်။ ဂိုမနဲ့ရန်ဖြစ်ရင် တောင်ပိုင်ကြီးရဲ့ အချော့ခံရတာကိုး တောင်ပိုင်ကြီးပေးတာ ကျွေးတာလေးတွေ ယူချင်စားချင်တာကိုး ဂိုမကလည်း မာလကို ခပ်ချဉ်ချဉ်။ သူ့အဖေကို ကြောက်ရလို့သာ...

မာလ အဝတ်အစား သူ့မိဘဝယ်ပေးရတယ်လို့ မ... တောင်ပိုင်ကြီးက ဝယ်ပေးတာချည်း။ မာလမိသားစုကို တောင်ပိုင်ကြီး ခါတရံထောက်ပံ့မှုအပြင် အသင့်အတင့်ကျယ်တဲ့ စိုက်ပျိုးမြေနေရာကိုပါ ပေးထားတယ်။

မာလအဖေက မုဆိုးကြီး။ သူတို့မှာလည်း စိုက်ပျိုး... နေရာတော့ အပိုင်ရှိပါတယ်။ သူတို့ပြေလည်မှုရှိအောင် တောင်ပိုင်ကြီးက ထပ်ပေးထားတာ။ စိုက်ပျိုးမှုမှာ အလုပ်ပိုလုပ်ရ... မုဆိုးကြီး မုဆိုးအလုပ် သိပ်မလုပ်နိုင်တော့။





ကြံကြံဖန်ဖန် မိန်းကလေးတန်မယ့်နဲ့ မုဆိုးအလုပ်ဝါသနာပါတဲ့မာလ။ အရွယ်ရောက်တော့ တောလိုက်လေ့ရှိတယ်။ မုဆိုးအတွေ့အကြုံနဲ့ ပညာကိုတော့ သူ့အဖေဆီက ရတယ်။ အဲ… မုဆိုးအရည်အချင်းဗီဇကတော့ မာလမွေးရာပါလို့ဆိုရမယ်။ နယ်ဝန်းကျင်မှာ မိန်းကလေးမုဆိုး မာလနာမည်ကြီးတော့တယ်။ ...င်စစ် အဲဒီနယ်ဝန်းကျင်မှာ မုဆိုးအလုပ်လုပ်တတ်သူချည်းပါ။ ...ာတောင်ပတ်လည်နယ်ဝန်းကျင်ကိုး။ အဲ… ပိုကျွမ်းကျင်သူ ...ကောင်းပေးလုပ်သူကိုတော့ မုဆိုးအဖြစ်အသိအမှတ်ပြုကြတယ် ...ပါ။ ခုကတော့ မာလကို နယ်ဝန်းကျင်က မုဆိုးအဖြစ် အသိအမှတ်ပြုရပြီ။ မာလကလည်း အချိန်ရတယ်ဆို တောလည်ဖို့ချည်း။ တောလည်တိုင်းလည်း ထိုက်ထိုက်တန်တန် သားကောင်...ရတာချည်း။ မိန်းကလေး မုဆိုးမာလ။

လူမျိုးရိုးရာ လေးပစ်၊ ဒူးလေးပစ်ဖြောင့်သလို တူးမီး၊ ရိုင်ဖယ်၊ စတင်းဂန်း၊ ခြောက်လုံးပြူးပစ်ခတ်မှုတွေမှာလည်း ကျွမ်းကျင်တယ်။ အထူးသဖြင့် ရိုင်ဖယ်နဲ့ခြောက်လုံးပြူးပစ်ဖြောင့်တယ်။ လက်နက်ကုန်သည်တွေနဲ့ ဆက်ပြီး တောင်ပိုင်ကြီး လက်နက်တွေ ဝယ်ထားလေ့ရှိတယ်။ ကျေးရွာတွေဆီကရတဲ့ အခွန်တွေနဲ့ ဝယ်ထားတာ။ အဲဒီလက်နက်တွေ ကျေးရွာအတွက် ...ခြိမ်းရေးမှာ အသုံးချရအောင်။ လက်အောက်ရွာတွေဆီမှာလည်း ...ဝေထားမှု ရှိတယ်။ ဂါမိရွာမှာလည်း စုဆောင်းထိန်းသိမ်းထား ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ကြီးရဲ့အလိုလိုက်ခဲ့ မိန်းကလေးမုဆိုးမာလအဖို့ ဂါမိရွာမှာရှိနေတဲ့ သေနက်လက်နက်တွေ သူ့လက်နက်တွေချည်းပဲ။

'တောင်း'

ရိုင်ဖယ်သေနတ်သံ တောတွင်းဟိန်းထွက်သွားတယ်။

စစ်ပင်ကြီးတစ်ပင်ရဲ့ အတော်မြင့်မြင့်ထိပ်ဖျားအကိုင်းမှာ နားနေတဲ့ ချိုးငှက်မြေပြင်ပေါ် လွင့်ကျလာတယ်။

ပစ်လိုက်တဲ့ ဂိုမ ရိုင်ဖယ်သေနတ်ကို ခပ်တည်တည်နဲ့ ကျောပြင်မှ ပြန်လွယ်လိုက်တယ်။ နံဘေးနားက မာလကို ထိမတင်နဲ့ ကြည့်တယ်။

'နင်က ငါ့ကို နေရာတကာ အထင်သေးလွန်းတယ်။ ကဲ... နင်ပစ်ခိုင်းတဲ့ ပစ်မှတ်ကို ငါထိအောင် ပစ်နိုင်တယ်။ နင် ငါ့ကို အထင်သေးချင်သေးလား'

မာလ ဂိုမကို ခပ်တင်းတင်းကြည့်ပြီး မျက်နှာရှုံ့မဲ့ပစ်လိုက်တယ်။

ဂိုမလက်ကိုဆွဲပြီး ချိုးငှက်ကျသွားရာဆီခေါ်သွားတယ်။ သေနတ်မှန်ပြီး ကျသေနေတဲ့ ချိုးငှက်ကို ကောက်ယူပြီး ဂိုမကို ပြတယ်။ ချိုးငှက်သေက ရိုင်ဖယ်သေနတ်ကျည်ဆံထိမှန်မှုကြောင့် အသားစတချို့ အရိုးစတချို့နဲ့ အမွှေးတချို့ပဲရှိတယ်။

'ရော့ နင်အိမ်ပြန်ယူသွားပြီး ချက်စား'

ချက်စားစရာ အသားမရှိသလောက်ဖြစ်နေပြီဖြစ်တဲ့ ချိုး





တ်နဲ့ ဂိုမရင်ဘတ်ကို ပစ်ပေါက်လိုက်ပြီး မာလ ပြောတယ်။

'နင်ပဲကြုံကြုံဖန်ဖန် အသေးအမြင့်က ချိုးငှက်သေးသေးလေးကို ရိုင်ဖယ်နဲ့ပစ်ခိုင်းတော့ ဒီလိုပဲရှိမပေါ့။ ဘာဆန်းလဲ'

မာလ မျက်နှာရှုံ့မဲ့သွားပြန်တယ်။

'ဆန်းတာပေါ့၊ နင်ညံ့ပုံက ဆန်းလွန်းတာပေါ့၊ နင် တောက်တောင် ညံ့တာ ဆန်းတာပေါ့'

ပြောပြီး မာလ ရှေ့ဆက်လျှောက်တယ်။

ဂိုမ မာလနောက် လိုက်ရပြန်တယ်။

အတော်လေးကြာကြာလျှောက်မိတော့ ကျွန်းပင်တစ်ပင်ရဲ့ အမြင့်ကိုင်းမှာ နားနေတဲ့ ချိုးငှက်တစ်ကောင်ကို တွေ့လိုက်ကြရတယ်။

မာလအနီးက သစ်ပင်တစ်ပင်ကို ဝင်ကပ်လိုက်တော့ ဂိုမလည်း မာလကပ်ရာမှာ ကပ်ရပြန်တယ်။ မာလက သူ့ရိုင်ဖယ်သေနတ်နဲ့ ချိုးငှက်ဆီကို ချိန်တယ်။

'ချိုးကို နင်တွေ့လား'

မာလ တီးတိုးမေးတော့ ဂိုမ ခေါင်းညိတ်ပြတယ်။

'မုဆိုးက သားကောင်ကိုပစ်တာ စားရအောင်ပစ်တာ။ ကိုး။ သားကောင်ကို စားလို့မရအောင် ပစ်တယ်။ ညံ့လွန်း

ဆရာကြီးလုပ်ချင်တဲ့ မာလကို ဂိုမမျက်စောင်းထိုးကြည့် တယ်။ တွေ့လိုက်တဲ့ မာလက မဲ့ပြုံးပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ယောကျ်ားတန်မယ့်နဲ့ ငါ့ကို မျက်စောင်းမထိုးနဲ့၊ နင်ပစ်ခဲ့တဲ့ ချိုးအကွာအဝေးနဲ့ ခုငါပစ်မယ့်ချိုးအကွာအဝေးက ပိုတယ်ဆိုတာ နင်ခန့်မှန်းမိလား'

ဂိုမ မာလကို ချဉ်ချဉ်မို့ ဘာမှပြန်မပြော။

'မှတ်ထား ရိုင်ဖယ်လိုသေနတ်နဲ့ ချိုးလိုသားကောင်ကို ပစ်ချင်ရင် ခေါင်းကိုသာ ထိမှန်အောင် ပစ်ရတယ်၊ အဲဒီလို မပစ်နိုင်ရင် လုံးဝမပစ်နဲ့၊ ကျည်ဆံဖြုန်းတာသက်သက်ပဲရှိမယ်၊ ဒီလောက်က ငါသင်ပြစရာတောင် မလိုဘူး၊ သိနိုင်ရမှာပေါ့၊ ဒီလောက်မှ မသိနိုင်တာ ညံ့လွန်းလို့ပါ'

မာလ ဆရာကြီးလုပ်လွန်းနေပြီ။ ဂိုမချိုးငှက်ကိုတောင် ခြောက်လှန့်ထုတ်လိုက်ချင်ပြီ။

'ဘောင်း'

မာလရဲ့ ရိုင်ဖယ်သံ။

ကျွန်းပင်ပေါ်က ချိုးငှက်ချာလည်လည်ပြီး မြေပြင်ပေါ် ကျတယ်။

မာလရင်ကော့ပြီး ခြေလှမ်းကျဲနဲ့ ချိုးငှက်ကျသွားရာဆီ ဦးတည်တယ်။ ဂိုမ နောက်ကလိုက်သွားတယ်။ မြေပြင်ပေါ်က ချိုးငှက်သေကို မာလလက်ညှိုးညွှန်ပြတယ်။

ခေါင်းပြတ်ထွက်သေနေတဲ့ ချိုးငှက်သေ။

'အဲဒီလိုပစ်နိုင်မှ အကောင်သေးသေး သားကောင်လေး တွေကို စားချင်ရင် ပစ်စားလို့ရတော့မှာပေါ့၊ ဒီနေ့ နင်တို့အိမ်ရော





ငါတို့အိမ်ရော ချိုးသားတစ်ဝစားကြရအောင်၊ ချိုးသား မစားရတာ ကြာပြီ'

ပြောပြီး မာလရင်ကော့ဟန်လုပ် လျှောက်သွားတယ်။

သဘောက ချိုးသေကို ဂိုမ ကောက်ခဲ့ပေါ့။

ဂိုမအောင့်သက်သက်ဖြစ်ရတယ်။ ချိုးသေကို မကောက်ချင်။

မာလ လှည့်ကြည့်ပြီး…

'နင် ဘာကြောင်တောင်တောင်လုပ်နေတာလဲ၊ ချိုးသေ ကောက်ပြီး အမြန်ငါ့နောက်က ငါ့ကို အမီလိုက်လေ၊ မှုဆိုးနောက် လိုက်လုပ်နေပြီးချာလိုက်တာ'

မာလအပြောကြောင့် ဂိုမပိုပြီး မကောက်ချင်…

'နင့်ဘာသာ နင်ကောက်မသွားဘူး'

ဂိုမ အပြောကြောင့် မာလဂိုမကို တည်တည်တင်းတင်း ကြည့်တယ်။

'နင်က အဖြစ်လည်း မရှိဘူး၊ ပြီး ဂျစ်ကန်ကန်၊ ပေကပ် တပ်နဲ့၊ ဒါကြောင့် ဘာဘကိုငါပြောတာ နင့်ကိုမခေါ်ချင်ပါဘူးလို့၊ နိုင်းလို့မကောင်းပါဘူးလို့၊ ဘာဘက အတင်းထည့်လို့သာ နင့်ကို ငါခေါ်ရတာ၊ ဘာဘကတော့ သူ့သား မုဆိုးပညာရအောင်မို့ ငါ့ နောက်လိုက်ထည့်ချင်ပုံ၊ နင်ကတော့ ဘာပညာမှ သင်ပေးလို့ ရမယ့်လူမျိုး မဟုတ်ပါဘူး၊ ပညာသင်ပေးတဲ့လူကို မလေးစား သိပ်လုပ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂိုမ မာလ စကားတွေကို မခံချင်။ ချိုးငှက်သေကို ကောက်မယ့်လက် ပိုတန့်တယ်။

'ကောက်ခဲ့… ဂျစ်ကန်ကန်ပေကပ်ကပ်မလုပ်နဲ့၊ ငါ ဘာဘာနဲ့ ပြန်တိုင်ပြောလိုက်မယ်'

ပြောပြီး ပြန်တောင်လှည့်မကြည့်တော့။ ရိုင်ဖယ်သေနတ် ထမ်းပြီး ရင်ကော့ဟန်လုပ်လျှောက်သွားတော့တယ်။ ဂိုမလည်း အောင့်သက်သက်နဲ့ပဲ ချိုးငှက်သေကိုကောက်ပြီး သူ့နောက်လိုက်ရ တော့တယ်။

'မသာမ… အဖေ့ဝါစားပေးလွန်းလို့ ကမ်းတက်လွန်း တယ်'

တီးတိုးရေရွတ်တယ်။

အမှန်ပဲ။ အဲဒီနေ့က မာလ အခြားသားကောင်မပစ်။ ချိုးငှက်ချည်းလျှောက်ပစ်တယ်။ ဂိုမ ချိုးငှက်သေတွေထည့်ထား တဲ့ အိတ်ကြီးထမ်းပြီး မာလနောက်က ခြေညောင်းအောင် လျှောက်လိုက်နေရတယ်။ ချိုးငှက်ပစ်ရမှုကလည်း စိပ်စိပ်ပစ် ရတာမျိုးမဟုတ်။ တစ်ကောင်ပစ်ပြီး နောက်တစ်ကောင်ပစ်ရဖို့ အတော့်ကို လျှောက်ရတယ်။ ဂိုမခြေကုန်လက်ပန်းဖြစ်လာတော့…

'တစ်အောင့်လောက်နားပြီး ပြန်ကြရအောင် မာလ'

မာလ ဂိုမကို တည်တည်တင်းတင်း ကြည့်တယ်။

ရှုံ့မဲ့ပြီး ခေါင်းခါယမ်းပစ်တယ်။

'ငါတစ်လျှောက်လုံး ချိုးငှက်တွေကိုခေါင်းချည်းရွေးပစ်





ခဲ့တယ်။ တစ်ကောင်တလေတောင် အလွဲအချော်မရှိဘူး၊ အဲဒါကို နင်တစ်လျှောက်လုံး တွေ့နေလျက်နဲ့ ငါသေနတ်ကို ဘယ်ပုံ ဘယ်နည်းချိန်တယ်၊ ချိန်ပြီးချိန်ချက်မရွေ့အောင် ဘယ်ပုံဘယ် နည်းကိုင်ထားတယ်၊ မောင်းခလုတ်မဆွဲခင် ဘယ်ပုံဘယ်နည်း အသက်ရှူတယ်၊ မောင်းခလုတ်ဆွဲလို့ သေနတ်လှုပ်ခါမှု ဖြစ်သွား ဘယ်ဆို အဲဒီလှုပ်ရှားမှုပစ်ချက်နဲ့ မလွဲသွားအောင် လက်တွေ ခုံးတွေနဲ့ ဘယ်လိုထိန်းထားတယ်ဆိုတာတွေကို နင်မလေ့လာ ဘူး ငါ့ကိုလည်း မမေးမြန်းဘူး၊ နင်မလွဲသာမရှောင်သာ ချိုးငှက် သေတွေပဲ ကောက်လိုက် ငါ့နောက်လိုက် လိုက်လုပ်နေတယ်၊ နင်ကတော့ တစ်သက်ထွန်းကားမယ့် လက္ခဏာမရှိပါဘူး'

'တော်စမ်းပါ မာလရယ်၊ ငါက ရိုင်ဖယ်သေနတ်နဲ့ ချိုးငှက်ပစ်တာကို လေ့ကျင့်နေရမှာလား၊ ကျည်တစ်ထောင့်တန်ဖိုး ဆည်း နင်သိနေတာပဲ၊ ငါဘယ်တော့မှ အဲဒါကို တကူးတက လေ့ကျင့်နေတာမျိုးနဲ့ အရှုံးထနေမှာမဟုတ်ဘူး'

ဂိုမ စိတ်မရှည်စွာ ပြောတယ်။

'ကြည့်စမ်း… ကြည့်စမ်း၊ နင်ဦးနှောက် အတော်ညံ့ဖျင်း ပါလား၊ နင်စဉ်းစားရမှာက နင်ငှါကို အားကျမခံစိတ်နဲ့ သေနတ်ပစ် ချိုလိုတော်အောင် ကြိုးစားဖို့ စဉ်းစားရမှာ၊ လူညံ့လူဖျင်းတွေဟာ ဒီလိုပါပဲလေ၊ တော်ဖို့ထက်ဖို့ အတွေးအခေါ်မရှိတတ်ကြဘူး၊ ရှုံးပြီးဖျက်ပြီးပဲ တွေးတတ်ကြတယ်၊ ငါ့ရိုင်ဖယ် ချိုးငှက်တွေ ခေါင်းကိုမပစ်ဘဲ၊ နင့်ခေါင်းကိုသာပစ်ဖို့ ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မာလ ဂိုစ ဦးခေါင်းကို ရိုင်ဖယ်နဲ့ချိန်တယ်။

'ဟဲ့... မာလ၊ နင်နော်၊ တောထဲမှာနော်၊ မတော်တဆ ကျည်ထွက်သွားမှဖြင့်...'

ဂိုစ ပြုံးပြုံးပျာပျာဖြစ်တယ်။

'ကျည်ထွက်သွားတော့ ဘာဖြစ်လဲ၊ ငါ့ကိုထိမှာမှ မဟုတ်ဘဲ၊ နင့်ကိုထိမှာပဲ'

'နင် အဲဒီလိုစိတ်ကောင်းမရှိ မတွေးသင့်ဘူးလေ'

'ဘာ... နင်က ငါ့ကိုစိတ်ကောင်းမရှိဘူးတဲ့၊ ငါ စိတ်ကောင်းရှိလို့ နင်ဒီအထိ အသက်ရှည်တာ၊ ငါငယ်ငယ်ကတည်းက နင့်ကို ခဏခဏသတ်ချင်စိတ်ဖြစ်မိတယ်၊ နင် ငါ့ကို အမြဲတမ်းလိုလို ဆန့်ကျင်ပြောတတ်တယ်'

'ငါက နင်မဟုတ်တာပြောလည်း လိုက်ထောက်ခံနေရမှာလား'

မာလ ရိုင်ဖယ်ပြောင်းထိပ် ဂိုစ နဖူးပြင်နဲ့ ထိကပ်သွားတယ်။

'ငါက မဟုတ်တာ ပြောတယ်၊ နင်ဒီလိုပြောလိုက်တာလား၊ ငါပြောတာတွေ အဟုတ်အမှန်ချည်းပဲ၊ နင်သာ ကြံဖန်ပြီး မဟုတ်မမှန်အတွေးတွေ အပြောတွေနဲ့ ငါ့ကို ဆန့်ကျင်တတ်တာ ငါ့ကို အလိုလိုက်လွန်းတဲ့ ဘဘမျက်နှာထောက်နေလို့။ ငါနင့်ကို အလိုမကျတာကတော့ အလွန်းအမင်းပဲ'





မာလစိတ်ကိုသိတဲ့ ဂိုစ နဖူးပြင်ကို မာလရိုင်ဖယ်ပြောင်းနဲ့တော့ထောက်ထားတာမို့ တုန်လှုပ်နေတယ်။

'မာလရယ် နင်နဲ့ငါ ရန်မဖြစ်ချင်ဘူး၊ အဖေကလည်း တောထဲကျ မောင်နှမတွေ ရန်မဖြစ်ကြနဲ့လို့ အမြဲမှာတယ်'

ဂိုစ ရန်စဲစကားဆိုတယ်။

'ဂိုစ သူတော်ကောင်းဟန် မလုပ်နဲ့၊ နင်နဲ့ငါ ငယ်ငယ်လေးကတည်းက ရန်ဖြစ်ဘက်၊ ရွာမှာနင်တစ်ယောက်ပဲ ငါနဲ့ ဘက်ဖြစ်လေ့ရှိတယ်၊ တခြားဘယ်သူမှ ငါ့ကို မဆန့်ကျင်ကြဘူး၊ နင်သာနင့်ကိုယ်နင် တောင်ပိုင်ကြီးသားဆိုပြီး ငါ့ကိုစမ်းလို့ရမလား၊ အထင်နဲ့ စမ်းချင်တဲ့သဘောရှိတယ်၊ ဘဘကတော့ အမှန်တရားဘက်က လိုက်တယ်၊ ဒါကြောင့်လည်း ငယ်ငယ်တုန်းက ငါနဲ့ ရန်ဖြစ်တိုင်း နင်အရိုက်ခံရတာ'

'အဖေက အမှန်တရားဘက် လိုက်တာမဟုတ်ပါဘူး၊ နင့်ဘက်လိုက်တာ'

'ကြည့်... နင့်ဦးနှောက် ဘယ်လောက်ညံ့ဖျင်းလဲလို့၊ လိုက်စရာရှိ သူ့သားနင့်ဘက်က လိုက်မှာပေါ့၊ သူစိမ်းငါ့ဘက်က လိုက်ပါ့မလား၊ နင် ဒီလောက်တောင်မတွေးတတ်ဘူးလား၊ ငါ မှန်လို့သာ ငါ့ဘက်က လိုက်တာပေါ့၊ ဒါကြောင့် နင် ခဏခဏ အရိုက်ခံရတာပေါ့'

ဂိုစ ဘာစကားမှ မပြောချင်တော့ပါ။ မာလနဲ့ စကားပြောရရင် ဒီလိုချည်းပါပဲ။ သူ့ဘက်က အမှန်ချည်းပဲ။ သူ့စကား

www.burmeseclassic.com



တွေနဲ့ ဆန့်ကျင်ရင် မာလရန်လိုချင်ပြီ။ မာလနဲ့စကားပြောမယ့် အစား ကျားဖင်သာနှိုက်လိုက်ချင်ရဲ့။ ငြိမ်နေတဲ့ ဂိုဓကို စေ့စေ့ ကြည့်ပြီး မာလ သေနတ်ပြောင်းကို ဂိုဓနဖူးပြင်ကနေခွာလိုက် တယ်။ သေနတ်ကို ကျောမှလွယ်လိုက်တယ်။

'ငါသေနတ်နဲ့ချိန်ထားတာမို့ နင်ငါနဲ့ ရန်မဖြစ်ရဲတာလား ငါခုနင့်ကို သေနတ်နဲ့မချိန်ထားတော့ဘူးလေ၊ နင်သတ္တိရှိရင် ငါနဲ့ ရန်ဖြစ်လို့ရပြီ'

'ငါ ရန်မဖြစ်ချင်ပါဘူး မာလရယ်'

ပြောပြီး ဂိုဓ မျက်နှာလွှဲနေလိုက်တယ်။

'နင်လည်း အသက်တွေကြီးလာပြီ၊ လိမ္မာရေးခြားရှိစ ပေါ့၊ အဲဒီလို မှန်မှန်ကန်ကန် တွေးတတ်ရမှာပေါ့ ဂိုဓရယ်'

မာလ စကားတွေက မခံချင်စရာ။ ဒီလို မာလပြောတာ တယ်။

ဂိုဓ ငြိမ်ပဲနေလိုက်ပါတယ်။

* * *

(၂)

မြင်းအစီးလေးဆယ်နဲ့ ခရီးသွားအယောက်လေးဆယ်။

ရုပ်တွေက အရှေ့တိုင်းသားတွေရုပ်။ ခရီးဦးတည်နေတာ က အနောက်ဘက်တည့်တည့်ဆီ။

အဲဒီမြင်းစီးခရီးသည်တွေ ခပ်လှမ်းလှမ်းမှာကတည်းက



သူတို့ရှိရာဘက်ဆီ လာနေကြတာကို လင့်စင်ပေါ်က မုဆိုးကြီး သုံးယောက်က မြင်နေရတယ်။ သူတို့ရှိရာဘက်ဆီ လာနေကြပေ မယ့် မြင်းသွားလမ်းကြောင်းက သူတို့လင့်စင်ထိုးထားရာ သစ်ပင် ကြီးနဲ့ခပ်လှမ်းလှမ်းမှာမို့ သူတို့ရှိရာအရပ်တည့်တည့်ရောက်တာ တောင် မြင်းစီးခရီးသွားတွေ လင့်စင်ပေါ်ကသူတို့ကို လှမ်းမြင်မှာ မဟုတ်ဘူးလို့ မုဆိုးကြီးတွေ တွက်ထားတယ်။

သူတို့က ညသားကောင်ပစ်ခတ်ရေးအတွက် လင့်စင်ထိုး ပြီး ညနေကတည်းက ရောက်နေ နေကြတာ။

မုဆိုးတွေ စိုးရိမ်တာက ညနေစောင်းနေပြီဖြစ်တဲ့အတွက် ခရီးသွားတွေ တစ်ညတာခိုနားဖို့ စခန်းချကြတော့မယ်။ အဲဒီစခန်း ချရေးအတွက် ခရီးသွားတွေသူတို့ရှိရာအရပ်ကို ကျော်သွားပြီးမှ စဉ်းစားကြရင်ကောင်းမယ်။ သူတို့ရှိရာအရပ်နဲ့ မလှမ်းမကမ်းနေရာ တွေမှာ ခရီးသွားတွေ ညစခန်းချမှာကို စိုးရိမ်နေကြတယ်။ သူတို့ရဲ့ ညသားကောင်ပစ်ခတ်ရေးအစီအစဉ်ကို အနှောင့်အယှက် ဖြစ်မှာစိုးလို့ဖြစ်တယ်။

မုဆိုးကြီးတွေ မြင်းသွားလမ်းကြောင်းရဲ့ အနောက်ဘက် ဆီကို လှမ်းကြည့်မိကြတယ်။ နေဝင်တော့မယ့်အရပ်ဘက်ဆီ...

ဒီမှာတင် မုဆိုးကြီးတွေ ပါးစပ်ပွင့်ဟသွားရတော့တယ်။

အနောက်ဘက်မြင်းသွားလမ်းကြောင်းမှာ မြင်းသွားလမ်း ကြောင်းအတိုင်း မိန်းကလေးတစ်ယောက်က အရှေ့ဘက်ဆီ ဦးတည်လာနေတယ်။ သူလာနေပုံက အေးတိအေးစက်နိုင်လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို အတိအကျမမြင်ရပေမယ့် သူ့အသားအရေက အဝေးကမြင်သာအောင် ဝင်းဝါထင်ရှားနေတယ်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအဆက်ညီကြောင်း အဝေးကနေတို့ သိသာနိုင်တယ်။ မိန်းမလှလေးတစ်ဦးလို့ မုဆိုးကြီးတွေ ခန့်မှန်းနိုင်ကြတယ်။ မိန်းမလှလေး အသေးစားလှည်းအိမ်လေးတစ်ခုကိုဆွဲပြီး လျှောက်လှမ်းလာနေတာပါလား။

သူတို့အကြည့်က တောလမ်းခရီးမှာ အေးတိအေးစက်ခြေကျင်ခရီးသွားနေတဲ့ အဲဒီမိန်းကလေးဆီက မခွာနိုင်ဖြစ်နေကြတယ်။ အံ့လည်း အံ့သြနေကြတယ်။

ထင်ထင်ရှားရှား မြင်သာလာတော့ အတော့်ကိုလှပတဲ့ မိန်းကလေးဆိုတာ သိကြရတယ်။ ဆွဲလာတဲ့အသေးစား လှည်းအိမ်လေးပေါ်မှာက အနက်ရောင်ခေါင်းတလားတစ်လုံး။ ဘယ်လိုမိန်းကလေးပါလိမ့်။ ခေါင်းတလားလှည်းဆွဲပြီး တောလမ်းမှာ အေးတိအေးစက် လျှောက်နေတယ်။

မုဆိုးကြီးသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြတယ်။ ပြီး အကြည့်တွေ မိန်းမလှလေးဆီ ကျရောက်သွားကြပြန်တယ်။

အသက်နှစ်ဆယ်ကျော် လှလှပပမိန်းကလေး ဒီလိုတောလမ်းခရီးမှာ တစ်ယောက်တည်း ခရီးသွားနေတဲ့ မြင်ကွင်းက အံ့သြစရာ။ ယောကျ်ားကြီးတွေတောင် အဖော်မပါဘဲ ဒီတောလမ်းခရီးမှာ ခရီးသွားလေ့မရှိ။





ပြီး… လမ်းလျှောက်နေပုံက အေးတိအေးစက်။ ခေါင်းတလားလှည်းကိုလည်း ဆွဲလို့။ မြင်းခွာသံတွေ ကြားလိုက်ရတယ်။

ဒီတော့မှ မုဆိုးကြီးတွေ အရှေ့ဘက်ဆီက လာနေကြတဲ့ မြင်းစီးခရီးသည်တွေကို ပြန်သတိရလိုက်တယ်။ လှမ်းကြည့်လိုက်မိတော့ အတော့်ကို နီးကပ်လာနေကြပြီ။

ဒီမှာတင် မုဆိုးကြီးတွေ မိန်းမလှလေးအတွက် စိုးရိမ်စိတ်ဖြစ်သွားတယ်။ မြင်းစီးခရီးသည်တွေနဲ့ မိန်းမလှလေးနဲ့ ထိပ်တိုက်တိုးကြတော့မယ်။ မိန်းမလှလေးဘက်ဆီ ပြန်ကြည့်မိကြပြန်တယ်။

မိန်းမလှလေး မြင်းခွာသံတွေကိုကြားပုံရတယ်။ အေးတိအေးစက်အကြည့်နဲ့ အရှေ့ဘက်ဆီ လှမ်းကြည့်တယ်။ ရှောင်ခြင်း၊ ဖယ်ခြင်း၊ ရပ်တန့်ခြင်း မရှိ။ သူ့ခရီးသူ ဆက်လျှောက်နေတယ်။

မကြာခင် အချိန်လေးမှာပဲ မြင်းစီးခရီးသည်တွေနဲ့ မိန်းမလှလေးတို့ ထိပ်တိုက်ဆုံကြတော့တယ်။ မြင်းစီးခရီးသည်တွေရဲ့ မြင်းတွေ မိန်းမလှလေးကို ဝိုင်းပတ်ပြီးသားဖြစ်သွားတယ်။ မြင်းစီးခရီးသည်တွေ သူတို့ဘာသာစကားနဲ့ ပြောဆိုကြပြီး အော်ဟစ်ရယ်မောလိုက်ကြတယ်။

မိန်းမလှလေးက မြင်းတွေဝိုင်းပတ်ရှပ်ယှက်နေတဲ့ကြားက သူ့ခရီး သူဆက်ဖို့ပဲပြင်တယ်။ သူ့မြင်းဝိုင်းထဲက မထွက်နိုင်အောင် မြင်းတွေနဲ့လိုက်ပိတ်ဆို့နေကြတော့ မိန်းမလှလေး အော်ဟစ်ပြောဆိုလိုက်တယ်။ သူပြောဆိုတဲ့ဘာသာစကား မြင်းစီးခရီးသည်

www.burmeseclassic.com



တွေရဲ့ ဘာသာစကားပဲဖြစ်ပုံရတယ်။ မြင်းစီးခရီးသည်တွေ နား
လည်ပုံရတယ်။ မြင်းစီးခရီးသည်တွေကလည်း သူ့ကိုပြန်ပြော
လိုက်၊ လှောင်ပြောင်ရယ်မောလိုက်ကြ။

တစ်ယောက် မိန်းမလှလေးကို မြင်းပေါ်ဆွဲတင်တယ်။

အဲဒီတစ်ယောက် အမြင့်ကို မြောက်တက်သွားပြီး မြင်း
ဝိုင်းနဲ့အတော်ဝေးဝေးမှာ သွားကျတယ်။ နောက်တစ်ယောက်
မိန်းမလှလေးကို မြင်းပေါ်ဆွဲတင်ပြန်တယ်။

အဲဒီတစ်ယောက်လည်း အမြင့်ကိုမြောက်တက်သွားပြီး
မြင်းဝိုင်းနဲ့ အတော်ဝေးဝေးမှာ သွားကျပြန်တယ်။

နောက်တစ်ယောက်၊ နောက်တစ်ယောက်။

မိန်းမလှလေးကို မြင်းပေါ်ဆွဲတင်တဲ့ အယောက်တိုင်း
အမြင့်မြောက်တက် တက်သွားပြီး အဝေးမှာ သွားသွားကျတယ်။

ခရီးသွားတွေရဲ့ မြင်းတွေ မိန်းမလှလေးနားက မသိ
ရှဲတယ်။ မိန်းမလှလေးက ရှဲနေတဲ့မြင်းတွေဆီ အတင်းလိုက်
ပြီး မြင်းပေါ်က လူတွေကို အဆင်းဆွဲယူမြောက်တင်လွှင့်ပစ်
လုပ်နေတယ်။

မြင်းကွင်းက မုဆိုးကြီးတွေ အသင့်ရှုရမှာတောင် ...
ရဲ့။ မြင်းတွေက ဆုတ်ပေးရှဲ့ခွာ၊ မိန်းမလှလေးက အတင်းလိုက်

ကစဉ့်ကလျားဖြစ်နေတဲ့ မြင်းစီးသမားတွေ သူတို့
ပါလာတဲ့ သေနတ်တွေနဲ့ မိန်းမလှလေးကို မညှာမတာ ပစ်
ကြတော့တယ်။



'ဘောင်း'

'ဘောင်း'

'ဘောင်း'

'ဘောင်း'

မြင်းသမားတွေရဲ့ သေနတ်သံများ ဆူညံသွားတော့တယ်။

'ဘောင်း'

'ဘောင်း'

'ဘောင်း'

'ဘောင်း'

လင့်စင်ပေါ်က မုဆိုးကြီးတွေရဲ့ စိတ်တွေ လက်တွေ
ခနေနိုင်ပြီ။

လင့်စင်ပေါ်ကနေ မြင်းသမားတွေဆီ လှမ်းပစ်ခတ်လိုက်
ကြတော့တယ်။

မိန်းမလှလေး လိုက်လံဆွဲယူမြှောက်ပစ်တဲ့အတွက် လေ
မှာ လွင့်စဉ်၊ မြေမှာအကျမှား၊ ကစဉ့်ကလျားလူးလဲထနေကြရတဲ့
မြင်းသမားခရီးသည်တွေ၊ လင့်စင်ပေါ်ကပစ်ခတ်မှုကြောင့် ကစဉ့်
ကလျား ရှောင်နေရရှားနေရ နေရာယူနေကြရပြန်တယ်။

သူတို့ကို အလွတ်မပေး။ မိန်းမလှလေးက လိုက်လံဆွဲယူ
မြှောက်တင်လွှင့်ပစ်နေပြန်တယ်။ မိန်းမလှလေးက အတင်းကို
နှိတိုက်နေတော့ နောက်ဆုံးမှာတော့ အထိနာနေတဲ့ မြင်းစီးခရီး
သည်တွေ သူတို့မြင်းတွေပေါ် အတင်းအလုအယက်တက်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေဒုန်းစိုင်းပြီး ပြေးလွှားသွားတော့တယ်။

မိန်းမလှလေး လင့်စင့်ပေါ်ဆီ လှမ်းမော်ကြည့်တယ်။ မုဆိုးကြီးတွေကို လက်ယပ်လှမ်းခေါ်တယ်။

မုဆိုးကြီးတွေ မိန်းမလှလေးဆီ ဆင်းသွားကြတယ်။

ရောက်တော့ မိန်းမလှလေးက ပြန့်ကျဲကျန်ခဲ့တဲ့လက်နက်တွေကို ညွှန်ပြပြီး…

'မုဆိုးကြီးတွေ ဖြစ်ပုံရတယ်၊ အဲဒီ လက်နက်တွေကို ယူသွားပါ၊ သင်တို့အတွက် အသုံးကျမှာပါ'

မုဆိုးကြီးသုံးယောက် လက်နက်တွေကို အားရဝမ်းသာ လိုက်ကောက်ယူသိမ်းဆည်းကြတယ်။

'ဘယ်နယ်က မုဆိုးတွေလဲ'

'ကျုပ်တို့ တောင်ပြတ်တောင် အပိုင်နယ်က မုဆိုးတွေပါ'

'ဩော် တောင်ပိုင်ကြီးဂိုထနယ်ပယ်ကကိုး'

'ဟုတ်ရဲ့၊ တောင်ပိုင်ကြီးဂိုထနယ်ကပါ၊ တောင်ပိုင်ကြီးဂိုထကို မိန်းကလေး သိလား'

'တောင်ပိုင်ကြီးဂိုထနယ်က မုဆိုးတွေ၊ ရတဲ့လက်နက်တွေကို ဘာလုပ်မလဲ'

'ကျုပ်တို့ခေလ့စည်းကမ်းအရ တောင်ပိုင်ကြီးဂိုထဆီမှာဘဲ အပ်နှင်းရမှာပေါ့'

'ကောင်းရဲ့ ဒီလိုပဲလုပ်ပါ၊ တောင်ပိုင်ကြီးဂိုထဟာ လူကောင်းပါ၊ သူ့ကို ရိုရိုသေသေဆက်ဆံကြပါ'



'မိန်းကလေး တောင်ပိုင်ကြီးဂိုထကို သိလား'

မုဆိုးကြီးတွေထဲက တစ်ယောက်က မေးမိပြန်တယ်။

မိန်းမလှလေးခေါင်းညိတ်တယ်။

'တောင်ပိုင်ကြီးဂိုထမိတ်ဆွေကို၊ ကျုပ်တို့က လေးစားရမှာပေါ့၊ မိန်းကလေးဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ အချိန်လင့်ပြီ၊ တောင်ပိုင်ကြီးဂိုထမိတ်ဆွေမိန်းကလေးကို ကျုပ်တို့ တစ်ညတာ စောင့်ရှောက်ပေးဖို့ တာဝန်ရှိပြီးသားပါ'

'မုဆိုးကြီးတို့ကို ကျေးဇူးတင်ပါတယ်၊ နေဝင်ပြီးတယ်ဆို လထွက်လာတော့မှာပါ၊ လရောင်နဲ့ ခရီးဆက်ပါဦးမယ်၊ မုဆိုးကြီးတို့ မစိုးရိမ်ပါနဲ့'

'မိန်းကလေးရဲ့ အရည်အချင်းကို အကဲခတ်မိပါတယ်၊ သွားစရာကိစ္စက အရေးကြီးတယ်ဆိုလည်း မတားလိုတော့ပါဘူး၊ မိန်းကလေးသိုင်းပညာမှာ အတော့်ကို အစွမ်းထက်တယ်နော်'

'တစ်ယောက်တည်း သွားလာနေရတော့လည်း သိုင်းပညာကို ဖက်ထားရပါတယ်၊ စောစောက တိုက်ခိုက်မှုဟာ အရိပ်အယောင်ပြတိုက်ခိုက်မှုလောက်သာပါ၊ ဓားကယ့်လူဆိုး လူမိုက်တွေတော့ မဟုတ်ဘူး၊ အခွင့်အရေးရရင် မိုက်ရိုင်းချင်စိတ်တွေဝင်လာတတ်ကြတဲ့ လူတွေရဲ့သဘောအရ မိန်းကလေးတစ်ယောက်တည်းကို မြင်လိုက်ကြရပြီး၊ မိုက်ရိုင်းချင်စိတ်တွေ ဝင်နေကြတဲ့ မြင်းစီးခရီးသည်တွေကို ပါးစပ်နဲ့ပြောမရတာမို့ ကြောက်သွား၊ လန့်သွား၊ ချောက်ချားသွားအောင် တိုက်ခိုက်ပေးလိုက်ခြင်းသာပါ၊

တကယ်သေကြေသင့်တဲ့ သူမျိုးဆို သေကျေအောင် တိုက်ခိုက်နိုင်ပါတယ်၊ သူတို့နဲ့ တန်ရုံတိုက်ခိုက်ပေးလိုက်တာဆိုပါတော့'

'ဟာ… မိန်းကလေးရဲ့ ဒီလောက်တိုက်ခိုက်မှုကိုတောင် ကျုပ်တို့အတော့်ကို အံ့သြသဘောကျကြရပါတယ်၊ ဒီလောက်စွမ်းရည်ပြမှုကိုတောင် ကျုပ်တို့အဖို့တော့ ရင်သပ်ရှုမောစရာပဲ'

မုဆိုးတစ်ဦးက ဝင်ပြောတယ်။

'တောင်ပိုင်ကြီးဂိုဏတို့ရဲ့ ဂါမိရွာမှာ မာလဆိုတဲ့မိန်းကလေးရှိတယ်မဟုတ်လား'

မိန်းမလှလေးက မေးတယ်။

'ဪ မာလမိန်းကလေးကိုလည်း သိတယ်လား'

'သူ ဘာတွေလုပ်နေလဲ'

'သူ အဓိကလုပ်နေတာကတော့ မုဆိုးအလုပ်၊ သူက ဝါသနာပါတာကိုး'

'ဪ မိန်းကလေးနှယ်၊ သူပဲမုဆိုးအလုပ်ဝါသနာရှိရှိတယ်လို့၊ အင်းလေ ဟုတ်မှာပေါ့၊ သူက နဂိုကတည်းက သတ္တိခပ်ရှိရှိ'

'သတ္တိရှိရုံတင်မက အဲဒီမိန်းကလေးမာလ ဆောင့်ကြွားကြွား ခက်ထန်ထန်'

ပြောလိုက်တဲ့ မုဆိုးကြီးကို မိန်းမလှလေး စောင်းငဲ့ကြည့်တယ်။

'တောင်ပိုင်ကြီး အလိုလိုက် ပါစားပေးလွန်းတော့ တစ်





ယ်လုံးကလည်း ဝိုင်းပါစားပေးနေကြပြန်တယ်။ ရုပ်ကလေးကည်း ချောတော့ တစ်နယ်လုံးမှာ မျက်နှာလည်းရတယ်'

မုဆိုးတစ်ယောက်ရဲ့ အပြောကို မိန်းမလှလေး ပြုံးတုံ့တုံ့နဲ့ ခေါင်းတဆတ်ဆတ်ညိတ်တယ်။

'ကောင်မလေး ရည်းစားတွေ ဘာတွေကော ရှိနေပြီလား'

'အဲဒါတော့ မကြားမိသေးဘူး'

မုဆိုးကြီးတစ်ယောက်က ပြောတယ်။

'သူ့လည်း တော်ရုံယောကျ်ားလေးက ကပ်ရဲမှာ မဟုတ်ဘူး'

မုဆိုးကြီးတစ်ယောက်ရဲ့ အပြော။

မိန်းမလှလေး အတန်ကြာကြာငြိမ်သက်နေတယ်။ တစ်စုံစ်ရာကို လေးနက်ရှည်လျားစွာ စဉ်းစားနေသလို…

'သွားမယ်၊ မုဆိုးကြီးတို့လည်း ကိုယ်လုပ်စရာရှိတာ ယ်လုပ်ကြပေါ့နော်'

မိန်းမလှလေး ခေါင်းတလားလှည်းကိုဆွဲပြီး လထွက်လာ အရှေ့ဘက်ဆီ ဦးတည်ထွက်ခွာတယ်။

'တောင်ပိုင်ကြီးတို့ မိန်းကလေးမာလတို့ကို ဘာမှာ ဦးမလဲ မိန်းကလေး'

မုဆိုးကြီးတစ်ယောက်က လှမ်းမေးတယ်။

'မမှာတော့ပါဘူး မုဆိုးကြီး၊ ကျေးဇူးပဲ'

ထွက်ပေါ်စ လရောင်ခြည်ကို ဆန့်တက်ပြီး ခေါင်းတလား

www.burmeseclassic.com



လှည်းဆွဲလျက်က မိန်းမလှလေး အေးတိအေးစက် ခရီးဆက်နေတော့တယ်။

* * *

(၃)

နောက်နေ့ အဲဒီမုဆိုးကြီးသုံးယောက် ဂါမိရွာဆီ လက်ဖြစ်တွေလာပို့တယ်။ ရွာတံခါးဝ သစ်ပင်ရိပ်မှာ နားနေကြတုန်း ရွာထဲက ထွက်လာတဲ့ မာလကို လှမ်းတွေ့လိုက်ကြရတယ်။

'မိန်းကလေး မာလ၊ မနေ့ညနေက မိန်းကလေးမာလရဲ့ မိတ်ဆွေမိန်းကလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်'

'မာလမိတ်ဆွေ ဘယ်ရွာက မာလမိတ်ဆွေလဲ'

'ဟို… အဲ… ဘယ်ရွာကလဲတော့ မသိဘူး၊ သူက လည်း ပြောမသွားဘူး'

'ဘယ်လိုရုပ်လဲ'

'ရုပ်ကတော့ အတော့်ကို ချောချောလှလှ'

'မာလလောက်လှလား'

'အိုး… မာလထက်တောင် လှသေးရဲ့'

မုဆိုးကြီးတစ်ယောက်ရဲ့ အပြောကြောင့် မာလမျက်နှာကြောတွေ တင်းခနဲဖြစ်သွားတယ်။

'မဟုတ်သေးပါဘူး'

'ဟုတ်ပါတယ်၊ သူပြောတာ ဟုတ်တယ်၊ မာလထက်





တောင် ချောသေးတယ်'

ဝင်ပြောတဲ့မုဆိုးကြီးကို မာလ ဆတ်ခနဲ ကြည့်တယ်။

'မဟုတ်သေးပါဘူးဆိုတာ ဘာဘတို့ မိန်းမလှတာ မလှတာ၊ ချောတာ မချောတာကို မာလပြောတာ မဟုတ်ဘူး၊ မာလမိတ်ဆွေထဲမှာ မာလထက် ချောတာလှတာ မရှိတာကို ပြောတာ'

မာလအပြောကြောင့် မုဆိုးကြီးတွေ အောင့်သက်သက်ဖြစ်သွားတယ်။

'အဲဒီမိန်းကလေးကတော့ မာလကို သိနေတာပဲ'

မုဆိုးကြီးတစ်ယောက်က ပြောတယ်။

'သူက ဘာတွေပြောလို့လဲ'

'မာလ ဘာတွေလုပ်နေလဲမေးတယ်၊ မုဆိုးလုပ်နေတယ်ဆိုတော့ မာလက နဂိုကတည်းက သတ္တိခပ်ရှိရှိလို့ ပြောတယ်'

မုဆိုးကြီးတစ်ယောက်က ဝင်ပြောတယ်။

'သူပြောပုံကတော့ မာလနဲ့ရင်းနှီးနေသလိုပဲ၊ မာလကို ရည်းစားတွေ ဘာတွေရှိနေပြီလားလို့တောင် မေးတယ်'

မာလ မျက်မှောင်ကြုတ်တယ်။

'ဘာလဲ၊ ဘယ်ကမိန်းမလဲ မသိဘူး'

'သူ့ခေါင်းတလားကြီးတင်ထားတဲ့ လှည်းကိုဆွဲပြီး ခရီးသွားနေတာပဲ'

'ဘာ… ဘာ… ဘယ်လိုဟာကြီးလဲ၊ မာလသိထဲ အဲဒီလိုမိန်းမမျိုးမရှိဘူး၊ ဘာဘတို့ကို တောခြောက်ပြီထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးတစ်ယောက်က ဖြစ်ပျက်ပုံ အစအဆုံးပြောပြတယ်။ မာလကို ယူလာတဲ့လက်နက်တွေ ပြတယ်။

'တောခြောက်တာတော့ မဟုတ်နိုင်ပါဘူး၊ သူ့ကိုကြည့်ရတာလည်း တစ္ဆေသရဲဖြစ်နိုင်မှု မရှိနိုင်ပါဘူး၊ ရှင်းရှင်းသန့်သန့် မိန်းမလှလေးတစ်ယောက်သာပါ'

မာလ စိတ်ရှုပ်သွားသလို…

'မာလမိတ်ဆွေအသိ သူငယ်ချင်းမဟုတ်တာတော့ အမှန်ပဲ၊ ဘဘတောင်ပိုင်ကြီးတော့ သိမလားမသိဘူး၊ ဘဘတို့ ဘဘတောင်ပိုင်ကြီးဆီသွားကြလေ၊ သူ့ကိုပြောပြပေါ့၊ သူသိချင်လည်း သိမှာပေါ့၊ မာလ သွားစရာရှိသေးတယ်၊ မာလလည်း ပြန်ရောက်မှ ဘဘတောင်ပိုင်ကြီးကို မေးကြည့်ရဦးမယ်၊ ဘာကြီးမှန်းမသိဘူး'

မာလ ကိစ္စရှိတဲ့ တစ်ဖက်ရွာဆီ ခရီးဆက်ခဲ့တယ်။

'ခေါင်းတလားလှည်းဆွဲပြီး ခရီးသွားနေတဲ့ မိန်းမလှ'

'ခေါင်းတလားလှည်းဆွဲပြီး ခရီးသွားနေတဲ့ မိန်းမလှ'

အဲဒီပုံရိပ်က မာလာရင်ထဲ လေးပင်စွာလိုက်ပါနေသလိုပဲ။ သူ့မှာ အဲဒီလိုမျိုး အသိမိတ်ဆွေ မရှိဖူးဘူးဆိုတာလည်း မာလ သိရဲ့။ ဒါပေမဲ့ မုဆိုးကြီးတွေဆီက အဲဒီအကြောင်းကြားလိုက်မိပြီးနောက်မှာ မာလအတွေးတွေ ရှုပ်ရှက်နေတော့တယ်။

အဲဒီရှုပ်ရှက်နေတဲ့ အတွေးတွေထဲမှာ ခေါင်းတလားလှည်းဆွဲပြီး ခရီးသွားနေတဲ့ မိန်းမလှပုံရိပ်က လေးလေးပင်ပင် ထင်ထင်လာတယ်။





'ဘာဆိုင်လို့လဲ၊ ငါနဲ့ဘာဆိုင်လို့လဲ'

'ဘယ်ကနေ ပေါ်လာတဲ့ ဘယ်လိုရှုပ်ထွေးမှုလဲ'

'အိုး… ငါ့ရင်ထဲ ခေါင်းတလားလှည်း ဆွဲယူလာတဲ့ မိန်းမလှလေးတစ်ယောက် အေးတိအေးစက်နဲ့ လျှောက်ဝင်လာနေသလိုပါလား'

'အဲဒီမုဆိုးကြီးတွေပြောတဲ့ မိန်းမကို ဘဘသိလား'

မာလရဲ့အမေးကို တောင်ပိုင်ကြီးက ခေါင်းညိတ်ပြတယ်။

'ဘဘနဲ့သိလို့ သူဘဘနဲ့သိတယ်ပြောတာ ပြောပါတော့၊ မာလနဲ့မသိဘဲ ဘာလို့ မာလနဲ့ သိသလို ပြောရတာလဲ'

'သူ သမီးလေးမာလကိုလည်း သိတာကိုး၊ သမီးလေးသာ သူ့ကို ,မသိတာ'

'သမီးကို ရှင်းအောင်ပြောပြပါ ဘဘရယ်'

'သမီးလေးမွေးပြီးခုနစ်ရက်မြောက်နေ့မှာ ဘဘ တောလည်ထွက်တယ်၊ ဘဘ တောလည်ထွက်တယ်ဆိုတာက သမီးမေမေလို တောနက်ခေါင်တွေဆီထိ ထွက်တာမဟုတ်ပါဘူး၊ ရွာနဲ့ သိပ်မဝေးတဲ့ တောတွေဆီလောက်ပါ၊ ဟင်းစားလေး ဘာလေး ရှာပါ၊ အဲဒီမှာတင် သူနဲ့ဘဘနဲ့ တွေ့ကြတော့ ရှင်းရှင်းပြောရရင် ဘဘကို လာချောင်းမြောင်းစောင့်နေခဲ့တာ'

တောင်ပိုင်ကြီးက မာလကို အေးအေးဆေးဆေးပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းတရားလှည်းဆွဲပြီး သူ ဘဘဆီ လျှောက်လာ
တော့ ဘဘ လန့်သွားတာပေါ့၊ ဘာမှန်းမသိ ညာမှန်းမသိ တော
ထဲမှာ၊ ဘဘရိုင်ဖယ်သေနတ်နဲ့ သူ့ကိုချိန်ထားမိတယ်၊ သူဟ
တောင်ပိုင်ကြီးရယ် ရန်သူမဟုတ်ပါဘူး၊ တောင်ပိုင်ကြီးဆီက
အကူအညီတစ်ခုတောင်းချင်လို့လာတာပါတဲ့၊ အေးအေးဆေးဆေး
စကားပြောကြရအောင်တဲ့၊ ဘဘ အကဲခတ်ကြည့်တော့ သူ့ကို
ယုံကြည်ရလောက်တယ်ထင်ပြီး ဘဘလည်း သူ့ကိုသေနတ်နဲ့
ချိန်မထားတော့ပဲ သူနဲ့ အေးအေးဆေးဆေးစကားပြောတယ်'

တောင်ပိုင်ကြီး ဆက်ပြောတယ်။

'သူတောင်းတဲ့အကူအညီက ဘယ်နေ့ ဘယ်ရက် ဘယ်
အချိန်က ဘဘတို့ရွာမှာမွေးတဲ့ကလေး မိန်းကလေး၊ ခု ခုနစ်ရက်
မြောက်ပြီ၊ အဲဒီမိန်းကလေးကို သူ့ကိုယ်စား ဘဘက သူယူလာတဲ့
သဇင်တစ်ခက်နဲ့ ပျားရည်တစ်အိုးကို ပေးပေးဖို့နဲ့ နာမည်မာလ
မှည့်ခေါ်ပေးဖို့။ သူပြောတဲ့ရက် ရပ်ရွာမှာမွေးတဲ့ကလေးက သမီး
လေးတစ်ဦးပဲ ရှိတယ်လေ၊ ဒါကို ဘဘ သတိရလိုက်တယ်
သမီးလေး မိဘတွေနဲ့ ဘဘနဲ့ကလည်း လူရင်းတွေဆိုတော့
အကူအညီပေးဖို့ လွယ်ပါတယ်၊ ကူညီပေးပါ့မယ်ဆိုပြီး လက်
တယ်၊ နောက်ပြီး သူဘဘကို ပတ္တမြားလက်စွပ်တစ်ကွင်း
တယ်၊ ခုဈေးနဲ့ဆို ဘယ်ရွေ့ဘယ်မျှလောက်တန်နေပြီဆိုတာ
လည်း ပြောတယ်၊ အဲဒီလက်စွပ်ကို ရောင်းချပြီး ဘဘလ
သုံးပါ၊ သမီးလေး အသက်နှစ်ဆယ်လောက်ထိလည်း ဝယ်



ပေး စောင့်ရှောက်ပေးပါလို့ မှာတယ်၊ အဲဒီလက်စွပ်ကို ဘဘ
ရတနာကုန်သည်တွေနဲ့ လိုက်ပြီး အိန္ဒိယပြည်မှာ သွားရောင်းခဲ့
တယ်၊ ဘဘ ရတနာ အရောင်းအဝယ်မကျွမ်းကျင်တော့ သူပြော
သလောက်တော့ ဈေးမရခဲ့ဘူး၊ ဒါပေမဲ့ အဲဒီမှာ အကြာကြီးနေပြီး
ဈေးကောင်းစောင့်ရောင်းဖို့ အခြေအနေမပေးတာနဲ့ သင့်တင့်တဲ့
ဈေးနဲ့ ရောင်းခဲ့ပြီး ပြန်ခဲ့တယ်။ ဘဘ တချို့သုံးတယ်၊ သမီးလေး
တို့မိသားစုကိုလည်း ဘဘ ထောက်ပံ့ခဲ့တယ်လေ'

'ရွာက အထင်တော့ ဘဘပဲ သမီးတို့ကို ကူညီမှုစောင့်
ရှောက်မှုတွေ လုပ်နေတယ်လို့'

'ဘဘမျက်နှာလိုချင်လို့ လျှို့ဝှက်ထားတာ မဟုတ်ဘူး
သမီးလေးရဲ့၊ သူကပဲ လျှို့ဝှက်ခိုင်းထားတာ။ သမီးလေး အသက်
နှစ်ဆယ်ဝန်းကျင်မှာ သူပြန်လာပြီး သမီးလေးနဲ့တွေ့မယ်၊ အဲဒီကျ
အကြောင်းကိစ္စကြီးကြီးမားမားတွေ ရှိတယ်။ အဲဒီမတိုင်ခင် သမီး
လေးလွတ်လွတ်လပ်လပ် နေပါစေလေ၊ စိတ်အနှောင့်အယှက်
လုံးဝမရှိစေချင်လို့ တွေးတောနှောင်ဖွဲ့မှုဖြစ်စေမယ့် ဒီစကားတွေ
ကို အာရုံမဟာပါနဲ့ဦးလို့ သူဘဘကို ပြောထားတာမို့ သူ့အလိုကျ
ဘဘ နေခဲ့ရတာ'

'သူက ဘယ်မှာ နေတာမို့လို့လဲ'

'သူက ဟိမဝန္တာမှာ လှည့်လည်သွားလာနေတာတဲ့ ဒီ
နေရာတွေက လူနေမှုတွေနဲ့နေရာ၊ သူခေါင်းတလားလှည်းကြီးနဲ့
ဒီနေရာကို မကြာခဏ မလာချင်ဘူး၊ သမီးလေးအသက်နှစ်ဆယ်



www.burmeseclassic.com

ဝန်းကျင်လောက်ကျမှ သူပြန်လာမယ်တဲ့၊ ဒီကြားသာ သမီးလေးကို စောင့်ရှောက်ပါတဲ့'

'သူက လူတော့ လူပဲလားဘဘ'

'သူ့ကို တခြားတွေနဲ့ ရောထွေးမထင်ပါနဲ့၊ သူလူစစ်စစ်ပါလို့ပြောတာပဲ သမီးလေးရယ်၊ သူ့ကိုအကဲခတ်ရတာလည်း လူနဲ့ပဲတူပါတယ်'

'သူက ဘာလို့ သမီးကို အဲဒီလို လုပ်ပေးရတာလဲ'

မာလ စိတ်ဝင်စားနေတယ်။

'သမီးလေး ဟိုးအတော်လေးကြာမြင့်ခဲ့တဲ့ ဘဝတုန်းက သူ့ညီမတဲ့'

'ဒါဆို သူနဲ့သမီး ဒီဘဝမှာ တိုက်တိုက်ဆိုင်ဆိုင် လူလာဖြစ်ကြရတယ်ပေါ့၊ သူက ဟိမဝန္တာမှာ လူသွားဖြစ်နေတာတဲ့လား၊ သမီးဒီမှာ လူလာဖြစ်နေတာ သူဘယ်လိုသိနိုင်ပါလိမ့်ဟို သူ့ခေါင်းတလားကြီးထဲမှာ ဘယ်သူ့အလောင်းရှိနေပါလိမ့်'

တောင်ပိုင်ကြီး ခေါင်းတွင်တွင်ခါတယ်။

'ဘဘ အသေအချာမသိဘူး သမီးလေးရယ်၊ သမီးလေးဆီ သူပြန်လာတော့မှာပါ၊ သမီးလေးသိရတော့မှာပါ၊ ဘဘအံ့ဩမိတာက မုဆိုးကြီးတွေ ပြောပုံအရ သူတို့တွေ့ခဲ့တဲ့ အရွယ် အသက်နှစ်ဆယ်ကျော်လောက်တဲ့၊ ဟိုးအနှစ်နှစ်ဆယ်လောက်က သူနဲ့ဘဘနဲ့တွေ့တုန်းကလည်း သူ့အရွယ်နှစ်ဆယ်ကျော်လောက်ပဲ'

* * *





(၅)

ခေါင်းတလားကြီးနဲ့အတူ သူ့ကိုမြင်လိုက်ရတဲ့ မာလ ကြက်သီးဖြန်းဖြန်းထသွားသလို…

သူက မာလကို ပြုံးကြည့်နေတယ်။

ပြုံးကြည့်နေတဲ့ သူ့မျက်လုံးတွေ မျက်ရည်များဝိုင်းပြီးလာကြတယ်။ ဝိုင်းပြီးလာကြတဲ့ မျက်ရည်တွေ ပါးပြင်နှစ်ဖက်မှာ စီးကြောင်းဖြစ်သွားတယ်။ မာလ သူ့ကို စိတ်မကောင်းစွာ တွေကြည့်နေမိတယ်။ မုဆိုးကြီးတွေပြောတာ မလွန်။ လှလိုက်တာ။

သူ အရမ်းလှတဲ့ မိန်းမတစ်ယောက်ပဲ။ မာဆတ်ဆတ်ဆောင့်တောင့်တောင့် မာလအလှမျိုး မဟုတ်။ သူ့အလှက ညက်ညာပြေပြစ်မှုတွေနဲ့ အားပါပါဖွဲ့စည်းထားတာ။ တစိမ့်စိမ့်ကြည့်လေ သူ့အလှထဲ စီးမွှဝင်သွားလေပဲ။

ဆိုရရင် မာလအလှက ခံစားမှုအရာကို ဆောင့်ဆွဲတာရွတ်ဆိုက်ဆွဲခေါ်သွားသလို။ သူ့အလှက ညှို့ယူဖမ်း အင်အားတွေအကြား မရှန်းသာမလွန့်သာ ခံစားမှုမျိုးနဲ့ လိုက်ပါနေရသလို။

သူ့အလှမှာ အာရုံကျနေမိတဲ့ မာလ ဂိုမကို သတိရလိုက်တယ်။ အတူပါလာတဲ့ ဂိုမ ဘယ်ရောက်သွားပါလိမ့်။ နံဘေးဝန်းကျင်ကိုဝေ့ကြည့်ရှာတယ်။ ဂိုမ အရိပ်အယောင်တောင်မရှိ။ အာစောက နောက်ချန်နောက်ချန်နဲ့တော့ လိုက်လာနေပါသေးတယ်။

'ညီမတော်နဲ့အတူ ပါလာတဲ့ ကောင်လေးလား၊ ဘယ်လို

www.burmeseclassic.com



ကလေးပါလိမ့်၊ အစ်မတော်နဲ့ခေါင်းတလားကြီးကို မြင်လိုက်တာနဲ့ တစ်ချက်ပြူးကြောင်ကြည့်ပြီး နောက်ကြောင်းပြန်ပြေးသွားတယ်'

မာလ တစ်စုံတစ်ခုရှာနေတဲ့ အသွင်ကိုကြည့်ပြီး မိန်းမလှက ပြောတယ်။

'ဂိုခ ဘယ်လိုအကြောက်ကြီးသွားပါလိမ့်၊ ဂိုခ ဒီလောက်တော့ မကြောက်တတ်ဖူးထင်တယ်၊ သားရဲတို့ လူလူချင်းတို့ဆိုဂိုခဒီလောက်မကြောက်တတ်ပါဘူး၊ ဇကန္တ တောနက်ထဲမှာ မိန်းမတစ်ယောက်ခေါင်းတလားကြီးတစ်လုံးနဲ့ ရှေ့ကပိတ်ဆီးရပ်နေတာကို လူစင်စစ်မထင်ဘဲ တစ္ဆေသရဲထင်ပြီး ဂိုခ အကြောက်ကြီးသွားပုံရရဲ့'

မာလရင်ထဲက တွေးမိတယ်။ မိန်းမလှလေးကလည်းပြောတယ်။

'သူ အစ်မတော်ကို တောရဲ့မကောင်းဆိုးဝါး တစ္ဆေသရဲထင်ပြီးလန့်ပြေးသွားတဲ့ပုံမျိုးပဲ'

'အားမကိုးရတဲ့ ဂိုခ၊ မသာမြွေကိုက်သေပါစေ'

မာလ စိတ်ထဲက ကျိန်ဆဲလိုက်မိတယ်။

'လာပါ ညီမတော်ရယ်၊ အစ်မတော်တို့ ဂူလ္လိုတို့နဲ့အဝေးနားလိုက်ပါဦး'

'ဂူလ္လို'

မာလ ယောင်ယောင်နနေ ရေရွတ်မိတယ်။





'ဂူလ္လို ခေါင်းထဲမှာရှိတယ် ညီမတော်ရဲ့၊ လာ…'

မာလ မိန်းမလှအနားရောက်သွားတော့တယ်။

'အစ်မတော်မှာ ဂျုံနဲ့သစ်သီးတွေကို လုပ်ထားတဲ့ မုန့်တွေနဲ့ ပျားရည်ပါလာတယ်၊ အနားယူရင်း စားလိုက်ဦး၊ ပြီးရင် ခရီးဆက်မယ်'

ပြီးရင်ခရီးဆက်မယ်ဆိုပါလား၊ ဘယ်ဆီခရီးဆက်မလို့ မာလကို ခေါ်တာလဲ၊ မာလ ရင်ထဲ အတွေးဖြစ်တယ်၊ ဒါပေမဲ့ မာလ မငြင်းဆန်မိ။ မာလ မိန်းမလှဖွဲ့ခွဲ့ကျွေးတဲ့ မုန့်နဲ့ ပျားရည်ကိုလည်း အလိုက်သင့်စားသုံးနေမိတယ်။ မငြင်းဆန်မိ။ မိန်းမလှရဲ့ ဂရုတစိုက်ကျွေးမွေးပြုစုမှုကို စားသုံးရင်း မာလရင်ထဲမှာ ပီတိနဲ့ ဝမ်းနည်းမှုတွေ လျှံတက်နေသလိုပဲ။

'တော်ပြီ မမရယ်'

'မမ'

မိန်းမလှက ရေရွတ်တယ်။

'အင်း… အဲဒါပဲ သဘာဝကျပါတယ်၊ အချိန်အခါနဲ့ အခြေအနေအရ အဲဒီလိုခေါ်တာပဲ သဘာဝကျပါတယ်'

'ညီမလေး မာလလေး၊ မမကိုချစ်လား၊ မမကိုချစ်လားဟင်'

'ဟိုး… တောတွေ သွားတုန်းက တစ်ယောက်ကို တစ်ယောက် အဲဒီလိုမျိုး လွတ်လွတ်လပ်လပ်တွေ ခေါ်ကြတာကို ပြန်သတိရလိုက်တာ'

ပြောရင်း မိန်းမလှတွေငေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ ဖြိုတက်လာပြန်တယ်။

'ညီမလေး အဲဒါတွေကို ပြန်သတိရနိုင်လား'

မာလ ခေါင်းခါတယ်။

'ညီမလေး မမနဲ့ပြန်တွေ့ရပြီပဲ၊ တစိမ့်စိမ့်နဲ့ပြန်သတိရနိုင်တော့မှာပါ၊ နာဂဂီရိကိုရောက်ရင် ပိုသတိရလောက်ရဲ့၊ ငါတို့ညီအစ်မတွေ နာဂဂီရိနေရာဟောင်းဆီ သွားလည်ကြမယ်'

'နာဂဂီရိ'

ပုံပြင်ထဲက နာမည်ပါလား။

'ဒါဆို ဒီမမ ပုံပြင်ထဲက နဂါးမင်းသမီးလေးလား'

'ကဲ… ညီမလေး နာဂဂီရိဆီသွားကြစို့'

မိန်းမလှခေါင်းတလားလှည်းဆွဲပြီး ရှေ့ကဦးဆောင်တော့ မာလရိုင်ဖယ်သေနတ်လွယ်သိုင်း ခေါင်းတလားလှည်းကို တွန်းပြီး နောက်ကပါသွားတော့တယ်။

* * *

## (၆)

'နာဂဂီရိ ဒီတောင်ကုန်းတွေအောက်မှာပေါ့ ညီမလေး'

တောင်ကုန်းတစ်ခုမှာ ထိုင်နားကြရင်း မိန်းမလှလေးက ပြောတယ်။

'နာဂဂီရိတောင် ရွှေနန်းတော်၊ မြို့ရိုးတွေ၊ တိုင်းပြည်တစ်ဝှမ်းက တောင်တွေမြို့ပြတွေ၊ အဆောက်အဦးတွေ၊ မြေလျှင်



ကြောင့် ဖြိုပျက်ရုံမက မြေကြီးထဲ ကျွံဝင်သွားခဲ့တယ်၊ အဲဒီမြေကျွံပေါ် အနီးဝန်းကျင်က ဖြိုပျက်တဲ့တောင်တွေက ထပ်ပိဖုံးအုပ်တယ်၊ တောင်ကုန်းတွေ ထပ်ဖြစ်တယ်၊ နာဂဂီရိတိုင်းပြည်ကြီးဟိုးမြေအောက်နက်နက်မှာ ဖြိုပျက်ပိညှပ်နေရပြီ'

မိန်းမလှအသံက မှုန်းကြပ်နေသလို…

နောက်ပြီး မိန်းမလှငိုပြန်တော့တယ်။

မာလလည်း လိုက်ငိုနေမိတယ်။

'မီးတောင်ပေါက်ကွဲတုန်းက ညီမလေးကို မမမြင်းပေါ်တင်လွှတ်လိုက်တယ်၊ မမကတော့ ကြုလှိုက်ိုအပါဆွဲခေါ်နေရသေးတယ်၊ မမလွတ်မြောက်ခဲ့တော့ ညီမလေးအပါအဝင် လူအတော်များများလည်း လွတ်မြောက်နိုင်ရဲ့အတွေးနဲ့ မမရှာဖွေစုံစမ်းမှုတွေပြုသေးတယ်၊ တစ်ယောက်တလေမှာတောင် အသက်ရှင်ခဲ့ပုံမရဘူး၊ မမကလွဲရင်ပေါ့၊ မမကတော့ မီးလုံးမီးလျှံတွေ ထိခိုက်မှုနဲ့၊ ကျောက်တုံးကျောက်ခဲတွေ ထိခိုက်မှုမရှိတာရို့ မြေကျွံချိန်မှာ မြေကျွံတဲ့အရပ်တွေနဲ့ လွတ်ရာဆီ လွှတ်ရုံလွှတ်ရုံရောက်နိုင်ခဲ့တယ်၊ ဘာလို့လွတ်မြောက်နိုင်ခဲ့တယ်ဆိုတာကိုတောင် အသေအချာ မသိနိုင်တော့ပါဘူး၊ နာဂဂီရိနဲ့ အတော်ဝေးဝေးရောက်ပြီးတဲ့အခါမှာတော့ မမလည်း လုံးဝလှုပ်ရှားလို့ မရတော့ပါဘူး၊ သတိလည်း လွတ်သွားခဲ့တယ်၊ သတိပြန်ရလာတော့မှ မသေလို့လား၊ လွတ်မြောက်ခဲ့ပါလားဆိုတာ အသိရတော့တယ်၊ နောက်ကြားမှာ ကြုလှိုလည်း လွတ်မြောက်ပါလာတယ်'

ဆန်းသစ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှရဲ့စကားကို နားထောင်ရင်း မာလတစ်ကိုယ်လုံး ဖျပ်ကနဲ ပူလောင်နာကျင်မှု ဖြစ်သွားတယ်။ ဝန်းကျင်မြင်ကွင်းတွေ လင်းကနဲ ဖြစ်သွားတဲ့ အလင်းအင်အားကြီးကြီးတစ်ခုမှာ ပျောက်ထွက်သွားတယ်၊ ဝန်းကျင်မြင်ကွင်းတွေနေရာမှာ မြင်နေရတဲ့ မြင်ကွင်းက မီးတောင်ပေါက်ကွဲမှုမြင်ကွင်း။

လူတွေ၊ မြင်းတွေ ရှန်းရင်းဆန်ခတ် ပြေးလွှားနေကြတယ်၊ မီးလုံးမီးလျှံတွေက မီးတောင်ဆီကနေ လွင့်ပျံ့ဝေ့ဝဲလာပြီး လူတွေ၊ မြင်းတွေ၊ ဆင်တွေကိုထိတယ်၊ ကျောက်တုံးကျောက်ခဲတွေကလည်း လေထဲအနှံ့ဝေ့ဝဲပျံသန်းနေကြပြီး လူတွေ၊ မြင်းတွေ၊ ဆင်တွေကိုထိတယ်။ မြေကြီးကလည်း လှုပ်ခါနေတာပဲ။

လူသေတွေ၊ မြင်းသေတွေ၊ ဆင်သေတွေ အတုံးအရုံးပဲ။ အဲဒီမြင်ကွင်းထဲမှာ ခေါင်းတလားလှည်းကို တပင်တပန်း ရှန်းချဲနေတဲ့ . . .

'ရာဇ . . . ရာဇ'

မာလ ယောင်ရမ်းအော်ဟစ်လိုက်မိပြီး . . .

'ညီမလေး . . . ညီမလေး . . .'

'မာလလေး . . . မာလလေး . . .'

ခေါ်သံ၊ စိုးရိမ်တကြီးခေါ်သံ။ မာလနောက်ဆုံးကြားလိုက်ရတယ်။

* * *





(၇)

သူပြန်သတိရသမျှတွေကို မာလ နာဂမာလကို ပြန်ပြောပြတယ်။ မာလကို ရင်ခွင်ထဲ ပိုက်ထွေးထားပြီး နာဂမာလ မျက်ရည်တဝဲဝဲ နားထောင်လိုက်။ မျက်ရည်စီးကျနားထောင်လိုက်။ မျက်ရည်အနိုင်နိုင်သုတ်ရင်း နားထောင်လိုက်။ ရှိုက်သံတွေနဲ့ နားထောင်လိုက်။

အဲဒီတစ်ညတာ သူတို့ညီအစ်မ အဲဒီနာဂကိရိမြို့ဟောင်းပေါ်က တောင်ကုန်းမှာပဲ မီးဖိုပြီး စခန်းချနေကြတယ်။

မာလ ဘဝဟောင်းကို ပြန်သတိရခြင်းအပေါ်မူတည်ပြီး တစ်ညတာလုံးလိုလိုပဲ ညီအစ်မနှစ်ယောက် ဘဝဟောင်း ဖြစ်ကြောင်းတွေ ပြန်လည်အောက်မေ့သတိရပြောမဆုံးဖြစ်ကြရတယ်။

'ခု မမက ဟိမဝန္တာမှာသွားပြီး လူဝင်စားဖြစ်နေတာလား'

မိုးလင်းပိုင်းရောက်ပြီ။ မာလ နာဂမာလကိုမေးမိတယ်။

နာဂမာလ ခေါင်းယမ်းခါတယ်။

'မမ လူဝင်စားမဟုတ်ဘူး ညီမလေးရဲ့၊ ညီမလေးရဲ့မမ နာဂမာလဘုရင်မလေး . အစစ်အမှန်ပဲ'

'ဘယ်လို မမ'

'မမက အဲဒီကတည်းက မသေတာ၊ ဒီနေ့ထိလည်း သေဆုံးခြင်းမရှိသေးဘူး၊ ဘုရင်မလေး နာဂမာလတော့ မဟုတ်တော့ဘူးပေါ့၊ တောပျော်နာဂမာလ ဖြစ်နေပြီပေါ့'

'ဘယ်လိုလဲ မမရယ်၊ ဟုတ်ရဲ့လား၊ မာလ နားမလည်

www.burmeseclassic.com



နိုင်ဘူး၊ နှစ်ကာလတွေကလည်း ထောင်စုချီနေပြီပဲ’

‘သိပ်ဟုတ်ပါတယ် ညီမလေးရယ်၊ မမပြောလိုက်ရင် ညီမလေးရှင်းသွားမှာပါ၊ ညီမလေး အသက်နှစ်နှစ်ထောင့်ခုနှစ်ဆယ်ဝိဇ္ဇာမိုရ်ကြီးကို မှတ်မိနိုင်နေတာပဲဟာ’

နာဂမာလက မာလကို ပြန်ပြောပြတယ်။ ဒုက္ခရောက်နေချိန်မှာ ဝိဇ္ဇာမိုရ်ကြီးကို တမ်းတပုံ၊ ရှာဖွေပုံ။

ဝိဇ္ဇာမိုရ်ကြီးနဲ့ ပြန်တွေ့ခွင့်ရတယ်။

ဝိဇ္ဇာမိုရ်ကြီး ရေမှော်ဂမုန်းစိုက်ပျိုးမှုအောင်မြင်တယ်။

နာဂမာလက သူ့ရည်ရွယ်ချက်ရှိထားတဲ့အတိုင်း အသက်ရှည်နိုင်ရေးအတွက် ဝိဇ္ဇာမိုရ်ကြီးဆီမှာ ရေမှော်ဂမုန်းဥ စားသုံးခွင့်တောင်းတယ်။ ဝိဇ္ဇာမိုရ်ကြီးရဲ့ကြင်နာမှုကြောင့် နှစ်တစ်ရာသက်တမ်းမှာ တစ်ကြိမ်၊ တစ်ကြိမ် နာဂမာလ ရေမှော်ဂမုန်းဥ စားသုံးခွင့်ရတယ်။

နာဂမာလရှင်းပြမှုကြောင့် မာလသဘောပေါက်နားလည်သွားတယ်။

‘ကြာလိုက်တာ ညီမလေးရယ်၊ ညီမလေးနဲ့ဣလ္လိ မမဆီပြန်ရောက်လာဖို့ မမစောင့်နေရတာ ကြာလိုက်တာ’

မာလက နာဂမာလပခုံးကိုဖက်ထားလိုက်ပြီး…

‘ခု ညီမလေး ပြန်ရောက်လာပြီလေ မမရဲ့၊ အဲ… ဣလ္လိ… ဣလ္လိ ဘယ်ရောက်နေသလဲ’

‘ဣလ္လိရဲ့ခန္ဓာကိုယ်ကတော့ မမနားမှာ အမြဲတမ်းပါ၊ သူ့ဝိညာဉ်ကတော့ ရောက်တတ်ရာရာသွားနေလိုက်တာ၊ ခုမှပဲ





သူလည်း လူပြန်ဖြစ်ခွင့်ရတော့တယ်’

‘ဟာ… ဣလ္လိလည်း လူပြန်ဖြစ်နေတယ်လား၊ သူဘယ်မှာလူပြန်ဖြစ်နေတာလဲ၊ မမ သိတယ်နော်’

‘မမတို့လူမျိုးရဲ့ ရှေးပညာနဲ့တွက်လို့ရတယ်လေ၊ ဣလ္လိလူပြန်ဖြစ်နေတယ်၊ ဝေးတော့ဝေးလွန်းတဲ့အရပ်မှာ သူလူဖြစ်တဲ့တိုင်းပြည် ညီမလေးကြားဖူးမှာတောင် မဟုတ်ဘူး၊ မြန်မာပြည်မှာ’

‘မြန်မာပြည်… ကြားဖူးပါဘူး’

နာဂမာလ မာလကို စွေစွေလေးကြည့်နေတယ်။

‘ကြားဖူးတာ မကြားဖူးတာထား၊ မမ ညီမလေးကို အဲဒီတိုင်းပြည် လွှတ်မလို့’

‘မာလက အဲဒီတိုင်းပြည်ကိုသွားပြီး…’

‘ညီမလေးကို မမပြောဖူးတဲ့ အစီအစဉ်ကို မှတ်မိတယ်ဆို၊ မမ ဣလ္လိဝိညာဉ်ကို ဣလ္လိခန္ဓာကိုယ်ထဲ ပြန်ထည့်ပေးမယ့်အစီအစဉ်ကို ညီမလေး မှတ်မိတယ်ဆို’

မာလ သဘောပေါက်သွားရတယ်။

‘အဲဒီကတည်းက ညီမလေး အကူအညီလိုတယ်လို့ မမပြောထားတယ်လေ’

‘ဆိုတော့ ညီမလေးက အဲဒီမြန်မာပြည်ဆိုတဲ့ နေရာကိုသွား၊ ဣလ္လိဝိညာဉ်ဝင်စားနေတဲ့ ‘အဲပ’ စမနဲ့လူကိုရှာ။ အတိတ်ဟောင်းပြန်သတိရအောင်လုပ်။ အတိတ်ဟောင်းပြန်သတိရချိန်



www.burmeseclassic.com

www.burmeseclassic.com



ဣလ္လိဝိညာဉ်ကို ပြန်တောင်းယူ၊ သူ့ဘက်က အထစ်အငေါ့လုပ်နေရင် သူ့ကိုသတ်ပြီး ဣလ္လိဝိညာဉ်ကိုလုယူ၊ အဲဒီအမှုလုပ်ပေးရမယ်ပေါ့'

'အင်းပေါ့ ... ဒါပေါ့ ညီမလေးရဲ့'

'မြန်မာပြည်က အတော်ကျယ်ဝန်းလား၊ 'အဲပ' စနေ့လူကိုရှာရေးလွယ်ပါ့မလား'

'မမအသေးစိတ်တွက်လို့ရတာကတော့ မြန်မာပြည်ရဲ့မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာလူဝင်စားဖြစ်နေတာတဲ့၊ ဗေဒင်ကိန်းခန်းအရတော့ လူစည်ကားရာအရပ်မျိုးမှာ ဆုံတွေ့နိုင်သတဲ့'

မာလ သူဘယ်လိုလုပ်နိုင်မလဲဆိုတာ စဉ်းစားကြည့်နေတယ်။

'ညီမလေးက နဂိုကတည်းက အကြံအစည်ကောင်းမှုကြံတတ်စည်တတ်ပါတယ်၊ ညီမလေးလုပ်ဆောင်နိုင်မယ်လို့ ယုံကြည်တယ်'

'တစ်ခုရှိသေးတယ် မမရဲ့၊ အဲဒီတိုင်းပြည်က လူမျိုးတွေရဲ့စကား'

'ညီမလေး မေ့နေလား၊ ငါတို့လူမျိုးတွေရဲ့ ဘာသာစကား ငါတို့လူမျိုးတွေရဲ့ ဘာသာစကားကို ကျွမ်းကျင်မှုဟာ တခြားလူမျိုးတွေရဲ့ ဘာသာစကားတွေကို အလွယ်တကူ သင်ယူလို့ရတယ်ဆိုတဲ့အခြေခံလျှို့ဝှက်ချက်ကိုလေ။ တိရစ္ဆာန်တွေရဲ့အော်မြည်မှုကိုတောင် ငါတို့လူမျိုးတွေ အဓိပ္ပါယ်ဖော်နိုင်တယ်၊ လိုက်တုပအော်မြည်ပြောဆိုလို့ ရတယ်ဆိုတာကိုလေ။ အဲဒီလို ဘာသာချင်းကူးပြောင်းနားလည်နိုင်မှုနဲ့ တုပပြောဆိုနိုင်မှုကို ညီမလေးမေ့နေသေးတယ်ဆိုရင် မမထပ်သင်ကြားပေးမှာပေါ့။ ငါတို့လူမျိုးရဲ့ ဘာသာစကားကို ကျွမ်းကျင်မှုဟာ ဘယ်လူမျိုးဘာသာစကားကိုဖြစ်စေ နားထောင်ရင်းနားထောင်ရင်း အဓိပ္ပါယ်တွေကို သိလာနိုင်သလို တုပပြောဆိုမှုကိုလည်း ပြုနိုင်တဲ့ လျှို့ဝှက်ချက်ရှိပါတယ် ညီမလေးရယ်၊ ညီမလေး အဲဒီတိုင်းပြည်ကိုရောက်ရင် အဲဒီတိုင်းပြည်က လူမျိုးတွေနဲ့ စကားပြောရင်း အဲဒီလူမျိုးတွေရဲ့ ဘာသာစကားကို ရက်ပိုင်းအတွင်း ကျွမ်းကျင်သွားမှာပါ'

နာဂမာလ ပြောဆိုချက်တွေကို အခြေခံချစဉ်းစားရင်း ဒီကိစ္စ သူလုပ်နိုင်ကောင်းရဲ့လို့ မာလစဉ်းစားမိတယ်။ မာလ သူ့ကိုယ်သူလည်း ယုံကြည်မှုရှိတယ်။

'နှစ်ပေါင်းထောင်ချီအကြံအစည်ရှိခဲ့ရတဲ့ မမအကြံအစည်ကို ပေါ်လွင်ပြည့်စုံအောင် ကူညီရမယ့်ကိစ္စပဲ၊ ညီမလေး မငြင်းနိုင်ပါဘူး မမရယ်'

မာလစကားကြောင့် နာဂမာလ မာလကိုဖက်နမ်းတယ်။

'ဒီဝန်းကျင်တောင်တွေ လူမျိုးတွေမှာ ပုံပြင်လိုဖြစ်တဲ့ နဂါးမင်းသမီးလေးရဲ့တိုင်းပြည် နာဂကီရိဆိုတာ မာလတို့တကယ်ရှိခဲ့တဲ့ နာဂကီရိနဲ့ဆက်စပ်နေတာကိုး ...'

'နှစ်တွေ ကြာညောင်းလာ နှုတ်စကားအဆင့်ဆင့်တွေပြောင်းလာတော့ နာဂကီရိဟာ နဂါးမင်းသမီးလေးရဲ့တိုင်းပြည်ဆို

www.burmeseclassic.com



တဲ့ ပုံပြင်လေးပဲဖြစ်သွားရတော့တယ်၊ မာလကိုယ်တိုင်တောင် ပုံပြင်သက်သက်လို့ထင်ခဲ့မိရဲ့’

‘ပုံပြင်အတော်များများဟာ တကယ်ရှိမှုတွေအပေါ် အခြေခံပြီး ဖြစ်သွားကြတာမျိုးတွေ ညီမလေးရဲ့’

နာဂမာလ မာလကို ရင်ခွင်ထဲထည့်ထားပြီး ဣလ္လိကို သူ နှစ်ပေါင်းထောင်ချီချစ်နေရတဲ့အချစ် လွမ်းနေတဲ့ အလွမ်းနဲ့ မျှော်လင့်တမ်းတမှုတွေ ထမ်းပိုးရင်း တောထဲလှည့်နေရတဲ့ အဖြစ်တွေကို ပြောပြနေတယ်။ ဘာပဲဖြစ်ဖြစ် မာလနဲ့ပြန်ဆုံဆည်းမှုဟာ သူ့မျှော်လင့်တမ်းတမှုတွေရဲ့ တစ်ဝက်ပဲလို့ပြောတယ်။

ကျန်တဲ့တစ်ဝက်ပါ ပြည့်စုံစေမယ့်နိမိတ်လေးပဲလို့ ဆိုတယ်။

သူစကားတွေပြောမဝ ပြောနေတာ မိုးထိန်ထိန်လင်းတဲ့အထိပဲ။

မာလ သမ်းဝေလာတော့…

‘မာလလေး ခဏအိပ်လိုက်…’

* * *

(၈)

‘မာလလေး ထစမ်း… ထစမ်း…’

နားနားကပ်ခေါ်ပြီး တင်ပါးလေးကို ပုတ်ခတ်ခံလိုက်ရလို့ ကြောင့် မာလလန့်နိုးသွားတယ်။





‘လူတစ်ယောက် ငါတို့နေ့နီးရာဆီကို တဖြည်းဖြည်းကပ်လာတယ်’

မာလရုတ်ချည်းထထိုင်တယ်။ နာဂမာလရဲ့ခန္ဓာကိုယ် ပေါ့ပါးစွာလေထဲလွင့်တက်သွားတယ်။ ချုံပုတ်တစ်ခုနောက်ကွယ်ဆီ ပေါ့ပါးစွာကျသွားတယ်။

ခြုံပုတ်နောက်ကွယ်က ခန္ဓာကိုယ်တစ်ခု ရှမ်းချာလပတ်လည်ပြီးထွက်လာတယ်၊ မာလထိုင်ရာအနားလာကျတယ်။

မာလရုတ်ချည်းထပြီး ကျလာတဲ့ခန္ဓာကိုယ်ရဲ့ ရင်ဘတ်ကို ခြေတစ်ဖက်နဲ့ နင်းထားလိုက်တယ်။ ကျလာသူ ရှိုင်ဖယ်သေနတ်စွယ်သိုင်းကြိုးနဲ့ ကိုးယိုးကားယား။

‘ဂိုမ’

‘ဟင်… ဂိုမ’

နာဂမာလ ချုံပုတ်အကွယ်ကနေ ခုန်ပျံထွက်လာတယ်။

မာလနဲ့ယှဉ် ခြေစုံရပ်ကျတယ်။

ဂိုမကိုငုံ့ကြည့်တယ်။ သူ့မျက်လုံးအကြည့်က ဒေါသအလျှံတွေနဲ့၊

‘မနေ့က ထွက်ပြေးသွားတဲ့ ကောင်လေးပါလား’

ရေရွတ်ပြီး မာလကိုကြည့်တယ်။

‘ညီမလေး… သူဘယ်သူလဲ’

မာလ ဂိုမကို စိတ်ပျက်စွာကြည့်ပြီး ဂိုမရင်ဘက်ပေါ်က ခြေကိုဖယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးတပည့်ပါ မမ'

မာလစကားကြောင့် ဂိုဓပြုံးတူးပြဲဲဲထထိုင်တယ်။

'ဘာ… ငါက နှင့်တပည့်'

'အသာနေစမ်း၊ ဒီမှာ ငါမမနဲ့ စကားပြောနေတာ'

မာလ ဂိုဓကို ဟောက်ဟမ်းလိုက်ပြီး နာဂမာလကို ပြောတယ်။

'သူ့အဖေက ညီမလေးဆီက ပညာရယူရအောင် သူ့ကို ညီမလေးဆီမှာ အပ်နှံထားတာပါ၊ သူမလိမ်မာဘူး၊ ညီမလေးဆီက သူဘာပညာမှ မရယူနိုင်ဘူး'

ဂိုဓ မျက်နှာရှုံ့မဲ့နေတော့တယ်။

'သူ့အဖေက သူ့ကို ညီမလေးဆီက ဘယ်လိုပညာမျိုး ရယူစေချင်တာလဲ'

'မှဆိုးပညာပါ'

မာလကိုယ်ကိုမတ် ရင်ကိုချီလိုက်ပြီး ပြောလိုက်ခြင်း

ဂိုဓ မျက်စောင်းထိုးမိလိုက်ရဲ့။

ဂိုဓမျက်စောင်းထိုးတာကို မာလတွေ့လိုက်တယ်။ နာဂမာလ လည်း တွေ့လိုက်တာမို့…

'သူက မိန်းမစိတ်၊ ကိုယ့်ဆရာကိုတောင် မျက်စောင်းပြန်ထိုးတတ်တာမျိုး၊ ဘယ်မှာ ပညာရနိုင်ပါ့မလဲ'

ဂိုဓ လူးလဲထတယ်၊ စိတ်ဓာတ်ကျနေတဲ့မျက်နှာကြီးနဲ့—

'ဒီလို မမရဲ့'

ဆန်းသစ်ဦးလာပေ



နာဂမာလကို မာလသိယောင်လိုက်ပြီး ခေါ်တယ်။

သူ့ကို နာဂမာလ တည်တည်ပြန်ကြည့်လိုက်တော့…

ဂိုဓ ဆတ်ခနဲ တုန်သွားတယ်၊ နောက်တစ်လှမ်းဆုတ်တယ်။

'နင် မမကို မမ ခေါ်ပိုင်ခွင့်မရှိဘူးလေ'

'ဒါ… ဒါဖြင့် ငါ… ငါ… ဘယ်လိုခေါ်ရမလဲ၊ သင်ပေးဦးလေ'

'နင့်ကို သင်ရတာတွေလည်း များနေပြီ၊ နင်ဘာမှ မှတ်မှတ်ရရ ပညာမယူတတ်ပါဘူး၊ စိတ်ပျက်တယ်၊ မမကို နင့်အနေနဲ့ မမခေါ်ခွင့်မရှိဘူး၊ ငါတို့က ညီအစ်မချင်းမို့ ခေါ်တာ၊ နင်လို မလောက်လေးမလောက်စားက မမ မခေါ်သင့်ဘူး'

'ငါဘယ်လို ခေါ်ရမလဲ မာလရယ်'

မာလက တည်တည်တင်းတင်းနဲ့။

'ဆရာမရဲ့ မမလို့ခေါ်'

ဂိုဓ တွန့်ခနဲ ဖြစ်သွားတယ်။

နာဂမာလကိုကြည့်မိတော့လည်း တင်းတင်းကြည့်နေတဲ့ နာဂမာလရဲ့ မျက်လုံးအစုံနဲ့ ရင်ဆိုင်လိုက်ရပြီး ဂိုဓခြေတစ်လှမ်း ယောင်ယောင်ရမ်းရမ်း နောက်ဆုတ်လိုက်မိပြန်တယ်။

မထူးတော့ပြီမို့ ဂိုဓ ဆရာမရဲ့မမလို့ခေါ်ဖို့ နှုတ်ခမ်း ပြင်ဆင်တယ်။ သူ့နှုတ်ခမ်းပြင်ဆင်မှု ကြန့်ကြာနေတယ်။ သူမှ ခေါ်ချင်ဘဲ၊ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်ပြီး ဟိုရုံဒီရုံ…

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်နေပုံကိုကြည့်ပြီး မာလစိတ်ပျက်မျက်နှာနဲ့ တစ်ဖက်လှည့်ပစ်လိုက်တယ်။ တစ်ဖက်လှည့်အပြီးမှာတော့ မာလ မျက်နှာပြုံးစိစိ။

'ဒီလိုပါ ဆရာမရဲ့ မမရယ်၊ ကျွန်တော့်အဖေက သူ့အဲ လိုက်ရင်စိတ်မချလို့ သူ့လုံခြုံရေးအတွက် ကျွန်တော့်ကို တာဝန် ပေးထားတာပါ'

မာလ ဂိုကို့ပြန်ကြည့်တယ်။ ပြီး နာဂမာလကိုကြည့်ပြီး-

'သူ့အဖေက သူ့လို ထူထူအအမဟုတ်ဘူး၊ ပညာရှိတယ် သူ့ကို မိန်းမတစ်ယောက်ဆီ တပည့်ခံဆို သူဆင်ခြင်ဆင်လက်များ မှာမို့ သူ့ကို ဥပါယ်တမည်နဲ့ ညီမလေးတပည့်ဖြစ်စေတာ၊ အဲဒါ တောင် သူမရိပ်မိနိုင်ဘူး၊ သူ့လိုလူလား ညီမလေးလုံခြုံရေးကို တာဝန်ယူနိုင်မှာ၊ ကြည့်လေ၊ မမကိုလည်းမြင်ရော ပြေးလိုက် တာအမြီးကိုတန်းနေတာပဲ'

မာလစကားကြောင့် ဂိုဓယောင်ရမ်းပြီး သူ့မြီးညှောင့်ရိုး သူ့ပြန်စမ်းမိတယ်။

'ဟို… ဟို… ကျွန်တော်သားရဲတိရစ္ဆာန်တွေလည်း တော်ရုံတန်ရုံမကြောက်တတ်ပါဘူး၊ လူလူချင်းဆိုလည်း မကြောက်ပါဘူး၊ အဲ… မမ၊ အဲ… ဆရာမရဲ့မမကို ဖြန်းထဲ ထူးထူးခြားခြားပုံစံကြီးနဲ့မြင်လိုက်ရတော့ ဟိုဟာ… ဟိုလိုမျိုး ဟာထင်ပြီး အဲ… ကျွန်တော်က အဲဒီလိုမျိုးဟာဆို အရမ်းကြောက် တတ်တာ'



'ဒီလောက်လှတဲ့ ငါ့မမကို နင်နော်၊ စော်ကားလွန်းပြီ နော်၊ ဘာဟိုလိုမျိုးဟာ ဒီလိုမျိုးဟာလဲ'

'ဟုတ်ပါတယ်၊ လှပါတယ်၊ အရမ်းလှပါတယ်၊ နင့် ထက် အဆပေါင်းများစွာကို လှပါတယ်၊ အဲဒီလိုလှလို့ ငါ ကြောက်သွားရတာ'

ဂိုဓစကားကြောင့် မာလဒေါသဖြစ်သွားပြန်တယ်။

'ဘာ… ငါ့ထက်အဆပေါင်းများစွာပိုလှ၊ အဲ… ထားပါ၊ ငါ့မမ ငါ့ထက်လှတာဟုတ်တယ်၊ အဲဒါနင်ကြောက်စရာလား'

'ဟုတ်ဘူးလေ မာလရယ်၊ တောထဲမှာ ဒီလောက်လှတဲ့ မိန်းမ၊ နောက်ပြီးခေါင်းနက်ကြီးတစ်လုံးနဲ့ ငါကြောက်သွားတာပေါ့'

'နေပါဦး ကောင်လေး၊ မင်းအဖေက ဘာဖြစ်လို့ ငါ့ ညီမလေးရဲ့လုံခြုံရေး မင်းကို တာဝန်ပေးတယ်ဆိုတာ ပြော'

'ကျွန်တော့်အဖေက တောင်ပြတ်တောင်ရဲ့ တောင်ပိုင်ကြီး ပါ ဆရာမရဲ့မမ'

နာဂမာလ စိတ်လျှော့လိုက်တယ်။

'သြော်… တောင်ပိုင်ကြီး ဂိုမရဲ့သားကိုး…'

'ဟုတ်… ဟုတ်ပါတယ် ဆရာမရဲ့မမ'

လျှော့ချလိုက်တဲ့ နာဂမာလရဲ့မျက်နှာကိုကြည့်ပြီး ဂိုဓ အားပျာသလဲဖြေတယ်။

'မင်းက ထွက်ပြေးသွားပြီး ခုငါတို့ရှိရာ ဘာလို့ချဉ်းကပ် လာရပြန်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ထွက်ပြေးသွားပေမယ့် မာလပါသွားတာမို့ နောက်ခပ်လှမ်းလှမ်းက နောက်ယောင်ခံလိုက်နေမိပါတယ်၊ အနား လည်း ကျွန်တော် မကပ်ရဲပါဘူး၊ ဆရာမရဲ့မမတို့ ဒီနေရာမှာ စခန်းချကြတော့ မြင်သာလောက်တဲ့ ခပ်ဝေးဝေးကနေ ဆရာမရဲ့ မမကို ဟိုလိုမျိုးဟာလား… ဒီလိုမျိုးဟာလား အကဲခတ် ကြည့်ရှု နေခဲ့မိပါတယ်၊ ဆရာမရဲ့မမတို့ ဘာတွေပြောနေကြတာလဲသိရ အောင် ခုပဲ အနားကပ်လာမိတာပါ'

နာဂမာလကို ဆရာမရဲ့မမချင်းထပ်အောင် ခေါ်နေတဲ့ ဂိုမအေဖြစ်ကို မာလတစ်ဖက်လှည့်ပြုံးမိပြန်တယ်။

'ကဲ… မင်းပြန်တော့…'

နာဂမာလက ပြောတယ်။

'ဟို… ဟို… မာလကရော'

'သူက ငါ့ညီမပဲ၊ ငါနဲ့နေတော့မှာ'

'ဟို… သူ့မိဘတွေက မေးရင်…'

'သူ့အစ်မခေါ်ထားတယ်လို့ ပြောလိုက်ပေါ့'

'ဒါတော့ မကောင်းဘူးထင်တယ်၊ ပြီး… ကျွန်တော်နဲ့ အတူထွက်လာတာ တစ်ရွာလုံးသိတယ်၊ ကျွန်တော်တစ်ယောက် တည်းပြန်သွားမယ်၊ မာလပြန်မပါလာဘူးဆိုရင် ဘယ်ကောင်းမှာ မလဲ'

'ကောင်လေး နင်စကားကြောတယ်ရှည်ပါလား၊ ငါ့ညီမ လေးမာလကတောင် ဘာအရေးမှမပူပဲ ငါနဲ့နေဖို့ အလွယ်ဆုံးဖြတ်



နိုင်တယ်၊ နင်က မိန်းမလိုမိန်းမရတွေတွေးပြီး ဘာအပူအပင်စကား တွေ ဆိုနေရတာလဲ'

'ဟို… သူနဲ့ကျွန်တော်နဲ့မတူဘူး ဆရာမရဲ့မမရဲ့၊ သူက ဘာမှသိနားလည်မှု၊ တွေးတတ်မှုရှိတာမဟုတ်ဘူး၊ ကျွန်တော်က သိနားလည်တတ်တယ်၊ သိနားလည်အောင်လည်း တွေးတတ်မှု ရှိတယ်'

'ဘာ'

မာလအသံဟိန်းထွက်သွားတယ်။

'ငထုငအာ၊ နင် ငါ့ကို အသလွှတ်ကြီးမလား'

နာဂမာလကိုပဲ စကားမည်းပြောနေတဲ့ ဂိုမ မာလကို ပြန်ကြည့်မိပြီး မျက်လုံးအစုံ အပြုံးသားနဲ့ငြိမ်နေတယ်။

'နင်ပြန်တော့'

'ငါ့အဖေ ငါ့ကိုဆူတော့မှာ၊ ဆူရုံတင်မကဘူး၊ နင်ပြန်မပါလာတဲ့အထိဆို ငါ့ကိုရိုက်မှာ၊ သတ်ချင်တောင်သတ်မှာ'

'ရိုက်ပစေ၊ သတ်ပစေ၊ နင်ခံရတာ၊ ငါခံရတာမဟုတ် ဘူး'

မာလနဲ့ဆက်စကားပြောနေရင် သူပဲချာချာလည်ခံနေရ မှာတို့ ဂိုမ သိတယ်။ ဂိုမ နာဂမာလဆီပဲ ဦးတည်တော့တယ်၊ နာဂမာလကို ပြောတယ်။

'ဆရာမရဲ့မမရယ်၊ ကျွန်တော်သူ့မပါဘဲ ပြန်သွားရင် ကျွန်တော့်အဖေ အရမ်းစိတ်ဆိုးမှာပါ၊ ကျွန်တော့်ကိုရိုက်မှာ၊ သူ့စိတ်

www.burmeseclassic.com



သူမထိန်းနိုင်ရင်ကျွန်တော့်ကို သတ်ချင်တောင်သတ်မှာ'

'မင်းအဖေ တောင်ပိုင်ကြီးဂိုထကို ပြောလိုက်၊ ငါခေါ်ထားတယ်လို့၊ မင်းကို လုံးဝအပြစ်မတင်စေရဘူး'

ဂိုမ တွေးတယ်။ ဟုတ်ကိုမဟုတ်သေးပါဘူး။ မာလမပါဘဲ သူရွာပြန်လို့ကို မဖြစ်ပါဘူး။

'ဆရာမရဲ့ မမရယ် စဉ်းစားပေးပါဦး၊ သူနဲ့ကျွန်တော် ရွာကအတူ ထွက်လာတာ သူမပါဘဲ ကျွန်တော်ရွာပြန်ရမယ့်အဖြစ်ဟာ နည်းလမ်းကျရဲ့လား'

'ညီမလေးကို ငါက အကျပ်ကိုင်ခေါ်ထားတာ မဟုတ်ဘူး၊ မင်းငါ့ကိုပြောမနေနဲ့၊ ငါနဲ့အတူနေဖို့ ညီမလေးကိုယ်တိုင်အဆုံးဖြတ်တဲ့ကိစ္စ၊ မင်းညီမလေးနဲ့စကားပြောကြည့်၊သူ့အဆုံးအဖြတ်ပြောင်းနိုင် မပြောင်းနိုင် သူ့ကိစ္စ'

ဂိုမ မာလနဲ့စကားမပြောချင်။

'သူနဲ့ စကားမပြောပရစေနဲ့၊ ဆရာမရဲ့မမရယ်၊ သူနဲ့စကားပြောမယ့်အစား ကျွန်တော်ကျားဖင်ပဲနှိုက်လိုက်ချင်ရဲ့'

'ဘာ'

မာလအသံ ဟိန်းထွက်လာပြန်တယ်။

'နင် ဘာယုတ်ယုတ်မာမာ ဖင်နှိုက်မယ်တွေဘာတွေ'

'ဟို… ဟာ… မဟုတ်ပါဘူးဟာ၊ ငါ နင်ဖင့် အဲ… နင့်ကိုပြောတာမဟုတ်ပါဘူးဟာ၊ ကျား…ကျားဖင်ကိုပြောတာပါ'

'တော်… ဂိုမ၊ နင်ပြန်ပါတော့…'



မာလ ကြုံးအော်တယ်။ ဂိုမ ငြိမ်ကျသွားတယ်။ အတန်ကြာတော့ မြေပြင်ပေါ်ထိုင်ချလိုက်တယ်။ ငြိမ်ပြီးထိုင်နေတဲ့ ဂိုမကို နာဂမာလ စောင်းကြည့်တယ်။ အတန်ကြာတော့…

'ကောင်လေး မင်းမပြန်သေးဘူးလား'

'မာလမပါဘဲ ကျွန်တော်ဘယ်လိုပြန်ရမလဲ ဆရာမရဲ့ မမရယ်'

'မင်းအဖေ အပြစ်မတင်စေရဘူးလို့ ငါပြောပြီးပြီလေ၊ နောက်ပြီး ညီမလေးမိဘနဲ့ရွာကိုလည်း မင်းအဖေထိန်းထားပါလိမ့်မယ်၊ မင်း ဘာပူပင်စရာရှိလဲ'

ဂိုမ ခေါင်းခါယမ်းတယ်။

'မဟုတ်သေးဘူး ဆရာမရဲ့မမရယ်၊ မာလမပါဘဲပြန်ဖို့ ကျွန်တော်ကိုယ်တိုင်က မလုပ်နိုင်တဲ့ကိစ္စပဲ'

'ဘာဖြစ်လို့'

'မာလအပေါ် ကျွန်တော်တာဝန်မကျေရာ ကျလွန်းတယ်'

'အောင်မာ ကြီးကျယ်လို့'

မာလဝင်ပြောတယ်။

နာဂမာလ မာလကိုလက်ကာပြတယ်။

'မင်းအဖေပေးတဲ့တာဝန်လား၊ မင်းအဖေပေးတဲ့တာဝန်ဆိုတာက မင်းအဖေကို ငါပေးတဲ့တာဝန်ပါ၊ မယုံရင်မင်းအဖေကိုပြန်မေးကြည့်နိုင်တယ်'

www.burmeseclassic.com



'မဟုတ်ဘူး ဆရာမရဲ့မမ၊ အဖေပေးတဲ့ တာဝန်တင် မကဘူး၊ ကျွန်တော်ကိုယ်ကျွန်တော်ပေးတဲ့ တာဝန်လည်းပါတယ် ကျွန်တော်နဲ့အတူ သွားလာတဲ့မာလအပေါ်မှာ ကျွန်တော်တာဝန် ရှိတယ်၊ ကျွန်တော်နဲ့မာလအတူထွက်လာတဲ့ နေရာဆီထိ မာလကို ဘေးမသီရန်မခ ကျွန်တော်ပြန်မခေါ်သွားနိုင်ဘူးဆို ကျွန်တော် တာဝန်မကျေတာပဲ'

နာဂမာလ ဂိုမကို စေ့စေ့စပ်စပ်ကြည့်နေတယ်။

'မင်းတကယ် မပြန်ဘူးလား'

'ဆရာမရဲ့မမ ကျွန်တော်ကိုသေတဲ့အထိ လုပ်နိုင်တယ် ဆိုတာ ကျွန်တော်ခန့်မှန်းမိပါတယ်၊ ကျွန်တော်သေသွားမယ်ဆို သေသွားပါစေတော့၊ မာလမပါဘဲ ရွာပြန်ပြီး ကျွန်တော်အသက် ရှင်မနေချင်ဘူး'

နာဂမာလ ဂိုမကို အတော်ကြာကြာကြည့်နေပြန်တယ်။

'ဒီကလေး စိတ်ဓာတ်မဆိုးပါဘူး'

နာဂမာလ မာလကြားသာရုံရေရွတ်တယ်။

'အို… မမကလည်း အလကားကောင်ပါ'

မာလ ခေါင်းလေးပေါ်လက်တင်ပြီး နာဂမာလပြုံး တယ်။

'ညီမလေးလည်း ဘဝပေးရေမြေအနေအထားနဲ့ ဝန်းကျင် အနေအထားကြောင့် ခက်ခက်ထန်ထန်ကြမ်းကြမ်း တမ်းတမ်း လေး ဖြစ်နေတယ်၊ တစ်တိုင်းတစ်ပြည်တစ်မြို့တစ်ရွာ သွားဖို့ထိုး



မှာ ညီမလေးကို အများကြီး သွန်သင်ရဦးမယ်၊ နောက်ပြီး အန္တရာယ်ရန်စွယ်တွေကို သာသာလေးရင်ဆိုင်နိုင်အောင် သိုင်း ပညာလည်း သင်ပေးရဦးမယ်၊ လူမျိုးခြားဘာသာစကား အလွယ် တတ်မြောက်နိုင်ဖို့ အတတ်ပညာကိုလည်း သင်ပေးရဦးမယ်။ ညီမလေးနဲ့ခရီးစဉ်မှာ လူစိတ်ရှိတဲ့အဖော်ကောင်းတစ်ယောက် ပါနိုင်ရင် ပိုကောင်းမယ်လို့ မမ စဉ်းစားမိတယ်'

နာဂမာလ ဂိုမကို အကြည့်ဝေ့တယ်။

'ညီမလေးခရီးစဉ်ကို စိတ်ချသေချာရအောင်စီစဉ်ပြီးမှ ညီမလေးကို လွှတ်လို့ရမှာ မမစဉ်းစားပါဦးမယ်'

* * *



www.burmeseclassic.com

www.burmeseclassic.com

## သူတစ်ပါးမယား ချစ်မှားမိရင်

ညလယ်လောက်မှာ မာလာပုံပြင်ကို ရပ်လိုက်တယ်။

ဒီညတော့ အိပ်ခန်းစားပွဲမှာပဲ ထိုင်ပြီးပြောနေကြတာပါ။

စားပွဲပေါ်မှာ စားသောက်စရာတွေကိုတော့ အသင့်ပြင်ထားတယ်။

ဇာအုပ်ဆောင်းနဲ့အုပ်ထားတယ်။

'ပုံပြင်ပြီးသွားပြီလား'

ရဲရင့်အခေါင်က မေးတယ်။

'ကျန်တဲ့အပိုင်းတွေကတော့ အဖျားအနားတွေပဲဆိုပါတော့၊ ကိုရဲဆာပြီလား၊ စားကြမလား'

မာလာဇာအုပ်ဆောင်း ဖွင့်မယ်ပြင်တယ်။

'နေဦး မာလရယ်၊ ကျောတွေတောင့်နေတာပဲ၊ ဆေးကောင်း လေသန့်ရှူရင်းနဲ့ ခြံထဲအညောင်းပြေလမ်းလျှောက်ကြရအောင်၊ ပြီးမှ စားကြတာပေါ့'





'ကောင်းသားပဲ'

နှစ်ယောက်သား ခြံထဲဆင်းခဲ့ကြတယ်။

လရောင်အောက်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း...

မာလာ ရဲရင့်အခေါင်ကို အကဲတခတ်ခတ်အကြည့်နဲ့။

'ချစ်သူနဲ့ပြန်ပေါင်းသင်းရဖို့အတွက် နှစ်ထောင်ချီပြီး ချစ်သူဝိညာဉ်ပြန်ရရှိရေး မျှော်လင့်စောင့်စားနေရတဲ့ နာဂမာလဘုရင်မလေးအဖြစ်ဟာ သနားစရာကောင်းလွန်းလှတယ်ကိုရဲရယ်'

'ချစ်သူရဲ့ခေါင်းတလားကြီးကို မခွဲနိုင်မခွာရက် သွားလေရာတွဲခွဲခွဲနဲ့ ဟိမဝန္တာမှာ လှည့်လည်နေရတဲ့ နာဂမာလ ဘုရင်မလေး၊ သိပ်သနားစရာကောင်းပါတယ် ကိုရဲရယ်'

'ဣလ္လိနဲ့သူ့ရဲ့ချစ်ရမှုက လျှပ်ပြက်သလိုပါ၊ သူ့လွမ်းမောမျှော်လင့်တမ်းတရမှုတွေကတော့ နှစ်ထောင်တွေချီပြီး၊ သနားစရာကောင်းလိုက်တာကိုရဲရယ်'

'သူ့ချစ်သူဣလ္လိရဲ့ဝိညာဉ် သူ့ခန္ဓာကိုယ်ထဲသူပြန်ခွင့်ရရင် သူတို့ချစ်သူနှစ်ယောက်အတွက် အတော်ပျော်ခွင့်ရမှာ၊ နှစ်ထောင်ချီပြီး ပျော်ခွင့်ရကြမှာ၊ အဲဒီလိုများ ဖြစ်ရင်ဘယ်လောက်ကောင်းလေမလဲနော်၊ တကယ့်ရှုတောင့်ရခဲ အခွင့်အရေးပဲ'

မာလာဒီပုံပြင်မှာ အတော့်ကို အာရုံကျနေသလိုပဲ၊ ဒီလိုဘာလို့ဖြစ်ရတာလဲ၊ ရဲရင့်အခေါင် ငြိမ်စဉ်းစားနေတယ်။

'ကိုရဲ နာဂမာလဘုရင်မလေးကို မသနားဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



မာလာက ရုတ်တရက်မေးလိုက်တယ်။

'အင်း… သနားစရာကောင်းသားပဲ'

မာလာလဲရောင်မှာထင်းနေတဲ့ ရဲရင့်အခေါင်မျက်နှာကို မမိုတ်မသုန်ကြည့်နေတယ်။

'ကိုရဲသာ ဣလ္လိဆိုရင် နာဂမာလဘုရင်မလေးနဲ့ နှစ်ထောင်ချီ ပျော်ပျော်ရွှင်ရွှင် ပြန်လည်ပေါင်းသင်းရရေးအတွက် ဝိညာဉ်ကို ခေါင်းတလားထဲက ခန္ဓာထဲ အပြေးသွားဝင်စေမှာပဲနော်'

'အင်းပေါ့ ဣလ္လိဆို ချက်ချင်းလုပ်မှာပေါ့၊ အဲဒီလိုလုပ်သင့်တာပေါ့၊ သူတို့ စွံစွံလမ်းလမ်း တမ်းတမ်းတတဖြစ်နေတဲ့ သူချစ်သူနှစ်ထောင်ချီပြီး သူတို့မျှော်နေရတယ်လေ၊ သူကိုယ်တိုင်ကလည်း သူချစ်သူကိုသိပ်ချစ်ခဲ့တာပဲလေ၊ သူ့ခန္ဓာကိုယ်ထဲ သူ့ဝိညာဉ်ပြန်ဝင်ခွင့်ကလည်း အသင့်ရှိနေတယ်လေ၊ နောက်ပြီး နှစ်ပေါင်းထောင်ချီ အသက်ရှင်ပေါင်းသင်းကြရမယ့်အခွင့်အရေး ဣလ္လိအတွက် အဆင်ပြေလွန်းတဲ့အခြေအနေပဲ'

'ကိုရဲ နာဂမာလဘုရင်မလေးဆီ ပြန်သွားပါလား'

မာလာကို ရဲရင့်အခေါင် နားမလည်စွာကြည့်တယ်။

'မာလာ ဘာပြောလိုက်တယ်'

'နာဂမာလဘုရင်မလေးကို သနားတဲ့စိတ်၊ ချစ်တဲ့စိတ် များပေါ်ရင် ကိုရဲ နာဂမာလဘုရင်မလေးဆီပြန်သွားပါလားလို့ ပြောတာပါ'

'ကိုရဲက ဘာလို့သွားရမှာလဲ၊ ကိုရဲ့က ဣလ္လိမဟုတ်ဘူး





ကိုရဲကို လက်ခံမှာတဲ့လား'

'ကိုရဲ တကယ်ဣလ္လိမဟုတ်ဘူးလားဟင်'

ရဲရင့်အခေါင် မာလာကို နားမလည်နိုင်ပြီ။

'မာလာ ဘာတွေမေးနေတာလဲ၊ ဘယ်လို ကိုရဲ ဣလ္လိ ဖြစ်နိုင်မလဲ'

'ဟိုးဘဝက ဣလ္လိဖြစ်ခဲ့တယ်ဆို ကိုရဲ နာဂမာလဘုရင်မလေးတို့ညီမတော် စူဠမာလတို့ နာဂကီရိတိုင်းပြည်တို့ကို ရေးရေးတော့ မှတ်မိသင့်တယ်'

ရဲရင့်အခေါင် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်တယ်။

'မာလာပုံပြောကောင်းလို့ မာလာ့ပုံပြင်ထဲက အဲဒီဇာတ်ကောင်တွေကို ကိုရဲသနားမိတာလောက်ပဲရှိတယ်၊ အမှန်ကိုရဲနဲ့ ဘာမှမဆိုင်ဘူး၊ ကိုရဲရေးရေးမှတ်မိစရာအကြောင်းလည်း မရှိဘူး၊ အထင်အရှားမှတ်မိစရာအကြောင်းလည်း မရှိဘူး၊ မာလာ့စကားတွေ ဘာအဓိပ္ပာယ်တွေလဲ'

မာလာရဲရင့်အခေါင်ကို တွေတွေဝေဝေကြည့်ပြီး…

'ကိုရဲ ဣလ္လိမဟုတ်ရင်လည်း တစ်မျိုးကောင်းတာပဲ'

'ဣလ္လိမဟုတ်ရင် တစ်မျိုးကောင်းတယ်ဆိုတာ ဘယ်လိုမျိုးကောင်းတာလဲ၊ ကိုရဲ ဣလ္လိမဟုတ်တာတော့ သေချာတယ်'

မာလာသက်ပြင်းချတယ်။

'အဲဒီတစ်မျိုးလည်း မကောင်းနိုင်ပါဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညည်းညူသံနဲ့ပြောတယ်။

'မာလာဘာတွေဖြစ်လို့ ဘာတွေပြောနေတာလဲ၊ ကိုရဲကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ'

ရဲရင့်အခေါင် အားမလိုအားမရ ဖြစ်လာပြီး မာလာ့ပခုံး နှစ်ဖက်ကိုကိုင်လှုပ်မေးတယ်။ မာလာငြိမ်နေတယ်။ အတန်ကြာ တော့ ရဲရင့်အခေါင်ကို မျက်လုံးတောက်တောက်လေးတွေနဲ့ကြည့် ပြီး...

'ကိုရဲ ကုလ္လိမဟုတ်တာတော့ သေချာတယ်နော်'

'သေချာတယ်၊ သိပ်သေချာတယ်'

'မာလာပြောတဲ့ပုံပြင်ကိုနားထောင်ပြီး ကုလ္လိတို့နာဂမာလ ဘုရင်မလေးတို့ ညီမတော်စူဠမာလတို့ ဝိရတို့ ဥတ္တရမြို့စားတို့ အမတ်စစ်သူကြီးတို့တွေကို ရေးရေးထင်ထင်ပြန်မြင်ယောင်မှု မရှိတာ အမှန်ပဲနော်'

'အမှန်ပဲ၊ ပုံပြင်ထဲကဇာတ်ကောင်တွေလောက်ပဲ အမှတ် ထား နားထောင်မိရုံပဲ'

'ဒါဆို ကိုရဲ ကုလ္လိ မဟုတ်တာတော့ သေချာပါပြီ၊ ဘယ်လို အမှားအယွင်းလဲ မသိဘူး၊ မမမှ သိမှာပါလေ၊ မမပြော တာကတော့ 'အဲပ' စမရှိတဲ့ သူတွေ သူတို့နောက်ကြောင်းကို ပြန်ပြောပြရင် အကုန်ပြန်မှတ်မိပြီး နောက်ကြောင်းမှာ သံယောဇဉ် ဖြစ်ရတဲ့လူဆီနေရာဆီ ပြန်ချင်ကြသတဲ့၊ တချို့ရောက်ရာဘဝမှာ သံယောဇဉ်ကြီးပြီး အခက်အခဲဖြစ်နေသူတောင်မှ သူတို့နောက်





ကြောင်းကိုတော့ အကုန်ပြန်မှတ်မိပြီး ခဏခဏပြန်ပြောပြနိုင် ကြသတဲ့'

'ဘာတွေလဲ၊ ကိုရဲ နားမလည်ဘူး'

'ကိုရဲမှာ 'အဲပ'စမရှိတယ်'

ပြောပြောဆိုဆို မာလာ ရဲရင့်အခေါင်ရဲ့ညာဘက်ဆံပင်တို့ ကို သိမ်းဖယ်ပြီး ရဲရင့်အခေါင်ရဲ့ ညာလည်တိုင်ထိပ်က အမှတ် ကို လက်ညှိုးထောက်ပြတယ်။

'အဲဒါ မွေးရာပါ အမှတ်ပါ၊ စလုံးအက္ခရာလေးနဲ့တူပြီး ခြားနေတာပဲရှိတယ်'

'ကိုရဲတို့ မြန်မာအက္ခရာအရတော့ စလုံးပေါ့၊ မာလာတို့ မျိုးအက္ခရာမှာ 'အဲပ'စမအက္ခရာ'

ရဲရင့်အခေါင် မာလာ့ကို အံ့ဩကြည့်ကြည့်တယ်။

'မာလာက မြန်မာလူမျိုးမဟုတ်ဘူးလား၊ ဘာလူမျိုးလဲ'

'နဂိုဘဝကတော့ နာဂဂီရိလူမျိုးပေါ့၊ 'အဲပ'စမက ဂီရိလူမျိုးရဲ့စမလေ၊ အခုဘဝမှာတော့ တောင်ပြတ်တောင်ရဲ့ နွယ်စုလူမျိုးပေါ့'

ရဲရင့်အခေါင်ရဲ့စိတ်တွေ ရှုပ်ယှက်ခတ်ကုန်တယ်။

'မာလာ ရှင်းရှင်းပြောတော့၊ ကိုရဲကို ရှင်းရှင်းပြောပါ တော့'

မာလာ့ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းနေမိတော့တယ်။

''အဲပ'စမ ရှိပေမယ့် ကိုရဲ ကုလ္လိ မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်လေ၊ ဒါဆို ကိုရဲကို မာလာလွှတ်လွှတ်လပ်လပ်
ချစ်လို့ရပြီ၊ နောက်ပိုင်းကိစ္စ မတွက်နိုင်ဘူး'

အပြောနဲ့အတူ ရဲရင့်အခေါင်ရင်ခွင်မှာ မာလာပါးပြင်
အပ်တယ်။ ရဲရင့်အခေါင်ကလည်း မာလာကို သိမ်းဖက်ထား
လိုက်မိတယ်။

အတန်ကြာမှ…

'မာလာရယ် ကိုရဲကို ရှင်းရှင်းလင်းလင်းတွေ ပြော
သေးတယ်'

'စားရင်းသောက်ရင်းမှ ပြောကြတာပေါ့၊ ဒီအတိုင်း
ကိုရဲရယ်၊ မာလာ့ရင်ထဲက ကြည်နူးမှုလေး ခဏတန့်ထားပါရစေ'

* * *

(၂)

'ဗိုလ်ချုပ်ဈေးမှာ ကိုရဲကို တွေ့လိုက်တော့ ဘယ်လို
ရမလဲ၊ ချစ်လိုက်မိတယ်တော့ ပြောလို့မရသေးဘူးပေါ့နော်၊ ရင်
က ချစ်လို့ရတယ်လို့ ပြောလိုက်သလိုပေါ့နော်'

ပြောရင်း မာလာက ရှက်ပြုံးပြုံးတယ်။

'အဲဒီမှာတင် ကိုရဲဆံပင်ရှည်ကြီးကို လှန်သိမ်းတင်
တော့ နားရွက်ဖျားရဲ့နောက်လည်တိုင်ထိပ်က 'အဲပ'စမကို
လိုက်ရတယ်၊ ရင်ထဲထိတ်ကနဲ ဖြစ်သွားရတယ်။ ကိုယ်ရှာနေ
လူပါလားလို့'





'အဲဒီတော့ မာလာ ကိုရဲနောက်နောက်ယောင်ခံလိုက်၊
ကိုရဲအကြောင်းစုံစမ်း၊ နီးစပ်အောင်ကိုရဲတို့လမ်းမှာ အိမ်ရှာငှား
တယ်၊ အိမ်ကလည်း တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတဲ့အိမ်
ကြီးပဲရတယ်၊ ရတယ် မာလာက တစ္ဆေတို့ဘာတို့ ကြောက်တတ်
တဲ့သူမဟုတ်ဘူး၊ မာလာ ဘာကိုမှ မကြောက်တတ်ပါဘူးလေ၊
အိမ်ကြီးကလည်း တကယ်မှာ ဘာတစ္ဆေမှခြောက်တာမတွေ့ရ
ဘူးလေ၊ ဒီလမ်းမှာနေရင်း ကိုရဲနဲ့ရင်းနှီးမှုကို ရယူမယ့်အကြံနဲ့
ပေါ့၊ သြော် ပြောဖို့တစ်ခုကျန်သေးတယ်၊ သိပ်အရေးမကြီးလို့
မာလာကထားမပြောတာပါ၊ မာလာရန်ကုန်ကို လာရာမှာ ဂိုဓဆိုတဲ့
ကောင်တစ်ကောင်ပါလာသေးတယ်၊ မမကထည့်လိုက်တာ၊ သူ့ကို
လည်း သိသင့်သိထိုက်တာတွေပြောပြီး သင်သင့်သင်ထိုက်တာ
တွေ သင်ပေးပြီး မမက မာလာအဖော်အဖြစ်ထည့်လိုက်တာ၊
ရန်ကုန်ရောက်တော့ မာလာသူနဲ့ လူချင်းခွဲလိုက်တယ်၊ 'အဲပ'စမနဲ့
လူတိုရှာရာမှာ မြန်အောင်တွင်ကျယ်အောင် လူချင်းခွဲရှာကြမယ်
ဆိုပြီး မာလာသူနဲ့ လူချင်းခွဲလိုက်တယ်၊ သူနဲ့တစ်တွဲတွဲ မနေချင်လို့
သူနဲ့စကားပြောမိတယ်ဆို ရန်ဖြစ်စရာချည်းမို့၊ သူနဲ့အဆက်ပြတ်
လို့တော့ မရဘူးပေါ့၊ ဖုန်းနဲ့တော့ ဆက်သွယ်နေရတယ်ပေါ့၊
မာလာတို့နှစ်ယောက်စရိတ်စက လုံလောက်အောင် မမက သူ့
ဆီက်ဝတ်လက်စားတချို့ပေးလိုက်တယ်၊ ထုခွဲရောင်းချသုံးစွဲပေါ့၊
ကုလားကိုထားတဲ့ ခေါင်းတလားထဲမှာ မမရဲ့နန်းစဉ်ရတနာတွေ
ဆက်ဝတ်လက်စားတွေ ရှိနေတယ်လေ'

www.burmeseclassic.com



မာလာဆက်ပြောတယ်။

'အခန့်သင့်ပဲ၊ မာလာနဲ့လမ်းသရဲတွေ ရန်ဖြစ်တဲ့ညက စပြီး ကိုရဲနဲ့ စကားပြောခွင့်ရလိုက်တယ်၊ နောက်ပိုင်းမှာ ကိုရဲလို မာလာလိုက်ကပ်တာကိုရဲ သိလောက်ပါတယ်၊ အတင်းလိုက်ကပ် ရတာကတော့ တာဝန်အရပါ၊ မမပေးလိုက်တဲ့တာဝန်အရပါ၊ မမနဲ့ ဣလ္လိတို့အတွက် ထမ်းဆောင်ပေးရမယ့် မာလာရဲ့တာဝန်ပေါ့၊ ကိုရဲမာလာကို ချစ်ရေးဆိုမှုတွေမှာ မာလာ့ရင်ထဲဝမ်းသာမှုရှိသလိုပဲ ပေမယ့် မာလာမမအပေါ် သစ္စာမဲ့လို့မဖြစ်ဘူး၊ အဲဒါကြောင့် ခက်နေတယ်၊ ကိုရဲက ဣလ္လိဖြစ်နိုင်တာကိုး၊ 'အဲပ'စမရှိနေတာ ကိုး၊ နောက်ပြီးကိုရဲကို မာလာမြင်မြင်ချင်း ချစ်သလိုလို ဖြစ်မိတာ ကိုလည်း မာလာအလိုမကျသလိုဖြစ်မိတယ်၊ မာလာဟိုဘဝတုန်းက ဣလ္လိကိုလည်း ချစ်သလိုလိုဖြစ်မိတာကိုး၊ အဲဒါတွေကိုဆက်စပ် ပြီး မာလာရင်ထဲဖြစ်နေရတာက ကိုရဲဟာ ဣလ္လိပါပဲ၊ 'အဲပ'စ ရှိနေတာကော၊ ငါသူ့ကိုမြင်မြင်ချင်းချစ်သလိုလို ဖြစ်မိတာရော ဆက်စပ်မှုဟာ ကိုရဲဣလ္လိအမှန်ဖြစ်နေလို့ပဲလို့ မာလာထင်တယ်၊ ကိုရဲဣလ္လိအမှန်ဖြစ်နေလို့ပဲလို့ မာလာထင်တယ်၊ ကိုရဲ ဣလ္လိအမှန် ဖြစ်နေရင် ဣလ္လိနဲ့ နာဂမာလနဲ့ ပြန်ဆုံဆည်းရေးဟာ မာလာ့အဓိက တာဝန်ပဲ၊ အချိန်တန် ဣလ္လိနဲ့နာဂမာလနဲ့ ပြန်ဆုံဆည်းပေါင်းသင်း ရတော့မှာပဲ၊ ဆုံးရှုံးပါစေတော့ ငါဒီနှစ်ယောက်ကြားမှာ သစ္စာ မမဲ့နိုင်ဘူးအတွေးနဲ့ မာလာရင်နာနာနဲ့ပဲ ကိုရဲကို အတင်းပြတ်သား နေခဲ့ရတယ်'





၆

ဖြစ်ပျက်ခဲ့မှုတွေနဲ့ မာလာရှင်းပြချက်တွေနဲ့ပေါင်းစပ် လိုက်တော့ ရဲရင့်အခေါင်စိတ်ထဲက အရှုပ်တွေရှင်းသွားတော့ တယ်။

စားသောက်သိမ်းဆည်းပြီးကြတော့…

'ကိုရဲ ဣလ္လိမဟုတ်တာ သေချာသွားပြီမို့ ဒီည မာလာ ပျော်ရွှင်မိတာအမှန်ပါ ကိုရဲရယ်၊ ဒါပေမဲ့ မာလာပျော်ရွှင်မှုနောင် ရေးဟာ ကောင်းမှာမဟုတ်ပါဘူး၊ ဣလ္လိကို ဆက်ရှာရဦးမယ်၊ မမတို့ ဣလ္လိတို့အတွက် လုပ်ပေးရဦးမယ်၊ ပြီး… မာလာက မြန်မာမလေးမဟုတ်ဘူး ကိုရဲရယ်၊ မာလာ့ရေမြေကို မာလာဘယ်မှာ စွန့်လွှတ်ပြီး ဒီမှာနေနိုင်ပါ့မလဲ'

မာလာငြိမ်တွေး မျက်ရည်ဝဲလာတယ်။

'ဒီဘဝမှာလည်း မာလာအချစ်က ကံမကောင်းနိုင်ပါ ဘူး'

တုန်ယင်စွာ ရှေရှုတ်ရင်း မာလာမျက်ရည်ကျတယ်။

'မဖြစ်သေးတာတွေ တွေးပြီး စိတ်ညစ်မနေပါနဲ့ မာလာ ရယ်၊ တို့နှစ်ယောက် ဒီညချစ်သူဖြစ်ကြရတဲ့ညလေးပဲ၊ အမှတ် တရ ညလေးပဲ၊ နောက်ပြီး မာလာနဲ့ပတ်သက်တဲ့ ရင်ထဲက အရှုပ်တွေ ဒီညမှပဲ ရှင်းလင်းခွင့်ရတော့တယ်၊ တို့နှစ်ယောက် ဆုံဆည်းမှုဟာ အတော်ဆန်းဆန်းပြားပြား'

မာလာ အားယူပြုံးတယ်။

'ကိုရဲ ဣလ္လိမဟုတ်ပါဘူးနော်'

www.burmeseclassic.com



'လာပြန်ပြီ ဒီစကား'

'ချစ်တယ်ကိုရဲရယ်၊ မာလာကိုရဲကို သိပ်ချစ်တာပဲ'

အားပါးတရအပြောနဲ့အတူ ရဲရင့်အခေါင်ရင်ခွင်ထဲ မာလာကိုယ်လုံးလေးကို အားရပါးရပစ်သွင်းပစ်လိုက်တော့တယ်။

* * *

(၃)

ဆက်ပိုင်စိုးကလည်း မမေးပဲ မနေနိုင်။

ရဲရင့်အခေါင်ကလည်း မပြောပဲ မနေနိုင်။

အရင်းနှီးဆုံးသူငယ်ချင်းနှစ်ယောက်လေ။ အတွင်းရေးတိုင်ပင်စရာဆိုလို့ ဒီနှစ်ယောက်ပဲရှိတယ်လေ။

ရဲရင့်အခေါင် ပုံပြင်ကို မာလာလိုကျကျနနမပြောတတ်။ သူပြောတတ်သလို ပြောခြင်းမျိုးနဲ့ ဆက်ပိုင်စိုးနားလည်အောင်တော့ စိတ်ရှည်လက်ရှည်ပြောပြတယ်။

ပုံပြင်ကိစ္စတွေပြီးဆုံးသွားပြီး နောက်ဆုံး ရဲရင့်အခေါင်နဲ့ မာလာချစ်သူတွေဖြစ်သွားကြပြီဆိုတဲ့အထိ စကားရောက်တယ်။

ဆက်ပိုင်စိုးတစ်လျှောက်လုံး ငြိမ်နားထောင်နေတယ်။

စကားဆုံးတော့…

'မင်းနဲ့ ဒီကောင်မလေးဇာတ်လမ်းကလည်း ကြာလေရှုပ်လေပါပဲလား ရဲရင့်ရာ'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို တအံ့တကြကြည့်မိတယ်။





'မဟုတ်ဘူးလေ ဆက်ကြီးရ၊ ခုရှင်းသွားပြီလေ'

ဆက်ပိုင်စိုးကလည်း ရဲရင့်အခေါင်ကို တအံ့တသြကြည့်တယ်။

'ဘယ်လိုရှင်းသွားတာလဲ၊ ဘယ်နေရာမှာ ရှင်းသွားတာလဲ၊ ဆိုပါဦးရဲရင့်ရယ်'

'ဟိုကွာ… သူက သူ့ဘဝဟောင်းက အစ်မခိုင်းလို့ နောက်ကုန်ရောက်လာပြီး 'အဲပ' စမနဲ့လူကိုရှာတယ်ကွာ၊ ငါ့လည်းပင်းမှာ စလုံးအက္ခရာလိုဖြစ်နေတဲ့ အမှတ်နဲ့ အဲဒီ 'အဲပ' စမနဲ့က တူနေလို့ သူရှာတဲ့လူ ငါကိုပဲထင်ပြီး အတင်းချည်းကပ်တယ်ကွာ'

ဆက်ပိုင်စိုး လက်ဝါးကာပြတယ်။

'မင်းပြောပြီးပြီလေကွာ၊ ခုနက မင်းပြောပြပြီးပြီးမို့ ငါသိပြီးပြီလေကွာ၊ မင်းဝိညာဉ်ကို သူ့အစ်မအတွက် တောင်းဖို့ချဉ်းကပ်တယ်ကွာ၊ လိုအပ်ရင် လုယူမယ်ကွာ၊ အဲ… ဒါပေမဲ့ သူရှာနေတဲ့ သူဟာ မင်း မဟုတ်ဘူးလို့ အသိဖြစ်သွားတယ်ကွာ၊ အဲ… ခု မင်းနဲ့ချစ်သွားတယ်ကွာ'

'အေးလေ… အဲဒါ ရှင်းသွားပြီလေကွာ ဆက်ကြီးရာ၊ မင်းအမြင် ဘာတွေရှုပ်နေသေးလို့တုန်း'

'ရဲရင့် အသေအချာစဉ်းစားပါဦး၊ ဘာလဲကွ မင်း ကောင်မလေးစကားတွေက အသက်နှစ် နှစ်ထောင့်ခုနှစ်ဆယ် ဝိဇ္ဇာခိုရ်တို့၊ ရေမှော်ဂမုန်းတို့၊ နောက်ပြီး သူ့အစ်မဘုရင်မလေးကလည်း အသက်ထောင်စုတန်းထိ ရှင်နေနုပျိုနေတယ်တဲ့၊ ဘုလ္လိ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကလည်း ထောင်စုတန်းထိ မပုပ်မသိုးတဲ့၊ တခြားလူမှာ ဝင်စားနေတဲ့ဝိညာဉ်ကို ပြန်တောင်းယူ လုယူလို့ရတယ်တဲ့ ဘာတွေလဲ၊ ဒီစကားတွေကို မင်းရှင်းရှင်းလင်းလင်း တကယ်ယုံကြည်မှုရှိနိုင်လို့လား၊ ငါကတော့ ကြားရတာ ရှုပ်ထွေးနေတာပဲ'

ရဲရင့်အခေါင် တွေဝေသွားတယ်။

'အဲဒါတွေ မဖြစ်နိုင်ဘူးလားကွာ'

'မင်းကကော တကယ်ဖြစ်နိုင်တယ်ထင်လို့လား'

'သူက အတိအကျပြောနေတာပဲ'

ဆက်ပိုင်စိုး မျက်စိအစုံ မှိတ်ထားလိုက်တယ်။

ဒီတစ်ခါတော့ ရဲရင့်အခေါင် ဆက်ပိုင်စိုးအပေါ် အပြစ်တင်လိုစိတ်မရှိပါ၊ ဆက်ပိုင်စိုးထောက်ပြတာတွေကလည်း စဉ်းစားစရာ။ ဒါပေမဲ့ ညက အဲဒီအတွေးမျိုး ရဲရင့်အခေါင် မတွေးမိ။ မာလာပြောသမျှ ယုံကြည်လွယ်မိခဲ့တယ်။ မာလာကို ချစ်တဲ့စိတ်နဲ့ မာလာရှင်းပြမှုတွေမှာလည်း ကြည်လင်ပျော်ရွှင်ခဲ့မိတယ်။

သူ့စိတ်တွေ မာလာအပေါ် လွယ်လွန်းနေပါလားလို့ ရဲရင့်အခေါင် တွေးမိတယ်။

'ငါတို့ မသိနိုင်အောင်ကို အလှမ်းမမီနိုင်တဲ့ကိစ္စတွေ လောကကြီးထဲ ရှိနေတယ်ဆိုတာကိုတော့ ငါ လက်ခံပါတယ် သူငယ်ချင်း၊ ဒါပေမဲ့ မင်းတောင်မလေး မင်းကို ညာနေမှာပဲ ငါစိုးတယ်၊ သူပြောတာတွေဟာ တကယ်အတိအကျတွေဆိုရင်တော့ အင်မတန်အံ့သြစရာကိစ္စတွေပဲ'



ဆက်ပိုင်စိုး သူ့စိတ်ဆိုးမှာစိုးပြီး စကားလျှော့လိုက်သလားလို့ ရဲရင့်အခေါင် တွေးတယ်။

'သူက ငါ့ကို ဘာအကြောင်းတွေကြောင့် ညာနေရတာလဲကွာ'

'ညာနေတယ်ဆိုတဲ့အထိ ငါမဆိုဘူးနော်ရဲရင့်၊ ညာနေမှာစိုးတယ်လို့ပဲ ငါဆိုတာ၊ ငါ့စကားကြောင့်တော့ မင်းတို့ချစ်ရေး အနှောင့်အယှက်မဖြစ်စေချင်ဘူး'

* * *

## (၄)

ချစ်ရေးကတော့ အနှောင့်အယှက်မဖြစ်ပါ။

ရဲရင့်အခေါင် မာလာကို မချစ်ဘဲမှ မနေနိုင်တော့ကိုး။

ရဲရင့်အခေါင် မာလာအိမ်ဆီ ညဘက်ရောက်ချင်ရောက်တယ်။ မာလာနဲ့နေ့ဘက်တွေမှာ မြို့ထဲလျှောက်လည်တာမျိုးလည်း ရှိတယ်။

ရဲရင့်အခေါင်ကိုယ်တိုင်လည်း စိတ်အနှောင့်အယှက်မဖြစ်ချင်တာမို့ မာလာစိတ်အနှောင့်အယှက်ဖြစ်သွားမှာလည်းစိုးလို့ စကားတွေရှောင်ပြောတယ်။ အထူးသဖြင့် နာဂမာလတို့ ဂူဘွဲ့တို့ အကြောင်း၊ မပြောဘဲနေတယ်။ သူတို့ဒီအကြောင်းတွေဘက် စကားမရောက်အောင် ရှောင်နေကြောင်း တစ်ဦးနဲ့တစ်ဦးလည်းရိပ်မိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်ဦးနဲ့တစ်ဦး ချစ်ကြောင်းတွေကိုပဲ မကုန်နိုင် မခန်းနိုင်၊ မဝနိုင်၊ မပန်းနိုင်ပြောရင်း ပျော်ရွှင်ကြည်နူးမှုလေးတွေအရယူနေကြတယ်။

ဒီနာဂမာလတို့ ဣလ္လိတို့ နာဂဂီရိတို့အကြောင်းတွေဟာ စိတ်ညစ်ညူးစရာတွေပဲလို့ ရဲရင့်အခေါင် အတွေးဖြစ်တယ်။

အဲဒီဟာတွေအမှန်ဆိုလည်း စိတ်ညစ်ညူးစရာ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စပဲ။

အမှားဆိုလည်း အဲဒီအမှားတွေကို ချစ်တဲ့ မာလာက ဘာလို့ လုပ်ကြပြောရတာလဲ အတွေးဖြင့် စိတ်ညစ်ညူးစရာပဲ။

မာလာနဲ့တွေ့ရတဲ့ အချိန်လေးတွေမှာ လုံးဝစိတ်ညစ်ညူး မရှိချင်။ ရဲရင့်အခေါင်ပျော်ရွှင်စရာတွေပဲ ပြောသလို မာလာကလည်း အလိုက်တသိ ပျော်ရွှင်စရာတွေပဲ ပြောတယ်။

တစ်နေ့ သူတို့နှစ်ယောက် မြို့လယ်အအေးဆိုင်ရဲ့ စားပွဲတစ်ခုမှာ ခေါင်းချင်းဆိုင် အပြုံးချင်းပြိုင် ကြည်နူးစရာ စကားတွေလှိုင်နေကြတုန်း···

သူတို့နဲ့အရွယ်မကွာ လူတစ်ယောက် သူတို့အအေးဆိုင် သူတို့စားပွဲဆီ ရောက်လာတယ်။ ဘာရယ်မပြောမဆို သူတို့စားပွဲ ဝင်ထိုင်လာတယ်။

'ဟင်··· နင်ရောက်လာတယ်'

မာလာက အဲဒီလူကို ပြောတယ်။

'အေး··· အကြောင်းရှိတယ်'





မာလာနဲ့ အဲဒီလူ တစ်ယောက်နဲ့တစ်ယောက် ကြည့်နေကြတယ်။

'ဖုန်းဆက်ရောပေါ့'

မာလာက ပြောတယ်။

'အရေးသိပ်ကြီးတယ်၊ နင်နဲ့ ငါ အေးအေးဆေးဆေး တိုင်ပင်ကြရမယ်'

အဲဒီလူ ရဲရင့်အခေါင်ကို ဝေ့ကြည့်တယ်။ အကြည့်မှာ အကဲခတ်တဲ့အရိပ်ရှိတယ်။ အဲဒီလူ စကားပြောသံ ဝဲတဲတဲရှိတယ်။

'ငါဘယ်ကိုလာရမလဲ'

မာလာအမေးကို···

'နင် ခင်ငါ့နဲ့တစ်ခါတည်းလိုက်ခဲ့မှ'

အဲဒီလူစကားကြောင့် မာလာရဲရင့်အခေါင်ကို ဝေ့ကြည့်တယ်။

'ငါ့မှာ ညှို့သည်နဲ့'

အဲဒီလူ ရဲရင့်အခေါင်ကို အကဲခတ်အကြည့်နဲ့ ကြည့်ပြန်တယ်။

'နင့်ညှို့သည်ထက်အရေးကြီးတယ်ဆိုတာ နင်သဘောပေါက်ပေးမှပေါ့'

မာလာ ရဲရင့်အခေါင်ကို တောင်းပန်သလိုမျိုးအကြည့် ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲ မာလာအကြောင်းပေါ်နေတယ်'

ရဲရင့်အခေါင် မာလာကို အကဲခတ်ကြည့်နေမိတယ်။

'ကိုရဲ မာလာလိုက်သွားဦးမယ်'

ပြောပြောဆိုဆို မာလာထတယ်။ နောက် အဲဒီလူနဲ့အတူ ထွက်သွားတယ်။

ရဲရင့်အခေါင် ရင်မောစွာ ကျန်ခဲ့တယ်။

'ဘယ်သူလဲ'

ရဲရင့်အခေါင် ရေရွတ်မိတယ်။

* * *

(၅)

အဲဒီနေ့ကစပြီး မာလာ ရဲရင့်အခေါင်တို့ လမ်းထဲက ပျောက်သွားတော့တယ်။ နှစ်ရက်မြောက်ညနေမှာ သတင်းကြား ရတာကတော့ မာလာကို သူ့ယောက်ျားလာခေါ်သွားသတဲ့။ အိမ် ကိုလည်း ပြန်အပ်သွားပြီးပြီတဲ့။ သူ့ယောက်ျားနဲ့အတူ အိမ်ဆီ ကတိုက်ကရိုက်ရောက်လာကြပြီး ကတိုက်ကရိုက်ပဲ ပြန်ထွက်သွား ကြသတဲ့။ အိမ်ထောင်ပရိဘောဂတွေကိုတော့ တစ်ခါထဲ ကားနဲ့ တင်သယ်သွားသတဲ့။

အလွမ်းယောက်ယက်နဲ့ ကျန်ခဲ့ရသူက ရဲရင့်အခေါင်။

မာလာဘယ်လိုလဲ။

မာလာ ဘယ်လိုမိန်းကလေးလဲ။





မာလာ ဘာလုပ်သွားတာလဲ။ အတွင်းကျကျ တိုင်ပင် စရာဆိုလို့ကလည်း အတွင်းသိ အဆင်းသိဆက်ပိုင်စိုးပဲရှိတယ်။

'ဆက်ကြီး ငါ.. ငါငိုချင်တယ်ကွာ'

ရဲရင့်အခေါင် ပွင့်ပွင့်လင်းလင်းကလေးပြောပဲပြောလိုက် မိရဲ့။ မျက်ရည်လည်း ဝဲနေတယ်။

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို စိတ်မသက်မသာကြည့် တယ်။

'ဆက်ကြီး မာလာဘယ်လိုမိန်းကလေးလဲ'

'ငါလည်း ဘယ်လိုသိနိုင်မလဲ သူငယ်ချင်း'

'ဆက်ကြီး မာလာဘာလုပ်သွားတာလဲ'

'ငါလည်း မမှန်းဆတတ်တော့ဘူး သူငယ်ချင်းရာ'

'မဟုတ်သေးဘူး ဆက်ကြီးရာ၊ မင်းတစ်ခုခုတော့ သိပေးစမ်းပါ'

ဆက်ပိုင်စိုး မပြောချင်ပြောချင်ပြောတယ်။

'သူ လင်ရှိမိန်းကလေးတစ်ယောက်ပဲ'

'အဲဒါဆို ငါ့ကို ဘာလို့ချစ်ရတာလဲ'

ဆက်ပိုင်စိုး အသံတိတ်နေတယ်။

'မင်းသိသလို ပြောကွာ သူငယ်ချင်း'

'မိန်းကလေးတွေစိတ်က အခက်သားသူငယ်ချင်း'

'ဟာ... ဒီအဖြေလောက်နဲ့ ငါ မကျေနပ်ဘူးကွာ ဆက်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်အခေါင် ငြိမ်တွေးနေပြန်တယ်။

'သူငယ်ချင်း သူ့ငါကို ဘာလို့မဟုတ်ကဟုတ်က ပုံပြင်တွေပြောသွားရတာလဲ'

'ငါ ဘယ်သိမလဲ ရဲရင့်ရာ'

'သူ့အိမ်မြှောင်တွေ၊ စာကလေးတွေနဲ့လည်း စကားပြောတတ်တယ်ကွ'

'အေး'

'သူ သိုင်းလည်းကျွမ်းတယ်ကွ'

'အေး'

'ဟာ… အဲဒီမာလာ ဘယ်လိုလဲဆိုတာကို ငါမသိနိုင်ဘူးကွာ'

ရဲရင့်အခေါင် သွေးရူးသွေးတန်းနဲ့ ရောက်တတ်ရာရာတွေ လျှောက်ပြောနေသလိုပဲ။

'ဒီလိုလုပ်ကွာ ရဲရင့်၊ မင်းခေါင်းအေးအေးထားပြီး သူ့ရဲ့စတွေ့မှုကနေ ကွဲကွာသွားရတဲ့အထိ ပြန်တွေးကြည့်။ ခေါင်းအေးအေးနဲ့နော်၊ သူဘယ်လိုလဲ၊ သူဘယ်လိုမိန်းကလေးလဲ၊ သူဘာလုပ်သွားတာလဲဆိုတာများ ခန့်မှန်းလို့ရနိုင်မလားလို့'

ရဲရင့်အခေါင် အိပ်မကာပ်။

မြို့ထဲမှာလိုလိုချည်း။

* * *





(၆)

တစ်ပတ်လောက်အကြာမှာ…

ရဲရင့်အခေါင် မြို့လယ်လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်နေတုန်း…

ရဲရင့်အခေါင် စားပွဲမှာ လူတစ်ယောက်လာထိုင်တယ်။

ရဲရင့်အခေါင် မနှစ်မြို့တဲ့လူ။

ရဲရင့်အခေါင်ရင်ထဲက မာလာကိုဆွဲထုတ်သွားတဲ့လူ။

မာလာကို ခေါ်ထွက်သွားတဲ့လူ။

'ခင်ဗျား…'

အဲဒီလူက… ကိုရဲရင့်အခေါင်နော်'

ရဲရင့်အခေါင် ခေါင်းညိတ်ပြလိုက်ပါတယ်။

'ခင်ဗျား နေထိုင်ကောင်းလား'

သူ့အမေးကြီးက ဘယ်လိုကြီးလဲ။ ရဲရင့်အခေါင် သူ့ကို ကြောင်ကြည့်မိတယ်။ သူကလည်း ရဲရင့်အခေါင်ကို အကဲခတ်သလို ကြည့်နေတယ်။ သူ့အကြည့်မှာ မလိုတမာရိပ်မရှိ။ ကြင်နာသလို အရိပ်တွေတောင်တွေ့ရရဲ့။

'ခင်ဗျား စိတ်ချမ်းသာအောင်သာနေပါဗျာ'

ဟာ… ဒီလူအပြောတွေ ဘယ်လိုတွေလဲ။ ရဲရင့်အခေါင် တွေးမိတယ်။

ဒီလူ့စကားပြောမှု လမ်းကြောင်းတစ်ခုအတွက် အုပ်စိုက်လိုက်သလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာပြောချင်လို့လဲ'

ရဲရင့်အခေါင် မေးတယ်။

'မာလာနဲ့ပတ်သက်ပြီး ခင်ဗျားသိပ်ခံစားနေရမှာမျိုး၊ စိတ်လေနေတာမျိုးဖြစ်မှာစိုးလို့ပါ'

'ပြောချင်တာ တည့်တည့်ပြောပါဗျာ'

'ဒီလိုဗျ၊ မာလာနဲ့ကျွန်တော်နဲ့က…'

သူမပြောချင်သလိုလိုနဲ့ ဒါပေမဲ့ ပြောတယ်။

'မာလာနဲ့ကျွန်တော်က လင်မယားဗျ'

'ဩော် ခင်ဗျား မာလာ့ယောကျ်ားကိုး'

ထိုသူခေါင်းညိတ်တယ်။

'မာလာ ဘယ်မှာလဲ'

ရဲရင့်အခေါင် သင့်တယ် မသင့်တယ် မသိ။ မေးမိတယ်။

'မာလာ့ကို မေ့လိုက်ပါဗျာ၊ စိတ်ထိခိုက်တာတွေ စိတ်လေတာတွေလည်း ဖြစ်မနေစေချင်ဘူး၊ တကယ်တော့ ကျွန်တော့်အမျိုးသမီးက စိတ်ဝေဒနာရှင်တစ်ယောက်ပါဗျာ'

ထိုလူ့စကားကြောင့် ရဲရင့်အခေါင် နှုတ်ခမ်းပွင့်ဟသွားရတယ်။

'ခင်ဗျားနဲ့မာလာအခြေအနေ ကျွန်တော်သိပြီးသားပါ၊ သူ့စကားတွေ မယုံပါနဲ့၊ သူကဒီလိုပဲ မဟုတ်ကဟုတ်ကတွေ စိတ်ကူးယဉ်ပြီးပြောတတ်တယ်၊ စိတ်ဝေဒနာခံစားနေရတာကိုး၊ သူ့အချစ်ကိုလည်း မယုံပါနဲ့၊ သူက စိတ်ဖောက်လာရင် အဲဒီလိုပဲ





ဟိုယောကျ်ားနဲ့ကြိုက်၊ ဒီယောကျ်ားနဲ့ကြိုက်၊ စိတ်ပျက်စရာပါဗျာ၊ ကျွန်တော်ကတော့ သည်းခံနေရတာပေါ့၊ သူ့ပိုက်ဆံတွေယူပြီး အိမ်ကထွက်ပြေးသွားလို့ ကျွန်တော့်မှာ ရှာလိုက်ရတာ၊ ဟိုနေ့ကမှ တွေ့လို့ ပြန်ခေါ်သွားရတယ်၊ ခင်ဗျားကိုတော့ အားနာ ပါတယ်၊ ဒီရက်အတွင်း ခင်ဗျားစိတ်လေပြီး လျှောက်သွားနေတဲ့ ပုံစံမျိုးတွေ တွေ့ရမိလို့ ကျွန်တော်တကူးတကလာပြောတာပါ'

'ဟာ… အားမနာပါနဲ့၊ အားမနာပါနဲ့'

အမှန် ရဲရင့်အခေါင်ကပင် ထိုလူကို အားနာနေရတယ်။ ထိုလူ့မျက်နှာကြည့်ရတာကိုပင် အားမရှိချင်။ ထိုလူ့မိန်းမနဲ့ သူချစ်လိုက်မိတာကိုး။

'ကျွန်တော်ကတောင် ခင်ဗျားကို အားနာရမှာပါဗျာ၊ ကျွန်တော်သူ့ကိုလင်ရှိမယားမှန်းမသိဘူးဗျာ၊ သူပြောတာတွေလည်း ယုံသလိုလိုဗျာ'

'မယုံနဲ့… မယုံနဲ့… ဘာမှမဟုတ်ဘူး၊ အလကား လျှောက်ပြောတာတွေ'

'သူ့အချစ်ကိုလည်း ကျွန်တော်…'

'အဲဒါကလည်း မယုံနဲ့… မယုံနဲ့… ယုံနေရင်ခင်ဗျား စိတ်ထိခိုက်နေရမယ်၊ ကျွန်တော်ခင်ဗျားကို သနားလို့ပြောတာ'

ရဲရင့်အခေါင်စိတ်တွေကို အားယူအေးကြည့်နေတယ်။ ရင်ထဲကတော့ ပူဆဲပါ။

'ခင်ဗျားကို ကျွန်တော် ဒါလာပြောတာ မာလာကိုမေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဗျာ၊ သူ့စကားတွေ မယုံနဲ့၊ အမှန်သူက မုန်းစရာပါ၊ သူ့ကို မုန်းပစ်လိုက်၊ သူ့အတွက် ဘာမှခံစားမနေနဲ့၊ စိတ်လေပြီး လျှောက်သွားမနေနဲ့၊ ကျန်းမာအောင်နေဗျာ၊ ဒါပဲ… ကျွန်တော် သွားမယ်'

ပြောပြောဆိုဆို သူထထွက်သွားတယ်။

'မာလာကော နေကောင်းရဲ့လား'

ရဲရင့်အခေါင် အော်မေးလိုက်မိတယ်။

ထိုသူ ရဲရင့်အခေါင်ကို ကြင်နာစွာ လှည့်ကြည့်ပြီး…

'မပူပါနဲ့၊ သူ့အတွက် ဘာမှမပူနဲ့၊ ခင်ဗျားသာ စိတ်ချမ်းသာအောင်နေ၊ ကျန်းမာရေးဂရုစိုက်၊ ခု သူလည်း ကျန်းမာသွားပြီ'

ကျန်းမာသွားပြီဆိုတာ စိတ်ဝေဒနာပြန်ကောင်းသွားပြီလို့ ဆိုလိုခြင်းတူရဲ့။ ရဲရင့်အခေါင် ပူစပ်စပ်ရင်ထဲက လေတွေကို မှုတ်ထုတ်လိုက်တော့တယ်။

* * *

(၇)

'အင်း… ခုမှပဲ ရှင်းသွားတော့တယ်'

ဆက်ပိုင်စိုးက ပြောတယ်။

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို ပြုံးပြုံးပျာပျာကြည့်တယ်။

'ဟင်… မင်းက ဘယ်လိုကြောင့် ရှင်းသွားတယ်ဆိုရ တာလဲ'



'ကောင်မလေးဟာ စိတ်ဝေဒနာသည်ဆိုတော့ ရှင်းသွားတာပေါ့၊ မဟုတ်ရင်သူပြောတဲ့ စကားတွေဟာ ဉာဏ်ကျောက်ခြောက်ကပ်သွားအောင် တွေးတာတောင် ဘယ်လိုသဘောလဲဆိုတာ တွေးလို့ မရနိုင်ဘူး၊ စိတ်ဝေဒနာသည်ဆိုတော့ သူ့စိတ်ကူးယဉ်ပြီး သူ့စိတ်ထဲရှိတာတွေ သူပြောတာ၊ သူလင်ရှိရက်နဲ့ မင်းကိုချစ်တာ၊ ရှင်းသွားတာပေါ့'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို စွေကြည့်နေတယ်။

'မဟုတ်ဘူး ဆက်ကြီး၊ သူ လင်ရှိတယ်ဆိုတာတွေ သူ့စိတ်ဝေဒနာသည်ဆိုတာတွေဟာ ရှုပ်ထွေးမှုပဲ၊ ငါ့အမြင်တော့ မာလာတစ်လျှောက်လုံးရှင်းလင်းခဲ့တာပါ၊ ခုလင်ရှိတာတွေတို့၊ စိတ်ဝေဒနာသည်တို့ဆိုတာတွေကမှ ရှုပ်သွားတာ၊ သူငယ်ချင်း ငါမင်းပြောသလို ခေါင်းအေးအေးထားပြီးကို ပြန်စဉ်းစားတာပါ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်စကားမှာ ရဲရင့်အခေါင်ထံ တအံ့တကြကြောင်ကြည့်နေတော့တယ်။

'မင်း မာလာနဲ့စကားပြောဖူးသားပဲ၊ မာလာဟာနဲ့ အရူး လက္ခဏာရှိလား'

ဆက်ပိုင်စိုးတွေးနေတယ်။

'အဲဒီလိုလက္ခဏာတော့ မရှိသလိုပဲ'

'ငါဒီလောက်မည့်ဘူး ဆက်ကြီး၊ ငါတစ်[illegible] မာလာ့ကို ဆက်ဆံလာတာ လုံးဝအရူးလက္ခဏာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သံညီလက္ခဏာမရှိပါဘူး၊ ငါအစအဆုံး ပြန်တွေးကြည့်ပြန်ပုံဖော်ကြည့်ပြီးပြီး'

'ဒါဆို သူပြောတဲ့ ပုံပြင်လိုဟာတွေက…'

'အေး…ငါပြောပြမယ်ဆက်ကြီး၊ မာလာအမျိုးအမည်မသိတဲ့သိုင်းကို အရမ်းကျွမ်းတာတို့၊ အိမ်မြောင်တို့စကာလေးတို့နဲ့ စကားပြောတာတို့၊ ငါ့ကိုအမျိုးအမည်မသိတဲ့ အစားအသောက်တွေချက်ပြုတ်စီမံကျွေးတာတို့၊ နောက်ပြီး တစ်လျှောက်လုံးငါ့အပေါ်ဆက်ဆံမှုပုံစံတို့ကို မင်းပြောသလို ငါခေါင်းအေးအေးထားပြန်စဉ်းစားကြည့်တော့ သူပြောခဲ့တဲ့ ပုံပြင်ထဲက ရှုဋ္ဌမာလတစ်ဖြစ်လဲတောင်ပြတ်တောင်နယ်သူ မာလဆိုတာနဲ့ ဆက်စပ်မှုကိုက်ညီနေတယ်ကွ'

'ဒါဆို သူက သူ့မှာလင်ရှိတာကိုကျ မင်းကိုဘာလို့မပြောတာလဲ'

ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို အားတုံ့အားနာလေသံနဲ့ဆိုတယ်။

'သူ့မှာ တကယ် လင်ရှိနေတယ်ဆို ငါ သွားပြီမော့သူငယ်ချင်းရာ၊ ငါရဲ့အထိကို သွားရတော့မှာပေါ့၊ ဒုံးသနေ၊သောသူဌေးသားလေးယောက်လို ငါ ငရဲမှာခံရတော့မှာပေါ့၊ ငါအဲဒီအရေးကိုလည်း စိတ်မကောင်းအတော်ဖြစ်ရတာ၊ ဒါပေမဲ့ ငါအသေအချာ ပြန်တွေးတော့ သူ့မှာလင်မရှိဘူးဆိုတဲ့စကား ငါစိတ်ချမိတယ်၊ သူမညာဘူး၊ သူအမှန်အတိုင်းပြောတာ'





ဆက်ပိုင်စိုးဆီက ဘာတုံ့ပြန်မှုမှမရှိ။

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို တွေဝေနေမှန်းသိတယ်။

'သူငယ်ချင်းရယ် ငါ့ကိုယုံစမ်းပါ၊ ငါထုတ်ထုအအ မဟုတ်ပါဘူး၊ မင်းအကြံပေးသလို ငါခေါင်းအေးအေးနဲ့ ပြန်တွေးပြန်၊ ပြန်စဉ်းစားပြီးမှ ဒီစကားတွေပြောတာပါ'

'အရပ်ကိုတော့ သက်သက်လှည့်စားထားတယ် ထားကွာ၊ ဟို သူ့ယောက်ျားကိုယ်တိုင်က မင်းကိုလာပြောတယ်ဆို'

ရဲရင့်အခေါင် ပြုံးပြီး ခေါင်းခါယမ်းလိုက်တယ်။

ဝေသွားတဲ့သူ့ဆံပင်တွေကို သူပြန်သိမ်းသပ်လိုက်တယ်။

'အဲဒီကောင် သူနဲ့လိုက်လာတဲ့ ဂိုခဆိုတဲ့ကောင်ပဲဖြစ်ရမယ်၊ သူနဲ့မာလာလုံးဝလင်မယားဖြစ်နိုင်တဲ့ အခြေအနေအရိပ်အကဲမျိုးမရှိဘူး၊ ပြောရရင် သူ့မိန်းမ တခြားယောက်ျားနဲ့တွဲနေတာကိုတွေ့ပြီး လာခေါ်တဲ့ပုံစံမျိုးမဟုတ်ဘူး၊ လုပ်ဖော်ကိုင်ဖက်ချင်းအရေးကြီးလို့လာခေါ်တဲ့ ပုံစံမျိုးပဲရှိတယ်။

'နောက်ပြီး သူငါ့ကို မာလာကိုမေ့လိုက်ဖို့လာပြောတာကလည်း ငါပြန်တွေးကြည့်တော့ သက်ာမကင်းစရာဖြစ်မိတယ်၊ အမှန်သူ့အနေနဲ့ ငါ့ကိုတကူးတကလာပြောစရာမလိုအပ်ဘူး၊ ဒီရက်အတွင်း ငါစိတ်လေပြီး လျှောက်သွားနေတဲ့ပုံစံမျိုးတွေ့ရလို့ လာပြောတာတဲ့၊ ငါကတော့ သူ့ကို မတွေ့မိပါဘူး၊ စိတ်လေပြီး ငါလျှောက်သွားနေမိတာလည်း အမှန်ပဲ၊ အဲဒါကိုသူတွေ့လည်း တကူးတကသူလာပြောစရာ အကြောင်းသိပ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



လှပါဘူး၊ ရှင်းရှင်းပြောရရင် သူမာလာယောကျ်ားအမှန်သာဆိုရင် ငါလည်းသူ့ကိုတွေ့ဖို့ မျက်နှာပူသလို သူလည်း ငါ့ကို တွေ့ဖို့ မျက်နှာပူရမယ်’

ဆက်ပိုင်စိုး ခေါင်းတညိတ်ညိတ်နဲ့ ရဲရင့်အခေါင်စကားတွေအပေါ် စဉ်းစားနေပုံရတယ်။

‘သူငါ့ကို ကြည့်တာ မလိုတမာရိပ်မရှိဘူး၊ ရှင်းရှင်းလင်းလင်း ပြောရရင် ငါကတောင် တွေ့တွေ့ချင်းမှာ ရင်ထဲက သူ့ကိုမလိုတမာဖြစ်နေမိတာ၊ သူက ငါ့ကိုကြင်နာသလိုလို သနားသလိုလို နောက်ပြီး သူပြောတဲ့စကားတွေက ကိုယ့်မိန်းမနဲ့ကြိုက်တဲ့ယောကျ်ားတစ်ယောက်ကို ပြောတဲ့စကားမျိုးတွေမဟုတ်သလိုပဲ၊ သူ့စကားချိတည်းကိုက သူ့မျက်နှာတစ်မျိုးပါ၊ မာလာနဲ့သူနဲ့ လင်မယားလို့ ပြောကာနီးမှာ သူဖြစ်သွားတဲ့ပုံစံက အဲဒီစကားနဲ့ သူနဲ့စိမ်းနေသလို သူဖျစ်ညှစ်ပြောလိုက်ရတဲ့ပုံမျိုးလို ဖြစ်နေတယ်၊ မာလာစိတ်ဝေဒနာသည်ဆိုတာတို့ မာလာစကားတွေမယုံပါနဲ့၊ မာလာ အချစ်ကို မယုံပါနဲ့၊ စိတ်ဖောက်လာရင် ဟိုယောကျ်ားနဲ့ကြိုက်၊ ဒီယောကျ်ားနဲ့ ကြိုက်၊ စိတ်ပျက်စရာ မုန်းစရာဆိုတာတို့တွေ သူပြောရာမှာ သူ့စကားနဲ့သူ့မျက်နှာခံစားမှုနဲ့ထပ်တူမရှိဘူးကွာ၊ တစ်စုံတစ်ယောက်ရဲ့ သင်ထားမှာထားပြောထားတာတွေကို ပြန်ရွတ်ပြနေသလိုပဲ’

ရဲရင့်အခေါင် ခဏစဉ်းစားဟန်ပြုပြီး ဆက်ပြောတယ်၊

‘နောက်ပြီး သူငါ့ကို နေထိုင်ကောင်းရဲ့လား၊ စိတ်ချမ်း





သာအောင်နေပါ၊ စိတ်လေမနေပါနဲ့၊ စိတ်ထိခိုက်မနေပါနဲ့၊ မာလာကို မေ့လိုက်ပါ၊ မုန်းလိုက်ပါ၊ ကျန်းမာအောင်နေပါဆိုတဲ့ စကားတွေဟာလည်း ကိုယ့်မိန်းမနဲ့ပူပူနွေးနွေးချစ်ကြိုက်ထားတဲ့ လူတစ်ယောက်ကို တကူးတကလာပြောရမယ့် စကားတွေမဟုတ်ဘူးကွာ၊ သူပြောပုံဆိုပုံ ငါစဉ်းစားမိတာက တစ်စုံတစ်ယောက်က လာပြောခိုင်းသလိုကြီးလိုပဲ’

ဆက်ပိုင်စိုး ခေါင်းတဆတ်ဆတ်ညိတ်နေရင်းက…

‘အဲဒါ… မင်းအထင်က…’

‘ငါထင်တာက ငါစိတ်လေလေနဲ့ လျှောက်သွားနေတာကို သူနဲ့မာလာတစ်နေရာရာကနေ တွေ့တွေ့နေပြီး မာလာက သူ့ကို လာပြောခိုင်းတာလို့ ငါထင်တယ်’

‘သူပဲကွာ ကိုယ့်မိန်းမနဲ့ချစ်ကြိုက်နေသူတစ်ယောက်ကို ကိုယ့်မိန်းမပြောခိုင်းတိုင်းပြောရအောင်’

‘အဲဒါကို ဆက်စပ်တွေးမိတာပေါ့ ဆက်ကြီးရ၊ အဲဒီကောင်မာလာယောကျ်ားမဖြစ်နိုင်ဘူး၊ မာလာပြောတဲ့ မာလာနိုင်ဖတ်ဆိုတဲ့ကောင်ပဲ ဖြစ်ရမယ်၊ သူ့ကို ‘အဲပ’ စမနဲ့ လူကိုရှာတဲ့ ကိစ္စမှာ မာလာက လူခွဲခိုင်းထားတာတဲ့’

‘ဟူး’

ဆက်ပိုင်စိုး သက်ပြင်းမှုတ်ထုတ်လိုက်တယ်။

‘မင်းဇာတ်လမ်းက ဒီနားမှာ ကပ်ရှုပ်နေပြန်ပြီ’ ညည်းညူတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အေး…အဲဒါငါပြောတာပေါ့ ဆက်ကြီးရ၊ အမှန်ကတော့ တစ်လျှောက်လုံးရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန်ပါကွာ၊ မာလာကို ငါယုံကြည်ပါတယ်၊ ဒီနားကျမှ ကပ်ရှုပ်သွားတယ်။ မာလာ လင်ရှိတာတို့ စိတ်ဝေဒနာသည်တို့နဲ့ ငါ့ကိုကပ်ရှုပ်သွားတယ်'

ဆက်ပိုင်စိုးက…

'တစ်လျှောက်လုံးကိစ္စတွေက ရှုပ်ရှုပ်ထွေးထွေး မမှန်မကန်တွေဖြစ်ပြီး အခုကာမှ ရှင်းလင်းသွားမှန်ကန်သွားတယ်လို့ မင်းလက်မခံနိုင်ဘူးပေါ့'

ရဲရင့်အခေါင် ခေါင်းခါတယ်။

'သူငယ်ချင်းရာ ငါ့ကိုယုံကြည်မှုရှိပါ'

'ဒါဆို မင်းကောင်မလေးက မင်းကိုဘာလို့ ဒီလိုရှုပ်ထွေးမှုဖြစ်စေရတာလဲ'

ရဲရင့်အခေါင် ခဏငြိမ်နေပြီး…

'ဒီလိုတော့ရှိတယ် ဆက်ကြီးရ၊ သူငါ့ကိုပြောဖူးတာပါ၊ ပူနဲ့ ငါ ချစ်တာချစ်ကြတာ ရွှေ့ရေးညှိလို့မရဘူး၊ ညှိမရတာမို့ ပည်း မညှိဘဲ မေ့သလိုလုပ်ထားကြရတယ်၊ ချစ်နေချိန်လေး ခနောင့်အယှက်ဖြစ်မှာစိုးလို့။ သူပြောတာက သူမြန်မာပြည်မှာ ာယ်လိုမှနေနိုင်မှာ မဟုတ်ဘူးတဲ့၊ သူ့ရေ၊ သူ့မြေကိုပဲ သူ စ်ခြိုက်မှုရှိတယ်တဲ့၊ ဒီကလူနေမှုတိုးတက်တဲ့အရသာကို သူတော ဉ်က်ရတာလောက် မပျော်ပိုက်နိုင်တဲ့၊ သူတို့ဆီလည်း ငါ့ကိုမခေါ်





သွားရက်ဘူးတဲ့၊ ဟိုကလူနေမှုမှာ ငါဆင်းရဲမယ်၊ ပျော်ပိုက်နိုင်မှာလည်း မဟုတ်ဘူးတဲ့၊ နောက်ပြီး သူ့မမကိစ္စ၊ အဲဒီနာဂမာလ ဘုရင်မလေး မျှော်လင့်စောင့်စားနေတဲ့ ဣလ္လိရဲ့ဝိညာဉ်ကိစ္စကလည်း သူတာဝန် မကျေမချင်းလုပ်ရမယ့်ကိစ္စဖြစ်နေသတဲ့၊ အဲဒီတာဝန်ကျေပြီးတော့လည်း သူ့မမက သူ့ကိုဘယ်လိုစီမံဦးမလဲမသိဘူးတဲ့'

ရဲရင့်အခေါင် ငြိမ်တွေးနေပြန်တယ်။

'ငါထင်တာကတော့ သူနဲ့ငါပေါင်းသင်းရေးမလွယ်တဲ့အတူ သူ့ကိုငါမုန်းနိုင်မေ့နိုင်အောင် လုပ်သွားပုံရတယ်၊ မဟုတ်ရင် သူ့အတွက် ငါခံစားနေရမှာကိုး'

ရဲရင့်အခေါင်ရော ဆက်ပိုင်စိုးပါ ငြိမ်တွေးနေမိကြတယ်။

'ဒါပေမဲ့ ဒီလောက်မြန်မြန်ဆန်ဆန်ကွာ၊ ငါ သူ့ကို ချစ်လို့မဝနိုင်သေးဘူး ဆက်ကြီးရာ'

ရဲရင့်အခေါင် အသံလှိုက်မောတုန်ရီစွာ…

* * *



www.burmeseclassic.com

www.burmeseclassic.com

## စိညာဉ်ဘုရင်မရဲ့ နောက်ဆက်တွဲကိစ္စ

'အဲဒီကောင်ကို မာလာ နေကောင်းရဲ့လား ငါကမေးတော့ ခု သူလည်းကျန်းမာသွားပြီလို့ ပြောသွားတယ်ကွာ၊ စိတ်ဝေဒနာဖြစ်နေတဲ့ လူတစ်ယောက်ဟာ ဒီလောက်မြန်မြန်ဆန်ဆန်ပျောက်ကင်းနိုင်မလား၊ တခြားမာလာ မကျန်းမာမှုဆိုလို့ ဘာမှမရှိတဲ့ဟာ'

ကားမောင်းနေတဲ့ ဆက်ပိုင်စိုးနဘေးမှာ ထိုင်နေတဲ့ ရဲရင့်အခေါင်က ပြောတယ်။

'ပြန်တွေးကြည့်လေ ဒီကောင်ပြောပုံဆိုပုံမှုမမှန်လေလို့ ငါ့အတွေးမှာထင်ရှားလာတယ်'

မာလာ့ကိုရှာချင်တယ်ဆိုတဲ့ ရဲရင့်အခေါင်ရဲ့တောင်းဆိုမှုကို ဆက်ပိုင်စိုးလိုက်လျှောနေရတယ်။ ရဲရင့်အခေါင်အဖေအိမ်က ကားအားရင် ရဲရင့်အခေါင်အဖေကားနဲ့၊ ဆက်ပိုင်စိုးတို့အိမ်က ကားအားရင် ဆက်ပိုင်စိုးတို့ကားနဲ့ ရန်ကုန်မြို့အနှံ့လျှောက်မောင်း၊ မာလာကို ရှာဖွေကြတယ်။

စိတ်ဗျာများသောကရောက်နေတဲ့ ရဲရင့်အခေါင်ကို ဆက်ပိုင်စိုး ကားမမောင်းနိုင်း။





သူကိုယ်တိုင်ပဲ ကားမောင်းတယ်။

'သူတို့ရန်ကုန် မှာပဲ ရှိနေဦးမယ်လို့ ငါထင်တယ်။ ငါက 'အဲပ' စမလို စာအမှတ်အသား ရှိတယ်၊ တကယ်ကျ ဏ္ဍလ္လိ မဟုတ်တော့ 'အဲပ' စမရှိတဲ့ ဏ္ဍလ္လိကို သူတို့ရှာကြဦးမယ်လို့ ငါ ထင်တယ်'

ဆက်ပိုင်စိုး နံဘေးက ရဲရင့်အခေါင်ရဲ့ပြောစကား။

'မင်းတို့ကိစ္စ ငါတွေးရင်းတွေးရင်း သဘောပေါက်လာတာက မာလာစိတ်ဝေဒနာရှင်သူရူးတော့ မဖြစ်နိုင်ဘူးကွ၊ အဲဒီလောက်အထိ လက္ခဏာ မာလာ့မှာ မရှိဘူး၊ မာလာ ရဲတင်းသွတ်လက်တဲ့စရိုက်လောက်ပဲရှိတာ'

ကားမောင်းရင်း ဆက်ပိုင်စိုးက ပြောတယ်။

'ငါ့ရင်ထဲက သိနေပါတယ် ဆက်ကြီးရာ၊ မာလာမရူးဘူး၊ မာလာယောက်ျားမရှိဘူး၊ အဲဒီနေရာလေးမှာ သူငါ့ကိုကပ်ပြီး လှည့်စားလိုက်တာ၊ မာလာတစ်လျှောက်လုံးပြောခဲ့တာတွေဟာ အမှန်ချည်းပဲ၊ သေသေသပ်သပ်နဲ့ခံစားမှုအပြည့်နဲ့သူပြောခဲ့တာတွေ၊ မာလာ့ဟာ ရှုဋ္ဌမာလတဖြစ်လဲ ရှုဋ္ဌမာလဝင်စားတဲ့ တောင်ပြတ်နယ်က တောင်ပေါ်သူလေး မာလဆိုတာ ခြွင်းချက်မရှိ ငါ ယုံကြည်တယ်'

ဆက်ပိုင်စိုး ကားကိုဂရုတစိုက် မောင်းနေတယ်။

'သူပြောခဲ့တဲ့ နာဂမာလာဘုရင်မလေးအကြောင်း၊ ညက မင်းကိုငါပြန်ထပ်ပြောပြတာ သူပြောတာကို မမိနိုင်ဘူး သူ့လို



www.burmeseclassic.com

www.burmeseclassic.com



ငါ့သေသေသပ်သပ်နဲ့ ခံစားပြီးမပြောနိုင်ဘူး၊ သူက ကိုယ့်တွေ့ကိုပြောနေသလိုကို သေသေသပ်သပ်နဲ့ ခံစားပြီးပြောပြနိုင်တာ၊ သူတကယ်စွမ်းမာလပါ၊ အဲဒါတွေဟာလည်း တကယ့်ဖြစ်ရပ်တွေပါ'

ရဲရင့်အခေါင်ရဲ့မျက်စိအစုံကတော့ ရောက်လေရာနေရာအနှံ့ဝေ့ကစားနေတယ်။ မာလာကိုတွေ့ရနိုး ရှာဖွေနေတယ်။

'ညက မင်းငါ့ကို ကျကျနနပြန်ပြောပြတော့ အဲဒီပုံပြင်ကို အဲပုံပြင်ဆိုပါတော့ကွာ ပုံပြင်ဆန်လွန်းတာကိုး၊ ငါအတော်စိတ်ဝင်တစားခံစားရတယ်ကွာ၊ အခုအထိ ချစ်သူကိုမျှော်လင့်စောင့်စားနေရတဲ့ နာဂမာလာဘုရင်မလေးရဲ့အဖြစ်ဟာ သနားစရာပဲ'

'အေးကွာ သူ့ချစ်သူဝင်စားတဲ့ လူကို ပြန်တွေ့ပြီး အဲဒီလူရဲ့ ဝိညာဉ်သူ့ဆီပြန်ရောက်နိုင်ပါစေ'

'ဒါဆို ဒီလူတော့ သေသွားမှာပေါ့နော်'

'အေး... သေသွားမှာပေါ့၊ ဒီဘဝသေသွားလည်း ဘာဖြစ်လဲကွာ၊ အတိတ်ဘဝက သူချစ်တဲ့ သူ့ကိုသိပ်ချစ်တဲ့ နာဂမာလနဲ့ ပြန်ပေါင်းသင်းခွင့်ရမှာပဲဟာ တန်ပါတယ်'

အမှန်သူတို့ မာလာကို ရှာနေတာ သုံးရက်ရှိပြီ။ လူထူထပ်ရာရပ်တွေကို ဦးစားပေးရှာနေကြတယ်။ လူထူထပ်ရာအရပ်တွေဆို အထပ်ထပ်ရှိနေပြီ။ ရပ်ကွက်အနှံ့လည်း ကားလျှောက်မောင်းတယ်။ ရှာတယ်။ ရန်ကုန်မြို့ပတ်ဝန်းကျင်ကတော့ အတော်လေးကို နှံ့နေပါပြီ။



''အဲပ'စမနဲ့လူကို သူတို့ရှာမယ်ဆို ရန်ကုန်ထဲမှာကို ရှိနေကြဦးမှာကွ၊ မာလာပြောပုံအရဆို အဲဒီလူကလည်း ရန်ကုန်မှာ ရှိနေမှာကိုး'

ရဲရင့်အခေါင်က ပြောတယ်။

'နေဦးကွ၊ ငါတစ်ခုစဉ်းစားမိတယ်၊ မင်းပြောတဲ့ လူဂိုခေါ်တဲ့လူပဲဖြစ်မယ်ဆိုပါတော့၊ အဲဒီလူ မာလာကို အရေးတကြီးလာခေါ်သွားတာကို စဉ်းစားမိတယ်၊ သူတခြား အဲပစမနဲ့လူကို တွေ့ထားပြီး မာလာကို အရေးတကြီးလာခေါ်တာများလား'

ဆက်ပိုင်စိုးကပြောတယ်။

'မင်းစဉ်းစားကြည့်လေ၊ သူတို့မှာ အရေးတကြီးဆိုလို့ အဲဒီကိစ္စပဲရှိတဲ့ဟာ'

ဆက်ပိုင်စိုးစကားကို ရဲရင့်အခေါင် စဉ်းစားတယ်။

'အေး... အဲဒီကိစ္စပဲဖြစ်မှာ သေချာတယ်'

'အဲဒီလူကိုတွေ့ရင် သူတို့ဘာလုပ်မလဲ'

ဆက်ပိုင်စိုးကမေးတယ်။

'အဲဒီလူကို သူတို့လိုက်ကပ်မှာပေါ့၊ အဲဒီလူအတိတ်ဘဝကို သတိရအောင် နာဂမာလ ပုံပြင်ကို သူတို့ပြောမှာပေါ့'

ပြန်ဖြေပြီး ရဲရင့်အခေါင် စဉ်းစားနေတယ်။

'အဲဒီလူဂူလ္လိအမှန်ဆိုသေမှာကွ၊ သူ့ဖာသာသေချင်တောင် ဂူလ္လိအမှန်လို့ ယူဆလို့ရရင် သူတို့သတ်မှာကွ'

ဆက်ပိုင်စိုး သစ်ပင်ရိပ်တစ်ခုမှာ ကားထိုးရပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရဲရင့် အဲဒီလူသေရင် သူတို့ဘာဆက်လုပ်မလဲ'

'အဲဒီလူသေရင် သူတို့နာဂမာလဆီအမြန်ပြေးကြမှာပေါ့'

ရဲရင့်အခေါင်နဲ့ ဆက်ပိုင်စိုး ခဏငြိမ်စဉ်းစားနေကြတယ်။

'ဟိုကောင် မာလာကိုလာခေါ်သွားပြီး တစ်ပတ်အကြာလောက်မှာ ငါနဲ့လာတွေ့တယ်၊ ငါ့ကို စိတ်ချမ်းသာအောင်နေဖို့မှာသလို စကားတွေလာပြောတယ်၊ သူတို့ကိစ္စပြီးသွားလို့ ငါ့ကိုမှာပြီး ပြန်သွားကြပြီလားမသိဘူးကွာ'

အားပျက်ပြီး ညည်းညူးသံနဲ့ ရဲရင့်အခေါင်ဆိုတယ်။

'ငါလည်း အဲဒီလို စဉ်းစားမိလိုက်တယ် ရဲရင့်'

ဆက်ပိုင်စိုးက ဆိုတယ်။

ခဏအကြာမှာ…

'ရဲရင့် သူတို့ပြန်ရင် ဘယ်ကပြန်မလဲ'

ဆက်ပိုင်စိုးက မေးတယ်။

'မန္တလေးကပဲ ပြန်ဖို့များတာပေါ့'

'ငါလည်း အဲဒီလိုပဲ တွေးမိတယ်၊ တို့ဘူတာကြီးဘက်မှာ မန္တလေးအဆန်ရထားချိန်တွေ သွားသွားကြည့်ရမယ်၊ သူတို့ပြန်ရင် မန္တလေးကတဆင့် ပြန်ဖို့များတာကိုး၊ အဲ… ပြန်သွားပြီးတယ်ဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့'

ဆက်ပိုင်စိုး ကားစက်နှိုးတယ်။

'ငါတစ်လှည့်မောင်းမယ်လေ'





ရဲရင့်အခေါင်က ပြောတယ်။

'ရတယ်၊ ငါမောင်းပါမယ်၊ ဖင်တွေတော့ပူနေပြီ'

ဆက်ပိုင်စိုးပဲကားဆက်မောင်းတယ်။

'နာဂမာလဘုရင်မလေးရဲ့ချစ်သူ ဣန္ဒြိယဝင်စားတဲ့လူကို သူတို့ရှာမတွေ့နိုင်ဘဲဖြစ်နေရင် ကောင်းမှာပဲ'

ဆက်ပိုင်စိုးက ပြောတယ်။

'ဘာဖြစ်လို့…'

'အဲဒါမှ မင်းရဲ့မာလာ ရန်ကုန်မှာ တဝဲလည်လည်ရှိနေဦးမှာပေါ့၊ သူ့ကို တို့ရှာတွေ့နိုင်တာပေါ့'

ရဲရင့်အခေါင် စိတ်ပျက်အားငယ်စွာ ပြောတယ်။

'သူငယ်ချင်းရယ် ငါလည်း ငါ့အချစ်စိတ်တွေက တွန်းအားပေးနေတာကြောင့် ရှာနေမိတာပါ၊ ပြန်တွေ့ကြလည်း သူနဲ့ငါအချစ်ဇာတ်လမ်းကတော့ ခဏတဖြုတ်သာ ဖြစ်မှာပါ၊ သူကသူလည်းဒီမှာမနေနိုင်သလို တောင်ယာလုပ်တာနဲ့ အမဲလိုက်တာပဲရှိတဲ့ သူတို့အရပ်မျိုးကိုလည်း ငါ့ကိုမခေါ်ရက်ဘူး၊ နောက်ပြီး သူငါ့ကိုချစ်ပေမယ့် ဘဝခြားပြီးမှ ပြန်တွေ့ရတဲ့ သူ့မမ နာဂမာလကိုလည်း အတော်ချစ်ပုံရတယ်၊ သူ့ဘဝမှာ သူ့မမအလိုကျပဲဖြစ်ဖို့ သူ့စိတ်တွေ အသင့်ရှိနေတယ်ကွ'

ကားမောင်းရင်း ဆက်ပိုင်စိုးက ဆိုတယ်။

'ရဲရင့်ရာ မင်းပြောခဲ့တဲ့ စကားတွေမှာ မှတ်ပြီး မင်းတို့ရဲ့အချစ်ဇာတ်လမ်းကို ငါလည်း အဲဒီလိုပဲ တွေးမိတာပါ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင်သာ ငါမင်းနဲ့အတူ မာလာကို လိုက်ရှာနေရတယ်၊ တွေ့တောကော မင်းတို့ခဏတဖြုတ် ချစ်ခွင့်ရရုံပဲ၊ အဲဒီခဏတဖြုတ်ချစ်ခွင့်က မင်းကိုဝေဒနာထပ်ဆင့်ပေးဦးမယ်'

ဆက်ပိုင်စိုး စိတ်မကောင်းစွာ ဆိုတယ်။

'ငါ့သဘောကတော့ မင်းစိတ်ကို မင်းဖြေပါ၊ ခံစားရတာတွေကို လျှော့ပစ်ပါ၊ ရေရှည်မဖြစ်နိုင်တဲ့ အချစ်ဇာတ်လမ်းအတွက် မာလာဆုံးဖြတ်လုပ်ကိုင်သွားပုံက မှန်တယ်ပြောရမယ်၊ အဲဒါကိုလည်း မင်းနားလည်ပေးလိုက်ပါ'

ရဲရင့်အခေါင်ရဲ့ အသံတိတ်ဆိတ်နေတယ်။

အတန်ကြာကြာ တိတ်ဆိတ်နေတာမို့ ဆက်ပိုင်စိုး ရဲရင့်အခေါင်ကို ငေးကြည့်လိုက်မိတယ်။

ရဲရင့်အခေါင်တွေဝေပြီး မျက်ရည်ဝဲနေတာကို တွေ့လိုက်ရတယ်။ သူငယ်ချင်းဆက်ပိုင်စိုး စိတ်မကောင်းဖြစ်ရတယ်။

'နာဂမာလာဘုရင်မလေးနဲ့ ဣလ္လိတို့ရဲ့ အချစ်ဇာတ်လမ်း သနားစရာကောင်းသလို မာလာနဲ့မင်းရဲ့ အချစ်ဇာတ်လမ်းကလည်း စိတ်မကောင်းစရာပဲကွာ'

ဆက်ပိုင်စိုး ဆိုမိတယ်။

* * *





(၂)

တကယ်တမ်းကျတော့ သူတို့မာလာကို ရှာမတွေ့ကြတော့ပါ။

တစ်လလောက်ကြာတော့ မာလာတို့ ပြန်သွားကြပြီလို့ပဲ မှတ်ယူကြရတော့တယ်။

ရဲရင့်အခေါင် ခံစားမှုတွေကို တည်ငြိမ်အောင်ကြိုးစားနေပေမယ့် မကြာခဏခံစားမှုတွေက လှုပ်ခါထွက်ပေါ်လာတယ်။

သူ့ရင်ထဲက ခံစားမှုတွေကို သူအပြီးအပိုင် ထုတ်ပစ်နိုင်စွမ်း မရှိဘဲကိုး။

ချစ်လွမ်းသီချင်းတွေကို ဂစ်တာနဲ့ဆိုတီးရင်း မျက်ရည်ဝဲတတ်တဲ့ ရဲရင့်အခေါင်ကို သူငယ်ချင်းဆက်ပိုင်စိုးက နှစ်သိမ့်ရတယ်။

'အချစ်နဲ့ပတ်သက်တဲ့ အလွမ်းဝေဒနာကို ငါက မင်း အရင်ခံစားခဲ့ရဖူးတာပါ ရဲရင့်ရာ၊ ခုထိလည်း ခံစားရတုန်းပါ၊ ဒီလိုပဲပေါ့ သူငယ်ချင်းရာ တဖြည်းဖြည်းတည်ငြိမ်ရင့်လာအောင်တော့ ကြိုးစားရမှာပဲ၊ ချစ်လွမ်းကိစ္စတစ်ခုထဲနဲ့ ဘဝတည်ဆောက်ထားတာမဟုတ်ဘူးလေ၊ တို့တွေဘဝမှာ တခြားလုပ်စရာတွေ လုပ်ကြရဦးမှာ'

'ငါက မင်းထက်ပိုခံစားတတ်လို့ပဲလား၊ ငါ့အချစ်ဇာတ်လမ်းကပဲ တစ်မျိုးထူးခြားနေလို့ပိုခံစားနေမိတာလား မသိတော့ပါဘူး ဆက်ကြီးရာ'

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်အခေါင် ဒီလိုအမြဲတမ်းညည်းညူလေ့ရှိတယ်။

'အေးကွာ… မင်းအချစ်ဇာတ်လမ်း ထူးဆန်းတာတော့ အမှန်ပဲ'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို ဖျပ်ကနဲ ကြည့်တယ်။

'မင်း မာလာပြောတဲ့ နာဂမာလာဘုရင်မလေးဇာတ်လမ်းကို အကြွင်းမဲ့ယုံကြည်နိုင်ပြီပေါ့နော် သူငယ်ချင်း'

ဆက်ပိုင်စိုးက ဖြည်းဖြည်းနဲ့တွေးတွေးဆဆပြောတယ်။

'မယုံနိုင်စရာကောင်းအောင်ကို ထူးဆန်းတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သေသပ်ကျနလွန်းသလိုဖြစ်နေတော့ ငါယုံကြည်ရမလိုပဲ၊ ငါပြောရင် မင်းစိတ်မဆိုးနဲ့၊ ငါက ကြားလူဆိုတော့ ကြားအတွေးမျိုးလည်း တွေးမိတယ်၊ မာလာဆိုတဲ့ မိန်းကလေးဟာ ငါတို့တွေးသိလို့မရနိုင်တဲ့ စိတ်ဝေဒနာမျိုးများ တကယ်ဖြစ်နေသလားလို့လည်း တွေးမိတတ်ရဲ့'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို စိတ်ပျက်သလိုကြည့်တယ်။

သူ့အပေါ် အနွံ့အတာခံတဲ့ သူငယ်ချင်းမို့ ရန်လိုစကားတော့မပြောတော့။

'ငါကတော့ အကြွင်းမဲ့ယုံကြည်တယ်သူငယ်ချင်း၊ ငါချစ်တဲ့ မာလာစကားတွေကို ငါကတော့ အကြွင်းမဲ့ယုံကြည်တယ်'

* * *



မာလာကို သူတို့တကူးတက မရှာတော့ပေမယ့် သွားရင်းလာရင်းတော့ ရှာဖွေမိတတ်ကြတယ်။ ရက်ခြားရက်ခြားတွေမှာလည်း မန္တလေးအဆောင်ရထားထွက်ချိန်မျိုး ဘူတာကြီးကို ရောက်တတ်ကြတယ်။

အဲဒီအခါမျိုး ဘာရယ်မဟုတ် ရဲရင့်အခေါင်ထွက်ခွာသွားတဲ့ မန္တလေးအဆောင်ရထားကြီးကို မျက်စိတဆုံး ငေးနေတတ်တယ်။

ဒီမှာတင် ထူးခြားမှုတစ်ခုကို သူတို့သတိထားမိလာရတယ်။

တက်စီ(Taxi)သမားတစ်ယောက်။ ရဲရင့်အခေါင်ကို ထူးထူးခြားခြား စိတ်ဝင်တစားလိုက်လိုက်ကြည့်နေတတ်တယ်။

အဲဒီ တက်စီသမားရဲ့ကြည့်မှု ထူးခြားနေသလိုမို့ ရဲရင့်အခေါင်နဲ့ ဆက်ပိုင်စိုး သတိထားမိတယ်။

နောက်ရက်တွေမှာ အဲဒီတက်စီသမားနဲ့အတူ လူတစ်ယောက်ပါ ပါလာတယ်။ သူတို့နှစ်ယောက် ရဲရင့်အခေါင်ကို စိတ်ဝင်တစားအကြည့်မျိုးနဲ့ ကြည့်တတ်ကြပြီး စကားတီးတိုးဆိုမှုရှိတယ်။

တစ်ခါတစ်ခါ မယောင်မလည်နဲ့ အဲဒီလူနှစ်ယောက်ရဲ့ တက်စီကား ရဲရင့်အခေါင်တို့ကားနောက်က ပါလာလေ့ရှိတယ်။

နောက်ပြီး ပြတ်ကျန်ခဲ့ပြန်တယ်။ ဒီနေ့လည်း အဲဒီ တက္ကစီကား ရဲရင့်အခေါင်တို့ကားနောက်က ပါလာတယ်။

www.burmeseclassic.com



'ဆက်ကြီး အဲဒီတက္ကစီသမား ထူးခြားတယ်ကွ'

ကားမောင်းရင်း ရဲရင့်အခေါင်က ဆိုတယ်။

'အေးလေ သတိထားမိတယ်တယ်လေ၊ ဟိုတစ်ခါတောင် မင်းနဲ့ငါနဲ့ပြောမိသေးကြတယ်လေ'

'အခု ဒီတက်စီ ငါတို့ကားနောက်ကလိုက်လာတယ်'

'အေး… တွေ့တယ်'

'ငါ့ကား အရှိန်လျှော့လိုက်မယ်၊ သူတို့မီအောင် သူတို့ ဘာသဘောလဲ၊ ဘာလုပ်ချင်လို့လဲ'

ရဲရင့်အခေါင် သူ့ဆီဒင်ကားလေးကို အရှိန်လျှော့လိုက်တယ်။

တက်စီကား သူတို့ကားနောက်နားမီလာတယ်။

ကျော်မတက်။ နောက်ကနေ မှေးမောင်းလာတယ်။

ရဲရင့်အခေါင် နောက်က တက်စီကို ကျော်တက်နိုင်အောင် လမ်းပေးလည်းကျော်မတက်။

ရဲရင့်အခေါင် ကားရှင်းလူရှင်းရာလမ်းတွေဘက် မှေးခေါ်မောင်းသွားတယ်။ အဲဒီကားအလိုက်သင့်ပဲ နောက်ကပါလာတယ်။ နဂိုကလို ကျန်ခဲ့ခြင်းမရှိ။

လူရှင်းတဲ့တစ်နေရာမှာတော့ ရဲရင့်အခေါင်ကားကို ရပ်ပစ်လိုက်တယ်။

တက်စီ ရဲရင့်အခေါင်ကားဘေးယှဉ်ရပ်တယ်။





'အစ်ကိုတို့လိုက်လာတာကို ညီတို့သိမှာပါ၊ ဘယ်လိုမှ မထင်ပါနဲ့၊ ဒီနားမှာ လက်ဖက်ရည်ဆိုင်တွေ့ရင် လက်ဖက်ရည် သောက်ရင်း စကားပြောကြရအောင်'

'ဘာစကားပြောမှာလဲ'

ရဲရင့်အခေါင် စိတ်တိုတိုမှာ အသံက ဆက်ဆက်ပြတ်ပြတ်။

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။

ရဲရင့်အခေါင်နဲ့ ဆက်ပိုင်စိုးကို ပြန်ပြုံးကြည့်ပြီး…

'မိတ်ဆက်ချင်လို့ပဲ ဆိုပါတော့၊ သိပ်ထူးထူးခြားခြား အကြောင်းတော့မရှိပါဘူး'

'ကျွန်တော်တို့နဲ့မိတ်ဆက်ချင်ရအောင် အကြောင်းရှိလို့ လား'

'ရှိတယ်'

တစ်ယောက်က ပြောတယ်။

'ကောင်းပြီလေ ရှေ့ဆက်မောင်းမယ်၊ လက်ဖက်ရည် ဆိုင်တွေ့ရင်ဝင်တာပေါ့'

ရဲရင့်အခေါင် သူ့ဆီဒင်ကားလေးကို ဆက်မောင်းတယ်။

တက်စီနောက်က လိုက်လာတယ်။

သိပ်မမောင်းလိုက်ရဘူး၊ လက်ဖက်ရည်ဆိုင်ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်ကို တွေ့လိုက်ရတယ်။ ရဲရင့်အခေါင် ကားကို ရပ်တယ်။

တက်စီလည်း ကားချင်းယှဉ်ရပ်တယ်။

သူတို့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြတယ်။

နေရာယူကြပြီးတော့ အဲဒီလူနှစ်ယောက်အနက် တစ်ယောက်က ရဲရင့်အခေါင်တို့နှစ်ယောက်ကို လက်ဖက်ရည် ဘယ်လိုသောက်မလဲ မေးတယ်။

ရဲရင့်အခေါင်တို့က သူတို့အကြိုက်ပြောလိုက်တော့ အဲဒီလူ လက်ဖက်ရည်မှာတယ်။

'ဆိုစမ်းပါဦး၊ ကျွန်တော်တို့နဲ့ မိတ်ဆက်ချင်တဲ့အကြောင်းက'

ဆက်ပိုင်စိုးက ဆိုတယ်။

'ဒီညီရဲ့ လည်တိုင်က စလုံးအကွာရာလေးဟာ ဆေးထိုးထားတာလား၊ မွေးရာပါအမှတ်လား'

ရဲရင့်အခေါင်ကို မေးထိုးပြပြီးမေးတယ်။

ရဲရင့်အခေါင်နဲ့ ဆက်ပိုင်စိုးတစ်ယောက်နဲ့တစ်ယောက် ကြည့်မိကြတယ်။

'လာပြန်ပြီ ဒီအမှတ်ကိစ္စက…'

ရဲရင့်အခေါင်စိတ်ထဲမှာ ရေရွတ်မိတယ်။

'မွေးရာပါ စာမဲအမှတ်ပါ'

ရဲရင့်အခေါင်က ဆိုတယ်။



'ဟာ… တိုက်ဆိုင်လိုက်တာ'

သူတို့နှစ်ယောက်ပြိုင်တူ ရေရွတ်တယ်။

လက်ဖက်ရည်ခွက်တွေလာချတော့…

'သောက်ကြ ညီတို့သောက်ကြ'

တစ်ယောက်က ဆိုတယ်။ တစ်ယောက်က‥

'အစ်ကိုတို့ကို တလွဲမထင်ပါနဲ့၊ ညီ့လည်တိုင်က စာမဲအမှတ်လေးကြောင့် ညီ့ကိုစကားပြောချင်လို့ မိတ်ဆက်တဲ့သဘောပါ'

'ဒီစာမဲအမှတ်က ခင်ဗျားတို့အတွက် စိတ်ဝင်စားစရာကောင်းနေလို့လားဗျာ'

ရဲရင့်အခေါင် ဆိုမိတယ်။

'ဒီလို ညီလေးရဲ့၊ အစ်ကိုတို့နှစ်ယောက်က ညီအစ်ကိုပါ၊ အစ်ကိုတို့မှာ ညီအငယ် ညီလေးတစ်ယောက်ရှိသေးတယ်၊ အခုအစ်ကိုမောင်းတဲ့တက်စီက နဂိုအစ်ကို့ညီလေးမောင်းတဲ့ တက်စီပါ၊ သူဘူတာကြီးမှာ တက်စီဆွဲတာ။ သူကွယ်လွန်ပြီးမှ ဒီတက်စီကို အစ်ကိုမောင်းတာ၊ ဒီလပိုင်းမှာမှပါ။ ညီလေးမှာက ညီ့လိုပဲ အဲဒီနေရာမှာ အဲဒီလို စလုံးပုံစာမဲ မွေးကတည်းက ပါလာတယ်'

ရဲရင့်အခေါင်နဲ့ဆက်ပိုင်စိုး တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံတယ်။

'ဘူတာကြီးကို ညီတို့နှစ်ယောက်ကားငင်လာပြီး တား

www.burmeseclassic.com



ပေါ်က အဆင်း၊ ညီဆံပင်ကိုသိမ်းသပ်လိုက်တော့ ညီ့လည်တိုင်မှာ အဲဒီစာမဲအမှတ်လေးကို အစ်ကိုတွေ့လိုက်ရတယ်၊ အစ်ကို့ညီလေးရဲ့စာမဲအမှတ်အတိုင်းပဲ၊ အစ်ကိုညီလေး စာအမှတ်မျိုးနဲ့ တူညီတဲ့စာအမှတ်မျိုးရှိနေတဲ့ ညီ့ကို အစ်ကိုမှတ်မိသွားတယ်၊ အိမ်ကျတော့ မိသားစုကို ပြန်ပြောပြမိတယ်၊ ညီတို့ရက်ခြားဆိုသလို ဘူတာကြီးကို လာတက်တာသိတော့ အစ်ကို့အစ်ကိုကြီးပါ ခေါ်လာပြီး ညီ့ကို အစ်ကိုပြတယ်၊ ညီ့ကိုကြည့်ပြီး ကွယ်လွန်တာသိပ်မကြာသေးလပိုင်းလောက်ရှိသေးတဲ့ အစ်ကိုတို့ရဲ့ညီလေးကို အစ်ကိုတို့ သိပ်သတိရတာပဲ၊ ဘာရယ်ကြောင့်တော့ မဟုတ်ဘူးပေါ့၊ ညီလေးကို အလွမ်းပြေ ညီလေးလို စာအမှတ်ရှိတဲ့ ညီ့ကို မိတ်ဆက်ချင် စကားပြောချင်စိတ်တွေဖြစ်မိတယ်'

'အစ်ကိုတို့ ညီလေး ကျွန်တော်နဲ့ကော ရုပ်ချင်းတူလား'

'ရုပ်ချင်းကတော့ မတူပါဘူး၊ နောက်ပြီး ညီလေးက ဆံပင်တိုနဲ့ပါ၊ ညီ့လိုလည်း သွက်သွက်လက်လက်မရှိဘူး၊ ညီလေးက နှလုံးရောဂါသည်ကြီး၊ အစ်ကိုတို့ သူ့ကိုကားမမောင်းစေချင်ဘူး၊ သူက တခြားအလုပ်ရှာမရသေးခင် လုပ်မယ်ဆိုပြီး လုပ်နေတာ'

နောက်ပိုင်း သူတို့ညီအစ်ကိုနှစ်ယောက်ပြောဆိုမှုမှာ သူတို့ညီလေးမကွယ်လွန်မီ ဘာလူမျိုးမှန်းမသိတဲ့ စကားသံဝဲတဲဲ ကိုခေဆိုတဲ့လူတစ်ယောက်နဲ့ခင်မင်ကြသတဲ့။ အဲဒီလူ မန္တလေးကတဲ့။ အဲဒီကိုခေဆိုတဲ့လူ အိမ်ကိုတောင်လိုက်လည်ဖူးသတဲ့။ ဒီနေရာမှာ





ရဲရင့်အခေါင် ဂိုဇကို့ သွားသတိရလိုက်တယ်။ ကိုခေရဲ့ရုပ်ရည်ကို မေးမိတော့ ကိုခေရဲ့ရုပ်ရည်ပဲဆိုတာ ရဲရင့်အခေါင် သိလိုက်တယ်။ ဒါပေမဲ့ ရဲရင့်အခေါင် ဘာရယ်မပြော။ သူတို့ပြောတာပဲ နားထောင်နေလိုက်တယ်။

'သူမကွယ်လွန်မီ တစ်ပတ်လောက်မှာ အဲဒီကိုခေ သူ့ကို သူ့ညီမနဲ့ မိတ်ဆက်ပေးသေးသတဲ့၊ ကိုခေရဲ့ ညီမက ကိုခေနဲ့ရုပ်ချင်း မတူဘူး၊ အတော့်ကို လှတယ်တဲ့၊ ကိုခေလိုလည်း စကားမဝဲဘူးလို့ သူ့အိမ်မှာ ပြန်ပြောတယ်။ နာမည်ကမာလာတဲ့'

သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့စကားတွေမှာ ရဲရင့်အခေါင်နဲ့ဆက်ပိုင်စိုး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်လိုက်။ ဆက်နားထောင်လိုက်။ ရဲရင့်အခေါင်က ဆက်ပိုင်စိုးကို မသိမသာ ခေါင်းခါပြပြီး ဘာမှမပြောဖို့ တားထားတယ်။

'အဲဒီကောင်မလေး ပုံပြောအရမ်းကောင်းတာပဲလို့ ညီလေးအိမ်မှာ ပြန်ပြောဖူးတယ်၊ ဘာပုံမို့လဲ မေးမိတော့ အချစ်ပုံပြင်တစ်ပုဒ်ပါတဲ့၊ အဲဒီအချစ်ပုံပြင်ကို အဲဒီကောင်မလေး ပြောတာ သိပ်ကောင်းတာပဲတဲ့၊ပြန်ပြောပြပါလားဆိုတော့ သူပြန်မပြောပြဘူး၊ ပုံပြင်က ကောင်မလေးပြောသလို ကျကျနန ရှည်ရှည်ဝေးဝေးပြောမှ ပီပြင်မှာတဲ့'

'အဲဒီကောင်မလေး သူနဲ့သမီးရည်းစားမဖြစ်ဘူးလား'

ရဲရင့်အခေါင် မေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပုံမရပါဘူး၊ ဖြစ်ရင်လည်း ညီလေးပြန်ပြောမှာပါ၊ သူက အပြင်မှာ ဖြစ်တာတွေ အိမ်မှာ ပြန်ပြောလေ့ရှိတယ်၊ ကောင်မလေးလှတာလောက် ပုံပြောကောင်းတာလောက်ပဲ သူ ပြန်ပြောတယ်။ သူနဲ့ကောင်မလေးတွေ့တာလည်း ရက်ပိုင်းလေး လောက်ပဲ ရှိမှာပါ၊ နောက်ပြီး ညီလေးက မိန်းမတွေကို သိပ် စိတ်မဝင်စားတတ်ဘူး၊ အဲ... အချစ်ကို သိပ်စိတ်မဝင်စားဘူး၊ သူက ငယ်ငယ်ကတည်းက မှန်ကုပ်ကုပ်တွေတွေဝေဝေနေတတ် တယ်၊ သူ့မှာ နှလုံးရောဂါရှိနေတယ်ဆိုတာ သူသိထားတော့လည်း ရည်းစားထားဖို့တွေ ဘာတွေ သူ ရှောင်ရှားတယ်။

တစ်ယောက်က ဝင်ပြောတယ်။

'ညီလေး ကွယ်လွန်မယ့်ညပဲ ပြန်ပြောသေးတယ်၊ ဒီနေ့ တော့ ကိုဝေတို့မောင်နှမနှစ်ယောက် တစ်နေ့လုံးလိုလို ကားကိုသုံး တယ်တဲ့၊ သူ့ကိုလည်း ကျွေးမွေးဧည့်ခံသတဲ့၊ ကားခကို သူငြင်း တဲ့ကြားက နှစ်ဆပေးသတဲ့၊ သိပ်အားနာဖို့ ကောင်းတာပဲတဲ့၊ သူတို့ နက်ဖြန်ဆို မန္တလေးကို ပြန်သွားကြမှာတဲ့'

စကားပြောရင်း သူတို့ညီအစ်ကို မျက်ရည်ဝဲဝဲ...

'အဲဒီည သူထမင်းစားလာခဲ့ပြီးပြီမို့ ထမင်းမစားတော့ ဘူး၊ ရေမိုးချိုး အိပ်ခန်းထဲဝင်အိပ်တော့တာ နိုးထခြင်းမရှိတော့ ပါဘူး ညီတို့ရယ်'

သူတို့ညီအစ်ကိုကတော့ သူတို့ညီလေးအကြောင်းပြော





ရင်း သူတို့ညီလေးကွယ်လွန်ကာနီးရက်ပိုင်းတွေ အကြောင်းပြော ရာမှာ ကိုဝေတို့ မာလာတို့ဆိုတာကို အမှတ်တမဲ့ပြောလိုက်ခြင်း ပဲ။ ဒါပေမဲ့ ရဲရင့်အောင်တို့ ဆက်ပိုင်စိုးတို့အဖို့တော့ ရင်ထဲ တင်းကျပ်ကျပ် ခံစားနေကြရတယ်။

'သူသေတာ နှလုံးရောဂါနဲ့ပဲပေါ့'

ဆက်ပိုင်စိုးက မေးတယ်။

'ဟုတ်ပါတယ်၊ သူ့ကိုကုနေတဲ့ ဆရာဝန်ရှိတယ်လေ၊ သူ့အလောင်းလာစစ်ဆေးကြည့်သေးတယ်၊ ရုတ်တရက် နှလုံး ထိခိုက်ပြီးသေဆုံးတာပါတဲ့'

'သူ ရုတ်တရက်နှလုံးရောဂါထိခိုက်ရတဲ့ အကြောင်းက တော့ ရှိလို့လား'

ဆက်ပိုင်စိုးကပဲ မေးတယ်။

'မိသားစုနဲ့တော့ ပတ်သက်ပြီး မရှိပါဘူး၊ အပြင်မှာ လည်း ရှိပုံမရပါဘူး၊ သူ့ဘာမှ ထူးထူးခြားခြား ပြန်ပြောတာမျိုး မရှိဘူး၊ ကားမောင်းရတဲ့ ဒဏ်တွေပဲဖြစ်မှာပေါ့၊ အဲဒါတွေစုစည်း သွားတာပဲ ဖြစ်မှာပေါ့၊ ဆရာဝန်ကလည်း နောက်ဆုံးအဲဒီလိုပဲ သတ်မှတ်ပါတယ်'

ရဲရင့်အောင်နဲ့ ဆက်ပိုင်စိုး အဲဒီညီအစ်ကိုနဲ့ လမ်းခွဲပြန် မှာတော့...

* * *



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဆက်ပိုင်စိုး ကားမောင်းတယ်။

ရဲရင့်အခေါင်နဲ့ဘေးက တွေဝေးထိုင်လိုက်တယ်။

'ဣလ္လိကို ပြန်တွေ့သွားကြပြီ၊ ဣလ္လိဝိညာဉ်ကို ပြန်ဆောင်းယူသွားနိုင်ကြပြီပဲ'

ရဲရင့်အခေါင်ရဲ့ ရေရွတ်မှုကြောင့် ဆက်ပိုင်စိုးငဲ့ကြည့်တယ်။

'မင်းစကားတွေ ဝင်ပြောရင် ကိုဝေတို့ မာလာတို့ကိစ္စတွေ ဟိုညီအစ်ကို ရင်ထဲကို ရှုပ်ထွေးသွားစရာဖြစ်မှာမို့လို့ မင်းကို ဘာမှဝင်မပြောဖို့ ငါ ခေါင်းယမ်းပြတာ'

ရဲရင့်အခေါင် ဆက်ပိုင်စိုးကို ပြောတယ်။

'ငါသဘောပေါက်တယ်လေ၊ ဒါကြောင့် ငါလည်း သူတို့ ပြောတာတွေကိုပဲ အလိုက်သင့် နားထောင်နေလိုက်တာ'

ရဲရင့်အခေါင်တွေဝေးနေပြန်တယ်။

'ဣလ္လိဆိုတာ တကယ်ပဲ ရန်ကုန်မှာ လာရှိနေတာကိုး'

ရဲရင့်အခေါင် လွတ်လပ်စွာ တွေးနေပါစေတော့။ ဆက်ပိုင်စိုးဘာမှ မပြောဘဲနေတယ်။

'နာဂမာလ ဘုရင်မကတော့ သူမျှော်နေတဲ့ ဝိညာဉ်ကို သူပြန်ရသွားပြီ၊ သူချစ်သူ ဣလ္လိနဲ့သူနဲ့ပျော်ပျော်ရွှင်ရွှင်ပေါင်းသင်းကြခွင့်ရပြီ၊ တကယ်တော့ ငါက မဆီမဆိုင် စုဠမာလတစ်ဖြစ်လဲ မာလာနဲ့ ဒီဘဝမှာ ချစ်သူလာဖြစ်ရသေးတယ်၊ ဝဋ်ကြွေးပါပဲ၊ ငါခံရမယ့် ဝဋ်ကြွေးရှိလို့ မာလာ ငါ့ကို ချစ်တာလားမသိဘူး၊ ဒီဝဋ်ကြွေး အခံရခက်လိုက်တာ'



ရဲရင့်အခေါင် နာဂမာလ၊ ဣလ္လိ၊ ဝိရ၊ စုဠမာလတို့ဇာတ်လမ်းနဲ့ မိမိပါဝင်ပတ်သက်လိုက်ရမှုကို လွတ်လပ်စွာ တွေဝေးခွေးနေသလို…

ကားမောင်းရင်း ဆက်ပိုင်စိုးကလည်း လွတ်လပ်စွာ တွေးနေမိတယ်။

'နာဂမာလဘုရင်မဇာတ်လမ်းဟာ အမှန်တကယ်ဖြစ်နိုင်ပါ့မလား၊ အမှန်တကယ်ဆိုရင်တော့ အတော့်ကို အံ့သြစရာထူးဆန်းမှုပဲ၊ ဒါမှမဟုတ် မာလာဆိုတဲ့ကောင်မလေး ယဉ်ယဉ်လေးနဲ့ သေသပ်စွာ စိတ်ဝေဒနာ ခံစားနေရတာပဲလား၊ စိတ်ဝေဒနာခံစားနေရတဲ့ မာလာကိုချစ်တဲ့လင်က အလိုလိုက်ပေးနေတာလား၊ စိတ်ဝေဒနာခံစားနေရတဲ့ မာလာလည်တိုင်မှာ စလုံးအကွာရာရှိတဲ့ တက်စီသမားကိုတွေ့တော့ ပုံပြင်ပြောချင်တဲ့စိတ်ဝေဒနာဖြစ်လာပြန်ပြီး သူ့ယောကျ်ားနဲ့စည်းရုံးခိုင်း၊ ရဲရင့်အခေါင်ကိုပြောသလို ပုံပြင်လျှောက်ပြောတာလား၊ တက္ကစီသမား အဲဒီပုံပြင်မှာခံစား



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီး တကယ်ကူလွှိမဟုတ်ဘဲ နှလုံးရောဂါနဲ့သေဆုံးသွားရတာပဲလား’

သူ့အတွေးတွေလည်း တကယ်ဖြစ်နိုင်ပါ့မလားလို့ ပြန်တွေးမိပြီး ဆက်ပိုင်စိုး အတွေးတွေ ရပ်ပစ်လိုက်တယ်။

ရဲရင့်အခေါင်ကတော့ တွေးတုန်းငေးတုန်းချွေးတုန်း…

ရာသော်